မြန်မာရာဇဝင်စာတန်း၊ အမှတ် တစ် Studies in Burmese History Number One

# ခေတ်ဟောင်း မြန်မာရာဇဝင်


ရေးသူ

သန်း ထွန်း

M.A., B.L., Ph.D. (London)

ကထိက

မြန်မာရာဇဝင်ဌာန

ရန်ကုန်တက္ကသိုလ်


(ဤစာအုပ်တွင်ပါသော မြေပုံ ရုပ်ပုံ အများကို စာရေးသူကိုယ်တိုင် ရေးဆွဲသည်)


ရန်ကုန်

မဟာဒဂုံစာပေထုတ်ဝေရေး

၁၉၆၉

၂၉ ၁ ၅၅

# ခေတ်ဟောင်း မြန်မာရာဇဝင်

မြန်မာရာဇဝင်စာတန်းအမှတ် တစ် Studies in Burmese History Number One

# ခေတ်ဟောင်း မြန်မာရာဇဝင်

ရေးသူ


သန်းထွန်း

M.A., B.L., Ph.D. (London)

ကထိက

မြန်မာရာဇဝင်ဌာန

ရန်ကုန် တက္ကသိုလ်


( ဤစာအုပ်တွင်ပါသော မြေပုံ ရုပ်ပုံ အများကို စာရေးသူကိုယ်တိုင် ရေးဆွဲသည် )


ရန်ကုန်

မဟာဒဂုံစာပေထုတ်ဝေရေး

၁၉၆၉

အမှတ် ၂၉၁၅၅
ရက်စွဲ ၁၉-၁-၁၅

ဒု တိ ယ အ ကြိမ်

အုပ်ရေ (၃၀၀၀)

၁၉၆၉-ခု၊ စက်တင်ဘာလ

ထုတ်ဝေသူ— ဦးဘဦး
မဟာဒဂုံ စာပေထုတ်ဝေရေး
မှတ်ပုံတင် (၀၄၀၄) မြဲ
အမှတ် ၁၄ / ၆၉၊ ရေတာရှည်လမ်းဟောင်း၊
ဗဟန်း — ရန်ကုန်မြို့။

ရိုက်နှိပ်သူ— ဦးကျော်လှိုင်
ကာယသုခ စာပုံနှိပ်တိုက်
မှတ်ပုံတင် (၀၁၀၇၉) မြဲ
အမှတ် ၁၄၁ — ၃၁-လမ်း၊ ရန်ကုန်မြို့။

အဖုံးရိုက်နှိပ်သူ— ဒေါ်ဝါ
အင်တာနေရှင်နယ် ပုံနှိပ်တိုက်
မှတ်ပုံတင် (၀၂၅၀) မြဲ
အမှတ် ၂- ပဒေသာလမ်း၊
မြေနီကုန်း၊ ရန်ကုန်မြို့။

ဖြန့်ချီရာဌာန—
ပြုံးမောင်စာအုပ်ဆိုင်
၁၄၁-၁၄၂-၁၄၃-လေဟာပြင်
ဗဟိုဈေး၊ ရန်ကုန်မြို့။

# မာတိကာ


| | | | |
|---|---|---|---|
| | | အတိုမှတ် | ကော် |
| | | နိဒါန်း | ကံ |
| အခန်း- | ၁ | မြန်မာနိုင်ငံ၏ ကျောက်စာများ | ၁ |
| | ၂ | ရာဇဝင်မှတ်တမ်း မတင်မီခေတ် | ၁၃ |
| | ၃ | မြန်မာနိုင်ငံတွင်း၌ နေထိုင်ကြသူများ | ၁၉ |
| | ၄ | ဗိဿဏိုးမြို့ဟောင်း | ၂၇ |
| | ၅ | ပျူ | ၃၉ |
| | ၆ | ရခိုင်ခေတ်ဦး | ၆၅ |
| | ၇ | မွန် | ၈၁ |
| | ၈ | စာရေးနည်းပညာ | ၉၉ |
| | ၉ | မြန်မာအစ | ၁၀၅ |
| | ၁၀ | ပုဂံခေတ် နိုင်ငံရေး | ၁၁၇ |
| | ၁၁ | ပုဂံခေတ် အုပ်ချုပ်ရေး | ၁၃၉ |
| | ၁၂ | ပုဂံခေတ် တရားဥပဒေ | ၁၅၃ |
| | ၁၃ | ပုဂံခေတ် စီးပွါးရေး | ၁၇၃ |
| | ၁၄ | ပုဂံခေတ် လူမှုရေး | ၁၈၅ |
| | ၁၅ | ပုဂံခေတ် သာသနာရေး | ၁၉၇ |
| | ၁၆ | ပုဂံခေတ် နောက်ပိုင်း သာသနာရေး ( မဟာကဿပဂိုဏ်း ) | ၂၁၇ |
| | ၁၇ | ပုဂံခေတ် အနုပညာနှင့် ဗိသုကာပညာ | ၂၃၉ |
| | ၁၈ | သျှမ်း | ၂၇၃ |

# ရုပ်ပုံစာရင်း


အထွတ် (သိခရ) သုံးမျိုး ၂၅၅
အထွတ် (ဟမ္မိယမီးခုံ) ၂၅၆
အပယ်ရတနာ (ဘေးမြင်) ၂၅၁
အာနန္ဒာ (ပန္နက်ပုံ၊ ဘေးမြင်နှင့် ရုပ်လုံးဖော်) ၂၄၃
အာမနာကျောင်းတိုက် ပန္နက်ပုံ (အေဒီ ၁၂၂၃) ၂၄၀
အိုး (ငှေလိမ်လေးကွက်) ၁၀၆
အိုး (စစ်တုရင်ကွက်) ၁၀၅
အိုး (ဗိဿဏိုး) ၃၂
အိုး (ဗိဿဏိုး) ၃၅
အိုး (ဗူးခါးရှစ်လုံးကွက်) ၁၀၅
အိုး (ဘဲဥကွက်) ၁၀၅
အိုး (မှန်ကူခြောက်ကွက်) ၁၀၆
အိုးခြမ်းစမှ အရုပ်ပုံစံ (ဗိဿဏိုး) ၃၃
အင်္ဂတေရုပ် (ဗိဿဏိုး) ၃၆
ကူဘုရားဘေးမြင်ပုံကြမ်း (ပုကံခေတ်ဦး) ၂၅၁
ကျောက်စာ (ပျူ၊ ဝိကြမ အရိုးအိုး ငါးအိုး) ၄၁
ကျောက်စာ (ပျူ၊ ဟန်လင်းသင်္ချိုင်း၊ အေဒီ ၄ ရာစု) ၄၀
ကျောက်စာ (မွန်၊ ဖြဖထောမ် အေဒီ ၇ ရာစု) ၈၄
ကျောက်စာ (မွန်၊ ဖြဖထောမ်၊ အေဒီ ၇-၉ ရာစု) ၈၄
ကျောက်စာ (မွန်၊ လေါ့ပုရီ၊ အေဒီ ၉ ရာစု) ၈၅
ကျောက်စာ (သီဟိုဠ်၊ ဒေဝနဂလ၊ အေဒီ ၁၁၅၆) ၁၂၇
ကျောက်တံဆိပ် (ဗိဿဏိုး၊ အေဒီ ၁ ရာစု) ၃၂
ကျောက်လက်နက် (မြန်မာ၊ ကျောက်ခေတ်နှောင်း၊ ၂၀၀၀ ဘီစီ) ၁၆
ခြသေ့်ရုပ် (ပျူ၊ ရွှေမြင်၊ ရွှံ့ရုပ်ကြွ) ၅၃
ဂေါ်တော့ပလ္လင်မုက် (မီးလျှံစုလစ်) ၂၅၀
ဂုံးပေါက် (ရောင်ခြည်ဖြာ၊ တက်စီပွန် အေဒီ ၃ ရာစုနှင့် ဗုဒ္ဓဂါယာ-အေဒီ ၇ ရာစု) ၂၅၃
ဂုံးပေါက် (လှာထပ်) ၂၅၃
ငါးမျက်နှာ (ကျပင်း၊ ဘုရားငါးဆူအစီအစဉ်) ၂၄၆
စုလစ် (ဂေါ်တော့ပလ္လင်) ၂၅၀
စုလစ် (နန်းဘုရား) ၂၄၉

| | |
|---|---|
| စေတီပုံစံ (ပျူ) | ၄၅ |
| စေတီပုံစံ (မူကွဲ) | ၂၅၅ |
| စေတီပုံစံပြောင်းပုံ အကြမ်းနိုင်းရှည့်ချက် | ၂၅၄ |
| ဆပဋ္ဌ (ဘေးမြင်) | ၂၅၅ |
| တန်တိုင်း (အာနန္ဒာဘေးမြင်နှင့်ရှေ့မြင်) | ၂၄၂ |
| တန်တိုင်း (လေးမျက်နှာ စကြံ ဘေးမြင်နှစ်မျိုး) | ၂၄၂ |
| ထိလိုင်မင်(အာနန္ဒာ ရုပ်လုံး) | ၂၆၉ |
| ဒင်္ဂါး (စစ်တောင်း၊ ခရုသိမ်ရိဝစ္ဆ) | ၇၇ |
| ဒင်္ဂါး(ပျူ-အေဒီ ၄-၉ ရာစု) | ၄၀ |
| ဒင်္ဂါး (ရခိုင်၊ ကျပ်သုံး၊ ငါးမူးသုံး၊ မတ်သုံး။ နိုတိစန္ဒြ၊ အေဒီ ၆ ရာစု) | ၇၀ |
| ဒင်္ဂါး (ရခိုင်၊ ခရုခက်ရင်း) | ၇၆ |
| ဒင်္ဂါး (ရခိုင်၊ ခရုခက်ရင်း) | ၇၇ |
| ဒင်္ဂါး(ရခိုင်၊ နွားခက်ရင်း၊ ဒေဝ၊ အေဒီ ၅-ရာစု) | ၇၆ |
| ဒင်္ဂါး(ရခိုင်၊ နွားခက်ရင်း၊ ဓမ်စန္ဒြ၊ အေဒီ ၈ ရာစု) | ၇၉ |
| ဓမ္မရာဇိက (ဘေးမြင်) | ၂၅၅ |
| နဂါးရုံ (ဘေးမြင်) | ၂၅၁ |
| နန်းဘုရား (ဘေးမြင်) | ၂၅၁ |
| ပုကံမင်းတပါး ဘုရားပူဇော်ဟန် | ၁၂၁ |
| ပုတီးစေ့ (ဗိဿကြိုး၊ အေဒီ ၁ ရာစု) | ၃၆ |
| ပုထိုးသားများ (ဘေးမြင်) | ၂၅၁ |
| ပန်း၊ ခါးပတ် (စလေ၊ ရှင်ပင်ငါးမာရ်အောင်မှ) | ၂၆၇-၈ |
| ပန်း၊ စိန်ထောင်ကွက် (စလေ၊ ရှင်ပင်ငါးမာရ်အောင်မှ) | ၂၆၇ |
| ပန်း၊ ပုံစံ (ပျူ—မြေအုတ်) | ၅၃ |
| ပန်း၊ မျက်နှာကျက် (စလေ၊ ရှင်ပင်ငါးမာရ်အောင်မှ) | ၂၆၆ |
| ပန်း၊ မှန်ကူကွက် (စလေ၊ ရှင်ပင်ငါးမာရ်အောင်မှ) | ၂၆၇ |
| ပန်းလိပ်ဘီလူး (စလေ၊ ရေလယ်ရွာဘုရားစုမှ) | ၂၆၅ |
| ပန်း၊ သစ်သားတံခါးရွက် ပန်းပုလက်ရာ (ရွှေစည်းခုံ) | ၂၇၁ |
| ဗိဿကြိုးတူးကွက် ၂၊ ၃ နှင့် ၄ တည်နေပုံ | ၃၀ |
| ဗြာဟ္မီစာရေးနည်း အဆင့်ဆင့်ပွားပုံ | ၁၀၀ |
| ဘဲဘဲ (ပျူ-ပန္နက်ပုံ) | ၂၄၃ |
| မီးခုံ (ဟမ္မိယ၊ အထွတ်) | ၂၅၆ |
| မီးလျှံစုံလစ် | ၂၅၀ |
| မယ်တော်မာယာ သားဖွားခန်း (အာနန္ဒာ ရုပ်ကြွ) | ၂၆၉ |
| မုက် (ဂေါ်တော့ပလ္လင်) | ၂၅၀ |

## ရုပ်ပုံစာရင်း




| | |
|---|---|
| မုက်(သာည်ဆီ ထူပါရုံ၊ ၁ ရာစုဘီစီ) | ၂၄၈ |
| မြေပုံဘုရားနှင့် စာ(မွန်၊ ဗိုလ်တထောင်၊ အေဒီ ၇ ရာစု) | ၈၃ |
| မွန်ဂို(စစ်ဗိုလ်) | ၁၃၅ |
| မွန်ဂို(လေးသည်) | ၁၃၅ |
| ရုပ်ကြွ(ပျူ၊ မြေအုတ်) | ၅၃ |
| ရုပ်ကြွ(ပျူ၊ ဟန်လင်း၊ ဘုရားလောင်းနှင့် ကြည်ညိုသူများ) | ၅၇ |
| ရွှေကူ(ပန္နက်ပုံ) | ၂၄၄ |
| ရွှေစည်းခုံ(ဘေးမြင်) | ၂၅၄ |
| ရွှေဆံတော်(ဘေးမြင်) | ၂၅၄ |
| ရွှံရုပ်(ဗိဿနိုး၊ အေဒီ ၁ ရာစု) | ၃၄ |
| လူမျိုး(ဩစထရစ် အမျိုးဆက်) | ၂၀ |
| လူမျိုး(တိဗက်-တရုတ် အမျိုးဆက်) | ၂၀ |
| လူရိုး(ဗိဿနိုး၊ အေဒီ ၁ ရာစု) | ၃၅ |
| လေးမျက်နှာ(ပျူ၊ ပန္နက်ပုံ) | ၂၄၃ |
| လောကထိပ်ပန်း(ပန္နက်ပုံ) | ၂၄၄ |
| လောကထိပ်ပန်း(ဘေးမြင်) | ၂၅၂ |
| လောကနန္ဒာ(ဘေးမြင်) | ၂၅၄ |
| လက်ရေး(ပြဟ္မီ၊ ကဒံဗ၊ ပျူ၊ ရှေးနှင့် ယခုမြန်မာ) | ၁၀၁ |
| သိခရ(အထွတ်)သုံးမျိုး | ၂၅၅ |
| သင်္ချိုင်း(တိဗက်-မြန်မာ အနွယ်ဝင်ဘဦး ၂၀၀၀ ဘီစီ) | ၁၂၁ |
| သာည်ဆီထူပါရုံ အနောက်မုက်(၁ ရာစုဘီစီ) | ၂၄၈ |
| သဗ္ဗညု(ပန္နက်ပုံ၊ ဘေးမြင်နှင့် ရုပ်လုံးဖော်) | ၂၄၅ |
| သမ္ဗုလ(ပန္နက်ပုံ) | ၂၄၆ |
| သဗ္ဗညု(ဘေးမြင်) | ၂၅၂ |
| ဟမ္မိယ(အထွတ်၊ မီးခုံ) | ၂၅၆ |

# မြေပုံစာရင်း


| | |
|---|---|
| အင်ဒိုချိုင်းနားမှ ကျောက်ခေတ်နေရာဟောင်း သုံးခု | ၁၄ |
| ကျင်ချီ၊ ချိ-အန်နှင့် ပန်ယွန်မန်တို့၏ မူလဒေသများ | ၂၀၁ |
| ဗိဿဏိုးမြို့ဟောင်း | ၂၀ |
| မြန်မာနိုင်ငံကျောက်ခေတ် လူနေအရပ်များ | ၁၅ |
| မြန်မာ့ မူလဒေသ(ခရိုန်)နှင့် ဒုတိယဒေသ(တိုက်) | ၁၁၀ |
| ဂြိဳကွေ့တြာမြို့ | ၄၁ |
| ဟန်လင်းမြို့ | ၅၅ |


# အတိုမှတ်

အ အ က စ - အရှေ့တိုင်းနှင့် အာဖရိကကျောင်း စာစောင် (*BSOAS*)

အ က ပ - အိန္ဒိယကျောက်စာပေါင်းချုပ် (*Epigraphia Indica*)

အက္ခရာ - ဦးမြ၊ ရှေးဟောင်းမြန်မာအက္ခရာစာတမ်း

အ ရ သ န သို့မဟုတ် အိန္ဒိယ နှစ်လည် - အိန္ဒိယ ရှေးဟောင်း သုတေသန နှစ်လည် အစီရင်ခံစာ (*ASI*)

အုတ်ခွက် - ဦးမြ၊ ရှေးဟောင်း အုတ်ခွက် ရုပ်ပွားဆင်းတုတော်

စာရင်း - မြန်မာနိုင်ငံ၌တွေ့ရှိသော ကျောက်စာ စာရင်း

တက္ကသိုလ်နှစ်လည် - ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင်

ပုံ သို့မဟုတ် ဝါတ်ပုံ - တိုင်းရင်းမြန်မာကျောက်စာများ၊ ကျောက်စာဓါတ်ပုံ

မ က - တိုင်းရင်းသားမြန်မာကျောက်စာ

မ က ပ - မြန်မာနိုင်ငံကျောက်စာပေါင်းချုပ် (*Epigraphia Birmanica*)

မ ရ သ န သို့မဟုတ် မြန်မာနှစ်လည် - မြန်မာရှေးဟောင်းသုတေသန နှစ်လည် အစီရင်ခံစာ ( *ASB* )

မ သ ဂ - မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ် (*JBRS*)

သ က ပ - သီဟိုဠ်ကျောက်စာပေါင်းချုပ် (*Epigraphia Zeylanica*)

# နိဒါန်း

**မြန်မာရာဇဝင်စာတန်း** ဟူ၍ သုတေသန စာတန်းများကို ပေါင်းစပ်ကာ စာတအုပ် ဖြစ်နိုင်သည့်အခါတိုင်း တအုပ်ကျ အစဉ်တစိုက် ပုံနှိပ်ဖြန့်ဖြူးရန် ရည်သန်ရင်း ရှိသည်။ ငွေကြေး အကူအညီ ရုတ်တရက် မရနိုင်သဖြင့် ကြန့်ကြာခဲ့ရ၏။ ယခုပုံနှိပ်လိုက်သော **ခေတ်ဟောင်းမြန်မာ ရာဇဝင်**မှာ အမှတ်တစ်ဖြစ်လျက် **ခေတ်လယ်** မြန်မာရာဇဝင်၊ **ခေတ်သစ်** မြန်မာရာဇဝင် စသဖြင့် ခေတ်ပိုင်း၍ ရာဇဝင် အထောက်အထားများကို တည်းဖြတ် ပုံနှိပ်ခြင်း စသဖြင့် အများ ပြည်သူ၏ အားပေးကူညီမှုကိုလိုက်၍ အမှတ်နှစ်၊သုံး၊လေး စသည်တို့ ပေါ်ပေါက်လာဖွယ် ရှိပါသည်။

ဤစာအုပ်ကို ရေးရန် (၁) ရှေးဟောင်းသုတေသန၊ (၂) ကျောက်စာနှင့် (၃) တရုတ် မှတ်တမ်းတို့ကို ပမာနပြု၍ အချက်အလက် ရှာဖွေရေးသား၏။ ယင်း သုံးမျိုးတွင် ကျောက်စာကို အားအကိုးရဆုံး ဖြစ်၏။ "မြန်မာနိုင်ငံ၏ ကျောက်စာများ"ဟု ခေါင်းစဉ် ရေးထိုးထားသည့် အခန်း ၁ ကိုဖတ်လျှင် အဘယ့်ကြောင့် ကျောက်စာကို အထူးအားကိုးရကြောင်း သိနိုင်ပါလိမ့်မည်။ မြန်မာရာဇဝင်ကို ရှေးအကျနိုင်ဆုံးခေတ်ကစ၍ ဖေါ်ပြရေးသားလိုသဖြင့် ကျောက်ခေတ်ဟောင်းက စ၍ ရေးပါသည်။ **အညာသားယဉ်ကျေးမှုဓလေ့** ဟု ခေါ်လေ့ရှိကြသော ကျောက်ခေတ်ဟောင်း၏ မြန်မာနိုင်ငံအခြေအနေကို အရှေ့တောင်အာရှမှ အခြားနိုင်ငံများ၏ အခြေအနေနှင့် နှိုင်းရှည့်ဖေါ်ပြ ၏။ ကျောက်ခေတ်သစ် အခြေအနေကိုလည်း ရှင်းလင်းနိုင်သမျှ ရှင်းလင်းအောင် သုံးစွဲသော လက် နက်ပုံစံများနှင့်တကွ ဖေါ်ပြသည်။ ကျောက်ခေတ်သစ်ကို ၂၀၀၀ ဘီစီဟု မှန်းထားသည်။ ထိုခေတ်က လွန်လျှင် မြန်မာနိုင်ငံတွင် မည်သို့ အခြေအနေရှိ၍ ကြေးခေတ် သံခေတ်များသို့ ရောက်အောင် မည်သို့ တိုးတက်လာကြောင်း မသိနိုင်သေးချေ။ ရှေးဟောင်းသုတေသနက ရှာဖွေ ပေးပါရန် စောင့် မြော် နေရပါသေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်းသို့ ဝင်လာသော လူအမျိုးမျိုးကို ယခု လက်ရှိအခြေအနေနှင့်ဆက်စပ်၍ ရှေးအခြေအနေကို တတ်နိုင်သလောက် ပုံပေါ်လာအောင် ကြည့်ရ ပါသည်။ သြစထရစ်အမျိုးဆက်နှင့် ထဲတရုတ်အမျိုးဆက်အကြောင်းကို နားလည်သမျှ ရှင်းပြသည်။ ယနေ့တိုင် သိရှိရသမျှသော မြန်မာရာဇဝင် ဗဟုသုတအရ မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ယဉ်ကျေးမှု ဗဟိုဌာနတခုမှာ ဗိဿနိုးမြို့ဟောင်းပင် ဖြစ်၏။ ခရစ်နှစ် တစ်ရာစုက ဖြစ်ရာ၏ဟု မှန်းကြသည်။ ထို့ကြောင့် ဗိဿနိုးမြို့ဟောင်း၌ ရှေးဟောင်းသုတေသန၏ တူးဖေါ် ရရှိချက်များကို ပေါင်းစပ် ရေးသားပြန်သည်။ ဌာနဆိုင်ရာ အစီရင်ခံစာများ စုံလင်အောင် မပေါ်ထွက်သေးသဖြင့် အခက်အခဲ တွေ့ရ၏။ အစီရင်ခံစာစုံလျှင် ယခုလက်ခံထားသော အချို့ အယူအဆများ မှားလျက် ရှိကြောင်း တွေ့ရှိကောင်း တွေ့ရှိချေမည်။ အကယ်၍ ဤစာအုပ်ကို နောက်တကြိမ်ပုံနှိပ်ရပါလျှင်၊ ထိုအခါတွင်မှ အမှား ပြင်ဆင်နိုင်တော့မည်။ ထို့အတူ အေဒီ လေးရာစုမှ ကိုးရာစုအထိ ထွန်းကားသော ပျူယဉ် ကျေးမှုကို အရဲစွန့်၍ ရေးလိုက်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ပျူဒေသများ ဖြစ်သည်ဟု အများယူဆနေသည့် သရေခေတ္တရာနှင့် ဟန်လင်းတွင် ယခင်ကစံနစ်တကျ တူးဖေါ်ခြင်းမရှိဘူးသည့်

ပြင် ယခုနှစ်များသို့ရောက်ခါမှ စနစ်တကျတူးဖေါ်ရေး စပါသောကြောင့် ဆိုင်ရာအစီရင်ခံစာများကို မရနိုင်သေးပါ။ ထို့ပြင် ဤစာအုပ်ကို ပုံနှိပ်နေဆဲတွင် မေမြို့မှ စီ၊ ရပ်စတန်အမည်ရှိသော အမျိုးသမီး မိတ်ဆွေ၏ ညွှန်ပြချက်ကြောင့် ပြင်သစ် အရှေ့တိုင်းကျောင်းမှ ၁၉၆၁-၂-ခုနှစ် ပုံနှိပ်ထုတ်ဝေသော ယွန်နန်နယ် တူးဖေါ်ရေးအစီရင်ခံစာများတွင် ယခုအများခေါ်နေကြသော ပျူဒင်္ဂါးများကို ယွန်နန်တနေရာ၌ အမြောက်အမြား တွေ့ရှိနေသဖြင့် ထိုဒင်္ဂါးများကို သွန်းလုပ်သူများသည် ပျူများမှ ဟုတ်ပါလေ၏လောဟု သံသယဖြစ်ဖွယ် ပေါ်၍ နေပါသည်။ ထိုမိတ်ဆွေ ညွှန်းသော စာအုပ်များ ရန်ကုန် စာကြည့်တိုက်တို့တွင် မရောက်သေးသဖြင့် ယခုမှ မှာယူထားရပါသည်။ ရခိုင်ခေတ်ဦး အကြောင်းကို ပြောပြရာတွင် ယခုစစ်တွေတဝိုက်၌ သက္ကတဘာသာဖြင့် ကျောက်စာရေးထိုးသူတစုသည် အေဒီ ၄ ါးရာစုကျော်ကစ၍ ရောက်ရှိနေကြောင်း ပြောရပါသည်။ အကယ်၍ ထိုသူများသည် တိဗက် မြန်မာ အနွယ်ဝင်များ ဖြစ်ကြလျှင် မြန်မာထက် မြန်မာနိုင်ငံတွင်းကို စော၍ လာသည်။ နိပေါဖက်မှ စစ်တကောင်းကို ဖြတ်၍ လာရာသည်ဟု တွေးဆဖွယ် ရှိနေပါသည်။ ရာဇဝင်ဆရာတို့၏ နှစ်စွန်းထွက်စကားဖြစ်သော **ယူသော်ရကောင်း**၏ အဆင့်၌သာ ရှိနေသေးသဖြင့် အတိအကျမဆိုသာချေ။ မွန်တို့အကြောင်းကို ဆိုရာ၌လည်း ထင်ရှားသော ပညာရှင်အချို့ကမူ အရှေ့မှ အနောက်သို့ ဝင်လာ၏ဟု ဖေါ်ပြသော်လည်း အလားတူထင်ရှားသော ပညာရှင်အချို့က အနောက်မှ အရှေ့သို့ လာပါသည်ဟု ရဲရဲဝံ့ဝံ့ဆိုပါသည်။ ထို့ကြောင့် မည်သည့်လမ်းမှလာသည်ကို ပမာနမထားမူ၍ မြန်မာနိုင်ငံတွင်း၌ နေပုံကိုသာ အထူးပြု၍ ရေးသားရ၏။ မြန်မာနိုင်ငံသို့ စာရေးနည်းပညာရောက်လာပုံကို ဖေါ်ပြရာ၌ ဦးသာမြတ်၏ဝါဒကို အများဆုံးယူ၍ ရေး၏။ မြန်မာအစကိုရေးရာ၌ မြန်မာဟု အခေါ်ခံသူတို့ မြန်မာနိုင်ငံအပြင်၌ လှည့်လည်နေကြစဉ်က တွေ့ကြုံခဲ့ကြရသော အကြောင်းအရာများနှင့် မြန်မာနိုင်ငံတွင်းသို့ ရောက်လာသောအခါမှတွေ့ရသော အဖြစ်အပျက်များဟူ၍ နှစ်ပိုင်းခွဲ၍ရေးရာ၏။ ပထမပိုင်းတွင် စိတ်မှန်းကပို၍များကြောင်း ဝန်ခံလိုပါတည်။ ဒုတိယပိုင်းသို့ ရောက်သည့်အခါတွင်မှ ပိုင်ပိုင်နိုင်နိုင် ရေးနိုင်ပါတော့သည်။ ပုဂံခေတ်အကြောင်းကို အတန်ငယ်ပြည့်စုံအောင် ရေးနိုင်၏။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားရေး၊ စီးပွားရေး၊ လူမှုရေး၊ သာသနာရေးနှင့် အနုပညာဟူ၍ အခန်းများစွာခွဲ၍ရေး၏။ ပုဂံခေတ်အနုပညာနှင့် ဗိသုကာခန်းတွင် ပန်းပုံစံ စသည်တို့ကို ဖေါ်ပြရာ၌ ပုဂံဝန်းကျင်မှ ဘုရားတို့၏နံရံဆေးရေးများကို အများမြင်တွေ့ကြမည်ဖြစ်သော်လည်း ခေတ်ပြိုင်ဖြစ်သော စလေဝန်းကျင်မှ ကူဘုရားနံရံဆေးရေးများကိုအမြင်အတွေ့နည်းကြမည်ဖြစ်သောကြောင့်စလေဖက်မှ အရုပ်များစွာကို ကူးယူဖေါ်ပြလိုက်ပါသည်။ နှိုင်းရှည့်၍ကြည့်လျှင် ယင်းတို့လည်းလက်ရာကောင်းများ ဖြစ်ကြောင်း တွေ့ရချေမည်။ စာရေးသူသည် ပုဂံခေတ်ကို အနိုင်နင်းဆုံးဟုစိတ်ချ၏။ သို့သော် လမ်းဌာနက မန္တလေးနှင့် အမရပူရအကူး ကားလမ်းတနေရာတွင် မြောင်းဖုံး လုပ်ထားသဖြင့် ပျောက်ဆုံးနေသော ပုဂံခေတ် ကျောက်စာ အချပ်သုံးဆယ်ထက်မနည်းကို မကြာမီကမှ ပြန်လည် တူးဖေါ်ရရှိသဖြင့် ထိုကျောက်စာများကိုဖတ်ပြီးလျှင် တိုးချဲ့ရေးနိုင်စရာ အချက်များစွာပင် ထွက်လာပေလိမ့်ဦးမည်။ ပုဂံခေတ်အမည်များကို ကျောက်စာပါအတိုင်း ဖေါ်ပြ၏။ ခေတ်ရေးပုံမျိုး မဟုတ်သဖြင့် အချို့သော စာဖတ်သူများအတွက် ခက်မည် ထင်ပါသည်။ သို့သော် အသင့်အတင့် အလေ့အကျင့်ရှိလျှင် ထိုအခက်အခဲကို ကောင်းစွာ လွန်မြောက်နိုင်သည်။ ထို့အတူ တရုတ်မှတ်တမ်းများကို သုံး၍ တရုတ်အမည်များကို ရေးရသောအခါ၌လည်း စံနစ်တကျရှိရန် ကြိုးစားရေးပါသည်။

# နိဒါန်း



မြန်မာရာဇဝင်ကိုရေးရာ၌ မျိုးချစ်စိတ်ကဆွဲဆောင်သဖြင့် မိမိအမျိုးကို အံမွန်းတင်၍ရေးသားတတ်ကြသဖြင့် ယထာဘူတကျအောင် ရေးလိုသောရာဇဝင်ဆရာသည် ထိုအစွဲကိုဖျောက်သင့်ကြောင်း (၂၁ နိုဝင်ဘာ ၁၉၆၂) ထွန်းနေ့စဉ်၌ တခါက ရေးဘူးပါသည်။ ထိုသို့ ရေးသားစဉ်က မြန်မာရာဇဝင်ကျမ်းများစွာ၏ ချွတ်ယွင်းချက်နှင့် ထူးခြားကောင်းမွန်ချက်တို့ နှစ်မျိုးစလုံး ပေါ်အောင်ဖေါ်ပြခဲ့သည်။ ထို့ပြင် အမျိုးသားစိတ် သို့မဟုတ် မျိုးချစ်စိတ်ကြောင့် ရာဇဝင်ဆရာများ မှားတတ်ပုံကိုလည်း ဖေါ်ထုတ်သည်။

နေရှင်နယ်ဒေးဟု အခေါ်များသော အမျိုးသားနေ့ စတင်ပေါ်ပေါက်လာသည့် ၁၂၈၂ ခု (၁၉၂၀) နှစ်ကစလျက် မြန်မာအမျိုးသားစိတ် နိုးကြားလာခဲ့ခြင်းကို အများသိပြီးဖြစ်ပါသည်။ ထိုနိုးကြားလာသော အမျိုးသားစိတ်ကြောင့် မြန်မာတို့၏ ရာဇဝင် အရေးအသားတွင် မည်သို့ပြုပြင်တိုးတက်လာသည်ကို ယခုစာတန်းတွင် စိစစ်လိုပါသည်။

မိမိတို့၏ အမျိုးသား ရာဇဝင်ကို နိုင်ငံခြားသားက ရေးလျှင် မနှစ်သက်ကြောင်း တွေ့ရ၏။ မနှစ်သက် စရာလည်း အကြောင်းခိုင်လုံအောင် ရှိပါသည်။ မြန်မာ ရာဇဝင်ကို အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ရုရှား၊ ကုလားနှင့် တရုတ်တို့ ရေးကြသည်။ ထင်ရှားသည်ကား ဆာအာသာ ပါဗီ ဖယ်ရာ ဆိုသူက ၁၈၈၃ ခုတွင် အင်္ဂလိပ်ဘာသာဖြင့် မြန်မာရာဇဝင် တအုပ်ရေးခဲ့သည်။ ထိုစာအုပ်ကို မြင်ဘူးသူ မြန်မာများပင် ရှားချေမည်။ ငါတို့အမျိုးကို နှိပ်၍ ရေးလေသည်ဟု စိတ်ဆိုးစရာလည်း မပါလှပါဟု ဆိုနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် မြန်မာရာဇဝင်ကို လေ့လာ၍ ဖယ်ရာက အင်္ဂလိပ်အရာရှိများ မြန်မာနိုင်ငံသို့ လာ၍အုပ်ချုပ်လျှင် လူမျိုး၏ ရာဇဝင်နှင့် ယဉ်ကျေးမှုအတိမ်အနက်ကို သိကြပါစေဟု ရေးသားခြင်းဖြစ်၏။ အလွယ်အားဖြင့် မြန်မာတို့ ပြောသမျှကို အင်္ဂလိပ်တို့ သိရှိရန်တဆင့် ပြန်ပြောခြင်းသာဖြစ်၍ ဝေဖန်ကဲ့ရဲ့ ချီးမွမ်းခြင်းနည်းကား ဇာတ်ကြောင်းပြန် သက်သက် ဖြစ်သောကြောင့်တည်း။

ထိုမှတဖန် မစ္စတာအိပ်ချ်ပါကာ ဆိုသူက တရုတ်မှတ်တမ်းများကို ဖတ်၍ ဖယ်ရာရေး မြန်မာရာဇဝင်နှင့်ညှိနှိုင်းရေးသားပြန်သည်ကို မြန်မာတို့ သတိမထားလိုက်ကြချေ။

ထို့နောက် အင်္ဂလိပ်အစိုးရက နိုင်ငံတော်ဝါဒခေါ် အင်ပီရီရယ်လစ်ဇမ်းကို စာသင်ကျောင်းများ၌ တနည်းမဟုတ် တနည်း ထည့်သွင်း သင်ကြားရမည်ဟု ညွှန်ကြားလျှင် အင်္ဂလိပ် ဖတ်စာအုပ်၌ အင်္ဂလိပ်ဘုရင်၏ ဖုန်းကျက်သရေ ကြီးပုံ၊ မြန်မာဖတ်စာ၌ ဂျော့ဘုရင်ဘွဲ့ရတု၊ ပထဝီဝင်၌ ဗြိတိသျှ အင်ပိုင်ယာ ကြီးကျယ်ပုံနှင့် ဗြိတိသျှရာဇဝင်၌ အင်္ဂလိပ်တို့၏ အစွမ်းကို အားပါးတရပြောလာသည်။

မြန်မာရာဇဝင်ကိုပင် ပညာဝန် မစ္စတာ စီဒဗလူကောက်က အင်္ဂလိပ်လို ရေး၍ ကျောင်းများ၌ သင်လာသည်။ ယင်းသို့ မြန်မာရာဇဝင်ကို ကျောင်းသုံးရေးရာ၌ ထင်ရှားအောင် ရေးသည့် အထူးအချက်ကား ( ၁ ) မြန်မာမင်းများ ရက်စက်ပုံနှင့် ( ၂ ) အင်္ဂလိပ်တို့က တရားသဖြင့် အုပ်ချုပ်သဖြင့် မြန်မာတို့ ကြီးပွား တိုးတက် အေးချမ်း သာယာ ရှိပုံတို့ ဖြစ်ပါသည်။ သဘောမှာ မြန်မာကလေးများ မိမိအမျိုးသားအုပ်ချုပ်ရေးကိုမုန်းကာ အင်္ဂလိပ်ကို အားကိုးအောင် သွန်သင်ခြင်း ဖြစ်ပါသည်။ ထိုသို့ သွင်းပေးသော အဆိပ် ယခုတိုင် မပြေသေးကြောင်းက အသက်လေးဆယ်ကျော်နှင့် ခြောက်ဆယ်ပိုင်း လူရွယ်လူကြီးတို့နှင့် စကားပြောလျှင် အမှတ်မဲ့ပါလာကြောင်းကို တွေ့ရပါသည်။

ဇာတ်လောကဦပင် ဇာတ်ခင်းလျှင် ရှင်ဘုရင်က လူစွမ်းကောင်းကို သတ်ပုံ၊ ရှင်ဘုရင်က သူများ သားမယားကို အတင်းသိမ်းယူပုံဖြင့် လွမ်းကွက် ဖေါ်ကြသဖြင့် အင်ပီရီရယ်လစ်ဇမ်းကို ပိုင်း၍ ထောက်ခံ ကူညီကြသည်ဟု ထင်စရာရှိပါသည်။ ထိုဇာတ်အိမ် ဇာတ်လမ်းမျိုး ယနေ့တိုင် ကပြဆဲ ဖြစ်ပါသည်။

မြန်မာအုပ်ချုပ်ရေးစံနစ်ကို မုန်း၍ အင်္ဂလိပ်အုပ်ချုပ်ရေးစံနစ်ကိုသာ ယုံကြည် အားကိုးကာ အထင်ကြီးလေအောင် နောက်ဆက်တွဲအားဖြင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခ ဒီဂျီအီးဟောက ၁၉၂၂-ခုဦ ကမ္ဘာတွင်ပေါ်လာသမျှ အင်ပီရီရယ်လစ်ဇမ်းအမျိုးမျိုးကိုနှိုင်းရှည့်လျက် ခြောက်ကြိမ်မျှ ဟောပြောကာ စုပေါင်း၍ စာတအုပ်ရိုက်ထုတ်သည်။ထိုစာအုပ်၌ သူတပါးနိုင်ငံတွင် သွား၍အုပ်ချုပ်ပြီးနောက် စီးပွားဥစ္စာ ရသလောက် ညှင်ယူသော အင်ပီရီရယ်လစ်ဇမ်းသည် ယခု အင်္ဂလိပ်ကျေးဇူးကြောင့် အဓိပ္ပါယ်အသစ်ရလာပြီ။အင်္ဂလိပ် အင်ပီရီရယ်လစ်ဇမ်းကား လက်အောက်ခံကို အစွမ်းကုန် ညှာလျက် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ပြင်ဆင်ပေးနေပါပြီဟု ဆိုလိုက်၏။

ယင်းနောက် မစ္စတာ ဂျီ အီ ဟာဗေးက ၁၉၂၅-ခုတွင် မြန်မာရာဇဝင် စာအုပ်တအုပ်ရေး၏။မြန်မာအမျိုး၏ညံ့ဖျင်းသမျှကို ထင်ရှားစေလျက် သတိပေးသလို ကဲ့ရဲ့သလိုနှင့် မြန်မာ့ဂုဏ်သိက္ခာကို တနည်းအားဖြင့် မှတ်ကျောက်တင်၍ ကြည့်ပါသည်။ မှန်သလိုလိုနှင့် အထက်စီး အဆုံးဖြတ်ပေးပုံမျိုး တွေ့ရ၏။ တဖက်တွင် အမျိုးသားစိတ် နိုးကြားနေပြီဖြစ်၍ မြန်မာတို့ အလွန်စိတ်ဆိုးကြသည်။

ဟာဗေး၏ စာအုပ်ကို အကျဉ်းရေး၍ ကျောင်းသုံး ဖြစ်လာသောအခါ ပိုစိတ်ဆိုးကြပြန်သည်။ ထိုအခါ ယခုထွန်းနေ့စဉ် အယ်ဒီတာ ဦးထွန်းဖေက မြန်မာရာဇဝင်မှ ဇာတိသွေး ဇာတိမာန်ကို မြှင့်ပေးနိုင်သည့် ဇာတ်ကွက်တို့ကို အသားပေးလျက် ရာဇဝင်စာအုပ် ဖြစ်စေ၊ မြန်မာ့သူရဲကောင်းများကို ရွေးနှုတ်ကာ ဝတ္ထုသွားရေးသည့် အထုပ္ပတ္တိ စာအုပ်ဖြစ်စေ၊ ရာဇဝင် နောက်ခံ ထားသည့် ဝတ္ထုစာအုပ်ဖြစ်စေ၊ စာရေးဆရာများက ရေးကြရန် လှုံ့ဆော်သည်။ ဆရာဖီ။ ဆရာသိန်း (မှော်ဘီ ဆရာသိန်း)ဆရာဘကျော်တို့က နိဒါန်းစကားတွင် မြန်မာရာဇဝင်ရေးသော အင်္ဂလိပ်တို့ကို မကျေနပ်ကြောင်း ဖေါ်ပြလျက် **သုသောဓိတ ရာဇဝင်** ကိုပြုစုကြ၏။ ခြောက်တွဲဖြစ်၍ ကျောင်းသုံးဖြစ်ရန် ခက်ခဲသောကြောင့် ဦးဘသန်းကကျောင်းသုံးရာဇဝင်ကို ရေးသားသည်။ဦးဖိုးကျားကခေတ်မှီရာဇဝင် **အကျဉ်း**နှင့် **မြန်မာ့ဂုဏ်ရည်**တို့ကို သီကုံးသည်။ ဦးအုန်းမောင်က **ကျောင်းသုံး မြန်မာရာဇဝင်သစ်** သုံးတွဲကို ပြုစုသည်။သခင်ကိုယ်တော်မှိုင်းက **မှန်နန်းရာဇဝင်သစ်**ကို တင်ပြသည်။ဦးဖေက **ပုကံရာဇဝင်**ကို ရေးယည်။ ရာဇဝင်နောက်ခံထား၍ မြန်မာ့ယဉ်ကျေးမှုကို ဖေါ်လျက် လယ်တီပဏ္ဍိတ ဦးမောင်ကြီးက **တပင်ရွှေထီး** ဝတ္ထုလေးတွဲကို ဖွဲ့နွဲ့သည်။ သတင်းစာဆရာ ဦးသိမ်းမောင်က **မင်းရဲကျော်စွာ၊ ဘုရင့်နောင်၊ဗန္ဓုလနှင့်အလောင်းဘုရားဟူ၍** မြန်မာသူရဲကောင်း ၄-ဦးအကြောင်းကိုထုတ်ဖေါ်သည်။ ယနေ့တိုင် နှစ်သက်စွာ ဖတ်လျက်ရှိသော **ရဲမြန်မာ၊ရန်ကြီးအောင်၊နာခံတော်၊ကုန်းဘောင် ပြင်သစ်။ စစ်ထွက်သူ** စသော ဦးသိမ်းမောင်၊ ရွှေဥဒေါင်း၊ ရွှေစကြာ၊ မဟာဆွေတို့၏ ရာဇဝင် ဝတ္ထုများ ပေါ်လာပါသည်။

ယင်းသို့ရေးသားကြရာ၌ အချုပ်သဘောမှာ အင်္ဂလိပ်က အင်ပီရီရယ်လစ်ဇမ်းကိုလက်ခံအောင် စာသင်ကျောင်းတွင် အင်္ဂလိပ်အုပ်ချုပ်ရေးကို အမှန်းတင်၍ မြန်မာဘုရင် စံနစ်ကို တစက်ကမျှ မကောင်းအောင် သရုပ်ဖေါ်သည်ကို တန်ပြန်သဘောဖြင့် မြန်မာလူစွမ်းကောင်းတို့ကို တန်းစီ၍ပြခြင်း ဖြစ်ပါသည်။ တန်ပြန်လက်နက်ဖြစ်၏။ မြန်မာကလေးများ မျိုးချစ်စိတ်ပို၍ ထက်သန်လာသည်ကို တွေ့ရ၏။ ကျွန်တော်တို့ပင် မြန်မာ့ဂုဏ်ရည် ဖတ်၍ကြီးခဲ့သည်။ ရဲမြန်မာ ဖတ်၍ လက်သီးဆန့်ခဲ့သည်။ သို့သော် အင်္ဂလိပ်လက်နက်ကို ယင်းစာအုပ်မျှဖြင့် မဖျိုနိုင်ကြောင်း တွေ့ရသည်။ မြန်မာဘုရင်စံနစ်၏ အပြစ်ကို အင်္ဂလိပ်ကပြလျှင် မြန်မာ့အုပ်ချုပ်ရေးစံနစ်ကား မည်မျှအခြေခံကြီးမား၍ မည်သည့်အချက်များကား ပဓာနဖြစ်သည်။ မည်သည့်အချက်များကား ချီးမွမ်းဖွယ်ဖြစ်သည်ဟု လက်ဆုပ် လက်ကိုင် ဖေါ်နိုင်သူ မပေါ်ခဲ့ချေ။ ကံဆိုးသည်မှာ ပုံဂံဦးတင်ပြုစုသော မြန်မာမင်းအုပ်ချုပ်ပုံ**စာတမ်း** လေးတွဲ ပင်လျှင် အင်္ဂလိပ်က အင်ပီရီရယ်လစ်ဇမ်းကို လက်ခံအောင် ဆွယ်စပ်၍ ရေးခိုင်းသော စီမံကိန်းဝင် **စာတန်းကြီး** ဖြစ်ရခြင်းပင်။ စာအုပ်ငါးတွဲစလုံးကိုဖတ်လျှင် မြန်မာမင်းအုပ်ချုပ်ပုံနှင့်အင်္ဂလိပ်မင်း အုပ်ချုပ်ပုံနှိုင်းရှည့်လျက် အင်္ဂလိပ်ကသာကြောင်းကို သိသိသာသာတမျိုး၊ မသိမသာတဖုံ ရေးသားထား သည်ကို မကြာခဏတွေ့ရချေမည်။ ထို့ကြောင့် မြန်မာဖက်မှ ဦးဖိုးကျားလို ရှေ့နေမလိုက်လိုကနေပါ။ သို့သော် သရုပ်မှန်ကို မြင်သာအောင် ဖေါ်ထုတ်၍ မြန်မာ့အုပ်ချုပ်ရေးကို လေ့လာသော ကျမ်းမျိုး အထင်အရှားမပေါ်ခဲ့ဘူးသည်မှာ မြန်မာ့အတွက် ဝမ်းနည်းဖွယ်ပင် ဖြစ်သည်။ ဒေါ်မြစိန်က မြန်မာ အုပ်ချုပ်ရေးကို အင်္ဂလိပ်ဘာသာဖြင့် စာဘအုပ်ပြုစုဘူး၏။ မြင်လိုက်ဘူးသူပင် ရှားမည်ထင်၏။ သရုပ် မှန်ကို မြင်သာအောင် ဖြည့်စွက်ရန် လိုနေပါသေးသဖြင့် ပြင်ဆင်ပါဟု ဆရာမကြီးကို ကျွန်တော် တောင်းပန် နှိုးဆော်ဘူးပါသည်။ တနေ့လုပ်ဖြစ်လိမ့်မည်ဟု မြော်လင့်ဆဲပင် ဖြစ်ပါသည်။

ဤတွင် ဦးဖိုးကျားတို့က မြန်မာဟော့ဟု လက်သီးလက်မောင်းတန်းကာ ဟစ်ကြွေးစရာတွေသာ ရွေး၍ ဖေါ်ထုတ်ခဲ့သည်ကို ကျွန်တော်အပြစ်တင်နေခြင်းမဟုတ်။ သူတို့နည်းနှင့်သူတို့ မြန်မာ့လွတ်လပ် ရေးစစ်ပွဲတွင် ပြောင်မြောက်အောင် ပါဝင်ဆင်နွှဲသူများဖြစ်၍ မလစ်အောင် အမှုထမ်းသည်ဟူ၍သာ ချီးမွမ်းရချေမည်။ ချီးလည်း ချီးမွမ်းပါ၏။ သူတို့ခြေရာနင်း၍ တခေတ်ပြောင်းလျှင် တခါဆိုသလို ရည်ရွယ်ချက်တခုကို မူတည်လျက် ရာဇဝင်စာအုပ်များ ရေးသားခဲ့ကြသည်။ ရှေ့ကိုလည်း ရေးကြပေ ဦးမည်။ ရည်ရွယ်ချက်ကို ဖြစ်အောင်ပို့နိုင်လျှင် သူတို့တာဝန်ကျေ၏။ ဦးဖိုးကျားတို့ ရည်ရွယ်ချက်ကား မြန်မာ့မျိုးချစ်စိတ်ကို အခေါင်အထွတ်သို့ ပို့ခြင်းဖြစ်သည်။ ရည်ရွယ်ချက် အောင်မြင်ပါ၏။

ရောင်ခြည်ဖြာနေသော ပြာသာဒ်စုလစ်မွန်ချွန်ရှေ့တွင် မြန်မာ၊ သျှမ်း၊ ကရင်၊ ကချင်၊ ချင်း စသော လူမျိုးတို့လက်သီးဆန့်၍ အော်နေပုံနှင့်အောက်မှ "တသွေး တသံ တမိန့်" ဟူသော စာတန်းရေး လျက် ပါမောက္ခဦးဘညွန့်၏ **မြန်မာနိုင်ငံသမိုင်းအခြေပြ** ဂျပန်ခေတ်က ပေါ်လာသည်။ ခေတ်ကြေးမုံ ဟု ဆိုရလောက်အောင် ဂျပန်ကြိုက် အာဏာရှင်သဘောကို ကျောင်းသားများ လက်ခံလာအောင် ကြိုးစားခြင်းပင် ဖြစ်ပါသည်။

ဒုတိယ ကမ္ဘာစစ်ပြီးစက ဗိုလ်ဘရှင်၏ **မြန်မာနိုင်ငံတော်သမိုင်း** ထွက်လာသည်။ ရာဇဝင် ဟူ သော စကားလုံးသည် နယ်ကျဉ်းသဖြင့် သမိုင်းဟူသော စကားလုံးကို အစားထည့်၍ သုံးခဲ့သည်မှာ ဦးဘညွန့်က စပေသည်။ ဗိုလ်ဘရှင်ကလည်း ဦးဘညွန့်နှင့် တသဘောဘည်းဖြစ်ချေ၏။ စင်စစ် ဦးဖေ

မောင်တင်က မြန်မာစာပေသမိုင်း က ရာဇဝင်ကို ရာဇဝင်မခေါ်ဘဲ သမိုင်းခေါ်ရန်တော်လှန်သည်ဟု ထင်မိပါသည်။ သို့သော် သမိုင်းဟု အခေါ်အပြောကိုကြားလျှင် ရွှေနတ်တောင်သမိုင်း၊ ကျိုက်ထီးရိုးသမိုင်းစသော နတ်သမိုင်း၊ သိုက်သမိုင်း၊ ဘုရားသမိုင်းများကိုဆက်စပ်၍ သတိရမိသဖြင့် ကျွန်တော်တို့ မကြိုက်ဟု ပြောသူလည်း ရှိသည်။ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ၊ မြန်မာရာဇဝင်ဟူသော အခေါ်မှ ဗမာနိုင်ငံသမိုင်း၊ ယင်းမှ မြန်မာနိုင်ငံသမိုင်းဟု အခေါ် အပြော ပြောင်းခဲ့၏။ အခေါ်အဝေါ် ပြောင်းသည်သာမက ယခင်က ပုဂံမင်းဆက် ကုန်းဘောင်မင်းဆက်ဟု အခန်းဖွဲ့၍ ရေးရာမှ ဗမာနိုင်ငံသမိုင်း တွင် သွေးနှောခေတ်ဟု အခန်းတခု အဆန်းပါလာပါသည်။သျှမ်း ဗမာရောရ၍ အားသစ် အင်သစ် လူမျိုးသစ် ဖြစ်လာလျက် ပေါင်းစပ် ရောနှောခြင်း၏ အားကိုဖေါ်ထုတ်သည်။ ထိုမှတဖန် မြန်မာနိုင်ငံတော်သမိုင်း တွင် (၁) ရှေးဟောင်းခေတ်။ (၂) မြို့စား ရွာစားဘုရင်ခေတ်။ (၃) အရင်းရှင်စံနစ်ခေတ်နှင့် (၄) ပြည်ထောင်စုခေတ်ဟု တွေ့ရ၏။

ယင်းတို့ကို မြင်ရသဖြင့် ဆိုဗီယက်ယူနီယံက ရေးသော ရာဇဝင်စာအုပ်မျိုး ဖြစ်လေမည့်ဟန်ရှိပါသည်။ ဗန်မော်တင်အောင်က မြန်မာနိုင်ငံတော်သမိုင်း ဟူ၍ ဗိုလ်ဘရှင်နှင့်အမည်တူ စာတအုပ် မကြာမီက ရေးပါသည်။ သူလည်း ကော်မြူနစ် အမြင်နှင့် ရေးလေမည်လားဟု စောင့်၍ ဘတ်မိသည်။ မြော်လင့်သလို ရုပ်ဝါဒ ရာဇဝင်အကြောင်းနှင့် မဟတ်လှ။

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုခေတ်တွင် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံလာရပြီးဖြစ်သည့်အတိုင်း တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် ဟံသာဝတီ ဦးဘရင်က တရုတ်-မြန်မာအရေးတော်ပုံကို ရေးသား၏။ ရည်ရွယ်ချက်နှင့် အမည်မျှဖြင့် ကျေနပ်ရသော စာအုပ်မျိုးဟု ဆိုချင်ပါသည်။ ပြင်းထန်သော မျိုးချစ်စိတ်၏ ပေါက်ကွဲခြင်းဖြစ်သည်ဟု ယူဆရန်ဖြစ်သော ငါးသိုင်းချောင်းမောင်မောင်၏ နယ်ချဲ့ မြန်မာအရေးတော်ပုံ ကိုလည်း ဖတ်လိုက်ရသည်။ ထို့နောက် စာသင်သားနှင့် ကျောင်းသားသူငယ်ကို တိုက်ရိုက်ပညာပေးရန် ပြည်ထောင်စုကို ချစ်သောစိတ်ကို လှုံ့ဆော်သည့် ရာဇဝင်စာအုပ်များ ပေါ်လာပါသည်။ သုတေသန လက်ရာပါသည်။ ပြည်ထောင်စု နိုင်ငံချစ်စိတ်ဓာတ်ကို ရည်ရွယ်သည့်အတိုင်း ပေးနိုင်လိမ့်မည်ဟု ယုံကြည်သည်။

ယင်းတို့ကား ဦးသိန်းဟန်(ဆရာဇော်ဂျီ)၏ တို့ပြည်ထောင်စု သမိုင်းပုံပြင်များ ၂-တွဲနှင့် ပြည်ထောင်စုသမိုင်းမှတ်တိုင်များ ဖြစ်ပါသည်။ အားလုံး မူလတန်းအတွက် ဖြစ်သောကြောင့် အလယ်တန်းကျောင်းသုံးအလို့ငှါ ဦးဘဖေ၏ အလယ်တန်း မြန်မာ့သမိုင်း အကျဉ်းချုပ် ဟူ၍ တွေ့ရပြန်ပါသည်။ အထက်တန်းအတွက် ဦးကွန်း၏ ခေတ်မှီအထက်တန်း မြန်မာရာဇဝင် နှင့် ဒေါက်တာကျော်သက်၏ အထက်တန်း ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း တို့ ဆင့်ကဲဆင့်ကဲ ထွက်လာကြ၏။ အင်္ဂလိပ်ဘာသာဖြင့် ဂျွန်ခရစ်စယန်၊ဟော၊ကေဒီ၊ဒေဆိုင်းတို့၏ မြန်မာရာဇဝင်များကို တွေ့ရပါသည်။ အားလုံးချုံ၍ ပြောရလျှင် ပြင်းထန်သော မျိုးချစ်စိတ်နှင့် ရေးသည့်စာအုပ်မျိုးကား သိသိသာသာလျော့နည်းသွားလျက် ပညာကို ပဓာနထားလျက် ပြည်ထောင်စုစိတ်ကို သွင်းပေးရန် ရေးသောစာအုပ်များ ပေါ်လာခြင်းကား ကောင်းသောတိုးတက်မှုပင် ဖြစ်ပါသည်။ ရုပ်ဝါဒဖြင့် အကဲဖြတ်သော စာအုပ်ကား မပေါ်သေးဟု ဆိုရချေမည်။

ဤတွင် အင်ပီရီရယ်လစ်ဇမ်းကို လက်ခံရေးသားသော ရာဇဝင်စာအုပ်၊ မြန်မာ့မျိုးချစ်စိတ်ကို လှုံ့ဆော်ရန် ရေးသောရာဇဝင်စာအုပ်၊ တသွေး တသံ တမိန့်ကို လက်ခံအောင်ရေးသော ရာဇဝင်စာအုပ်၊ လူတန်းစားတိုက်ပွဲကို သရုပ်ဖေါ်သော ရာဇဝင်စာအုပ်၊ ပြည်ထောင်စု စိတ်ကို ဆွဲဆောင်သည့် ရာဇဝင်စာအုပ် အမျိုးမျိုးရှိသည်၊ ထို့ထက် ကျောင်းသုံးဖြစ်ရန်သာ အဓိကထား၍ ရေးလိုက်သော စာအုပ်များလည်း ရှိနေပါသည်။ ခေတ်အခါလိုက်၍ တွင်ကျယ်ကြပါသည်။ သို့သော် လူတမျိုး၏ ကောင်းသော အရည်အချင်းကိုအကဲခတ်ကာ အပိုမပါဘဲ အမှန်ကိုမြင်သာအောင် သုတေသနပြု၍ တင်ဆက်နိုင်လျှင်ပင် ထိုလူမျိုးကို အမွန်းတင်ရာ ဂုဏ်ပြုရာ ရောက်သဖြင့် ထိုနည်းကိုသာလျှင် ကျွန်တော်ကြိုက်ပါသည်။လူမျိုးတိုင်း အမျိုးစစ်သည်ဟူ၍ မရှိနိုင်။ တခါက ရိုင်းစိုင်းခဲ့သည်။ ယခုယဉ်လာသည်။အောင်မြင်သည့်အခါလည်းရှိသည်။ မရှုမလှ နိမ့်ကျသည့် အခါလည်း ရှိသည်။ အောင်မြင်ပုံကိုကြည့်၍ ရှေ့တွင် ထို့ထက် အောင်မြင်လေအောင်၊ တဆင့်လှမ်းရပေမည်။ နိမ့်ကျပုံကို ကြည့်၍လည်း တကြိမ်တဖန် ပြန်နိမ့်ကျမသွားအောင် သင်ခန်းစာယူနိုင်ကြလျှင် ရာဇဝင်တန်ဖိုးပြီး၏ဟု ထင်ပါသည်။ အပိုစကားဖြင့် အနိမ့်ကိုပို၍နိမ့်အောင်သို့မဟုတ် အမြင့်ကို ပို၍မြင့်အောင်မလုပ်သည့်စားသင့်ဟုဆိုလိုသည်။

မြန်မာရာဇဝင်ကို ရေးသော အင်္ဂလိပ် ရာဇဝင်ဆရာတို့သည် (၁) မြန်မာဘုရင်ရက်စက်ပုံကို အကြီးချဲ့၍ ရွံမုန်းအောင် တဖက်က ရေးသလို (၂) အင်္ဂလိပ်အုပ်ချုပ်ရေး ကောင်းပုံကို ရှေ့နေလိုက်ကြသည်။ ယထာဘူတကျအောင် အမှန်ကို ရသလောက်ရှာဖွေ၍ တင်ပြရမည်ဟူသော ရာဇဝင်ဆရာတို့ လိုက်နာရမည့် ဥပဒေကို လိုက်နာပါသည်ဟု တဖက်ကပြောသော်လည်း မကောင်းသမျှကိုရှာ၍ ပုံကြီးချဲ့လာသောအခါ၌ သူတို့၏စိတ်စေတနာကို မသင်္ကာစရာ ဖြစ်မိသည်။ ထင်ရှားသော ပုံစံ တခုကို ပြပါမည်။ သံအမတ် အဖြစ်ဖြင့် ၁၈၂၆-ခု စက်တင်ဘာလ ၁-ရက်မှစ၍ ၁၈၂၇-ခု ဂျန်နဝါရီလ ၅-ရက်နေ့အထိ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဂျွန် ခရော့ဖို့က ယင်း၏ နေ့စဉ်မှတ်တမ်းတွင် နိုဝင်ဘာလ ၂၇-ရက်နေ့အဘို့ မှတ်တမ်းတင်ရာ၌ မြန်မာများ လက်ရုံးချင်းပြိုင်၍ ပထမစစ်ပွဲကို ရှုံးသော်လည်း မာန်မလျော့ချေဟု ရယ်ဘွယ်ပျက်လုံးတခုကို ထွင်ထည့်သည်။ ယင်းကို မှန်မမှန် ယုတ္တိရှိမရှိ စစ်ဆေးခြင်းမရှိဘဲ ပါမောက္ခဒီဂျီအီးဟောက ဥရောပနှင့် မြန်မာအမည်ရှိ ရာဇဝင်ကျမ်းတွင် ယူ၍ ရေးပြန်သည်။ ခရော့ဖို့က မြန်မာ့အသရေညှိုးအောင် ထွင်သည်ကို ဆရာဟောက မစစ် မဆေး ယူ၍သုံးသော စာပိုဒ် မြန်မာပြန်မှာ ဤသို့တည်း။

> သကရစ် ၁၁၈၆-၈၇-ခုနှစ်များက တိုင်းတပါးသား အနောက်နိုင်ငံနေ ကုလားဖြူတို့က ဖုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဘဝအရှင် ရွှေနန်းသခင်၏ နိုင်ငံတော်ကို ထိပါး ရိုင်းပြလာသည်။ ရန်ကုန်တွင် သင်္ဘောဆိုက်၍ ရန်ကုန်ကိုင်း၊ ပြည်မြို့ကိုင်း သိမ်းယူကြသည်။ ရန္တပိုအထိ လက်နက် လူသူအများနှင့် ကျူးကျော်မိသည့်တိုင်အောင် စော်ကားခွင့်ရကြသည်မှာ သတ္တဝါတို့အသက်ကို မင်းတရားကြီး၏ နှမြောစုံမက်ခြင်းနှင့် ကြင်နာသနားခြင်းတို့ကြောင့် ဖြစ်ချေမည်။ လူမျိုးခြားကုလားတို့ ထိုမျှ ချီတက်လာမိသဖြင့် ငွေ ကြေး ကြီးစွာ ကုန်ဆုံးလျက် ရန္တပိုအရောက်တွင် မျိုးရိက္ခာ ပြတ်လပ်၍ ဒုက္ခလှလှကြီး တွေ့ကြရကား ဘဝရှင် မင်းတရားကြီးထံ အသနားတော်မြတ် ခံကြသည့်အလျောက် သည်းခံတော်မူလျက် အပစ်မယူ၊ ငွေတော် အမြောက်အများပေး၍ လိုရာအရပ်သို့ ထွက်ခွါ ပြန်သွားခွင့် ပြုလိုက်သည်။

ယင်းကိုဆရာဟောက တိုက်ရိုက်ယူ၍ မိမိရေးသော ကျမ်းတွင် ထည့်လိုက်သည့်အပြင် ထိုကျမ်းကို ရေးသားပုံနှိပ်သော ၁၉၄၅-ခုနှစ်က တကမ္ဘာလုံး နာဇီဖက်ဆစ်ကို မုန်းတီးကြလျက် ဟစ်တလာ၏ လက်ရုံးတဆူဖြစ်၍ နာဇီဝါဒဖြန့်ရာတွင် ပါရဂူဖြစ်သည့် ဂိုးဘဲ၏ အမည်ကိုပင် ဆွဲယူ၍ ဒေါက်တာဂိုးဘဲပင် ယခုထက်ပို၍ ပြောင်မြောက်အောင်လိမ်နိုင်မည်မဟုတ်ချေဟု မှတ်ချက်ပင်ထည့်လိုက်သေး၏။ မမှန်သတင်းရေးသူ အင်္ဂလိပ်ဖြစ်ကာ ခုံသမာဓိအင်္ဂလိပ်က ယင်းကိုပင် အမှန်ယူ၍ မြန်မာကို ဖက်ဆစ်လူလိမ်ဂိုးဘဲနှင့် နှိုင်းလိုက်သေးသည်။တတ်နိုင်ကြပါဘိ။ထို့ကြောင့် ၁၉၅၆-ခု ဗိလပ်ရွှေမြို့တော်တွင် ကျင်းပသော အာရှရာဇဝင်ဆရာများ ညီလာခံတွင် မြန်မာဟူ၍ ဗိုလပ်နေ မုံရွေးသား ဦးတက်ထွတ်နှင့် ရန်ကုန်တက္ကသိုလ် ရာဇဝင်ဌာနမှ ဆရာဦးတင်အုန်းတို့ တက်ခွင့်ရလျှင် ဦးတက်ထွတ်က ယင်းအမှားကို အချက် ကျကျ ချေပပြင်ဆင်ခဲ့ပါသည်။ ဦးတက်ထွတ် ချေပချက်ကား ဤသို့ဖြစ်၏။ မင်းမိန့်နှင့်ရေးသော ရာဇဝင်ကား မှန်နန်းရာဇဝင် ဖြစ်၏။ ခရော့ဖို့အဆိုအရ မြန်မာရာဇဝင်ဆရာက ပထမ စစ်တွင် မြန်မာတို့ ရှုံး၍ စစ်လျော်ကြေး ပေးရသည်ကိုပင် မဟုတ်မမှန် ပြောင်းပြန်ဖြစ်အောင် ရေးချေသည်ဟုဆိုလျှင် ထိုအချက် မှန်နန်း တွင်ပါရမည်။ ခရော့ဖို့မှတ်တမ်း၌ ရက်စွဲအားဖြင့် ၁၈၂၆-ခုနှစ် နိုဝင်ဘာလ ၂-ရက်နေ့တွင် ဤသို့ မြန်မာရာဇဝင်ဆရာက မှတ်တမ်းတင်သည်ဟု ဆိုသည်။ စင်စစ် မှန်နန်းကို ၁၈၂၉-ခုတွင်မှရေးကြသည်။ရေးကြသောအခါ၌ ကမ္ဘာတည်သည်မှ ၁၈၂၀-ခုအထိသာ ရေးသဖြင့် အင်္ဂလိပ် မြန်မာ ပထမ စစ်အကြောင်း တလုံးတပါဒမျှ မပါချေ။ နောင် မင်းတုန်းမင်းလက်ထက် ၁၈၆၇-ခုတွင်မှ ဒုတိယမှန်နန်း အမည်ဖြင့် ၁၈၂၀-မှ ၁၈၆၀-အထိအဖြစ်အပျက်များကို မှတ်တမ်းတင်သောအခါ၌ အင်္ဂလိပ်မြန်မာ ပထမစစ်တွင် မြန်မာရှုံး၍ စစ်လျော်ကြေး ပေးရသည်ဟု မကွယ်မဝှက် မကြွားမဝါ အမှန်အတိုင်းရေးခဲ့သည်။ ဤအချက်ကို ဦးတက်ထွတ်က တင်ပြခဲ့၏။

ဤကဲ့သို့ ဦးတက်ထွတ်က ဖေါ်ထုတ်လိုက်ရာ ထင်ရှားကြီးကျယ်သော အချက်တချက် ပေါ်လာ၏။ ထိုအချက်ကို အရှေ့တိုင်း ရာဇဝင်ဆရာတို့၏ ရာဇဝင်တွင် အလွန်အရေးကြီးသော အချက်တချက်ဖြစ်သည်ဟု မှတ်တမ်းတင်ကြရသည်။ ယင်းအချက်ကား မြန်မာရာဇဝင်ကို မြန်မာစာမတတ်၊ မြန်မာရာဇဝင်အထောက်အထားနှင့် မညှိ၊ တဖက်စကား တဖက်နားနှင့် ရေးသား ပြောဆိုသည်မှာ ရှက်ဖွယ်ဖြစ်၍ ယင်းသို့ ရေးသားချက်များကို ပြန်လှန် စစ်ဆေးချိန်တန်ပြီဟု မီးနီ ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ တဖက်စကား တဖက်နားသာ အရေးယူသည်ကို သုတေသနမခေါ်။ ပြင်းစွာသော မျိုးချစ်စိတ်ကိုဦးစားပေး၍ တဖက်သတ်ရေးသည်ကို ရာဇဝင်မခေါ်ဟူ၍ ပါမောက္ခ ဒီဂျီအီးဟောပင် ကျွန်တော့ကို အလီလီ သင်ကြားလိုက်ဘူးပါသည်။ သို့သော် ရာဇဝင်ဆွေးနွေးပွဲ ဆယ်မင်နာ များ၌ အင်္ဂလိပ်ဂုဏ်သိက္ခာကို ထိလာလျှင် ပြေပျောက်အောင် ဆရာဟော ရှေ့နေလိုက်ဟန်ကို ယခုတိုင် မြင်ယောင်မိသေးသည်။ ကျွန်တော်တို့ ဝိဇ္ဇာတန်းမှာ ရာဇဝင်သင်ကြရစဉ်က ၁၇၇၆ ခုတွင် အမေရိကန် နိုင်ငံကြီးကို အင်္ဂလိပ်လက်လွှတ်ရခြင်းကား စင်စစ်ဝမ်းနည်းစရာ နှမြောစရာမဟုတ်။ ယင်းသို့ တဖက်တွင် တာဝန်ပေါ့သွားသဖြင့်သာ အရှေ့ဖက်တွင် လာ၍ အိန္ဒိယ လက်နက်နိုင်ငံကြီးကို စံနစ်တကျ ထူထောင်နိုင်ပါသည်ဟု အရှက်ပြေ ထည့်သွင်း ရေးသားလေ့ရှိပုံ အတော်များများ တွေ့ရသည်ကို အမှတ် ပြုမိပါသည်။

ဒုတိယကမ္ဘာစစ်အစက မြန်မာနိုင်ငံကို ထားရစ်၍ အင်္ဂလိပ်တို့ အသက်လုကာ ကုလားနိုင်ငံ အရောက် ပြေးကြရစဉ်က အောင်မြင်စွာဆုတ်ခွာခြင်း(Glorious Retreat)ဟု မှတ်တမ်းတင်၏။ မြန်မာစကားတွင် ထိုးမည့်ဆင် နောက်ဆုတ်သည် ဟူသော အပြောမျိုးဖြင့် ဂျင်နရယ် စလင်းက ရှုံးလို့သာ နိုင်သည် (Defeat into Victory) ဟူသော စာအုပ် တအုပ် ရေးပါသေးသည်။ ဂျင်နရယ်စလင်းကို ခြေလွတ်လက်လွတ်ကြွားသည်ဟု မဆိုသာချေ။ အဘယ့်ကြောင့်ဆိုသော် သူတို့ ဂျပန်ကို နောက်ဆုံးနိုင်သောကြောင့်ပင် ဖြစ်ပါသည်။ သို့သော် သူရေးသောကျမ်းကို အမည် မှည့် ခေါ်ရာ၌ ရှုံး၍သာ နိုင်သည် ဟု အရှုံးကိုပင် လက်ခမောင်း ခတ်နေသောကြောင့် ကြွားစရာ ရှားသလားဟု မေးချင်စိတ်ပင် ပေါက်မိပါသည်။ သူရေးသော စာအုပ်ကား စင်စစ် အလွန်မှန်ကန် တိကျ ကောင်းမွန်အောင် ရေးသားထားကြောင်း သက်သေခံလျက် ရှိပါသည်။

မြန်မာရာဇဝင်ကို ကုလားကလည်း ရေး၏။ ရေးပြန်တော့ "ဒီသူငယ်အလွန်တော်တယ် ကျုပ် တပည့်ပေါ့"ဟူသော လေလုံးမျိုးကို မည်သည့် ကုလားရာဇဝင်ဆရာမျှ မရှောင်နိုင်ဟုပင် ဆိုချင်ပါ သည်။ သည်အယူကို ကုလားအား ဆရာတင်ရသည်။ သည်နည်းကို ကုလားထံတွင် တပည့်ခံသည်။ သည်စကားကို ကုလားထံမှရသည်ဟု တမိုးလုံး ဖျောက်ဆိပ်ဖြစ်၍ လာပါသည်။ အရှေ့တိုင်း ယဉ် ကျေးမှု မှန်သမျှ ကုလားတွင် ရေသောက်မြစ် ခံသည်ဟု ထင်ရှားအောင် သုတေသန ပြုရန် သူတို့တွင် မဟာအိန္ဒိယအသင်း Greater India Society ဟုပင်ရှိသည်။ပါမောက္ခနီလာကန္တာသျှပ်စထရီတို့ ခေါင်းဆောင်၏။ ရန်ကုန်တက္ကသိုလ် ရာဇဝင်ပါမောက္ခဖြစ်ဘူးသော မြန်မာနိုင်ငံတွင် အနှစ် အစိတ်မျှ နေသွားသည့် ဒဗလျူအက်စဒေဆိုင်းပင် ထိုဂိုဏ်းဝင် ဖြစ်ပါသည်။

သူရေးသော မြန်မာရာဇဝင်စာအုပ် တအုပ် မကြာမီက ထွက်ပေါ်လာပါသည်။ ယင်းစာအုပ် (A Pageant Of Burmese History)ကို အစအဆုံးဖတ်လျှင် အချက်ကြီးနှစ်ချက် တွေ့ရပေ မည်။ပထမအားဖြင့် ကုလားသာလျှင် ဆရာဖြစ်ချေ၏ဟူသောအချက်ကို အခါအခွင့်သင့်တိုင်း ဝါဒ ဖြန့်၏။ ရာဇဝင်နည်းအရ သင့် မသင့် ရ မရပင် မချင့်ချိန်နိုင်ရှာပေ။ ဒုတိယအားဖြင့် မြန်မာ စာမတတ်၊ မြန်မာရာဇဝင် အထောက်အထားနှင့် မညှိဘဲ မြန်မာရာဇဝင်ကို အင်္ဂလိပ်မှတ်တမ်း စာအုပ်များဖတ်၍ ရေးပြန်ချေသည်။သို့သော် တဖက်မှ မြန်မာကလည်း တကြိမ်တခါတုန်းက ကုလား နှင့် အမျိုးဆက်ရမှ ကောင်းသည်ဟု သာကီဝင်တို့ တကောင်းရောက်အောင် ဇွတ်ကြံဖန် လည်ဆည်၍ မေ့ရသည်။ ကုလားလာ၍ ဖွင့်ပွဲလုပ်မှ၊ ကုလားလာ၍ အုပ်မြစ်ချမှ၊ ဂုဏ်ရှိသည်ဟု ယူဆခဲ့သည်။ ကုလားအမည်များကိုယူ၍ လူအမည်၊ မြို့အမည်၊ ရွာအမည်၊ ချောင်းအမည်များ မှည့်ခဲ့၏။ ပြီးနောက် ကုလားရာဇဝင်ကအဖြစ်အပျက်အချို့ကိုမြန်မာမြေ၌ဖြစ်လေဟန်ဇာထ်ထုပ်ရေးခဲ့ကြသည်။ဦးကုလား သည် ၁၇၂၀-လောက်တွင် မဟာရာဇဝင်ကို ရေးစဉ်က တကောင်းဆက်ကို ကုလားဖြစ်သည်ဟု မဆိုဘဲ လျက် ၁၈၂၉-ခုနှစ်တွင် ရေးသော မှန်နန်းက ကုလားဟု ဆိုဝံ့ချေသည်။ ကုလားနှင့် အမျိုးတော်ရ လျှင် မြန်မာမင်းတို့ ကျေနပ်လေအံ့ဟု ကြံဖန်လည်ဆည်၍ အမျိုးဆက်ပေးရခြင်း ဖြစ်သည်။ ထို့အတူ ကုလားအမည်ယူ၍ မှည့်ခေါ်ပြီးနောက် ကုလားမြေက ဇာတ်ထုပ်ကို မြန်မာမြေတွင် ဖြစ်လေဟန်ရေး ကြ ပြောကြသဖြင့် ကုလား ဥက္ကလာ၊ ကုလား တဖုဿ ဘလ္လိက ရန်ကုန်ရောက်လာကြောင်းကို အောက်တွင် အကျယ်တဝင့် ရေးပါဦးမည်။

ထိုထိုသောအကြောင်းများကိုစပ်ဟပ်၍ကြည့်လျှင် မြန်မာကလည်း အမျိုးဆက်အရတရုတ်နှင့် ဖြစ်သော်လည်း ကုလားနှင့်မှ အမျိုးတော်ချင်နေသဖြင့် "ဘာဘဲဖြစ်ဖြစ် တို့ကုလားပေါ့"ဆိုသူတို့ကို ပြင်းပြင်းထန်ထန်အပြစ်မဆိုသာချေ။ သို့သော် မြန်မာရာဇဝင်ရေးသည့် လူမျိုးခြားသည် မြန်မာစာပေ မတတ်သည်တိုင်အောင် မြန်မာအထောက်အထားဖြစ်သော ကျောက်စာ၊ မော်ကွန်း၊ ချောင်းစသည် တို့ကို လက်လှမ်းမှီသလောက် ယူ၍ တတ်သူကို ဘာသာပြန်ခိုင်းလျက် လေ့လာပါဟု ဆိုလျှင် မပြင်း ထန်လွန်းဟု ကျွန်တော် ယူဆပါသည်။

မြန်မာတို့က မြန်မာရာဇဝင်ကို ရေးပြန်သောအခါ (၁) စကြဝတေး မန္ဓတ်မင်း စင်လျက် ဖြစ်ခြင်း ပျက်ခြင်းနှင့် မကင်းဟူသော ကမ္ဘာဋ္ဌာန်းစာဖြစ်အောင်ရေးခြင်းနှင့် (၂) သက်ကြီးစကားတွင် အကဲအပိုကို စစ်ထုတ်ရန် ဝန်လေးခြင်းဟူ၍ ချွတ်ယွင်းချက်နှစ်ခု တွေ့ရပြန်ပါသည်။ သို့သော် ယင်းနှစ် ချက်ကို ၁၇၈၀-ခန့်က **ရာဇဝင်သစ်** ကို ပြုစုသော တွင်းသင်းတိုက်ဝန် ဦးထွန်းညိုကစ၍ တော်လှန်ခဲ့ သည်။ နောင်အခါ ယောအတွင်းဝန် ဦးဖိုးလှိုင်က ဆက်၍ တိုက်ဖျက်သည်။ ဤတွင် တွင်းသင်း၏ **ရာဇဝင်သစ်** ကို လူသိပို၍ များမည်ဖြစ်သောကြောင့် ခေတ္တထား၍ ဦးဖိုးလှိုင်၏ အရေးအသားကို အသေးစိတ် ပြောလိုပါသည်။

ဦးဖိုးလှိုင်သည် ယင်းတောဝန်၏သား ဖြစ်၏။ ဘိုးဘေးမှစကာ အမတ်မျိုးဖြစ်၏။ မင်းတုန်း ၏ ခမည်းတော် ပုဂံမင်းက ဦးဖိုးလှိုင်၏ အဖ ယင်းတောဝန်ကို ကိုယ်တိုင် ကွပ်မျက်ဖူးသော်လည်း ဦးဖိုးလှိုင်သည် မင်းတုန်းမင်းကို သစ္စာရှိရှိ အမှုတော် ထမ်း၏။ ထိုမင်း၏ ချွတ်ယွင်းချက်ကို စိတ်စေ တနာကောင်းကောင်းဖြင့်ပြင်သည်။ ထိုမင်း၏အမှားကို ထိုမင်း၏သားဖြစ်သော သီပေါမင်း ဆက်၍ မမှားရဟူသော ဆန္ဒ ထားဟန်လည်း ရှိသည်။ ထို့ကြောင့် မြန်မာ နိုင်ငံတွင် ဥပဒေမင်း ခေတ် Constitutional Monarchyသို့ ပြောင်းပါဟု တိုက်တွန်းရန် **ရာဇဓမ္မသင်္ဂဟ** ကျမ်းကို ရေး၏။ ထိုကျမ်း၌ မင်းတုန်းမင်းသည် မိမိကိုယ်ပိုင်ပစ္စည်းကိုလွန်၍ တိုင်းပြည် ပိုက်ဆံကိုပါယူလျက် မလှူသင့် ဘဲ လှူသည်ကို ရည်ညွှန်းကာ အောက်ပါအတိုင်း ရေးခဲ့သည်။

> ကောင်းမှန်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ရအောင်၊ လယ်ယာလုပ်ဆောင်ရအောင် စောင့်ထိန်းစေမည့်၊ စောင့်ထိန်းရန်ဘို့ပေးသည့် အခွန်အတုတ်ကိုယူပြီးလျှင် အလိုရှိရာ လှူဒါန်း ပေးကမ်းခြင်းကိုမလုပ်သင့်။ စောင့်ထိန်းရန်ပေးသည့် အခွန်အတုတ်တို့ယူ၍ စားသောက်သုံးဆောင်သော မင်း၊ မှူးမတ်၊ ရဲမက် လက်နက်ကိုင်တို့သည် ကုန်သည် လယ်လုပ်တို့ ဘေးရန်မရှိ၊ ကူးသန်းရောင်းဝယ် လုပ်ဆောင်နိုင်အောင် ဧကန် စောင့် ရှောက်သင့်သည်။ မစောင့် မရှောက် အလိုရှိရာ လှူဒါန်းပေးကမ်း သုံးစားကုန်လျှင် ခိုးခြင်း ၂၅ပါးတို့တွင် လိမ်လည်လှည့်စား၍ယူသော ကုဋ္ဌာဝဟာရ နှိပ်စက်၍ယူသော ပသယှပဝဟာရတို့မှ လွန်နိုင်ရန်အကြောင်းမရှိ (**ရာဇဓမ္မသင်္ဂဟကျမ်း** စာမျက်နှာ ၃၅)

ဤတွင် ရှင်ဘုရင် လုပ် သူ ၌ ကိုယ်ပိုင် ဥစ္စာ ရှိကြောင်း သိရ၏။ စင်စင် မင်းလုပ် သူတွင် (၁) ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့မှ စ၍ အဆက်ဆက်ပိုင်သော လယ်တော်၊ ယာတော်၊ ဥယျာဉ်တော်မှ ရငွေ။ (၂) ပြစ်မှုအလျောက် ဒဏ်ထား၍ သိမ်းယူသောပစ္စည်းနှင့် (၃) စော်ဘွား စသည်တို့ နှစ်စဉ်ဆက်သော ရှိခိုးကန်တော့ လက်ဆောင်တော် ဟူ၍ ကိုယ်ပိုင် ပိုက်ဆံ သုံးမျိုးရ၏။

ယင်း သုံးမျိုးကိုသာလျှင် လှူရ၏။ သဿမေဓမှ ယူ၍ မလှူရာ။ ထို့ကြောင့် ဦးဖိုးလှိုင်က အမြွက် ဖေါ်ထုတ်သည်ကို မြန်မာမင်းတို့ မရှိသည့်နောက် ပုဂံဦးတင်က **မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း** တတိယတွဲတွင် ထင်ရှားလေအောင် ပထမ မန္တလေးနန်းတည်မင်းလက်ထက်

> အရပ်ရပ်အလှူအတွက် ကုန်ငွေ ၂၆ နှစ် သံဝစ္ဆရချုပ်သည့်အခါ ၂၂ ကုဋေ ၆ သန်း ကျော်ကုန်သည်။ ထိုကဲ့သို့ လှူဒါန်းခြင်းမှာ ကိုယ်ပိုင်ငွေကို လှူဒါန်းလျှင် ကုသိုလ် ရသည်။ နိုင်ငံစောင့်ရှောက်ရန် ငွေက လှူဒါန်းသုံးစွဲပစ်လျှင် ခိုးခြင်း နှစ်ဆဲ့ငါးပါး တွင် ပါဝင်သည့် လိမ်လည်၍ယူခြင်း၊ နှိပ်စက်၍ ယူခြင်း အမှုကို ပြုရာရောက်သော ကြောင့်မင်းကျင့်တရားပျက်သည်(**မြန်မာမင်းအုပ်ချုပ်ပုံတတိယတွဲစာမျက်နှာ၁၄၃**)

ဟု ရှင်းလင်းလိုက်ပါသည်။ ထိုဆရာများကား မင်းကိုသော်မှ မညှာ၊ မှန်ရာကိုရောက်အောင် ရေးပေ သည်။ မြန်မာရာဇဝင်ရေးရန် ထိုဝါဒသာလျှင် မှန်လှသည်ဟု နေ့စဉ် ဘုရားဝတ်ပြုအပြီးတွင် ယင်း တို့ကို ရည်မှန်း၍ ဦးသုံးကြိမ်ချထိုက်သူများ ဖြစ်ပါသည်။

ကုလားအမည်ကို နှစ်သက်ကြသဖြင့် မြန်မာတို့က မင်းနှင့်တကွ နေရာဒေသအမည်များစွာကို ကုလားအမည်ဖြင့်ပင် ခေါ်ဝေါ်လာကြ၏။ ထို့ကြောင့် ကုလားရာဇဝင်နှင့် မြန်မာရာဇဝင်ပတ်သက် သကဲ့သို့ လှုပြိန်းတို့ထင်မြင်လာကြသည်။ ထင်ရှားသောသာဓကမှာ ဥက္ကလာပနှင့် တဖုဿ၊ ဘလ္လိက ညီနောင်ဇာတ်ထုတ်ပင်ဖြစ်၏။ အိန္ဒိယတွင် ဩရိဿ(**Orissa**)အမည်ရှိသော ပြည်နယ် ရှိ၏။ ထိုပြည် နယ်တွင် ကုဘက်စ်အရပ်၌ ယခုအခေါ် ဉတ်ကလသည်ပင်လျှင် ဝိနည်းပိဋကတ်တော်လာ တဖုဿနှင့် ဘလ္လိကတို့နေရာ ဥက္ကလာဖြစ်သည်ဟု အိန္ဒိယပညာရှင်များက ဆိုပါသည်။ ထိုသို့ ဆိုမည် ဆိုလည်း ဆိုလောက်သည်။ အဆိုပါ ကုဘက်စ်တောင်များတွင် ဗုဒ္ဓသာသနိက အဆောက်အအုံများစွာ ယခု တိုင်ရှိပါသေးသည်။ယင်းတို့၏အကြောင်းကို အသေးစိတ်သိလိုလျှင် **အန္ဒြရာဇဝင် သုတေသနဂျာနယ်** အတွဲ ၂၇ (၁၉၆၁-၆၂)မှ အသောက ကုမာရ်ရည်ရေးသော ဩရိဿ ခရိုင် ကုဘက်စ်မှ ဗုဒ္ဓသာ သနာ ရှေးလက်ကျန် အဆောက်အအုံများ (မျက်နှာ ၁၅၅၊ ၆၃)အကြောင်းကိုကြည့်ပါ။ ထိုအရပ် ကို ၁၉၅၆ ခု နှစ်တွင် ဦးနုတို့ ဘုရားဖူး ရောက်ခဲ့စဉ်က ဥက္ကလာပမှ တဖုဿ၊ ဘလ္လိကဟူသည် ဤ ကုဘက်စ်အရပ်မှ ဖြစ်ပါသည်ဟု ပြောင်ဖွင့်မပြောကြသော်လည်း ကြွင်းကျန်ရစ်သော ဗုဒ္ဓသာသနာ့ လက်ရာ အဆောက်အအုံများက ပြောနေဘိသကဲ့သို့ ရှိချေမည်ဟု ထင်မိပါသည်။

ကုလားအမည်ကို နှစ်သက်သလိုပင် ဘုရားသခင် ဒေသစာရီ ကြွတော်မူလာ၍ ဤအရပ်၌ ဤ မည်သော အခါတွင် ဤမည်သောမင်း ဖြစ်ထွန်း၍ ငါ၏ သာသနာကို ချီးမြှင့်လိမ့်မည်ဟု ဗျာဒိတ် စကားရှိသည်ဟု ရေးကြပြန်၏။ မြန်မာရာဇဝင်၌သာမက သျှမ်းရာဇဝင် များစွာ၌လည်း ထိုဗျာဒိတ် စကားမျိုးကို ကြိမ်ဖန်များစွာ ဖတ်ရပါသည်။ မြတ်စွာဘုရားသခင် ကြွလာဘူးသမျှ အရပ်ကို ဗုဒ္ဓဝင် တွင် အသေအခြာ ဖေါ်ပြပါရှိသည်။ အမှန်အားဖြင့် မဇ္ဈိမဒေသကလွဲ၍ မည်သည့်အရပ်ကိုမှ မကြွ လာဘူးကြောင်း အများသိသည်။ သို့ပါလျက် မြတ်စွာဘုရား တန့်ကြည့်တောင် ရောက်သည်၊ စက် တော်ရာရောက်သည်၊ မန္တလေးတောင် ရောက်သည်၊ ကျိုင်းတုံရောက်သည်ဟု ရေးထားသည်ကို တွေ့ ပြန်လျှင်လည်း မငြင်းတန်း လက်ခံယုံကြည် လိုက်ကြပြန်သည်။ ဤနေရာတွင် နေသူတို့ကား ဘုရား

အသိအမှတ်ပြုထားသည့် နေရာတွင် နေသူနှင့် မင်းဖြစ်သည်ဆိုလျှင် ကျေနပ် နှစ်သက်ဖွယ်ဖြစ်သော ကြောင့် မငြင်းဆိုခြင်း ဖြစ်မည်ထင်သည်။ မျိုးချစ်စိတ်ကိုလိုက်၍ ရာဇဝင်ကိုလှည့်စားလာကြသည်ဟု ဆိုလိုက်ချင်ပါတော့၏။

သို့သော် တနည်းအားဖြင့် မြန်မာရာဇဝင် တလျှောက်၌ မင်းမျိုး မင်းဆက် မဟုတ်သော တေပါးမင်းဖြစ်လျှင် ဗျာဒိတ်တခုခုကို တီထွင်တတ်ကြ၏။ ငါမင်းဖြစ်သည်ကား ဗျာဒိတ်တော်အတိုင်း ဖြစ်ရခြင်းတည်းဟု သာသနာ့ အရိပ်ကို မှီခိုခြင်းပင် ဖြစ်ပါသည်။ ယင်းအချက်ကို ဖွင့်မပြောသော်လည်း ရာဇဝင်ဆရာကပေါ်အောင် ရေးသည်။ မထောက်မည့ာပြောရလျှင် မြန်မာရာဇဝင်၌ အစွမ်းထက်သော မင်းတိုင်းလိုပင် မင်းမျိုးမဟုတ်သော တေပါးများဖြစ်၏။ အားလုံး ဗျာဒိတ်ရများဖြစ်သည်ဟု မိမိတို့ကိုယ်တိုင်ကို မိမိတို့အမွန်းတင်၍ သွားကြခြင်းသာဖြစ်ပါသည်။ ထိုလူတို့သည် စွမ်း၏။ ဖုန်းကြီး၏။ မြန်မာနိုင်ငံကို စည်းရုံးပေးသွား၏။ သို့သော် တေပါးများသာ ဖြစ်ကြောင်းကိုကား မငြင်းနိုင်ချေ။ ယင်းတို့ကား ထိလိုင်မင်း ခေါ် ကျန်စစ်သား၊ သီဟသူ ခေါ် တစီးရှင်၊ ဘုရင့်နောင် ခေါ် ဆင်ဖြူရှင်၊ ဓမ္မစေတီ ခေါ် ရာမာဓိပတိ၊ အလောင်းမင်းတရား ခေါ် ဦးအောင်ဇေယျတို့ ဖြစ်ကြ၏။ ထိုမင်းတို့၏ ကျေးဇူး ကြီးလှပါ၏။ သို့သော် မျိုးချစ်စိတ်ကို ငဲ့၍ သူတို့ကို မဟာ သမတမှ တိုက်ရိုက်ဆင်းသက်လေဟန် ကြံဖန်၍ ဆက်စပ်ပေးခြင်းကား မသင့်ဟု ဆိုချင်ပါသည်။ လူတော်၍ နိုင်ငံကိုစည်းရုံးနိုင်သည်ဖြစ်ရကား ယင်းအချက် တခုတည်းနှင့်ပင် ဂုဏ်ယူ၍ မဆုံးရာချေ။ နောက်ထပ် အမွန်းတင်ရန် လိုမည်မဟုတ်ဟု ထင်ပါသည်။

နိုင်ငံခြားသားတို့က အပြစ်အနာတွေ့လျှင် ပုံကြီးချဲ့၍ပြသလို မြန်မာဆရာကလည်း အပြစ်ကို တတ်စွမ်းသမျှဖုံးသည်။ ဇာတ်လိုက်ညံ့လျှင် လှပအောင် ဆေးခြယ်ပေးသည်။ ယင်းသို့ခြယ်မှုန်းရာ၌ ဗျာဒိတ်စကားနှင့်တကွ သကျသာကီဝင်တို့ မြန်မာနိုင်ငံဖက်တွင် လာ၍ နေကြသည်မှာ ထိုသူတိုင်အောင် အဆက်ဆက်ပေါက်ဖွားလာပါသည်ဟု ကွက်လပ်များကို ဖြည့်၍ရေးကြ၏။ နတ်နှင့်နဂါး ပေးစား၍ လူမွေးစေသည်။ “နတ်နဂါးကပြားသည် လူမဖြစ်တန်ရာ၊ နတ်နဂါးသာ ဖြစ်ရာ၏”ဟု ရှေးကပင် ငြင်းကြဘူးသည်။ မည်သို့ပင်ဖြစ်စေ မျိုးချစ်စိတ် လှုံ့ဆော်သဖြင့် ရာဇဝင်တွင် ကွက်လပ်ကို တတ်စွမ်းသမျှဖြည့်၍ အနိဋ္ဌာရုံအားလုံးကို ပြည်ဖုံးကားချလိုက်သည်။ ကွက်လပ်ကို ဖြည့်ရာ၌ ငါးရာ့ငါးဆယ်ဇာတ်များကို အလွယ်ပင်ယူ၍သုံးကြ၏။ သားယောကျ်ားဖွားလျှင် လက်စွပ်နှင့်လိုက်ခဲ့ဟူ၍ ပါသောကေနိပါတ်ကဋ္ဌဝါဟနဇာတ် အမှတ် ၇ ကိုအသင့်အတင့်ပြုပြင်ခြင်းဖြင့်ကျန်စစ်သား၊သမ္ဘူလနှင့် ဇေယျခေတ္တရာတို့ဖြစ်လာပါသည်။ ငါ့အသားစားလျှင် မင်းဖြစ်လတံ့ဟု တွန်သောကြက်ကို စား၍ မင်းဖြစ်သူကို တိကနိပါတ်၊ သီရိဇာတ်အမှတ် ၃၄ တွင် တွေ့ရ၏။ ထိုဇာတ်ကိုယူ၍ သရေခေတ္တရာ ဆက်တွင် တေပါးမင်းရ၏။ ကျောက်စာ၌ပါသော နာတောင်းများကို နန်းတောင်းများဟု မှား၍ ဖတ်မိသဖြင့် ကောဒသ နိပါတ် ဒသရထ ဇာတ် အမှတ် ၇ ကိုယူကာ အကိုများကိုပယ်လျက် ညီကို နန်းရစေရန် အဖမင်းလက်တွင် ခူနာပေါက်စေ၍ မိဖုရားငယ်က ပြည်ကိုမြို့ရသည်။ ဤနည်းဖြင့် လူတော်ကိုဗျာဒိတ်ခံဖြစ်၍ဘုရားအမျိုး သာကီဝင်ဆက်ဖြစ်သည်ဟု မြှောက်မြှဖြစ်ရာ ရာဇဝင်ကွက်လပ်ကို ငါးရာ့ငါးဆယ်မှယူ၍ ဖြည့်ခဲ့ကြသဖြင့် ခေတ်ဦး မြန်မာရာဇဝင်သည် ဖတ်၍ အလွန်ကောင်းသည်။ လွမ်းဖွယ်ကောင်း၏။ ပြည့်လည်း ပြည့်စုံပါသည်။ သို့သော် နိုင်ငံခြားသား ပညာရှင်တို့ ကဲ့ရဲ့ လှောင်ပြောင်စရာ ဖြစ်ခဲ့ရသည်။

အထက်တွင်ဖော်ပြပြီးသည့်အတိုင်း ကွက်လပ်မကျန်အောင်ဖါထေး၍ မြန်မာရာဇဝင်ကို ရေးကြသော်လည်း ရာဇဝင်စာအုပ်တွင် မင်းကို ပဋ္ဌာနထား၍ ဆုံးမသော အချက်မှာ အလွန် နှစ်သက်စရာကောင်းသောအချက်ပင် ဖြစ်ပါသည်။ ယင်းမှာ ရာဇဝင် စရေးသော နိဒါန်း၌ပင် ပါသော စကားဖြစ်၍ မင်းတိုင်းသတိပြု မိနိုင်စရာရှိ၏။ ရာဇဝင်ဆရာက မိမိရေးသောကျမ်းသည် စကြဝတေးမန္ဓာတ်မင်းစင်လျက်လည်း နာနာဘာဝ ဝိနာဘာဝဖြစ်ခြင်း ပျက်ခြင်းနှင့် မကင်းကြောင်းပြရန် ရေးသည်ဟု ဆိုလိုက်သည်။ အတွင်းသားကိုရေးသောအခါ၌လည်း ဤမင်းကား ရက်စက်၏။ သူ့အသက်ကိုလည်း မနှမြော။ သူ့မယားကိုလည်း မလေးစား။ ထို့ကြောင့် သေခြင်းဆိုး သေရသည်ဟု သရုပ်ပေါ်အောင် ရေးပြန်သည်။ ထို့ပြင် ကမ္ဘာတည်၍ မဟာသမ္မတမှ ဂေါတမအထိ ရေးပြီးနောက် မြို့ကို ဘယ်သို့တည်၊ နန်းကို ဘယ်သို့စိုက်၊ ပြည်ကို ဘယ်သို့ထောင်ဟူ၍ နည်းပေး၏။ မင်းကျင့်တရားဆယ်ပါးကား ဤသည်တို့တည်းဟု မင်းလုပ်သူကို ဥပဒေထုတ်၍ မင်းနှင့်ဆိုင်သောပညာ သင်ပါတော့သည်။ သူတို့ရေးသော ရာဇဝင်ကျမ်းကို ပြည်ရေး ရွာမှု စီမံရေးကျမ်းဟူ၍ ခေါ်လျှင်လည်း မှန်သည်။ ရှင်ဘုရင်လက်စွဲ ခေါ်၍လည်း ရသည်။ စင်စစ် ထိုခေတ် အထွေးအခေါ်အရ နိုင်ငံရေးပညာ ( Political Science ) ကို သင်ပေးနေခြင်း ဖြစ်ပါသည်။

ထိုမှတဖန် အလွန် ဖုန်းကံ တန်ခိုးကြီးသော သီရိဓမ္မာသောက နတ်ရွာစံခါနီး ကာလတွင် နှလုံးမသာမယာရှိပုံကို အကျယ်တဝင့်ရေး၍ မင်းလုပ်သူများ ကိုယ့်ဘဝကို အထင်ကြီး မနေအောင် ပုံထပ်၍ဆုံးမပြန်သည်။ လူထက်သာ၍ နတ်တမျှတန်ခိုးရှိသည်ဟု အထင်ရောက်နေမည် ဖြစ်သော မင်းကို လူ့ဘဝသို့ ဇွတ်ပြန်၍ ဆွဲချခြင်း( Humanization )ပင် ဖြစ်ပါသည်။ ထိုမှတဖန် ပုဂံအပျက်တွင် နရသီဟပတေ့ သေရတော့အံ့ဆဲဆဲ၌ ရာဇဝင်ဆရာက မိဖုရားစောကို ပူး၍ မင်းကို ဆုံးမပြန်၏။ မိဖုရားစော အပြောနှင့် ရာဇဝင်ဆရာက မင်း ရှိရှိသမျှကို ဆုံးမခြင်းကား မြန်မာ့နိုင်ငံရေး အတွေးအခေါ် ( Political Thought )၏ အဆီအနှစ်ဖြစ်ပါ၏။ ယင်းကား

> မင်း ဟူသည် ပြည်ဝမ်းကို မဘောက်ရာ၊ ပြည်ဦးကင်းကို မနှိမ်ရာ၊ ပြည်တန်ခွန်ကို မလှည်းရာ၊ ပြည်မျက်နှာကို မဖျက်ရာ၊ ပြည်စွယ်ကို မချိုးရာ၊ ပြည်ခြေ၊ပြည်လက်ကို မဖြတ်ရာ

ဟူသတည်း။ ဤတွင် ပြည်ဝမ်းကား နိုင်ငံတွင်း၌ ဥစ္စာပစ္စည်းကြွယ်ဝသူ။ ပြည်ဦးကင်းကား အမတ်။ ပြည်တန်ခွန်ကား ရဟန်း၊ ပြည်မျက်စိကား ပညာရှိ၊ ပြည်စွယ်ကား မင်းညီမင်းသား၊ ပြည်မျက်နှာကား ပြည်သူ့သမီးပျို၊ ပြည်ခြေလက်ကား သူရဲသူခက်ဖြစ်၏။ ယင်းတို့ကို မင်းသည် မစော်ကားရာဟု ဆိုလိုသည်။ ထိုနရသီဟပတေ့ကိုပင် ပုံသေတိုင်ပြု၍ ရာဇဝင်ဆရာက မင်းဆိုသူကို အပြန်ပြန် အထပ်ထပ် ဆုံးမလိုက်ရ၏။ နရသီဟပတေ့သည် မင်္ဂလာစေတီကို တည်၍ ပြီးအံ့ဆဲဆဲတွင် ဘုရားပြီးက ပြည်ကြီးပျက်လတံ့ တဘောင်ပေါ်သောကြောင့် ဘုရားကို အပြီးမသတ်ချေ။ ပုံသကူမဟာထေရ်၏ လေဖြင့် ရာဇဝင်ဆရာက မင်းကို ဆုံးမပြန်သည်မှာ

> ဟယ်မင်းမိုက်....လောဘနိုင်ငံသို့လိုက်၍ အနိစ္စကမ္မဋ္ဌာန်းကို မရှု။ ကာမဂုဏ်ချမ်းသာကိုသာ ခံစားသည်။ အလှူကောင်းမှုပြုပြီးမှ ပြည်ပျက်အံ့သည်ကိုစိုးရိမ်၍နေခြင်းကား နင့်ထက်မိုက်သသူမရှိ။ နင့်ပြည်နှင့်နင် မသေဘဲနေရအံ့လော။

ဟူ၍ဆိုလေဟန် ရေးလိုက်၏။ အထက်က အနန္တသူရိယအနေနှင့်လည်း မင်းကိုပင် ဆုံးမခဲ့၏။ မြန်မာတိုင်း အလွတ်ရနေတတ်သော ကဗျာဖြစ်၏။ အမတ်အပြောနှင့် ရာဇဝင်ဆရာက

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာ ထက်၊ ခဏ တက်သည့်၊ ရေပွက်ပမာ၊ တသက်လျှာတည်း။

ဟုဆုံးမ၏။ ဆိုလိုသည်ကား မြန်မာရာဇဝင်ဆရာသည် ရာဇဝင်ရေး၍ မင်းကိုမမြှောက်။ ရာဇဝင်ရေး၍ "မင်းလဲ လူပါဘဲ"ဟု သရုပ်ဖေါ်နေခြင်းသာ ဖြစ်သည်။ မင်းကျင့်တရား ဆယ်ပါး ဟူသည်လည်း (၁) ဆလွှာပေးခြင်း။ (၂) သီလဆောက်တည်ခြင်း။ (၃) ဝေဖန်စွန့်ကြဲခြင်း။ (၄) ဖြောင့်မတ်သောနှလုံး ရှိခြင်း။ (၅) နူးညံ့သိမ်မွေ့သောနှလုံး ရှိခြင်း။ (၆) ချိုးချံသော အကျင့် ရှိခြင်း။ (၇) အမျက်မရှိခြင်း။ (၈) ပြည်သူကို မညှဉ်းခြင်း။ (၉) သည်းခံခြင်းနှင့် (၁၀) ချုတ်ချယ်မှု ကင်းခြင်းတို့ ဖြစ်ရာ အဆိပ်ပြင်းသော မြွေကို အစွယ် ချိုးပြီးနောက် ဥပုသ်စောင့်ခိုင်းထားခြင်းပင် ဖြစ်ပါသည်။

ရာဇဝင်ဆရာကို ဘိသိက်ဆရာကလည်း ကူပါသည်။ မင်းဆိုသူသည် သက်ဦးဆံပိုင်ဖြစ်သောကြောင့် မင်းအဖြစ်ကို ခံယူသည့် ဘိသိက်ပွဲမှာပင် "အပေး အယူ" သဘော ထည့်သွင်း၍ ကောင်းကောင်းအုပ်ချုပ်ပါဟု သတိပေးလိုက်၏။ ဆိုးလျှင် ဆိုးသည့်အလျှောက် ဒဏ်ခံရမည်ဟူ၍ ကျိန်စာတိုက်လိုက်သေး၏။ ဘိသိက်ပွဲအပြီးသတ်တွင် သူကြွယ်တို့က မင်းကို အောက်ပါအတိုင်း ရှင်းရှင်းပြောလိုက်၏။

ဆိုသော စကားအတိုင်း ကျင့်ဆောင်တော်မူ၍ ပြည်သူ တုတ်ခွန် ဆယ်ဘို့တဘို့ ခံယူစားသုံးတော်မူလျက် မင်း၏စည်းစိမ်ကို ခံစံပြီးသော် ပြည်သူကို တရားသဖြင့် စောင့်တော်မူပါလော့။ အရှင်မင်းကြီး ကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်တော် မူပါသော်ကား ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး တက်တိုးစေလျက် တက်သစ်သော နေ၊ ဆန်းသစ်သော လကဲ့သို့ တနေ့တခြား ကျက်သရေတော်ပွင့်လင်း၍ ပြည်ထောင် မင်းပေါင်း ဦးခေါင်းညွတ်လာ သဒ္ဒါပြည့်ဖြိုး သူခိုးဓါးပြ ငြိမ်းချမ်းသာယာ သာသနာတေ တည်ထွန်း ရေစာမရှား မင်းအားပြည်သူ ဆုယူနေတိုင်း ကောင်းချီး ပေးလျက်သက်တော် ရာကျော် စံတော်မူရသည် ဖြစ်စေသော်၀်။ ယင်းသို့ မဟုတ် အကျွန်ုပ်တို့ စကားအတိုင်း မတည် မင်းကောင်း မင်းမြတ်တို့ဝန်ခံသော ဘိသိက်သစ္စာ ပျက်ပစေသော် ကမ္ဘာဆူလျက် လေမုန်တိုင်းဆင် လျှောင် တော်လဲ မြေကြီး ကွဲ၍ ငရဲမီးလျှံဝင်းဝင်းပြောင်ပြောင် တောက်လောင် ကျေညက် သူပျက်သူလောင် ထောင်ထောင်ထားထား ခိုးသားတန္တ စသည် ထွေထွေ နေလတံခွန် ငှက်ပျံ ငှက်ယုတ် စုန်း ဘုတ်တစ္ဆေ နန်းထက်နေ၍ မွှေမွှေလှန်ခြောက် မြေဟောက်ငန်းကျား တက်၍ စားသည်ဖြစ်စေသော၀်။

ယူ၍ ဘိသိက်စကား ဆိုလိုက်၏။ ယခုခေတ် လူတို့သည် ဘိသိက်စကား ဟူသည် အကောင်းစကား မင်္ဂလာစကားသာ ဖြစ်သည်ဟု အထင်ကြီးနေကြသည်။ စင်စစ် ဘိသိက်စကားမှာ မင်းနှင့် ပြည်သူ အပေးအယူ စာချုပ်ကြသော(Social Contract)ဖြစ်၏၊ မင်းက ပြည်ရွာစည်ပင်သာယာအောင် ထိန်းသိမ်း၏။ ပြည်သူကို မညှာ်းဆဲလျှင် ပြည်သူတိုင်းက မိမိတနှစ်ဝင်ငွေ၏ ဆယ်ဘို့ တဘို့ ပေးမည်။ မင်းက စကားမတည် ပြည်သူကိုညှဉ်းလျှင် ဘေးသင့်၍ သေပါစေဟု ကျိန်လိုက်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် မင်းတပါး နန်းတက်လျှင် ခပ်မြန်မြန်ဘိသိက်ခံရန်၊ တခါ ပြီးသော်လည်း အကြိမ်ကြိမ် ထပ်၍ခံရန် အမတ်တို့ တိုက်တွန်းမြဲဖြစ်၏။ ထိုသို့ တိုက်တွန်းခြင်းမှာ မင်းနှင့် ပြည်သူ စာချုပ်လို၍သာ ဖြစ်သည်ဟု နားလည်ရာသည်။

ဤမျှဖြင့် ရှေးမြန်မာရာဇဝင်ဆရာသည် မင်းကိုမြှောက်ရန် ရာဇဝင်ကိုမရေး၊ မင်းကိုဆုံးမရန်သာ ရာဇဝင်ကိုရေးသည်။ ထို့ပြင် မျိုးချစ်စိတ်အပြည့်နှင့် မဟာဇမာဟု မကြွေးကြော်၊ ထီးနန်းလု၍ ယူသူကို မဟာသမတက ဆင်းသူဖြစ်လေဟန် ရေးခြင်းမှာလည်း ထိုသူကား လူသာမန်သာ ဖြစ်သော်လည်း အများထက် လုပ်ရည်ကိုင်ရည်ပိုသဖြင့် အစမ်းသဘော မင်းခန့်ထားခြင်းသာ ဖြစ်သည်ဟု မူလသဘောပေါ်အောင် ဖော်ခဲ့သည်ကများပါသည်။ သွေးကြီးလျက် ဆိုးသွမ်းလာလျှင်လည်း ပြည်သူတို့က "ရှိညှန် တယောက်တဖက်စီနှင့် ပစ်က အနိစ္စရောက်ရာ၏"ဟု စလေငခွေးမင်း၏အကြောင်းက သာဓကဆောင်လျက်ရှိကြောင်းကို အသားပေး၍ ရှေးမြန်မာရာဇဝင်ဆရာတို့ ရေးခဲ့ပါ၏။

အင်္ဂလိပ်ရာဇဝင်ဆရာ၊ ကုလားရာဇဝင်ဆရာတို့က မြန်မာမင်းသည် သက်ဦးဆံပိုင် ဖြစ်သောကြောင့် မင်းကို လွန်ဆန်၍ ဘာမျှမလုပ်ရဲကြရကား မင်းအပါးတွင် မင်းအလိုလိုက်၍ မြှောက်တတ်ညာတတ်သူသာ ရှိလေဟန် မကြာခဏရေးတတ်သည်။စွပ်စွဲကြသည်။သူတို့ရေးသောစာကို အဖတ်များသဖြင့် သူတို့အပြောကို ယုံကြည်လက်ခံသူ များလျက်ရှိချေပြီ။ တဖက်မှ မြန်မာမင်းသည် အမြဲတရားလက်လွတ်မလုပ်၊ လုပ်လျှင်လည်း အနီးအနားတွင်ရှိသော အမတ်တို့က ဝင်ရောက် သတိပေးဟန်ကို ပြန်လှန် ဖော်ပြရချေမည်။ ယင်းသို့ ဖော်ပြရာ၌ **ဦးပေါ်ဦးကျော်ထုံး** ကို ရေးသော ဦးအောင်နှင့် **မစပ်ရာဇဝင်**ရေးသော မှော်ဘီဆရာသိန်းတို့များစွာအောင်မြင်၏။ပြဿနာအခက်အခဲပေါ်လျှင် ပညာရှိ ရဟန်းကို မင်းက မေးသဖြင့် ဖြေပုံများကိုလည်း **အမေးတော်ဖြေကျမ်း** များ ကျန်ရစ်သဖြင့် မေးပုံဖြေပုံနှင့်တကွ မင်းဟူသော ပုဂ္ဂိုလ်သည် မစူးမစမ်း စိတ်ထင်ရာ မလုပ်ကြောင်း သက်သေပြလျက် ရှိပါသည်။ မင်းကို အမတ်က ထိန်းရာတွင် (၁) မင်းလိုက်လျောခြင်း။ (၂) အမတ် အရည်အချင်းကောင်းခြင်းနှင့် (၃) အချိန်ကာလ လျော်ကပ်ပတ်ခြင်းတို့ကိုလိုက်၍ အောင်မြင်သည်။ ဤတွင် သာဓက အချို့ကို ပြလိုပါသည်။

ပုခန်းမင်းကြီး ဦးရန်ဝေးသည် ပွင့်လင်း ပြတ်သား၏။ ပရိယာယ်မရှိ။ ရိုးရိုးစင်းစင်းပင် မင်းမှားလျှင် မှားကြောင်း ညွှန်ပြ၍ ကန့်ကွက်မြဲဖြစ်သည်။မင်း၏ အမိန့်တော် စာချွန်ကိုယူ၍ ချိုးဝံ့သည်။ မင်းက သာသနာအမှုကိစ္စတွင် သုံးရန် တအိမ်ထောင်လျှင် ပေးမြဲအခွန်ထက် တမတ်ပိုပေးရန် စီမံလျှင် နှခန်းကြီး ဦးရန်ဝေးက အပြင်းအထန် ကန့်ကွက်၏။ ဧကနိပါတ်၊ အာရမဒူသကဇာတ်။ အမှတ် ၄၆ တွင် ဥယျာဉ်ကို ရေလောင်းသော မျောက်သည် သစ်ပင်နုတ်၍ အမြစ်ကို ကြည့်ပြီးမှ အမြစ်အရှည်အတိုလိုက်၍ ရေအနည်း အများ လောင်းသဖြင့် ဥယျာဉ်ပျက်စီးရဘူးကြောင်း ပုံဆောင်၍ သာသနာကို အကြောင်းပြလျက် အခွန်တိုးလျှင် မင်းသည် ဥယျာဉ်ဖျက်သော မျောက်နှင့် တူချေတော့မည်

ဟု ဆုံးမ၏။ မင်းနားထောင်သည်။ ကရင်နီနယ်ကို ချီတက်သိမ်းယူရန် မင်းထုတ်သော အမိန့်ကို ပုခန်းကြီးက ဖျက်၏။ မင်းကမေးလျှင် သိမ်းယူသောကြောင့် အကျိုးထက် အပြစ်များမည်။ သိမ်းမိလျှင် ယိုးဒယားနှင့်ငြင်း၊ အင်္ဂလိပ်နှင့်ငြင်း၊ နယ်စပ် အချင်းများဖွယ် မြင်သည်။ ယင်းကိစ္စမျိုးကို လုပ်လျှင် လွှတ်တော်ကို အသိပေး တိုင်ပင်ရာသည်။ ယခုလို မင်းတဦးတည်း လုပ်လိုလျှင် လွှတ်တော်ကို အလျှင်ဖျက်ပါဟု ဆက်၍ပင် လျှောက်တင်သေးသည်။သတ္တိရှိပါဘိ။ အခါတပါးလည်း အမှုထမ်းတို့ မယားများသဖြင့် လစာနှင့် မလောက်ငှ၍ တံစိုးလက်ဆောင်ယူသည်။ ထို့ကြောင့် မယားအရည်အတွက်ကို ကန့်သတ်သည့် ဥပဒေ လုပ်စေဟု မင်းတုန်းမင်းက ဆိုလျှင် ပုခန်းဝန်ကြီးက နိုင်ငံတော်၌ မယား အများဆုံးယူသော မင်းလည်း အဆိုပါ ဥပဒေတွင် ပါဝင်စေရမည်ဟု ပြောဆိုကန့်ကွက်ရဲသည်။ ထိုဥပဒေကို ရပ်ဆိုင်းလိုက်ရပြန်သည်။ အဝေးမြို့ဝန်တနေရာ လစ်လပ်သဖြင့် ထုံးစံအလျောက် လွှတ်တော်က လူရွေးချယ် ခန့်ထားရမြဲ ဖြစ်ပါလျက် မင်းက မိဖုရားတပါး၏ မောင်ကို ခန့်ထားကြောင်း ပုခန်းဝန်ကြီးသိလျှင် ထိုအမိန့်ကို ရုပ်သိမ်း၍ လွှတ်တော်က စိတ်ကြိုက် ရွေးထားသူကိုသာ မြို့ဝန်ခန့်၍ စေလွှတ်လိုက်သည်။ မင်းက မေးသောအခါတွင် လွှတ်တော်သည် နိုင်ငံဝန်ကို ထမ်း၏။ မိဖုရား၏ဝန်ကို မထမ်းဟု ပြန်ပြောဝံ့သည်။ ဤတကြိမ်လည်း မင်းလျှော့ရပြန်သည်။ ထို့ပြင် မင်းတံဆိပ်ခပ်နှိပ်ထား၍ ငါးကျပ်တန် ဖြစ်စေရမည်ဟု သွန်းလုပ်သော ရွှေဒင်္ဂါးသည် စင်စစ် သုံးကျပ်သာ တန်သောကြောင့် ပုခန်းဝန်ကြီးက ရွှေတိုက်မှ ငွေငါးကျပ်ပေး၍ ပြန်လဲယူရာ မင်းက အဘယ့်ကြောင့် ထိုသို့ လုပ်ရသနည်းဟု မေးလျှင် မင်းဖြစ်လျက် အမြတ်မယူရ။ အမြတ်ယူလိုသော် မင်းမလုပ်ဘဲ ကုန်သည် လုပ်ချေတော့ဟု ပြတ်ပြတ်တောင်းတောင်း ပြောသောဟူ၏။ ယင်း ပုခန်းဝန်ကြီးကား မည်သည့်အခါမျှ မင်းလိုလိုက်၍ မလုပ်ဟု ကျော်ကြားသူဖြစ်သည်။ မင်းကလည်း အလွန်ဒလေးစားလျက် ဆရာကြီးဟု ခေါ်သည့်အခါ ခေါ်သည်။ပုခန်းရှင်ဘုရှင်ကြီးဟု ခေါ်သည့်အခါ ခေါ်သည်။ ကွယ်လွန်သောအခါတွင် များစွာ နှမြော တသ ဖြစ်တော်မူ၏။

ပုခန်းဝန်ကြီး၏ တပည့်ဖြစ်ဘူးသော ယောအတွင်းဝန် ဦးဖိုးလှိုင်မှာလည်း ဆရာကြီးတပည့်ပီသသည်။ ဘုရင့်အလိုကို ဆန့်ကျင်၍ ပြောမိသဖြင့် သုံးခါထက်မနည်း ရာထူးချထားခံရဘူး၏။ မင်းမကြိုက်မှန်းသိလျက်နှင့် ဘီယာလောက်သောက်လျှင် အပြစ်မရှိ ဆေးသဘောထား၍ မိမိပင်သောက်ကြောင်း ပြောသဖြင့် ပြည်နှင်ခံရဘူး၏။ သမီးပေး၍ မျက်နှာသာရသော ဘုရင့်ယောက္ခမ ဝန်ကြီးများကို အမြင်ကပ်သဖြင့်—

အစ်မ နှမ၊ သမီးကကို၊ စ၍ဆက်နှင်း၊ လက်ဆောင်သွင်း၍၊ စိုးမင်းချစ်မြတ်၊ ထိုအမတ်
သည်၊ အတတ်မရှိ၊ သတ္တိကင်းကွာ၊ဖုန်းကြီးလာမူ၊ပြည်ရွာပျက်ကြောင်း တပါးတည်း

ဟု စပ်ရာ မင်းတုန်းမင်း စိတ်ဆိုးလှ၍ လှံနှင့်ထိုးမည် ရွယ်လျှင် ရင်ကိုလှပ်ကာ ထိုးတော်မူပါဟု ရဲဝံ့စွာ ဆို၏။ ထိုအခါ ဘုရင်က ရှောင်လွှဲ၍ သွားရသည်။ ဖိုးလှိုင်ကို မင်းသတ်၍ အပြုံးမပျက် သေလိုပါသည်။ မင်းလိုလိုက်၍ နေသဖြင့် နိုင်ငံပျက်ရသည်ဟု နောင်အပြောမခံပါရစေနှင့်ဟု ပြောလေ့ရှိသည်။ သီပေါမင်း ငွေသုံးလှုန်သောကြောင့်—

ဘုရင်မင်းမြတ်သည် လွန်စွာ အသုံးဖြုန်းကြီးကြောင်း ဘဏ္ဍာတော်ဆိုသည်မှာ ဆင်း
ရဲသား ကျေးတော်မျိုး၊ကျွန်တော်မျိုးများ၏ ချွေးနည်းစာမှ ညှစ်ထုတ်ဟူထားသည်
ဖြစ်၍ ကျောက်ခဲ သလဲကဲ့သို့ သဘောမထားသင့်ကြောင်း

ပြောသဖြင့် အကျဉ်းခံရဘူးသည်။ သို့သော် ဝန်မင်းသည် အပြောမလျော့ မှားသည်ကို မြင်တိုင်း ရဲဝံ့စွာ ကန့်ကွက်ပြောဆိုမြဲဖြစ်သည်။ နောက်ဆုံး၌ ဥရောပတွင် ထွန်းကားသော ဒီမိုကရေစီဆိုသည်မှာ အပရိဟာနိယ တရားပင် ဖြစ်ကြောင်း ဖေါ်ပြလျက် မြန်မာနိုင်ငံတွင် ယင်းတရားမှာ အဆန်းမဟုတ်သဖြင့် ရှေ့သို့တဆင့်တိုးလျက် ဥပဒေမင်း **Constitutional Monarchy** ဖြစ်နိုင်သည်ဟု **ရာဇဓမ္မသင်္ဂဟ** ကျမ်းကို ရေးသားခဲ့၏။ ထိုကျမ်းကား မြန်မာ့ရိုးရာ နိုင်ငံရေး အတွေးအခေါ်ကိုလည်း ဖေါ်ပြသည်။ တိုးတက်ပြုပြင်ရေးကိုလည်း ညွှန်သည်။ ဦးဖိုးလှိုင်လို ပုဂ္ဂိုလ်မျိုး ရာဇဝင်ရေးရလျှင် မှတ်သားဖွယ်များ ပါချေမည်ဟု မှန်းဆနိုင်ပါသည်။ ပြင်းထန်သော မျိုးချစ်စိတ် မပါစေဘဲ မြန်မာ့ရှေးရိုး လုပ်ထုံးတို့ကို ဖေါ်ထုတ်၍ ခေတ်နှင့်ဟပ်မိအောင် ပြုပြင် ပေးစွမ်းနိုင်မည်ဟု ယုံကြည်နိုင်ပါသည်။

အင်္ဂလိပ်ကျေးဇူးကို ထင်ရှားစေလျက် မြန်မာတို့ ညံ့ဖျင်းပုံကို ပေါ်လွင်အောင် ရေးသော မြန်မာရာဇဝင် ကျောင်းသုံး ဖြစ်လာပြီးနောက် ၁၉၂၀-တက္ကသိုလ်သပိတ် လွန်လျှင် မြန်မာမျိုးချစ်စိတ်ကို အစွမ်းကုန် ဖေါ်ထုတ်သော ကျောင်းသုံး မြန်မာရာဇဝင်များ ပေါ်လာပါသည်။ ယင်းတို့နှင့် တပါတည်း ကျောင်းသုံးဖြစ်လျှင် ပြီးသည်ဟူ၍ စီးပွားရေး မျက်စိသက်သက်ဖြင့် ရေးသားပုံနှိပ်သော စာအုပ်များလည်း ပေါ်လာပါသည်။ ထို့ကြောင့် စာအုပ်ရေးသူနှင့် ပုံနှိပ် ရောင်းချသူကား မည်သူတို့ ဖြစ်သနည်းဟု စစ်တန်းထုတ်ရန် လိုပါသည်။ သုတေသနတွင် စာအုပ်ကို အကဲဖြတ်နည်းလည်း အရေးပါသော စိစစ်ခြင်းတခု အဖြစ်ဖြင့် ပါဝင်ပါသည်။ ဦးစွာပထမ စာရေးသူကို မည်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်ဟု သိရန်လိုသည်။ အသက်အရွယ်နှင့် အံကိုက်ဖြစ်အောင် စကားလုံးကအစ သတိထားရသဖြင့် ကျောင်းသုံးစာအုပ်ရေးရန် အလွန်ခက်သည်ဟု ယူဆသူများက စာရေးသူ၏ အရည်အချင်းကို ပို၍ သိလိုပေသည်။ ဘီအေမျှအောင်လျှင် ဆယ်တန်းစာအုပ်မျိုးရေး၍ ဖြစ်နိုင်ပါသည် ဟူသော အယူအဆမျိုးကား မျှားစွာ မှားပါသည်။ အထူးသဖြင့် ရာဇဝင်ကို ရေးလျှင် ဝိဇ္ဇာသွဲ့ထက် ထိုဘာသာကို မည်မျှလေ့လာဘူးသည် ဟူသော အရည်အချင်းက ပို၍ လိုပါသည်။နှစ်ပေါင်းများစွာ လက်တွေ့အားဖြင့် တပည့်များကို ရာဇဝင်သင်ခဲ့ရာမှ ပေါ်လာသော ဦးဘသန်း၏ ရာဇဝင်စာအုပ်မျိုးကား အသင့်အတင့် အားကိုးရသော စာမျိုးဖြစ်သည်။ ထို့ကြောင့်လည်း ယခုတိုင် သုံးစွဲလျက် ရှိကြသေးကြောင်း တွေ့ရသည်။ သို့သော် သည်စာအုပ်မျိုး ယခုအခါ တွင်ကျယ်သဖြင့် ဖေါ်ပင်လိုက်၍ ရေးကြသည်ကို တွေ့ရရာ စာရေးသူ မည်သူနည်းဟု စိစစ်ရန် လိုကြောင်း ရေးသားရပါသည်။ နိုင်ငံရေးသမား သတင်းစာဆရာ စသည်တို့ရေးသော စာအုပ်များသည် လူပြိန်းဖတ်၍ကောင်းမည် ဖြစ်သော်လည်း ကျောင်းသုံး မဖြစ်သင့်သော စာအုပ်များ ဖြစ်ပါသည်။ တဖက်မှ ကြည့်ပြန်လျှင် ပါမောက္ခလောက် အဆင့်အတန်းရှိသူက လေ့လေ့လာလာ မလုပ်ဘဲ စာအုပ်ဖြစ်လျှင် ပြီး၏ ဟူသော သဘောနှင့် ပြီးစလွယ် ရေးသည်ကို တွေ့ရပြန်သောကြောင့် စိတ်ပျက်ရ ပြန်ပါသည်။ ထို့ထက် ရင်နာစရာကောင်းသောအချက်မှာ ယခုလို နှစ်ဆယ်ရာစုတွင် ဒဏ္ဍာရီကို ရာဇဝင်၌ စပ်ဟပ်၍ ကျောင်းများမှာ သပ်ကြားသေးသည်ကို တွေ့ရခြင်းပင် ဖြစ်ပါသည်။ ဤချွတ်ယွင်းချက်အတွက် မည်သူ့ကို အပြစ်တင်မည်နည်းဟူသော မေးခွန်း ပေါ်လာပါသည်။ သုတေသနလက်ရာကို လွယ်အောင် ရေးသားထားသော စာအုပ်မျိုးသာ ဖြစ်သင့်၏။ ရေးသူနည်း၍ ပညာရေးဌာနကလည်း ရှာဖွေပြဋ္ဌာန်းပေးရန် လက်နှေးသည်ဟု ဆိုရချေမည်။ ယခုတိုင် ကျောင်းများတွင် သုတေသနကို လစ်လျူ

ပြု၍ ရာဇဝင် သင်ကြား ပို့ချပေးနေသေးသည်မှာ လက်လှမ်းမှီသော စာအုပ်များ ညံ့နေ်သေးခြင်း နှင့် ရှေးစာအုပ်နှင့်သာ ကြီးပြင်းလာသော ဆရာများ မျက်စိ မပွင့်သေးခြင်းကြောင့်လည်း ဖြစ်ပါသည်။ ယခု ပေါ်ထွက်နေသမျှ စာအုပ်များစွာတွင် အထူးသဖြင့် ခေတ်ဟောင်း မြန်မာရာဇဝင်နှင့် ပတ်သက်၍ အမှားများသည်ကို တွေ့ရကြောင်း ပြောလိုပါသည်။ မည်သည့်စာအုပ် မည်သည့်နေရာ၌ မှားယည်ကို တအုပ်စီပြောရလျှင် ပုဂ္ဂလဓိဋ္ဌာန် ကျလွန်းမည်ဖြစ်၍ ယေဘုယျသာ ရေးပါတော့မည်။

မကြာမီကပေါ်ထွက်လာသော မြန်မာရာဇဝင်တအုပ်တွင် ထိုစာအုပ်ကို အဘယ့်ကြောင့်ရေးရပါသနည်းဟု ဖြေးရှင်းချက်ပါရာ စာရေးဆရာ၏ဖြေရှင်းပုံမှာ ရိုး၍ဆန်းသည်။ ရိုးခြင်းကား မိမိစာအုပ်၌ ရည်ရွယ်ချက်ဟူ၍ အတိအကျမရှိပါ။ သို့သော် ရှိသည်ဟု ဆိုလျှင်လည်း မြန်မာမြေမှ လူ့ဇာတ်လမ်းကို ပတ်ဝန်းကျင် ကမ္ဘာဇာတ်လမ်းနှင့် ဆက်၍ပြောပြလိုခြင်းပင်ဖြစ်ပါသည်။ မျိုးချစ်စိတ်ကို ခေတ္တလစ်လျူပြု၍ အဖြစ်ဟောင်းမှ သင်ခဏ်းစာယူလျက် အနာဂါတ်တွင် အမှားနည်းရန် ဖတ်ကြပါ ဟု ရာဇဝင်ဆရာတိုင်း ပြောနေကြစကားကို ပြောရသောကြောင့် ရိုးသည်ဟု ဆိုပါသည်။ ဆန်းသည်ကား ရှေးဇာတ်လမ်းကို ယခုအမြင်နှင့်ကြည့်၍ အမှားအမှန်ဝေဖန်မည်ဟု ဆိုလိုက်ခြင်းကြောင့် ဆန်းသည်ဟု ဆိုပါသည်။ ကာလဒေသကိုလိုက်၍ အယူအဆ အလေ့အလာ ပြောင်းသည်ကို ရာဇဝင်ဆရာ ဖြစ်လျက် ယခု အမြင်ဖြင့် အကဲဖြတ်မည်ဟု ကြွေးကျော်ခြင်းသည် မှားသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ထို့ပြင် ရာဇဝင်ကို လေ့လာလျှင် (၁) လူကို ပတ်ဝန်းကျင်က ပုံပြင်၍၊ (၂) လူက ပတ်ဝန်းကျင်ကို လိုက်လျက် ဖြစ်အောင်နေကာ၊ (၃) ပတ်ဝန်းကျင်မှာလည်း အလိုလို ပြောင်းလဲနေကြောင်း တွေ့ရမည်ဟု ဆိုခြင်းကိုလည်း ကျွန်တော်မကြိုက်ပါ။ လူပုံပြင်သဖြင့် ပတ်ဝန်းကျင် ပြောင်းရကြောင်း တွေ့ကြရမည်ဖြစ်၍ မြန်မာလူငယ်များလည်း ပတ်ဝန်းကျင်ကို ပြင်နိုင်သလောက် ပြင်ကြမည်သာ ဖြစ်ပါသည်။

နောက်တဦးက သူ့စာအုပ်ကို ဖတ်သူ ကျောင်းသားများ (၁) အသိပညာ တိုးရန်၊ (၂) အားကျစိတ်ပေါ်ရန်၊ (၃) နောင်ရေးအတွက် သင်ခန်းစာယူ၍ လက်တွေ့ အသုံးချနိုင်ရန်၊ (၄) အမျိုးသား ညီညွတ်ရေး၏ ကျေးဇူးကို သိစေရန်နှင့်၊ (၅) လွတ်လပ်ရေး၏ အရသာကို မြိန်နိုင်ရန် ရေးပါသည်ဟူ ဆိုသည်။ နိုင်ငံရေးသမားလေးမျိုးဖြစ်၏။ ပေါ်ပင်သမားဖြစ်ကြောင်းလည်း ပြောသော စကားကပင် သက်သေခံလျက် ရှိသည်ဟု ကျွန်တော်ထင်သည်။ ရာဇဝင် သုတေသနပြု၍ ရသမျှကို ဖတ်မည့် လူငယ်တို့၏ ပညာအဆင့်နှင့် ဆီလျော်အောင် ရေးပေးထိုက်လျှင် ရာဇဝင်ဆရာ၏ တာဝန်ကျေသည်။

> အမောင်တို့ မှတ်ထားကြ။ ဤကား မြန်မာက ယိုးဒယားကို ပဥ္စမ အကြိမ် ကြီးစွာ
> အောင်နိုင်ခြင်းတည်း။ ထိုအောင်နိုင်ခြင်းဖြင့် ပညာအမျိုးမျိုးကို ရလိုက်ခြင်းသည်
> အခြားအကျိုးတို့ထက် ကြီး၏။

ဟူသော လေသံမျိုးသည် တိုက်ရိုက်သော်၎င်း၊ သွယ်ပိုက်၍သော်၎င်း၊ ရာဇဝင်စာအုပ်၌ မပါသင့်ချေဟု ကျွန်တော်ယူဆပါသည်။ ရှေးဆရာတို့ကရာဇဝင်ရေးသော်လည်းကမ္ဘဋ္ဌာန်းစာရေးပါသည်ဟုဆို၏။ ခေတ်ဆရာတို့က ရာဇဝင်ရေးသော်လည်း အမျိုးမာန်နှင့် လွတ်လပ်ရေးအရသာကို သိရန် ဟင်းမွှေး

မဆလာများနှင့်ချက်၍ ပေးနေပါသည်ဟု ဇွတ်ပြောကြသည်မှာ နားခါးစရာဖြစ်သည်။ ပေါပင်ဆန်သည်။ ဘာသာရပ်၏ တန်ဘိုးလျော့အောင် အရှက်ကင်းမဲ့စွာ စျေးချသူများဖြစ်သည်ဟု ပြောချင်ပါတော့သည်။ မျိုးချစ်စိတ်လက်လွန်သောအခါတွင် မျိုးချစ်စိတ်ကို ဖေါ်ထုတ်သည်ထက် နိုင်ငံခြားသား ဆန့်ကျင်ရေးကို ဟောပြောရေးသားသည်က များကြောင်း တွေ့ရသည်။ စင်စစ်အားဖြင့် ရာဇဝင်ကို အင်ပီးရီရယ်လစ်ဇမ်း လက်ခံအောင် သို့မဟုတ် အမျိုးသားစိတ် နိုးကြားအောင် သို့မဟုတ် ပြည်ထောင်စုစိတ် ရင့်သန်အောင် သို့မဟုတ် ဘဝအဆင့်အတန်းတိုက်ပွဲကို မြင်သာအောင် သို့မဟုတ် ကမ္ဘာ့ဋ္ဌာန်းသဘော လောကဓံတရားကိုမြင်၍ တောထွက်ချင်အောင်ရေးသူတို့က ကျွန်တော့်စကားကို ကြိုက်မည်မဟုတ်။ သို့သော် ထိုသူတို့က လူများစုဖြစ်ကြောင်း ကျွန်တော် ဝန်ခံပါသည်။ ရှေ့တွင်လည်း ရာဇဝင်ကို သူတို့ကြိုက်သလို အရောင်ခြယ်၊ အသံသွင်း၍ ရုံတင်ကြဦးမည်ပင်ဖြစ်ပါသည်။

မြန်မာနှင့် အိမ်နီးချင်းဖြစ်သော တရုတ်၊ ကုလား၊ ယိုးဒယား ဆက်ဆံရေးများကို ရေးကြရာတွင် မြန်မာရာဇဝင်ဆရာတို့သည် မျိုးချစ်စိတ်ကို ဦးစားပေး၍ မဖြစ်ဘူးဘဲ ဖြစ်လေဟန် ဇွတ်ဖြည့်စွက်ရေးသည်လည်း ရှိ၏။ ဖြစ်ဖူးပါလျက် မဖြစ်လေဟန် တမင်ချန်ရစ်သည်လည်း ရှိသည်။ ထင်ရှားသောသာဓကများကို ပြပါမည်။မဖြစ်ဘူးဘဲ ဖြစ်လေဟန်ရေးသည်များမှာ (၁) သာကီဝင်မင်း အဘိရာဇာမြန်မာနိုင်ငံသို့ ဝင်လာ၍ တကောင်းတည်ခြင်း။ (၂) နောက်ထပ်သာကီဝင်မင်း ဓဇရာဇာရောက်လာပြန်ခြင်း။ (၃) အနော်ရထာစောက တရုတ်ဥတည်မင်းကို သွားရောက် ခြိမ်းခြောက်ခြင်း။ (၄) အလောင်းစည်သူ ဇမ္ဗူသပြေပင်အနီးသို့ရောက်သွားခြင်း။(၅)သမိန်ဗရမ်းနှင့်ဂါမဏိ သကရစ် ၇၇၅ အေဒီ ၁၄၁၅-လောက်က စီးချင်းထိုးခြင်းဖြစ်ရသည့် တရုတ်တို့ လာရောက် တိုက်ခိုက်ခြင်း(၆)သမိန်ဗရမ်းနှင့် စလုံကျော်ခေါင် သကရစ် ၇၃၉(အေဒီ ၁၄၇၇)လောက်က စီးချင်းထိုးခြင်း ဖြစ်ရသည့် တရုတ်တို့လာရောက်တိုက်ခိုက်ခြင်း စသည်တို့ဖြစ်ပါသည်။ဤတွင် အဘိရာဇာနှင့် ဓဇရာဇာအကြောင်းကို ရေးကြသည်မှာ ငါတို့ သာကီဝင်မျိုးဖြစ်သည်ဟု ဘုရားမျိုးနှင့်ဆက်ခြင်းဖြစ်ပါသည်။ကုန်းဘောင်ခေတ် အလောင်းမင်းတရား လက်ထက်လောက်မှ ထွင်သော ဇာတ်လမ်းသစ်မျှသာဖြစ်သည်ဟု ယူဆရန် အကြောင်းရှိ၏။ အနော်ရထာနှင့် ဥတည်ဘွား အကြောင်းမှာလည်း မုချ ကေန် ဖြစ်ရသောအကြောင်းထက် ကဲပို၍ ရေးမိခြင်းဖြစ်မည်။ အဘယ့်ကြောင့်ဆိုသော် အနော်ရထာသည် မြောက်ဖက်သို့ နယ်ချဲ့သည်ကား မှန်၏။ သို့သော် ရေဝတီနှင့်ရွှေလီဆုံဆည်းရာအရပ်ထက် မြောက်ကျသောနေရာကို မရောက်ဟု ထင်မိပါသည်။ စင်စစ် ယနေ့ မြန်မာနိုင်ငံ နယ်နိမိတ်ကုန်အောင်မျှ ထိုအခါက မြန်မာ့လက်အောက်တွင် မရှိချေ။ အနော်ရထာ လက်ထက်တွင် မြန်မာတို့ စည်းလုံးမိ၍ အကျေ အညာ နယ်ချဲ့သည်ကား မှန်၏။ သို့သော် တရုတ်ကို စစ်ပြုနိုင်လောက်အောင်လည်း အင်အားမရှိသေးဟု ယူဆပါသည်။ ထိုစဉ်က ယွန်နန် မြန်မာနယ်စပ်တွင် ရှိနေသော နန်ကျောင်သည် ယခု မြန်မာနိုင်ငံ၏ မြောက်ပိုင်း တစိပ်တဒေသကို လွှမ်းမိုးနေဆဲ ဖြစ်၍ ယင်းတို့ကို တိုက်ခိုက်ခြင်း ဖြစ်မည်ဆိုက ဖြစ်နိုင်စရာ အကြောင်းရှိပါသေးသည်။ အလောင်းစည်သူ မင်းကြီးသည် တိုင်းခန်း လှည့်လည်ရင်း ဇမ္ဗူသပြေပင် အနီးကို ရောက်သွားသည်ဟု ဆိုရာ၌လည်း အကဲအပိုများ ပါ၍နေသည်။ ထို့ထက် တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညိုလို ပုဂ္ဂိုလ်က တိုင်းခန်းလှည့်သူမှာ အလောင်းစည်သူ မဟုတ်၊ နရပတိစည်သူသာလျှင် ဖြစ်သည်ဟု ငြင်းချက်ထုတ်ခဲ့ဘူးပါသည်။ထို့ပြင် သကရစ် ၇၇၅-နှင့် ၇၃၉

ခုများတွင် တရုတ်စစ်ရောက်၍ သူ့ရဲကောင်းတယောက်ချင်း စီးချင်းကစားရာတွင် အနှစ် ၆၄-နှစ်သာ ခြားလျက် ဇာတ်လမ်းတူနေ၍ မြန်မာဘက်မှ ဇာတ်လိုက်မှာ နှစ်ကြိမ်စလုံး သမိန်ဗရမ်း ဖြစ်နေသည်မှာ တနေရာရာတွင် မှားအံ့လောဟု သံသယဖြစ်စရာ ကောင်းနေပါသည်။ ထို့ကြောင့် တရုတ်မှတ်တမ်းများ၌ ရှာဖွေကြရာ ထိုအခါက မြန်မာနှင့် ရန်စစ်ဖြစ်သည်ဟု မတွေ့ရချေ။ ဤသည်လည်း မဖြစ်ဘူးဘဲ ဖြစ်လေဟန် ရေးခြင်းတမျိုးဖြစ်ပါသည်။ မည်သည့်အကျိုးကိုလို၍ ရေးသည်ဟု မသိရသော်လည်း ယခု ပြည်ထောင်စုခေတ်တွင် အချို့ရာဇဝင်ဆရာတို့ အလွန်နှစ်သက်သော ဇာတ်ကွက်တခုဖြစ်ကြောင်း တွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် သမိန်ဗရမ်းနှင့် ဂါမဏိ သို့မဟုတ် သမိန်ဗရမ်းနှင့် စလုံကျော်ခေါင်ဇာတ်တွင် မွန်နှင့်မြန်မာရန်စစ်ဖြစ်ဆဲ မြန်မာကို တရုတ် လာတိုက်လျှင် မွန်-မြန်မာ ပေါင်း၍ တရုတ်ကို ခုခံသည်ဟူ၍ တွေ့ရသောကြောင့် ယင်းပင်လျှင် ပြည်ထောင်စုစိတ်ဓါတ် ဖြစ်ချေ၏ဟု အားပါးတရ ရေးကြ၏။ ပြည်ကျော် ပန်းချီဆရာကို ဆီဆေးကား ရေးခိုင်းသည်။ ရေးသူ၊ ဆွဲသူကို ကျေနပ်ကြသည်။ သို့သော် မည်သူမျှ ထိုဇာတ်လမ်းသည် ရာဇဝင်ကြောင်းအားဖြင့် မှန် မမှန် (Historicity)ရပ်၍ မစဉ်းစားချေ။

မဖြစ်ဘူးသည်ကို အဖြစ်လုပ်ခဲ့သလို ဖြစ်ဘူးသည်ကိုလည်း မသိမကြားဘူးသကဲ့သို့ ချွင်းချန်၍ ထားခဲ့သည်များကို တွေ့ရပါသည်။ သာဓက ထုတ်နုတ်ရလျှင် (၁) သီဟိုဠ်က စစ်ကူတောင်းသဖြင့် အေဒီ ၁၀၆၀-က စစ်ကူလွှတ်ဘူးခြင်း။ (၂) သီဟိုဠ်တွင် သာသနာပြုရန် ရဟန်းတောင်းသဖြင့် အေဒီ ၁၀၇၁-တွင် မြန်မာရဟန်းတော်များ သီဟိုဠ်သို့ ကြွသွားရခြင်း။ (၃) မြန်မာနယ်မှ တဆင့် အရှေ့တလွှားတွင် ရောင်းဝယ်ဖေါက်ကားရန် လာသော သီဟိုဠ်ကုန်သည်တို့က မြန်မာတို့ထုံးစံထက် တိုး၍ အကောက်အခွန်ယူကြောင်းကိုတိုင်တန်းသဖြင့် သီဟိုဠ် မြန်မာ စိတ်ဝမ်းကွဲလျက် အေဒီ ၁၁၆၅ တွင် သီဟိုဠ်က လာရောက်တိုက်ခိုက်၍ မြန်မာမင်းကျဆုံးသဖြင့် ကုလားကျ တွင်ခြင်း။ (၄) စောလူးမင်း နတ်ရွာလားလျှင် အနော်ရထာ မင်းဆက်ပြတ်ခြင်း။ (၅) နရပတိစည်သူ နန်းတက်သော အေဒီ ၁၁၇၄-ခုတွင်မှ နော်ရထာဆက် ထီးနန်းပြန်၍ရခြင်း စသည်တို့ကား ဖြစ်ဘူးလျက် မှန်သော်လည်း မြန်မာရာဇဝင် မှတ်တမ်းတို့၌ မပါချေ။ မပါသော်လည်း တမင်ချွင်းချန်ရစ်သည်ဟုလည်း ပြောရန်ခက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပုဂံပျက်ပြီးနောက် အနှစ် ၂၀၀-ကျော်အတွင်း၌ ပြည်ရွာမငြိမ်မသက် ရှိလွန်းသဖြင့် မှတ်တမ်း မှတ်စုများ ပျက်စီးဆုံးပါးသဖြင့် အေဒီ ၁၅၀၀-ကျော်လောက်ရှိမှ ရှင်မဟာသီလဝံသက ရာဇဝင်ကျော် ကိုရေးကာ ပြန်လည်မှတ်တမ်းတင်လျှင် ကိုးကားစရာကျမ်းမရှိလှသဖြင့် ရေးစရာ အကြောင်းအချက်များစွာ နည်းပါးကြောင်း တွေ့ရ၏။ အေဒီ ၁၇၀၀-ကျော်ခါမှ ဇာတ်အဋ္ဌကထာ ဋီကာတို့နှင့် ဖြည့်စွက်၍ အသစ်တဖန် တိုးချဲ့ရေးကြသည်ဟု ဆိုလျှင် များစွာမှားမည် မဟုတ်ချေ။

ခင်မောင်ရင်က ဘိုးဘိုးအောင် သီချင်းဆိုရာတွင် "နှစ်ဆတိုးဒါဟာလေ ဗမာ့တန်ခိုးပါဗျ" ဟု ဆိုဘူးကြောင်း အမှတ်ရပါသည်။ ထို့အတူ မြန်မာရာဇဝင်ဆရာသည် မြန်မာနိုင်ငံကို လာ၍ တိုက်သော ရန်သူအင်အားကို အမှန်ဂဏန်းထက် သုညတလုံးပို၍ ထည့်တတ်သည်ဟု မစ္စတာ ဟာဗေးက စွပ်စွဲဘူးပါသည်။ သဘောမှာ ရန်သူစစ်သည်တထောင်လာလျှင် တသောင်းလာသည်ဟု ရန်သူ အရေအတွက်တွင် သုညနောက်တလုံးပိုထည့်လေ့ရှိသည်ဟုဆိုလို၏။ မစ္စတာဟာဗေးက ဆက်လက်၍ မြန်မာ

က ခုခံတိုက်ခိုက်သော စစ်အင်အားကိုမူ မှန်ကန်စွာ ရေးမြဲဖြစ်သည်ဟု ဆိုပြန်သည်။ အဘယ့်ကြောင့် ဆိုသော် မြန်မာတရာက ရန်သူတရာကိုတိုက်၍ နိုင်သည်ဟု ရိုးရိုးရေးလျှင် အားရစရာ မရှိလှ။ မြန်မာ တရာက ရန်သူတထောင်ကို နိုင်သည်ဆိုမှ နှစ်ထောင်းအားရဖွယ်ရှိသောကြောင့် မိမိအင်အားကိုအမှန် ရေးသော်လည်း မျိုးချစ်စိတ်၏ နှိုးဆော်မှုကြောင့် ရန်သူ့စစ်အင်အားကို သုညတလုံး တိုးသည်ဟု ဆိုပါသည်။ ယင်းစွပ်စွဲချက် မှန်မမှန်ကို သုတေသီတို့ မစစ်ဆေးရသေးဟု သိရပါသည်။ စစ်ဆေးချိန် တန်ပြီဟူ၍လည်း နှိုးဆော်လိုပါသည်။ အလွယ်တကူ ဖြေဆိုစရာ ရှိသည်ကား မိမိစစ်အင်အားကို မိမိ အမှန်သိသော်လည်း ရန်သူစစ်အင်အားကို အမှန်မသိနိုင်၍ မှန်းရခြင်းသာ ဖြစ်ရာ ယခုကမ္ဘာတွင် နောက်ဆုံးတိုက်သော စစ်ကြီးအတွင်းကလည်း ယခုလိုပင် မှန်း၍ရေးကြလျက် စစ်ပြီးမှ ဖမ်းဆီး ရမိ သော ဂျာမန်နှင့် ဂျပန်စစ်မှတ်တမ်းများကိုကြည့်၍ ပြန်လှန်ပြင်ဆင်ကြရပါသည်။ ရှေးခေတ်က စစ် အပြီးတွင် ယခုခေတ် ရာဇဝင်ဆရာများလို နှစ်ဖက်မေး၍ မညှိခြင်းကိုသာ အပြစ်ဆိုဘွယ် ရှိသည်ဟု ထင်ပါသည်။

ရန်သူအားကို ပို၍ပြောပြီးမှ ထိုမျှအားကောင်းသော ရန်သူကို ငါတို့နိုင်လိုက်၏ဟု ကြွားချင် သလို မလိုသောဝါဒ၊ မလိုသောဂိုဏ်းကို ဖိနှိပ်သုတ်သင်သောအခါတွင် ထိုဂိုဏ်းကို အင်မတိ အင် မတန်ဆိုးသောကြောင့် နှိမ်ရပါသည်ဟု ထိုဂိုဏ်း၏ ဂုဏ်သတင်း ရှိသ၍ကို ဖြိုဖျက်၍ ပစ်တတ်၏။ ထင် ရှားသော သာဓကမှာ အရည်းဂိုဏ်းဖြစ်ပါသည်။ ပုဂံခေတ်ရာဇဝင်ကို ကျောက်စာအားကိုးနှင့်ပြန်၍ ဖေါ်ထုတ်လေ့လာလျှင် (၁) အရည်းကြီးဂိုဏ်းသည် ပြောသလောက်မဆိုး။ (၂) အရည်းကို ဘယ် သောအခါမှ မင်းမိန့်နှင့် မနှိပ်ကွက်။ (၃) ပုဂံခေတ်တလျှောက်လုံးတွင် အရည်းဂိုဏ်းမှာ အမျိုးသား ဂိုဏ်း(ဗမာဂိုဏ်း)ဖြစ်၍ သူတို့ကို ဆန့်ကျင်သောဂိုဏ်းမှာ နိုင်ငံခြားဂိုဏ်း(သီဟိုဠ်ဂိုဏ်း)သာ ဖြစ်ရကား သီဟိုဠ်ဆန်သော ဆရာတော်များ ဝိနည်းကို အလွန်အကြူး ရှိသေသည်ကို ကျေနပ်သော်လည်း အမျိုး သားဂိုဏ်းကိုလည်း မကဲ့ရဲ့ မရှုတ်ချချေ။ ထို့ပြင် (၄) ဓမ္မစေတီခေါ် ရာမဓိပတိ လက်ထက် အေဒီ ၁၄၇၀-တွင်မှ မင်းအားပေးလွန်းသဖြင့် သီဟိုဠ်ဂိုဏ်းကအနိုင်ရသွားခြင်းသာဖြစ်ရာ တဆယ့်ခြောက် ရာစု၌ ရာဇဝင်ကို ရေးကြလျှင် မလိုသော အရည်းကို အလွန်ဆိုးလေဟန် ရေးကြပါတော့သည်။ ပန်းဦး လွတ်ခြင်းကို အကျယ်ချဲ့၍ ရေးကြသော်လည်း ယင်းအကျင့်မျိုး ရှိဘူးကြောင်း သက်သေ အထောက်အထားမရှိချေ။

ယင်းသို့ ဂိုဏ်းနှစ်ဂိုဏ်းပြိုင်ရာ၌ နိုင်သော ဂိုဏ်းက ရှုံးသည့် ဂိုဏ်းအပေါ်၌ အလွန် အကြူး အပြစ်ပြောသည်ကို နှောင်းလူတို့ မစစ် မဆေး လက်ခံခဲ့ကြသလို မြန်မာမင်းတို့ လက်ထက်က မလုပ် လေဟန်ဟု ကျွန်တော်တို့ ယူဆသော်လည်း အင်္ဂလိပ်ဝါဒဖြန့်ခြင်းကြောင့် ဟုတ်စနိုးလက်ခံ၍ မြန်မာ များလုပ်သည်ဟု ယနေ့ မြန်မာအများပင် လက်ခံထားသော အချက်တချက်ကိုလည်း ယခု ထည့်သွင်း ဖေါ်ပြလိုပါသည်။ ယင်းကား မြို့တည်ရာ၌ လူအရှင်လတ်လတ် တွင်းထဲထည့်၍ မြှုပ်ခြင်းပင်ဖြစ်သည်။ လူစတေးသည်ဟု ဆိုကြ၏။ မြန်မာတို့တွင် မြို့တည် နန်းတည်၊ မြို့ထောင့် မြို့ဝင် အင်းမြှုပ် အစီအရင် များကို ကျကျနန ပုံစံ ရုပ်ပုံများနှင့်တကွ ရေးမှတ်ပြီး များစွာရှိပါသည်။ ထိုအစီအရင်တို့၌ သေဒဏ် ကျပြီးလူ၊ သတ်စားရန် သတ်မှတ်ပြီး ဆိတ်၊နွား၊ဝက်၊ကြက်၊ဘဲ စသည်တို့ကိုသာ ကြိုးချည်ထားပြီး

နောက် မြို့ရာ နန်းရာ ပန္နက်ရိုက်ချိန်၌ မင်္ဂလာဟူ၍ ဘေးမဲ့ လွတ်ရရိုးသာ တွေ့ဘူးသဖြင့် အမင်္ဂလာ ဖြစ်သော မြေထဲထည့်၍ ဖို့သတ်မည်မထင်ပါ။ နာတာလူး ခေါ် ခရစ်စမတ်တွင် ပဈှူး ခေါင်းဖြတ် တို့ လိုက်၍ လူခေါင်းဖြတ်ယူသည်ဟု အပြောမျိုးပင်ဖြစ်ရာ၏။ အကယ်၍ လူစတေးခြင်း ရှိမရှိ အပြီး အပြတ် အဆုံး အဖြတ်ရလိုမူ ရွှေဘို၊ အဝ၊ အမရပူရနှင့် မန္တလေး မြို့ထောင့်များတွင် ရှေးဟောင်း သုတေသနဌာနက တူးဖေါ်ကြည့်ပါ ဟူ၍သာ တိုက်တွန်းရန် ရှိပါသည်။ လူစတေးခြင်း မရှိနိုင်ဟု ကျွန်တော်ယူဆသည်။ယခုအခါ ကန်တော်ကြီး၌ ဆင်း၍ ရေချိုးသူ ရေနစ်လျှင် နောက်တနေ့ သဘင်း စာ၌ "ကန်တော်ကြီး လူစားပြန်ခြင်း" ဟု ခေါင်းစဉ်တပ်၍ ရေးပုံမျိုး ရေးသကဲ့သို့ မြို့တည်စဉ် အလုပ် သမားအချို့ ခြေချော် လက်ချော်သေကြေသည်ကိုပင် စတေးပြန်ပြီဟု ပြောလေမည်လားဟူ၍လည်း တွေးမိပါသည်။

အချုပ်အားဖြင့် မျိုးချစ်စိတ်အကဲအပိုနှင့် မိမိရာဇဝင်ကိုဖြစ်စေ၊ သူတပါးရာဇဝင်ကိုဖြစ်စေ၊ မရေးသင့်ဟု ဆိုလိုပါသည်။ ဒုတိယ နိဂုံးအနေဖြင့်လည်း မြန်မာရာဇဝင်ကို မြန်မာများကပင် အကဲ အပိုမပါစေဘဲ ရေးသား၍ ကမ္ဘာကို တင်ပြချိန်ရောက်ပြီဟု ဆိုချင်ပါသည်။ တတိယ နိဂုံးအနေဖြင့် အင်္ဂလိပ်၊ ကုလား စသည်တို့က မဟုတ် မမှန် လည်ဆယ်၍ မြန်မာအဆိုးဟု ရေးလေသည်တို့ကိုလည်း ဖေါ်ထုတ် ပြင်ဆင်၍ ဟုတ်သလောက်မူ ဝန်ခံပါဟု တိုက်တွန်းလိုပါသည်။

ဤနိဂုံး၌ပါသော စကားသုံးချက်ကား ကျွန်တော်များ အစဉ်တစိုက် ဆက်လက်ထုတ်ဝေရန် ရည်သန်သော **မြန်မာရာဇဝင်စာတန်း** များ၏ဝါဒပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ပုံနှိပ်ဖြစ်အောင် တိုက်တွန်းသော ဦးသိန်းဟန်(ဆရာဇော်ဂျီ)၊ ရှေ့ပိုင်းအခန်း အချို့ကိုဖတ်၍ ပြုပြင်ရန် အကြံဉာဏ်များကို ပေးပေသော ဦးဝန်(ဆရာမင်းသုဝဏ်)၊ ပုံနှိပ်ရန်တာဝန် ယူသော သခင်ကျော်စိန်၊ နောက်ပိုင်း စာမူများကို ပုံနှိပ်တိုက်သို့ သွား၍ ဖတ်ရှု ပြင်ဆင်ပေးသော ကိုချစ်စိုးမြင့်၊ ပုံနှိပ်ပေးသော ဦးဘဦး အမှူးပြုသည့် မဟာဒဂုံ ပုံနှိပ်တိုက်သားများနှင့်တကွ ကူညီ ဝိုင်းဝန်းကြသော မိတ်ဆွေအပေါင်းကို များစွာ ကျေးဇူးတင်ရှိပါသည်။

# မြန်မာနိုင်ငံ၏ ကျောက်စာများ

မြန်မာနိုင်ငံ၏ ကျောက်စာများကို အများအားဖြင့် ဝေဘူ(mica-schist)ကျောက်ပေါ်၌ ထွင်းထားလေ့ ရှိခဲ့၏။ သို့သော် တဆဲ့ငါးရာစုမှစ၍ ယနေ့တိုင် စကျင်ကျောက်ကို ပို၍ သုံးစွဲလာကြသည်။ ဘုရားခေါင်းလောင်းကြီးများပေါ်၌လည်း ရေးထိုးတတ်သေး၏။ဂူအတွင်း နံရံပေါ်၌ကား ဆေးရေးမင်စာများရှိတတ်၍ အချို့နံရံစာများသည် ပုဂံခေတ်လောက်ကပင် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိသည်။ မင်းတုံးမင်းသည် ၁၈၇၁-ခုနှစ်၌ ပိဋကတ်ကိုကျောက်ထက် အက္ခရာတင်ရာ ကျောက်ချပ် ၇၂၉-ချပ်တွင် ရေးထိုးခဲ့၏။ယင်းကိုအတုယူ၍ ပိဋကတ်ကျောက် များစွာပေါ်ခဲ့သည်။ထိုကျောက်တို့ကို အလွတ်ဖယ်လိုက်လျှင် မြန်မာနိုင်ငံအလုံး၌ ကျောက်စာအစုစု သုံးထောင်ကျော်မျှ ရှာဖွေတွေ့ရှိထားပါသည်။ ယင်းတို့အနက် ခေတ်ဦးပိုင်းနှင့်ဆိုင်သော ကျောက်စာကား အလွန်နည်းလှ၏။

ရခိုင်တွင် သက္ကရာဇ်နှင့်စာငါးခုတွေ့ရှိထားရာ အားလုံးခရစ်နှစ် ၈၀၀-မတိုင်မီကဖြစ်မည်ဟုထင်ရပါသည်။ပထမမှာ မြို့ဟောင်းအနီးဝေသာလီမှ ခေါင်းလောင်းတခုတွင် နှစ်ကြောင်းမျှရေးထိုးထားရာ အသက်အားဖြင့် ခရစ်နှစ် ၅၅၀-ထက် မစောနိုင်ချေ။နောက်တခုကား သံတွဲခရိုင် ကျွဲလူးအပိုင် လွှန်းမော်မှ ကူတခုအတွင်းရှိ ကျောက်တုံးပေါ်၌ ရေးထိုးထားရာ ခရစ်နှစ် ၈၀၀-ပိုင်းမှဖြစ်မည်ထင်သည်။ မြို့ဟောင်း မြောက်ဖက်မိုင်ဝက်အရှိတွင်တေဇာရာမကျောင်းအနောက်မြောက်အဝင်၌ကျောက်စေတီတဆူကိုပတ်၍ ယေဓမ္မာ ဂါထာကိုရေးထိုးလျက်ရှိရာ ခုနှစ်ရာစုလောက်က ရေးထိုးခြင်းဖြစ်မည်ဟုယူဆပါသည်။ မြို့ဟောင်း၏အရှေ့မိုင်ဝက် ဝန်ထီးတောင်၌ ခရစ်နှစ်ခြောက်ရာစု သို့မဟုတ် ခုနှစ်ရာစုဦးမှဟုထင်ရသော စာကြောင်းရေသုံးဆယ်ရှိသော ကျောက်စာတခုရှိသေး၏။ထို့ပြင် အဆိုပါမြို့ရှစ်သောင်းဘုရား၌ မူလနေရာကို မသိရသော အလွန်အဘိုးတန်သော ကျောက်စာတခုရှိသည်။ အရှေ့ မျက်နှာ၌ စာကြောင်းရေ တရာမျှရှိ၍ ဖတ်မရသည်ကများ၏။ မြောက်မျက်နှာ၌ လေးကြောင်းမျှရှိ၍ ခရစ်နှစ်တဆယ်ရာစုသို့ရောက်ခါမှ ဖြည့်စွက်ရေးသားခြင်း ဖြစ်မည်ဟု ထင်ပါသည်။ အနောက်မျက်နှာမှ စာခုနှစ်ဆဲ့နှစ်ကြောင်းကိုမူ အနက်အဓိပ္ပါယ်ကွဲပြားအောင်ဖတ်၍ ရနိုင်သဖြင့် အရေးပါသော ရာဇဝင်ဆိုင်ရာ အကြောင်းအချက်များကို တွေ့ရသည်။ အာနန္ဒစန္ဒြမင်း၏ ဘုန်းတော်ဘွဲ့ကို မူတည်ရေးသော်လည်း ခရစ်နှစ် ၇၂၉-ခုလောက်မှ နောက်ကြောင်းမင်းဆက်ကို အနှစ် ၃၅၉-နှစ်မျှ ပြန်၍ ရေးမှတ်ထားသည်။ လက်ရေးမှာ အရှေ့မြောက်အိန္ဒိယတွင် ရေးသားလေ့ရှိသော ပုံစံနှင့်များစွာတူကြောင်း တွေ့ရ၏။ (“ရခိုင်တွင် တွေ့ရသော သက္ကရာဇ်ကျောက်စာများ”ဟူသော အီးအိပ်ချ်ဂျွန်စတန်၏ ဆောင်းပါးကို အရှေ့တိုင်းနှင့် အဖရိကဆိုင်ရာ ပညာလေ့လာရေးကျောင်း စာစောင် အတွဲ ၁၁ အမှတ် ၂ စာမျက်နှာ ၃၅၇-၈၅-တွင် အကျယ်တဝင့် ရေးထားသည်ကို ဖတ်ရန် ညွှန်းပါသည်။)

ခရစ်နှစ် သုံးရာစုလယ်လောက်မှစ၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာကြသော ပျူလူမျိုးကား တိဘက်တိုဘာမင် အနွယ်ဝင်တို့အနက် မြန်မာမြေသို့ ဦးစွာ ရောက်လာသူများဖြစ်၏။ ဧရာဝတီမြစ်ဝှမ်း၌ ရွှေဘိုလောက်မှပြည်မြို့အထိပြန့်၍နေကြသည်။ဗိဿနိုးမြို့ဟောင်း ကျွမ်းတြာကို ခရစ်နှစ် ၆၃၈-၌တည်ထောင်ပြီး

နောက် ရှစ်ရာစုကုန်လောက်တွင်ပျက်၍ မြို့တော်ကို ဟန်လင်းကြီးသို့ ရွှေ့ရသည်ဟု ထင်၏။ပျူမြို့တော်သစ်သည်လည်းခရစ်နှစ်၈၃၂တွင်-နန်ကျောင်တို့လုယက်ဖျက်ဆီးသဖြင့်ပျက်ခဲ့ရ၏။အဆိုပါပျူတို့သည် ကျောက်စာအနည်းငယ်သာ ရေးထိုး၍ ထားခဲ့သည်။ ဘဲဘဲဘုရားမှ ကျောက်စာတချပ်ရသည်။(အိန္ဒိယ ရှေးဟောင်းသုတေသန နှစ်လည်အစီရင်ခံစာ၊ ၁၉၁၀-ခုစာမျက်နှာ ၁၂၁၊ပုံ ၃-ကြည့်)။ ကျောက်ကာသိမ်ကုန်းမှ စာကြောင်းရေ ၁၂-ရှိသော ကျောက်စာတချပ်တွေ့သည်။ အသေအချာမဖတ်ရသေးချေ။ (အိန္ဒိယနှစ်လည်၊ ၁၉၁၀-ခု၊ စာမျက်နှာ ၁၂၉-ဓါတ်ပုံ ၅၀(ခ)ကြည့်)။ခင်ဘကုန်းမှ ပျူတကြောင်း ဗြာဟ္မီတကြောင်း ရေးထိုးပါရှိသော ကျောက်စာတခု ရ၏။(တိုင်းရင်းသားမြန်မာ ကျောက်စာများ ဓါတ်ပုံ ၃၅၆ ခ)။ကြာနီကန်ကျောက်စာ၌ ပျူရှစ်ကြောင်းပါ၍ စာကြောင်းတို့အကြား၌ ဗြာဟ္မီစာများညှပ်၍ ရေးထားသည်ကိုတွေ့ရ၏(ဓါတ်ပုံ၅၆၉)။ယခုတိုင်ဖတ်မရသေးချေ။ကန်ဝက်ခေါင်းကုန်းမှ ဆင်းထုတဆူ တူးဖေါ်တွေ့ရှိရာ ပလ္လင်တော်လေးဖက်ပတ်၍ စာရေးထိုးပါရှိ၏။(ဓါတ်ပုံ ၃၅၆ က) ယင်းအရ ပျူတို့မြို့တော်ကို ဇယဆန္ဒြဝရိမန်၏ ညီတော် ဟရိဝိကြမ တည်ဆောက်သည်ဟု ဖတ်ရ၏။အရိုးအိုး လေးအိုးတွင်ရေးထိုးပါရှိသောစာများ(ဓါတ်ပုံ ၃၅၄ က-ခ-ဂ-ဃနှင့်ဓါတ်ပုံ၃၅၅ က)အရဝိကြမ မင်းဆက်စိုးမိုးခဲ့ကြောင်းသိရ၏။သူရိယဝိကြမ၊ဟရိဝိကြမနှင့်သီဟဝိတြမတို့သည် ခရစ်နှစ်၃၆၈၊၃၇၆ နှင့်၃၉၉-တို့၌ အသီးသီးပျံလွန်ကြောင်း တွေ့ရသည်။ ခင်ဘကုန်းမှ ရသော ငွေကြုတ်(အိန္ဒိယနှစ်လည် ၁၉၂၇-ခု စာမျက်နှာ ၁၇၅-၆၊ ဓါတ်ပုံ ၃၈(ဂ))တွင် တာယကာမှာ ပြဘုဝရ်မန်ဖြစ်ကြောင်း တွေ့ရ၏။ မြေပုံဘုရားတဆူ(အိန္ဒိယနှစ်လည် ၁၉၁၁-ခု စာမျက်နှာ ၉၃-နှင့် ၁၉၂၉-ခု စာမျက်နှာ ၁၂၉)၏ ကျောဘက်၌ ပျူစာပါသည်ကို တွေ့ရဘူး၏။ ဘောဘောကြီးဘုရားမှ ရွှေနှင့်ငွေပေစာများ (အိန္ဒိယနှစ်လည် ၁၉၁၁-ခု စာမျက်နှာ ၉၀)ရဘူး၏။အဆိုပါစာများကား ပြည်မြို့အနီးမှော်ဇာမှဖြစ်ပါသည်။ ဟန်လင်းကြီးမှရဘူးသော ကျောက်စာသုံးချပ်ကား သင်္ဂိုင်းကျောက်(ဓါတ်ပုံ၃၅၇ က)လခြမ်းတံဆိပ်ကျောက်(ဓါတ်ပုံ ၃၅၇ ခ)နှင့်ကျောက်ဘီလူးကျောက်(အိန္ဒိယနှစ်လည် ၁၉၁၁-ခုစာမျက်နှာ ၉၀)တို့ ဖြစ်ပါသည်။လခြမ်းတံဆိပ်ကျောက်စာလက်ရေးကား ရှေးအိန္ဒိယ ဂုတ္တခေတ် လက်ရေးမျိုးဖြစ်၍ ခရစ်နှစ် လေးရာစုလောက်က ဖြစ်မည်ဟုမှန်းပါသည်။မန္တလေး ရှေးဟောင်းသုတေသနရုံးတွင် ပျူကျောက်စာ(ဓါတ်ပုံ ၅၇၀ က)တချပ်ရှိရာ မည်သည့်နေရာကရရှိခဲ့ကြောင်းမသိရပါ။(အများအားဖြင့် မြစေတီကျောက်စာဟု အခေါ်မှားနေကြသော ကူပြောက်ကြီးကျောက်စာ(ဓါတ်ပုံ ၃၆၃ က နှင့် ခ)အဝင်အပါ ပုကံ၌ ပျူကျောက်စာ ငါးချပ်ရှိရာ အထက်ဖေါ်ပြပါကျောက်စာတို့ထက် များစွာနောက်ကျသည်ဟု ထင်ပါသည်။(၎င်းတို့ကို ခရစ်နှစ် တဆယ့်တစ်ရာစုကျော်လွန်မှ ရေးထိုးဟန်ရှိ၏။)ပျူလက်ရေးကား ဒေသအလိုက် အနည်းငယ်စီ ကွဲပြားနေသည်ဟု ထင်ရပါသည်။ သို့သော် အားလုံးပင် လေးရာစုတောင်ပိုင်းအိန္ဒိယသက်ရေးနှင့်ဆင်တူလှ၏။ထို့ပြင် အိန္ဒိယ၌ ငါးရာစုမှစ၍မရေးဘဲ စွန့်လွှတ်ထားသော အက္ခရာအောက်မှ ယကာပ်သည့် ယပင့်နည်းကို မြန်မာနိုင်ငံမှ ပျူတို့က တဆဲ့နှစ်ရာစုတိုင်အောင် ဆက်လက် သုံးစွဲနေသည်မှာ ဆန်းသည်ဟု ထင်ပါသည်။

ပျူကျောက်စာခေတ်လွန်လျှင် အနိရုဒ္ဓ အမည်တော်ကို သကဋဖြင့် ခပ်နှိပ်ပါရှိသော မြေပုံဘုရားများကို တွေ့ရ၏။နိဗ္ဗာန်ကိုလိုသဖြင့် အနိရုဒ္ဓ ကိုယ်တော်တိုင် လက်တော်ဖြင့် စီမံပြုလုပ်သောမြေပုံဘုရားများဖြစ်သည်ဟု ဖတ်ရ၏။နေရာအနှံ့အပြား၌ တွေ့ရသဖြင့် စစ်မက်ရေးဖြင့် အောင်နိုင်ရာအရပ်တိုင်း၌ ထားခဲ့သည်ဟု ထင်ရပါသည်။ဤမင်းကားနိုင်ငံတော်ကိုများစွာချဲ့ခဲ့သည်ဟူသော အစဉ်အလာ

ယုံကြည်ချက်ကို ယခုလို ယင်း၏ဘုရားများ အနှံ့အပြား တွေ့နေရခြင်းက ထောက်ခံလျက် ရှိပါသည်။ အထက်အညာရေဝတီမြစ်ဆုံမှ အကြေတွင် တံ့တေးအထိဖြန့်လျက် အဆိုပါ မြေပုံဘုရားများကို တွေ့ကြရသဖြင့် အနိရုဒ္ဓ၏ ပိုင်နက်ကား ထိုမျှကျယ်အံ့ဟု မှန်းဆရပါသည်။ ပါမောက္ခ ဂျီအိပ်ချ်လုစ်က အနိရုဒ္ဓသည် တနင်းသာရီကမ်းမြောင်နှင့် မလေးကျွန်းဆွယ်အထိ တိုက်ခိုက်သိမ်းယူရန် အလိုတော်ရှိ၍ ၎င်းကို ဆက်ခံသူများကလည်း အဆိုပါဝါဒကို ဆက်လက်ကျင့်သုံးသည်ဟု ယူဆပါသည်။

နောက်တခေတ်၌ခရစ် ၁၀၈၄-မှ ၁၁၁၃-ခုအထိစိုးစံသော **ထိလိုင်မင်၏မွန်ကျောက်စာများကို** တွေ့ရပါသည်။မြန်မာတို့သည် စာရေးနည်း ဖတ်နည်းပညာကို တဆယ့်နှစ်ရာစုလောက်မှ ကောင်းစွာ တတ်မြောက်ဟန်ရှိ၍ ၎င်းတို့၏ ခေတ်ဦးမှတ်တမ်းများကို မွန်ဖြင့်သာ အများဆုံးရေးမှတ်ခဲ့သည်ဟု ဆိုရပေမည်။ထိလိုင်မင်က ရွှေစည်းခုံကျောက်အကြီးနှင့် အငယ်၊ မြကန်ကျောက်၊ အလံပုဂံကျောက်၊ အယက်သမကျောက်နှင့် နန်းတော်ကျောက်တို့ကို ရေးထိုးထားရစ်၏။ အာနန္ဒာဘုရား၌ ဇာတ်တော်ရုပ်များကို ကျောက်၊ရွှေဆံတော်မွန်စာရှင်းတမ်းဖြင့် ခပ်နှိပ်ထားသော စဉ့်ကွင်းများ ရာထောင်များ စွာရှိ၏။ ထိုမင်း၏သားတော် ရာဇကုမာရ်က မွန်ကျောက်စာတချပ်ထားရစ်ခဲ့၏။ ကျောက်ဆည်ခရိုင်က မွန်တို့ကလည်း သိမ်တခု တည်ဆောက်သည်ကို ကျောက်စာရေးထိုးခဲ့သည်။ (**အက်ပီဂ ရပ်ဖီယား ဘာမင်နီးကား** အတွဲ ၁၊ ၂-နှင့် ၃-တို့၌ အဆိုပါကျောက်စာများကို ကြည့်ပါလေ။)

ခရစ်နှစ် ၁၁၁၃-မှ ၁၁၇၄-အတွင်း၌ မြန်မာတို့သည် မွန်ယဉ်ကျေးမှုကို မှီငြမ်းပြု၍ သီးခြား ယဉ်ကျေးမှု ထူထောင်ရန် အားထုတ်ဆဲဖြစ်ကြောင်း တွေ့ရသဖြင့် ကြားကာလ ဖြစ်သည်ဟု ဆိုရချေမည်။သက္ကဋ၊ပါဠိ၊မွန်နှင့် မြန်မာဘာသာတို့နှင့် ကျောက်စာများကို ဤကာလအတွင်း၌ ရေးထိုခဲ့သည်ကို တွေ့ရသဖြင့် မွန်ဘာသာအစား မြန်မာဘာသာကို မသုံးစွဲမီ မြန်မာတို့သည် မည်သည့်ဘာသာကို သုံးရမည်မသိသဖြင့် ယောင်ဝါးဝါးရှိနေကြပုံကိုပြသည်ဟု ထင်မိ၏။ ပါဠိကို ပထမ စတင်စမ်းသပ်ကြ ဟန် တူပါသည်။ ရွှေကူကြီးကျောက်စာ(ခရစ်နှစ် ၁၁၃၁-ခု ဓါတ်ပုံ ၁-နှင့် ၂)ကိုများစွာ အထက်တန်းကျသောပါဠိဂါထာများဖြင့်ရေးထိုးခဲ့၏။ပျူဘာသာကိုပင် စမ်းသပ်ချေသေးသည်။ရာဇကုမာရ် ရေးထိုးခဲ့သော ကျောက်စာ၌ ပျူဘာသာပြန်တမျက်နှာ (ခရစ်နှစ် ၁၁၁၃-ခု ဓါတ်ပုံ ၃၆၄ က-နှင့် ခ) ပါရှိသည်။ ဤကြားကာလအတွင်း၌ မြန်မာစာကိုလည်း စမ်းသပ်၍ ကျောက်စာ ရေးထိုးကြသေး၏။ (ဓါတ်ပုံ ၃၊၄၊၅၊၁၁၀၊၁၁၁၊၁၁၂ နှင့် ၁၁၃)။ပုဂံအာနန္ဒာ၏ အရှေ့တောင်ဘီရှာ၌တွေ့ရသော မြေပုံဘုရား သုံးဆဲ့ငါးဆူ(ဓါတ်ပုံ ၆၀၄-၅)တို့၌ ဘုရားတွင်ပူဇော်သော သစ်သီးသစ်ပင်တို့၏အမည်များကို ရေးထိုးထား၏။ လက်ရေးနှင့်သတ်ပုံကို အကဲခတ်လျှင် ရာဇကုမာရ်ကျောက်စာ(ခရစ်နှစ် ၁၁၁၃ ဓါတ်ပုံ ၃၆၄ က-နှင့်-ခ)ထက် များစွာ ရှေးကျလျက် မြန်မာတို့ မြန်မာစာကို ရေးတတ်စက ရေးထားခဲ့ဟန်ရှိသည်ဟု ယူဆရန်ရှိပါသည်။

အဆိုပါကျောက်စာများကို ရှေးမြန်မာစာတွင် ခရိုန်နှင့်တိုက်ဟုခေါ်သော ဒေသများ၌သာ တွေ့ရှိရပါသည်။ အကြမ်းအားဖြင့် ခရိုန်ဟူသည် မြန်မာနိုင်ငံအတွင်း၌ မြန်မာတို့ စတင်နေထိုင်ရာ **ပထမအရပ်ဖြစ်၍ တိုက်ကား ဒုတိယအရပ်ဖြစ်၏။** စင်စစ် မြန်မာတို့၏ မူလဒေသကား တရုတ်နိုင်ငံ အနောက်ဖက်ကန်စူနယ်ထောင်မြစ်ဝှမ်းဖြစ်သည်။ခရစ်နှစ်မစမီ အနှစ် ၂၀၀၀-ခန့်က အဆိုပါ ထောင်မြစ်ဝှမ်းသားတို့သည် ကျောက်ဒခေတ်သစ် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မြင့်ကို ရရှိပြီးဖြစ်ပါသည်။၎င်း

တို့ထားရစ်သည့်အပြောက်အမွမ်းဖေါ်ထားသော မြေအိုးလှလှများက ၎င်းတို့သည် ထိုပညာ၌ ဆရာတဆူ ခေါ်လောက်ကြောင်း သက်သေခံလျက်ရှိကြ၏။တရုတ်က ၎င်းတို့ကို အနောက်ဖက် **ချီအန်**ဟုခေါ်သည်။ အနောက်ဖက်သို့ နယ်ချဲ့လာသော တရုတ်စစ် မကြာခဏ လာရောက်ဖိစီး နှိပ်စက်သဖြင့် နေရင်းဒေသကို စွန့်လျက် တောင်ဖက်သို့ပြေးခဲ့ကြသည်။ထိုအခါမှစ၍ စွဲမြဲနေထိုင်ရာ အရပ်ဟု အတည်တကျမရှိခဲ့၊ လှည့်လည်နေထိုင်ကြရာ ခရစ်နှစ်ရှစ်ရာစုဦး၌ မြန်မာနိုင်ငံ မြောက်စွန်းသို့ ရောက်လာကြလျက် နန်ကျောင်၏သြဇာခံများဖြစ်လာကြသည်၊နန်ကျောင်ကား ရံဖန်ရံခါတရုတ်၊ ရံဖန်ရံခါတိဗက်၊ ရံဖန်ရံခါတောင်ဖက် ဟန္တဝတီတိုင်အောင် အရှေ့အာရှတောင်ပိုင်း နိုင်ငံအသီးသီးတို့နှင့် အမြဲတန်းစစ်ခင်းနေသူများဖြစ်ရကား အဆိုပါ လူစုလည်း နန်ကျောင်တပ်မနှင့်အတူလိုက်၍ မပြတ်တိုက်ခိုက်နေရရှာသည်။ကိုးရာစု၌ နန်ကျောင်တို့တန်ခိုးသတ္တိညှိုးလာလျှင် ထိုအခွင့်ကောင်းကိုအရယူလျက်တောင်ဖက်သို့ ထပ်ဆင့်၍ ပြေးခဲ့ကြပြန်သည်။ မြန်မာမြေပြန့်သို့ရောက်လျှင် ဧရာဝတီမြစ်ရိုး၌ ပျူကိုရင်း မြစ်ဝနှင့် ဆည်ရေသောက် ကျောက်ဆည်နယ်အဝင်အပါ အရှေ့တောင်ပိုင်း၌ မွန်ကိုရင်း တွေ့ကြရ၏။ ကဒူးတမျိုးကား သင်တွယ်ပြည်ခေါ် တကောင်းကိုဗဟိုပြုလျက် ရွှေဘိုမှသည် မြစ်ကြီးနားတိုင်အောင်မြန်မာနိုင်ငံမြောက်ပိုင်းကိုလွှမ်းမိုးလျက်ရှိကြောင်းတွေ့ရ၏။ပေါင်လောင်နှင့် လဝကို မြေပြန့်တွင် အနှံ့တွေ့ရသော်လည်း ဧရာဝတီအနောက်၌အများအစားတွေ့ရသည်။ကရင်ကို မြစ်၏အနောက်ဖက်နှင့်မြစ်ဝတွင်လည်း တွေ့ရ၏။ ယင်းလူမျိုးစုတို့အနက် ပျူနှင့်မွန်မှာ အယဉ်ကျေးဆုံးဖြစ်သည်။ သို့သော် နန်ကျောင်ဖျက်သဖြင့် ပျူမြို့တော်သည် ခရစ်နှစ် ၈၃၂-တွင်ပျက်၍ မိကြင်နိုင်ငံသည် ၈၃၅-၌ပျက်၏။မိကြင်ကား မြန်မာနိုင်ငံတောင်ပိုင်းမှ ကြီးပွါးချမ်းသာလျက်ရှိသော မွန်ဒေသတခုဖြစ်ဟန် ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း၌ တန်ခိုးအင်အားကြီးမားသောသူဟူ၍ တဦးတယောက်မျှ မကျန်ရစ်သဖြင့် မြန်မာ့အဘိုးမြေပြန့်သို့ဆင်း၍ သိမ်းယူရန် အခွင့်သာလျက်ရှိချေပြီ။သျှမ်းပြည်မြောက်ပိုင်းကို ဖြတ်၍ နတ်ထိပ်တောင်ကြားမှဆင်းလျက် ကျောက်ဆည်နယ်ကို အရှေ့တောင်ထောင့်မှ ဝင်လာကြသည်ဟုထင်ပါသည်။ ရှိရင်းမွန်ကို အသစ်ဝင်လာသူများက တိုက်ခိုက်နှင်ထုတ်သဖြင့် နှစ်စုကွဲခါ အများစုသည် ရမည်းသင်းတောင်ဖက်သို့ဆင်းသွား၍ ကျန်အစုငယ်သည် ကျောက်ဆည်၏ အနောက်မြောက်ထောင့်၌ ခိုကပ်၍ ကျန်နေရစ်ပါသည်။ထိုမွန်လက်ကျန်အစုထံမှ မြန်မာတို့သည် ဆည်မြောင်းနှင့် စိုက်ပျိုးရေးပညာကိုရင်း၊ စာရေး စာဖတ်ပညာကိုရင်း၊ ဗုဒ္ဓဝါဒကိုရင်း၊ သင်ယူတတ်မြောက်ကြသည် ဖြစ်မည်ဟု ယူဆစရာရှိသည်။ ရှေးမြန်မာစာ၌ ကျောက်ဆည်နယ်တွင် မြန်မာတို့ စတင်နေထိုင်ရာ တဆဲ့တရွာ သို့မဟုတ် ဆဲ့တစ်ခရိုင်ရှိကြောင်း ရေးသားပါရှိသည်။ထိုအရပ်မှ မြစ်ငယ်ကိုဖြတ်၍ တောင်ပြုံးခရိုင်တွင် နေပြန်၏။ ဧရာဝတီကို ဖြတ်ကျော်၍ မင်းဘူးနယ် စလင်းစကုတွင် ခြောက်ခရိုင် တည်ထောင်၍ နေကြပြန်သည်။ ခြောက်ခရိုင်တွင် အထက်ကပင် ပေါင်လောင်နှင့် စကြဝ် လူမျိုးတို့ နေထိုင်လျက်ရှိကြရာ ထိုသူများထံမှ မြန်မာကလုယူရဟန်ရှိပါသည်။**တိုက်**ကား ဧရာဝတီ(အညာသစ်ဆိမ့်အထိ)မြစ်ရိုးတဒေါ်လျှောက်ရင်း၊ မူးမြစ်ရိုး၊ ချင်းတွင်း (အညာမုံရွာအထိ) မြစ်ရိုး၊ ယော၊ ကျော၊ မုန်မြစ်ရိုးတို့နှင့်တကွ တောင်တွင်းလယ် အရပ်အားလုံးပါဝင်သော ဒေသကိုဆိုလိုပါသည်။ တိုက်၏တောင်ဖက်ဆုံးနယ်နိမိတ်ကား မိချောင်းရဲအောက် ၄-မိုင်ကွာရှိ ကျွန်းတော်ခေါ် ပြည်တော်သာကျွန်းဖြစ်၏။ထို့ကြောင့် ခရိုင်နှင့်တိုက်ခေါ်သည့် မြန်မာ့မူလဒေသကား အထက်မြန်မာနိုင်ငံ အပူပိုင်းဒေသပင်ဖြစ်ပါသည်။မွန်တို့က ဤအပိုင်းကို **တတ္တဒေသ(အက်ပီဂရပ်ဖီးယား ဘာမင်နီးကား** အတွဲ ၁-အပိုင်း

၂-ကျောက်စာ အမှတ် ၁ ဓါတ်ပုံ ၆ ကြောင်းရေ ၁၆)ခေါ်၍ ခမ်းခြောက်မြေဟု အနက်အဓိပ္ပါယ်ရပါသည်။ထိုအရပ်မှ တိုးချဲ့ရန်အခြေခံအဖြစ်ဖြင့် ရေဝတီကမ်းပေါ်မှာပင် ပုဂံကို တည်ဆောက်ခဲ့ကြပါသည်။ တဆဲ့နှစ်နှစ်နှင့် တဆဲ့သုံးရာစုဆိုင်ရာ ကျောက်စာများကို အထက်ဖေါ်ပြပါ "မြန်မာ့ မူလဒေသ"တွင် အများဆုံး တွေ့ရှိရ၏။

မြန်မာတို့သည် တဆဲ့တစ်ရာစုကျော်သည့်အထိ မွန်စာဖြင့် ကျောက်စာရေးထိုးသည်ဟု ယူဆလောက်အောင်အေဒီ ၁၀၇၄ မှ ၁၁၁၃ အထိ ပုဂံတွင် နန်းစံခဲ့သော ထီလိုင်မင် လက်ထက်၌ မွန်ကျောက်စာများကို တွေ့ခဲ့ရသဖြင့် အေဒီ ၁၁၇၄-ခုကျော် လောက်တွင်မှ မြန်မာတို့သည် မြန်မာဆန်အောင် ကြိုးစားလာကြောင်း တွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် ကျောက်စာရေးထိုးရာ၌ ထိုကာလ အပိုင်းအခြားမှ စ၍ ပါဠိဆုတောင်း တပိုဒ် နှစ်ပိုဒ် ပါဝင်စွက်ဖက်ခြင်းမှလွဲ၍ မြန်မာဘာသာ သက်သက်ဖြင့်ပင် မှတ်တမ်းတင်ခဲ့ကြ၏။ ဘာသာစကားပြောင်းသလိုပင် ရေးသားပုံနည်းပြောင်းလာသည်။ မြန်မာတို့က မြန်မာစာကို ရိုးရိုးလွယ်လွယ်နှင့် လိုရင်းကို တိုက်ရိုက်ရောက်အောင် စတင် ရေးသားခဲ့၏။ ဝါကျတို၏။ နှောင်းလူတို့လို ဖွဲ့နွဲ့လိုစိတ် မရှိ၊ မွန်တို့လို ပြောဖွယ်ပြောရာ အကြောင်းအချက်လည်း များများမရှိလှသေးဟု ထင်မိပါသည်။ ပုံစံအနေဖြင့်သိသာအောင် အေဒီ ၁၁၉၉-ခုနှစ်က ရေးထိုးခဲ့သောကျောက်စာ (ဓာတ်ပုံ ၁၁၇-ခ)ကို အောက်၌ ဖေါ်ပြလိုက်သည်။

။ဝ။ အိုဝ်အ္ဓ ကွ္လဝ်သင် ဇ္လောင်ပ္လုပြီ၊ သကရစ် ၅၆ဝ တ (ပေါ) လပ္လည်လွ္ဆတ် (ဧ) ဇ္လောင် ၃ ဆောင်(သ)က်န်အဆူစုံ ၂ ပါသက်န် ၂....န်ပိယ်တုံ....သိပတေည်သာပင် နွှာမ ၁ လျှာ၊ သင်သရာ (လေည်ရာရာ) ဆုဝ်ငြယ်လုဝ် ငါရယ်မလုဝ်ပည်စုံသတေ....လိုဝ် သင် သ ရာ အဆုံမ်ကာ နှုယ်ရပန်တိုင်ချင်ဧ။ လုပ်သူခပင် ရစပါစ် ။ဝ။ ဆိ မိ ဓေါင် (သေ) ပိယ် ဧ ကထိန်လေပိယ်ဧ ကဓိ(န်)........သောအပ် ၄ဝ ငါစာကရာ ၂ဝ။ လိုမ်ခွ္ဆက် ၄ ခ္လပ်သပိတ် ၁ လုံမ်ခေါင်လောင် ၁ ဆူခြိ(န)ပ် ၂ဝ နည်စွ္ဆာရင် အတိုင်မသိလိဝ်သတေ

ထိုမှ အနှစ် ခုနှစ်ဆယ်လွန်လျှင် ရေးနည်းပုံစံ သိသိသာသာ ပြောင်းလဲခဲ့သဖြင့် မူရင်းပုံကို မှတ်မိနိုင်ဖွယ်ပင် မရှိချေ။ အေဒီ ၁၂၆၉-ခုနှစ်၌ မင်းဝိုင်းမှ မိဖုရားစော၏ဆုတောင်းကား။

။ဣသိုဝ်ကြီစွာလျှင် ငါမူသော ကောင်မှု အကုသိုဝ်ဖ္လင်။ နိယ်ရဗန် မရောက်သောကြာ။ လူဖ္လစ်သောကာ လူတကာထက် မ္လတ်သော စည်စိမ်ချ သာ ငါရလိုဝ်၏။ နတ် ဖ္လစ်သောလေ နတ်တကာတက် မ္လတ်သော နိုင်ငံသော အခၽင် အရောင် အဝါနှင့် ပ္လည်စုံရှယ် အထူသဖ္လင်လျှင် အသက်ရှည်သော အနာမယ်သော အဆင်လှသော အသံသာသော အလုံအရပ်လှသော လူနတ် ခပ်သိမ် ချတ်ခင်ရိုဝ်သေသော မ္လတ်နိုဝ်သော ငါဖ္လစ်လိုအေ်။ ရှယ်ငုယ်ပတ္တမြာပုံလယ် သန္တာကစသော အသက်မယ်သောဥတ်စာ။ အသက်ဟိယ်သော ဆင်မြင်ကစသော။ ဥတ်စာ ရတနာ မျာစွာသော ငါဖ္လစ်လိုအေ်။ ဖ္လစ်လိယ်ရရာအရပ်နှိက် အလှူသတင် သဒ္ဓါပြညာစသော မ္လက်သော ကျည်စူနှင့် ပ္လည်စုံလျက် ဆိုဝ်ငြယ်အမှတ် မသိလိုဝ်။ လူစည်စိမ် နတ်စည်စိမ်ခံ ပြီရှယ် အဆုံနှိက်ကာ

> အရ ဟတ္တဖိုလ်မည်သော မွတ်သော အဏ္ဏတ်တြ၂ာ ပွင် လတ် ရုယ် ငြိမ် သမ် စွာသော နိယ်ရဗန်ချ်သာ ငါရလိုဝ်အ်။ (ဓါတ်ပုံ ၂၃၅၊ စာကြောင်း ၁၅-၂၁)

မိဖုရားစောကား မာနကြီးလှပါသည်။ ငါ့လင်မင်းကြီး ငါ့သားမင်းကြီး ငါ့မြေး မင်းကြီးဟု မာန်ရောက်လျက်ရှိခဲ့၏။ အလားတူ မာနကြီးသူတဦးကလည်း မိမိဂုဏ်ကိုဖေါ်ထုတ်ဟန်မှာ

> သိခင်ကက်သူ မိယာကာ အမိမ္လျိုဝ် အဖမ္လျိုဝ် ၇ ဆက်။ ကြယ်ရာယ် ရာမဟိယ်မွတ်စွာသော အမ္လျိုဝ်တေ (ဓါတ်ပုံ ၁၄၅ စာကြောင်း ၂-၃)

ဂက်သူ၏ဇနီးသည် ဤသို့မာနကြီးသူ အဝင်အပါ ဖြစ်သောကြောင့်သာလျှင် အောက်ပါအတိုင်း ရက်ရက်စက်စက် ကျိန်စာတိုက်သည့်စိတ်မျိုး ထားနိုင်သည်ဟုထင်ပါသည်။

> ။ဤယ်ငါလှူသော ကျွန်လဲတိုဝ်တွင် ကျွန် ၁ ယောက်လဲ ၁ ပဲသောကိုဝ်တေ။ ငါဆုယ်တွင်ကျင်လည်ကောင် ငါသို့င် မင်အေဆုယ်တွင် ကျင်လည်ကောင်ပ္လွင် သူလည်ကောင် ရဟန်လည်ကောင် လူလည်ကောင် မိယ် မ လည် ကောင် ယောကျ်ားလည်ကောင်။ လုစလတ်သော နိုင်ထက်မူလတ်သောသူကာ။ လူတွင်ဖုန်မကြီ စိယ်အသက်မရှည်စိယ်သတေ။ မင်ကြီဖိုယ်ဖျင်တန်ကြီသင်စိယ်သတေ။ မီဖိုယ်ရိယ်ဖိုယ် မုကြိုဝ်ပုဆိန်ဖိုယ် ဆင်ဖိုယ် မြင်ဖိုယ်မြုယ်ဖိုယ် သစ်က္လာလဝံဖိုယ် သမာကုရုယ်မတက်ရျာသော အနာဖိုယ်ကြီစွာ ၂ လျှင် သင်ရုယ်ဖတ္တာလတ် သိယ်စေသတေ။ သုခဲအန်အန်ရုယ် သိယ်စိယ်သတေ။ သိယ်သောလေ အဝိစိယ်မည်သော ငြယ်ကြီလျှင်ကျက်စိသတေ။ ပုရှာအဖ္လစ် ၂ လေမဖူစိယ်သတေ။ ကြမ္မာအာလူဖ္လစ်ငြာတုံသောလေ။ နုသော ဝယ်သော ကီသော ကန်သော နာပင်သော ရူသော တုံလို့သော ခြိယ်လက်တိုဝ်သော နာ နှာခေါင်တိုဝ်ခသော ပုဆိုဝ်ခြံ လည်လျှင် ပတ်ရုယ်ဖုန်စသော လေမစာရတတ်သော လူတွင်သူမခံသော ကြမ္မာခံသော လူပြိတ္တာ လျှင် ဖ္လစ်စိယ်သတေ၊ မ္လိယ်ကြီကံဖါကာ အထက်အယင် လုသောကာသူ ဩက်ဖ္လစ်စိယ်သတေ။ (ဓါတ်ပုံ ၁၄၄-စာကြောင်း ၂၆-၃၂)

သို့သော် စိတ်လိုလိုက်၍ အပြောအဆိုမထိန်းသိမ်းသူတို့တွင် မပါဝင်သော ခြိုးခြံသည့်သူများလည်းရှိပါသည်။ အာမနာ ကျောင်းမကြီးက အေဒီ ၁၂၆၆-ခုနှစ်၌ ဆုတောင်းဟန်ကား

> ။ဖ္လစ်သော ဆိုဝ်ငြယ် အိုဝ်မင်သော ဆိုဝ်ငြယ်သိယ်သဆိုဝ်ငြယ် မချတ်သသူနှင့်အကွနိယ်သော ဆိုဝ်ငြယ်ချတ်သသူနှင် ကွိယ်ကင်သဆိုဝ်ငြယ် လိုဝ်ရုယ်မရသဆိုဝ်ငြယ်။ ဤယ်သိုဝ်ကစသော အတိုင်မသိ သဆိုဝ်ငြယ်တိုဝ်သည် နှိပ်စက်သော ခန္ဓာကိုဝ် စွန်ထာခရုယ်ဆိုဝ်ငြယ်ခပ်သိမ်ကင်သော ချမ်သာစွာသော နိယ်ရဗန်ကိုဝ်လျှင် ငါလိုဝ် သတေ ဟူရုယ် ချတ်စွာသော မွတ်သော ရှုယ်ငုယ်ကစသော ဥတ်စာတိုဝ်ကိုဝ်စွန် ရုယ်ပ္လုသောကျောင်တွင်နိယ်သော သတင်သမာဓိပြညာဟူသော ဣည်ဇူသုံပါကိုဝ်ရှာသော သတင်စင်သော ပုရှာတပိအ်သာ ရဟန်သင်ဃာ ချမ်သာစိမ်သောငှါ လယ်ဥယန်ကျွန်ခပင် အကြွင်မယ် လျှင် လှူအေ်။ ဤယ် ငါတိုင်ဝ် ပ္လုသော ကောင်မှု အကွလိုဝ်။ အတိုဝ် ခပ်သိမ်သော ကိုဝ်အစိုဝ်ရသော ရိယ်မ္လိယ် အသွိင်ဖ္လစ်သော မင်ကြီလေရ စိယ်အေ်။ ဤယ်ကောင်မှု

အာနုဘဝ်ဖ္လင်ပြည်တိုင်ကာ ခပ်သိမ်သန္နိက်နိယ်သော လူခပ်သိမ်သော ဇော်အစိအဖ္လါ ချမ်သာကိုဝ်ရှာပိယ်လျက် သက်တာဝ်ရှည်စွာ နိယ်ရုယ်ဣယ်ကောင်မှုကိုဝ် ထောက်ပင် စိယ်သတေ။ အမိပုရှာစသော မောင်မတဝ် ခပ်သိမ်လေရ စိယ်ဇော်။ အချင်ချင်အမျက် အဣတစိယ်မဟိယ် ချတ်သမျက်စိယ် ဖ္လင်ရုကြရစိယ်ဇော်။ ယခုဟိသော နောင်ဖ္လစ် လတ်အံ့သော မင်ကြိမင်သာ အမတ္တ၂ ၁ စသော သူခပ်သိမ်လေရ စိယ်သတေ။ အရ အမိကိုဝ်လိုဝ်သောသူကာအရ အမိရစိယ်ဇော်။ ကောင်မှုကိုဝ်မှုလိုသော သူကာကောင်မှု ကိုဝ်မှုရစိယ်ဇော်။ ငါလေရံမက်ကြိသ(မရော)င် ရယ်တတ်သော။ အမျက်ကြိသောသူ တစ်ထူကိုဝ်ညှန်ဆယ်တတ်သောပညာမဟိယ်သောမိုက်သောဝန်တိုဝ်သောအပိယ်အကံ မဟိယ်သော။ သစ္စာမဟိယ်သော ပ္လက်တတ်သော။ မိယ်လျန်သော ဩမိယ် တသကင် သော မဖ္လစ်မှု ရုယ်ရံမက်နည်သော ရောင်ရယ်လွယ်သော။ အမျက်နည်သော သနာ တတ်သော ပြညာဟိယ်သော အကြောင်ကိုဝ် သိတတ်သော ဝန်မတိုဝ်သော အပိုယ် အကံဟိယ်သော သစ္စာဟိယ်သော မပ္လက်တတ်သော မမိယ်လွဝ်သော ဩက်မိယ်တသ ဟိယ်သော ဣယ်သိုဝ်သော ဣည်ဇူတိုဝ်နှင် ပ္လည်ဇုမ်လျက် သင်သရာန္နိက်ကြင်လည်ရုယ် မိတ္တ**ရျာ**ပုရှာ မျက်မှောက်ကင်ကာလျှင် ။ဝ။ မွှတ်သ အဗ္ဗွတ် တ**ရျာ**ရ လိုဝ်သတေ။ (ဓါတ်ပုံ ၂၁၆-စာကြောင်း ၁-၁၅)

မြန်မာတို့သည်"မြန်မာ့မူလဒေသ"မှာပင် စတင်၍ ကောက်ပဲ စိုက်ပျိုးတတ်ပါသည်။ အကျယ် အဝန်းအားဖြင့် စတုရန်းမိုင်၅ ၆ ၀-မျှရှိသော်လည်း"နေရာလွတ်မကျန်အောင်စိုက်၍ကျကျနနအုပ်ချုပ် စီမံပုံကိုတွေ့ရ၏"။ အများဆုံး စပါးစိုက်သည်။ **သျှင်ဒိသာပြာမုက်**သည် ၁၂၈၅-ခုနှစ်က ခူပလိုင်ခန်၏ ရွှေတော်မှောက်သို့ ငြိမ်းချမ်းရေးပြောဟောရန် ရောက်ခဲ့စဉ်က မြန်မာတို့၌ ဆန်အရေးပါပုံကို အောက် ပါအတိုင်း ပြောခဲ့၏။

။မဟာရစ်ဣ (သုရ)ယ် (အလုံ)။ သင်ဃာအလုမ်စပါဟိမှ (တေတည်) ကြည်အံ့။ (စပါကာ)ပြည်စည်စိမ် အမြ၂ စ်မ(လော)။ ဣသူရယ်တိုဝ်သည် ထန်ကိုဝ်(တေစည်) ရုယ်(စာပြို)ကာ(ဝံနာ)ရုယ်(မ)သိယ်ကုန်ထလော(ဓါတ်ပုံ ၂၇၁စာကြောင်း၂၂၄)

ဆန်တွင်**ကောက်ကြီး**နှင့်**ကောက်လျှင်**ဟုရှိ၏ (ကောက်ကြီးကား သက်တမ်းရက်ပေါင်း ၁၇၀မှ ၂၀၀-အထိရှိ၍ ဒီဇင်ဘာလတွင်း၌ရိပ်သိမ်းရ၏။ ကောက်ငယ်မှာ သက်တမ်းရက်ပေါင်း ၁၄၀-မှ ၁၅၀ သာရှိလျက် အောက်တိုဘာလတွင် ရိပ်သိမ်းရသည်)။ ကျောက်စာများ၌ သန်လယ်မုရျင်လယ်ဟု ကွဲပြား အောင်ခြားနား၍ ဖေါ်ပြလေ့ရှိ၏။ မုရျင်ကား"အခြောက်စိုက်"နည်းဖြစ်၍ နိုဝင်ဘာလ၌စိုက်၍ မတ်လ တွင် ရိပ်သိမ်းမြဲဖြစ်သည်။ **သန်**ဟူသည် **ဝဿာန**(မိုးရာသီ)ဖြစ်သဖြင့် **သန်လယ်**ဟူသည် မုတ်သုန်အတွင်း စိုက်ပျိုးရကောင်း၏ဟု သိရပါသည်။ ရှေးမြန်မာကျောက်စာများ၌ ကောက်ညှင်းအကြောင်း မတွေ့ရ ဘူးပါ။ ထို့ အတူကဇင်း(ကန်သင်း)အကြောင်းကိုလည်း ဖေါ်ပြခြင်းမတွေ့ရချေ။ ထိုကြောင့်ရှေးအခါ များကစိုက်ပျိုးသောမြေကွက်ဟူ၍နှောင်းခေတ်မှာလိုကျယ်ကျယ်ပြန့်ပြန့်မရှိသဖြင့် ကဇင်းမလိုသလော ဟု တွေးထင်ရန်ရှိပါသည်။ ထို့ပြင် မွှိုယ်စိမ်နှင့် **တစ်မွှိုယ်**ဟူ၍ရင်း **လယ်ကျက်**နှင့် **မွှိုယ်ကျက်**ဟူ၍ရင်း

ယှဉ်တွဲဖော်ပြလေ့ရှိသဖြင့် တောကို မီးတိုက်ပြီးမှ လယ်တည်ခြင်း၊ နှစ်စဉ် ရိုးပြတ်ကိုမီးရှို့ခြင်း ပြုလေ့ရှိကြောင်း သိနိုင်ပါသည်။ အကြောင်း တိုက်ဆိုင်သဖြင့် ဖော်ပြလိုသည်မှာ ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံအလယ်ပိုင်း၌ ရာသီဥတုအပြောင်းအလဲမရှိခဲ့ပါ။ ဂျေစီမက်ကင်ဇီက "မြန်မာနိုင်ငံရာဇဝင်နှင့်အကြုံးဝင်သောရာသီဥတု" ဟူသော ဆောင်းပါးကို **မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်** အတွဲ ၃-စာမျက်နှာ ၄၀-၆-တွင် ထည့်သွင်းခြင်းမှစ၍ ပုဂံခေတ်က မြန်မာနိုင်ငံအလယ်ပိုင်း၌ မိုးများလေဟန် ရေးသားပြောဆိုခဲ့ကြပါသည်။ သို့သော် အဆိုပါပညာရှင်သည် ဦးထွန်းညိမ်း၏ **ပုဂံပင်းယ အဝ ကျောက်စာ** အင်္ဂလိပ်ဘာသာပြန်ကိုသာ ကိုးကားခွင့်ရခဲ့သဖြင့် သဘောအဓိပ္ပါယ်တိကျအောင်မရရှာသောကြောင့် ထိုသို့ ကောက်ချက်ချခဲ့ဟန် ရှိပါသည်။ ပုဂံဘုရားတွင် လှူသောလယ်သည် ပုဂံအနီးအပါးမှမဟုတ်၊ ကျောက်ဆည်စသော ဒေသများမှဖြစ်ကြောင်း မက်ကင်ဇီမသိရှာချေ။ ထိုကြောင့် ပါမောက္ခဂျီအိပ်ချ်လုစ်က "ပုဂံဝန်းကျင်၌ စပါးစိုက်ခြင်း မရှိသလောက် ဖြစ်ကြောင်းကို ကျွန်တော်မှတ်သားမိသည်" ဟု **မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်** အတွဲ ၃၀ အမှတ် ၁ စာမျက်နှာ ၂၉၀-၌ ဖော်ပြခဲ့ပါသည်။ အဆိုပါဒေသအားလုံးမှာ ဆည်ရေသောက် နယ်များဖြစ်သဖြင့် **ခရိုန် ရော တိုက် ပါ မြောင်း** (ဆည်မြောင်း)ကို အမှီပြု၍ လယ်လုပ်ကြရ၏။ ရေလှောင်ရန် **ကန်**လည်းရှိရ၏။ အမတ် အနန္တသူသည် အေဒီ ၁၂၂၃-ခု၌ **အာမနာ**(ပုဂံအရှေ့ ၃-မိုင်ကွာ၌ရှိသော မင်းနန်သူရွာ)၌ "သွိင်အရိယတို့ဗ္ဗြ ရိယ်ချံ သာစိမ္ဗြ သော၇ါ" ရေတွင်းတူး၏၊ လေးထောင့်ကန်လည်းတူး၏။ **တုရင်**တောင်မှ ရေကိုခံ၍ သိုလှောင်ထားရန် ကန်ကြီးလည်း နှစ်ဆင့်တူး၏။ မူလကန်မှ ရေစစ်ကန်သို့ ပြွန်နှင့်ဆက်ပေး၏ (ဓါတ်ပုံ ၇၃ စာကြောင်း ၂၂-၃)။ ရေကန်ဝန်းကျင်၌ ထန်းစိုက်၏။ သာယာစွာသောဥယျာဉ်လည်းဖြစ်စေ၏။ ဤသို့လျှင် ကောင်းမှုပြုရာ၌ ရေကန်ကိုထည့်သွင်းထားကြောင်းတွေ့ရ၏။ ရေကန်ဝန်းကျင်၌ သီးမျိုးပွင့်မျိုး စိုက်ရကြောင်းလည်းတွေ့ရသည်။ အင်းများလည်း အနှံ့အပြားရှိ၏။ ထိုစဉ်ကပင် ငပိကိုနှစ်သက်သုံးစွဲကြဟန်တူသည်။ စိုက်ပျိုးရာ၌ **ထယ်**ဟူ၍ ဖော်ပြခြင်းမရှိ။ **ထွန်၊ပေါက်တူး၊ပုဆိန်၊ခက်** စသည်တို့ကား ရှိပါ၏။ လယ်ထွန်ရန် နွားကို အသုံးများမည် ဖြစ်သော်လည်း ဆင်နှင့်လည်း ထွန်ကြောင်း(ဓါတ်ပုံ ၂၄၆ စာကြောင်း ၇)မှတ်ရဘူးသည်။ မြေတိုင်းရန် **တာ**(?ခုနှစ်တောင်)နှင့် **ပယ်**(?၁.၇၅-ဧက)ကို သုံး၏။ **ရှာ၊ဥယန်**နှင့် **ကိုင်**ကား၊ "အခြောက်စိုက်ခင်း" များဖြစ်ကြ၏။ **ရှာ**တွင် ဆပ်၊လူ၊ပွေ့ခင်၊မူယဝ်၊နှမ်၊ဝါ၊ စသဖြင့် စိုက်သည်။ **ကွံ**၊ထန်နှင့်ဥန်ကား **ဥယန်**၌ စိုက်ရ၏။ **ပါယ်ကြီး၊ပါယ်လွှမ်၊ကုလာပါယ်**နှင့်အခြားသီးနှံဖြစ်သော ကွေ့ညည်ဖူရုံ၊သိခွါ၊သိတိုယ်၊ငြုတ်၊မုန်ညင်၊ခေင်၊ကသွန် စသည်ကား ကိုင်ထွက်ကုန်များ ဖြစ်ပါသည်။ သစ်သီးများတွင် ငှက်ပျော **သိရှက်၊ သိအ်ထွက်၊ တလေည်၊ ဥိရစ်၊ရယ်ရိဝ်၊ သစ်ဆိမ်၊မုန်၊ ရှောက်၊သံပရာ၊မင်ကွည်**တို့ရှိ၏။ ကြံမှဖြစ်သော **တင်ဂ္လါယ်ခေါ်** သကာရည်ရှိ၍ **ထန်ရျက်**လည်းရှိသည်။ ထန်းရည်ဖြင့် **ယံမကာအဖျဝ်**လည်း ပြု၏။

ပြည်တွင်း ပြည်ပ အရောင်းအဝယ်များအကြောင်းကို ကျောက်စာများ၌ ကောင်းစွာဖတ်ရ၏။ ပြည်တွင်းကိစ္စကို ပိုမို၍ ပြည့်စုံစွာ သိရသည်။ လက်မှုပညာများအတွက် ကျွန်ကိုသုံး၏ (ရာဇကုမာရ် ကျောက်စာ၌ ဖောဗိုဝ်ဟု ဖော်ပြပါရှိဘူးသော) ယှန်ပိုဝ် ကဲ့သို့ မြစ်ဝကျွန်းပေါ်ရှိ ဆိပ်ကမ်းမှတဆင့် ကုလားကျွန် အမြောက်အများ ဝင်လာမည်ဟု မှန်းဆရပါသည်။ ပျူတို့တွင် ဒင်္ဂါးစေ့များ ရှိခဲ့သော်လည်း မြန်မာတို့ကလိုက်၍ သုံးဟန်မတူချေ။ မည်သည့် ကျောက်စာတွင်မျှ ပိုက်ဆံအကြောင်းကို

ရေးသားဖော်ပြခြင်းမရှိချေ။ ရှာဖွေတွေ့ရှိခြင်းလည်း မရှိပါ။ သို့သော် သတ္တုစကို အလေးချိန်၍ ဖြတ်တောက် သုံးစွဲသည်ဟူ၍ကား ကောင်းစွာသိ၏။ **ကျပ်**၊ **ဗိုဟ်** နှင့် **ပိသ**ဟူ၍ အလေးချိန် သုံးမျိုးရှိရာ **တစ်ဗိုဟ်**လျှင် ကျပ် ၁၀-ရှိဟန်တူ၏။ ယခု မသုံးစွဲတော့ပြီ။ အရောင်းအဝယ်ကြီးပုံရာ၌ ပစ္စည်းတန်ဘိုး ဆိုရာတွင် အမြဲအားဖြင့် **သိယ်ဖိုဝ် သာဖိုဝ်**လည်း ပါရ၏။ ဆိုလိုသည်မှာ အရောင်းအဝယ် တည့်လျှင် သေရည်သေရက်နှင့်တကွ စားသောက်ပွဲကြီး ကျင်းပမြဲတည်း။ ရဟန်းတော်များ လယ်ဝယ်ရာ၌ပင် သေနှင့် အမဲ စားသောက်ပွဲ ပါရှိုးထုံးစံရှိ၏။

နေ့စဉ် နေထိုင်ကြပုံကား ကျောက်စာများ၌ သာမန်လူထက် ကျွန်များအကြောင်းကို ပို၍ ဖော်ပြထား၏။ ကျွန်ဟူ၍ ခေါ်ရသော်လည်း များစွာလွတ်လပ်၍ လူသာမန်များလိုပင် ပေါင်းဖော် နေထိုင်ခွင့်ရကြရကား၊ ယင်းတို့ကို လေ့လာခြင်းဖြင့်လည်း သာမန်လူတို့၏ ဘဝနေထိုင်စားသောက်ရေး ကိုပါ ခန့်မှန်းနိုင်ပါသည်။ လူမျိုးအရောရောနေကြပုံရ၏။ မိရ်မ သို့မဟုတ် မြန်မာက လူများသည်။ အလျှင်အမြန်တိမ်ကော၍လိုက်သောပျူလည်းရှိ၏၊ပုကံနှင့်ကပ်၍ **သက်**တို့ နေကြသည်။ မူးအနောက်၌ **သဝ်**တို့ နေကြ၍ မူးအထက်ပိုင်း၌ **ကန်တူ**တို့ နေကြသည်။ **ချင်**၊ **ယဝ်**နှင့် **ရခိုင်** တို့လည်း ရှိ၏။ မြန်မာတို့ နေထိုင်ရာဒေသ၏တောင်ဖျား၌ **စကြဝ်**တို့ ရှိ၍ ၎င်းတို့သည် မြန်မာလက်အောက်၌ နယ်ခြားစစ်တပ်တွင် အမှုထမ်းပုံရသည်။**တောင်သူ**ကားအနွှံအပြားရှိသည်။မွေ့ည်ခေါ် **တန်လိုင်**(မွန်)တို့သည် ကျောက်ဆည် မြောက်ပိုင်း၌ မြန်မာနှင့် ရောစပ်နေထိုင်ကြ၍ မြန်မာတို့ ယဉ်ကျေးအောင် သွန်သင်သူတို့ဖြစ်ပေမည်။ မြန်မာနှင့်ရောနှော၍ **ကြွမ်**လည်းရှိ၏။**လဝ**တို့ကား ဖြန့်၍နေသော်လည်း ကျောက်ဆည်အရှေ့၌ အနေ များသည်။ **သျှမ်**လည်း မြန်မာနှင့် ရောရှက် နေထိုင်၏။ စိန်ခေါ် **တရုတ်**နှင့် **တရုက်**ခေါ် မွန်ဂိုတို့ အကြောင်းလည်း ဖတ်ရသည်။ သို့သော် တိုင်းတပါးသားအနေဖြင့် **ကုလာ**အများဆုံး ဖြစ်ပါသည်။

မြန်မာတို့တွင် အိမ်ထောင်စုကို များစွာ အလေးဂရုပြုကြောင်း တွေ့ရ၏။ အမိအဖ သားမယား ဟူ၍ ကွဲပြားအောင် ဖော်ပြလေ့ရှိသည်။ ယနေ့ မြန်မာတို့ကဲ့သို့ပင် ကောင်းစွာ ဖွဲ့စည်းပြီးသော အိမ်ထောင်စုများ ရှိခဲ့ကြောင်းကို ပြ၏။ ယင်းတို့ အသက်မွေးပုံကို သိရသဖြင့်လည်း ယင်းတို့ဘဝ နေထိုင်ရေးကိုပို၍ သိရ၏။ စိုက်ပျိုးသူများအဖြစ်ဖြင့် **လယ်သည်**နှင့် **လယ်သူ** ရှိ၏။ ထိုသူတို့နှင့် အတူ တကွ **စပါစိုက်**၊ **နွာထိန်**၊ **ဥယဉ်သည်** ဟူ၍ ရှိပြန်သည်။ အစားအသောက်နှင့် ဆိုင်သော အမှုထမ်း များကား **ထမင်သည်**၊ **ထမင်ချက်**၊ **အမယ်သည်**၊ **သာစိုဝ်**၊ **မုဆိုဝ်**၊ **ပိုက်သည်**၊ **ကွန်သည်**၊ **နွာနိုဝ်သည်**၊ **ကွံသည်**ဟူ၍ ရှိ၏။လက်မှုပညာသည်အနေဖြင့်**လက်သမာ**၊**ပုရန်**၊**ပန်ပု**၊**ပန်ခိ**၊**ပန်ဖယ်**၊**ပန်ထိန်**၊**အထုသည်**၊ **ထီသည်**၊ **အိုဝ်ထိန်**၊ **ယန်သည်** ဟူ၍ ရှိ၏။ တူရိယာ သံစုံသမားတို့လည်း အရေးပါသူများ ဖြစ်သည်။ **စည်သည်**နှင့်တွဲ၍ အဆိုအကအလို့ငှါ**ပန်တျာ**ရှိ၏။**ပန်တျာ**အမျိုးသမီး အထူးများပြား၏။ **သံခြင်သည်** ဟူ၍ အဆိုသက်သက်နှင့် **ကခြိယ်သည်**ဟူ၍ အကသက်သက် အမှုထမ်းများလည်း ရှိသည်။ ထို့ပြင် **ပသာသည်**၊ **ခွက်ခွင်သည်**၊ **နောင်နင်သည်**၊ **ခရာသည်**၊ **စောင်သည်** တို့လည်း ရှိ၏။ ပြဇာတ်နှင့် ဇာတ်သဘင်ရှိဟန်မတူ။ သွားလာရေး၌ လှေ လှည်း ထမ်းစင်သာ ရှိသဖြင့် **လှဝ်ကာသည်**၊ **လှည်သည်** နှင့် **သင်ရျင်သည်**တို့ ရှိရ၏။ **ကုဟာသည်**၊ **ရိယ်သည်**၊ **ထင်သည်**၊ **လက်သည်** ဟူ၍ လူအများအတွက် မရှိမဖြစ်သူတို့လည်း ရှိရ၏။ ထိုနည်းအတူပင် **မုတ်ဆိတ်ရိပ်**၊ **လက်သည်ထိုဝ်**၊ **ဥဖွယ်သည်** တို့ကား လူချမ်းသာတို့ စည်းစိမ်ခံရန် ရှိနေရသည်။

ကျွန်လူဦးရေကား အတော်များ၏။ အုပ်ချုပ်သူ အရာရှိနှင့်တကွ ကျွန်ရွာများပင် ရှိပါသည်။ ကျွန်ကိုကိုယ်ပိုင်ဝတ္ထုပစ္စည်း မိုးမြေအဝင်အပါဟုယူဆသဖြင့် အမွေဆက်ခံနိုင်သောပစ္စည်းတမျိုးဖြစ်၍ ကျွန်အရောင်းအဝယ်လည်း အမှန်ရှိချေမည်။အကြမ်းအားဖြင့်ကျွန်တယောက်ကိုငွေသုံးဆယ်သို့မဟုတ် ကြေးတပိဿာနှစ်ဆယ်ပေးလျှင် ရ၏။ ငွေပေး၍ ကျွန်ဘဝမှ ရွေးနုတ်ခွင့်ရှိ၏။ ထွက်၍လည်း ပြေးနိုင်သည်။ ကျွန်ပြေးကိုမရ ရအောင်လိုက်၍ဖမ်းခြင်း၊ ပြင်းပြင်းထန်ထန် ဒဏ်ခပ်ခြင်းဟူ၍ အမှတ်အသား မတွေ့ရဘူးချေ။ သို့သော် မိမိတို့ကျရောက်ရာဘဝကိုပင် များစွာကြေနပ် နှစ်သက်နေပုံ ပေါ်သဖြင့် ထွက်ပြေးသူ အလွန့်အလွန်ပင်နည်း၏။ ထို့ပြင် မိမိတို့ ဖွားရာဇာတိကို အထူးခင်တွယ်၍ ကျွန်ပိုင်ရှင်တို့ကသည်း သက်ညှာကြသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းမှလွတ်အောင်ပြေးပုန်းရန်ပြဿနာဟူ၍မရှိခဲ့ချေ။ မနာမကျန်းရှိသော ကျွန်နှင့် သက်ကြီး ရွယ်ကြီး ကျွန်တို့ကို ကောင်းစွာ စောင့်ရှောက်လေ့ ရှိ၏။ ရဟန်းဘောင်ဝင်လိုလျှင် သခင့်ထံမှ ခွင့်ရမြဲဖြစ်၍ ဘိက္ခုနှင့် ဘိက္ခုနီတို့ ရှိခဲ့ကြောင်း အထင်အရှား သက်သေခံ အထောက်အထားများ ကျောက်စာတွင် တွေ့ရသည်။ သဘောထားကြီးသော ကျွန်ရှင်များကမူ မြက်နုရိယ်ကြည်ဟိရာ ရှာဖွေ၍ သွားရောက်နေထိုင်ခွင့်ကို ကြိုတင်၍ပင် ပေးထား၏။ ငယ်ရွယ်သူတို့မှာ လိုလားလျှင် စာသင်ခွင့်ရကြ၏။ယင်းတို့၏ အမည်တွင် စာတတ်သူဟု ထင်ရှားစေရန် **စာတတ်** ဟူသော ဝိသေသတွဲ၍ ပေးရ၏။ တရာလျှင် ကိုးယောက်မျှ စာတတ်ကြောင်း တွေ့သည်။ ယောကျ်ား တယောက်လျှင် မယားအများယူနိုင်ခွင့်ရှိသော်သည်း ကျွန်မယားနည်း၏။ ထိုအကြောင်းများကြောင့် ကျွန်များသည် ရှေးအခါက အလွန်အောက်တန်းကျသူများဟု မယူဆနိုင်ကြောင်း ကျောက်စာများ အရ သိရပါသည်။

ရှေးကျောက်စာများ အရ တရား ဥပဒေဆိုင်ရာ ဌာန သီးခြား ရှိခဲ့ကြောင်း သိရပြန်သည်။ တရားသူကြီးကို **သံဖမ** သို့မဟုတ် **တြျာသံပျင်** ဟု ခေါ်၏။ အမျိုးသမီး တရား သူကြီးနှင့် ရဟန်းတော် တရားသူကြီးတို့လည်း ရှိသည်။ တရားသူကြီး၏ တာဝန်သည် တရားဥပဒေကို အဓိပ္ပါယ် ဖေါ်၍ ကောက်ချက် ချရုံသာမက ကျွန်နှင့်လယ် ရောင်းဝယ်ရာ၌ရင်း၊ နယ်ခြားတိုင် စိုက်ရာ၌ရင်း သက်သေအဖြစ်ပါဝင်ရသေး၏။အမှုတခုကိုဆုံးဖြတ်ရန် တရားသူကြီး သုံးဦးခန့်ထားတတ်၍ တခါတရံ လေးယောက်မှ ခြောက်ယောက်အထိပင် တိုးချဲ့၍ ခန့်ထားသည်၊ တရားရုံးတော်အတွက် **တြျာကွန်သာယာ**ရှိ၍ ဗိုလ်တြျာမှာ အောက်ရုံး **အတံတြျာ**မှာ အယူခံရုံးဖြစ်ပါသည်။အယူခံခွင့်ရှိသော်လည်း အယူခံမှုနည်းလှသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဓလေ့ကား အပြန်အလှန် စွပ်စွဲခြေပခြင်းထက် ဖြန်ဖြေခြင်းကိုမူတည်၍ အဆုံးအဖြတ် ပေးလေ့ရှိသောကြောင့် ဖြစ်၏။ တဆဲ့သုံးရာစုလယ်၌ တရား ဥပဒေ ပါရဂူများပေါ်လာသည်။ ထိုသူတို့ပင် မြန်မာရိုးရာဓလေ့ကိုယူ၍ ပြုပြင်လျက် ဥပဒေကျမ်းပြုကြ၏။တရားဥပဒေကို အိန္ဒိယအမည်ဖြင့် **ဓမ္မသတ်**ဟုခေါ်သော်လည်း သဘောအယူအဆကား မြန်မာ သက်သက်ဖြစ်ပါသည်။ ရာဇဝတ်ကျင့်ထုံးကို အမုန္ဒန်**စာ**ဟုခေါ်၏။သို့သော် ဥပဒေကျမ်းကို အားကိုးသည့်ထက် တရားလိုတရားခံကို ကျမ်းတိုက်ခြင်း ဓါတ်တော်နှင့် ရုပ်ထုတော် ရွက်စေခြင်းကို ပို၍ အားကိုးပုံပေါ်ပါသည်။ယကြာစသည့်ဆေးဖြင့် တရားအရှုံးအနိုင် ဖြစ်စေမည်ဟူသော ယုံကြည်ချက် လည်းရှိကြ၏။ ဖြတ်ထုံးကို ရေးမှတ်မြဲ ဖြစ်ပါသည်။ အမျိုးအစား အားဖြင့် တရားဆိုင်ကြသည်ကို သုံးမျိုးခွဲနိုင်ပါသည်။တမျိုးကား အနည်းဆုံးတဖက်မှ ရဟန်းတော်များပါဝင်သော တရားတဘောင် ဖြစ်၍ ဒုတိယမျိုး၌ မင်းစိုးရာဇာတို့က တဖက်မှပါဝင်၍ နောက်ဆုံး အမျိုးကား သာမန် အရပ်သား

အချင်းချင်းစွဲဆိုကြသော အမှုဖြစ်ပါသည်။ ရဟန်းတော်ပါဝင်သောအမှုမျိုးကား လူတို့ရုံးတော်နှင့် ဆိုင်ကောင်းမှုဆိုင်မည်ဟု ထင်သော်လင်း တရားလိုတရားခံ နှစ်ဖက်စလုံး ရဟန်းဖြစ်ပါလျက် လူရုံးက ဆုံးဖြတ်သည်ကို တွေ့ရဘူးပါသည်။ အင်္ဂလန်၌ အင်္ဂမ ဟင်နရီမင်းသည် ရဟန်း ကျောင်းမြေကို သိမ်းယူလျှင် ရဟန်းတို့က အပြင်းအထန်ကန့်ကွက်သော်လည်း နောက်ဆုံးမင်းပင်အနိုင်ရခဲ့၏။ မြန်မာနိုင်ငံ၌ကား ၁၂၃၅ ခုနှစ်တွင်တကြိမ်၊ ၁၂၄၅ ခုနှစ်တွင်တကြိမ်၊ ၁၂၅၅ ခုနှစ်တွင်တကြိမ် သုံးကြိမ် တိုင်တိုင်ရဟန်းကျောင်းမြေကို မင်းကသိမ်းယူရန်အားထုတ်သည်ကိုတွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် ရဟန်းမြေကို အခွန်လွတ်ငြိမ်းခွင့် ပေးရမြဲဖြစ်သဖြင့် ရဟန်းမြေတိုးလျှင် တဖက်၌ နိုင်ငံတော် ဘဏ္ဍာ ဆုတ်ယုတ်လာသဖြင့် ဤသို့ကြံစီရခြင်းဖြစ်ပါသည်။ ရဟန်းတော်တို့က အပြင်းအထန်ကန့်ကွက်သဖြင့် မင်းကအရှုံးပေးလျက် ရဟန်းမြေကိုပြန်၍အပ်ခဲ့ရပါသည်။ အမွေဆက်ခံရာ၌ ယခုခေတ်လို အောက်လူ သက်သက်ကသာ အမွေရမြဲထုံး မရှိသေးချေ။ အထက်လူကလည်း ရတတ်၏။ ဤတွင် လူတဦး သေလွန်လျှင် ကျန်ရစ်သူမုဆိုးမက ရှိပစ္စည်းအားလုံးကို ဆက်ခံရမြဲဟု ယခုယူဆကြသော်လည်း အေဒီ ၁၂၄၂ ခုနှစ်ကသေသူ၏အကိုကလည်း ဝင်၍ အမွေယူကြောင်းတွေ့ရ၏။ ထို့ပြင် ယခုအခါသားရင်း သမီးရင်းစသော အမွေခံအစစ်များကို အမွေမပေးဟု မည်သူမျှမငြင်းနိုင်။ ရှေးအခါကမူ မိမိသေလျှင် မိမိပစ္စည်းကို အမွေခံအစစ်ကို ကျော်လွန်၍ ကစိမ်းလူ တဦးဦးကို ပေးပါရန် မှာကြား၍ ထားပိုင်ခွင့် ရှိပါသည်။ သေတမ်းစာထားခဲ့သည်ဟုဆိုလိုပါသည်။

ပုဂံခေါ် **အရိမဒ္ဒနာ**ပုရသည် တဆဲ့တစ်ရာစု၌ မြန်မာနိုင်ငံ၏မြို့တော်ဖြစ်၍လာပါသည်။ဒေသ ဆိုင်ရာ အကြီးအကဲကို မင်းဟု ခေါ်လေ့ရှိသဖြင့် ပုဂံမှ ခေါင်းဆောင်ကို မင်းကြီးဟု ခေါ်ကြ၏။ နိုင်ငံတော်အကျယ်အဝန်းကား မြောက်ဖက်၌ ဗန်းမော်၏ အနောက်ဖက်ကမ်းရှိ **ငဆောင်ချမ်း** မှသည် တောင်ဖက်၌ **တလိုင်သရေ**အထိ၊ အရှေ့ **သလွင်** မြစ်မှသည် **မဏ္ဍကိရိ** (ချင်းတောင်)အထိ ဖြစ်ပါသည်။ ခေတ်မြန်မာနိုင်ငံနှင့်စာသော် ရခိုင်မပါ၊သံလွင်မြစ်အရှေ့ဖက်မပါ၊ ကချင်ပြည်နယ်အထက်ပိုင်းမပါဟု ဆိုရပေမည်။ ပုဂံမင်းကား သက်ဦးဆံပိုင်ဖြစ်၍ မင်း၏ **ထုယ်တစ်** ကား ဥပဒေဟုယူရ၏။ သို့သော် သာသနာ၏အဆုံးအမ၌တည်သူများဖြစ်ရကား နူးညံ့သိမ်မွေ့လျက် ရဟန်းတော်တို့ကို စိတ်မချမ်းမြေ့ အောင်မကျူးလွန်မိရန် အထူးသတိထားကြသည်။ ပညာရှိကိုအပါးတွင်ထား၍ အခက်အခဲမှန်သမျှကို တိုင်ပင်လေ့ရှိ၏။ အုပ်ချုပ်ရေးတွင် အကူအညီ ရရန် အမတ်နှင့် အရာရှိ ကြီးငယ်များ ကိုလည်း ခန့်ထားသည်။ သို့သော် မြို့ပြအုပ်ချုပ်ရေးအမှုထမ်း စစ်ရေးအမှုထမ်းဟူ၍ ခွဲခြားထားခြင်း မရှိရကား အရေးကြုံလျှင် အမတ်သည်း စစ်ဗိုလ်လုပ်၍စစ်ထွက်ရသည်။ အလျဉ်းသင့်၍ဖေါ်ပြလိုသည်မှာ ရှေးရှေး က လွှတ်တော်ရှိခဲ့ဘူးသည်ဟု ကျောက်စာအထောက်အထား မတွေ့ပါ။ ဘုရင် **နာတောင်မျာ** (နန်းတောင်းများမဟုတ်) လက်ထက်၌ အမတ်ကြီးငါးပါးရှိ၍ ရှေးရာဇဝင်ကျမ်းများ၌ ဖေါ်ပြသကဲ့သို့ နောင်တော်မင်းသားကြီး လေးပါးပင် အမတ်ကြီးလေးပါးဖြစ်လာ၍ ယင်းတို့စုဝေးရာကို 'လွှတ်' ဟု ခေါ်ကြောင်းမှာ အထောက်အထားမရှိချေ။ မြောက်ဖက်နယ်ခြားဒေသ အုပ်ချုပ်ရေးကိုအထူးဂရုပြု ရသည်။ သို့ပါလျက် မြောက်အရပ်မှပင် ရန်သူပေါ်ကာ ပုဂံမင်းဆက်ပြတ်ရသည်။

အမတ်များနှင့် တွဲဖက်၍ လက်အောက်မှ **သံပျင်** နှင့် **ကလန်**ဟူ၍ အုပ်ချုပ်ရေး အရာရှိများရှိ သေး၏။ရာထူးအဆင့်တွင်သံပျင်ကကြီးအံ့ထင်သည်။ တခါတရံ သံပျင် နှင့် အမတ်ကိုတသဘောတည်း

ထား၍ သုံးကြောင်းတွေ့ရ၏။ အဆိုပါ အမတ်နှင့် အရာရှိများသည် ပညာအဆင့်အတန်း မြင့်မြင့် တတ်ရန်လိုပါသည်။ အမတ်ကြီးတဦးသည် ပိဋက၊ သကဋ၊ သဒ္ဒါ၊ ဟူရား၊ ဗေဒင် တတ်ကျွမ်းသည်ဟု သိရ၏။ မင်းချင်ဟူသော ဘုရင့်အပါးတော်မြဲ အရာရှိများလည်း ရှိသေး၏။ **မင်းစေ** နှင့် **မင်းလုလင်** တို့သည်းရှိသည်။ အပါးတော်နေ **သုငယ်တစ်** (သူငယ်တော်၊ ဖွားဖက်တော်) ဆိုသူတို့လည်း ရှိ၏။ ထို့ပြင် **အတွင်ရုယ်၊စာမြောင်၊စခိပိုစ်**နှင့်**စာခီ**တို့လည်းရှိရ၏။ သတင်းအပို့အယူအတွက် **မြင်စီ** ရှိသည်။ အစောင့်အရှောက်အတွက် **ကင်သည်**ရှိသည်။ အခွန်စီးကြပ်ရန် **ပယ်တိုင်**၊ အခွန်သိမ်းရန် **ကုံထံ**နှင့် **ဘုမ္မ** တို့က တာဝန်ယူရသည်ဟု ထင်ပါသည်။ ရွာအုပ်ချုပ်ရေး၌ **သင်ကြီ** နှင့် **သင်လျင်** ဟူ၍ ရှိပြန်သည်။ မှတ်ပုံတင်ဌာနမျိုးလည်းရှိ၍ အရောင်းအဝယ်ကြောင့် ပိုင်ရှင်ပြောင်းခြင်း၊ အလှူဒါနကြောင့် ပိုင်ရှင် ပြောင်းခြင်းနှင့် ဖြတ်ထုံးများကို ရေးမှတ်ရ၏။ မင်း၏အမှုကိစ္စ အဝဝ ဆောင်ရွက်ရန် **ကွန်** ဟူသော အမည်ဖြင့် အဆောက်အအုံများရှိရာ ထိုကွန်းတို့၌ အလှူပေးခြင်း ညီလာခံခြင်း သဘင်ရူခြင်းပြုမည်ဟု မှန်းဆရပါသည်။ အဆိုပါကွန်များကား **ကွန်ပြောက်**၊ **ကွန်သာယာ**၊ **ကွန်မြင်** နှင့် **စင်ကြယ်ကွန်** တို့ ဖြစ်ပါသည်။**ကွန်ပြောက်**ကို ညီလာခံ၊ကန်တော့ခံ၊စသည် အမှုခပ်သိမ်းအတွက်ထား၍ **ကွန်သာယာ**မှာ ပျော်ပွဲ ရှင်ပွဲများ ဖြစ်လျက် **ကွန်မြင်**၌ အလှူဒါနပြုခါ **စင်ကြယ်ကွန်**တွင် ဥပုတ်ပြုခြင်း သကြံန် တော်ခေါ်ခြင်းပြုမည်ဟုထင်ပါသည်။အခြားရုံးကိစ္စငယ်များအတွက် **တင်ကုပ်**ကိုသုံးသည်။ဤသို့လျှင် ကျောက်စာများကို လေ့လာခြင်းဖြင့် ရှေးခေတ်အခါက ကောင်းစွာစည်းရုံးညီညွတ်သော အုပ်ချုပ် ရေးစနစ်ရှိကြောင်းကို သိရပါသည်။


ကျောက်စာတို့ကြောင့် ပုကံမင်းဆက်နှင့် နန်းသက်ကို ကောင်းစွာ သိနိုင် ပါသေးသည်။ နမူနာပြောရလျှင် အေဒီ ၁၁၆၅ မှ ၁၁၇၄ အတွင်း ပုကံမင်းဆက်ပြတ်နေသည်ကို သိရပါသည်။ ထို့ပြင် ရှေးရာဇဝင်ကျမ်းတို့၌ ထိုပြတ်နေသော ကာလ အတွင်း၌ မင်းယင် နရသိင်္ခ (၁၁၇၀-၃) တယောက်ရှိလေဟန် ရေးခဲ့သော်လည်း စင်စစ် ထိုသူမရှိ၊ နရသိင်္ဃဥစ္စနာ (၁၂၃၁-၅) တယောက်၊ မင်းယန်(၁၂၅၆)တယောက်ဖြစ်၍ ယင်းနှစ်ယောက်ကို ပေါင်းထားကြောင်း ကျောက်စာကပြလျက် ရှိသည်။ ထို့ပြင် ဥဇနာကား ကျစွာ၏တူဖြစ်၍ အများပြောသကဲ့သို့ကား မဟုတ်ပါ။

ကျောက်စာပါ အတိုင်း ရှေးမြန်မာ အနု ပညာနှင့် အဆောက် အအုံများ အကြောင်းကို ရှေ့လာမည့်အခန်းများတွင် ဆက်လက်၍ ရေးပါဦးမည်။

# ရာဇဝင် မှတ်တမ်းမတင်မီခေတ်

မြန်မာနိုင်ငံတခုတည်းကို ကွက်၍ လေ့လာသည်ထက် အရှေ့တောင်အာရှတခုလုံးကို ခြုံ၍ ကြည့်ပါမှ ခေတ်ဦး အခြေအနေကို ပို၍ မြင်လွယ်ထင်လွယ်ရှိခြေမည်။ ခေတ်ဦး အခြေအနေ ဆိုသည်မှာလည်း ကျောက်ခေတ် အခြေအနေကို ဆိုလိုပါသည်။ ယဉ်ကျေးမှုအစတွင် သုံးစွဲသော ကျောက်လက်နက်ကို အစွဲပြု၍ ကျောက်ခေတ်ဟု ခေါ်စမှတ်ပြုသည်ကို အများအသိပင်ဖြစ်ပါသည်။ ဝမ်းရေးအတွက် လူတို့သည် မုဆိုးတံငါအဆင့်မှာပင် ရှိနေသေးပါက ယဉ်ကျေးမှုအဆင့် နိမ့်သေးသည်ဟုဆိုရ၏။ သဘာဝ ကျောက်ဂူကိုပင် နေအိမ်ပြုကြရပါသည်။ ထိုသူတို့ကား ကျောက်ခေတ်ဟောင်း (ပေလီယိုလစ်သစ်) ယဉ်ကျေးမှု ရှိသူများ ဖြစ်ပါသည်။ ကြမ်းသော ကျောက်လက်နက်မှ အနည်းငယ် ချောမွတ်သော ကျောက်လက်နက်ကိုသုံးစွဲနိုင်သည့်ခေတ်သို့ရောက်လျှင်ကျောက်ခေတ်လယ်(မေဆိုလစ်သစ်)ယဉ်ကျေးမှုရှိချေပြီဟု ဆိုရပါသည်။ ယင်းမှတဆင့်တက်၍ (၁) ကျွဲနွားကို ယဉ်ပါးအောင် မွေးမြူလျက် (၂) ကောက်ပဲစိုက်ပျိုးကြ၍ (၃) အစာရေစာထည့်ရန်အိုးခွက်လုပ်ခါ (၄) သုံးစွဲသောကျောက်လက်နက်ကရိယာကို ပြောင်လက် ချောမွတ်အောင် သွေးယူနိုင်လျှင် ကျောက်ခေတ်နှောင်း (နီယိုလစ်သစ်) ယဉ်ကျေးမှုရှိသူများဖြစ်လာကြပါသည်။မြန်မာနိုင်ငံအဝင်အပါ တရှေ့တောင်အာရှတွင်ကျန်ရစ်သော ကျောက်လက်နက်များကိုဌင်း၊ ကျန်ရစ်သော အိုးခွက်များကိုဌင်း အိုးခွက်များတွင် ကျန်ရစ်သော စားကျွင်းတို့ကိုဌင်း၊လေ့လာသဖြင့် ထိုဒေသများ၌ ဦးစွာအစကျောက်ခေတ်လယ်အဆင့်အထိတိုးတက်ပြီး သူတို့နေထိုင်သွားကြောင်းသိရ၏။ စားကျွင်းမှ သားငှက်အရိုးကိုကြည့်လျှင် ထိုသားကောင် ငှက်ကောင်များသည် ယဉ်ပါးသောအမျိုး မဟုတ်သေးသည်ကိုတွေ့ရ၏။ ထို့အတူ ကောက်ပဲမှာလည်း လူစိုက်သော အမျိုးမဟုတ်သေးချေ။ အိုးခွက်မှာလည်း အိုးထိန်းစက်မပေါ်မီက လက်လုပ်သက်သက် အိုးမျိုးဖြစ်၍ ကြမ်းတန်း၏။ ကျောက်လက်နက်မှာလည်း ကျောက်တုံးမှဖဲ့ယူသော အရိုင်းပုံဖြစ်၍ ဖဲ့ယူနည်း မကျွမ်းကျင်သေးကြောင်းပြ၏။ ကျောက် အတုံးအစ ငယ်ငယ် (မိခရိုလစ်သစ်)ကိုသာ သုံးကြသေးသည်။

အရှေ့တောင်အာရှတွင် နှိုင်းယှဉ်ကြည့်နိုင်ရန် စံအဖြစ်ဖြင့် အင်ဒိုချိုင်းနားကျွန်းဆွယ်ကို စတင်လေ့လာသင့်၏။ထိုအရပ်၌ ကျောက်ခေတ်သုံးဆင့်ကိုပြသော နေရာဟောင်း လေးခုရှိ၏။ ယင်းတို့ကား မြောက်ဖက်၌ဟွာဗင်း (Hoa-Binh) ဗက်ဆွန်(Bac-Son)နှင့် ဒွန်ဆွန် (Dong Son)တို့ ဖြစ်၍ တောင်ဖက်၌ ဆွမ်မရုံဆင်(Somrong Sen) ဖြစ်ပါသည်။ ကျောက်လက်နက်ခြင်း ယှဉ်၍ကြည့်လျှင် ဟွာဗင်း လက်နက်ကား ကျောက်တုံးမှ ဖဲ့ထုတ်ယူသော လက်နက်ကြမ်းမျိုးဖြစ်၍ ထိုမှတဆင့်တက်၍ အသွားထက်အောင် သွေးယူသော လက်နက်မျိုးကို ဗက်ဆွန်၌ တွေ့ရပါသည်။ ထို့ကြောင့် ဟွာဗင်းထက် ဗက်ဆွန်တွင်နေသူများက ယဉ်ကျေးမှုအဆင့်သာသည်ဟု ဆိုရချေမည်။ တောင်ပိုင်း ဆွမ်မရုံဆင်တွင်ကား လက်နက်တခုလုံးကိုချောမွတ်အောင်သွေးနိုင်ပြီဖြစ်၍ ကြေးလောဟာ ဝတ္ထုပစ္စည်းအချို့ကိုပင် တွေ့ကြရပါသည်။ အဆင့်အတန်းမြင့်သော ကျောက်ခေတ်နှောင်း ယဉ်ကျေးမှု အဆင့်သို့ ရောက်နေပါသည်။ ကြေးပစ္စည်းခြင်းယှဉ်လျှင် ဒွန်ဆွန်၌ တွေ့ရသော ပစ္စည်းတို့ကိုမှီရန် များစွာ လိုသေး၏။





အင်ဒိုချိုင်းနားမှ ကျောက်ခေတ် နေရာဟောင်းသုံးခု

ဒွန်ဆွန်ကြေးပစ္စည်းကား တရုတ်ဟန်ခေတ် (၂၂၁ ဘီစီ- အေဒီ ၂၂၀) ကြေးပစ္စည်းနှင့် တံပိုးထမ်းလိုက်၏။ ယင်းသို့အားဖြင့် ဒွန်ဆွန် ကြေးလက်ရာကို ခရစ်တော်မပေါ်မီ အနှစ် နှစ်ရာနှင့် ပေါ်ပြီး အနှစ် နှစ်ရာဝန်းကျင်ဟု သတ်မှတ်နိုင်ပါလျှင် အရှေ့တောင်အာရှ တခုလုံး၏ ကျောက်ခေတ်ကား ခရစ်တော်မပေါ်မီ အနှစ်တထောင်တွင်းကဖြစ်၍ ခရစ်တော်ပေါ်ချိန်၌ ကျောက်ခေတ်မှ ကြေးလောဟာခေတ်သို့ ကူးပြောင်းဆဲဟု ယူရချေမည်။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်အကြောင်းကို ၁၉၃၇- နိုဝင်ဘာလမှ ၁၉၃၈-ခု မတ်လအထိ ဒေါက်တာ အိပ်ချ်ဒေတာရာ (H. de Terra)ဒေါက်တာ ဟလမ် အယ်လ် မောဗီယပ်စ် (Hallam L. Movius)နှင့် မစ္စက် မောဗီယပ်စ်တို့ လာရောက် လေ့လာသွားကြပါသည်။ မြန်မာနိုင်ငံတွင်း၌ ထုံးကျောက်ဂူများအတွင်းဝယ် ဗုဒ္ဓဘာသာဘုရားဆင်းတုများထား၍ ကိုးကွယ်ဆီးကပ်ခြင်းအလေ့ကြောင့် ရှေးပစ္စည်းအကျင်းအကျန် များစွာ ဆုံးရှုံးရရှာသည်။ ဂူ၏ကြမ်းပြင်ကို တူးမည်ဆိုလျှင်လည်း ဘုရားဆင်းတုများ ဂူအပြည့်ရှိနေသဖြင့် ဒေသဆိုင်ရာဘုရားဂေါပကလူကြီးတို့စိတ်ဆိုးမည်ကိုလည်း ကြောက်

ရ၍ လေ့လာရန်ရောက်ရှိလာသော အမေရိကန်များမလုပ်ရဲချေ။ ထိုသူများ၏ ကျေးဇူးကြောင့် မြန်မာ ကျောက်ခေတ်ကို အတန်ငယ် ပြည့်စုံအောင် သိရပါသည်။ ယင်းတို့ လေ့လာချက်အရ ယခု အခေါ် အားဖြင့် ပြည်၊သရက်၊မကွေး၊ရေနံချောင်း၊ပုပ္ပါး၊မိုးကုတ်၊ သျှမ်းပြည် မြောက်ပိုင်းနှင့် ချင်းတောင် များ၌ ကျောက်ခေတ်က လူအများ နေသွားကြသည်ဟု သိရ၏။ သို့သော် သျှမ်းပြည်တွင် ကျောက် ခေတ်ဟောင်းလူများ နေသွားသော အကျင်း အကျန်ကို မတွေ့ရချေ။ အမေရိကန် ဆရာများက မြန်မာနိုင်ငံ၏ ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှုကို အထက်အညာအရပ်၌သာ တွေ့ရသဖြင့် အညာ သားယဉ်ကျေးမှု ( ANYATHIAN CULTURE ) ဟု အမည်ပေး၍ သွားပါသည်။




မြန်မာနိုင်ငံ ကျောက်ခေတ် လူနေအရပ်များ

မြန်မာနိုင်ငံ၌ တွေ့ရသော ကျောက်လက်နက်များစွာတွင် ပုံစံ ခြောက်မျိုးရှိ၏။ ယင်းတို့ကား

(၁) ဗိစပ်ဖူးလက်နက် ( FACETTED TOOL )


(၂) အမင်းတပ်လက်နက်(SHOULDERED TOOL)

(၃) ဆစ်လွှဲပုဆိန် ( SPLAYED AXE )


(၄) သပ် ( WEDGE )

(၅) ဆောက် ( CHISEL )


(၆) ဆောက်ခုံးပဲကွပ်(GOUGE ADZE)




(၁)
ဖိစပ်ဖူးလက်နက်




(၂)
အမင်းတပ်လက်နက်




(၃)
ဆစ်လှဲပုဆိန်



(၄)
သပ်



(၅)
ဆောက်



(၆)
ဆောက်ခုံးပဲကွပ်

မြန်မာ ကျောက်လက်နက် ပုံစံများ

ထိုလက်နက်တို့တွင် အကြမ်းအချောကိုလိုက်၍ သုံးစားခဲ့ရသည်။

(၁) ရိုက်ဖဲ့၍ရသောလက်နက် ( CHIPPED TOOLS )

(၂) အသွားသွေးထားသောလက်နက် ( EDGE-GROUND TOOLS )

(၃) စင်းလုံးချောလက်နက် ( COMPLETETLY GROUND TOOLS )

တို့ဖြစ်ပါသည်။ လက်နက်သဖွယ်သုံး၍ဖြစ်အောင် အစတခုကို ကျောက်တုံးမှရိုက်ယူနည်းမှာ ကျောက်ခေတ်ဟောင်းကထားရစ်သောအမွေဖြစ်ပါသည်။ ကျောက်ပတောင်းဖက်တွင် အပေါ်မြေလွှာအောက်ရှိ ကျောက်သားကိုယူ၍လက်နက်လုပ်သည်၊ ထိုမှတဖန် မကွေးဖက်တွင် သဲမြေထဲမှရသောကျောက်သား

ကိုယူ၍လက်နက်လုပ်ကြပြန်သည်။လုပ်ပုံလုပ်ချက်တိုးတက်လာသဖြင့် ကျောက်ခေတ်သစ်သို့ ရောက်လာပြီဟုဆိုရပါမည်။ ခေတ်ဟောင်းအခါက လက်နက်အလုံးကြီး၍ ခေတ်သစ်တွင် ခတ်၍ ဖွဲ့ထုတ်နည်းပေါ်လာသဖြင့် လက်နက်များ သေးငယ်၍လာပါသည်။ ပုပ္ပါးတောင်ဖက်မှ ရသော အသားညက်သည့် ကျောက်မျိုးကို စတင်၍ သုံးစွဲသူများလာဟန်ရှိ၏။ သစ်သားမှဖြစ်သော ကျောက်မျိုးကိုလည်း ဆက်လက်၍သုံးကြသည်။ ရှေးခေတ်က သုံးလက်စဖြစ်သော သစ်ကိုခုတ်၍ ချောသော ရွှေဘော်နှင့် ကျားလျှာမျိုးကို ဆက်၍တွေ့ရသေး၏။ ကျောက်ဖြစ်သစ်တုံးကို နောက်ဆုံးသတ္တုလက်နက်ပေါ်သည့် အထိ ဆက်၍သုံးပါသည်။ အထက်ကဆိုခဲ့ပြီးသည့်အတိုင်း ရိုက်ဖွဲ့လက်နက်မှ တဆင့်တက်ခါ အသွားသွေးလက်နက်ပေါ်လာပါသည် လှီးဖြတ်၍ရရုံအသွားကိုသာသွေးသဖြင့် အနှောင့်ကြမ်း၏။ ဆောက်၊ သပ်၊ ပုဆိန်၊ ပဲကွပ် ဟူသော ပုံသဏ္ဍာန်လည်း ခွဲခြားရလောက်အောင် မပြီသေး။ တစွယ်တုံးလျှင် နောက်တစွယ်လှည့်၍ သွေးယူသုံးစွဲတတ်ကြောင်းကိုလည်း တွေ့ရပါသည်။ ထိုမှတဖန် စင်းလုံးချော အောင် သွေးယူသောလက်နက်များပေါ်လာ၏။ အရင်းအစကပင် ချောညက်သောကျောက်ကို ယူ၍ ပုံပေါ်အောင်ဖေါ်ထုတ်ပြီးမှ အသွားချ၍သွေးပါသည်။အနယ်ထိုင်ကျောက်(SLIT STONES)များကို ၇၀%သုံးစွဲကြောင်းတွေ့ရ၏။ ပထမကျောက်တုံးမှ လိုသောပုံရအောင် အစတစကိုခတ်၍ဖွဲ့ထုတ်၏။ ပြီးမှ လိုပုံရအောင် တိုက်ဖြတ်သည်။ ထို့နောက် အသွားရော အနှောင့်ပါ အားလုံးချောအောင် သွေးယူ၏။ တခါတရံ အလယ်ပေါက်ပါသော ကွင်းကျောက်ကို ပွတ်စင်တင်၍ လိုသလိုတိုက်ဖြတ်ယူဟန်ရှိသည်ဟု ထင်ရ၏။ သို့သော် ထိုအခါက အိုးထိန်းစက်မပေါ်သေးသဖြင့် ပွတ်စင်လည်း မရှိနိုင်သေးပါ။ ထို့ကြောင့် လေးကိုင်းဖြင့် ဆွဲ၍ ပွတ်တိုက်ခြင်းဖြစ်နိုင်ပါသည်။

ကချင်နှင့်သျှမ်းတို့နေရာ မြောက်ဖက်တောင်ကုန်းအရပ်၊ သျှမ်းကုန်းပြင်မြင့်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သော ပူအိုက်ခြောက်သွေ့သော ဒေသတို့၌ ကျောက်လက်နက်များကို တွေ့ရှိမြဲဖြစ်၍ စိုက်ပျိုးရန်ထယ်ထိုးလျှင် ပေါ်လာတတ်၏။ အထက်ညောင်ဦး အောက်မကွေးအတွင်း ဧရာဝတီမြစ်ရိုးတွင် အများဆုံး တွေ့ရပါသည်။ ရိုက်ဖွဲ့ကျောက်လက်နက်နှင့် စင်းလုံးချောလက်နက်ကို အနီးအပါးယှဉ်လျက်တွေ့ရသဖြင့် လက်နက်ကောင်း သုံးသူများ ရုတ်တရက်ရောက်လာကြဟန်တူပါသည်။ အရှေ့တောင်အာရှ တခုလုံး၌ ကျောက်ခေတ် နှောင်းလက်နက်များမှာ တပုံစံတည်းမျှ တူညီနေကြောင်း တွေ့ရသဖြင့် အသွားအလာ အဆက်အသွယ် မပြတ်ဟု ဆိုနိုင်ပါသည်။ အာသံမှ စင်းလုံးချော လက်နက်များသည် မြန်မာနိုင်ငံမှ ဆင်းသက်ကြဟန်ရှိပါသည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း

Blanford, W.T: "The Burmese Chipped Flints, Pliocene and Mincene" *Nature*, LI (1895), 608

Brown, J. Coggin: "Relics of the Stone Age in Burma," *JBRS*, XXI (1931), 33-43

Cole, G,A.J: "Miocene Man in Burma," *Natural Science*, VII (1845), 295

Dani, A. H.: *Prehistory and Protohistory of Eastern India*, Calcutta, 1960

De Tarra, Hellmut and Movius Jr., Hallam L.: "Research on Early Man in Burma", *Transactions of the American Philosophical Society*, New Series, XXXII, *iii*, 1943

Jones, T. R.: "Miocene Man in Burma," *Natural Science*,V (1894), 345-9

Morris, T.O.: "A Palaeolith from Upper Burma", *JBRS*, XXII (8932), 19-20

———"The Prehistoric Stone Implements of Burma", *JBRS*, XXV (1935), 1-39

———"A Palaeolith from Yenangyaung," *JBRS*, XXVI (1936), 119-21

———"The Konbyin Terrace of the Irrawaddy at Thayetmyo", *JBRS*, XXVI (1936), 263-9

———"Prehistoric Stone Implements from the Konbyinmyint of the Irrawabdy and Paunglaung Rivers", *JBRS*, XXVII, (1937), 74

Movius, Jr., Hallam L.: "The Lower Palaeolithic Cultures of Southern and Eastern Asia", *Transactions of the American Philosophical Socicty*, New Series, XXXVIII, *iv*, 1948

Noetling,F.: "On the Occurence of Chipped (?) Flints in the Upper Miocene of Burma," *Rccords of the Geological Survey of India*. XXVII (1894),101-3

———"On the Discovery of Chipped Flint Flakes in the Pliocene of Burma", *Natural Science*, X (1897), 233-41

Oldham, R. D.: "The Alleged Miocene Man in Burma", *Natural Science*, VII (1893), 201

Sahni, M.R.: *Man in Evolution*, Calcutta, Longmans, 952

Swinhoe, R.J.C.: "Prehistoric Man in Burma", *Zoologist*, VI (1902), 321-36

———"Some Further-Notes on Chipped Flints at Yenangyaung, Upper Burma," *Zoologist*, VII (1903), 254-9

# မြန်မာနိုင်ငံတွင်း၌ နေထိုင်ကြသူများ

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟု ခေတ်သုံးပိုင်း အဆင့်ဆင့် တိုးတက်ရာ၌ ခရစ်နှစ် သုံးရာကျော်တွင် မြန်မာနိုင်ငံ အလယ်မြစ်ရိုး၌ မြို့ပြနိုင်ငံ တည်ထောင်ကြီးပွားလျက် ရှိသော ပျူတို့ သံပစ္စည်း သုံးစွဲနေပြီဖြစ်ကြောင်း တွေ့ရသဖြင့် ကျောက်ခေတ်နှောင်း ကုန်ချိန်ဖြစ်သော ခရစ်နှစ် ပေါ်စအခါကစ၍ ပျူခေတ်ရောက်သော လေးရာစုကာလအတွင်းက ပေါ်ပေါက်ခဲ့မည် ဖြစ်သော ကြေးခေတ်ကို ကောင်းစွာ ဖေါ်ပြနိုင်ခြင်း မရှိပါ။ ယခုတောင်တွင်းကြီးအနီးတွင်ရှိသော ဗိဿနိုး မြို့ဟောင်းကို တူးဖေါ်ရာ၌ သံပစ္စည်းများနှင်တကွ တိုက်တာ အဆောက် အအုံများတွင် နေသော လူမျိုးရှိ၍ ထိုလူတို့၏ ယဉ်ကျေးမှုမှာ ခရစ်နှစ် တစ်ရာစုက ယဉ်ကျေးမှုဖြစ်ဟန်ရှိသည်ဟု မှန်းဆရပါ သည်။ နောက်တခန်းတွင် ယင်းဗိဿနိုးမြို့ဟောင်းအကြောင်းကို ယနေ့အထိ သိသမျှ ဖေါ်ပြပါမည်၊ မည်သည့်သူများ တူထောင်သောမြို့ဟု သိရန်ခက်လှ၏။ ကျန်မြန်မာနိုင်ငံတဝှမ်းလုံးတွင်လည်း မည်သို့ သော သူများ နေထိုင်ကြ၍၊ မည်သည့် တိုင်းနိုင်ငံများကို တူထောင်ကြလေသနည်းဟု ခန့်မှန်းကြရာ၌ အချို့ပညာရှင်တို့က ပထမ နီဂရိတို အမျိုးတို့နေကြ၏ဟု ယူဆသည်။ ထို့နောက် မြန်မာနိုင်ငံတောင် ပိုင်းတွင် တောင်အာရှကုန်းပိုင်းနှင့် ကျွန်းများ အဝင် အပါ ဩစတရေလီယားတိုက်အထိ အနှံ့အပြား နေထိုင်ကြသော ဩစတရစ် ဘာသာစကားပြောသူများ နေလာကြဟန် တူပါသည်။ ဩစထရစ် နှစ်မျိုးတွင် ဩစတရိအာရှများက ကုန်းပိုင်း၊ ဩစတရိုနီရှများက ကျွန်းပိုင်းတွင် နေသူများဟု အကြမ်းခွဲဝေ၍ ရပါသည်။ ဩစတရိအာရှအစုမှ ယနေ့တိုင် မြန်မာနိုင်ငံ၌ ရှိနေသူများကား—မွန်၊ ပလောင်၊ ဝ၊ ရိအန်နှင့် ခစီများဖြစ်ပါသည်။ တခါက မုတ္တမပင်လယ်ကွေ့ဝန်းကျင်၌ ဩစတရိုနီရှတို့ ရှိခဲ့ဘူးမည်ဖြစ်၍၊ ယင်းတို့လက်မှ ဩစတရိအာရှအမျိုးများက အောက်မြန်မာနိုင်ငံကို လုယူကြဟန် ရှိသည်ဟု သာမည မှတ်ယူရန် ရှိပါသည်။ ဩစတရစ် ဘာသာစကားစု အဝင် အပါ လူမျိုးတို့သည် ယခု ဗီယက်နမ်၊ ကမ္ဘောဇနှင့် ယိုးဒယားတွင် အစုအအုပ်ကြီးစွာ နေကြလျက် ထိုဒေသများမှတဆင့် ယင်းတို့၏ အနောက်ဖက်ဖြစ်သော မြန်မာနိုင်ငံနှင့် ဂင်္ဂါမြစ်ဝှမ်းဖြစ်သော အိန္ဒိယနိုင်ငံဖက်သို့ ကူးသန်း ပေါက်ရောက်ဟန် ရှိ၏။ ယိုးဒယားဖက်မှ မွန်သည် ခရစ်နှစ်ဆန်းကပင် အရှေ့မှ အနောက်သို့ ချဲ့ထွင် လျက် မြန်မာနိုင်ငံတွင် မုတ္တမပင်လယ်ကွေ့နှင့်တကွ ရာဝတီမြစ်ဝ အရှေ့ပိုင်းနှင့် အတွင်းဖက် ကျောက်ဆည်နယ်အထိ နေရာယူလိုက်ပါသည်။ ထိုသူတို့နှင့် မရှေးမနှောင်းမှာပင် တိဗက်-တရုတ် အမျိုးကြီးမှ တိဗက်မြန်မာအမျိုးသည် မြောက်မှတောင်သို့ တစတစ နေရာယူ၍ ပြည်ရွာတည်ထောင် လာကြပါသည်။ သက်၊ ကန္တူး၊ ပျူ၊ ကရင်တို့ကား မြန်မာထက်စော၍ မြန်မာနိုင်ငံတွင်း၌ ရှိနေ သူများဖြစ်မည်ဟု ဆိုချင်ပါသည်။ အမျိုးအရိုးဆက်သွယ်ပုံကို ပုံစံထုတ်၍ ထင်ရှားအောင်ပြပါမည်။

- သြစတရစ်
  - သြစတရိုနီရှ(မလေး-ပိုလီနီရှ)
    - အင်ဒိုနီရှ (မလေး၊ ချမ်း၊ မော်ကင်ခေါ် ဆလုံ)
    - မီလေနီရှ
    - ပိုလီနီရှ
  - သြစတရိုအာရှ
    - မွန်ခမာ
      - မွန်
      - ခမာ
      - နီကိုဗရ်
      - ခါဆီ
      - စကဲခေါ်ဆိန္နိုင်
      - ဗနှာရ်၊ စတိယင်နှင့် အာနာမ်ဘာသာစကားများ
      - ပလောင်၊ ရိအန်-လဝ
    - မုဏ္ဍာ (ကိုလ်-ခေါ်ခဲဝါရိယန်)
      - ခေါ်ဝါရီ
        - စန္တာလီ
        - မုဏ္ဍာရီ
        - ဟိုး
      - ကူရှုကူ
      - ရှဗရ

☆ သြစတရစ်အမျိုးဆက် ☆

- တိဗက်-တရုတ်
  - မန်
    - မျောဝ်
    - ယောဝ်
  - ကရင်
    - စဂေါ၊ပကူး၊ဝဲဝေါ၊မိုနဲပွား
    - ပိုး
    - မိုးပွား
    - ကရင်ဖြူ၊ ဗွဲ၊ ဗရက်
    - ကယား
    - ပဒေါင်း၊ ယင်ဗော်၊ ဆဲကု
    - တောင်သူ
    - ဇယိန်
  - ထဲ-တရုတ်
    - တရုတ်
      - ကန်တွန်
      - ဟက္က
      - ဆွတော
      - အမွိုင်
      - ဖူချိဝ်
      - ပီကင် ခေါ် မန္ဒရင်
    - အာနာမ်
      - တွန်ကင်
      - ကိုချင်ချိုင်နာ
      - ကမ္ဗောဇ
    - ထဲ
      - ယိုးဒယား
      - သျှမ်း
      - အာဟောမ်
      - ခါမ္တီ
  - တိဗက်-မြန်မာ
    - တိဗက်-ဟိမဝန္တာ
      - တိဗက်
        - တိဗက်
        - ဗော် လတီ
        - လဒခီ
      - ဟိမဝန္တာ
        - ရှောင်
        - ဆုန်ဝါရ်
    - မြောက် အာသမ်—မိရှမိ
    - အာသမ်-မြန်မာ
      - နဂါး
      - ကုကိ-ချင်း
        - သာဒိုး
        - ကံဟောင်
        - စုက္ကတဲ့
        - စုဂျင်
        - လဲ
        - လူရှေခေါ် ဝွဲလဒို
      - သက်
        - လွှမ်
        - တမန်
        - မလင်
        - အင်ကျယ်
        - ဂဏန်း
        - ကန္တူး
      - ကချင်ခေါ် ချင်ဖေါ—ဒူလင်
      - မြန်မာ
        - မရုခေါ် လောင်းဝေါ
        - လရှိခေါ် လချိကွော
        - အတ်စီခေါ် တဇီခေါ် တဆဲခေါ် မိုင်သာခေါ် အချန်
        - ဖွန်
        - ဒနု
        - အင်းသား
        - ထားဝယ်
        - ရခိုင်
        - တောင်ရိုး ခေါ် တိုရှ
      - လိုလို
        - လိစု
        - လိဆော
        - လိစို
        - နွှန်
        - (ရဝန်)
        - လဟုန
        - လဟုဆို
        - အခခေါ် အိကော
        - အခိုးပျင်

☆ တိဗက်-တရုတ် အမျိုးဆက် ☆

## မြန်မာနိုင်ငံတွင်း၌ နေထိုင်ကြသူများ (၂၁)

ဤသို့အားဖြင့် ဩစတရစ်အမျိုးနှင့် တိဗက်-တရုတ်မျိုးတို့ မြန်မာနိုင်ငံ၌ ခရစ်နှစ် ပေါ်စက စ၍ နေလာသည်ဟု ယူဆလျှင် မှားစွာ မှားမည်မဟုတ်ချေ။ ဩစတရစ်အမျိုးက မြန်မာနိုင်ငံသို့ အရောက် တိဗက်-တရုတ်ထက် အနည်းငယ် စောဟန်ရှိ၏။

ဩစတရစ်အမျိုးသည် လူဦးရေအားဖြင့် မများလှသော်လည်း နေထိုင်ရာ အရပ်ကား ကျယ်ပျံ့လှ၏။ အရှေ့ အိစတာကျွန်းမှ အနောက် မဒဂစတာကျွန်းသို့၎င်း၊ အနောက်မြောက်ဖက်တွင် ပန်ဂျပ်မှ အရှေ့တောင်တွင် နယူးဇီလန်အထိ နယ်နိမိတ်တွင်း၌ ဩစတရစ်အမျိုးတို့ နေကြ၏။ ရာဇဝင်ကြောင်းကို တရုတ်မှတ်တမ်းများအရ သိရသည်မှာ ၇-ရာစုလောက်ရောက်လျှင် ဩစတရစ် အမျိုးမှ မွန်နှင့်ခမေရ်တို့ ယဉ်ကျေးကြီးကျယ်လျက် ရှိပါပြီ။ မွန်တို့က ယခု ယိုးဒယားနိုင်ငံ ယိုးဒယား ပင်လယ်ကွေ့ထိပ်၌ နခွန်ပထောမ် (ဖြတ် ပထမ) တဝိုက်နှင့် အယုဓျာမြောက်ဖက် လောပ္ပုရိ (လဝပုရ)တွင် ဒွါရဝတီနိုင်ငံကို တည်ကြ၏။ ထိုမှတဖန် လောပ္ပုရိမင်းသမီး ချာမဒေဝီက ယိုးဒယား မြောက်ဖက် ဇင်းမယ် အရှေ့တောင်ဖက် ယခု လမ္ပုန်အရပ်တွင် ဟရိပုဥ္စယ ခေါ် မွန်နိုင်ငံသစ်ကို တည်ထောင်ပြန်သည်။ နဂရဩဓိရ်ပမရာဇ (ယခုအခေါ် နခေါန်သိတမ္မရတ်)တွင် ဗုဒ္ဓဝါဒီ မွန်နိုင်ငံ တခုရှိသေး၏။ တဆယ့်တစ်ရာစုဦးတွင် ထိုမွန်နိုင်ငံများ အချင်းချင်း တိုက်ခိုက်ကြသည့်အပြင် မွန်က ကြောမ်(ရှေးမြန်မာကကြွ)ခေါ်သော ကမ္ဘောဇမှ ခမေရ်တို့ကလည်း လာရောက်တိုက်ခိုက်သဖြင့် လဝပုရပျက်၏။ ဟရိပုဥ္စယမပျက်ချေ။ခမေရ်တို့သည် မြန်မာနိုင်ငံတွင်း၌ ရောက်နေသော မွန်တို့ကိုပင် လာရောက်နှောက်ယှက်သဖြင့် ထိုခမေရ်တို့ကို နှိမ်ရကြောင်းကို မြန်မာရာဇဝင်တို့၌ ဂျွမ်းစစ်သည်ကို ဥဿာပဲခူးမှ တိုက်ထုတ်ရသည်ဟု မှတ်တမ်းကျန်ရစ်သည်။ တဆယ့်သုံးရာစုအတွင်း သျှမ်းတို့ ယိုးဒယား နိုင်ငံတွင်းသို့ ဝင်လာသည့်အခါမှ ယိုဒယားနိုင်ငံ၌ မွန်သီးခြားနိုင်ငံ ပျောက်ရ၏။ မွန်တို့ကား ယခု မြန်မာနိုင်ငံ၌ ရှိသလို ယိုးဒယားနိုင်ငံ၌လည်း ရှိပါသည်။ ယနေ့ မြန်မာနိုင်ငံ၌ ဩစတရစ်မျိုးဝင် ဘာသာများကား—

၁။ မော်ကင်ခေါ် ဆလုန်(မြန်မာနိုင်ငံတောင်ဖက်ဖျား ကျွန်းငယ်များ)

၂။ မွန်(အောက်မြန်မာနိုင်ငံ)နှင့်

၃။ ပလောင်၊ ရိအန်၊ လဝ၊ တဲလှိုင်၊ အဲန်၊ ခမုက်၊ ဒနော(သျှမ်းပြည် တောင်ပိုင်း၊ အနောက်မြောက်နှင့် အရှေ့မြောက်ပိုင်း)

တို့ဖြစ်ပါသည်။ ယင်း သုံးမျိုးအနက် မွန်မှာ အများစု ဖြစ်ပါသည်။ တဆယ့်တစ်ရာစု၌ ပုဂံတွင် တွေ့ရသော မွန်ကျောက်စာနှင့် တဆယ့်ငါးရာစု ပဂိုးမှ ကလျာဏီကျောက်စာကို၎င်း၊ ထိုတဆယ့်ငါး ရာစုမှ မွန်နှင့် ယနေ့မွန်ကို၎င်း နှိုင်းယှဉ်လျှင် မွန်အပြောအဆို အရေးအသား များစွာ ပြောင်းလဲခဲ့ သည်ဟု သိသာပါသည်။ တဆယ့်တစ်ရာစု မြန်မာနှင့် ယနေ့မြန်မာ ပြောင်းလဲသည်ထက်ပင် မွန် ပြောင်းလဲပုံက ပိုသည်ဟု ဆိုနိုင်၏။

တိဗက်-တရုတ်မျိုးမှာလည်း မြန်မာနိုင်ငံ အဝင်အပေါ် အရှေ့တောင်အာရှတွင် အနှံ့အပြား ရှိပါသည်။ အကြောင်းအရာ စုံလင်အောင် မပြောပြတတ်သဖြင့် ဖော်ပြရန် နည်းသောကြောင့် မန် မျိုးခွဲနှင့် ကရင်မျိုးခွဲအကြောင်းကို အစအဦးထားခါ ဖော်ပြပါမည်။ မန်ဘာသာစကားမှာ ယန်စီ

မြစ်၏ တောင်ဖက် တရုတ်အလယ်ပိုင်းရှိ "တောင်ပိုင်းလူရိုင်း"တို့၏ စကား ဖြစ်ပါသည်။ ထိုအရိုင်းတို့တွင် မျောဝ်ခေါ် မှောင်နှင့်ယောဝ်တို့လည်း ပါဝင်၏။ ထိုနှစ်မျိုးသည် မြန်မာနိုင်ငံတွင်းသို့ ဝင်လာကြ၍ သျှမ်းပြည်၏ သိန္နီ၊ ကျိုင်းတုန်နှင့် မိုင်းပန်နယ်များတွင်၎င်း၊ ယိုးဒယားနယ်စပ်တွင်၎င်း နေကြ၏။ တရုတ်နိုင်ငံ၌ ယင်းတို့သည် ရှေးကျသော အမျိုးစုအဝင်အပါ ဖြစ်သော်လည်း ယိုးဒယားနှင့် မြန်မာနိုင်ငံများသို့ ရောက်လာသည်ကား မကြာလှသေးချေ။ ကရင်မျိုးခွဲကား ယိုးဒယား သျှမ်းနှင့် မြန်မာနိုင်ငံအောက်ပိုင်း၌ အများအပြား တွေ့ရပါသည်။ ဇင်စစ် ကရင်သည် ယခု တိမ်ကောပြီ ဖြစ်သော ပျူလူမျိုးနောက်မှ မြန်မာနိုင်ငံတွင်းသို့ အရှေ့ဖက် (ယိုးဒယားဖက်)မှ ဝင်လာဟန် ရှိ၏။ ပျူအကြောင်းကို သီးခြားဖေါ်ပြမည်ဖြစ်၍ ယခုချန်ခဲ့ပါမည်။ ပျူတို့ပျက်စီးရသည်မှာ တစိတ်တဒေသအားဖြင့် ကရင်က အန္တရာယ်ပြုခြင်းကြောင့် ဖြစ်ပါသည်။အောက်မြန်မာနိုင်ငံတွင်းသို့ ရှစ်ရာစုလောက်ကပင် ရောက်လာ၍ ယင်းတို့ နှောက်ယှက်သောဒဏ်ကြောင့် ဂြိုဟ်ကွေ တြပျက်၍ ပျူများ အညာသို့ဆုတ်ခါဟန်လင်းတွင် အခြေသစ်ပြန်၍စိုက်သည်ဟု အချို့ရာဇဝင်ဆရာများအယူရှိပါသည်။ပုဂံခေတ်မြန်မာကျောက်စာများ၌ စကြဝ်ဟူသော စကားလုံးကို တွေ့ရှိရပါသည်။ စကြဝ်ကို ယခု စဂေါ်ကရင်ဟု မှတ်ယူမည်ဆိုလျှင် ယင်းတို့သည် မင်းဘူးခရိုင်၌ နေခဲ့ကြ၍ ဆည်မြောင်းနှင့် လယ်စိုက်သူများ ဖြစ်ကြပါသည်။ ပုဂံကျောက်စာများ၌ ကရင်နွယ်ဟု ယူဆရန်ရှိသည့် တောင်သူဟူသော အမည်ကိုလည်း တွေ့ရတတ်ပါသည်။ ယခု တောင်သူကား တောင်တန်းတလျောက်၌ ယာလုပ်သူများ ဖြစ်ကြ၏။ ကျောက်စာတခု၌ **ကရျင်တန်မိပြောက်**(ကျောက်စာဓါတ်ပုံ ၃၀၉ စာကြောင်း ၃၄)ဟု တွေ့ရဘူး၏။ မြန်မာနိုင်ငံ၌ ယခုအခါ ကရင်စကားပြောသူ အရေအတွက်မှာ မြန်မာစကားပြောသူနှင့် စာလျှင် ဒုတိယလိုက်၏။ ကရင်မျိုးခွဲတွင် စကောနှင့် ပိုးတို့က လွင်ပြင်များ၌ နေသည်။ တောင်တန်းကရင်တွင် ဦးရေအများဆုံးကား တောင်သူဖြစ်၏။ ပအိုးအမည်ခံခါ သျှမ်းပြည်တောင်ပိုင်းနှင့် သထုံခရိုင်တွင် အများအပြားနေကြသည်။ ကယားမှာ ကယားနယ်၊ ပဒေါင်းမှာ မိုးဗြဲနှင့် ကယားနယ်၊ ကရင်ဖြူမှာ တောင်ငူ၊ ရမည်းသင်းနှင့် ကယားနယ်တို့၌ အသီးသီး နေကြပါသည်။

ထဲ-တရုတ်မျိုးခွဲတွင် အကြမ်းအားဖြင့် တရုတ်၊ အာနာမ်နှင့် ထဲဟူ၍ သုံးမျိုးရ၏။ မြန်မာနိုင်ငံနှင့် တိုက်ရိုက်သက်ဆိုင်သည်ကား ထဲ (T'AI)ဖြစ်ပါသည်။ ထဲမှာ ယင်းတို့ ဘာသာစကားအရ လွတ်လပ်ခြင်းဟု အဓိပ္ပါယ်ရ၏။ ရှေးမြန်မာ အရေး အသား၌ ယင်းကို သျှံ သို့မဟုတ် သျှမ်ဟု ရေးပါသည်။ (သျှမ်ကို ရောမအက္ခရာနှင့် ဖလှယ်လျှင် အက်စ်ဝိုင်အေအမ် (SYAM) ဖြစ်လာ၍ ထိုအမည်မျိုးကို ယူ၍ ယိုးဒယားကို ဥရောပတိုက်သားတို့က အက်စ် အိုင် အေ အမ် (SIAM) ဆိုင်ယမ်ဟု ခေါ်ဟန် ရှိပါသည်) တဆယ့်ခြောက်ရာစုက အိန္ဒိယ အရှေ့မြောက်၌ နေလာသော အာဟောမ်သျှမ်းကို စွဲ၍ အာသမ်ဟူသော အမည်နှင့် နိုင်ငံပေါ်လာသည်။ ခရစ်နှစ် တစ်ရာစုတရုတ်စာပေ၌ လောအမည်ခံ သျှမ်းတမျိုးအကြောင်းကို ရေးသားဘူး၏။ ယခု လောသည် မြန်မာနိုင်ငံ၏ အရှေ့၊ ယိုးဒယားနိုင်ငံ၏ အရှေ့မြောက်ဖက်နှင့် ကမ္ဘောဇ၏ မြောက်ဖက်၌ သီးခြားနိုင်ငံနှင့်နေကြပါသည်။ သျှမ်းနှင့် မြန်မာသည် တရုတ်နိုင်ငံ အနောက်ဖက်၌ အနှစ် ၂၀၀၀-မျှ အတူနေခဲ့ကြရသော်လည်း ဘာသာစကားအရ မြန်မာက တိဗက်နှင့် နီးစပ်၍ သျှမ်းက တရုတ်နှင့် နီးစပ်ပါသည်။ သို့သော် သျှမ်းစကား၌ မြန်မာစကားလုံး များစွာ ပါဝင်နေ၍ မြန်မာစကား၌လည်း

သျှမ်းစကားလုံးများစွာ ရှိပါသည်။ အိုက် အိုင် အသံထွက်ရှိသော တိုက်၊ တိုင်၊ အစရှိသည့် စကားလုံးများကား ရှေးမြန်မာတို့ သျှမ်းအမျိုးအဝင်အပါ နန်ကျောင်နှင့်တွေ့ကြစဉ်က အတုယူ လက်ခံသုံးစွဲခဲ့သော စကားလုံးများဖြစ်၍ နယ်နိမိတ်ပိုင်းခြားသော အုပ်ချုပ်ရေးဆိုင်ရာ စကားလုံးများ ဖြစ်ပါသည်။ မြန်မာတို့ထံမှ ဗုဒ္ဓသာသနာဆိုင်ရာ စကားလုံးအများပင် သျှမ်းက လက်ခံသုံးစွဲနေပါသည်။

သျှမ်းမျိုးစိတ် အဝင်အပါ အစုတစုသည် ယခုယိုးဒယားအသယ်ပိုင်း၌ တဆယ့်သုံးရာစုက သုခေါဒယနိုင်ငံကို တည်ထောင်၍ ထိုနိုင်ငံဘုရင် ရာမဂါမှဲင် ရေးထိုးသောကျောက်စာသည် ခရစ်နှစ် ၁၂၈၃-ခုနှစ်ကဖြစ်၍ ထိုကျောက်စာသည် သျှမ်း(သို့မဟုတ်)ထဲတို့၏ ရှေးအကျဆုံးစာဟု ခေါ်နိုင်ပါသည်။ ထိုစာရေးနည်းကိုပင် သန်လွင်မြစ် အရှေ့ဖက်ကမ်းတွင် နေသမျှသျှမ်းတို့ လိုက်၍ရေးကြသည်။ ထိုစာနှင့်ပင် ကျိုင်းတုံနယ်၌ ခရစ်နှစ် ၁၅၄၀-ပြည့် ရက်စွဲနှင့် ကျောက်စာများ ရှိ၏။ သံလွင်၏ အနောက်ဖက်ကမ်းမှ သျှမ်းတို့ကား မြန်မာနှင့်နီးစပ်သဖြင့် မြန်မာစာရေးနည်းကို ယူကြသည်။ မြန်မာအက္ခရာသည် သျှမ်းသံရေးရန် မပြည့်စုံသဖြင့် သံလွင်အရှေ့ သျှမ်းစာလောက်မကောင်းချေ။ သံလွင်အရှေ့ သျှမ်းစာများဖြစ်သော ယိုးဒယား၊ လော၊ ခုံ၊ လူး စာပေများသည် သံလွင်အနောက် မြန်မာသျှမ်းစာပေထက် တိုးတက်ကြီးပွားသည်ကို တွေ့ရသည်။ ပူတာအိုနယ်မှ ခါမ္တီသျှမ်းနှင့် အာသမ်နယ်မှ အာဟောမ်သျှမ်းတို့၏ စာပေလည်း မြန်မာနည်းအတိုင်း ရေးသည်။ သို့သော် နောင်အခါ မြန်မာနှင့် အဆက်အဆံနည်းသဖြင့် ရေးမူပျောက်ခါ ခြားနားချက်များစွာရှိနေပါပြီ။ ခါမ္တီသျှမ်းတို့က ဗုဒ္ဓဝါဒီဖြစ်သော်လည်း တဆယ့်နှစ်ရာစုကစ၍ အာဟောမ်သျှမ်းတို့ ဟိန္ဒူအယူရှိကြပါသည်။

ရာဇဝင်ကြောင်းကို ပြန်၍ကြည့်လျှင် ခရစ်နှစ်အစလောက်ကပင် သျှမ်းတို့သည် ယခုယွန်နန်နယ်၌ နေကြလျက် ခြောက်ရာစုလောက်တွင် နိုင်ငံတည်ထောင်နိုင်လောက်အောင် ကြီးပွားလာကြရာ ယင်းတို့နိုင်ငံကို တရုတ်က "တောင်ဖက် ဆောဘွဲ့ခံသူအုပ်ချုပ်သောလူမျိုးများ" အနက်ရှိသည့် နန်ဆော သို့မဟုတ် နန်ကျောင်ဟုခေါ်၏။ တာလီမှာ မြို့တော်ဖြစ်သည်။ ခုနှစ်ရာစုကစ၍ အနီးအပါးနိုင်ငံများကို အခါခါသိမ်း စစ်တိုက်ကြလျက် စစ်နိုင်ငံတခုအဖြစ်ဖြင့် ကြော်ကြားသာသည်။ ယခုအာသမ်၊ မြန်မာ၊ ထိုင်၊ လော၊ ဗီယက်နမ်နိုင်ငံများတွင်ရှိသော လူမျိုးအသီးသီးက နန်ကျောင်ကိုခံညားရသည်။ ခရစ်နှစ် ၈၃၂-က ပျူမြို့တော်ကို ယင်းတို့ဖျက်ဆီး၏။ မိချင်အမည်ရှိသော မြန်မာနိုင်ငံတွင်းမှ အခြားမြို့တခုကိုလည်း ၈၃၅-ခုကဖျက်ဆီးသည်။ ကိုးရာစုကုန်လျှင် နန်ကျောင်၏တန်ခိုးသြဇာ ကျဆင်းစပြုတော့သည်။ တဆယ့်သုံးရာစုသို့ရောက်လျှင် အာရှနှင့်ဥရောပနိုင်ငံများစွာကို တိုက်ခိုက်သိမ်းယူနိုင်စွမ်းရှိသောမွန်ဂိုလ်တို့ပေါ်ပေါက်လာ၍ ၁၂၅၃-ခုတွင် နန်ကျောင်မြို့တော် တာလီကို သိမ်းယူလိုက်သည်။ သျှမ်းတို့လည်း ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲဖြစ်၍ ဘေးကင်းရာတောင်အရပ်ကိုဆင်းခဲ့ကြရာ ယခု အာသမ်၊ မြန်မာ၊ လော၊ ထိုင် နိုင်ငံများသို့ တိုးဝင်လာကြသည်။ အရှေ့ဖက် ယခု ကွေ့ကျောင်နှင့် ကွန်ဆီနယ်များသို့လည်း ဝင်ရောက်ကြ၏။ တရုတ်တို့က ခရစ်နှစ် ၁၃၉၆-ခုလောက်တွင် ပိုင်ယီအမည်နှင့် စာတအုပ်ရေးခဲ့ရာ ပိုင်ယီသည် အဝတ်ဖြူ သို့မဟုတ် လူရိုင်းတရာဟု အနက်ရ၍ တရုတ်က သျှမ်းကိုခေါ်သော အမည်ဖြစ်ပါသည်။ ထိုအခါက မြန်မာနိုင်ငံတွင်း၌ မြန်မာက မောသျှမ်းခေါ်၍ တရုတ်က မဲင်မောပိုင်ယီခေါ်သော သျှမ်းများသည် ယခင်နန်ကျောင်နိုင်ငံကို ပြန်လည်ထူထောင်ရန် ကျိုးစားဆဲဖြစ်၏။ ထို့ကြောင့် တရုတ်နှင့်မောသျှမ်းတို့ ၁၄၃၈-၆၅-ခုနှစ်များက စစ်ဖြစ်ခါ မောသျှမ်းတို့ရှုံးသဖြင့် မိုးညှင်း

နယ်နှင့် ယခုသျှမ်းပြည်တွင်းသို့ပြေးဝင်ကြရ၏။မိုးညှင်းကို ၁၄၄၉-ခုက တရုတ်သိမ်းပြန်လျှင် ကလေး၊ ခါမ္တိ၊အထက်ချင်းတွင်းနှင့် အာသံသို့ ဝင်ရ၏။ အာဟောမ်ကိုစွဲ၍ တဆယ့်ခြောက်ရာစုတွင် အာသံနိုင်ငံအမည်တွင်လာကြောင်း အထက်က ရေးခဲ့ပြီ။ အချို့ ပိုင်ယီကား တရုတ်လက်အောက်ခံများအဖြစ်ဖြင့် တရုတ်နိုင်ငံ၌ပင် နေခဲ့ကြ၏။ ပိုင်ယီခေါ် တရုတ်သျှမ်းကို မြောက်ပိုင်းသျှမ်းဟူ၍၎င်း၊ မြန်မာသျှမ်းကို သျှမ်းကြီးခေါ်၍ တောင်ပိုင်းသျှမ်းဟု အသိအမှတ်ပြုကြသည်။

တိဗက် မြန်မာမျိုးကွဲတွင် စာပေယဉ်ကျေးမှုအားဖြင့် ထူထယ်ကြီးမားသည်ကား တိဗက်နှင့် မြန်မာသာရှိ၏။ ထိုအမျိုးကွဲ၏ မူလအရပ်မှ ထွက်ခဲ့ကြလျှင် အစုသုံးစုကွဲ၍ တိဗက်၊ အာသံနှင့် မြန်မာနိုင်ငံများသို့ဝင်ရောက်ကြဟန်ရှိပါသည်။ဤတွင် အာသံ-မြန်မာအမျိုးစိတ်အကြောင်းကိုမြန်မာနိုင်ငံနှင့်ပတ်သက်သဖြင့် အသေးစိတ် လေ့လာရပါမည်။ အာသံ မြန်မာလူမျိုးစိတ်တွင် အစုခြောက်စုပါရှ

(၁) နဂါးအစု
(၂) ကုကီ-ချင်းအစု
(၃) သက် အစု
(၄) ကချင် အစု
(၅) မြန်မာအစုနှင့်
(၆) လိုလိုအစု

တို့ဖြစ်ပါသည်။ ပထမဖြစ်သော နဂါးအစုကား အာသံနှင့် မနိပုရ်တွင် နေကြ၏။ မြန်မာနိုင်ငံဘက်၌ ဆွမ်မရတောင်တန်းဒေသတွင် နေကြသည်။ဒုတိယဖြစ်သော ကုကီချင်းအစုသည် ဆွမ်မရတောင်တန်းချင်းတောင်တန်း၌ သံတွဲအရောက် တောင်ဖက်သို့ဖြန့်၍ နေကြရာ ချင်း ၄၄-ဒေသရှိပါသည်။အထက်ချင်းတွင်းအရပ်တွင် မြောက်ပိုင်း ချင်းတို့နေ၍ သဒေါ၊ စိယိန်၊ သောက်ကတဲ၊ ကမ်ဟောင်နှင့် ယိုးအမျိုးတို့ပါဝင်၏။ အလယ်ပိုင်းချင်းသည် တီဒင်၊ ဖလမ်၊ ဟာက၊ကန်ပက်လက်နယ်များတွင်နေ၍ လဲနှင့် လူရှေခေါ် ဝှဲလင်အမျိုးတို့ပါသည်။ ဘောင်ပိုင်းချင်းကား ရခိုင်တွင်နေ၍ ကျော်၊ အနု၊ ကောင်ဆိုးအမျိုးတို့ဖြစ်သည်။ တောင်ပိုင်းချင်း အဝင်အပါ တောင်သားသည် ယခင်က ပုပ္ပါးတောင်ခြေတွင်နေသည်ဟု အစဉ်အလာ ပြောစမှတ်ပြု၏။ ယခု ပခုက္ကူ၊ ထီးလင်း၊ ဆောနှင့် ဂန့်ဂေါနယ်များတွင်နေ၍ နာမည်ကြီးသော ယောလုံခြည်ကို ယက်သူများဖြစ်ပါသည်။သရက်နှင့်မင်းဘူးခရိုင်၌သာအများဆုံးနေသော ရှိုးနှင့် စစ်တွေခရိုင်နေ ခမိတို့လည်း တောင်ပိုင်းချင်းများပင် ဖြစ်သည်။တတိယဖြစ်သော သက်အစုတွင် တခါက မနိပုရ်လွင်ပြင်တွင် နေဘူးသော လွ မိအမျိုး၊အထက်ချင်းတွင်းမှတမန်၊မလင်နှင့် အင်ကျယ်၊ မြန်မာတို့ မရောက်မီကပင် တကောင်း၌ အခြေစိုက်နေသော ဂဏန်းနှင့်ကန္တူး၊ မြန်မာတို့မရောက်မီကပင် ပုကံတစိုက်တွင် နေကြလျက် ယခု စစ်တွေနယ်တွင် တွေ့ရသော (ဒိုင်းနက်)တို့ ပါဝင်သည်။ ယခုအခါ ကသာခရိုင်၌ မူးမြစ်အရှေ့တွင် ကန္တူး၊ အနောက်တွင် ဂဏန်းတို့နေကြ၏။ ဒိုင်းနက်ကား တဆယ့်သုံးရာစုက အောက်ချင်းတွင်းနယ်မှ ရခိုင်ဘုရင် မင်းခီးက စစ်သုံ့ အဖြစ်ဖြင့် ဖမ်းယူသွားသော သက်စကားနှင့်ဘင်္ဂါလီစကား ရောနှောရာမှဖြစ်ပွားသော စကားဖြစ်ပါသည်။စတုတ္ထဖြစ်သော ကချင်အစုကား အာသံမှ သျှမ်းပြည်မြောက်ပိုင်းအထိနေကြသော ချင်ဖေါတို့ဖြစ်၏။တဆယ့်ခြောက်ရာစုမတိုင်မီက အာသံတွင် နေသူများဖြစ်၍ အာသံကို အာဟောမ်သျှမ်းဝင်သောကြောင့် မြန်မာ

နိုင်ငံဖက်သို့ဆင်းလာ၍ ဗန်းမော်ဖက်၌ရှိသော ပလောင်ကို ရွှေလီ၏တောင်ဖက်သို့ ငံမောင်းထုတ်ကြသူ များ ဖြစ်သည်။

ပဥ္စမဖြစ်သော မြန်မာအစုကား ကိုးရာစုနောက်ပိုင်းတွင်မှ မြန်မာနိုင်ငံတွင်းသို့ ဝင်လာကြဟန်ရှိ၏။ ဝင်လာပုံအသေးစိပ်အကြောင်းကို နောင်တွင် သပ်သပ်ပြောလိုပါသဖြင့် ယခုချန်ထားပါမည်။ မြန်မာနိုင်ငံအလယ်ပိုင်း ပူအိုက်ခြောက်သွေ့သော မြေပြန့်လွင်ပြင်သို့ ဆင်းရာ၌ မပါသူ သို့မဟုတ် ထိုမှတဆင့် ဆက်လျက် ထွက်ခွါသွားသူတို့ကား—

၁။ မရူခေါ် လောင်းဝေါတို့သည် မြန်မာနိုင်ငံမြောက်ဖျားမှ သျှမ်းပြည် မြောက်ပိုင်း သိန္နီအထိ နေကြ၏။

၂။ လရှိခေါ်လချီကွေ့ာတို့သည် တရုတ်နယ်စပ်ဖိမောနှင့်ထောဂေါမှ သျှမ်းပြည်မြောက်ပိုင်း အထိ နေကြ၏။

၃။ အတ်စိနှင့် တဇီခေါ် တဆဲဝါတို့သည် လရှိတို့နှင့် ထပ်တူလို နေကြ၏။

၄။ မိုင်သာခေါ် အချန်တို့သည် မြန်မာနိုင်ငံဖက်၌မရှိသလောက်ရှား၍ ယွန်နန်ဖက်ဖြစ်သော ဟိုဆာ၊ လဆာ၊ (ဟိုသာ၊ လသာ)တောင်ကြားရပ်များ၌ နေကြသည်။

၅။ ဖွန်တို့သည် ဗန်းမော်နှင့် မြစ်ကြီးနားအကြားတွင် နေ၏။

၆။ ဒနုတို့သည် သျှမ်းကုန်းမြင့်၏ အနောက်စွန်းတလျှောက်တွင် နေ၍ ယင်းတို့စကားသည် မြန်မာတို့၏ ပေါရာဏနှင့် ဆင်ဆင်တူသည်။

၇။ အင်းသားတို့သည် ညောင်ရွှေအင်းလေးကန်ကြီးတဝိုက်တွင်နေ၍ ထားဝယ်မှ ပြောင်း လာသူများဖြစ်သည်ဟု အစဥ်အလာပြောလေ့ရှိသည်။

၈။ တောင်ရိုးခေါ် တိုရုတို့သည် သျှမ်းပြည်ဒတောင်ပိုင်း၏ အနောက်ဖက်ဖြစ်သော မြေလတ် တွင် နေသူတို့ ဖြစ်၏။

၉။ ထားဝယ် နှင့်

၁၀။ ရခိုင်

တို့ ဖြစ်ပါသည်။ ဤတွင် တောင်ရိုး၊ အင်းသား၊ ထားဝယ်၊ ရခိုင်နှင့် ဒနု စကားများသည် မြန်မာ စကားနှင့် အလွန်နီးစပ်၏။ မြောက်ဖက်ဖျား၌ ကျန်ရစ်သူများ၏ စကားမှာ မြန်မာစကားနှင့် တူသော် လည်း ခြားနားကြောင်း သိသာပါသည်။ ယင်းတို့ကား မြန်မာတို့နှင့် ကိုးရာစုကပင် စတင်ကွဲကွာ ခဲ့သူများဖြစ်သည်ဟု ဆိုရန်ရှိပါသည်။ ဆဋ္ဌမဖြစ်သော လိုလိုအစုကား စင်စစ် မြန်မာနိုင်ငံ အပြင်ဖက် ဖြစ်သည့် ၂၇° မှ ၂၉° အရှေ့လတ္တီတွဒ်နှင့်၁၀၂°၃၀'မှ၁၀၃°၃၀'လောင်ဂျီတွဒ်ဖြစ်သောယွန်နန်၏ မြောက်ဖက် တလီယန်ရှန်တောင်ကြား အရပ်များတွင် အများဆုံး နေသူများ ဖြစ်သည်။ ပုံသဏ္ဍာန်

အားဖြင့် အရပ်မြင့်၍ မျက်နှာသွယ်သောကြောင့် မွန်ဂိုလ်မျိုး မဟုတ်သူများနှင့် အမျိုးရောဘူးဟန် ရှိ၏။ လိုလိုအစစ်သည် မြန်မာနိုင်ငံ၌ ရှား၏။ သို့သော် ယင်းတို့ပြောစကားသည် မြန်မာနှင့် အလွန်နီးစပ်ပါသည်။ ယင်းတို့အားကိုးသောလက်နက်မှာ ဒူးလေးဖြစ်၏။ လိုလိုကား ခရစ်နှစ်အစလောက်က မြန်မာနှင့်အတူ သံလွင်၊ မဲခေါင်၊ ယန်စီမြစ်ဖျားခံရာတွင်ရှိသော တောင်ကြားတို့၌ အတူနေခဲ့ကြ၍ နောင်အခါ နန်ကျောင်တို့ ရန်ရှာလာသည့်အခါတွင်မှ လူစုကွဲလျက် တလီယန်ရှန်တွင်ပုန်း၍ ကျန်ရစ်သူများဖြစ်ဟန်ရှိပါသည်။ နောင်အန္တရာယ်ကင်းလျှင် မြန်မာနိုင်ငံဖက်သို့လိုက်လာကြခါ မြန်မာနိုင်ငံ၏ မြောက်ဖျား၊ အချို့မြန်မာနိုင်ငံ၏ အရှေ့စွန်းသို့ ရောက်လာကြပါသည်။

☆ ☆ ☆

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


Bennison, J.J.: *Census of India*, 1931, XI, i, *Burma*, *Report* Rangoon Government Printing 1933

Luce, G. H.: "Introduction to the Comparative Study of Karen Languages,"*JBRS*, XLII, i, 1-18

——— "Chin Hills-Linguistic Tour (Dec. 1954), University Project," *JBRS*, XLII, i, 19-31

——— "Note on the Peoples of Burma in the 12th-13th Century A.D." *JBRS*, XLII, i, 52-74

——— "Old Kyaukse and the Coming of the Burmans," *JBRS*, XLII, i,75-109

Lowis, C. C.: *The Tribes of Burma*, Rangoon Government Printing 1949 Reprint

Taylor, L. F.: *Linguistic Survey of Burma-Preparatory Stage or Linguistic Census*, Rangoon Government Printing 1950 Reprint

——— "The General Structure of Languages Spoken in Burma," *JBRS*, XXXIX, i, 101-20


ဖေမောင်တင်။ ဘာသာလောကကျမ်း၊ ရန်ကုန်၊ စာပေဗိမာန်။ ၁၉၅၀

သာမြတ်။ မွန်-မြန်မာအက္ခရာသမိုင်း၊ ရန်ကုန် ၁၉၅၅-၆

# ဗိဿဏိုးမြို့ဟောင်း

လတ္တီတွတ် ၂၀-အံသာ မြောက်နှင့် လောင်ဂျီတွတ် ၉၅-အံသာ ၂၅-လိတ္တာ အရှေ့တွင် ရှိသော (အများခေါ်)ဗိဿဏိုးမြို့ဟောင်းရာသည် တောင်တွင်းကြီးမှ အနောက်မြောက်သို့ ၁၁-မိုင်ကျော် ကွာတွင်ရှိ၍ ကုက္ကိုခွဲရွာ၏ မြောက်ဖက်တွင်ကပ်လျက် ရှိနေပါသည်။ မြို့ရိုးအုတ်တံတိုင်း လေးဖက်ရှိ၍ တဖက်လျှင် ၁၃/၄ မိုင်မျှ ရှည်၏။ မြို့တမျက်နှာလျှင် အဝင်တံခါးမ သုံးပေါက်ရှိဟန် တူသည်၊ မြို့လည်၌ တောင်မြောက် ဂိုက် ၅၀၀-ရှိ၍ အရှေ့ အနောက် ဂိုက် ၃၅၀-ရှိသော တံတိုင်းအရံ ရှိသည့် ကုန်းတခု ရှိသည်။ ကုန်းအလယ်တွင် တံတိုင်းတခုကန့်ထား၍ ထိုအကန့်၏ အနောက်ဖက်၌ အဆောက်အအုံတခု ရှိ၏။ ထိုကုန်းကို နန်းတော်ကုန်းဟု အရပ်ကခေါ်လျက် ရှိပါသည်။ မြို့ရိုးတံတိုင်း မြေပုံနှင့် တကွ အဆောက်အအုံတို့၏အောက်ခံပန္နက်ချပုံတွင် မြောက်စူးစူးမှ ၁၃-အံသာအနောက်သို့တိမ်းနေသည်ကို အံ့ဩဖွယ် တွေ့ရပါသည်။ ဗိဿဏိုးမြို့ဟောင်းရာတွင် ၁၉၀၅-ခုနှစ်က တကြိမ် တူးဖော်ဘူးသည်ဟု ဆိုပါသည်။ သို့သော် ရှေးအခါ တူးဖော်ပုံမှာ စံနစ်ကောင်းလှသည် မဟုတ်ရကား ယခု ၁၉၅၉-ခု ဂျွန်လမှစ၍ တူးဖော်ခြင်းသည်သာလျှင် အားကိုးလောက်သော တူးဖော်ခြင်းဖြစ်သည်ဟု ယူဆရန် ရှိပါသည်။ မြို့တွင်း၊ မြို့ပြင်၊ မြို့ရိုး၊ ကျုံး၊ မြို့လည်ကုန်းမှစ၍ နေရာဖြန့်ခါ တစ တစ တူးဖော်ခဲ့ရာ လေးနှစ်အတွင်း ၂၁-နေရာ တူးဖော်ပြီးပါသဖြင့် ထိုမြို့ဟောင်း၏ ရာဇဝင်ကြောင်းကို ဆက်စပ်၍ အတန်ငယ် ပြည့်စုံအောင် ရေးလောက်ပြီဟု ယူဆနိုင်ပါသည်။

ဗြိုကွေ့တြမြို့နှင့် ဗိဿဏိုးမြို့တို့ ခေတ်ပြိုင်ဖြစ်သည်ဟူ၍ အစဉ်အလာ မှတ်သားထားကြပါသည်။ သို့သော် ယင်းနှစ်မြို့မှ ရရှိလာသော ရှေးဟောင်း သုတေသန အထောက်အထားများအရ (၁) ဗြိုကွေ့တြမြို့သည် ခရစ်နှစ် လေးရာစုထက် မစောနိုင်ဟု ယူဆ၍ (၂) ဗိဿဏိုးမြို့သည် ခရစ်နှစ် တစ်ရာစုလောက်က မီးသင့်ပျက်စီးခဲ့သည်ဟု ယူဆသည်။ ထို့ပြင် (၃) ဗြိုကွေ့တြမြို့ရာတွင် တောင်ပိုင်းအိန္ဒိယမှ ခရစ်နှစ် လေးရာစုလောက်က လက်ရေးမျိုးနှင့် စာတည်တွင် ရေးသားသည်ကို တွေ့ရသော်လည်း၊ (၄) ဗိဿဏိုးမြို့ရာတွင် ဂုပ္တအက္ခရာဖြင့် လူနံမည်ဟုထင်ရသော ရွှံ့တုံးကလေးတတုံးမှ အပ စာရေးသားထားသော ကျောက်စာ အိုးစာ ရွှေပေစာ စသဖြင့် ဗြိုကွေ့တြမှာ တွေ့ရသလို ဘာ တခုမျှ မတွေ့ရသဖြင့်တကြောင်း။ ဗြိုကွေ့တြနှင့်ဗိဿဏိုး မကွာလှမ်းလှသဖြင့် ယင်းနှစ်မြို့ ခေတ်ပြိုင် ဖြစ်ပါမူ တမြို့တွင် ထွန်းကားလာသော စာရေးနည်းသည် အခြားတံမြို့သို့ အလျင်အမြန် ကူးစက်ဖွယ် ရှိပါလျက် မကူးစက်သည်ကတကြောင်း၊ ထိုနှစ်ကြောင်းကြောင့် ဗိဿဏိုးမြို့က စောအံ့ထင်သည်။ ယင်းတွင် ထပ်လောင်း၍၊ (၅) ဗြိုကွေ့တြမြို့ရာတွင် ဗုဒ္ဓဆင်းတု၊ စေတီ၊ ရွှေပေများနှင့်တကွ ဗြဟ္မဏဝါဒဆိုင်ရာ နတ်မင်းရုပ်ထုများကို တွေ့နေရပါလျက် (၆) ဗိဿဏိုးမြို့ရာတွင် ယခုတိုင် သာသနိကပစ္စည်း ဘာတခုမျှ မတွေ့ရသေးသဖြင့် တောင်ပိုင်း အိန္ဒိယယဉ်ကျေးမှု စက်ရိပ်များစွာ မပြန့်နှံ့မီကပင် ဗိဿဏိုးမြို့ ထွန်းကားခဲ့သည်ဟုဆိုလျှင် များစွာ မှားမည်မထင်ပါ။ ဤသို့ယူဆချက်ကို ထပ်မံ အားဖြည့်သည့်အနေဖြင့် (၇) ဗိဿဏိုးမြို့ရာတွင် တူးဖော်လိုက်သည့်တူးကွင်း ၉-မှ သစ်တိုင်မီးသွေးကို




ဗိဿဏိုးမြို့ဟောင်းမြေပုံ

(တောင်တွင်းလှဖေ၏ ဗိဿနိုး၊ ရန်ကုန်ရွှေမြို့တော်ပုံနှိပ်တိုက် ၁၉၆၂၊ စာမျက်နှာ ၄၁-၂ မှကူးယူဖော်ပြသည်)


ရေဒီယိုကာဗွန်နည်း(စီ-၁၄)ဖြင့် စစ်ဆေးရာတွင် ယခင်အနှစ် ၁၉၅၀-ခန့်က မီးလောင်ပျက်စီးသည့် မီးသွေးဖြစ်ကြောင်း သိရသဖြင့် ထိုသို့ရက်ပိုင်းရာတွင် နှစ် ၂၀၀-လောက် အပိုအလို ရှိနိုင်သော်လည်း ယခုအခါမှစ၍ရေသော် ယခင် အနှစ်တထောင့်ရှစ်ရာလောက်က ဗိဿဏိုးမြို့ ပျက်ခဲ့ပါသည်ဟု ဆိုရချေမည်။ မည်သည့်ရက်ကစ၍ တည်သည်၊ မည်သည့်လူမျိုး တည်သည်ဟု ယာမညပင် ခန့်မှန်းနိုင်ခြင်း မရှိချေ။

ဗိဿဏိုးမြို့ရာသည် မန္တလေးနန်းတော်မြို့ရိုးပတ်လည်ခန့် ကျယ်ဝန်း၍ တံတိုင်း ကျုံး စသည်တို့ဖြင့် ကာရံထားသည်။ မြို့တွင်းမှာပင် ကောက်ပင် စိုက်ပျိုးနိုင်လောက်အောင် နေရာယူထားပေသလောဟု တွေးဖွယ်ရှိ၏။ အုတ်များတွင် စပါးခွံ ထည့်၍ မီးဖုတ်သည်ကိုထောက်လျှင် ထိုမြို့တွင်စပါးစိုက်၍ ဆန်စားသော လူမျိုးတို့ နေသွားသည်ဟု ဆက်လက်တွေးနိုင်ပါသေးသည်။ မြို့၏အနောက်ဖက်၌ အင်းကြီးရှိ၍ တောင်ဖက်တွင် ရန်ပယ်ချောင်းရှိသောကြောင့် ဆည်ရေသောက်လယ် ကောင်းစွာဖြစ်ထွန်းနိုင်သည်။ မြို့ပေါက်၌ သစ်သားတံခါးကြီးများတပ်ထား၍ မြို့တွင်း ဝဲ-ယာတွင် ကတုတ်များထားရှိသဖြင့် ထိုမြို့တွင် နေသွားကြသည့် သူများသည် ကာကွယ်ရေးစစ်ပညာကို ကောင်းစွာ နိုင်နင်းသူများ ဖြစ်ပေမည်ဟူ၍၎င်း၊ မြို့ပေါက် တံခါးဝများသည် ပေ ၂၀-ခန့် ကျယ်သဖြင့် ခြေသည် ဆင်မြင်း ရထား စစ်အင်္ဂါလေးပါး ခင်းကျင်း၍ထွက်လောက်ရကား ထိုသူတို့၏စစ်အင်အား မသေးဟူ၍၎င်း ခန့်မှန်းနိုင်စရာ ရှိပါသည်။ ကာကွယ်ရေး အစီအစဉ်ကို ကြည့်ရုံမျှဖြင့် ထိုမြို့သည် ကြီးကျယ်စီကား၍ သာယာဝဖြိုးခဲ့ဘူးသည်ဟု မှတ်ယူရမည့်အပြင် ယဉ်ကျေးမှု အဆင့်အတန်းလည်း များစွာမြင့်နေပြီဟု အကဲခတ်နိုင်ပါသည်။

မြို့ရိုးကို အောက်ခြေတွင် မြေကျောရိုးဖို့ပြီးမှ အပေါ်က လူတရပ်ခန့် အုတ်စီထားခြင်းဖြစ်ရာ ရန်သူတို့ ကျော်တက်ရန် ခက်ခဲလှမည်မဟုတ်ဟု ဆိုခြင်ပါသည်။ မည်သို့သောသဘောဖြင့် မြို့ပြင်တွင်လည်း တံတိုင်းစောက်နက်အောင် ပြုလုပ်၍ မထားသနည်းဟု မေးဖွယ်ဖြစ်၏။ ထို့ပြင် ကျုံးမှာလည်း ဆယ်ပေမျှသာကျယ်သော ရေမြောင်းဖြစ်သည်ဟု သိရသဖြင့် များစွာအားကိုးလောက်သည်ဟု မဆိုသာချေ။ ထို့ကြောင့် အထက်ကဖေါ်ပြသလို ကာကွယ်ရေး စစ်ပညာကောင်းသူများ စင်စစ် မဟုတ်နိုင်ဟု ညင်းချက်ထုတ်လျှင်လည်း ဖြစ်နိုင်ပါသည်။

နှစ်ပရိစ္ဆေဒကွာလှမ်းလှပြီဖြစ်သဖြင့်အုတ်အဆောက်အအုံများသာကြည့်စရာကျန်တော့သည်။ သို့သော် ဝါး၊ သစ်၊ သစ်ငယ်တို့ဖြင့်ဆောက်သော အိမ်များစွာပင် ရှိရချေမည်။ ကြွင်းကျန်ရစ်သော အုတ်အဆောက်အအုံများကို ယခု တွေ့ရသမျှ သက်သေအထောက်အထားမျှဖြင့် လူနေ ဖြစ်သည် သို့မဟုတ် သာသနာယုံကြည်မှုဆိုင်ရာ ကျောင်း၊ တန်ဆောင်း၊ စရပ် ဖြစ်သည်ဟု ကေန် ကေ မပြောသာချေ။ သို့သော် အရိုးနှင့် အရိုးအိုးတွေ့ရာတွင်ကား သင်္ချိုင်းဖြစ်ရာ၏ဟု မှတ်ယူနိုင်ပါသည်။ ဤတွင်လည်း မှတ်သားဖွယ်တချက်မှာ မြို့ပြင်၌ အရိုးအိုးထားရန် အုတ်တိုက်ရှိသလို မြို့တွင်း မြို့လည်၌လည်း အရိုးအိုးအုတ်တိုက် ရှိနေပါသည်။ သဘောအားဖြင့် လူရှင်တမြို့၊ လူသေတမြို့ဟု ခွဲခြား၍ နေတတ်သူများမဟုတ်သေးကြောင်း သိရပါသည်။ အထက်က ဖေါ်ပြခဲ့သည့်အတိုင်း အုတ်တိုက်ပန္နက်ပုံစံတွင် နံရံကို တောင်-မြောက်ပြေးရာ၌ မြောက်တည့်တည့်မှ အနောက်သို့ ၁၃-အံသာ စောင်းနေသည်ကို တွေ့ရပါသည်။ ယင်းကိုလည်း ထူးခြားချက်တခုဟု မှတ်ယူရပါမည်။ ထို့ပြင် တိုက်တာ ကြီးသော်လည်း မြေဝင်ဖိနပ် သို့မဟုတ် အုတ်မြစ်ဟူ၍ ပြောပလောက်အောင် မတည့်ထားသဖြင့် ထိုမြို့က

တိုက်များကို မြေစိုက်ဟု ခေါ်ရမည့်အစား မြေတင်ဟု ခေါ်ရချေမည်။ ယင်းသို့ အခြေမခိုင်သဖြင့် (၁) မြေကတုတ်နှင့် မံရခြင်း။ (၂) အုတ်ရိုးချ၍ ကျားကန်ရခြင်းနှင့် (၃) အုတ်နံရံထု အလွန်ထူရခြင်းတို့ကိုတွေ့ရပါသည်။ ထိုတိုက်များတွင် နောက်ထပ်မှတ်ရန် ထင်ရှားသည့်အချက်မှာ အုတ်စီပုံအလွန်ညံ့ခြင်းပင်ဖြစ်သည်။ အုတ်ထိပ်ဆက်ကြောင်းကို အကွက်ကျလွှဲ၍ မစီ၊ သင့်သလို ထပ်တင်၍ထားပါသည်။ ထို့ကြောင့် အုတ်နံရံတွင် အစည်း အဖွဲ့ ညံ့လျက် ပြိုလွယ်-ကွဲလွယ်မည် ထင်သည်။ အုတ်နံရံကို မြေတွင်လည်းမစိုက်၊ အုတ်ဆက်လည်းညံ့သဖြင့် ခိုင်ခန့်အောင် အထူကြီးဆောက်ရဟန်တူပါသည်။ သံဆုံလည်တွင် တံခါးရွက်ကြီးကြီးတပ်ထားသော တံခါးမနှင့် ပြတင်းပေါက် များစွာထည့်၍ တိုက်ကို ဆောက်သဖြင့် အလင်းရောင်၊ လေကောင်း လေသန့်ကို နှစ်သက်သူများ ဖြစ်မည်ထင်ရ၏။ နံရံကို အင်္ဂတေအချောကိုင်၍ ဆေးဖြူ ဆေးဝါသုတ်ကြသဖြင့် အသန့်အရှင်းကြိုက်သူများဖြစ်မည်ဟုလည်း ဆိုနိုင်သည်။





တူးကွက် ၂၊ ၃ နှင့် ၄ တည်နေပုံ

(ယဉ်ကျေးမှု အတွဲ ၃၊ အမှတ် ၇၊ စာမျက်နှာ ၁၁၂ မှ ကူးယူဖော်ပြသည်)

အုတ်များမှာ အလွန်ကြီးလှပါသည်။ ဖျမ်းမျှခြင်းအားဖြင့် အလျားတတောင်၊ အနံတထွာ၊ ထုလက်လေးသစ်၊ (၁၈"/၉"×၃")ရှိ၏။ ထို့ထက်ကြီးသည်လည်း အများရှိသည်။ ဗြိကွေ့တြွေတွင်လည်း ထိုမျှကြီးသော၊ ထို့ထက်ကြီးသော အုတ်များကို သုံးပါသည်။ အထက်ကဖေါ်ပြခဲ့သည့်အတိုင်း အုတ်ဖုတ်ရာတွင် မကွဲမအက်အောင် စပါးထည့်၍ မြေကိုနယ်ပြီးမှ အုတ်လုပ်သည်။ အုတ်လုပ်သူက တံဆိပ်အမှတ်အသားသဘောဖြင့် အုတ်တွင် လက်ညှိုးနှင့် အရေးအကြောင်းဆွဲလိုက်လေ့ ရှိပါသည်။ ရွှံ့စေးဖြင့်လုပ်၍ မီးဖုတ်သုံးစွဲသော အခြား ပစ္စည်းများမှာ အိုးခွက်အမျိုးမျိုး (အောက်တွင် အသေးစိပ်ရေးပါမည်)၊ မြေပုတီး၊ မြေနတောင်း၊ မြေလက်ကောက်၊ မြေခွေရုပ်နှင့် မြေကိန္နရီရုပ်များ ဖြစ်ပါသည်။ ဗြိကွေ့တြွေ၌ တွေ့ရသည်ဆိုသော မြေဆေးတံမျိုး မတွေ့ရချေ။

မြို့၏ မြောက်ဖက်၊ နန်းတော်ကုန်းခေါ်သော ကုန်းနှင့် မကွာလှသည့်နေရာတွင် ယခုခေတ် အမြင်နှင့်ပင် ခန်းနားသော တိုက်ကြီးတခု ရှိပါသည်။ အလျား ၉၈-ပေ၊ ၆-လက်မနှင့် အနံ ၃၄-ပေ ၈-လက်မ ရှိ၏။ ထိုတိုက်ကြီးသည် အရှေ့ကို မျက်နှာပြုလျက် ဆင်ဝင်ပါသည့်နှစ်ထပ်တိုက်တန်းရားမျိုး ဖြစ်၏။ သစ်သားလှေခါးတပ်သည်။ သစ်သားဝရံတာပတ်လည် ရှိသည်။ သစ်သားတံခါးရွက်တွင် သံပြား သံမှိုတို့နှင့် အပြောက်အမွန်းဖေါ်သည်။ သံဆုံလည်နှင့် တံခါးရွက်ကို ဖွင့်ပိတ်သည်။ ကျောက်စရစ်မြှုပ်သော ခြေနင်းလခြမ်း ရှိသည်။ နံရံကို အင်္ဂတေကျန်၍ ဆေးဖြူသုတ်သည်။ အောက်ထပ်တွင် ခန်းမကြီးတခုနှင့် အခန်းရှစ်ခန်း ရှိသည်။ အကယ်၍ ထိုတိုက်သည် လူနေအိမ်ဖြစ်ပါမူ မီးဖို၊ ရေချိုးခန်းနှင့် အိမ်သာတို့မှာ သီခြားအဆောင်များတွင် ရှိချေမည်။ ထိုတိုက်ကြီးအနီးတွင် ရေတွင်းကဲ့သို့ အုတ်နံရံပိုင်း၍ အတွင်းမှ မြေဖို့လျက် အချင်း ၃၂-ပေ၊ အမြင့် ၁၀-ပေကျော်သော အုတ်ခုံကြီးတခု ရှိသည်။ ယင်းအုတ်ခုံမျိုးကို အိန္ဒိယနိုင်ငံ နဂါရိဇုနကောန္ဒတွင် ကျောက်စာတိုင်စိုက်ထူရန် လုပ်လေ့ ရှိသည်။ ထိုအုတ်ခုံ၏အနီးတွင် ၄၅-ပေ စတုရန်းရှိသော အုတ်တိုက်ငယ်ရှိ၏။ အတွင်း၌ အုတ်နံရံတထပ် ရှိကြောင်း တွေ့ရ၍ ပုကံခေတ်က အုတ်တိုက်၏ မူရင်းစံပြပုံစံဖြစ်ကောင်းစရာ ရှိပါသည်။ အတွင်းနံရံကို ပတ်၍ စင်္ကြံပါသေးသည်။ မြို့လည်တွင် နန်းတော်ကုန်းဟု အများခေါ်သော ကုန်း (၅၀၀-ကိုက်×၃၅၀-ကိုက်တွင် အလည်မှ တောင်မြောက်ဖြတ်၍ တံတိုင်းတခုရှိပါသည်။ ထိုတံတိုင်းတွင် မေးတင်၍ အနောက်ဖက်၌ တိုက်ကြီးတတိုက် ရှိပါသည်။ ပန္နက်ပုံစံအရ အခန်းကြီး ၃-ခန်း အခန်းငယ်များစွာ ရှိသော လေးထောင့်တိုက်ဖြစ်သည်။ ယခုအများခေါ်ဝေါ်နေသည့်အတိုင်း ထိုနေရာသည် နန်းတော် ကုန်း အမှန်ဖြစ်လျှင် ထိုတိုက်လည်း နန်းတော်ကြီး၏ တစိပ်တပိုင်းဖြစ်ပေမည်။ မြန်မာနိုင်ငံ၌ နောင်အခါ ထွန်းကားသည့် မင်းနေပြည်တော်တို့တွင် နန်းတော်ကို အုတ်နှင့် ဆောက်ရိုး မရှိခြင်းကြောင့် ယခု ဗိဿနိုးမြို့တွင် အုတ်နန်းရှိသဖြင့် ဆန်း၏။ ထိုနန်း၏အရှေ့ဖေါက်သည် ထိုနန်းတော်ကုန်း၏ အရှေ့ဖက်မုခ်နှင့် တည့်တည့်တွင် ရှိသည်။ ထိုမုခ်အပြင်၌ ဝဲယာအစောင့် ကျောက်ရုပ်နှစ်ခု ရှိသည်။ အရုပ်တရုပ်၏ ခြေမျှသာ ကျန်ရစ်တော့သဖြင့် ပုံပန်းအသေအခြာကို မပြောနိုင်တော့ပါ၊ သို့သော် ကျောက်ရုပ်ထုပညာလည်း ထွန်းကားလျက် ရှိပြီဟု ဆိုနိုင်ပါသည်။ တူးကွက် ၂၁-မှ အင်္ဂတေအရုပ်ငယ်များလည်း ရသည်။ ပန်းထွင်း ကျောက်ပြားနှင့် ကျောက်ရုပ်ကြွများလည်း တွေ့ရဘူးပါသည်။ နန်းတော်ကုန်း၏ တောင်းဖက်၌ မြောက်မှ ဝင်ပေါက်ထားသော တိုက်တတိုက်ရှိပါသည်။ အတွင်း၌ ခန်းမကြီးတခုသာရှိ၍ သစ်သားတိုင် ရှစ်တိုင်ရှိ၏။ တိုင်တတိုင်မှ ပီးသွေးကို ရေဒီယိုကာဗွန်နည်းစစ်ဆေး


၍ ယခင်အနှစ် ၁၇၀၀-ကျော်က မီးလောင်၍ ပျက်စီးသည်ဟု သိရခြင်းဖြစ်ပါသည်။ ယခုတိုက်သည် မြို့တွင်း၌ရှိသော အရိုးအိုးသင်္ချိုင်းစရပ်ဖြစ်ပါသည်။ မြို့၏မြောက်ဖက် မြို့ရိုးအနီး၌ တိုက်တတိုက်တွင် ပုဂံမှ ဂူဘုရားများကဲ့သို့ အတွင်း၌ အလယ်မဏ္ဍိုင် (ကန့်ကူဆံထုံး) ရှိသည်။ နောက်တတိုက်ကား တောင်ဖက်တွင် အဝင်တံခါးရှိ၍ အလှအပဖြစ်စေရန် အပြင်နံရံ၌ အနားတွန့်အုတ်ကို တချပ်ခြားစီ၍ ထားသည်ကို တွေ့ရပါသည်။ အုတ်တိုက်တတိုက်၏ ပန္နက်ပုံမှာ ခိုနန်းချိုးဖြစ်ကြောင်း တွေ့ရသည်။



တူးကွက်အမှတ် (၂) မှ မြေအိုးနှင့်ကျောက်တံဆိပ်ပုံစံ

(၁၉၅၉ ခု ဗိဿနိုးမြို့ဟောင်းအတွင်း တူးဖော်မှုပဏ္ဍာမအစီရင်ခံစာ ပုံ ၁ မှကူးယူဖော်ပြသည်)

မြေအိုး ခွက် အမြောက်အမြား တူးဖေါ် တွေ့ရှိ၏။ ပုံစံလည်း များပြားဆန်းကျယ်သည်။ အရိုးအိုး၊ ရေတည်အိုး၊ ချက်ပြုတ်အိုး၊ လည်တံရှည်အိုး၊ ရေသွန်းကရား၊ သပိတ်၊ ဆီမီးခွက်၊ ကလေးကစားရန် ရုပ်ဒိုး စသည်ဖြင့် အမျိုးအမည်လည်းများပါသည်။ မြေအိုးလုပ်ရာ၌ အသားကြစ်အောင် အတွင်းက အဝတ်စဖုံးသော ဒိုးလုံးခံ၍ အပြင်မှလက်ခတ်နှင့်ရိုက်ဟန်တူပါသည်။ ထို့ကြောင့် အချို့အိုးတို့တွင် အတွင်းသား၌ ဖျင်စအရာထင်နေပါသည်။ ယင်းကို တွေ့မြင်ရသဖြင့် အထည်ရက်လုပ်သည့် လုပ်ငန်းလည်း ထိုအခါက ရှိသည်ဟု သိရ၏။ အိုးများကို အပြောက်အမွန်း ဖေါ်ရာ၌ လက်ခတ်တွင် အရုပ်ထုထားလျက် ထိုလက်ခတ်နှင့် ရိုက်ခတ်၍ ပုံဖေါ်သည့်နည်းလည်းရှိသည်။ အိန္ဒိယမှ အရိကမေဒုတွင် တွေ့ရသောဘီးလုံးတွင် အရုပ်ထု၍ ထိုဘီးကို ရွှံပြော့တွင်လှိမ့်လျက် အရုပ်တန်းဖေါ်ယူနည်းကိုလည်း ဗိဿနိုးမြို့ရာ၌ တူးဖေါ်တွေ့ရှိသောအိုးကွဲတို့၌ တွေ့ရပါသည်။ အချုပ်အားဖြင့် ဗြိကွေ့တြမှ အိုးတို့ထက် များစွာသာလွန်ကောင်းမွန်ပါသည်။ အချို့အိုးများ၌ ကခြေသည် အမျိုးသမီးရုပ်၊ ဒူးတဖက်ထောင် တဖက်လှဲထိုင်နေသော သူတော်စဉ်ရုပ်၊ ငါးနှစ်ကောင်ရုပ်၊ ကာလသားအိုးရုပ်များကိုလည်း တွေ့ရပါသည်။ ထိုအရုပ်တို့ကြောင့် အိန္ဒိယမှ ဗြဟ္မဏဝါဒတမျိုးမျိုး၏ စက်ရိပ်ခရောက်နေပြီဟု တွေး





တူးကွက်(၂)မှရသော အိုးခြမ်းစများတွင် တွေ့ရသည့်အရုပ်များ
(က နှင့် ခ မှာ တူးကွက် ၁၇ မှ ဖြစ်သည်)

မည်ဆိုလျှင်လည်း ဖြစ်စရာရှိပါသည်။ ဂြိုဒ်ကွင်းတွင် ဝတ်စားတန်ဆာအတွက် ရွှေထည်၊ ငွေထည်၊ ကျောက်မြက်ရတနာများစွာတွေ့ရှိရသလို ဗိဿနိုးတွင် မတွေ့ရချေ။ တွေ့ရတတ်သမျှမှာ မြေပုတီး၊ သန္တာပုတီးရောင်စုံ၊ ကျောက်ပုတီး၊ မြေနတောင်း၊ မြေလက်ကောက်၊ ငွေပြားလည်ဆွဲ၊ဆံထိုးစသည်တို့ ဖြစ်ပါသည်။ တွေ့ရသောပစ္စည်းပုံစံနှင့် အမျိုးအမည်နည်းသဖြင့် အသေအချာမလေ့လာနိုင်သေးပါ။




တူးကွက် ၅ မှ ရွှံ့ရုပ်

(အောင်သော်၊ "ဗိဿနိုးမြို့ဟောင်းပြဿနာ"၊ ယဉ်ကျေးမှု အတွဲ ၃၊ အမှတ် ၁၁၊ စာမျက်နှာ ၁၀၇ မှ ကူးယူဖော်ပြသည်)




**တူးကွက် ၉ မှ မြေအိုးများ ပုံစံ**

(အောင်သော်၊ "ဗိဿကိုး မြို့ဟောင်း ပြဿနာ"**ယဉ်ကျေးမှု၊** အတွဲ ၃၊ အမှတ် ၁၀၊ စာမျက်နှာ ၁၀၆ မှ ကူးယူ ဖော်ပြသည်)




**တူးကွက် ၁၄ အလွှာ ၃ မှလူရိုး**

(ယဉ်ကျေးမှု၊ အတွဲ ၄၊ အမှတ် ၃၊ စာမျက်နှာ ၉၄ မှ ကူးယူ ဖော်ပြသည်)



တူးကွက် ၁၇ မှ မြေပုတီးစေ့များ

(ယဉ်ကျေးမှု၊ အတွဲ ၄၊ အမှတ် ၃၊ စာမျက်နှာ ၉၅ မှ ကူးယူဖေါ်ပြသည်)



တူးကွက် ၂၁ မှ ရသော အင်္ဂတေရုပ်များ

(ယဉ်ကျေးမှု၊ အတွဲ ၄၊ အမှတ် ၃၊ စာမျက်နှာ ၉၅ မှ ကူးယူဖေါ်ပြသည်)

အရောင်းအဝယ်နှင့် သက်ဆိုင်မည်ဟု ထင်ရသော ကြေးခြင်္သေ့အလေး ကြေးဟင်္သာအလေးများကိုတွေ့ရပါသည်။ယင်းတို့ကို အသေအချာစစ်ဆေးလျှင် မည်သို့သောအလေးစနစ်ကို သုံးကြသည်ဟု သိနိုင်ပါမည်။ သို့မဟုတ် မည်သည့်တိုင်းတပါးနှင့် ကူးလူးဆက်ဆံသည်ဟု သိနိုင်ပါမည်။ ထို့ပြင် ဗြိကွေ့တြတွင် တွေ့မြဲဖြစ်သော သီရိဝစ္ဆနှင့် ပလ္လင်ပါသော ဒင်္ဂါးနှင့် ဟန်လင်းတွင် တွေ့မြဲဖြစ်သော သီရိဝစ္ဆနှင့်တက်နေပါသော ဒင်္ဂါးများကိုတွေ့ရပါသည်။ သို့သော် ထိုဒင်္ဂါးနှစ်မျိုးစလုံးကို အရောင်းအဝယ်တွင် သုံးပါသည်ဟု မပြောနိုင်ချေ။ ထိုဒင်္ဂါးတို့၌ပါသော အရုပ်သင်္ကေတများသည် တနည်းနည်းဖြင့် ဗြဟ္မဏဝါဒီနှင့် ဆိုင်အံ့လေသဟု တွေးစရာရှိပါသည်။ ထို့ကြောင့် ဗိသကာ်ိုးမြို့တွင် နေသူတို့သည် ဗုဒ္ဓသာသနာမရောက်မီကနေသူများဖြစ်၍ ယင်းတို့ထံ၌ ဗြဟ္မဏဝါဒ အသင့်အတင့်ပြန့်ပွားလျက်ရှိပြီဟု ယူဆလျှင်လည်း ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် ဆိုရသော် ယခု ဗိသကာ်ိုးခေါ်တွင် လျက်ရှိသောမြို့ကား ဗြိကွေ့တြမြို့နှင့်နီးကပ်သော်လည်း ယဉ်ကျေးမှုများစွာစောသော မြို့ဖြစ်မည်ဟု ထင်သည်။ ခရစ်နှစ်တစ်ရာစုက ယဉ်ကျေးမှုဖြစ်နိုင်ပါသည်။ ထို့ကြောင့် ပျူလူမျိုးနှင့် အဆက်စပ်ရှိခြင်မှုရှိမည်။ မြို့ကွက်အနေအထား၊ အဆောက်အအုံများကို ကြည့်ရသဖြင့်ရင်း၊ သုံးစွဲသောအိုးခွက်များအရင်း၊ ယဉ်ကျေးမှု အဆင့်အတန်းများစွာ မြင့်သူများဖြစ်သည်ဟု သိနိုင်သည်။ လူသေကိုမီးသဂြိုဟ်၍ အရိုးပြာကို အိုးနှင့်ထည့်သော ဓလေ့ရှိကြ၏။ ချွင်းချက်အားဖြင့် အရိုးအိုးတို့နှင့် အတူ အရိုးစုများတွေ့သဖြင့် အလောင်းလိုက်မြှုပ်သူများလည်းရှိပါသည်။ သို့သော် နည်း၏။ သာသနိကပစ္စည်းမတွေ့သည်မှာ အံ့သြဖွယ်ရှိသည်။သို့သော် အိုးများမှအရုပ်ဒင်္ဂါးများမှ အရုပ်များအရ ဗြဟ္မဏဝါဒတမျိုးမျိုးရှိနိုင်ပါသည်။ စာအရေးအသားမတွေ့ရသည်မှာလည်း နောက်ထပ် အံ့သြဖွယ်ဖြစ်၏။ ယခင် အနှစ် တထောင့်ရှစ်ရာကျော်က အုတ်တိုက်ကြီးကြီး ပြတင်းပေါက် ကျယ်ကျယ်နှင့် ယခုတောင်တွင်းကြီးနားတွင် နေသွားသူများကား မည်သူများပါနည်းဟူသော ပြဿနာကို အလွယ်နှင့် ဖြေနိုင်ကြမည် မဟုတ်သေးချေ။

★ ★ ★

# ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း

အောင်သော်၊ "ဗိဿနိုးမြို့ဟောင်း သုတေသန" ယဉ်ကျေးမှု အတွဲ ၃၊ အမှတ် ၇၊ စာမျက်နှာ ၁၀၈-၁၂

————————"ဗိဿနိုးမြို့ဟောင်း ပြဿနာ" ယဉ်ကျေးမှု အတွဲ ၃၊ အမှတ် ၁၀၊ စာမျက်နှာ ၁၀၄-၁၁

——————"ဗိဿနိုးယဉ်ကျေးမှုအင်္ဂါများ" ယဉ်ကျေးမှု အတွဲ ၄၊ အမှတ် ၁၊ စာမျက်နှာ ၅၁-၈

————————"ဗိဿနိုးမြို့သက်" ယဉ်ကျေးမှု အတွဲ ၃၊ အမှတ် ၁၁၊ စာမျက်နှာ ၂-၃

မြင့်အောင်၊ "ဗိဿနိုးမြို့ဟောင်းကြီးတွင် ၆ ကြိမ်မြောက် တူးဖော်ခြင်း" ယဉ်ကျေးမှု အတွဲ ၄၊ အမှတ် ၃၊ စာမျက်နှာ ၉၀-၆

ရှေးဟောင်းသုတေသနညွှန်ကြားရေးဌာန၏ ၁၉၅၈-၉ ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာ၊ စာမျက်နှာ ၈-၂၀ နှင့် ပုံ ၁-၂၈

လှဖေ၊ ဗိဿနိုး၊ ရန်ကုန်၊ ရွှေမြို့တော်ပုံနှိပ်တိုက် ၁၉၆၂

သန်းဆွေ၊ "တူးဖော်မှုလုပ်ငန်း" ယဉ်ကျေးမှု အတွဲ ၃၊ အမှတ် ၁၂၊ စာမျက်နှာ ၉၀-၃

Aung Thaw: *Preliminary Report on the Excavation at Peikthanomyo* Rangoon Archaeological Survey 1959

# ပျူ။

**ပျူ။** လူမျိုးတို့ထားရစ်သမျှသော ကျောက်စာအနည်းငယ်မှ စကားလုံးတို့ကိုစု၍ လေ့လာပြီးနောက် ပျူစကားသည်

> ဗျည်းမဲ့၍ အသံနေ အသံထား ၈-ခုခန့်ရှိသော တိဗက်မြန်မာဘာသာမျိုးဖြစ်သည်၊ မြန်မာနှင့် နီးစပ်သည်(တင်၊ **ဘာသာလောကကျမ်း ၃၅**)

ဟု ကောက်ချက် ချခဲ့ကြပါသည်။ ယင်းကို အခြေခံထား၍ စဉ်းစားလျှင် ပျူသည် တိဗက် မြန်မာ အနွယ်ဝင်ဖြစ်၍ မြန်မာနိုင်ငံတွင်းသို့ မရောက်လာမီက တရုတ် မြန်မာ နယ်စပ်ဖြစ်သော ယုန်ချန်၏ အနောက်တောင်အရပ်တွင် ခရစ်နှစ်ဦးကစ၍ ကာလကြာမြင့်စွာ နေခဲ့ပြီးမှ သုံးရာစုလောက်တွင် မြန်မာနိုင်ငံတွင်းသို့ ရောက်လာဟန်ရှိသည်။ တရုတ်နယ်စပ်ဖြစ်သော ယုန်ချန်၏အနောက်တောင်တွင် နေကြစဉ်က ပျူလူမျိုးကို တရုတ်က ဖျောက်ဟု ခေါ်၏။ လူသဉ်များ ဖြစ်သည်ဟု ဆိုပါသည်။

> မင်းနှင့် အမတ်၊ အဖနှင့် သား၊ အကြီးနှင့် အငယ်တို့ ဒူးနေရာ တော်နေရာ သတ်မှတ်ထားပြီး ရှိသည်၊ ရွှေဖြင့် ဓါး၊ လှံ၊ ပုဆိန်များလုပ်သည်၊ လဲကို ချည်ငင်၍ ယက်ဟန်ရှိသော ချည်ထည် အဖြူ၊ ကြွေစေ့၊ လေးညှင်းပွင့်နှင့် များစွာသော ဟင်းချက် အခမ္ဘုအကြိုင်တို့ကား ယင်းတို့ ဒေသ ထွက်ကုန်များ ဖြစ်သည်။ (**ရန်ကုန်တက္ကသိုလ်နှစ်လည်စာစောင်၊ ၁၉၆၀-၁၊ ၈၃**)

ဟု တရုတ်တို့က မှတ်တမ်းတင်ခဲ့သည်။ လေးရာစုလယ်က ချန်ကျူရေးသော **ဟွာယန်ကောကျိ** တွင် ဖျောက်ဟုခေါ်သော ပျူအကြောင်းကို ပထမဦးဆုံးရေးခဲ့သည်ဟု ယူဆပါသည်။

ဖျောက်ဟူသော စာလုံးကို တရုတ်ခေတ်ဦးစာများတွင် ခမြသင်္ကေတနှင့် ရေးသည်၊ ကိုးရာစု ရောက်သောအခါတွင်မှ မြင်းသည်သင်္ကေတနှင့် ပြင်၍ရေးသည်။ **ဆန် ရာဇဝင်သစ်** ၌

> ပျူကို × × × တရုတ်တို့က ဖျောက်ဟု ခေါ်သည်၊ယင်းတို့ကိုယ်တိုင်ကမူ ထုလော်ကျူဟု ခေါ်သည်၊ ဂျာဗား အမျိုးသားတို့က တုလီချူဟု ခေါ်သည်။ (**တက္ကသိုလ်နှစ်လည်၊** ၁၉၆၀-၁၊ ၈၄)

ဟု ဖေါ်ပြ၏။ ကိုးရာစုကျော်က ရေးသော ပါဠိမှတ်တမ်းတစောင်တွင်လည်း

> တဆူလ် ကားတရုတ် (နန်ကျောင်)နှင့် တောင်တန်းမျှသာခြားသော နိုင်ငံကြီးတည်း၊ တိုင်းရင်းသားတို့ အသားမည်း၏၊ချည်ထည်ကို ဝတ်ရုံ၏၊မူဆ × × × တဆူလ် × × × မာနက်××× သုံးပြည်ထောင်ပေါင်း၍ တရုတ်(နန်ကျောင်)ကို တိုက်သော်လည်း တရုတ်(နန်ကျောင်)ပင် နိုင်သည်။ (**တက္ကသိုလ်နှစ်လည်၊** ၁၉၆၀-၁၊ ၈၅)

ဟု ဖေါ်ပြပါရှိသည်။ ဤတွင် တဆူလ်ဟူသည် ပျူဖြစ်၍ နောက်ဆုံး၌ နန်ကျောင်တို့ပင် ဝင်ရောက် တိုက်ဖျက်၍ ပျူတို့ပျက်စီးသည်ကို ဆိုလိုဟန်ရှိပါသည်။ ထိလိုင်မင်း၏နန်းတော်ကျောက်စာ၌ပါသော တိရိစုလ်ဟူသည် ပါဠိအခေါ် တဆူလ်နှင့်အတူတူ ဖြစ်ဟန်ရှိ၏။ ဂျာဗားဖက်ကခေါ်သော ထုလီချူ အမည်နှင့်လည်း နီးစပ်သည်။ထို့ကြောင့် မြန်မာက ပျူဟုခေါ်သူတို့ကို တရုတ်က ဖျောက်ဟုခေါ်၍

မွန်က တိရိစုလ်ဟုခေါ်သည်။ မွန်အခေါ်ကို လိုက်၍ ဂျာဗားဖက်က တုလီချူဟုခေါ်၍ ရောင်းဝယ်ဖေါက်ကားရန် အနောက်က ရောက်လာသူတို့က တဆူလ်ဟုခေါ်ဟန်ရှိပါသည်။ယင်းတို့ ကိုယ်တိုင်က ထုလော်ကျူဟု ခေါ်သည်ဟု တရုတ်အဆိုကိုလည်း မှတ်သားသင့်ပါသည်။

သုံးရာစုခန့်ကစ၍ ပျူတို့ မြန်မာနိုင်ငံတွင်း၌ ရှိနေပြီဟု ထင်မှတ်ရန် ရှိပါသည်။ မြောက်ဖက်ရွှေဘိုခရိုင် ဟန်လင်းကြီးမှစ၍ တောင်ဖက် ပြည်မြို့အထိ ဧရာဝတီမြစ်ဝှမ်း နေရာများစွာ၌ ပျူနှင့်ပတ်သက်သော အမှတ်အသားများစွာ ကျန်ရစ်သဖြင့် တကောင်းအောက် ဧရာဝတီမြစ်ဝှမ်းသည် ပျူဒေသဖြစ်ခဲ့သည်ဟု ယူဆဟန်ရှိ၏။ ဟန်လင်းကြီးရသော ပျူသင်္ချိုင်းကျောက်စာ (လုစ်နှင့် တင်တည်းဖြတ်သည့်မြန်မာနိုင်ငံကျောက်စာများဓါတ်ပုံ ၃၅၇-က)မှလက်ရေးကိုကျောက်စာဝန်ဟောင်း



ဟန်လင်း ပျူသင်္ချိုင်းကျောက်စာ (ဓါတ်ပုံ ၃၅၇-က)

ဦးမြက ရှေးဟောင်းမြန်မာအက္ခရာစာတမ်းတွင် တောင်ပိုင်းအိန္ဒိယမှဆင်းသက်လာသော လေးရာစုမှလက်ရေးဟု ဆုံးဖြတ်ကြောင်းတွေ့ရသဖြင့် ထိုလေးရာစုထက် စောစောကပင် မြန်မာနိုင်ငံတွင်း၌ ပျူတို့နေထိုင်ပြီးဖြစ်၍ စာရေး စာဖတ်တတ်သည့် ယဉ်ကျေးမှုအဆင့်သို့ရောက်အောင် တိုးတက်နေပြီဖြစ်ရာ မြန်မာနိုင်ငံတွင်း၌ ပျူသည် သုံးရာစုခန့်က ရောက်ပြီးဖြစ်သည်ဟု ဆိုရပါမည်။

ပျူတို့၏ တွး ဗး(မင်း)ဖြစ်သော ဟရိဝိကြမ (ဓါတ်ပုံ ၃၆၅-က)သည် မြို့တော်ဖြစ်သော ဗြိကွေတြကို တည်သည်ဟု မှတ်ယူရန် ရှိပါသည်။ မှော်ဇာဝတ်ခေါင်းကုန်း၌ တူးဖေါ် တွေ့ရှိသော ချာနမုဒြာပုံ ဗုဒ္ဓရုပ်ထု ပလ္လင်လေးဖက်မှ ပျူသကတကျောက်စာ (ဓါတ်ပုံ ၃၅၆-က)အရ

> ယင်းဆင်းထုကို ဇယစန္ဒြဝရ်မန်မင်းသားက ထုစေကြောင်း မှတ်တမ်းတင်ခြင်းပင်ဖြစ်၏၊ပထမဂါထာ၌ တနေ့တည်းမှာပင် (တမြို့မှာ ယခုမော်ဇာဖြစ်ဟန်ရှိသော)မြို့တော် နှစ်မြို့ကို ပြိုင်တူတည်ထောင်ရာတွင် ဇယစန္ဒြဝရ်မန်၏ ဆရာတော်ဖြစ်သော ဂုဟာခေါ် ဂုဟာဒီပက ပြောဟော

> ဆုံးမဟန်ကိုလည်း ဖတ်ရ၏။ ညီငယ်ဖြစ်သော မင်းသားကား ဟရိဝိကြမ ဖြစ်၍ (ထိုပြိုင်တူ တည်သော နှစ်မြို့မှ) တမြို့၏ အရှင်သခင်ဖြစ်ဟန် တူ၏။ (ယခု ဒါနပြုရာ၌လည်း) ဖက်စပ် ပါဝင်သူဖြစ်၏။ ကိုးကွယ်သော ဆရာတော်၏ ကျေးဇူးကြောင့် ညီတော် နောင်တော်တို့နှင့် တကွ (နှစ်မြို့သားတို့) ပိုမို ရင်းနှီးချစ်ကြည်စွာ ဆက်ဆံကြဟန်ကိုလည်း ဖေါ်ပြပါရှိသည်။ ဂါထာအမှတ် ၅ ၌ နောင်လာနောက်သားတို့လည်း သင့်တင့် ညီညွတ်ကြလိမ့်မည် ဆို၏။ x x x နောက်ဆုံးဂါထာ၌ ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် နှစ်ပြည့်တပြည် ချစ်ကြည်လျက် ညီတော်၏ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် ထွန်းကားရန် ဆုတောင်း ထားသည်။ (တက္ကသိုလ်နှစ်လည်၊ ၁၉၆၀-၁၊ ဂ၆)

ဟု ထိုကျောက်စာကိုဖတ်၍ မှတ်ချက်ပေးသော ပညာရှိ ဒစ်ကရှစ်(Dikshit)က ဆိုပါသည်။ ဤတွင် ဟရိဝိကြမကို ညီငယ်ဟုဆိုရာ၌ မင်းပြိုင်နှစ်ဦးတွင် အသက်ငယ်သူကို ဖေါ်ပြသည့်စကားမျှသာ ဖြစ်၍ အစစ်အမှန် ညီနောင်အရင်းဟု မယူဆသာချေ။ နှစ်ဦးမသင့်သည်ကို ဆရာတော် ဂုဟဒီပက ဖြန်ဖြေပေးရဟန် ရှိသည်။ မဟာမိတ်ဖြစ်လာသော်လည်း ဆင်းထုတော်ကို ဇယစန္ဒြဝရ်မန်က ထုလုပ်ရ သဖြင့်၎င်း၊ ဟိရိဝိကြမ၏ အမျိုးအဆက် အပွန့်ရှည်စွာ ကြီးပွားစေကြောင်း ဆုတောင်းရသဖြင့်၎င်း၊ ဟရိဝိကြမကို အထက်တန်းထား၍ ဇယစန္ဒြဝရ်မန်က လက်အောက်ခံ မဟာမိတ် ( Subordinate Alliance) ဖြစ်မည်ဟု ယူဆသည်။ သဘောအချုပ်မှာ မင်းပြိုင်နှစ်ဦးတွင် အသက်ငယ်သော ဟရိဝိကြမက အားကြီး အားသာ၍ ထိုမင်းသာလျှင် မြို့ကြီး ပြကြီးကို တည်ထောင်မည့်သူဟု ယူဆရန် ရှိပါသည်။ ထို့ကြောင့် အေဒီ လေးရာစုဦးက ဗြိကွေတြမြို့တော်ကို ဟရိဝိကြမ မင်းက တည်ထောင် သည်ဟု ယာယီအားဖြင့် ဆုံးဖြတ်ရပါသည်။ အပြိုင်အဆိုင်တည်သော မြို့နှစ်မြို့အနက် တမြို့မှာ ဗြိကွေတြဖြစ်လျှင် ကျန်တမြို့ကား အဘယ်မြို့နည်းဟု မေးဖွယ်ရှိ၏။ ယခင်က တောင်တွင်းကြီးအနီးမှ ဗိဿနိုးမြို့ဖြစ်အံ့လောဟု တွေးထင်ကြပါသည်။ တောင်တွင်းကြီးအနီးမှ ဗိဿနိုးမြို့ဟောင်း၌ ရှေးဟောင်း သုတေသနဌာနမှ ယခု တူးဖေါ်ရထားသော အထောက်အထားများအရ ထိုမြို့က

၁။ [illegible]

ဘျ႑ တွး·ဗံး·ဥဟိ သူရိယဝိကြမ ဗံး·ဥဝေါဗံး·ကွိဗံး·တု တိ·လ္လိ သွိး·ဟံး သုပိင်တကိ· ခဥ သွိး·ဗံး·ဥရက္လေး·ယ

၂။ [illegible]

ဘျ႑ တွး·ဗံး·ဥဟိ သူရိယဝိကြမ ဗံး·သွိး·သေ့ ဒေပိင်တကိ·ခဥ သွိး· သွိး·တြု သ် ပ္လံ တိး·တွး·ဗံး·ဥရက္လေး·ယ

၃။ [illegible]

ဘျ႑ တွး·ဗံး·ဥဟိတြဟ္ဏက ဟရိဝိကြမ ဗံး·သွိး· သေ့ကို့ဒေဟို့ တိ·ဖ္ဝု သို့ပ္လံတ ကိ·ခဥ သွိး·သွိး·ပ္လံ သုတံ ဒေကို့တိ· ဖ္ဝု တ္တောတိ·တွး·ဗံး·ဥရက္လေး·ယံ

၄။ [illegible]

ဘျ႑ တွး· ဗံး·ဥဘူ သူ့ု·သိဟဝိကြမ ဗံး·သွိး·ဟြံ သူဒေဟို့ တိ·ဖ္ဝုပ္လံတ ကိ·ခဥ သွိး· သွိး·ပ္လံ သုပ္လံဒေတ္တောတိ·ဖ္ဝု သို့တိ· တွး·ဗံး· ဥရက္လေး·ယ ဘျ႑

ဝိကြမမင်းများကို သင်္ဂြိုဟ်သည့် အရိုးအိုးကျောက်စာ (ဓါတ်ပုံ ၃၅၄ က ခ ဂ ဃ)


ပျူမြို့ထက် ရှေးကျမည်ဟုယူဆရန်ရှိသဖြင့် ထိုဗိဿဏိုးမြို့မဟုတ်နိုင်ချေ။ထို့ကြောင့် ဇယစန္ဒြဝရ်မန်၏ မြို့ကား ဂြိုဟ်ကျွေတြ၏ တောင်ဖက်တွင်ရှိသော ဗိဿဏိုးမြို့ သို့မဟုတ် ပျူတိုက်ခေါ်သော ခံတပ်မြို့ငယ် တခု ဖြစ်ရာ၏ဟု သာမည်မျှသာ ပြောနိုင်ပါတော့သည်။ မြေပုံကိုကြည့်ပါ။

ပျူမြို့တော်ကို တည်ဆောက်သူမှာ ဟရိဝိကြမဖြစ်လျှင် ထိုမြို့တော်၌ ဝိကြမမင်းဆက် စိုးမိုး အုပ်ချုပ်ခဲ့သည်ဟု ဆက်လက်ယူဆရန်ပင် ဖြစ်ပါသည်။ ယင်းကို ထောက်ခံမည့် အရိုးအိုးကျောက်စာ လေးခု(ဓါတ်ပုံ ၃၅၄ က ခ ဂ ဃ)လည်း ရှိပါသည်။ထိုစာကို ဘလက်ဒန်(C. O. Blagden)လုံးလ ပြု၍ ဖတ်ပေးသဖြင့် သိရသည်မှာ

၁၊ ၃၅-ခု(အေဒီ ၃၅၄)တွင် သူရိယဝိကြမ၏ အနွယ်တော်(များ)ပျံလွန်သည်။
၂၊ ၅၀-ခု(အေဒီ ၃၆၈)၅-လ သူရိယဝိကြမ ကိုယ်တော်တိုင် ပျံလွန်သည်၊ သက်တော် ၆၄-နှစ်
၃၊ ၅၇-ခု(အေဒီ ၃၇၆)၂-လ ၂၄-ရက် ဟရိဝိကြမ ပျံလွန်သည်၊ သက်တော် ၄၁-နှစ် ၇-လနှင့် ၉-ရက်
၄၊ ၈၀-ပြည့်နှစ်(အေဒီ ၃၉၉)၂-လ ၄-ရက် သိဟဝိကြမ ပျံလွန်သည်၊ သက်တော် ၄၄-နှစ် ၉-လနှင့် အရက် ၂၀

ဟူ၍ဖြစ်ပါသည်။ဤတွင်ပျူတို့သုံးစွဲသော လက်ရေးသည် ဂုပ္တလက်ရေးဖြစ်၍ သုံးစွဲသောနှစ်မှာလည်း အေဒီ ၃၁၉ ခုတွင်စသော ဂုပ္တနှစ်ပင်ဖြစ်နိုင်ရာ၏ဟုယူဆလျက် ပျူနှစ်ကို ၃၁၉ ပေါင်း၍အေဒီနှစ်ကို ပြလိုက်ပါသည်။အချို့ဆရာတို့က အေဒီ ၆၃၈-တွင် စသော သကရစ်ဖြစ်ရာ၏ဟု ပျူနှစ်ကို ၆၃၈-ပေါင်း၍ ခရစ်နှစ်ကိုပြသော အယူအဆလည်း ရှိသည်။ မြို့တော်ကို ခရစ်နှစ်လေးရာစုဦးကတည်သော ဟရိဝိကြမနှင့် အေဒီ ၃၇၆-တွင် ပျံလွန်သော ဟရိဝိကြမတို့ တဦးစီဖြစ်ပေသည်။ သို့သော် တမျိုး တဆက်ထည်းဖြစ်၍ မြို့တည်သူဟရိဝိကြမအပြင် သူရိယဝိကြမ၊ဟရိဝိကြမနှင့်သိဟဝိကြမတို့ အဆင့်ဆင့် အေဒီ ၃၉၉-တိုင်အောင် အုပ်စိုးသွားသည်ဟု သိရပါသည်။ ဤတွင် စကားအလျဉ်းသင့်၍ ပြောပြ လိုသည်မှာ ပျူတို့သည် ယနေ့ မြန်မာတို့သုံးစွဲနေသော သကရစ်ကို အစတည်၍ စန္ဒြမာသပြက္ခဒိန်ကို သုံးစွဲသည် မှန်သော်လည်း ယနေ့ မြန်မာများကဲ့သို့ တဆယ့်နှစ်လကို တန်ခူး ကဆုန် စသဖြင့် အမည် တပ်၍၎င်း လဆန်းပက္ခ လဆုတ်ပက္ခဟု ခွဲခြား၍၎င်း မသုံးချေ။ လကို တစ်လ နှစ်လဟု ဂဏန်းစဉ် တပ်၍ ခေါ်သည်။ရက်ကိုလည်း တစ်ရက် နှစ်ရက်မှ နှစ်ဆယ့်ကိုး သုံးဆယ်အထိ ဂဏန်းစဉ်အလိုက်ပင် ခေါ်သည်ဟု သိရသည်။

ပျူမြို့တော် ဂြိုဟ်ကျွေတြကား **တင့်တယ်သာယာခြင်းရှိသောမြေ** ဟုအဓိပ္ပါယ်ရ၏။ယခုပြည်မြို့၏ အရှေ့တောင်ဖက် ၄ါးမိုင်ကွာတွင်ရှိသော မော်ဇာရွာ အနီးအပါးတွင် မြို့ဟောင်းရာကို ယနေ့ထက် တိုင် တွေ့နိုင်ပါသေးသည်။ မြို့ရာတွင် ရှေးဟောင်း သုတေသနဌာနမှ ဖိုခင်မား (E. Forchhammer)က ၁၈၈၂-ခုတွင် တကြိမ်၊၁၈၈၅-ခုတွင် တကြိမ် တူးခဲ့ဘူး၏။ထိုမှတဖန် မိမိဝါသနာအလျောက် ပြင်သစ်ဗိုလ်ချုပ် လေ့ယွန်ဒေဗျဲလီယေ (Leon de Beylie)က တူးဖေါ်လိုသဖြင့် ကျောက်စာဝန် တော်စိန်ခိုနှင့်တွဲဖက်၍ ၁၉၀၇-ခုတွင်တူးဖေါ်ကြ၏။၁၉၀၉-၁၀-ခုနှစ် အိန္ဒိယနှင့်မြန်မာ ရှေးဟောင်း သုတေသန နှစ်ချုပ်အစီရင်ခံစာများတွင် ထိုမြို့တော်၏အကြောင်းကို အစီရင်ခံခဲ့ကြပါသည်။




ဗြိ ကေ္တ တြ မြို


(မြန်မာနိုင်ငံသုတေသနဂျာနယ် အတွဲ ၂၀၊ အပိုင်း ၂၊ စာမျက်နှာ ဂ၂-၃ အကြားမှ မြေပုံနှင့် ရှေးဟောင်းသုတေသနဌာန ဓါတ်ပုံ ၅၁၆-ဂ တို့ကို ပေါင်းစပ်ဖေါ်ပြသည်။)

အချို့ဆရာတို့က ထိုမြို့တော်သည် ပင်လယ်ကမ်းပေါ်တွင် တည်နေ၍ ထိုစဉ်က ဧရာဝတီမြစ်ဝသည် ခေါင်းလောင်းပုံ ရှိသောကြောင့် ယခုမြစ်ဝကျွန်းပေါ်ဒေသ မရှိသေးဟု ပြောလေ့ရှိကြသည်။ ထိုစကား လုံးဝမမှန်ချေ။ဘူမိဗေဒဆရာတို့က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ယနေ့မှစ၍ရေတွက်သော် အနည်းဆုံး အနှစ်သုံးသိန်းကျော် ရှိမည်ဟု ဆိုသဖြင့် ဗြိကွေတြသည် မည်သည့်နည်းနှင့်မျှ ပင်လယ်ကမ်းစပ်ပေါ်မှ မြို့မဖြစ်နိုင်ချေ။ ရှေးက ပင်လယ်ကူး ကတ္တူစသော လှေများမှာ သေးငယ်သောကြောင့် တကြောင်း၊ မြစ်မှာ နုံးတင်ခြင်း နဲသေးသောကြောင့် တကြောင်း၊အဆိုပါ ပင်လယ်ကူးလှေများ ယခုပြည်မြို့အထိ ဆန်လာလိုလျှင်ကား ဆန်လာနိုင်ဖွယ်ရှိပေမည်။သို့သော် ထိုသေးငယ်သော ပင်လယ်ကူးလှေ မြင်တိုင်း ပင်လယ်ဆိပ်ကမ်းမဟုတ်နိုင်ကြောင်း သတိပြုရာ၏။ (CHIBBER,H.L.: *Geology of Burma*, London, Macmillan, 1934, p. 14) စင်စစ် အားဖြင့် ပျူမြို့တော်မှာ ဧရာဝတီမြစ်ကမ်းပေါ်၌ပင်မရှိချေ။သို့သော် မြို့တည်စဉ်အခါက နဝင်းချောင်းသည် မြို့၏မြောက်ဖက်နှင့် အနောက်မြောက်ဖက်က သဘာဝကျုံးကြီးသဖွယ် ရှိနေပေလိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။

မြို့ရိုးမှာ ထုထယ်ကြီး၏။ တဆယ့်ရှစ် စတုရန်းမိုင်ရှိသဖြင့် ပုဂံ၊ မန္တလေး စသော နှောင်းမြို့တို့ထက် အဝန်းကျယ်သည်။ ပုံသဏ္ဌာန်လည်း အဝိုင်းဖြစ်၏။ မြို့ကိုပတ်၍ အတွင်းကျုံး တတန်၊ အပြင်ကျုံးတတန် ရှိသည်မှာ ထင်ရှားသည်။ မြို့ဝန်း၏ မြောက်ဖက်တခြမ်း၌ တိုက်တာ အဆောက်အအုံ ရှိဟန်မတူ၊ လယ်ကွက်များသာ ရှိနေ၏။ ယင်းအချက်ကား ဆန်းလှသည်။ ထုံးစံအားဖြင့် မြို့ပြင်၌သာ လယ်လုပ်မြဲဖြစ်ရကား မြို့တွင်း လယ်စိုက်နိုင်အောင် စီမံထားသဖြင့် ရန်သူ ရုံလာလျှင် အကြာအရှည် ခံစစ်ပြုနိုင်ရန် ရည်ရွယ်ချက်ရှိသည်ဟု ထင်ပါသည်။ ထို့ကြောင့် မြို့ဟောင်းကို ယနေ့ သွားရောက်လေ့လာသူတိုင်း မြို့ကိုအလယ်မှဖြတ်၍သွားသော မီးရထားလမ်း၏မြောက်ဖက်၌ ဘာမျှ ကြည့်ရှုဖွယ်မရှိကြောင်း သတိထားသင့်ပါသည်။ လမ်းမနှင့်မြို့တံခါးများကို အတိအကျပြရန် ခဲယဉ်း၏။ ယခုမြို့ရိုး အကျိုး အပေါက်မှာ ယခင်တံခါးပေါက်ဖြစ်မည်ဟု အမြဲမယူဆသာချေ။ မော်ဇာဘူတာမှ အတန်ငယ် တောင်ဖက်သို့သွားလျှင် နန်းတော်ကုန်းသို့ ရောက်ပေမည်။ ကျုံးနှင့် တံတိုင်း သီးခြားရှိသောနေရာဖြစ်၍ စတုဂံ၏ အနောက်တောင်ဖက်ဆီ၌ စတုရန်းပေ ၂၁၀-ရှိသော အုတ်ခုံမှာ နန်းတော်ရာဖြစ်ပါသည်။ ၁၉၀၇-ခုနှစ်မှစ၍ တူးဖေါ်တွေ့ရှိသော ပစ္စည်းများကိုပြသထားသည့် ပြတိုက်ဟောင်းမှာ နန်းတော်ကုန်းတောင်ဖက်မှ သရက်တောတွင် ရှိခဲ့ဘူးသည်။ နောင်အခါ နန်းတော်ကုန်း၏ မြောက်ဖက်မှ ကျောက်ကာသိမ်အတွင်း၌ ပြတိုက်လုပ်ပြန်သည်။ ယခု ကျောက်ကာသိမ် အပြင်တွင် ပြတိုက်ငယ် ဆောက်လုပ်ပြီးစီးလျက် ရှိပါပြီ။ လှပသေးငယ်၍ အဘိုးတန်သော ပစ္စည်းကလေးများကိုကား ရှေးဟောင်း သုတေသနရုံး၌ ထိန်းသိမ်းထား၍ ယခင်တူးဖေါ်စဉ်များကပင် အချို့ကို ကာလကတ္တားပြတိုက်သို့ ပို့ပေးခဲ့ရပါသည်။

မြို့တော်၏ အပြင်ဖက်၊ တံတိုင်းနှင့်ကပ်လျက်၊ အနောက်မြောက်ထောင့်တွင် ဘုရားကြီး၊ အရှေ့မြောက်တွင် ဘုရားမာ(သရမာ)၊ တောင်ဖက်တွင် ဘောဘောကြီး ဘုရားများ ရှိသည်။ ထိုဘုရားတို့၏ပုံစံကို ကြည့်ရခြင်းဖြင့် များစွာ ရှေးကျသည်ဟု ဆိုနိုင်သည်။ အပျက်အစီး အနဲဆုံးကား ဘောဘောကြီးပင် ဖြစ်၏။ ပေ ၁၅၀-မြင့်မားသော အုတ်အင်္ဂတေဖြင့် တည်ထားသည့် ဓါတ်တော်ကြုတ်ကြီးနှင့်ပင် တူပါတော့သည်။ ဘုရားအပျက်များမှ ရသော ဓါတ်တော် ဌာပနာတိုက် အဖုံးကျောက်ပြားတွင် ထွင်းထုထားသည့် စေတီပုံမျိုး ဖြစ်မည်ဟု ဆိုနိုင်ပါသည်။ သီဟိုဠ် မဟာစေတီပုံ၊

စကိုင်းကောင်းမှုတော်ပုံဟူ၍ လွယ်လွယ်မှတ်ထားနိုင်ပါသည်။ ဘောဘောကြီးထက် နောက်ကျမည်ဟု ထင်ရသော ခုံးအမိုး(Vaulted Roof) နှင့် ဂူငယ်များကား ဘဲဘဲ၊ လေးမျက်နှာ၊ ဈေးဂူ စသည်တို့ ဖြစ်သည်။ယင်းတို့ကား နောက်ပုဂံခေတ်မြန်မာတို့ကအတုယူ၍ဆောက်ရသော မူရင်းပုံစံ(Prototype) များဖြစ်ပါသည်။ ထိုဂူငယ်များ၌ ခုံချွန် ( Pointed Arch ) ပါမြဲ ဖြစ်၏။ ပုဂံမှာကဲ့သို့ပင် ခုံး ဖြစ်အောင်သုံးသည့် သပ်နှင့်တူသော အုတ်ပြား ( Voussoir ) ကို ခုံးမျက်နှာပြင်တွင် အပြားလိုက် ကပ်



ဌာပနာတိုက်ဖုံးကျောက်ပြားမှ ကူးယူရရှိသော ပျူပုံစံစေတီ

ထားလေ့ရှိ၏။ မြို့ရိုး၏အပြင် တောင်ဖက်၌ ဘောဘော၊ ဘဲဘဲ၊ လေးမျက်နှာအပြင် မြို့ရိုးကျုံး၊ နန်းတော်ရာနှင့်တကွ တွေ့ရသော ဗိဿဏိုးမြို့(တောင်တွင်းကြီးနားကမြို့ဟောင်းမဟုတ်)၊ ဗိဿဏိုး မိဖုရားသင်္ချိုင်းနှင့် ခုံတပ်သဖွယ်ဆောက်လုပ်ထားသော ပျူတိုက်များရှိပါသည်။ သင်္ချိုင်းများကား အနောက်တောင်ဖက်မှ သိမ်တောင်နှင့် ကန်သုံးဆင့်တောင်များ၌ ရှိပါသည်။

တူးဖေါ်တွေ့ရှိသော ပစ္စည်းများကို အသေးစိတ်ဖေါ်ပြရာ၌ ပါမေက္ခလုစ်က အောက်ပါ အတိုင်း ရေးပါသည်။

ပုဂံမှာ တွေ့ရမြဲဖြစ်သော ဘုရားရုပ်တုရုပ်လုံးမျိုးကို ဤအရပ်၌ တူးဖေါ်သမျှသော အုတ်ပုံတို့၌ အသေးအငယ်ကလေးမျှကိုပင် တွေ့ရန် အလွန်ခဲယဉ်းပါသည်။ ရုပ်ကြွ ရုပ်ပြား(Relief) အကြီးကြီးများကိုမူ တွေ့ရတတ်သည်။ ပုံဖေါ်နည်း ထုလုပ်နည်း လှပကောင်းမွန်၍ ဂုပ္တ (Gupta)လက်ရာဆန်လှသည်။ ယင်းရုပ်ကြွ ရုပ်ပြား၏အောက်ဖက်ဘောင်တန်းတွင် ပျူစာ အရေးအသား ပါတတ်သေး၏။ နောက်ပိုင်းခေတ်များတွင် ရုပ်တုများ ထုရာ၌ ဘုရားရှင်၏ လက်တော် ခြေတော်တို့ကို အမျိုးမျိုးပြောင်းလဲ၍ ထုလုပ်လေ့ နည်းပါးသော်လည်း ပျူဗုဒ္ဓ ရုပ်တုဆရာတို့ကား လွတ်လပ်စွာ သင့်သလိုတည်ထွင်၍ ထုလုပ်ကြသည်ကို တွေ့ရ၏။ ဌာပနာ တိုက်အဖုံး ကျောက်ပြားကြီးများ၌ မြေပေါက်စေတီပုံကို ထီး၊ ကုက္ကား၊ တံခွန်တို့နှင့် ထုလုပ် ကြရာ၊ ယင်းတို့ကိုမြင်သဖြင့် မထုရာလက်ရာကို အမှတ်ရစေပါသည်။ပျူတို့၌ ပန်းထိမ်ပန်းတည်း အကျော်အမော်များ ရှိ၏။ ပုဂံပညာသည်တို့ထက်ပို၍ တော်ပါသည်ဟူ၍ပင် ကျွန်တော် ဆိုချင်ပါသည်။ ရုပ်တုတော်ငယ်ငယ်များကို ရွှေ၊ ငွေ၊ ငွေရည်လူး၊ ခဲ သို့မဟုတ် ကြေးလော ဟာတို့ဖြင့် ရုပ်လုံးပုံ၍ တခါတရံတွင် ခြင်္သေ့ကိုနင်းထားသော နောက်ခံတကဲနှင့် ရောင်ခြည် တော်စက်ဝိုင်း ( ရောင်လျှံတော် ) ကိုပင် ဖြုတ်ရလွယ် တပ်ရလွယ်အောင် သပ်သပ် လုပ်ယူ ထားသည်ကို တွေ့ရ၏။ ဖန်စိမ်းနှင့်ထုထားသော ဆင်းတုလည်း တွေ့ရ၏။ မြန်မာနိုင်ငံ၌ တွေ့ရ သမျှတွင် ရှေးအကျဆုံး ဖန်ဆင်းတုပင် ဖြစ်ပါသည်။ ငွေခေါင်းပွ စေတီငယ်များကို ပြောင်းပုံ ထိပ်လုံး သို့မဟုတ် အဖျားရှူးထိပ်ချွန်အောင်သွန်းလုပ်၍ ထီးငယ်ပါးပါးလေးများကို အထပ် လိုက် အလွှာလိုက်တင်၍ ထားတတ်သည်။ရုပ်တုငယ်တချို့ကား စက်ဝိုင်းပုံ၊ချင်းဝက်ပုံ၊ဘဲဥပုံ၊ ရှိသော ရွှေပြား ငွေပြားတို့အပေါ်၌ ရုပ်ကြွ ရုပ်ပြားပုံဖေါ်ယူ(Repousse Works)ကာ အလုံး အချွန်းပုံဖေါ်၍ ဗောဓိပင်၏ အခက် အလက် အရွက်တို့ဖြင့်ပင် နှုတ်ခမ်းသတ်လိုက် ပေသေးသည်။ x x x လက်မှုပညာမြောက်သည့် အခြားသတ္တုနှင့် ကျောက်ပစ္စည်းငယ်များ ကိုလည်း တွေ့ရပါသေးသည်။ x x x ရွှေ၊ ငွေ အုပ်ဆောင်းတွင် အဖုံးကားကား၌ ဟင်္သာ ရုပ်ကို အတင့်အတယ်ထုလုပ်ကာ အဖုံးနှင့် ကိုယ်ထည်ကို ကြိုးနှင့် တွဲထားသည်ကိုဖင်း၊ လင်ပန်း၊ ကလပ်၊ ခွက်၊ ဖလားတို့ကို ရွှေ ငွေတို့ဖြင့် ပြိန်း သို့မဟုတ် ရုပ်စုံထုလျက် ထားသည်ကိုဖင်း၊ပန်း ကန်ပြားတွင် ကနုတ်ပန်းအခွေအလိပ်နှင့်ခြင်္သေ့ခေါင်းကို ရုပ်ပြား ရုပ်ကြွဖေါ်လျက် ရွှေချ ထားသည်ကိုဖင်း၊ ငွေလှေငယ်များလိုဖင်း၊ ကျောက်စိမ်းဆင်၊ ကျောက်သလင်း မကန်းရုပ်၊ မဟူရာလိပ်၊ ဝမ်းဘဲ၊ လမင်၊ လိပ်ပြာရုပ် စသော အကောင်ရုပ်များကိုဖင်း၊ငွေခြင်းလုံးတလုံးကို ဖင်း၊ ကြေးဝါ ကြေးနီ သံ အစအနနှင့် နန်းဆွဲ ရွှေချောင်းများကိုဖင်း၊ ပွင့်ချပ် အထပ်ထပ်၊


ဝတ်ဆံ ဝတ်မှုန် အညှာအတံတို့ အစုံအလင်နှင့် လုပသည့် ရွှေကြာပန်း ငွေကြာပန်းများ ကိုင်၎င်း၊ ရတနာကျောက်မျက် ချယ်လှယ်ထားသော ရွှေငွေကျောက်သလင်း လက်စွပ် လက်ကောက်တို့ကိုင်၎င်း၊ ရွှေငွေကွပ်သော မြေပုတီးတို့ကို၎င်း၊ ဂေါဒန်ပုတီး၊ ကြက်သွေးကျောက်ပုတီး၊ ဂေါမြိတ်ပုတီး၊ မဟူရာပုတီး၊ ကျောက်သလင်းပုတီး၊ ကျောက်စိမ်းပုတီး၊ ရောင်စုံဖန်ပုတီးတို့ကို အနုစိတ် တင့်တယ်အောင် ထုလုပ်ထားသည်ကို၎င်း၊ ကျောက်နီ၊ နီလာ၊ ကြောင်မျက်လုံး၊ဥဿဘယား၊ မဟူရာစသော ရတနာတို့ဖြင့် စီချယ်သည့် အဆင်တန်းဆာတို့ကို၎င်း၊ မြင်လိုပါလျှင် မန္တလေး ရှေးဟောင်းသုတေသနရုံးသို့ ကိုယ်တိုင် ကိုယ်ကြွပ်သွား၍ ကြည့်ကြရပေလိမ့်မည်။ (**တက္ကသိုလ်နှစ်လည်၊ ၁၉၆၀-၁၊ ၁၀**)

ပျူဒင်္ဂါးများကား ယုံကြည်မှုရုပ်ပြ (Symbols) များပါရှိသဖြင့်၎င်း၊ အချို့၌အပေါက်ငယ်ပင် ပါရှိနေတတ်သဖြင့်၎င်း၊ ပိုက်ဆံသဘော သုံးစွဲသည်ထက် အန္တရာယ်ကင်း လည်တွင်ဆွဲရန်သုံးလေမည်လောဟု တွေးထင်ဖွယ်ရှိ၏။ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးအောင်သော်က

> ဒင်္ဂါးများပေါ်တွင် ဖေါင်းကြွအောင် သွန်းလုပ်ထားသော နေလသင်္ကေတနှင့် ဘာသာရေးအမှတ်တံဆိပ်များမှာ အိန္ဒိယပြည်မှ ရှေးကျသော ညှပ်ပုံဖြင့် ပြုလုပ်ထားသည့် ဒင်္ဂါးများမှ လက္ခဏာတို့နှင့် တခုချင်းယှဉ်ကြည့်လျှင် နီးနီးစပ်စပ် တူညီသော်လည်း ပျူဒင်္ဂါးတခုစီတွင် ပါဝင်သော ပုံစံအနေအထားအတိုင်း အိန္ဒိယပြည်တွင် မတွေ့ရသေးချေ။ (**အမျိုးသားယဉ်ကျေးမှုစာစောင်၊ ၁၊ ၁၉၆၂၊ ၁၀၅**)

ဟုဆိုပါသည်။ အရွယ်အစား အားဖြင့် ယခုခေတ် ကျပ်သုံးဒင်္ဂါးမှ မတ်စေ့ အပိုင်းပြားခန့် အထိ အရွယ်အမျိုးမျိုးရှိ၏။ ယုံကြည်မှုရုပ်ပြကိုလိုက်၍ အမျိုးအစားခွဲလျှင် လေးမျိုးရ၏။

ပထမအမျိုးကား တဖက်တွင် သိရီဝစ္ဆ (အိမ်မှန်) အတွင်းသခ် (ခရုသင်း) ပါ၍ အခြားတဖက်၌ ဗိန္ဒု (အပြောက်အစက်) ဝိုင်းလျက် ဘဒ္ဒပီဌ (ထိုင်ခုံ) ပါရှိသည်။ ဒုတိယ အမျိုးကား တဖက်တွင် သိရီဝစ္ဆအတွင်း စေတီကို အပြင်မှ နေ၊လ၊ဝရစိန်နှင့် ခရုသင်းရံ၍ အခြားတဖက်၌ ဗိန္ဒုဝိုင်းသော ဘဒ္ဒပီဌပါသည်။ တတိယ အမျိုးမှာ ဒုတိယ၏မျိုးကွဲသာ ဖြစ်သည်။ စတုတ္ထ အမျိုးကား တဖက်တွင် သိရီဝစ္ဆရှိ၍ အတွင်းသင်္ကေတကိုမသိ၊အပြင်မှရံသောလက္ခဏာများမှာ နေ၊လ၊သောတ္တိက (စကြာ)နှင့် ဘဒ္ဒပီဌတို့ဖြစ်ပါသည်။ အခြားတဖက်၌ နေရောင်ခြည်ဖြာလျက်ရှိသော တက်နေဝန်းကို တွေ့ရ၏။ အစက်အပြောက်တို့မှာ နက္ခတ်များ ဖြစ်မည်ဟူ၍၎င်း၊ လိုင်းအဖြောင့် အကောက်တို့မှာ သမုဒ္ဒရာကို ဆိုလိုသည်ဟူ၍၎င်း၊ ပညာရှိတို့ ကြံဆကြကုန်၏။ ပထမ၊ ဒုတိယ၊ တတိယ အမျိုးကို ဗြိတ္တိတြတွင် အများအပြားတွေ့ရ၍ စတုတ္ထအမျိုးကို ဟန်လင်း၌ တွေ့ရ၏။ တတိယနှင့် စတုတ္ထ အမျိုးတို့ကို ဗိဿနိုး၌ တွေ့ရဘူးသည်။




ပျူ ဒင်္ဂါး လေး မျိုး

( အောင်သော်၊ "ပျူဒင်္ဂါးများ" အမျိုးသားယဉ်ကျေးမှုစာစောင်၊ အမှတ် ၁၊ ၁၉၆၂၊ ၁၀၅-၁၂ မှ စာမျက်နှာ ၁၀၆ ပါပုံကို တဆင့်ကူးယူဖော်ပြသည်။)

ပေါ်ပြုပါ ယုံကြည်မှု ရုပ်ပြများကို ပြဟန်၊ ဇိနနှင့် ဗုဒ္ဓသာသနာဝင်တို့ အားလုံးသုံးစွဲသည်။ ခရုသင်းကား ဗိဿဏိုးနတ်မင်း စွဲကိုင်သော ပစ္စည်းလေးခု အဝင်အပါ ဖြစ်၏။ ဗုဒ္ဓပါဒ(ခြေတော်ရာ)မှ စက် ၁၀၈-ကွက်တွင်လည်း တွေ့နိုင်သည်။ သိရိဝစ္ဆမှာ ရာဇပလ္လင်ဥကင်ပုံဖြစ်နိုင်၏။ နဂါးနှစ်ကောင်လည်း ဖြစ်နိုင်၏။ သီဝနတ်မင်း စွဲကိုင်သော လှံတံဖျား တြိသူလ(ခက်ရင်းသုံးခွ)ဖြစ်နိုင်သေး၏။ သိရိဒေဝီလက်နှစ်ဖက်ကွေး၍ မြှောက်ပင့်ကာ ထိုင်နေပုံမှ ဆင်းသက်ပေါ်ပေါက်လာသော ကျက်သရေနတ်သမီးပုံလည်းဖြစ်နိုင်သည်။ မင်္ဂလာနှင့်ပြည့်စုံရန် သုံးစွဲကြသည်။ ခြေတော်ရာ၌ ထိုပုံမျိုးကို အိမ်မွန်ဟုခေါ်ပါသည်။ ဘဒ္ဒပီဌပုံမျိုးကို ခြေတော်ရာ၌လည်း တွေ့နိုင်၏။ သီဝနတ်မင်း ဆောင်သော ဒမရု(ပလုံတ်တုတ်)လည်း ဖြစ်နိုင်သည်။ နေရုပ် လရုပ်မှာ ခြေတော်ရာ၌ ပါမြဲ ဖြစ်၏။ ထို့အတူ သမုဒ္ဒရာပုံကို ခြေတော်ရာ၌ ထည့်လေ့ရှိသည်။ စေတီပုံကား မွေတော်ဓါတ်တော် ကိန်းဝပ်ရာဖြစ်၏။ သို့သော် အချို့က သီဝနတ်မင်း၏ အထိမ်းအမှတ်ဖြစ်သော လိင် ဖြစ်မည်လောဟု တွေးကြသည်။ ဝရဇိန်ကား ဣန္ဒနတ်မင်း၊သို့မဟုတ် သိကြားမင်း၏လက်နက်ဖြစ်ပါသည်။ သောတ္တိကခေါ် စကြာမှာ ကောင်းမြတ်သော နိမိတ်ကို ဆောင်၏။ ရောင်ခြည်ဖြာလျက် လှည့်ပတ် လှုပ်ရှားနေသော နေမင်း၏ သဏ္ဌာန်မှ ဆင်းသက်လာသောပုံ ဖြစ်ပါသည်။ တိုးတက်ခြင်း သဘော ဆောင်၏။ ခြေတော်ရာ၌ တွေ့ရမြဲ ဖြစ်၏။ အယူဝါဒပေါင်းစုံမှ ယုံကြည်မှုသရုပ်ပေါင်းစုံ ဖြစ်နေသဖြင့်

> ပျူတို့၏ သာသနာယုံကြည်မှုကား အခြားကျော် အိန္ဒိယ(Further India)နိုင်ငံများမှာကဲ့သို့ပင် ဝါဒပေါင်းစုံ အရောအနှော( Syncretist )ပင် ဖြစ်ပါသည်။ သီဝနတ်မင်း ကိုးကွယ်ခြင်း( Saivism )ကိုမူ တွေ့ရခဲ၏။ သို့သော် × × × ဗိဿဏိုး ကိုးကွယ်ခြင်း (Vaishnavism)ကား ရှိပါသည်။ ကြေးရုပ်ထုငယ်များအနက် အဝလောကိတေဂွရနှင့် အခြား ဗောဓိသတ္တများဟု ထင်ရသော အရုပ်များ တွေ့ရခြင်းကလည်း မဟာယာနဗုဒ္ဓဝါဒ ရောက်ရှိနေပါပြီဟု သက်သေခံကြသည်။ × × × အခြားဝါဒ × × × တို့ထက် အားသာလျက် ရှိသော ဟိနယာန(ဗုဒ္ဓဝါဒ)လည်း ထွန်းကားနေပါသည်။ရုပ်ထုများစွာနှင့် ပါဠိကျောက်စာများ ကျန်ရစ်ခဲ့ခြင်းက ယင်းအချက် မှန်ကြောင်းကို သက်သေခံလျက် ရှိပါသည်။ အဓိက ပါဠိကျောက်စာများကား (၁) မော်ဇာတောင်ဖက် ၇-မိုင်ကွာ မောင်ကန်ရွာမှ တွေ့ရှိ၍ ယခု ဗြိတိသျှပြတိုက်( OR. 5340 ab )တွင် ရောက်ရှိနေသော ရွှေပေနှစ်ချပ် × × × (၂) ရှေးဟောင်းသုတေသနရုံးတွင် တပိုင်း(မျှသာကျန်ရှိနေသော)ဘောဘောကြီးကျောက်စာ (၃) ရှေးဟောင်းသုတေသန နှစ်ချုပ်အစီရင်ခံစာ ၁၉၃၈-၉၊ ၁၂-၂၂-တွင် တည်းဖြတ် ပုံနှိပ်သော ထူထူလှလှပြုလုပ်ထားသည့် ရွှေပေနှစ်ဆယ်တို့ပင် ဖြစ်ပါသည်။

ဟူ၍ ပါမောက္ခလုစ်က စာရင်းရှင်းတမ်းပြုလုပ်ခဲ့ပါသည်။ တရုတ်ဗုဒ္ဓသာသနာဝင် ဘုရားဖူးများဖြစ်သော ယွမ်းကျေန်က အေဒီ ၆၄၈-တွင်၎င်း၊ယိကျင့်က အေဒီ ၆၇၅-ခန့်က၎င်း၊ ဗြိကေ္ခတြာသည် ဗုဒ္ဓဝါဒီနိုင်ငံဖြစ်သည်ဟု မှတ်တမ်းတင်ခဲ့ကြသဖြင့်လည်း အခြားအခြားသော ဝါဒတို့ထက် ဟိနယာန ဗုဒ္ဓဝါဒကို ပျူတို့ ပိုမိုယုံကြည်ကြောင်း သိရပါသည်။

ပျူတို့ထားရစ်သော မြေပုံဘုရား ထောင်ပေါင်းများစွာလည်း ရှိပါသေးသည်။ ကျောက်စာဝန်ဟောင်း ဦးမြက ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ(ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၆၁)ဟူသောအမည်ဖြင့် ကျမ်းနှစ်တွဲပြုစုရာ၊ ဒုတိယတွဲမှာ ပျူနှင့်ဆိုင်ပါသည်။ ထိုမြေပုံဘုရားပုံစံ

အမျိုးမျိုးကိုလေ့လာ၍ ပျူတို့၏ ယုံကြည်ကိုးကွယ်မှုနှင့်တကွ ယဉ်ကျေးမှုကိုပါ အကဲခတ်နိုင်သည်။ ပျူတို့၏ မြေပုံဘုရားများမှာ ဘုရားပုံတဖက်တွင် ခပ်နိုပ်၍ တဖက်၌ ညောင်ရွက်ပုံ ခပ်နိုပ်၍သော်၎င်း၊ ဒါယကာ၏ ဆုတောင်းကို ရေးလျက်သော်၎င်း ပါတတ်သော ညောင်ရွက်အရွယ်ရှိ ရွှံပြားများ ဖြစ်ပါသည်။ ဘုရားပလ္လင်အောက်တွင် တောင်ပိုင်းအိန္ဒိယမှ ငါးရာစုခန့်က ရေးသော လက်ရေးမျိုးနှင့်

ယေ ဓမ္မာ ဟေတုပ္ပ ဘဝါ၊
တေသံ ဟေတုံ တထာဂတော၊
အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

ယေဓမ္မာ၊ အကြင်ခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းဖြစ်သော သမုဒယသစ္စာသာလျှင် အမှန်အစရှိကုန်၏။ တေသံ ဓမ္မာနံ၊ ထိုခန္ဓာငါးပါးအစရှိသော တရားတို့၏။ ဟေတုံစ၊ အကြောင်းဖြစ်သော သမုဒယတရားကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသံ ဓမ္မာနံ၊ ထိုအကြောင်းဖြစ်သော သမုဒယသစ္စာတရားတို့၏။ယော နိရောဓော၊အကြင်ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာသည်။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုနိရောဓသစ္စာကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။ မဟာသမဏော၊ ရဟန်းကြီးဖြစ်သော ဘုရားသခင်သည်။ ဧဝံဝါဒီ၊ဤသို့သော အယူရှိတော်မူ၏။ (မြ၊ ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ၊ ၅-၆)

ဟူသော အဿဇိက သာရိပုတ္တရာအလောင်းကို ပြောသော ဂါထာကို ရေးသားလိုက်၏။ ဗုဒ္ဓဝါဒ အကျဉ်းချုပ်ဖြစ်၍ သာသနာပြုရန် အကောင်းဆုံးလက်နက်ဟု ယူဆကြသဖြင့် ထိုဂါထာကို သုံးစွဲဟန် ရှိပါသည်။ တောင်ပိုင်းအိန္ဒိယမှ ငါးရာစုလက်ရေးနှင့် ပျူတို့၏ အကောင်းဆုံးလက်ရာကား ဗောဓိမဏ္ဍိုင်ကို စိုင်း၍ အရံရဟန်းလေးပါးနှင့်တကွ ဘူမိသ္ပဂ်မုဒြာနှင့် ဘုရားလေးဆူပုံ ဖြစ်ပါသည်။ မျက်နှာဘော်ဝိုင်း၍ လည်တန်တိုလျက် ကိုယ်လုံးတောင့်၏။ဦးခေါင်းတော်မှ ဥဏှိဖ(ဥဏှီသ)မှာ အသင့်အတင့်မျှသာ မိုမောက်၍ မထင်ရှားလှပါ။ ဆံတော်ကို ခရုပတ်ခွေ၍ထား၏။ သင်္ကန်း အရံတွင် အခွေအလိပ်များကို ကောင်းစွာ မြင်ရ၏။ ပုဂံခေတ် ရုပ်ထုတော်တို့ထက် လက်ရာသာသည်ဟု ဆိုနိုင်သည်။ နှောင်းခေတ်များ၌ ဘူမိသ္ပဂ်မုဒြာကိုသာ အသုံးများသော်လည်း ပျူတို့က မုဒြာ(လက်ဟန်) အမျိုးမျိုးနှင့် အာသန(ခြေဟန်)အမျိုးမျိုးကို သုံးစွဲခဲ့ကြ၏။ အများဆုံး တွေ့ရသော လက်ဟန်များကား—

(၁) အဘယ မုဒြာ(မစိုးရိမ်လင့်ဟု နှစ်သိမ့်ပုံ)
(၂) အာလိင်္ဂန မုဒြာ(ပွေ့ပိုက်ပုံ)
(၃) အဥ္စလိ မုဒြာ(ကြည်ညိုပုံ)
(၄) ဓမ်မစကြ မုဒြာ(ဗျာချာန မုဒြာ) (တရားဟောပုံ)
(၅) ဈာနာ မုဒြာ(သမာဓိ မုဒြာ) (တရားအားထုတ်ပုံ)
(၆) နမဿာရ မုဒြာ(ကန်တော့ပုံ)

(၇) ဘူမိသွဂ် မုဒြာ(မြေထိပုံ)
(၈) မဟာကာရုဏိက မုဒြာ(သနားပုံ)
(၉) ဝရဒ မုဒြာ(ဝရ မုဒြာ) (ဆုပေးပုံ)
(၁၀) ဝိတက် မုဒြာ (အခြေအတင်ပြောပုံ)

တို့ ဖြစ်ပါသည်။ ခြေဟန်တို့ကား—

(၁) အာလိဝါသန(ဘယ်ခြေ ရှေ့လှမ်း၍ လေးတင်ဟန်-ရဲစွမ်းပြပုံ)
(၂) ဈာနာသန(ခြေနှစ်ဖက်ချိတ်တင်ဟန်-တရားအားထုတ်ပုံ)
(၃) ပရျင်ကာသန(ခြေနှစ်ဖက်ထပ်တင်ဟန်-တည်ငြိမ်ပုံ)
(၄) ပြတျာလိဝါသန(ညာခြေ ရှေ့လှမ်းဟန်-မနှစ်သက်ပုံ)
(၅) ဘဒြာသန(ခြေနှစ်ဖက် တွဲလောင်းချဟန်)
(၆) ရာဇလီလာသန(ဒူးတဖက်ထောင် တဖက်ကွေးဟန်-မင်းထိုင်ပုံ)
(၇) လလိတာသန(ခြေတဖက်ချဟန်-အသာအယာ အပမ်းဖြေထိုင်ပုံ)
(၈) ဝီရာသန (ဒူးတဖက်ထောင်ကို ဒူးတဖက် ကွေးတွင် ထည့်၍ ကျုံ့ကျုံ့ ထိုင်ဟန်-ကန်တော့ပုံ မုဆိုးထိုင်)

တို့ ဖြစ်ပါသည်။ ယင်းတို့အနက် ခြေနှစ်ဖက်ထပ်တင်၍ထိုင်သော ပရျင်ကာသနကို ပျူတို့အများဆုံး သုံးစွဲ၏။ ရှင်တော်ဘုရား ထိုင်တော်မူရာ ပလ္လင်မှာလည်း သုံးမျိုးရှိရာ

(၁) ပဒ္မာသန(ကြာပလ္လင်)
(၂) သိံဟာသန(ခြင်္သေ့ပလ္လင်)နှင့်
(၃) ဝဇြာသန(ပြောင့်ပလ္လင်၊ ခိုနန်းချိုးပလ္လင်)

တို့ ဖြစ်၏။ အလွန် ရှေးကျသော လက်ရာများတွင် ကြာပွင့်ပေါ်၌သော်၎င်း၊ခြင်္သေ့ကိုယ်လုံးပေါ်၌သော်၎င်း ထိုင်နေဟန်ကို ထုလုပ်ရေးသားကြသော်လည်း ပျူခေတ်၌ အလှအပ ပြုပြင်ပြီးကြပြီ ဖြစ်၍ များသောအားဖြင့် ပြောင့်ပလ္လင်နှင့်ဖက်စပ်လျက် ပြောင့်အထက်မှကြာပွင့်ကိုသော်၎င်း၊ ပြောင့်ပတ်လည်၌ ခြင်္သေ့ ယပ်နှစ်ရုပ် ထည့်၍သော်၎င်း၊ နှစ်ထပ်ပလ္လင်များ ပေါ်ခဲ့ပါသည်။ ဘုရားတဆူတည်းထက် ပို၍ တရံတခါ အုတ်ခွက်တခုတည်း၌ ဘုရားအဆူပေါင်း များစွာကို တွေ့ရပါသည်။ ပျူခေတ်က အုတ်ခွက်တခုတွင် အဆူပေါင်း သုံးဆူ(အုတ်၊ ဒု၊ ၂၈)ခြောက်ဆူ(အုတ်၊ ဒု၊ ၅၃) ၈၆-ဆူ(အုတ်၊ ဒု၊ ၅၇)ပါသည်ကို တွေ့ရပါသည်။မွန်တို့ဖက်မှ သုံးစွဲသော ယမကပြာတိဟာရပုံမျိုးကိုလည်း ပျူတို့ဒေသ၌ တွေ့ရ၏(အုတ်၊ ဒု၊ ၅၃)။ ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ စကြာ၊ သမင် စသည်တို့ ပါသောပုံ(အုတ်၊ ဒု၊ ၅၅)မျိုးကိုလည်း တွေ့ရပါသည်။ ဘုရားပုံတော်၏ ဝဲယာတွင် ဆင်၊ ခြင်္သေ့(ဗျာလ)နှင့် မကန်ပုံးများလည်း တွေ့ရပါသည်(အုတ်၊ ဒု၊ ၁၂)။ ပုံတော်၏ ဝဲယာ၌ ဗောဓိသတ္တ (ဘုရားလောင်း)ခြံရံပုံ၊ သာဝက(တပည့်)ခြံရံပုံ၊ သတ္တိ(ကြင်ယာတော်)ခြံရံပုံနှင့် ဒါယကာ(ကြည်ညိုသူ)ခြံရံပုံတို့ကို တွေ့ရပါသည်။ ဗောဓိသတ္တနှင့် သတ္တိရှိနေပုံကြောင့် မဟာယာနဂိုဏ်းအရိပ်အရောင်သန်းကြောင်းသိသာ၏။


မဟာယဉ်တို့ ကိုးကွယ်သော မဲတြေယ (အရိမေတ္တယ) အဝလောကိတေဂွရ၊ တရား၊နှင့် သရဝတီတို့ကို တွေ့ရ၏။ ဦးမြကာ ဟယဂြိဝ (အုတ်၊ ဒု၊ စာမျက်နှာ ၁၈) ကိုပင် မော်ဇာမြေပုံဘုရားတခု၌ တွေ့သည် ထင်ကြောင်း ရေးဘူး၏။ ပုံတော်၏ဝဲယာ၌ ကလသာအိုးကို တွေ့ရ၏ (အုတ်၊ ဒု၊ ၄၅)။ ထိုကလသာ အိုးမှ စေတီပုံတမျိုးပေါ်ခဲ့ဟန်ကိုလည်း တွေ့ရ၏။ ဓါတ်တော်ကြုတ်ကိုလည်း တွေ့ရ၍ (အုတ်၊ ဒု၊ ၁၄) ယင်းမှ စေတီပုံတမျိုးပေါ်ခဲ့ဟန်ကို တွေ့ကြရပါသည်။ ငွေဘုရား၊ မြေပုံဘုရားနှင့် ကျောက်စာတို့မှ သိရသမျှ အမည်များမှာ—

ဂုဟဒီပ
* စရိကေ
* ဆော
☆ ဇယစန္ဒြဝရ်မန်
* တြဉ
* ဒိုး
ဗာဒေဟိ
* ရိုး
* သူ့း
☆ သီဟဝိကြမ
☆ သူရိယဝိကြမ
☆ ဒြိဂုပ္တ
ဒြိစန္ဒြမဟာဒေဝီ
ဒြိနာလန္ဒာယ
ဒြိပြဘုဒေဝီ
ဒြိပြဘုဝရ်မန်
☆ ဟရိဝိကြမ

( * ဗိုး မင်း၊ ☆ တွဲးဗိုး မင်းကြီး )

ဤတွင် ပျူဘုရင်၊ မိဖုရား၊ မင်းစိုးရာဇာတို့နှင့် မင်းဆရာတို့၏ အမည်များကို သိရသလောက် ဖေါ်ပြလိုက်ပါသည်။ ဘုရင်မင်းတို့၏အမည်အဆုံးတွင် ဝရ်မန်၊ ဝိကြမနှင့် ဂုပ္တကို တွေ့ရသောကြောင့် အမျိုးအဆက်သုံးမျိုး ရှိအံ့လောဟု တွေးထင်ရန် ရှိ၏။

မြေပုံဘုရားများအပြင် အဆောက်အအုံ၏နံရံတလျောက်၌ လုပအောင်ကပ်၍ ထောင်ထားရန် အုတ်ကြီးများ၌ ပန်းကွက်၊ ခြသေ့ရုပ်၊ မြင်းရုပ်၊ ရသေ့ရုပ်၊ ဘီလူးရုပ်၊ အပေါက်စောင့်ရုပ်တို့ကိုရင်း ကျောက်သားတွင် အကွက် အပြောက် အပွင့် အခက်များ ဖေါ်ထားသော ပလ္လင်များကိုရင်း တွေ့ရပါသည်။



ပျူလက်ရာ မြေအုတ်ကြီးတို့၌ တွေ့ရသော ရုပ်ကြွ အရုပ်နှင့် ပန်းနမူနာ

ပျူတို့၏ဓလေ့တခုမှာ သေသူကို မီးသင်္ဂြိုဟ်၍ အရိုးကို ကောက်လျက် အိုးနှင့် လုံခြုံရာတွင် သိမ်းထားခြင်းပင် ဖြစ်ပါသည်။ အသေးစိတ်အားဖြင့်—


ပျူလူမျိုးတို့သည် သေသူကိုမီးသင်္ဂြိုဟ်၍ အရိုးပြာကိုအိုးနှင့်ကောက်ကာ တအိုးချင်း သို့မဟုတ် ဆွေအုပ်မျိုးအုပ်လျှင် တစုချင်းထား၍ ဘုရားပုရဝုဏ်အတွင်းမှာရင်း၊ အုတ်ခုံပြု၍ မြေဖုံးကာ အမှတ်အသားအလို့ငှါ တိတိုင် ကျောက်တိုင်တို့ကို စိုက်၍ထားသော ကျယ်ပြန့်သည့် သင်္ချိုင်း၌ရင်း၊ သိမ်းဆည်းထားလေ့ရှိသည်။ အိုးမှာ များသောအားဖြင့် မြေအိုးဖြစ်၍ မင်းဆွေစိုးမျိုးအတွက် ကြီးမားသော အိုးကို သုံး၍ တခါတရံ အိုးပတ်လည်၌ စာတန်းပင် ရေးထိုးပါရှိတတ်သည်။ တခါက ရွှေချထားသည့် ကြေးအိုးတွင် ပြာထုပ်ထားသည်ကို တွေ့ရဘူး၏။ ပြာနှင့်ရောကာ သံချွန်နှင့် ဓါးသွားများ၊ ကျောက်စရစ်ဖြူများ တွေ့ရတတ်ရာ ယင်းတို့ကို အကာအကွယ်သဘောဖြင့် ထည့်လိုက်ခြင်းဖြစ်မည်ဟု ထင်ပါသည်။ပြာထဲတွင် ခြောက်နားညီသံပြားကို သံမှိုကြီးနှင့်ဖေါက်၍ ပတ်လည်မှ သံယပေါင်းများစွာ စိုက်ထားသည်ကို နှစ်ကြိမ်တွေ့ရဘူးပါသည်။ (တက္ကသိုလ် နှစ်လည်၊ ၁၉၆၀-၁၊ ၉၀)

ဟူ၍ ပါမောက္ခလုစ်က ဖေါ်ပြဘူးပါသည်။

ပျူတို့ပြောသော ဘာသာစကားကို လေ့လာရန် စတင်သူကား ဒေါက်တာ စီအိုဘလဂ်ဒန်ပင် ဖြစ်ပါသည်။ လေးဘာသာရေးထိုးသော ရာဇကုမာရ်ကျောက်စာ အားကိုးနှင့် ပျူစကားလုံး၅၀-မှ ၁၀၀-နီးပါးထိ အဓိပ္ပါယ်ဖေါ်နိုင်ခဲ့၏။ ထိုမှတဆင့်တက်၍ အရိုးအိုးကျောက်စာများကို အဓိပ္ပါယ်ဖေါ်ခဲ့ကြပါသည်။ နောက်ပိုင်း၌ ပျူစာကို ဆက်လက်လေ့လာ၍ တတ်စွမ်းသမျှ အဓိပ္ပါယ်ဖေါ်ပေးလျက် ရှိသူမှာ ယဉ်ကျေးမှုညွှန်ကြားရေးဝန်ဟောင်း ဦးသာမြတ်ပင် ဖြစ်၏။

ဘာသာစကားအနေနှင့် တိဗက် မြန်မာအနွယ် (Tibeto-Burman) စကားဖြစ်ကြောင်း ရဲရဲပြောနိုင်၍ မြန်မာနှင့်အမျိုးနီးစပ်ဟန်ရှိသည်။တသံလျှင်သဘော အဓိပ္ပါယ်တမျိုးယူသော ဘာသာစကားဖြစ်၍ ဝဏ္ဏသံပိတ်ကိုပင် အတွဲလက်မခံချေ။ အသံနိမ့်မြင့် ထင်ရှားရှိ၍ စာရေးသားရာ၌ အသံ အလေးအပေါ့ညွှန်းရန် အစက်(ဝိသဇ္ဇနီ)များကို သုံးသည်။ အထူးသဖြင့် သသံကရိုက်သက် အမျိုးခြားစကားလုံးများကို ယူငင်သုံးစွဲကြောင်း တွေ့ရ၏။ (တက္ကသိုလ် **နှစ်လည်၊ ၁၉၆၀-၁၊ ၉၀)**

ဟူ၍ အချုပ်သဘောအားဖြင့် ဆိုနိုင်ပါသည်။ပျူစကားသံ၌ အသံလေး အသံပေါ့ ရှစ်မျိုးခန့် ရှိသည်ဟု ခန့်မှန်း၍ ပျူစာရေးရာ၌ အိန္ဒိယတောင်ပိုင်း လေးရာစုက လက်ရေးမျိုးဖြစ်ကြောင်းကို အထက်က ဖေါ်ပြခဲ့သည်။ထိုအခါက ရေးနည်းတွင် ထူးသည်ကား ယပင့်ကို ဆိုင်ရာစာလုံးအောက်မှ ယ-အက္ခရာ အတိုင်းရေးသဖြင့် သင်္ဘောကျောက်ဆူးချသလို မြင်ရ၏။အလွယ်ဖေါ်ပြနိုင်အောင်"ကျောက်ဆူးယ" (Anchor Y)ဟု ခေါ်ကြပါသည်။ထိုကျောက်ဆူးယကို တောင်ပိုင်းအိန္ဒိယ၌ ငါးရာစုကျော်လျှင် ဆက်လက် မသုံးစွဲတော့ချေ။ သို့သော် အေဒီ ၁၁၁၂-က ရေးထိုးသော ရာဇကုမာရ် ကျောက်စာ ပျူမျက်နှာ၌ ကျောက်ဆူးယကိုပင် သုံးစွဲလျက် ရှိပါသဖြင့် ပင်ရင်းတွင် ပြုပြင်တိုးတက်သော်လည်း ပျူတို့က ပြုပြင်ရကောင်းမှန်း မသိသည်မှာ မိမိတို့ပြည်တွင်း ဆူပူမှုကြောင့်ရင်း၊ ပြည်ပနှင့် အဆက်




(မြန်မာနိုင်ငံ ရှေးဟောင်း သုတေသန အစီရင်ခံစာ၊ ၁၉၀၅ မှ ကူးယူဖော်ပြသည်)

နန်းတော်ရာနှင့် မြို့တော်ရာပတ်လယ်တွင် အုတ်များပြိုပျက်ပြန့်ကြဲနေသဖြင့် ခန့်မှန်းချက်မျှသာ ဖြစ်၏။ မြို့တံတိုင်းသည် ထု ၁၆-ပေ၊ နန်းတော်တံတိုင်းသည် ထု ၈-ပေမျှ ရှိကောင်း၏ဟု မှန်းသည်။

အသွယ်ပြတ်သဖြင့်ရင်း ယဉ်ကျေးမှုတကဏ္ဍတွင် တိုးတက်ရေးမရနိုင်ဟူ၍သာ အဓိပ္ပါယ်ကောက်ယူရန် ရှိတော့သည်။ စင်စစ် ပြည်ပအဆက်အသွယ် ပထမပြတ်ဟန်ရှိ၏။ ပြီးမှရှစ်ရာစုလောက်တွင် ပြည်တွင်းဆူပူ၍ ဗြိကွေ့တြပင်ပျက်ဟန်ရှိပါသည်။ဗြိကွေ့တြပျက်လျှင် မြောက်ဖက်သို့ရွှေ့၍ ဟန်လင်းကြီးကိုပင် မြို့တော်အဖြင့်ဖြင့် တည်ထောင်ကြသည်ဟုထင်ပါသည်။ဗြိကွေ့တြပျက်ရခြင်းမှာ တိဗက်တရုတ်အနွယ်ကြီးတွင်ပါဝင်သော ကရင်တို့ မြန်မာနိုင်ငံအလယ်နှင့် အောက်ပိုင်းသို့ဝင်ရောက်လာသည်ကို မခုခံနိုင်သောကြောင့်ဖြစ်မည်ဟုယူဆသည်။ကရင်ကား ဧရာဝတီကိုကူး၍ မင်းဘူးဖက်၌နေကြရာ ၉-ရာစုတွင် မြန်မာတို့ မြန်မာနိုင်ငံ မြေပြန့်သို့ ဝင်လာသောအခါတွင် စကောကရင်ကို မြစ်ကြီး၏အနောက်ဖက်၌ နေထိုင်လျက်ရှိကြောင်း တွေ့ကြရပါသည်။ (**မြန်မာနိုင်ငံ သုတေသနဂျာနယ်** ၄၂၊ ၁၊ ၃၁)

ပျူတို့အကြောင်းကို အေဒီ ၈၀၀-ကျော်တွင် ရေးသားကြသော တရုတ် မှတ်တမ်းများ၌ အသေးစိတ်တွေ့ရ၏။ ထိုသို့ဖေါ်ပြပါရှိသော ပျူကား ဟန်လင်းသို့ ဆုတ်ခဲ့ရသော "ကျနေ"ပိုင်းမှ ပျူဖြစ်ပါသည်။ နန်ကျောင်တို့လွှမ်းမိုးချိန်ဖြစ်၍ ပျူတို့မှာ စင်စစ်နန်ကျောင်ကို ခံ့ညားရှိသေလျက် အခွန်ဆက်သ နေရပြီဖြစ်၏။ နန်ကျောင်မင်းကြီး ကော်လော်ဖန်သည် အေဒီ ၇၅၅-ခု၌ တိဗက်နှင့် မဟာမိတ်ပြု၍ တရုတ်ကိုစစ်ကြီးနှစ်ကြိမ်နိုင်လိုက်၏။ မဟာမိတ်ဖြစ်သော တိဗက်သို့သွားရန် လမ်းနှစ်သွယ်ရှိရာ ထိုလမ်းနှစ်ခုစလုံး မြန်မာနိုင်ငံမှ ဖြတ်၍သွား၏။ ထိုလမ်းအတိုင်း နန်ကျောင်တို့ လိုက်လာလျှင် ပျူနှင့်တွေ့တော့သည်။ ရောက်လာသော နန်ကျောင်ကို ပျူတို့ကလက်သင့်ခံရုံမှတပါး ဘာမျှမတတ်နိုင်ချေ။ အကြည်အသာ လက်ခံရသည့်အပြင် နန်ကျောင်တို့တိုက်သောစစ်များ၌ပင် ပျူစစ်သားတို့လိုက်၍ တိုက်ရသေး၏။ ထို ကုလား တရုတ် လမ်းမကြီးနှစ်ခုကို တရုတ်အမတ် ကျာတန် က ရှစ်ရာစုကုန်ခါနီးတွင် စခန်းဆက်နှင့်တကွ အသေးစိပ်ရေးသားထားခဲ့၏။(**ယုင်ထန်ရှူ**၊အခန်း ၄၁(၁) စာမျက်နှာ ၂၁၊ ယာနှင့် ဝဲ)


> လမ်းတလမ်းမှာ ယုန်ချန်ကအနောက်စူးစူးသို့သွားရာ ထန်ယွေ့ ရောက်၏၊ ထိုမှတဖန် လီရွှေမြို့ဖြစ်သော ဝိုင်းမော်၊ အန်ယုံမြို့ဖြစ်သော မိုးကောင်းအနီးလောက်မှဖြတ်၍ တဇူတောင်ကြားလမ်းကိုဝင်ခါ ဂေါဟတိ (ကာမရူပ) နှင့် မာဂဓသို့တိုင်အောင် ပေါက်ရောက်၏။ နောက်တလမ်းကား ယုန်ချန်ကအနောက်တောင်ကိုထွက်ရာ ပျူမြို့တော်ကိုဝင်ပြီးမှ ချင်းတွင်း(မိနို) မြစ်ရိုးမှ ဂေါဟတိနှင့် (တာ့ချင့်ဗြဟ္မဏတို့၏) မဏိပူရသို့ ဝင်သည်။ (**တက္ကသိုလ်နှစ်လည်**၊ ၁၉၆၀-၁၊ ၉၁)

ဟု ကျာတန်ကဆိုပါသည်။ယင်းအဆိုတွင်ပါသော ပျူမြို့တော်ကား အဘယ်နည်းဟုမေးဖွယ်ရှိသည်။ ကုလားပြည်သို့သွားသောလူတယောက်သည် မော်ဇာအထိဆင်းလာပြီးမှတဖန် ဧရာဝတီနှင့်ချင်းတွင်းကိုဆန်တက်၍ မဏိပူရကိုဝင်မည်မဟုတ်ချေ။မော်ဇာကသာ ပင်လယ်ခရီးဆက်၍ ဟူဂလီမြစ်ဝ တာမြလိပ္တိသို့ သင်္ဘောနှင့်သွားပေမည်။ ကျာတန်၏အဆိုအရ ပျူမြို့တော်ကိုဝင်၍ ချင်းတွင်းကိုဆန်သည်ဆိုလျှင် ထိုပျူမြို့တော်မှာ ဟန်လင်းဖြစ်ရန် အလွန်နီးစပ်၏။ ဟန်လင်း၌ ပျူကျောက်စာသုံးခု တွေ့ထားသဖြင့်လည်း ပျူမြို့တော်ကဲ့သို့ အချက်အချာဒေသတခုဖြစ်မည်ဟု ယူဆရန်ရှိသည်။ ထိုကျောက်စာသုံးခုကား

(၁) ယခု ပုဂံပြတိုက်သို့ ရောက်နေသော လေးရာစု လက်ရေးဟု ထင်ရသည့် သင်္ချိုင်းကျောက်စာ(ဓါတ်ပုံ ၃၇၆ က)

(၂) ရှစ်ကြောင်းမျှသာ ကောင်းစွာဖတ်နိုင်သေးသော်လည်း မင်း မိဖုရား အမည်ပါသည်ဟု ထင်ရလျက် ထိပ်၌ လခြမ်းပုံပါသော ကျောက်စာ(ဓါတ်ပုံ ၃၅၇ ခ) နှင့်

(၃) ပျူတို့၏ နောက်ပိုင်း လက်ရာ ဖြစ်မည်ဟု ခန့်မှန်းရသော ဘုရားလောင်းနှင့် ကြည်ညိုသူ ပျူတို့၏ ရုပ်ကြွပုံ (အိန္ဒိယ ရှေးဟောင်း သုတေသန နှစ်ချုပ် အစီရင်ခံစာ၊ ၁၉၃၀၊ ၁၅၄-၅၊ ဓါတ်ပုံ ၆၁ ခ)



ဟန်လင်းမှ ဘုရားလောင်းနှင့် ကြည်ညိုသူတို့ပုံ

(အိန္ဒိယ ရှေးဟောင်း၊ ၁၉၃၀၊ ဓါတ်ပုံ ၆၁ ခ)

ထို့ပြင် ဟန်လင်း၌ သရိဝစ္စနှင့် တက်နေဝန်းပါသော ပျူဒင်္ဂါးများ တွေ့ရ၏။ အရိုးအိုးများရှိ၏။ ယင်းအချက်များက ဟန်လင်းသည် ပျူတို့၏အချက်အချာဒေသတခုဖြစ်ကြောင်းဖေါ်ပြနေပါသည်။ သို့သော် ဟန်လင်းတွင်ရေပူစမ်းများမှာ အထိကရဖြစ်ရကား တရုတ်မှတ်တမ်းများ၌ အဘယ်ကြောင့် ထိုရေပူစမ်းများအကြောင်း မပါလေသနည်းဟု မေးဖွယ်ရှိ၏။ ရေပူစမ်းအကြောင်း မပါသဖြင့်သာ တရုတ်ပြောသော ပျူမြို့တော်သည် ဟန်လင်းပင်ဖြစ်သည်ဟု ရဲရဲမပြောဝန့်အောင် ရှိရပါသည်။

တရုတ်စစ်တိုက်နေသောနန်ကျောင်တို့သည် ကောလေဘ်ဖန်၏မြေးတော် ယိမိုရွှန်းလက်ထက် အေဒီ ၇၉၄-တွင် စစ်ကို ရပ်စဲလိုက်၏။ ထိုနောက် လက်အောက်ခံပြည်နယ်များစွာမှ သီဆိုတီးမှုတ်သူ ဆိုင်းသမားတို့ကိုစု၍ တရုတ်ကေရာဇ်ထံသို့ အေဒီ ၈၀၀-တွင် စေလွှတ်ဖျော်ဖြေခိုင်းသည်။ယင်းတို့တွင် ပျူသဘင်သည်တို့လည်းပါ၏။ ထို့ကြောင့် ပျူနှင့်တရုတ် အဆက်အသွယ်ရလာသဖြင့် ပျူမင်းဖြစ်သော ခွန်မော်ချန်မင်းမျိုးမှ ယုန်ချိယန်မင်းက အေဒီ ၈၀၁-၂တွင် တရုတ်နိုင်ငံသို့ နန်ကျောင်မှတဆင့် သံစေလွှတ်ခဲ့သည်။ ညီတော် သို့မဟုတ် သားတော် ဂြိုမြို့စား (ဗန်းမော် သို့မဟုတ် တကောင်းမြို့စား) သုနန္ဒကို သံအဖွဲ့တွင်ထည့်လိုက်၏။ တရုတ်မှတ်တမ်းများ၌ ထိုသံအဖွဲ့နှင့်တကွ ပျူတူရိယာနှင့်တီးမှုတ်ပုံကို အသေးစိပ်ရေးသားကြ၏။ထိုကျမ်းအသီးသီးမှကောက်နှုတ်၍ဖေါ်ပြရလျှင် ပျူတို့ပြည်ထောင်၏ အကျယ်မှာ အရှေ့မှအနောက်ကို လီ ၃၀၀၀၊ တောင်မှမြောက်ကို လီ ၃၅၀၀ သို့မဟုတ် ၅၀၀၀-ရှိသည်။ နယ်နိမိတ်အားဖြင့် အရှေ့လားသော် ကမ္ဘောဇ၊ တောင်သော် ပင်လယ်၊ (အရှေ့သော်) ဒွါရဝတီ၊ အနောက်သော် အရှေ့အိန္ဒိယ၊ မြောက်သော် နန်ကျောင်ဟု ဆိုပါသည်။ပျူလက်အောက်၌ ၁၈-ပြည်ထောင်ရှိသည်ဟု ဖေါ်ပြကြလျက် အမည်စာရင်းပေးသည်။ယနေ့ကြားဘူးသော ပြည်တွင်း အမည် တခုမျှမတွေ့ရချေ။ ထို့ပြင် မလေးကျွန်းဆွယ်မှ အမည်များကို ထည့်ထားခြင်းကား အကဲ အပိုပင် ဖြစ်ပါသည်။ **ထန်ရာဇင်ဟောင်း** မှ ထုတ်နှုတ်ဖေါ်ပြရလျှင်

မင်း၏အမည်ကား မဟာရာဇတည်း၊ အမတ်ချုပ်ကား မဟာသေနတည်း၊ မင်းသည် ခရီးတို သွားလျှင် ရွှေကြိုးခက်သော ထမ်းစင်စီး၏။ ခရီးရှည်သွားလျှင် ဆင်စီး၏။ မိဖုရား မောင်းမ များလှသည်။ တရာကျော် အမြဲရှိ၏။(ထန်ရာဇဝင်သစ်က ရာပေါင်းများစွာရှိသည်ဟုဆို၏။) မြို့တော်၏ တံတိုင်းဝန်းကျင်ကို စဥ့်အုတ်နှင့် စီထားသည်။ အချင်းအားဖြင့် လီ ၁၆၀-ရှိ၏။ (မန်ရှူ အရ တနေ့ခရီးဟု ဆိုသည်)။ ကျုံးကမ်းပါးကိုလည်း အုတ်စီသည်။ × × ×

တံတိုင်းအတွင်း၌ သောင်းပေါင်းများစွာသော မိသားစုတို့ နေကြသည်။ ဗုဒ္ဓဝါဒီဘုန်းကြီး ကျောင်း တရာကျော်၏။ ကျောင်းပရဝုဏ်ကအစ အခန်းများပါ ရွှေငွေမွမ်းမံ၍ အနီ အဝါ စသည့် တောက်ပသောဆေးများ ရေးချယ်ထားသည်။ ချိပ်ရောင်ခံ ဆေးသုတ်၍ ပန်းထိုး ကော်ဇောများဖြင့် ဖုံးထားသည်။ (**ထန်ရာဇဝင်သစ်** က ဘုရင့်နန်းတော်လည်း ဤနည်း အတိုင်း တင့်တယ်သည်ဟု ရေးသည်။)လူအများသည် မေတ္တာရှေ့ထား၍ သတ္တဝါအများကို သတ်ဖြတ်ညှဥ်းဆဲရန်ဝန်လေးသည်။ လယ်ယာတွင် ပဲ၊စပါး၊လူး ဖြစ်ထွန်း၏။ပိုက်ဆံလျှော်နှင့် ဂျုံစိုက်၍ကား မရ။ တရားဥပဒေတွင် ဒဏ်ခတ်ခြင်း၊ ကြိုးကြိမ်ဖြင့် နှောင်ဖွဲ့ခြင်း ဟူသော စကားများ အလျဥ်းမပါချေ။ ရာဇဝတ်ကောင်ကို ဝါးညှပ်ငါးဆယ် (**ရာဇဝင်သစ်** အရ ငါးညှပ်)ဖြင့် ချီထားရ၏။ အပြစ်ကို ဒုတိယမ္ပိကျူးလွန်လျှင် ကျော၌ ကြိမ်ဒဏ်ခတ်သည်၊ ငါးချက်ထက်မပို။ အပြစ်သေးလျှင် သုံးချက်မျှသာ ခံရ၏။ လူသတ်လျှင် သေစားသေရသည်။

> အသက်ခုနစ်နှစ်တွင် ယောကျ်ားကလေးရော မိန်းခလေးပါ ဆံရိတ်ကာ ဘုန်းကြီးကျောင်း၌ နေလာ၍ သံဃာ့အစောင့်အရှောက်ခံရသည်။အသက်နှစ်ဆယ်ရောက်၍မှ ဘုရားတရားတော်ဖြင့် မနှိုးကြားလျှင် ဆံပင်ကို ရှည်ပြန်စေ၍ အိမ်သူတို့အမူအကျင့်ကို ပြုကြလေသည်။ပိုးချပ်အဝတ်(?)ကို ခါးတွင်ပတ်၍ဝတ်ရာ "နှင်းဆီသွေး နေအာရုဏ်"နှင့်ပင် တူတော့သည်။ ပိုးစစ်ကို မဝတ်ကြခြင်းကား ပိုးယပ်၏အသက်ကို မဖျက်ဆီးလိုခြင်းကြောင့်ပင် ဖြစ်သည်ဟု ဆိုသည်။ (**တက္ကသိုလ်နှစ်လည်၊** ၁၉၆၀-၁၊ ၉၂-၃)

ဟူ၍ ဖြစ်ပါသည်။ဤတွင် မန်ရှူ ကျမ်းက ပျူတို့သည် ထုံးစံအားဖြင့် မာန်မာနကိုနှိပ်ချ၍ ရည်မွန်သည်ကို တန်ဘိုးထားကြ၏။ ငြိမ်းချမ်းရေးကို နှစ်သက်သဖြင့် ကောင်းကောင်းမွန်မွန် နေကြသည်။ **စကားနည်း၏။** ဗေဒင်ဆရာ အလွန်ပေါများပါသည်ဟု ဖြည့်စွက်ဖေါ်ပြသည်။ **ထန်ရာဇဝင်သစ်၌** ပျူတို့အကြောင်းကို ဖေါ်ပြသည်မှာ—

> တံခါးပေါက် ၁၂-ပေါက်ရှိ၍ ထောင့်လေးထောင့်၌ စေတီများရှိသည်။ အရံအတားအတွင်း၌သာ တိုင်းသူပြည်သားတို့ နေကြသည်။ ခဲပြား၊ သံဖြူပြားဖြင့် အမိုး မိုးသည်။ နှင်းသီးပင်မှ ရသော သစ်သားဖြင့် × × × လူချင်းတွေ့လျှင် လက်မောင်းကို လက်နှင့် အပြန်အလှန်ကိုင်ဆုတ်၍ နုတ်ဆက်ရ၏။ ဦးညွှတ်၍ ဂါရဝပြုကြသည်။ နက္ခတ်တာရာသဘောကို နားလည်ကြ၏။ ဗုဒ္ဓတရားတွင် နှစ်လိုကြသည်။ × × × ရွှေပန်းချယ်ထားသော ဦးထုပ်၊ ပိန်ညှင်းငှက်တောင်စိုက်၍ ရတနာကျောက်မျက်စီသော ဦးရစ်တို့ကို သုံးသည်။ဘုရင့်နန်းတော်၌ ရွှေခေါင်းလောင်း၊ ငွေခေါင်းလောင်းရှိသည်။ ရန်သူနီးကပ်လာလျှင်၊ ယင်းခေါင်းလောင်းကို ထိုးခြင်း၊ အမွှေးနံ့သာတို့ကို မီးရှို့ခြင်းဖြင့် ထိုးသတ်ရမည့်စစ်တွင် အရှုံးအနိုင်ကို ကြိုတင်သိရန် တိတ်နိမိတ်ယူကြသည်။ဉာဏ်တော်ပေ ၁၀၀-မြင့်သော ဆင်းထုတော်အဖြူရှိ၏။(မန်ရှူက နန်းတော်ပေါက်၏တဖက်မှာ ရှိသည်ဟု ဖြည့်စွက်သည်)။ တရားပြိုင်သော သူတို့ ဆင်းထုတော်ရှေ့တွင် ပုဆစ်ဒူးချ၍ မိမိတို့မှားသလော၊မှန်သလောဟု ဆင်ခြင်ပြီးမှ လိုရာသို့သွားကြလေသည်။ ကြံပင်များသည် တပင် တပင်လျှင် ယောကျ်ားကြီးတယောက်၏ ခြေသလုံးမျှလောက် ရှိအောင်ကြီး၏။ × × × ရွှေငွေပိုက်ဆံသုံးသည်။ (မန်ရှူက ငွေဒင်္ဂါးတမျိုးတည်း ပြောသည်။ ယနေ့တိုင်အောင် ပျူရွှေဒင်္ဂါး မတွေ့ဘူးသေးချေ။) ဒင်္ဂါးတွင်လည်း လခြမ်းပုံပါ၍ **ထင်ချယ့်ထော်** နှင့် ကျူတန်ထော်ဟု ခေါ်သည်။ငါးဆီစသော ဆီမရှိသဖြင့် ပျားဖယောင်းနှင့်အမွှေးရော၍ မီးထွန်းသည်။ အနီးအပါးနေသော လူမျိုးတို့နှင့် "ရေဝက်"(ရေဝတီမြစ်ထဲမှလပိုင်ကို ဆိုလိုမည်လား မသိ)၊ ပိုးချည်အဝတ်(?) စဉ့်အိုးခွက်နှင့် မြေအိုးကရားများ ရောင်းဝယ်သည်။ အိမ်ထောင်ရှိသော အမျိုးသမီးတို့က ဦးခေါင်းထိပ်တွင် ဆံကို အဒုထုံး၍ ငွေနှင့် ပုလဲတန်ဆာများဆင်သည်။ ပိုးချည်ထည်(?) အပြာထဘီ ဝတ်သည်။ ပိုးပုဝါပါးပါးတစကိုခြုံလျက် ဟိုမှ သည်မှ လေတွင်လွင့်နေသည်ကိုမြင်ရ၏။ အပြင်အပ၌ ထွက်၍ လမ်းလျှောက်လျှင် ယပ်တောင်ကိုင်လေ့ရှိသည်။ အထက်တန်းစားတို့၏အပါး၌ ယပ်တောင်စွဲလူ ငါးဦး၊ ခြောက်ဦးထက်မနည်း ရှိပါသည်။× × × သတ္တုစသော ဝတ္ထုပစ္စည်းရှစ်မျိုးကို အသုံးပြု၍ သံစုံတူရိယာ ၂၂-မျိုးရှိသည်။

| | | | | |
|---|---|---|---|---|
| သတ္တုနှင့် | .... | .... | .... | ၂ |
| ကနုကမာနှင့် | .... | .... | .... | ၁ |
| ကြိုးတပ် | .... | .... | .... | ၇ |
| ဝါးနှင့် | .... | .... | .... | ၂ |
| ဘူးနှင့် | .... | .... | .... | ၂ |
| သားရေနှင့် | .... | .... | .... | ၂ |
| ဆင်စွယ်နှင့် | .... | .... | .... | ၁ |
| သားချိုနှင့် | .... | .... | .... | ၂ |

× × ×

> သဘင်သည်အားလုံး ခွန်လွန်(မွန်အဝတ်?)အဝတ်ကို ဝတ်၍ ခါးတွင် ပျူတို့အခေါ်ဖြင့် ကျေ့မန်အမည်ရှိသော "နှင်းဆီသွေးနေအာရုဏ်"ချည်ထည်ကို ဝတ်ထားကြ၏။ "နှင်းဆီသွေးနေအာရုဏ်"ကို လက်ကတော့ထိုး၍ ရုံ၏။ လက်ခြေတို့၌ ရွှေဖြင့်လုပ်၍ ရတနာစီချယ်သော လက်ကောက်၊ ခြေကျင်းများ ဝတ်သည်။ ရွှေဦးရစ်ဖွဲ့၍ ရွှေနားတောင်းပန်သည်။ ဆံပင်ထုံးဖွဲ့ရာ၌ မြဲအောင် ငှက်မွေးနုနုဖြင့် ပြုလုပ်သောအစွပ်ကို သုံးသည်။ ကပြအသုံးတော်မခံမီ အကျိုးအကြောင်း ရှင်းလင်းပြောပြသူများက အလျင် ထွက်လာသည်။ တူရိယာ အတီးအမှုတ်နှင့် စည်းချက်ကျအောင် က,သည်။တကြိမ်လျှင် ကခြေသည် ၂-ယောက်၊ ၄-ယောက်၊ ၆-ယောက်၊ ၈-ယောက် သို့မဟုတ် ၁၀-ယောက်ထွက်၍ က,သည်၊ အားလုံးပင် ရတနာ ကျောက်မျက်ချယ်သော ဦးရစ်များ ပေါင်းထားကြ၏။ တီးကွက်ဆုံးလျှင် ဦးညွတ်ကိုင်း၍ ရပ်နားကြသည်။ (တက္ကသိုလ်နှစ်လည်၊ ၁၉၆၀-၁၊ ၉၃-၄)

ဟူ၍ ဖြစ်ပါသည်။ ထိုသဘင်သည်တို့အကြောင်းကို တရုတ်ဘုရင်ခံ ဝေကောင်က အသေးစိပ်ဖေါ်ပြသည်ကို အကျဉ်းချုပ်၍ ပါမောက္ခ လုစ်က—

> ဆည်းလည်းသံကို သားရေနှင့်ဖွဲ့နှောင်ထား၍ အချင်း ၃-လက်မ ရှိသော ဆည်းလည်း၊ ကျောမှ သားရေလက်ကိုင်တပ်ထားသော သံပြား "သံလွင်"အရွယ်အစားရှိသော ခရုသင်း၊ တဆယ့်လေးကြိုးတပ် စောင်းပြား၊ ကိုးကြိုးတပ် အိမ်မြှောင်ခေါင်းပုံ တုံးလုံး (?မိချောင်း)စောင်း၊ အသံညှိသော ခလုတ်ဘုသုံးတံနှင့် ကုန်းဆက်များပါသည့် နဂါးခေါင်း ပြွေ၊ မွန်တူရိယာဟုထင်ရသော ကြိုးသုံးချောင်းနှင့် ကြိုးခေါက်ရန် တုတ်ပြားပါသော "တိမ်တိုက်ဦးခေါင်း" တယောကြီး၊ ပြွေတံကို ဝါးဖြင့်လုပ်၍ ဗူးတပ်ကာ ကြိုးနှစ်ချောင်းလည်း ပါသည့် ပြွေကြီးငယ် ကုန်းဆက်လေးခုနှင့် ကြိုးတချောင်းနှင့် ဗူးတပ်ထားသော ပြွေတမျိုး၊ကန့်လန့်ပြွေနှင့် နှစ်မြွာပြွေ၊ဝါးလျှာခင်နှင့်အရှည်ဆုံး ၄-ပေ ၈-လက်မ ရှိသော ပြွေတံ ၁၆-ချောင်းရှိသည့်ဗူးသံစုံကြီးငယ် အမြင့် ၂-ပေရှိ၍ အရက်ကရားပုံ သုံးဖက်ရှိသော ဗုံ၊မြွေရေကြက်သော စည်ငယ်များ၊ဆင်စွယ်တစုံ သို့မဟုတ် နွားချိုနှစ်ချောင်း သုံးချောင်းဖြင့် ထိုး၍ထားသော ဗူးသံစုံတို့ဖြစ်ပါသည်။

> တရုတ်နန်းတော်၌ ယင်းတို့သီဆိုသောတေး ၁၂-ပုဒ်မှာ ဗုဒ္ဓဘာသာရေးနှင့်ဆိုင်သည်။သီချင်းအမည်ကို ပျူအသံထွက်အတိုင်းရေး၍ အဓိပ္ပါယ်ကိုလည်း ပြန်၍ ပေးထားသည်။ သို့သော် အသံထွက်ရော ဘာသာပြန်ပါ မှန်လှမည်ဟု မထင်ချေ။ "ငါးကြိမ်မြောက် ဘာသာပြန်ခြင်းဖြစ်၍ အသေအချာ မစစ်ဆေးရသေးပါ"ဟူ၍လည်း ဖေါ်ပြထားသည်ကို တွေ့ရပါသည်။
> **(တက္ကသိုလ်နှစ်လည်၊ ၁၉၆၀-၁၊ ၇၄)**

ဟု ရေးသားပါသည်။

ဤမျှအထက်တန်းကျသော ပျူယဉ်ကျေးမှုသည် ယခုအခါ လုံးဝပျောက်ကွယ်နေရလောက်အောင် ပျက်စီးရ၏။ အကြောင်းကိုရှာသော် အေဒီ ၇၃၂-ခုက နန်ကျောင်တို့လာရောက်၍မြို့တော်ကို ဖျက်ဆီးပြီးနောက် လူသူအများကို သုံ့ အဖြစ် ဖမ်းယူသွားခြင်းကြောင့်၎င်း၊ ပျူပျက်စီးပြီးနောက်မှ မြန်မာနိုင်ငံသို့ဝင်လာသော မြန်မာတို့နှင့်ရောနှော၍ မြန်မာကလွှမ်းမိုးခြင်း ခံလိုက်ရသဖြင့်၎င်း ဖြစ်ပါသည်။ အေဒီ ၇၆၃-ခန့်က ဖန်ချိုရေးသော မန်ရှူတွင် ဖေါ်ပြသော ပျူတို့၏ဇာတ်သိမ်းမှာ—

> ပျူမြို့တော်ကို လုယက်ဖျက်ဆီးလျက် သုံ့ ၃၀၀၀-ဖမ်းယူသွားကာ ကျေတုန်ခေါ် ယွန်နန်ဖုအမည်ရှိ နန်ကျောင်တို့၏အရှေ့ဖက်မြို့တော်တွင် အစေအပါးကျွန်ပြု၍ထားသည်။စားသောက်နေထိုင်ရေးကို ဖြစ်သလို ယင်းတို့ဘာသာ စီမံနေထိုင်စေ၏။မသေမပျောက် ကျန်ရစ်သေးသည့် သားမြေးတို့ ယခုတိုင်ရှိ၍ သားငါးတိရစ္ဆာန်ကို စားသောက်ကြသည်။ (မန်ရှူ၊ ၄၄ ယာ)

ဟူ၍ ဖတ်ရပါသည်။ မြန်မာတို့နှင့်ရောနှောကြသည့်တိုင်အောင် ပုဂံခေတ်က ပျူတို့အကြောင်း ရံဖန်ရံခါ တွေ့နေရပါသေးသည်။ထိလိုင်မင်း၏နန်းတော်ကျောက်စာ၌ တိရိစုလ် ခေါ် ပျူအမှုထမ်းများကခြေသည်များအကြောင်းပါ၏။အေဒီ ၁၁၁၂-ခုက ရေးထိုးသော ရာဇကုမာရ်ကျောက်စာ၌ ပျူစာတမျက်နှာပါသည်။ ပုဂံပျက်၍ တရုတ်တပ်များ ပုဂံမြို့တော်၌နေကြစဉ်က ပုဂံနှင့်တကွ မြန်မာကိုသိမ်းသော မှတ်တမ်းကျောက်စာ (ဓါတ်ပုံ ၅၅၅-၆)မှာ တဖက်တွင် ပျူဘာသာရေး၍ တဖက်တွင် တရုတ်ဘာသာရေးဖြစ်၏။ ထို့ကြောင့် အေဒီ ၁၃၀၀-အထိ ပျူစာ ရေးတတ် ဖတ်တတ်သူ ရှိသေးကြောင်းကိုကား သိရပါသည်။ထို့ပြင် အေဒီ ၁၄၄၂-ခု နရပတိမင်း၏ထူပါရုံကျောင်းတည်ကျောက်စာ(စာရင်း ၉၆၃ ခ၊စာကြောင်း ၅၃၊၅၅)တွင်၎င်း၊အေဒီ ၁၅၁၀-ခု ရွှေနန်းကျော့ရှင် နရပတိ၏နန်းတည်ကျောက်စာ(စာရင်း၉၆၃၊စာကြောင်း၇၀)တွင်၎င်းပျူဟူသော အမည်ပါရှိနေသေးသဖြင့် တဆယ့်ခြောက်ရာစုတိုင်အောင် ပျူတို့ရှိသေးသည်ဟုဆိုရာ၏။ ယခုခေတ်အခါ၌ကား မကွေးမှ ၂၄-မိုင်ကွာသော ကြာကန်အနီး လေးတိုင်စင်ရွာ၏အနောက်တွင် ပျူဖိုဟု အရပ်ကခေါ်သော သံချက်ဖိုများရှိကြောင်း ပြောကြ၏။ သွားရောက်၍ ပျူအဆက်အနွယ် ရှိအံ့လောဟု စစ်ဆေးသင့်ပါသည်။ ထို့ပြင် ရွှေဘိုခရိုင် မူးမြစ်အနောက်ဖက် တဆည်မြို့နယ် အနောက်မြောက်ပိုင်း စီပတုံးချောင်းဝှမ်း တလျှောက်နှင့် ယပင်းချောင်းဝှမ်းတလျှောက်မှ ကျေးရွာကလေးများတွင် နေသူတို့သည် အစဉ်အလာအမှတ်အသားအရ ပျူလူမျိုးဖြစ်၍ ဗိဿနိုးမိဖုရား၏ဖက်တော်သားများဖြစ်ကြောင်း ပြောလေ့ရှိ၏။ လူသေလျှင် မီးရှို့၍ အရိုးနှင့်ပြာကို အိုးတွင်ထည့်ကာ အိုးကိုဖျင်ဖြူအုပ်လျက် အတီးအမှုတ်နှင့် ထမင်းဟင်းအစုံယူ၍ ဆွေမျိုးအကုန်က အရိုးတောင်သို့တက်၍ ပို့ရ၏။ ရောက်လျှင် စားသောက်ကြကာ အကျန်အကြွင်းကိုကြဲလျက် ဆွေစည်ကားပါစေ၊ မျိုးစည်ကားပါစေ ဆိုရ၏။ ပြီးမှ အရိုးအိုးကို နခမ်းဖေါ်၍ မြေ၌မြှုပ်ကာ ကျောက်ခဲဖိလျက် ထားခဲ့သည်။ ရွှေဘိုခရိုင် တဆည်မြို့နယ်

စိန်းနန်းရွာ၏တောင်ဖက်၊ ရန်ကင်းတောင်ရွာ၏တောင်ဖက်၊ နန္ဒင်းတောရွာ၏အနောက်ဖက်နှင့် ပတီးရွာ၏ အနောက်ဖက်များတွင် ထိုသူတို့၏ အရိုးအိုး မြှုပ်နှံရာ အရိုးတောင်များ ရှိသည်ဟု ပညာအုပ်ဦးသောင်းကပြောဘူးသည်။ (ယဉ်းကျေးမှု၊အတွဲ ၃၊ အမှတ် ၇၊၁ ၉၆၀-ဧပြီလ၊စာမျက်နှာ ၂၅-၇)။ သွားရောက် လေ့လာသင့်ပါသည်။

အချုပ်အားဖြင့် ဖေါ်ပြရလျှင် ပျူလူမျိုးသည် တိဗက်မြန်မာအနွယ်ဝင်ဖြစ်၍ ခရစ်နှစ် တစ်ရာစုလောက်က ယွန်နန်နယ်စပ်၌ရှိကြ၍ သုံးရာစုခန့်တွင် မြန်မာနိုင်ငံ မြေပြန့်ဖြစ်သော ဧရာဝတီမြစ်ဝှမ်းတွင် ရွှေဘိုနယ်မှ ပြည်အထိ နေထိုင်ကြဟန်ရှိသည်။ တရုတ်က ထိုသူတို့ကို ဖျောက်ဟုခေါ်၏။ သူတို့ကိုယ်တိုင်က ထုလော်ကျူဟုခေါ်ကြောင်း တရုတ်မှတ်တမ်း၌တွေ့ရ၏။ မွန်က တိရိစုလ်ဟု ခေါ်ပါသည်။ လေးရာစုလောက်ကစ၍ တောင်ပိုင်းအိန္ဒိယမှ စာရေးနည်းကို ရသည်။ ဝိကြမ မင်းဆက်၊ ဝရ်မန်မင်းဆက်၊ ဂုပ္တမင်းဆက်များ ရှိမည် ထင်ရ၏။ ဗြဟ္မဏဝါဒ၊ ဗုဒ္ဓဝါဒများကို လက်ခံကြရာ၊ နောင်အခါ ဗုဒ္ဓဝါဒ အထွတ်အထိပ်သို့ ရောက်ဟန် ရှိသည်။ ဗုဒ္ဓဝါဒတွင်လည်း မဟာယာနဂိုဏ်းနှင့် ဟီနယာနဂိုဏ်း၊ နှစ်ဂိုဏ်းစလုံးရှိသော်လည်း ဟီနယာန ပို၍ ထွန်းကားမည် ထင်၏။ ဘုရားစေတီ၊ ဂူ၊ မြို့၊ ဆင်းထု၊ ရုပ်ထု၊ ရွှံ့ရုပ်၊ လက်ကောက်၊ ပုတီး၊ နားတောင်း၊ ဒင်္ဂါးမှစ၍ ပျူလက်ရာများနှင့် တရုတ်မှတ်တမ်းများမှဖတ်ရသော လူနေမှုနှင့်စီးပွားရေးအခြေအနေများကို အားလုံးချုံ၍ကြည့်လျှင် မြန်မာနိုင်ငံအလယ်ပိုင်း၌ ခရစ်နှစ်သုံးရာစုမှ ကိုးရာစုထိ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မြင့်ဖြင့် ကြီးပွားခဲ့သူများ ဖြစ်ပါသည်။ ရှစ်ရာစုခန့်က ကရင့်ရန်ကြောင့် စတင်၍ နိုင်ငံရေးဆုတ်ယုတ်လျက် အေဒီ ၈၃၂ တွင် နန်ကျောင်ဖျက်ဆီးသဖြင့် လုံးဝပျက်စီးရပါသည်။

★ ★ ★

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


BLAGDEN, C.O.: "The Pyu Inscriptions", *JBRS*, VII, i, 37-44

————"The Pyu Face of the Myazedi Inscription at Pagan," *Ep. Birm.*, I, i, 59-68

CHHIBBER, H. L.: "The Formation of the Delta of the Irrawaddy," *The Geology of Burma* London Macmillan 1934 pp. 14-16

DUROISELLE, C.: Excavations at Hmawza", *ASI*, 1926-7 and 1928-9

LUCE, G.H.: "Fu-Kan-Tu-Lu," *BRSFAP*, II, 191-200

————"The Tan (A.D. 97-132)", *BRSFAP*, 11, 201-38

————"Countries Neighbouring Burma", *BRSFAP*, II, 239-306

————"Names of the Pyu," *JBRS*, XXII, ii, 90

————"The Ancient Pyu", *BRSFAP*, II, 307-22 **ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊** ၁၉၆၀-၁၊ စာမျက်နှာ ၈၁-၉၆

LUCE, G. H.: "Introduction to the Comparative Study of Karen Languages," *JBRS*, XLII, i, 1-18

———————"Note on the Peoples of Burma in the 12th-13th Century A. D.," *JBRS*, XLII, i, 52-74

———————"Old Kyaukse and the Coming of the Burmans," *JBRS*, XLII, i, 75-106

LUCE, G.H. and Pe Maung Tin: "Burma Down to the Fall of Pagan-An Outline, Part I", *BRSFAP*, II, 385-404

အောင်သော်။ "သိရိ၀စ္ဆ"ယဉ်ကျေးမှု၊ အတွဲ ၃၊ အမှတ် ၈၊ စာမျက်နှာ ၆၃-၈ နှင့် ၇၁

———————"ပျူဒင်္ဂါးများ"အမျိုးသားယဉ်ကျေးမှုစာစောင်၊ အမှတ် ၁၊ ၁၉၆၂၊ စာမျက်နှာ ၁၀၅-၁၂

ဖေမောင်တင်။ ဘာသာလောကကျမ်း၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၅၈

မြ။ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်၊ ၂ တွဲ၊ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၀

———————ရှေးဟောင်းမြန်မာအက္ခရာစာတမ်း (ပဏာမခန်း) ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၁

မြင့်အောင်။ "မှော်ဇာမှ ငွေဗောဓိပလ္လင်ဝိုင်း" ယဉ်ကျေးမှု၊ အတွဲ ၃၊ အမှတ် ၈၊ စာမျက်နှာ ၂၈-၃၁

ရွှေကိုင်းသား။ "မြန်မာဒင်္ဂါးရာဇ၀င်"၊ လင်းယုံဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၂၊ ၂၂ နို၀ဘ်ာ ၁၉၅၇၊ စာမျက်နှာ ၅၇-၈ နှင့် ၆၀

လူဖေဝင်း။ သရေခေတ္တရာသာသနာနှင့် ပြူမင်းအဆက်ဆက်ကိုးကွယ်သော နန်းစဉ်ဘုရားများ၊ ရန်ကုန်၊ ဗမာ့ခေတ်စာပုံနှိပ်တိုက်၊ ၁၉၅၃

သာမြတ်။ မွန်မြန်မာအက္ခရာသမိုင်း၊ ရန်ကုန်၊ ၁၉၅၅-၆

———————မြစေတီပြူကျောက်စာ၊ ရန်ကုန်၊ ဒီမိုကရေစီစာအုပ်ထုတ်ဝေရေးကုမ္ပဏီ၊ ၁၉၅၈

———————မြစေတီကျောက်စာလေးဘာသာ၊ ရန်ကုန်၊ ယဉ်ကျေးမှုဗိမာန်၊ ၁၉၆၀

သောင်း။ "ပျူလူမျိုးတို့၏ အဆက်အနွယ်များလော" ယဉ်ကျေးမှု၊ အတွဲ ၃၊ အမှတ် ၇၊ စာမျက်နှာ ၂၅-၇

# ရခိုင်ခေတ်ဦး

ရခိုင်၌ တွေ့ရသော ရှေးကျောက်စာအားလုံးပင် ဂုပ္တလက်ရေးနှင့် ဖြစ်၍ ခရစ်နှစ် ခြောက်ရာစုလယ်မှ ရှစ်ရာစုအတွင်း၌ ရေးထိုးခဲ့ကြရာ၏ဟု ခန့်မှန်းကြသဖြင့်၎င်း၊ အဆိုပါ ကျောက်စာတို့သည် (ခြောက်ရာစုခန့်က ပါဠိဘာသာနှင့် ရေးထိုးသော ဝေသာလီဘုရားကြီးကုန်း ကျောက်စာနှင့် သင်းချပ်တော်တောင်မှ အေဒီ ၆၃၀-ခန့်က ပါဠိပျက်ရေးထိုးသောကျောက်ပဲ့မှတပါး)အားလုံးပင် သက္ကတဘာသာနှင့်ရေးထိုးထားကြသဖြင့်၎င်း၊ ရခိုင်တွင် ခြောက်ရာစုမတိုင်မီကပင် စာရေးစာဖတ်တတ်လျက် ယဉ်ကျေးပြီး မဟာယာနဗုဒ္ဓဝါဒီများ နေခဲ့ပါသည်ဟု ဆိုရချေမည်။ ကျောက်စာများကို စစ်တွေ၊ ကျောက်ဖြူနှင့်သံတွဲပတ်လည်၌ တွေ့ရသဖြင့် ယခင်ကလည်း ယခုလိုပင် လူနေဖြန့်လျက်ရှိပြီဟု ခန့်မှန်းနိုင်ပါသည်။ အာနန္ဒစန္ဒြကျောက်စာ၌ ၅၁၈ ဘီစီမှစ၍ အေဒီ ၇၂၀-တိုင်အောင် မင်းစဉ်မင်းဆက်ကို ဖေါ်ပြထားသည်ကို တွေ့ရ၏။ စောလွန်းသော မင်းတို့ကို ကေန်မှန်သည်ဟု မယူလိုလျှင် ဖြစ်နိုင်၏။ သို့သော် လေးရာစုက စသော စန္ဒြမင်းဆက်ကား အစစ်အမှန် ပေါ်ထွန်းခဲ့သည့် မင်းဆက်ဟု ဆိုရချေမည်။ ယင်းသို့ဖြစ်လျှင် ရခိုင်၌ လေးရာစုကစ၍ ထင်ရှားသော မင်းဆက်နှင့် ယဉ်ကျေးပြီး တိုင်းနိုင်ငံတခု ရှိနေပြီဟု မှတ်ယူကြရပါမည်။ ထို့ကြောင့် ယနေ့အထိ တွေ့ရသမျှသော ရှေးရခိုင်ကျောက်စာတို့ကို အသေးစိတ်မှတ်တမ်းတင်ထားရန် လိုပါသည်။ ယင်းတို့ကား—

(၁) ဝေသာလီခေါင်းလောင်းစာ၊အေဒီ၅၅၀-ခန့်ကဖြစ်မည်ဟု လက်ရေးအရခန့်မှန်းသည်။ (**အအကစ**၊ ၁၁၊ ၂၊ ၃၅၇-၈၅၊ ဓါတ်ပုံ ၄၊ **အကပ**၊ ၃၂၊ ၁၊ ၁၀၃-၅)

(၂) ဝေသာလီ ဥဏ္ဏိသကတောင် ဘုရားမှ သာဝိတံာစန္ဒြဂြီယာ ကျောက်စာ။ ဝေသာလီ ခေါင်းလောင်းစာနှင့် လက်ရေးတူသဖြင့် အေဒီ ၅၅၀-ခန့် ဖြစ်မည်ဟု ခန့်မှန်းသည်။ (မရဲသန၊၁၉၅၆-၇၊ပုံ ၁။မရသန၊၁၉၅၈-၉၊ ၂၆၊ပုံ ၃၇။**အကပ**၊၃၂၊၁၊၁၀၈-၉)

(၃) မြို့ဟောင်း သင်းချပ်တော်တောင် အာနန္ဒစန္ဒြစေတီ မြောက်ဖက်မှ ရသော ဝီရစန္ဒြကျောက်စာ၊ အေဒီ ၅၈၀-ခန့်က ဖြစ်မည်ဟု ခန့်မှန်းသည်။ (မရသန၊ ၁၉၅၆-၇၊ ၂၁၊ ပုံ ၂။ မရသန၊ ၁၉၅၈-၉၊ ၂၆၊ ပုံ ၃၈။ **အကပ**၊ ၃၂၊ ၁၊ ၁၀၉)

(၄) ရခိုင် ကျောက်တော်ရွာမှ ကျောက်စာ၊ ခြောက်ရာစုကဟု ခန့်မှန်းသည်။ (မရသန၊ ၁၉၅၈-၉၊ ၂၆၊ ပုံ ၄၀)

(၅) မြို့ဟောင်းဘုရားကြီးကုန်းစေတီပျက်ကျောက်စာ။ပါဠိဘာသာနှင့် ရေးထိုးထားသည်။ ခြောက်ရာစုဟု ခန့်မှန်းသည်။ (မရသန၊ ၁၉၅၈-၉၊ ၂၇၊ပုံ ၄၃)

(၆) မြို့ဟောင်း သင်းချပ်တော်တောင် အာနန္ဒစန္ဒြစေတီမှ ကျောက်ပဲ့၊ ပါဠိပျက်ဘာသာဖြင့် အေဒီ၆၃၀-ခန့်ကရေးထိုးသည်ဟု ခန့်မှန်းသည်။(မရသန၊၁၉၅၈-၉၊၂၆၊ပုံ ၃၆။ **အကပ**၊ ၃၂၊ ၁၊ ၁၀၅-၆)

(၇) ဝေသာလီမှ နှစ်လိုင်းကျောက်စာ၊ ခုနှစ်ရာစုကဟု ခန့်မှန်းသည်။(မရသန၊ ၁၉၅၈-၉၊ ၂၆၊ ပုံ ၃၉)

(၈) မြို့ဟောင်း သျှစ်သောင်းဘုရားမှ အာနန္ဒစန္ဒြကျောက်စာ၊ အေဒီ ၇၂၉-ကဟု ခန့်မှန်းသည်။ (**မက** ဓါတ်ပုံ ၃၄၆-၅၂ ခ။**အအကစ**၊၃၂၊၁၊ဓါတ်ပုံ ၃။**မရသန**၊၁၉၅၆-၇၊ ၁၇-၂၀)

(၉) သံတွဲ ကျွဲလူး ငလုံးမော်မှ မဲဂါနှင့် သာကောမဝမ္မကျောက်စာ၊ ရှစ်ရာစုကဟု ခန့်မှန်းသည်။ (**မက** ဓါတ်ပုံ ၃၅၂ င။ **အအကစ**၊ ၃၂၊ ၁၊ ဓါတ်ပုံ ၄။ **မရသန**၊ ၁၉၅၈-၉၊ ၂၇၊ ပုံ ၄၂)

(၁၀) ကျောက်ဖြူမြို့ ကျောက်စာ၊ ရှစ်ရာစုကဟု ခန့်မှန်းသည်။ (**မရသန**၊ ၁၉၅၈-၉၊ ၂၇၊ ပုံ ၄၁)

(၁၁) မြို့ဟောင်း တေဇောရာမကျောင်းစေတီကျောက်စာ၊(**မက**ဓါတ်ပုံ ၃၅၂၈။**အအကစ**၊ ၃၂၊ ၁၊ စာမျက်နှာ ၃၅၉)

(၁၂) မြို့ဟောင်း၊ ဝန်တီးတောင်ကျောက်စာ၊ ဖတ်မရ၊ (**အအကစ**၊ ၃၂၊ ၁၊ စာမျက်နှာ ၃၅၉)

အထက်ပါကျောက်စာတို့မှ ရာဇဝင်ကောက်ချက်ရနိုင်သလောက် ထုတ်ယူရပါမည်။

ဝေသာလီခေါင်းလောင်းစာမှာ သက္ကတဘာသာရေးဖြစ်၍ အရှေ့ဘင်္ဂလားတွင် သုံးစွဲခဲ့သော ဂုပ္တအရေးအသားဖြင့် ရေးထိုးခဲ့ပါသည်။ အရှေ့ဘင်္ဂလားနှင့် အဆက်အဆံပြုခဲ့ကြောင်း ထင်ရှားသည့်ပြင် ဗုဒ္ဓသာသနာ မဟာယာနဂိုဏ်း၏ စက်ရိပ်အောက်သို့ ရောက်ခဲ့သည်ဟု ယူဆဖွယ်ရှိပါသည်။ ဤခေါင်းလောင်းစာကို ကွယ်လွန်သူ ပါမောက္ခဂျွန်စတန်က အေဒီ ၆၅၀-ထက်နောက်မကျဟုဆိုပါသည်။သို့သော် မကြာခင်က ဒေါက်တာဆာရ်ကာရ်က အေဒီ ၅၅၀'ထက်နောက်မကျဟု ပြင်ဆင်ခဲ့၏။ ဒေါက်တာ ဆာရ်ကာရ်ကို လက်ခံလျှင် ရခိုင်၌ ခြောက်ရာစုကစ၍ အရှေ့အိန္ဒိယ မဟာယာနဗုဒ္ဓသာသနာ ရောက်ရှိနေပြီဟူ၍သာ မှတ်ယူရန် ရှိပါသည်။

ဝေသာလီ ဥဏ္ဏိုသကတောင်ဘုရားမှ သာဝိတာံစန္ဒြဂြီယာကျောက်စာမှာလည်း ဝေသာလီခေါင်းလောင်းစာနှင့် ရေးပုံရေးနည်းတူသဖြင့် ခြောက်ရာစုလယ်က ဖြစ်မည်ဟု ဆိုရပါသည်။ နံမည်ကျော် **ယေဓမ္မာ ဟေတုပ္ပဘဝါ** ဂါထာကိုပင် ရေးသားထား၍ ရေးထိုးသူ သာဝိတာံစန္ဒြဂြီယာသည် နီတိစန္ဒြမင်း(အေဒီ ၅၂၀-၇၅)၏မိဖုရားဖြစ်၏။ ကျောက်စာအချုပ်မှာ—

> မြတ်စွာဘုရားသည် ရှေးကပြုခဲ့သောအကြောင်းတရားကြောင့် ဖြစ်ပေါ်လာကုန်သောအကျိုးတရားတို့ကို ဟောတော်မူ၏။ ထိုအကြောင်း အကျိုးတို့၏ ချုပ်ငြိမ်းရာ တရားတို့ကိုလည်း ဟောတော်မူ၏။
>
> ဤ(စေတီတော်)သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော နီတိစန္ဒြမင်း၏ သာဝိတာံစန္ဒြဂြီယာ အမည်ရှိသော မိဖုရား၏ဒေယျဓမ္မဒါတဗ္ဗ (လှူအပ်သော တရားအရ လှူသော)အလှူတော်ဖြစ်၏။ ထိုမိဖုရားသည် မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်းနှင့် ပြည့်စုံသော

ဒါယကာမတယောက်ဖြစ်သည့်အလျောက်၊သတ္တဝါအပေါင်းတို့သည် အမြတ်ဆုံးသော(အသိဉာဏ်တရားကို)ရကြစေခြင်းအကျိုးငှါ ဤအလှူတော်ကို ပြုလုပ်လှူဒါန်းတော်မူသတည်း။

ဤကျောက်စာထက် နှစ်အနည်းငယ်သာ နောက်ကျမည် ဖြစ်သော ကျောက်စာတခုကို တွေ့ရပါသေးသည်။

ဝေသာလီမြို့ဟောင်းအနီး သင်းချပ်တော်တောင် အာနန္ဒစန္ဒြစေတီ မြောက်ဖက်မှ ရသော အေဒီ ၅၀၀ ကဟု ခန့်မှန်းရသည့် ဝီရစန္ဒြမင်း(အေဒီ ၅၇၅-၀) ကျောက်စာတွင်

တရားသဖြင့်ထီးနန်းကို ဆက်ခံစိုးစံ(၍)သူတပါး၏အကျိုးကို သည်ပိုးရွက်ဆောင်ရန် ရည်သန်လျက်ရှိပါသော ဂြီဝီရစန္ဒြမင်းသည် မိမိပိုင်ကြေးငွေတို့ကို အကုန်အကျခံ၍ သစ္စာတရားကို သက်ဝင်ယုံကြည်ချစ်မြတ်နိုးသည့်အလျောက် ကမ္ဘာ၏ အဆင်တန်ဆာဖြစ်သော စေတီတော် အဆူပေါင်းတရာတို့ကို တည်ဆောက်တော်မူသည်။

ဟု ဖေါ်ပြပါရှိသည်။

ကျောက်တော်မှ ကျောက်စာကို ယခင် ကျောက်စာဝန် ဒေါက်တာ ဖိုခင်မာ ရေးသော **ရခိုင်** အမည်ရှိသည့် စာစောင်တွင် ဖေါ်ပြခဲ့ဘူး၏။ ရေးထိုးသော အကြောင်းအရာမှာ **ယေ ဓမ္မာ ဟေတုပ္ပဘဝါ** ပင် ဖြစ်၍ ခြောက်ရာစုခန့်က ရေးထိုးသည်ဟု ယူဆပါသည်။

မြို့ဟောင်း ဘုရားကြီးကုန်း စေတီပျက်တဆူမှ ခြောက်ရာစုကပင် ဖြစ်မည်ဟု ခန့်မှန်းရသော **ယေဓမ္မာ ဟေတုပ္ပဘဝါ** ဂါထာ ကျောက်စာတခုကို တွေ့ရသေး၏။ အများအားဖြင့် ခြောက်ရာစုမှ ရှစ်ရာစုအထိ ရခိုင်ကျောက်စာတို့ကို သက္ကတဖြင့်ရေးထိုးပါလျက် ယခုကျောက်စာကို ပါဠိနှင့် ရေးထိုးထားခြင်းက ဆန်းသည်၊ ထူးခြားသည်ဟု ဖေါ်ပြလျက်ရှိပါသည်။ မဟာယာနလွှမ်းမိုးနေသော်လည်း ဟိနယာနလည်းရှိသည်ဟု ဖေါ်ပြခြင်း ဖြစ်သည်ဟူ၍ ယူဆနိုင်ပါသည်။

မြို့ဟောင်း သင်းချပ်တော်တောင် အာနန္ဒစန္ဒြစေတီမှရသော ကျောက်ပဲ့တခုမှာ အကြောင်းအရာထင်ရှားအောင်ဖတ်၍မရသော်လည်း ပါဠိပျက်ဘာသာစကားဖြင့် ရေးထိုးသည်ဟု ခန့်မှန်းနိုင်လောက်အောင် အချို့စကားလုံးများကို ဖတ်၍ရပါသည်။ အေဒီ ၆၃၀ ခန့်ကဟု မှတ်ယူရန် ရှိပါသည်။ ခုနစ်ရာစုနောက်ပိုင်းဖြစ်မည်ဟု မှန်းဆသူလည်း ရှိပါသည်။ အထက်က ဖေါ်ပြပြီးဖြစ်သော ပါဠိကျောက်စာနှင့် အဖေါ်ဖြစ်ပါသည်။

ဝေသာလီမှ နှစ်လိုင်းကျောက်စာမှာ **ယေဓမ္မာ ဟေတုပ္ပဘဝါ** ဂါထာသာဖြစ်၍ ခုနစ်ရာစုက ဖြစ်ပေမည်။ ဤကျောက်စာနှင့်တကွ အထက်ကကျောက်စာများရေးထိုးသည့် ခေတ်ကား ရခိုင်တွင် စန္ဒြမင်းဆက်အုပ်စိုးနေသောအခါဖြစ်ပါသည်။ထိုစန္ဒြမင်းဆက်ကား အေဒီ ၃၇၀ မှစသော မင်းဆက်ဖြစ်ကြောင်း အေဒီ ၇၂၉ ခန့်က ရေးထိုးသော အာနန္ဒစန္ဒြကျောက်စာအရ သိရပါသည်။ထိုကျောက်စာမှာ ရာဇဝင်တန်ဘိုးရှိသည့် ကျောက်စာဖြစ်၍ အသေးစိပ်ဖေါ်ပြရန်လိုသဖြင့် ယင်းကို ခေတ္တ ချန်လှပ်၍ ကျန်ကျောက်စာတို့ကို ဆက်လက်ဖေါ်ပြလိုပါသည်။

သံတွဲခရိုင် ကျွဲလူးနယ် လေုံးမော်ရွာအနီး ဂူတခုမှ မဲဂါနှင့် သာကောဓဝမ္မ အမည်ရှိသော ဒါယကာနှစ်ဦးရေးထိုးသော ကျောက်စာမှာ ရှစ်ရာစုကဟု ခန့်မှန်းပါသည်။ စစ်တွေမှာထက် အိန္ဒိယ

နှင့် အဆက်အဆံနည်းသော ဒေသဖြစ်၍ ရေးပုံရေးနည်း အသင့်အတင့် ပြုပြင် ပြောင်းလဲနေသည်ကို သိသာသည်ဟု ဆိုပါသည်။ ကျောက်စာအပေါ်ပိုင်းက **ယေဓမ္မာဟေတုပ္ပဘဝါ** ဂါထာဖြစ်၍ အဆုံး၌ "ဥပသကာ မဲဝါနှင့် သာကောမဝမ္မတို့က အမိအဘတို့ ကုသိုလ်အကျိုးငှါ ပြုလုပ်လှူဒါန်း၏"ဟု မှတ်တမ်းတင်ခဲ့ပါသည်။

ကျောက်ဖြူမြို့မှ ရသော ကျောက်စာမှာလည်း **ယေဓမ္မာ ဟေတုပ္ပဘဝါ** ဂါထာပင်ဖြစ်၍ ရှစ်ရာစုခန့်ကဟု ခန့်မှန်းပါသည်။

မြို့ဟောင်း တေဇောရာမကျောင်းစေတီကျောက်စာမှာလည်း **ယေဓမ္မာ ဟေတုပ္ပဘဝါ**ဂါထာပင် ရေးထိုးထားပါသည်။

မြို့ဟောင်း ဝန်ထီးတောင်ကျောက်စာမှာ စာကြောင်း ၃၀ ခန့် ရှိသော်လည်း အဓိပ္ပါယ် ကွဲပြားအောင် ဖတ်မရချေ။

အထက်ဖော်ပြခဲ့သည့်အတိုင်း ကျောက်စာအားလုံးတွင် အရေးအပါဆုံးသော အာနန္ဒစန္ဒြကျောက်စာကို ဖော်ပြပါမည်။ ထိုကျောက်စာ၏ မူလဒေသကို မသိရပါ။ မြို့ဟောင်း သင်းချုပ်တော်တောင် အာနန္ဒစန္ဒြစေတီမှ ဖြစ်မည်ထင်ရ၏။ ယခု မြို့ဟောင်း သျှစ်သောင်းဘုရားတွင် ရောက်ရှိနေပါသည်။ ပါမောက္ခဂျွန်စတန်က ထိုကျောက်စာကို အာနန္ဒစန္ဒြ၏ဩဘာစာ (ပြဂတ္တိ)ဟု ခေါ်သည်။ အေဒီ ၇၂၉ တွင် ရေးထိုးမည်ဟု ခန့်မှန်းရခြင်းမှာ ပါမောက္ခဂျွန်စတန်၏ အယူအဆအရ ထိုကျောက်စာ၌ ရေးထိုးနှစ်မပါသော်လည်း နလန္ဒမှ ယဂေါဝရ်မန်ကျောက်စာနှင့် လက်ရေးမှ အစ သီကုံးပုံပါ တထပ်ထည်းမျှတူသည်ဆိုသည်ကိုမှီး၍ ဒေါက်အာ ဒီစီဆာရ်ကာရ်က နလန္ဒကျောက်စာကို အေဒီ ၇၂၉ ခန့်ဟု ယာယီဆုံးဖြတ်လျက် အာနန္ဒစန္ဒြသည် ထိုကျောက်စာကို နန်းတက်၍ကိုးနှစ်အကြာတွင် ရေးထိုးသဖြင့် ထိုမင်းနန်းတက်သည်မှာ အေဒီ ၇၂၀ ကဖြစ်ရာ၏ဟု အစဖော်၍ ကျန်မင်းတို့၏ နန်းတက်ခုနှစ်များကို တွက်ယူရပါသည်။ သက္ကတဘာသာရေးဖြစ်၍ မြန်မာလိုပြန်ရသော်

> × × × အနှစ် ၁၂၀ စိုးစံ၏။(ထိုနောက်) မင်း × × × ကား သတ္တဝါများအပေါ်၌ ကြင်နာစိတ်ထူးသောမင်းဖြစ်သည်။ အနှစ် ၁၂၀ စိုးစံ၏။ထို့နောက် × × × အမည်တော်ရှိ မင်းလည်းအနှစ် ၁၂၀ စိုးစံသည်။ထိုမင်းကိုနှလုံးစိတ်ထားကြွခိုင်သောကြောင့် ထင်ရှားသော **ဗဟုဗလီ** မင်းက ဆက်ခံ၏။ အရည်အခြင်းထက်သော ထိုမင်းလည်း အနှစ် ၁၂၀ စံသည်။ ထိုမှတဖန်အဆင်းတင့်၍ ရဲစွမ်းရှိသောရဃပတိမင်း(လည်း)အနှစ် ၁၂၀ စံ၏။ဘုန်းတန်ခိုးကြီး × × × (အနှစ်) ၁၂၀ စံသည်။
>
> ထို့နောက်**စန္ဒြောဒယ** အမည်နှင့် သူတော်ကောင်းအပေါင်းတို့ နှစ်လိုသော မင်းသည် ၂၇ နှစ် မင်းစည်းစိမ်ကို ခံစား၏။ အမျိုးမျိုး အလီလီသောနည်းဖြင့် ပေးကမ်းရက်ရောသည့် **အဏ္ဏဝေတ**မင်းများက လူမင်းစည်းစိမ်ကို ငါးနှစ်မျှ ခံစံပြီးနောက် ဘဝနတ်ထံ ပျံလွန်ကြသည်။ ယင်းနောက် ပညာဉာဏ်နှင့်ပြည့်စုံ၍ သာသနာရေးတွင် မွေ့လျော်သဖြင့် ထင်ရှားသော × × × မင်းသည် ၇၇ နှစ်နန်းစံ၏။ထိုမင်းကိုဆက်ခံသူ **ရိမ္ဘ၂ ပ္ပ** သည် များစွာပေးကမ်းစွန့်ကြဲလျက် × × × တရားသဖြင့် ၂၃ နှစ်စိုးစံ၏။ ထို့နောက် **ကူဝေရာမိ** မိဖုရားလည်း နိုင်ငံတော်၏ရန်သူအပေါင်းကို သုတ်သင်လျက် အလှူဒါနပေးခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့်

၇-နှစ်နန်းစံသည်။ ယင်းနောက် နတ်ရွာစံ မိဖုရား၏(?)ကြင်ရာတော် ဥမဝိရျသည် မင်း၏(?) အသရေဖြင့်တင့်တယ်၍ ရာဇပရိယာယ်အရာတွင် လိမ်မာ၏။အနှစ် ၂၀-နန်းစံသည်။ ယင်းကို ဇုဂ္ဂမည်သော သတ္တဝါအပေါင်း၏ကျေးဇူးကို ဆောင်သည့်မင်းကဆက်ခံ၍ ၇-နှစ်မင်းမူသည်။

ထို့နောက် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော **လာကံ**(?**လီကံ**)မင်းသည် ၂-နှစ်စိုးစံပြီးနောက် x ⁄ x ရဲစွမ်းသတ္တိကြီးသော ထိုမင်း ဘဝနတ်ထံ ပျံလွန်သည်။ ဘေးလောင်းတော် ဘိုးလောင်းတော်တို့ နန်းစံနှစ်တို့ကို ပိုင်းခြားဖော်ပြပြီးလေပြီ။ အစုစုကား အနှစ် ၁၀၁၆ (?၁၀၆၀)စိုးစံကြ၏။ထို့နောက် နောင်တွင် တရားစောင့်ခြင်း၊ ဘုန်းသမ္ဘာကြီးခြင်း၊ ဉာဏ်ပညာထက်ခြင်းတို့ကြောင့် ထင်ရှားသော **ဒွေင်စန္ဒြ**သည် မင်းတကာ့မင်း ဖြစ်လာ၏။ တရားစောင့်သဖြင့် ဘုန်းတန်ခိုးကြီးမားသော ထိုမင်းသည် တရာ့တပါးသော မင်းတို့ကို အောင်နိုင်ပြီးနောက် မြို့ရိုး၊ ကျုံး၊ တံတားတို့နှင့် ပြီးပြည့်စုံသော(?)မြို့တော်ကို တည်ထောင် ဖန်ဆင်းသည်။နတ်ဘုံနတ်နန်းတမျှတင့်တယ်သောမြို့တော်တွင် ဘုန်းအသရေဖြင့် တင့်တယ်စွာ ၅၅-နှစ်နန်းစံ၏။

ထို့နောက် ဘုန်းကြီးသော **ရာဇစန္ဒြ**မင်းသည် အနှစ် ၂၀-ကြာအောင် နတ်တို့စည်းစိမ်တမျှ ကြီးကျယ်သော စည်းစိမ်ကို ခံစားဘူးပြီးဖြစ်ရကား နတ်ပြည်သို့ပြောင်းသွား စံနေတော်မူသည်။ ထို့နောက်(?)**ကာလစန္ဒြ**မင်းသည် ရာဇပရိယာယ်တွင် အလွန် လိမ္မာသည် ဖြစ်ရကား ဘုန်းအသရေများစွာကြီးပွားတိုးတက်ခြင်းရှိ၍ အနှစ် ၉-နှစ် နန်းစံပြီးနောက် ကိုယ်တော်တိုင်ကောင်းမှု ကုသိုလ် တည်းဟူသော ရတနာပန်းကုံးကို သီကုံးကာ နတ်ပြည်သို့ ကြွမြန်းတော်မူသည်။

ထို့နောက် သိကြားမင်းနှင့်ထပ်တူ အသရေတော်ရှိသော **ဒေဝစန္ဒြ**မင်းသည် အနှစ် ၂၂-နှစ်နန်းစံ၍ ဘဝနတ်ထံပျံလွန်သည်။ ထို့နောက် **ယဿစန္ဒြ**ဟု ကျော်စောသောမင်းသည် ၇-နှစ် နန်းစံ၏။ ယင်းကို ဆက်ခံသော **စန္ဒြဗန္ဓု**မင်း ၆-နှစ် စိုးစံသည်။ ထိုမှတဖန် လတစင်းနောက်ထပ်ပေါ်ထွန်းသကဲ့သို့ **ဘူမိစန္ဒြ**မင်း ပေါ်ထွန်းလာ၍ တရားသဖြင့် ၇-နှစ် စိုးစံသည်။ ရာဇပရိယာယ်အရာ၌ လိမ္မာသော **ဘူတိစန္ဒြ**သည် စည်းစိမ်တော် ၂၄-နှစ်တွင် နတ်စည်းစိမ်ကို ခံစံရန် ပြောင်းကြွတော်မူ၏။

ထို့နောက် ရန်အပေါင်းကို အနုနည်းဖြင့် ပယ်ရှားနိုင်စွမ်း၏ဟု ထင်ရှားကျော်ကြားသော **နီတိစန္ဒြ** သည် **မဟောန္ဒြ** နည်းတူ ၅၅ နှစ်နန်းစံသည်။ ယင်းကိုဆက်ခံသော **ဝီရျစန္ဒြ**ကား ၃ နှစ်။ ယင်းကိုဆက်ခံသော **ပရိတိစန္ဒြ** ကား ၁၂ နှစ်နန်းစံ၏။ သာသနာတော်ကို အစဉ်တစိုက်ချီးမြှောက်သော **ပဋိ္ဓစန္ဒြ**သည် ၇ နှစ်မင်းပြု၏။ ထို့နောက် ပြည်သူအများကို ရန်အပေါင်းမှ ကာကွယ်စောင့်ရှောက်လျက် **ဓတိစန္ဒြ**မင်းသည် သုံးနှစ်အကြာတွင် ဘဝနတ်ထံ ပျံလွန်သည်။ ယင်းသို့လျှင် သီဝနတ်မင်းကြီး၏ အနွယ်တော်ဖြစ်၍ လမင်းကဲ့သို့ တင့်တယ်သဖြင့် စန္ဒြဘွဲ့အမည်ကိုခံယူမြဲဖြစ်သော မင်းတဆယ့်ခြောက်ပါး၏ နန်းစံနှစ်အစုစုကား ၂၃၀ တည်း။ ထိုမှတဖန် ပုရေမ္ဗုရမင်း **မဟာဝီရ**သည် နတ်မင်းကဲ့သို့ တင့်တယ်စွာ ၁၂ နှစ်နန်းစံ၏။ ထို့နောက် ရဲစွမ်းသတ္တိကြီးသောဗြယဇပ်မင်းသည် စည်းစိမ်တော် ၁၂ နှစ်တွင် လူ့ပြည်ငြီး၍

နတ်ထီးစံသည်။ ထို့နောက်(?)သေဝိင်ရေင်မင်းသည် ၁၂-နှစ်စိုးစံသည်ဟု မှတ်သားမိသည်။ (?)မာဝုကကို သုတ်သင်ပြီးနောက် မင်းစည်းစိမ်ကို ခံစား၏။ ထို့နောက် သာသနာတော်၏ အလိုအတိုင်း ဓမ်ဂုသည် လောကကို စောင့်ရှောက်ရာ များစွာ စည်ပင်ကြီးပွားခဲ့၏။ စည်းစိမ် ၁၃-နှစ်ပြည့်လျှင် နတ်ရွာစံသည်။ထိုမှတဖန် သာသနာ့ဒါယကာ စစ်စစ်ဖြစ်သော နတ်မင်းအရိုး မင်းမျိုးမှ ဝဇြဂတ္တိမင်း ဖြစ်လာ၍ သိကြားနတ်မင်းကဲ့သို့ပင် သာသနာတော်ကို စောင့်ရှောက်၏။ ပေးကမ်းစွန့်ကြဲခြင်းနှင့်တကွ အခြားအခြားသော ကုသိုလ်အထူးရှိသဖြင့် စကြာဝဠာတခုလုံးကို ၁၆-နှစ်မျှထိန်းသိမ်းစောင့်ရှောက်ပြီးနောက် နတ်ရွာစံသည်။ထိုမင်းကို ရဲစွမ်းသတ္တိရှိ၍ ဘုန်းသမ္ဘာကြီးသော ဓမ်ဝိဇယကဆက်ခံ၍ လောကကိုကြင်နာစိတ်အဓိကထားလျက် သာသနာတော်အလိုအတိုင်း စည်ပင်ကြီးပွား အောင်မြင်အောင် စောင့်ရှောက်သည်၊ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို မမေ့မလျော့ ကောင်းစွာနှလုံးထားလျက် ၃၆-နှစ် နန်းစံပြီးနောက် တုသိတာနတ်ပြည်သို့ ကြွသွားတော်မူသည်။ ထိုမင်းသားတော် နရေန္ဒြဝိဇယကား နန်းစံ ၂ နှစ် ၉-လမျှသာတည်း။ ထို့နောက် သီဝနတ်မင်းကြီး အနွယ်တော်ဖြစ်၍ ရန်သူတကာကို နှိမ်နင်းခါ အစိုးရခြင်း၊ ညွှန်ကြားခြင်း၊ ထောက်ပံ့ခြင်း တည်းဟူသော ကျေးဇူးသုံးပါးကို ထင်ရှားစေလျက် စွမ်းပကားကြီးသူတို့အလယ်တွင် လမင်းသဖွယ်တင့်တယ်သော ဝဇြဂတ္တိ၏ သားတော် ဓမ်စန္ဒြမင်း ဖြစ်သည်။ ဘုန်းအသရေလည်း ထင်ရှားကြီးကျယ်၏။ ထိုမင်းသည် ၁၆-နှစ်မျှ မင်းစည်းစိမ်ကို ခံစံပြီးနောက် သားတော်မြတ်ကို အရိုက်အရာလွှဲခဲ့၍ ဘဝနတ်ထံ ပျံလွန်သည်။ သားတော် အာနန္ဒစန္ဒြကား ဦးညွတ်ခစားလာသည့် မင်းအဆူဆူ၏ သရဖူမှ ဖြာထွက်သောရတနာရောင်ကြောင့် ခြေတော်မြတ်အစုံမှ ကြာပွင့်ချပ်တို့ပင် အရောင်ညှိုးနွမ်းခြင်းဖြစ်ရသည်။ နှိုင်းယှဉ်တုဖက်ကင်းသော အသရေတော်လည်းရှိ၏။ ရန်အပေါင်း၏ (?) အမှောင်တိုက်ကို ခြေဖျောက်၍ အများပြည်သူတို့ကို ရွှင်လန်းဝမ်းမြောက်စေသည်။ ထိုမင်းကား ဒါနအရာ ကရဏနှင့်တူ၏။ သစ္စာစောင့်ထိန်းခြင်းတွင် ယုဓိဂိဋ္ဌိရနှင့်တူ၏။ မြဒျူမွန်ကဲ့သို့ လှ၍ နေမင်းကဲ့သို့ တင့်တယ်၏။

မှန်သောအမြင်နှင့်အကျင့်တို့ဖက်၍ လူတိုင်းကုသိုလ်ပြုသင့်သည်ဟု ယူဆလျက် မိမိလည်း ထိုသို့ပြုကျင့်ရန် ဆန္ဒတော်ရှိရကား၊ လူအများ၏ ကျေးဇူးကိုသာ ရှေးရှုသော မင်းကေရာဇ်၏ နန်းသက် တစ်နှစ်မှ ကိုးနှစ်မြောက်အထိ ပြုဘူးသော ကုသိုလ်တော် စာရင်းကို ကျေညာပါမည်။

အာနန္ဒောဒယအမည်နှင့် ရဟန်းကျောင်းများစွာ တည်ဆောက်၍ ကျွန်ယောကျ်ားကျွန်မိန်းမ လှူ၏။ ကျွဲ၊ နွား၊ လယ်ယာ လှူ၏။ ရွှေ ငွေ ဘုရား ကျောင်း တည်ဆောက်၍ ဓါတ်တော်မွေတော်နှင့်တကွ ဗုဒ္ဓရုပ်ပွား၊ ဘုရားလောင်းရုပ်ပွား၊ စုန္ဒနှင့် အခြား တန်ခိုးကြီးသော(နတ်မင်း)တို့ပုံတော်များကိုထား၍ ကိုးကွယ်၏။ မြတ်စွာဘုရား ရုပ်ပွားတော်များစွာကို ကြေးသတ္တုတို့နှင့် သွန်းလုပ်၏။ ရုပ်ပွားတော် အဆူဆူမှာ × × × သစ်၊ အင်္ဂတေနှင့် ကျောက်သားတို့ကို ထွင်းထုစေသည်။ ကျောင်းဆောင်တံကဲနှင့်တကွ + ၊ + မြေပုံဘုရား အမြောက်အမြားကို လုပ်၏။ ပိဋကတ်တော်ကိုလည်း မင်းမြတ်အမိန့်နှင့် အစုံစုံကူးရသည်။ရွှေ

ငွေဖြင့်လုပ်၍ ရတနာကျောက်မျက်ချယ်သော ကြာပန်းတို့နှင့်လည်း ပူဇော်၏။ တရားတော်ကို ပူဇော်သည့်သဘောဖြင့် အများပြည်သူကို နှိုးဆော်၍ စင်ကြယ်သောနှလုံးထားနှင့်တရားဟောတော်မူသည်။

အရပ်လေးမျက်နှာမှ ကြွရောက်လာသော ရဟန်းတော်များကို ကြေး သပိတ်နှင့် (?)ပိုးသင်္ကန်းအစုံစုံကို ပေးလှူတော်မူ၏။ သတ္တဝါတို့အကျိုးငှါ ပေးလှူသော ဒါနပါရမီငါ့တွင် မချို့ငဲ့စေသတည်းဟူသော အလိုတော်ဖြင့် အများ အကျိုးရှိရာရှိကြောင်း ကြံဆ၍ ပေးလှူမြဲတည်း။ ဥပသကာမျှသာဖြစ်ရကား ကျောင်းလေးကျောင်း ဆောက်စေ၍ ဗြဟ္မဏရဟန်း ၅၀ ကို မြေယာကိုင်း၊ တီးမှုတ်ဖွယ်တူရိယာအစုံနှင့် ကျွန်ကိုင်း ပေးလှူ၏။ **သောမတိရ်ထ**တွင် ဗြဟ္မဏတို့နေရန် **အာနန္ဒမာဓဝ** အမည်နှင့် ကျောင်းကိုတည်၏။ နဥလက္ကတွင် **အာနန္ဒေဂ္ဂရ** ကျောင်းကို ဆောက်လှူကြောင်းလည်း မော်ကွန်းတင်ရပါသည်။ ယခင် (?) ဒေါမဃခေါ် **ဝီလက္ကဝနက**တွင် သာယာနာပျော်ဘွယ်ရှိသော နားရာနေရာ လမ်းမလမ်းကျယ် တံတားပေါင်းကူးအမျိုးမျိုးကိုဆောက်စေ၏။ စားသောက်ခန်းမကြီးအတွင်း၌ နေ့စဉ်မပြတ် အမှုအခင်းများကို ကြားနာစစ်ဆေး၍ သနားကြင်နာခြင်းရှိလွန်းသဖြင့် ပြစ်မှုကြီးသူများကိုပင် ဒဏ်မထားဘဲလွှတ်ပစ်ခဲ့၏။ **ဥက်ဂ်မရ်ဝဂ်ဍုဝါရ**(?) အမည်ရှိသော အရပ်နှင့် **ဘူရောကနဥလက္ကလဝါရက**(?)အမည်ရှိသော အရပ်တို့တွင် နှလုံးမွေ့လျော်ဖွယ်ရှိသော ပုဏ္ဏိဂ် နှင့် **သောမသံဃ**(?) ခေါ်သည့် ရေကန်များတူး၏။ ဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက်က တည်ထားကိုးကွယ်ခဲ့သော ကျောင်းဘုရားအပျက်များကို ဉာဏ်ပညာကြီးသော မင်းကြီးက အသစ်ပကတိဖြစ်လာအောင် ပြုပြင်စေ၏။ **ဂိလာမေဃ**မင်း၏ပြည်တွင် ပြုလုပ်သော သံဃာ အစည်းအဝေးသို့ တရားပလ္လင်၊ ဆင်မယဉ်သာနှင့် တောက်ပသော ပိုးသင်္ကန်း (?)များကို ပို့လှူ၏။ ဤသို့လျှင် ငှက်မျိုးမှ ဆင်းသက်သောမင်း၏ ရဲစွမ်းရှိခြင်း၊ သာသနာတော်ကို မြတ်နိုးခြင်း၊ ဘုန်းတန်ခိုးကြီးမားခြင်းကို အလွန်နှစ်လိုလှသဖြင့် **စန္ဒာ** အမည်ရှိသော သမီးတော်ကို ကြီးစွာသော ဂါရဝတရား ရှေ့ထား၍ ဘုန်းရှင် **တာမြပတ္တန** မင်းက ဆက်လာသည်။ထို့ထက်ထူး၍ မော်ကွန်းဘင်လိုသည်ကား တရားကျင့်သော ငှက်ရိုးအဆက်မှ ဆင်းသက်လာသည့် ကမ္ဘာကို စိုးမိုးသော **အာနန္ဒစန္ဒြ**သည် သာသနာတော်တွင် အထောက်အကူဖြစ်၍ သတ္တိရှိခြင်း၊ မြင့်မြတ်ခြင်း၊ စွန့်ကြဲခြင်းတို့ကို နှိုးဆော်လျက် သတ္တဝါအများကို ဆိုဆုံးမလေ့ရှိကြောင်း သိရသဖြင့် လွန်စွာသော ကြည်ညိုလေးစားစိတ် ရှိရကား ဘုန်းတန်ခိုးကြီး၍ ဂဲဝအန္ဒြမင်းဆက်မှဖြစ်သော**မနောဒီရ**မင်းက မဟာမိတ်ပြုလာသည်။ ရေတွင်းတတွင်းနှင့် ကျောင်းတကျောင်းကို မိမိမှူတော်၌ တူးဖေါ်တည်ထားပြီးနောက် များစွာ လေးမြတ်သောဂါရဝဖြင့် အမျိုးသမီးအပေါင်း၏ ရတနာဖြစ်သောသမီးတော် **စန္ဒာ**ကို အဖိုးမဖြတ်နိုင်သော ရတနာတန်းဆာများ ဆင်ယင်၍ ပို့လှာရ၏။

ဟုသိရပါသည်။ယင်းကျောက်စာကိုအမှီပြု၍ ရခိုင်ခေတ်ဦးက မင်းဆက်သုံးဆက်ရှိကြောင်း ပေါ်လာပါသည်။ ထိုမင်းဆက်များကို ဒေါက်တာ ဆာရ်ကာရ်၏ မှန်းဆချက် ရက်စွဲ ခရစ်နှစ်များနှင့်တကွ အောက်တွင် ဇယားအင်းစောက်ပြု၍ ဖေါ်ပြပါမည်။

## ပ ထ မ မ င်း ဆ က်

| | |
|---|---|
| ၁။ အမည်ဖတ်မရ၊ | နန်းသက် ၁၂၀၊ ၅၁၈-၃၉၈ ဘီစီ |
| ၂။ အမည်ဖတ်မရ၊ | ၁၂၀၊ ၃၉၈-၂၇၈ ဘီစီ |
| ၃။ အမည်ဖတ်မရ၊ | ၁၂၀၊ ၂၇၈-၁၅၈ ဘီစီ |
| ၄။ ဗဟုဗလီ | ၁၂၀၊ ၁၅၈- ၃၈ ဘီစီ |
| ၅။ ရဃုပတိ | ၁၂၀၊ ၃၈ ဘီစီ-အေဒီ ၈၂ |
| ၆။ အမည်ဖတ်မရ၊ | ၁၂၀၊ အေဒီ ၈၂-၂၀၂ |
| ၇။ စန္ဒြောဒယ | ၂၇၊ အေဒီ ၂၀၂- ၂၉ |
| ၈။ အဏ္ဏဝေတမင်းများ | ၅၊ အေဒီ ၂၂၉- ၃၄ |
| ၉။ အမည်ဖတ်မရ၊ | ၇၇၊ အေဒီ ၂၃၄-၃၁၁ |
| ၁၀။ ရိမ္ဘျပ္ပ | ၂၃၊ အေဒီ ၃၁၁- ၃၄ |
| ၁၁။ ကူဝေရာမိ မိဖုရား | ၇၊ အေဒီ ၃၃၄- ၄၁ |
| ၁၂။ ဥမဝိရျ | ၂၀၊ အေဒီ ၃၄၁- ၆၁ |
| ၁၃။ ဇုဂ္ဂ | ၇၊ အေဒီ ၃၆၁- ၈ |
| ၁၄။ လာင်္ကီ | ၂၊ အေဒီ ၃၆၈- ၇၀ |

ဤဇယားတွင် မင်းတပါးလျှင် နန်းသက် ၁၂၀ စီ ခြောက်ဆက်တိုင်တိုင်ရှိကြသည်ကို မသင်ကာဖွယ် ဖြစ်၏။ အမည်များမှာလည်း သက္ကတ သို့မဟုတ် ပါဠိစစ်စစ်အမည်များမဟုတ်သဖြင့် ထိုမျှစောသော အခါက အိန္ဒိယယဉ်ကျေးမှုစက်ရိပ်မထင်သေးဟုယူဆရ၏။သို့သော် ခရစ်နှစ်သုံးရာစုကစ၍ မင်းအမည် များသည် အသင့်အတင့် ဟုတ်မှန်စရာရှိပါသည်။ အမျိုးသမီးတဦးက တိုင်းပြည်ကို ခေါင်းဆောင် အုပ်ချုပ်သည်ကိုင်း။ ထိုအမျိုးသမီး ကူဝေရာမိ ကွယ်လွန်မှ ကြင်ယာတော် ဥမဝိရျနန်းရသည်ကိုင်း သတိပြုရာ၏။ ပထမမင်းဆက် သို့မဟုတ် ပထမစာရင်းကုန်ဆုံးလျှင် ဒွေင်စန္ဒြဆိုသူက မြို့သစ်တည်၍ နန်းဆက်သစ်ကို ထူထောင်ပါသည်။ မြို့သစ်ကား ဝေသာလီဟုခန့်မှန်းရာ၏။ မင်းဆက်ကား စန္ဒြမင်း ဆက်ပင်ဖြစ်ပါသည်။

# ဒု တိ ယ မ င် း ဆ က်

(☆ ဒင်္ဂါးတွင် အမည်ခပ်နှိပ် ကျန်ရစ်သောမင်း)

| | | | |
|---|---|---|---|
| | ၁။ ဒွေင်စန္ဒြ | နန်းသက် ၅၅၊ | အေဒီ ၃၇၀-၄၂၅ |
| | ၂။ ရာဇစန္ဒြ | ၂၀၊ | ၄၂၅- ၄၅ |
| | ၃။ ကာလစန္ဒြ | ၉၊ | ၄၄၅- ၅၄ |
| ☆ | ၄။ ဒေဝစန္ဒြ | ၂၂၊ | ၄၅၄- ၇၆ |
| | ၅။ ယဉ္ဉစန္ဒြ | ၇၊ | ၄၇၆- ၈၃ |
| | ၆။ စန္ဒြဗန္ဓု | ၆၊ | ၄၈၃- ၉ |
| | ၇။ ဘူမိစန္ဒြ | ၇၊ | ၄၈၉- ၉၆ |
| | ၈။ ဘူတိစန္ဒြ | ၂၄၊ | ၄၉၆-၅၂၀ |
| ☆ | ၉။ နိတိစန္ဒြ | ၅၅၊ | ၅၂၀- ၇၅ |
| ☆ | ၁၀။ ဝီရျစန္ဒြ | ၃၊ | ၅၇၅- ၈ |
| ☆ | ၁၁။ ပြီတိစန္ဒြ | ၁၂၊ | ၅၇၈- ၉၀ |
| ☆ | ၁၂။ ပထွိစန္ဒြ | ၇၊ | ၅၉၀- ၇ |
| ☆ | ၁၃။ ဓတိစန္ဒြ | ၃၊ | ၅၉၇-၆၀၀ |
| | နှစ်ပေါင်း | ၂၃၀ | |

စန္ဒြမင်းတို့သည် သီဝနတ်မင်းကြီး၏ အနွယ်တော်များဖြစ်ကြောင်း ရေးသားထားသဖြင့် စန္ဒြမင်းဆက်သည် သီဝဂိုဏ်းကို ကိုးကွယ်သူများဖြစ်မည်ဟု ယူဆနိုင်၏။

အစုစုပေါင်း ၁၆-မင်းဟု ကျောက်စာက ဆိုသော်လည်း နန်းသက်အစုစုကို အနှစ် ၂၃၀-ဟု ဖော်ပြသဖြင့် နောက်ဆုံး ၃-မင်းကား တဦးလျှင် ရက်ပိုင်းလပိုင်းမျှသာ စိုးစံရလျက် တိုင်းပြည် ဆူပူလှုပ်ရှား၍ နောက်ဆုံး ပျက်စီးဟန်ရှိ၏။ ထိုသို့ ဆူပူလှုပ်ရှားချိန်၌ တတ်နိုင်သမျှ ဗိုလ်ပါ အင်အားကို ထိန်းအုပ်လျက် ပုရေမ္မုရမ္မြို့တွင် မဟာဝီရဆိုသူသည် ၁၂-နှစ်မျှ မင်းလုပ်၍ နေပါသည်။ ထိုသူမှစ၍ တတိယမင်းဆက် ပေါ်ပေါက်လာရပြန်၏။

# တ တိ ယ မ င် း ဆ က်

(★ ဒင်္ဂါးတွင် အမည်ခပ်နှိပ် ကျန်ရစ်သောမင်း)

| | | | |
|---|---|---|---|
| | ၁။ မဟာဝီရ | နန်းသက် ၁၂၊ | အေဒီ ၆၀၀- ၁၂ |
| | ၂။ ဖြယဇပ် | ၁၂၊ | ၆၁၂- ၂၄ |
| | ၃။ သေဝိင်ရေင် | ၁၂၊ | ၆၂၄- ၃၆ |
| | ၄။ ဓမ်ဂူရ | ၁၃၊ | ၆၃၆- ၄၉ |
| | ၅။ ဝဇြဂတ္တိ | ၁၆၊ | ၆၄၉- ၆၅ |
| ★ | ၆။ ဓမ်ဝိဇယ | ၃၆၊ | ၆၆၅-၇၀၁ |
| | ၇။ နရေန္ဒြဝိဇယ | ၃၊ | ၇၀၁- ၄ |
| ★ | ၈။ ဓမ်စန္ဒြ (အမှတ် ၈-၏သား) | ၁၆၊ | ၇၀၄- ၂၀ |
| | ၉။ အာနန္ဒစန္ဒြ | .... | ၇၂၀ |

ဤတွင် ပထမ စန္ဒြမင်းဆက်သည် အေဒီ ၃၇၀ မှ ၆၀၀-အထိ စိုးစံခဲ့ပြီးနောက် ပြည်ရေး ရွာမှု ဆူပူ လှုပ်ရှားလျက် လုပ်ရည် ကြံရည်ရှိသော အမတ်တို့က တဆက်ပြီးတဆက် ထီးနန်းကို ထိန်းအုပ်လျက် နေခဲ့ပြီးနောက်အနှစ်တရာကျော်ကြာပြီးမှ ဒုတိယစန္ဒြမင်းဆက်ပြန်၍ထူထောင်မိသည်ဟုဆိုရချေမည်။


အထက်ဖေါ်ပြပါ အကြောင်းအားလုံးကို အေဒီ ၇၂၀-တွင် နန်းတက်သော အာနန္ဒစန္ဒြမင်း က နန်းသက် ကိုးနှစ်မြောက်တွင် ကျောက်တိုင်ဟောင်းတခု၌ ရေးထိုးခဲ့၏။ ထိုကျောက်တိုင်မှာ လေး မျက်နှာရှိ၍ အာနန္ဒစန္ဒြအထက် အနှစ် ၂၀၀-ကျော်ကသည်း ထိုကျောက်တိုင်ပေါ်မှာပင် ကျောက် စာရေးထိုးခဲ့ဘူး၍ နောက်အနှစ် ၂၀၀-မျှကြာသောအခါ၌လည်း ကျောက်စာကိုဆက်၍ ထိုးကြောင်း တွေ့ရပါသည်။ သို့သော် အဦးနှင့်အဆုံး ကျောက်စာများကိုဖတ်၍ မရသည်မှာ အထူးဝမ်းနည်းဖွယ် ဖြစ်ပါသည်။ကျောက်စာအရ အာနန္ဒစန္ဒြမင်းကား ဗုဒ္ဓသာသနာ မဟာယာနဂိုဏ်းဝင် ဥပါသကာတဦး ဖြစ်၍ အလှူဒါန ပေးကမ်းစွန့်ကြဲရာ၌ ရောင့်ရဲနိုင်ခြင်း မရှိလောက်အောင် ရဲရင့်သည်ဟု ဆိုရမည်။ ရေတွင်း ရေကန်တူးခြင်း၊ ကျောင်းဆောက်ခြင်း၊ လမ်းဖေါက်ခြင်း၊ ဘုရားရုပ်ထုများကို သစ်၊ကြေး၊ ကျောက်၊အင်္ဂတေတို့ဖြင့် ထုလုပ်ခြင်း၊ မြေပုံဘုရား အသိန်းအသောင်းမကပြုလုပ်ခြင်း၊ အာနန္ဒောဒယ အမည်ဖြင့် ကျောင်းပေါင်းများစွာတည်ဆောက်၍ ကျွန်ယောကျ်ား ကျွန်မိန်းမများစွာနှင့် ကျွဲ နွား လယ်ယာတို့ကိုပါ လှူခြင်း၊ ဘုရားရုပ်ထုအပြင် ဘုရားလောင်းနှင့် ရဟန္တာရုပ်ထုများကိုလည်း ထုလုပ် ခြင်း၊ ဓါတ်ဘော်ကိန်းဝပ်ရန် ရတနာအတိပြီးသော ကျောင်းဆောက်ခြင်း၊ ပိဋကတ်တော် အစုံပေါင်း များစွာ ရေးကူးခြင်း၊ အရပ်ရပ်မှ ကြွလာသော သံဃာတော်တို့ကို ပိုးသင်္ကန်း ကြေးသပိတ် စသည်တို့ကို လှူခြင်းတို့ကို မပြတ်ပြုလုပ်သည်ဟု သိရ၏။ ထို့ပြင် ဗုဒ္ဓသာသနာတော်ကိုသာ ချီးမြှင့်သည်မဟုတ်၊

ဗြဟ္မဏတို့ကိုလည်း အထိုက် အလျောက် ပေးကမ်း စွန့်ကြဲသည်။ ဗြဟ္မဏဆရာတို့နေရန် ကျောင်းလေးဆောင် ဆောက်၍ ကျွန်၊ မြေ၊ ဝတ္ထုပစ္စည်းများစွာ လှူ၏။ ရှေးမင်းတို့ တည်ဆောက်ခဲ့သော ကျောင်းတို့ကိုလည်း ပြုပြင်၏။ ဖုန်းတောင်းယာစကာတို့ကိုလည်း မပြတ် ကျွေးမွေး၏။ အမှုအခင်း မှန်သမျှကို နေ့စဉ်ကြားနာ၍ ဒဏ်ခတ်သည်ထက် ဆိုဆုံးမခြင်းကို လက်ကိုင်ပြု၍ စီရင်၏။အပြစ်လွတ်၍ လိုရာသွားစေသည်က များသည်။ သာသနာရေးကို အကြောင်းပြု၍ တိုင်းတပါးနှင့် သင့်တင့်အောင် ဆက်ဆံသည်။ ဂိလမေဃပြည်၌ ကျင်းပသော သံဃာအစည်းအဝေးသို့ အလှူပစ္စည်းပို့၏။ ဂုဏ်သတင်းကြီးသဖြင့် တာမြပတ္တနပြည်က သမီးကညာပို့ဆက်လာရသည်။ ဤတွင် သံဃာအစည်းအဝေး ပြုသောပြည်ကား သီဟိုဠ်ဖြစ်နိုင်၏။ သီလမေဃဝဏ္ဏအမည်ကို သီဟိုဠ်မင်းများစွာ၏ ဘွဲ့တွင် ပါကြောင်းတွေ့ရသည်။ တာမြပတ္တနဟူသည် တာမြလိပ္တိဖြစ်၍ ယခု တမ္လုက်ခေါ်၍ ဘင်္ဂလားနယ်၊ မဒ္ဒါပုရ်ခရိုင်တွင် ရှိသည်။


အစဉ်အဆက် ပြောဆိုကြသော စကားများမှ ထုတ်နုတ်၍ ယခုခေတ်ရေး ရခိုင်ရာဇဝင်တို့၌ ဖေါ်ပြသော မင်းဆက်များနှင့် အာနန္ဒစန္ဒြကျောက်စာပါ မင်းဆက်တို့ မကိုက်ညီချေ။ သို့သော် ကျောက်စာပါ မင်းတို့အနက် ဒုတိယနှင့်တတိယမင်းဆက်တွင် အစုစုံမင်းရှစ်ဦးမျှအမည်ဖြင့် ဒင်္ဂါးများ ကျန်ရစ်သဖြင့် ကျောက်စာဖက်က အလေးသာသည်ဟု ဆိုနိုင်ပါသည်။ ရခိုင်ဒင်္ဂါးများအကြောင်းကို ဆာ အာသာဖယ်ရာက ၁၈၇၂-ခုကပင် ရုပ်ပုံများနှင့်စာတမ်းတစောင်ရေးဘူး၏။ ၁၉၃၂-ခုပုံနှိပ်သော ပါမောက္ခဂျွန်စတန်၏ "ရခိုင်မှ သက္ကတကျောက်စာအချို့"စာတမ်း၌လည်း ရခိုင်ဒင်္ဂါးအကြောင်း ထည့်သွင်းဆွေးနွေး၏။ စီအေ ရပ်စတန်ခေါ် အမျိုးသမီးတဦးက နေးရှင်း တနင်္ဂနွေ အထူးထုတ်တွင် ၁၁-နိုဝင်ဘာ ၁၉၆၂-ခုက "ရခိုင်ဒင်္ဂါးအချို့အကြောင်း"စာတမ်းရေး၏။ ဒင်္ဂါးအများဆုံး တွေ့ရသော နေရာမှာ ဝေသာလီပင် ဖြစ်၏။ ထိုဒင်္ဂါးတို့အကြောင်းကို ရေးကြသော စာတမ်းတို့မှ သဘောအချုပ်ကို ကောက်နှုတ်၍ အောက်တွင် ဖေါ်ပြပါမည်။

ရခိုင်ဒင်္ဂါးများမှာ ငွေဒင်္ဂါးများဖြစ်၍ ယခုအခါ ဗြိတိသျှပြတိုက်၊ ကာလကတ္တားပြတိုက်၊ လီနင်ဂရက် အာမိတဂိုပြတိုက်တို့တွင်၎င်း၊ ဆာလ်စဗာရီမှ မစ္စတာရှော့တ်ထံတွင်၎င်း၊ တဂိုး၏ ကျန်ရစ်သော ပစ္စည်းစုတွင်၎င်း အများအပြား တွေ့နိုင်ပါသည်။ များသောအားဖြင့် ဒင်္ဂါးတမျက်နှာတွင် ဘယ်ဖက် သို့မဟုတ် ညာဖက်သို့ ဦးခေါင်းပြု၍ ရပ်နေသော နွားလားဥဿဖတကောင် ပါ၏။ပန်းကုံး လည်တွင် စွပ်လျက် ရှိသည်။ နွားလားပေါ်၌ ဒင်္ဂါးကို သွန်းလုပ်သော မင်းအမည်ကို နာဂရီစာနှင့် ရေးသော စာတန်းတတန်းပါ၏။ အမည်နှင့်နွားကို ဗိန္ဒုပိုင်းသည်။ ဒင်္ဂါး၏ အခြားတဖက်၌ ခက်ရင်း သုံးခွပါသည်။ သိရိဝစ္ဆဟူ၍လည်း ခေါ်နိုင်ပေမည်။ ဒင်္ဂါးကြီးလျှင် ထိုခက်ရင်း ဝဲယာတွင် သပြေခက် တခက်စီ သွယ်တန်းကျဆင်းနေသည်ကို အသေအချာမြင်နိုင်၏။ ထို့ပြင် အထက်ဆုံး၌ အလယ် ခက်ရင်း၏ဝဲယာတွင် နေလသင်္ကေတများ ပါရှိသည်။ ခက်ရင်းအောက်၌ ဗိန္ဒုတန်း ပါ၏။ ယင်းတို့ အားလုံးကို ကြိုးတတန်း၊ ဗိန္ဒုတတန်းဝိုင်းသည်။ အခေါ်လွယ်စေရန် ထိုဒင်္ဂါးမျိုးကို နွားခက်ရင်း ဒင်္ဂါးဟု ခေါ်လိုပါသည်။ နောက်တမျိုးကား တဖက်တွင် ခရုသင်းပုံပါ၍ အခြား တဖက်တွင် ခက်ရင်းပုံပါ၏။ ထို့ကြောင့် ထိုဒင်္ဂါးမျိုးကို ခရုခက်ရင်းဒင်္ဂါးဟု ခေါ်လိုပါသည်။ ဗိဿနိုး နတ်မင်းလက်သုံး ခရုသင်းနှင့်သိဝနတ်မင်း၏လက်သုံး ခက်ရင်းသုံးခွကို တွဲထားသဖြင့် ဟရိဟရဂိုဏ်း၏ သဘောပါသည်ဟု ယူဆနိုင်ပါသည်။ ပျူဒင်္ဂါးများလို ယုံကြည်မှုသရုပ်ပြဒင်္ဂါးများ မဟုတ်ချေ။


ပိုက်ဆံအဖြစ် သုံးစွဲသော ဒင်္ဂါးများဖြစ်ကြောင်း ထင်ရှား၏။ အလေးချိန် ကန့်သတ် ခတ်နှိပ်သည်။ အရွယ်သုံးမျိုး လေးမျိုး ရှိသည်။ နောက်ပိုင်း၌ ငွေတွင် အခြားသတ္တုရောလာသဖြင့် ရှေးဒင်္ဂါးကို နောက်ဒင်္ဂါးနှင့်တန်ဘိုးညီအောင် လိုသလောက်ဖဲ့၍ထားကြောင်း တွေ့ရသည်။ အထက်က ဖော်ပြပြီးခဲ့သည့်အတိုင်း ပထမစန္ဒြမင်းဆက်တွင် ပါသောမင်း ၁၃-ပါးတွင် ခြောက်ပါးအမည်နှင့် **နွားခက်ရင်းဒင်္ဂါး** များကို တွေ့ရပါသည်။ ယခုတိုင် တွေ့ဘူးသမျှဒင်္ဂါးတို့တွင် ဒေဝစန္ဒြအမည်နှင့် ဒင်္ဂါးကား ရှေးအကျဆုံးဖြစ်ပေမည်။ကျောက်စာအရ အေဒီ ၃၅၄ မှ ၄၇၆ အထိ စိုးစံသူဟု မှန်းဆရ၏။ဒေဝအမည်ပါသော နွားခက်ရင်းဒင်္ဂါး အပြင် ဒေဝအမည်နှင့်ခရုရက်ရင်းဒင်္ဂါးလည်း ရှိသည်ဟု ပါမောက္ခဂျွန်စတန်က ဆိုပါသည်။ သို့သော် မသေချာလှချေ။ ခရုခက်ရင်းဒင်္ဂါး ဟု ခေါ်ရသော်လည်း တဖက်မျက်နှာမှ ခက်ရင်းသည် သီရိဝစ္ဆနှင့် ပို၍တူကြောင်းကို ရပ်စတန်က ဖော်ပြ၏။ စစ်တောင်းမြို့မှ တူးဖော်ရရှိသည့် ခရုသီရိဝစ္ဆဒင်္ဂါး နှင့် တူလှသည်။




ဒေဝအမည်ပါသော နွားခက်ရင်းဒင်္ဂါး



ခရုခက်ရင်းဒင်္ဂါးတမျိုး




မျှုခက်ရှင်းဒင်္ဂါး နောက်တမျိုး




စစ်တောင်းမှ ခရုသိရိဝစ္ဆဒင်္ဂါး

နွားခက်ရင်းဒင်္ဂါးများကို နီတိစန္ဒြ(အေဒီ ၅၂၀-၇၅)အမည်ဖြင့် သုံးစားတွေ့ရ၏။ အလွယ်အားဖြင့် အကြီး၊ အလတ်၊ အသေး သုံးမျိုးကို ကျပ်သုံး၊ ငါးမူးသုံး၊ မတ်သုံးဟု ခေါ်ရပေမည်။



နီတိစန္ဒြ၏ ကျပ်သုံး၊ ငါးမူးသုံး၊ မတ်သုံး ဒင်္ဂါးများ

ဝီရ၊ ပရိတိ ပဏ္ဍိနှင့်ဓမ္မတိအမည်နှင့် ဒင်္ဂါးများလည်းရှိသည်။ ထိုမင်းတို့ကား အေဒီ ၅၇၅ မှ ၆၀၀ အထိ စိုးစံသော မင်းများဖြစ်၍ ယင်းတို့စိုးစံပြီးနောက်တွင် တိုင်းပြည်မငြိမ်မသက်ရှိဟန်တူ၏။ အနှစ် ၆၅ နှစ်လွန်ပြီးနောက် နန်းစံသော ဓမ္မဝိဇယမင်း၏အမည်နှင့်ဒင်္ဂါးကိုသာတွေ့ရသဖြင့်ထိုမင်း၏ လက်ထက်တိုင်ခါမှ ပြည်ရွာငြိမ်ဝပ်သဖြင့် ရောင်းဝယ်ရေးထွန်းကားလျက် ဒင်္ဂါးသွန်းခွင့်ရပေသည်ဟု ယူလျှင် များးစွာမှားလှမည်မဟုတ်ချေ။ ဓမ္မစန္ဒြ(အေဒီ ၃၀၄-၂၀)၏နွားခက်ရင်းဒင်္ဂါးများကိုလည်း တွေ့ရပါသည်။



ဓမ်စန္ဒြ အမည်ပါသော နွားခက်ရင်း ဒင်္ဂါး

အာနန္ဒစန္ဒြကျောက်စာ၏မင်းဆက်စာရင်းတွင်မပါသော ယရိကြိယ အမည် ခတ်နှိပ်ပါရှိသော **နွားခက်ရင်းဒင်္ဂါး** များစွာလည်း ရှိပါသည်။ နွားလည်တွင် ပန်းကုံးဆွဲသောပုံနှင့် မဆွဲသောပုံ ဟူ၍ နှစ်မျိုးရှိ၏။ ယင်းတို့ကို အေဒီ ၆၀၀ အလွန်တွင် မင်းငယ်တဦးဦးက ခတ်နှိပ်လေမည်ဟုဆရာအချို့ ယူဆပါသည်။ အထက်တွင် ဒင်္ဂါး၌ပါသော မင်း၏အမည်ကို အာနန္ဒစန္ဒြကျောက်စာ အားကိုးဖြင့် ရက်စွဲနှင့်တကွဖေါ်ပြသော်လည်း ဒင်္ဂါးတွင် ရက်စွဲကိုဖေါ်ပြနိုင်လောက်အောင် သက်သေအခိုင်အလုံ မပါချေ။ လေးရာစုမှခြောက်ရာစုအတွင်း ဂုပ္တစာရေးနည်းဖြင့် ရေးသောစာတန်းပါသည့်ဒင်္ဂါးများ ဟူ၍သာ ပြောနိုင်၏။ ရှေးဟောင်းသုတေသနဌာနက အသေအခြာ တူးဖေါ်ပြီးစီးလျှင် ယခုထက်ပို၍ တိတိကျကျ ပြောနိုင်စရာရှိပါ၏။

အချုပ်ဆိုရသော် ရခိုင်တွင် မြို့ပြတည်၍ စာပေအရေးအသား တတ်ကျွမ်းလျက် ဗုဒ္ဓဝါဒီ၊ ဗြဟ္မဏဝါဒီရှိသူတို့ ခရစ်နှစ်ဦးမှ ရှစ်ရာစုအထိ ရှိနေကြသည်ဟုဆိုနိုင်၏။ ငွေဒင်္ဂါးများ သွန်းလုပ်၍ ရောင်းဝယ်ရာတွင် ပိုက်ဆံအဖြစ်သုံးသည်။ ထိုသူတို့ကား မြန်မာနိုင်ငံအလယ်ပိုင်းမှ ပျူတို့နှင့် ခေတ်ပြိုင်ဖြစ်သည်။ ဤတွင် မြန်မာတို့ အစဉ်အလာပြောဆိုကြရာ၌ ပျူက ရခိုင်ကို သွားရောက် စစ်ခင်းအောင်မြင်ဘူးသည် ဆိုသော အချက်ကို ဆင်ခြင်ရာ၏။ သို့သော် မှန်၊ မမှန်ကိုကား ယခုရှိသော အထောက်အထားမျှနှင့်မပြောနိုင်ချေ။ဒွေင်စန္ဒြသည် အေဒီ ၃၇၀ တွင်စန္ဒြမင်းဆက်ကိုတည်ထောင်၍ ဝေသာလီပြည်ကိုတည်ခဲ့၏။အေဒီ ၆၀၀ အရောက် မင်း ၁၃ ဆက်မြောက်တွင် ပြည်ရွာခြောက်ခြား၍ စန္ဒြမင်းဆက်ပြတ်သည်။ စန္ဒြဒုတိယဆက်ကို အေဒီ ၇၀၀ ကျော်မှတွေ့ရလျက် မည်သည့်ကာလတွင် ပျက်စီးကြောင်းကို ပြောရန် ခက်ခဲလှပါသဖြင့် ရာဇဝင် အထောက်အထားများကို ရှေးဟောင်းသုတေသနက သွားရောက်တူးဖေါ်ပေးသည်အထိ စောင့်ရချေဦးမည်။ ထိုစန္ဒြမင်းတို့ အုပ်ချုပ်သောပြည်သူတို့ကား မည်သည့်အမျိုးဖြစ်၍ မည်သည့်အခါကပင် ရခိုင်၌အခြေစိုက်လျက်ပြည်ရွာထူထောင်သည့်ကိုလည်း ယခုတိုင် မပြောနိုင်သေးချေ။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း

ဂျွန်စတန်(အီးအိပ်ချ်)။ "ရခိုင်သက္ကတကျောက်စာအချို့"၊ အရှေ့တိုင်းနှင့် အာဖရိကပညာကျောင်း စာစောင်၊ အတွဲ ၁၁၊ အပိုင်း ၂၊ စာမျက်နှာ ၃၅၇-၈၅။ အအကစဟု အတိုရေးသည်။

JOHNSTON, E. H.: "Some Sanskrit Inscriptions of Arakan", *Bulletin of the School of Oriental and African Studies*, (University of London), XI, ii, 357-85

ဆာရ်ကာရ် (ဒီစီ)။ "ရခိုင်စန္ဒြကျောက်စာများ"။ အိန္ဒိယကျောက်စာပေါင်းချုပ်၊ အတွဲ ၃၂၊ အပိုင်း ၁၊ စာမျက်နှာ ၁၀၃-၉။ အကပဟု အတိုရေးသည်။

SIRCAR, D. C.: "Inscriptions of Chandras of Arakan", *Epigraphia Indica*, XXXII, i, 103-9

ဖေမောင်တင် နှင့်လုစ်။ မြန်မာနိုင်ငံ ကျောက်စာများ၊ ဓါတ်ပုံ ၃၄၆ မှ ၃၅၂။ မကဟု အတို ရေးသည်။

PE MAUNG TIN and LUCE, C. H.: *Inscriptions of Burma*, 5 Portfolios. Oxford. Rangoon University Publication. 1933-52

ဖယ်ရာ (အာသာ)။ "ရခိုင်၊ ပဂိုးနှင့်" မြန်မာနိုင်ငံ အရပ်ရပ်ဒင်္ဂါး အရှေ့တိုင်း နိုင်ငံတကာ့ ဒင်္ဂါး စာစောင်၊ လန်ဒန်၊ ထရပ်ဗနာကုမ္ပဏီ၊ ၁၈၈၂

PHAYRE, Arthur P.: "Coins of Arakan, of Pegu and of Burma", *The International Numismata Orientalia*, London, Trubner & Co., 1882

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန နှစ်ချုပ်အစီရင်ခံစာ၊ ၁၉၅၆-၇ ခု နှင့် ၁၉၅၈-၉ ခုနှစ်များ အတွက်။ မရသနဟု အတိုရေးသည်။

(*Annual*) *Report of the Director, Archaeological Survey, Burma*

ရပ်စတန်(စီအေ)။ "ရခိုင်ဒင်္ဂါးအချို့"။နေးရှင်းနေ့စဉ် တနင်္ဂနွေအချပ်ပို၊ ၁၁ နိုဝင်ဘာလ၊ ၁၉၆၂

RUSTOM, C. A.: "Some Coins of Arakan", *The Nation Sunday Supplement*, 11 November 1962

# မွန်

**ရာဇဝင်**သုတေသနတွင် ခေတ်ပြိုင်မှတ်တမ်းသည် အားအကိုးရဆုံး ဖြစ်၏။ မြန်မာနိုင်ငံကဲ့သို့သော အရပ်ဒေသတွင် လွန်ခဲ့သော အနှစ် ၇၀၀-ကအကြောင်းကို သိလိုလျှင် ထိုခေတ်အခါက ရေးထိုးခဲ့သောကျောက်စာသာလျှင်အားကိုးစရာရှိ၏။ပေပုရပိုက်တို့ကားတခါကရှိမည်ဖြစ်သော်လည်း ရာသီဥတုစသည်တို့ကြောင့် ဖတ်မှတ်စရာ မကြွင်းကျန်နိုင်ချေ။ အကယ်၍ ထိုထက်ရှေးကျသော ခေတ်ကာလ၏အကြောင်းခြင်းရာကို သိလိုပါမူ ရေးထိုးပြီးကျောက်စာလည်း ပြောပလောက်အောင် မကျန်ရစ်သဖြင့် သုတေသနပြုရန် အစရှာ၍မရနိုင်သကဲ့သို့ ရှိချေသည်။ ယင်းအခါ၌ အားကိုးရာကား မြေ၌မြုပ်လျက်ရှိသည့်ရှေးဟောင်းရာဇဝင်သက်သေပစ္စည်းတို့ကို စံနစ်တကျတူးဖေါ်၍ယူခြင်းပင်ဖြစ်သည်။ အကယ်၍ ငွေ၊အချိန်နှင့် နိုင်နင်းစွာခေါင်းဆောင်၍ တူးနိုင်သူမရှိခြင်းကြောင့် စံနစ်တကျ မတူးဖေါ်ရသေးလျှင် ဘာသာစကား ဆင်းသက်ပြန့်ပွားလာပုံကို လေ့လာခြင်းဖြင့် သဲလွန်စ ရရာ၏။ ရှေးမြန်မာနိုင်ငံ၌ မွန်တို့အင်အားကောင်းသော မုတ္တမပင်လယ်ကွေ့ ပတ်ဝန်းကျင်တွင် အထက်ကဆိုခဲ့ပြီးသော သုတေသန၏ အဓိကအားကိုးရာ ခေတ်ပြိုင်မှတ်တမ်း မရနိုင်ချေ။ မိုးများသော ဒေသဖြစ်၍ ရှေးဟောင်းပစ္စည်းတို့ တိမ်ကောပပျောက်လွယ်၏။ ရှေးဟောင်း သုတေသနပစ္စည်း တူးဖေါ်လေ့လာခြင်းလည်း မည်မည်ရရ မလုပ်ရသေး။ ဘာသာစကား လေ့လာရေးမှာလည်း နုသေး၏။ ရာဇဝင်အတ္ထုပ္ပတ္တိအချို့လည်း သက်ကြီးစကား သက်ငယ်ကြားရသည့်ပုံပြင်ဝတ္ထုဖြစ်ခဲ့ရပြီ။ထိုကြောင့် မွန်တို့အကြောင်းကို သိတတ်သမျှ စွန့်စား၍ ရေးသားရပါသည်။

မွန်တို့သည် မုတ္တမပင်လယ်ကွေ့ပတ်ဝန်းကျင်၌ နေရာယူစဉ်က ထိုဒေသကို ရောက်နှင့်ပြီးသည့် အခြားလူများထံမှ လုယူရဟန်ရှိပါသည်။ ထိုသူများကား နီဂရိုတိုအမျိုးလည်း ဖြစ်နိုင်၏။ သို့မဟုတ် ယခုအရှေ့တောင်အာရှကျွန်းပိုင်း၌သာ အနေများသော ဩစထရိုနီရှများလည်း ဖြစ်နိုင်၏။ နှစ်ဦးစလုံးလည်း ဖြစ်နိုင်၏။ **မဟာဝင်**ကဲ့သို့သော ရှေးမှတ်တမ်း၌ မြန်မာနိုင်ငံ အရှေ့တောင်ဖက် ဖြစ်သော **သုဝဏ္ဏဘူမိ** အရပ်တွင် အကြမ်းအားဖြင့် ၂၅၀-ဘီစီခန့်က ရက္ခ(ရက္ခ)အမည်ဖြင့် လူတမျိုးရှိမည်ဟု မှန်းဆဖွယ် ရှိပါသည်။ ထိုရက္ခမျိုးကား မွန်တို့တိုက်ထုတ်သဖြင့် နောက်ဆုံး မွန်တို့နေရာ၏ တောင်အရပ်၌ ဆိပန် အမျိုးဟူသော အမည်ဖြင့် ယခုတိုင် ရှိနေကြပါသည်။

ဤတွင် ငါးရာငါးဆယ်ဇာတ်တော်များမှအစ ပါဠိစာပေ၌ ထင်ရှားပါရှိသော **သုဝဏ္ဏဘူမိ** ဟူသည် မည်သည့်အရပ်နည်းဟု တွေးတောကြံဆဖွယ်ရှိပါသည်။ တော်လမီ၏ မြေပုံ၌ ခရိုရှေကား **သုဝဏ္ဏဘူမိ** ပင် ဖြစ်၏။သိန်းခိုရေး ရာဇဝင်များဖြစ်သော လေးရာစု **ဒီပဝင်**နှင့်ခြောက်ရာစု **မဟာဝင်** တို့၌လည်း **သုဝဏ္ဏဘူမိ**ကို ဗုဒ္ဓသာသနာ၏အခြေခံအရပ်ဟူ၍ ညွှန်းပြန်သည်။ယင်း **သုဝဏ္ဏဘူမိ** ကား သထုံမဟုတ်ဟူ၍ ဆိုချင်ပါသည်။ သထုံ၏ အနောက်မြောက်ဖက် မိုင် ၃၀-ခန့်အကွာ၌ **ကေလာသ** ကျောက်တောင်စွန်းရှိပါသည်။ထိုတောင်စွန်း၏ တောင်ပေါ် တောင်အောက်တဝိုက်သာလျှင် **သုဝဏ္ဏဘူမိ** မြို့ဟောင်းရာ ဖြစ်ပါသည်။ လတ်တီတွတ် မြောက် ၁၇-အံသာ ၁၃-လိတ္တာနှင့် လောင်တီတွတ် အရှေ့ ၉၇-အံသာ ၆-လိတ္တာတွင်ရှိ၏။ရှေးကျလျက် ကျော်ဇော်ထင်ရှားသော အရပ်ဖြစ်ရကား ခရစ်နှစ် ၁၀၉၈-ခုနှစ်က ထိလိုင်မင်က အမိန့်တော်ဖြင့် ရှေးစေတီတော်နှစ်ဆူကို လာ၍ပြုပြင်၏။ထိုစေတီ

များကား တောင်စွန်းမြောက်ဖက် ၃-မိုင်ကွာရှိ ကျောက်တေ ဘုရားနှင့် ကေလာသတောင်ခြေမှအယက်သမရှိ ကျောက်တလင်(မြသိန်းတန်)စေတီတို့ဖြစ်ပါသည်။နောင်အခါ ခရစ်နှစ် ၁၄၇၀-တွင် ရေးထိုးသော ရာမာဓိပတိမင်း၏ ပဂိုးကလျာဏီသိမ်တော် ကျောက်စာ၌ ထိုဒေသအကြောင်းကို အသေးစိတ်ဖေါ်ပြပါရှိပါသည်။

အထက်ဖေါ်ပြပါ ဝင်ဂနှင့်အယက်သမအရပ်ကို တိုက်ကုလားမှ မောင်းနှင်လိုက်လျှင် ရက္ခ(ရက္ခ)အမျိုးတို့သည် တောင်ဘက်သို့ခိုဝင်လျက် ဘီးလင်းမြစ်ဝ၌ သထုံကိုတည်ထောင်နေထိုင်ကြဟန်ရှိပါသည်။ သထုံမှကျောက်စာ အချို့တွင် သထုံကိုရက္ခပူရ ဘီလူးမြို့ဟု ခေါ်တွင်ကြောင်း သိရပါသည်။ ထိုရက္ခပူရမှ ဘီလူးမျိုးတို့ တောင်ဖက်သို့ တဖန်ဆုတ်ခွါရပြန်လျှင် သံလွင်မြစ်ဝ ဘီးလူးကျွန်း၌ ခိုဝင်ကြဦးမည်ဟု ထင်ရပါသည်။ထိုကျွန်း၌ ဆက်လက်၍မနေနိုင်ပြန်လျှင် မလေးကျွန်းဆွယ်ဖက်သို့ဆင်းပြေးလျက် စလုံ စသည့် ပင်လယ်စပ် ကျွန်းငယ်တို့၌ လှည့်လည် သွားလာမြဲ ဖြစ်သောလူမျိုးတို့ ဖြစ်လာကြရ၏။

ဤတွင် ရက္ခတို့ဆုတ်ခွါထွက်ပြေးလေသည်ဟု အချုပ်ကိုဆိုသော်လည်း မဆုတ်ခွါမီ ပြင်းစွာသောအပြန်အလှန်တိုက်ပွဲများရှိဦးမည်ဖြစ်၍ ခရစ်နှစ်၏ ရှေးဦးရာစုများ၌ တိုက်ပွဲမှာ အထူးပြင်းထန်ဟန်ရှိသည်။ တောင်အရပ်မှတက်လာသော ရေငံပိုင်းသားတို့နှင့် မြောက်နှင့်အရှေ့အရပ်မှ ဆင်းလာသော ကုန်းတွင်းသားတို့၏ ရန်ပွဲသက်သေခံများ ကျန်ရစ်ပါသည်။ တွံတေးမှ အရှေ့တောင်သို့ ပြန့်လျက် ဘီးလင်းမြစ်ဝ မြောက်ဖက်မှ မုသင်အထိ ခံတပ်ဟောင်းများ ရှိနေပါသည်။ ခံတပ်တိုင်း၌ ကျုံးပတ်လည် ရှိသည်။ အလယ်စက်မှ အကွာအဝေးအညီ တံတိုင်းအမြင့် ၃-ဖက် ရှိသည်။ ခံတပ်အလယ်၌ ကုန်းမြင့်ငယ်ရှိသည်။ ယင်းကား ဤအရပ်မှ ခံတပ်အများ၏ပုံစံဖြစ်ပါသည်။ တွံတေးအနီး ရွှေဆံတော်တောင်ဖက်မှခံတပ်ကား ရှေးအကျဆုံး ခံတပ် ဖြစ်ဟန်ရှိပါသည်။

ထို့ပြင် ထူးခြားချက်တရပ်ကား ဤဒေသ၏ပင်ရင်းထွက် ဂဝံကျောက်များကို ရေမြောင်းများ လေးထောင့်ရေတွင်းများ၊ တိုင်များ၊ အောက်ခံုများ၊ တံတိုင်းများနှင့် ရှေးအကျဆုံး စေတီများ၌ သုံးစွဲထားခြင်းဖြစ်ပါသည်။ နောက်မှ တကပါလေ့မရှိသော ဂဝံကျောက်ထု ဗုဒ္ဓဆင်းတုတော်များကို တွံတေးမှ မော်လမြိုင်အထိ နေရာများစွာ၌ တွေ့နိုင်ပါသည်။ရက္ခအမျိုးမှ ဗုဒ္ဓဝါဒီတို့ကလည်း ဂဝံကျောက်ကိုပင်သုံးစွဲ၍ ဘုရားဆင်းထုကျောက်ထီး၊ကျောက်ပလ္လင်၊ကျောက်တိုင်များကို ထုလုပ်၍ထားခဲ့ပါသည်။ နမူနာအားဖြင့် ဇုတ်သုတ်အရပ်၌ ဗုဒ္ဓဝါဒီရက္ခတို့၏ များစွာသော လက်ရာတို့ကို အံ့သြဖွယ် တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျောက်စာပေါ်သည်ဟု ဆိုရသော်လည်း ယခုကျွန်တော် လေ့လာဆဲဖြစ်သော ခေတ်ဦးကာလအတွက်မရှိချေ။ သို့သော် ရခိုင်တွင် သက္ကတကျောက်စာအချို့နှင့် ရေဝတီမြစ်ဝှမ်းမှ ပျူကျောက်စာအချို့မှလွဲ၍ မြန်မာနိုင်ငံ၌ ရှေးအကျဆုံး ပေထက်ကျောက်ထက်အက္ခရာတင်နိုင်သည့်ဘာသာစကားမှာ မွန်ဘာသာပင်ဖြစ်ပါသည်။ ရှေးကျသောမွန်ကျောက်စာကို မြန်မာနိုင်ငံတွင် မတွေ့ရချေဟု ယခင်က မှတ်ယူခဲ့ပါသည်။ သို့သော် ရန်ကုန် ဗိုလ်တထောင်ဘုရား ဌာပနာတိုက်မှရသောမြေပုံဘုရား၏ ယေဓမ္မာဟေတုပ္ပဘဝါဂါထာကိုရေးသောလက်ရေးမှာ အေဒီ ခုနစ်ရာစုခန့်ကဖြစ်နိုင်ပါသည်။ဖြဖထောမ်၌တွေ့ရသောမွန်ကျောက်စာ၌ပြင်သစ်ပညာရှင်ဆာဒေစ်က 'ခြောက်ရာစုကုန် ခုနစ်ရာစုဦး' က ဖြစ်မည်ဟု မှန်းထားပါသည်။ လက်ရေးလက်သားမှာမူ ကမ္ဘောဇတွင် တွေ့ရ


သော ရှေးအကျဆုံးကျောက်စာများ၏ လက်ရေးအတိုင်းပင် ဖြစ်သည်ဟု ဆို၏။ ဘာသာစကားတွင် မွန်နှင့်အနွယ်တူသော ကမ္ဘောဇမှ ခမေရ်တို့ကား ကျောက်စာများ ထားရစ်သော်လည်း ကျွန်စာရင်း စသော အသေးအဖွဲ့များမှလွဲ၍ သက္ကတနှင့် အရေးများ၏။ မွန်တို့ကမူ မိမိဘာသာစကားဖြင့်ပင် ကျောက်စာထားခဲ့သည်။ သို့သော် မွန်ကျောက်စာတို့ကား ပုဂံခေတ် တဆယ့်တစ်ရာစုတွင်မှ ပိုမို များပြားလာသဖြင့် ခေတ်ဦးပိုင်းအတွက် အထောက်အကူမရလှချေ။

မွန်နှင့် ခမေရ်ဘာသာစကားသည် အန်နမ်တောင်ရိုးတလျှောက်တွင် မှီတင်းနေထိုင်သူများ၏ ဘာသာစကားနှင့် ခပ်ဆင်ဆင်တူ၏။ မလေးကျွန်းဆွယ်အလယ်ပိုင်း စကဲစကားတို့နှင့်လည်း ဆင်၏။ နစ်ကိုဘာကျွန်းများမှ ကာလကြာမြင့်စွာ အပြင်လောကနှင့် အဆက်ပြတ်၍ နေရခဲ့သူတို့၏ ဘာသာ စကားနှင့်လည်း အကြမ်းသဘောအားဖြင့် အသင့်အတင့် တူညီချက်များ ရှိပါသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံတွင်းသို့ နောက်မှ မြောက်အရပ်က ပေါက်ရောက်လာကြ၍ သျှမ်းပြည်နယ်များနှင့် လွှမ်းပရဗမ်တို့မှ ဝ၊ ပလောင်၊ ရိယန်အစုနှင့်လည်း တူညီချက်များ ရှိပါသည်။ အိန္ဒိယတွင် မဏိပူရ အနောက်ဖက်မှ ခဆီတို့နှင့်၎င်း၊ အိန္ဒိယအလယ်ပိုင်း ကုန်းမြင့်ဒေသမှ မုဏ္ဍာတို့နှင့်၎င်း၊ အရှေ့မြောက် ဖက် စန်တလီနှင့် မုဏ္ဍာရီတို့အပါအဝင် ဆေရိနှင့်၎င်း၊ အနောက်မြောက်စွန်းဆီမှ ကုရ် ကုတို့နှင့်၎င်း၊ တောင်ဖက်မှ စဗာရ်နှင့် ဂဒဗတို့နှင့်၎င်း ရှေးရှေးက အဆက်အသွယ်မှုချရှိရမည်ဖြစ်ပါသည်။ တောင်




ရန်ကုန် ဗိုလ်တထောင်ဌာပနာတိုက်ထွက် မြေပုံဘုရား

(ကျောဖက်၌ပါရှိသော မွန်စာသည် ယေဓမ္မာ ဟေတုပ္ပဘဝါ ဂါထာဖြစ်၍ အေဒီ ခုနစ်ရာစု ရေးဟု ခန့်မှန်း၏။ မှေးမှိန်သည့်စာလုံးများကို ဦးသာမြတ်က ဖတ်ရနိုင်အောင် မင်နှင့် ကြောင်းပေး သည်။ မြ၊ (ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းထုတော်များ၊ ပထမတွဲ၊ ပုံ ၇၇-နှင့် ယှဉ်၍ ကြည့်ပါ။)




(က) (ခ)

ထိုင်လင်းမှ ဖြဖထောမ်၏ အေဒီ ၇-ရာစုဦးတွင် ရေးထိုးသည့် မွန်ကျောက်စာ
(မြ၊ အက္ခရာ၊ ပုံ ၃-မှ ကူးယူဖော်ပြသည်)



(က) (ခ)

ထိုင်လင်းမှ ဖြဖထောမ်၏ အေဒီ ၇-၉-ရာစုပိုင်းမှ မွန်ကျောက်စာ
(မြ၊ အက္ခရာ၊ ပုံ ၃-မှ ကူးယူဖော်ပြသည်)



ထိုင်လင်းမှ လော့ပုရီမြို့၏ အေဒီ ၉-ရာစု မွန်ကျောက်စာ
မြ၊ အက္ခရာ၊ ပုံစံ ၃-မှ ကူးယူဖော်ပြသည်)

ဖက် ဘာသာစကားစုများ (Austric Family) တွင် ကုန်းပိုင်း တောင်ဖက် ဘာသာ စကားစု (Austroasiatic Sub-Family) နှင့် ရေပိုင်း တောင်ဖက် ဘာသာစကားစု (Austronesian Sub-Family)ဟူ၍ နှစ်မျိုးတွင် ပါမောက္ခ ဗီအိုဗလင်ဒန်က အထူးသဖြင့် မလေးကျွန်းဆွယ်မှ စကဲ၊ ဆေမန်(နိဂရိတို)နှင့် ဇကုန်(မလေး)ဘာသာစကားတို့နှင့် အထက်က ဖေါ်ပြပြီးခဲ့သော ဘာသာစကားတို့ ဆက်သွယ်ခြင်းရှိပုံကို ဖေါ်ပြ ရေးသားဘူးပါသည်။ (ထို့ပြင် အများ သိကြသည့်အတိုင်း အဆိုပါ ဆရာကြီး၏ ဂုဏ်ကျေးဇူးကြောင့် ယခုအခါ ကျွန်တော်တို့ ရှေးမွန်ကျောက်စာများကို ဖတ်တတ်ခြင်း ဖြစ်ပါသည်။) မွန်-ခမေရ်ဟူ၍ အတွဲပြုလျက် ခေါ်ဝေါ်လေ့ရှိကြသော်လည်း ဘာသာစကားတူသဖြင့်သာ တွဲရသည်။ လူမျိုးအရ မဆက်စပ်ကြောင်း တွေ့ရပါသည်။ မလေးကျွန်းဆွယ်မြောက်ဖက်မှ မွန်ခမေရ်စကားလုံးများစွာ သုံးစွဲနေသော ဆေမန်တို့ကား နိဂရိတိုများ ဖြစ်၍၊ စကဲနှင့် အနီးအပါးလူစုကား တောင်ဖက်လူမျိုး(Australoid)များ ဖြစ်သည်။ သို့သော် မွန်နှင့် ခမေရ်လူမျိုးတို့ကား မွန်ဂိုလ်အနွယ်ဝင်များ ဖြစ်၍ ဝ၊ ပလောင်၊ ရိယန်တို့မှာ မွန်ဂိုလ်အနွယ်များသော်လည်း ဝ,တို့၌ တောင်ဖက်အမျိုး(Australoid)ရောနှောမည်ဟု သံသယရှိသည်။ အဆိုပါ ဘာသာစကားဆက်သွယ်သည့် အန်နမ်တောင်ရိုးမှ အိန္ဒိယအရောက် လူမျိုးတို့၏ စကားလုံးများကို ယူ၍ တိုက်ဆိုင်လေ့လာရာ၌ ဘာသာစကားပြန့်နှံ့ရာ လမ်းကြောင်းသည် အနောက်မှ အရှေ့သို့ မသွား၊ အရှေ့မှ အနောက်သို့သာ သွားသည်ကို တွေ့ရှိရသည်ဟု ပါမောက္ခ ဂျီ အိပ်ချ် လု့စ်က မိန့်ကြားဘူးပါသည်။ စကားလုံးတိုက်ဆိုင်ပုံမှာ အရှေ့ဖက်၌ ပို၍ အနောက်သို့ လျော့နည်းသွားသဖြင့် ဤသို့ မှတ်ချက်ချနိုင်ခြင်းဖြစ်ပါသည်။ အရှေ့မှ အနောက်သို့ မည်သို့သောနည်းဖြင့် ပြန့်နှံ့သွားနိုင်ပါသနည်း ဟူသော ပြဿနာကား ရာဇဝင်နည်းအရ အဖြေရှာရမည့်ပြဿနာ ဖြစ်ပါသည်။လူဦးရေတိုးသဖြင့် အနေချောင်လျှင် ယခုလောက် အနှံ့အပြားဖြစ်ရန် ခဲယဉ်းပါသည်။ယင်းသို့ လူစုခွဲ၍ ရေကြည်ရာ မြက်နုရာ ရှာကြသော အချိန်မှာ ခရစ်တော်မပေါ်မီ အနှစ်နှစ်ထောင်တွင်းက ဖြစ်မည်ထင်ရပါသည်။ ဤသို့ အလွန်ကျယ်ပြန့်သော မြေပြင်၌ အလွန်လျှင်မြန်စွာ ဖြန့်၍ သွားရောက်နေထိုင်ကြခြင်း၏ အကြောင်းရင်းမှာ စပါးစိုက်ပျိုးရေးသည် အဓိက အကြောင်းရင်းအဖြစ်ဖြင့် ပါဝင်သည်ဟု ပါမောက္ခလုစ်က ယူဆသည်။ စပါးစိုက်ပျိုးရေးဆိုရာ၌လည်း ပျိုးခင်းနှင့် ကောက်ကို ပျိုးပြီးမှ နှုတ်ယူ၍ တဆင့် ပြန်လျက် မိုးရေသောက်လယ်ကို အကြီးအကျယ် စိုက်ပျိုးခြင်းကို ဆိုလိုပါသည်။ ဤသို့ အကြီးအကျယ် စိုက်ပျိုးရန် မိုးကောင်းသော မြစ်ဝှမ်းမြစ်ဝရှိသမျှကို လျှင်လျှင်ထက်ထက် နေရာယူ၍ လယ်လုပ်ကြမည် ဖြစ်သောကြောင့် အလွန်ဝေးကွာသော အရပ်များသို့ ကာလအပိုင်းအခြား အနည်းငယ်အတွင်း ပေါက်ရောက်အောင် သွားကြရခြင်းဖြစ်သည်ဟု ဆိုလိုသည်။ ဤတွင် ဆက်စပ်၍ စဉ်းစားရန် အချက်များကား ယခုအခါ ကုလားရှေ့ တရုတ်ပါ ဆန်စားကြသော်လည်း အရိယန်တို့သည် အိန္ဒိယသို့ဝင်လာသော ၁၀၀၀-ဘီစီ၌ ဆန်ကို စားသည်ဟု မှတ်တမ်းမတွေ့ရချေ။ ဆန်ကို ၃၀၀-ဘီစီတွင်မှ ပါသျှအရောက်အနှံ့အပြားစိုက်သည်။ ထို့အတူ တရုတ်တို့လည်း ၆၀၀-ဘီစီခန့်တွင်မှ ယန်စီမြစ်ဝ၌ စတင်၍ ဆန်ကို စိုက်ပျိုးသည်ဟု သိရပါသည်။ သို့သော် မွန် ခမေရ်ဘာသာစကား ပြောသူတို့ကား ဆန်ကို ၂၀၀၀-ဘီစီထက် စောစောကပင် စိုက်ပျိုးနေပြီဟု ယုံကြည်စရာအကြောင်းများရှိ၍ မြေသြဇာကောင်းသော တောင်ကင်းလွင်ပြင်သည်ပင်လျှင် မိုးရေသောက်လယ် အကြီးအကျယ်စိုက်ပျိုးရာ မူလဒေသ ဖြစ်၏။ ထိုကမှ မဲခေါင်၊ မဲနမ်၊ ရေဝတီလွင်ပြင်များသို့ ထိုယဉ်ကျေးမှုကြီး ပြန့်နှံ့လာခဲ့သည်။

လယ်ကောင်းသဖြင့် စည်ပင်သာယာဝပြောကြမည်အမှန်ဖြစ်ရကား နယ်မြေကို လုယူလိုသူတို့ မှချပေါ်လာမည်ဖြစ်ပါသည်။ ထိုသို့ အလုခံရသောအခါ၌ ကမ္ဘောဇနှင့် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသ ငယ်ကဒလေးမှလွဲ၍ ကျန်နယ်မြေအားလုံးကို မွန်-ခမေရ်စကားပြောသူတို့ လက်လွှတ်ခဲ့ကြရ၏။ ပထမဆုံး ဒုက္ခတွေ့ကြရသည့် အရပ်ကား မိုးရေသောက်လယ်၏ ပင်မဒေသ ဘောင်ကင်းလွင်ပြင်၌ပင် ဖြစ်ပါသည်။ ထိုလွင်ပြင်ကို တောင်ပိုင်းဗီယက်အမျိုးတို့က လုယူလေလျှင် အခြား မြစ်ကြီးလွင်ပြင်များသို့ တိုးဝင်ရန် နေရာမကျန်သည့်အတူတူ လယ်စိုက်ပျိုးရေးပညာ မထွန်းကားသေးသော အိန္ဒိယသို့ မြစ်နီကို ဆန်တက်၍ ကုန်းလမ်းမှပင် ရှာဖွေကြိုးစားကာ သွားခဲ့ကြဟန် ရှိသည်။ တူးလေးနှင့် ဝါးချွန်ကိုင်သော ထိုသူများသည် ၎င်းလက်နက်တို့ကို အားကိုးလျက် ခရီးဝေး ထွက်ခဲ့ကြရ၏။ ယွန်နန်အောက်ပိုင်းမှ မြန်မာနိုင်ငံမြောက်ပိုင်းကို ကျော်၍ အာသမ်အရှေ့ပိုင်းသို့ ရောက်ရှိလျက် လယ်စိုက်ပျိုးခွင့်ရကြပြီးမှ တဖန် ရန်သူပေါ်ပြန်သဖြင့် ခါစီတောင်များဖက်သို့ ခိုဝင်ကြရပြန်၏။ အချို့လည်း ပဂဓနှင့် ဂင်္ဂါမြစ်ဝှမ်းတိုင် ပေါက်ရောက်လျက် လယ်စိုက်ပျိုးနေထိုင်ကြရာမှ အရိယန်တို့ပေါ်လာပြန်သဖြင့် တောင်ဖက် အလယ်ပိုင်းကုန်းပြင်မြင့်သို့ မောင်းထုတ်ခြင်းခံရသည် ဖြစ်မည်။ ဤနေရာတွင် မွန်-ခမေရ်ဘာသာစကားပြောသူတို့ ဒေသတခုမှ တခုသို့ ရွှေ့ပြောင်းခြင်းကား အေးချမ်းသာယာစွာ အလီလီရွှေ့ပြောင်းကြခြင်းဖြစ်၍ စစ်ချီ စစ်တက်ပုံမျိုး မဖြစ်နိုင်ချေ။

မြန်မာနိုင်ငံအောက်ပိုင်း၌ အစပထမတွင် မွန်တို့သည် နေရာအားလုံးကို သိမ်းပိုက်၍ မထားနိုင်ခဲ့ပါ။ ၎င်းတို့ထက် စော၍ရောက်နှင့်နေသော ဆေမန်နီဂရိုတို့နှင့် စကဲခေါ် တောင်ဖက်လူမျိုးတို့ရှိနေကြပါသည်။ ယင်းသို့ အပြိုင်ရှိနေရသည့်အတွင်း၌ မလေးလူမျိုးတို့ကလည်း ခရစ်နှစ်အစလောက်ရောက်လျှင် စုမတြတွင် အခြေစိုက်၍ အရှေ့အာရှတောင်ဖက်ကုန်းပိုင်း၌ တိုင်းပြည် တည်ထောင်ကြရာ၊ မြန်မာနိုင်ငံအောက်ပိုင်းသို့လည်း လာရောက်ကြလျက် ရှိနှင့်ပြီးသော နီဂရိုတို့နှင့် ပူးပေါင်း၍ မွန်နှင့် အားပြိုင်ကြသည်။ မြန်မာနိုင်ငံ ပင်လယ်ကမ်းခြေ၌ မလေး အမျိုးအနွယ်ဝင်တို့ လာရောက်၍ အခြေစိုက်ကာ မြို့ရွာနယ်ပယ် ထူထောင်သည်ဟု ယူဆရာ၏။ ဘာသာစကား ရောနှောခြင်းရှိသည်ကို သက်သေအဖြစ်ဖြင့် ပြနိုင်ပါသည်။ သို့သော် အထက်က ဖော်ပြပြီးသည့်အတိုင်း မွန်ကို မနိုင်သဖြင့် နီဂရိုရော မလေးပါ မြန်မာနိုင်ငံ အောက်ပိုင်းမှ ဆုတ်ခွါ၍ သွားကြရလေသည်။ ဤသို့အားဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဖြစ်သော ရာမညဒေသ၌ ဗုဒ္ဓသာသနာမထွန်းကားမီ အချိန်ကာလကြာမြင့်စွာကပင် ယဉ်ကျေးမှုထွန်းကားလျက် မွန်-ခမေရ် ဘာသာစကား ပြောသူတို့က အရှေ့မြောက် အိန္ဒိယကို မိုးရေသောက်လယ် အကြီးအကျယ် စိုက်ပျိုးနည်းပညာကို ပေးခဲ့၍ အရှေ့မြောက် အိန္ဒိယက ဗုဒ္ဓသာသနာကို ရရှိမည်ဟု ထင်မှတ်ဖွယ်ရှိကြောင်း ပါမောက္ခ လုံစ် ပြောဟောခဲ့ဘူးပါသည်။ အချုပ်အားဖြင့် မွန်သည် အရှေ့ဖက် ယနေ့ ထိုင်လင်းဟုခေါ်သော နေရာဒေသမှ ယနေ့ မြန်မာနိုင်ငံဟုခေါ်သော အနောက်သို့ ဝင်လာ၏။ မွန် ခမေရ် ဘာသာစကားပြောသူ နောက်တစုမှာ အရှေ့မှပင် အနောက်သို့ သွားသော်လည်း မြောက်ဖက်လမ်းမှလိုက်၍ အိန္ဒိယတိုင်အောင် ပေါက်ရောက်သည်။ ယခုဖော်ပြပါသဘောအယူအဆနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော အယူအဆတမျိုး ရှိပါသေးသည်။

ကာလကတ္တားတက္ကသိုလ်ဘာသာစကားနှင့် အသံထွက်ပညာ ပါမောက္ခအက်စ်ကေချက်တာဂျီ၏ အယူအဆကို တင်ပြလိုပါသည်။ တောင်ဖက်မျိုး၏ ပင်ရင်းအုပ်စု(PROTO-AUSTRALOID)၏ အခြေခံဒေသမှာ အရှေ့မြေထဲပင်လယ် (ပါလက်စတိုင်) ဖြစ်၏။ အိန္ဒိယသို့ ပေါက်ရောက်လာ

သောကြောင့် ယနေ့တိုင် ယင်းတို့မှ ဆင်းသက်လာသူများ အိန္ဒိယတွင်ရှိနေ၍ ယင်းတို့၏အမူအကျင့်နှင့် အယူအဆများစွာပင် အိန္ဒိယယဉ်ကျေးမှု၌ အထင်အရှားပါရှိနေသည်။ အဆိုပါ တောင်ဖက်မျိုး၏ ပင်ရင်းအုပ်စုမှ ဖြာထွက်သော အချို့အကိုင်းအခက်များသည် အိန္ဒိယကို ကျော်လွန်၍ ရှေးပဝေဏီက ပင်လျှင် ဩစထရေလီယားတိုင်အောင် ပေါက်ရောက်သွားကြပါသည်။ (အင်ဒိုနေရှ၊ မေလန်နေရှနှင့် ပိုလီနေရှ အပါအဝင်) ဩစထရေးနေရှတို့၏သွေး၌ တောင်ဖက်အမျိုး၏ ပင်ရင်းအုပ်စုသွေး များစွာပါ လျက်ရှိ၏။ အိန္ဒိယ၌လည်း ဟိန္ဒူဇာတ်နိမ့် အတန်းအစားတွင် ထိုသူတို့ အများအပြား ရှိနေပါသည်။ မေလန်နေရှနှင့်ပိုလီနေရှတို့သည်အရှေ့သို့ရောက်သွားပြီးမှတဖန်အနောက်သို့ပြန်၍ အိန္ဒိယကိုတခေါက် ပြန်၍ ရောက်ဟန်ရှိသည်ဟူ၍လည်း ခန့်မှန်းနိုင်ပါသည်။ ထိုသို့တခေါက်ပြန်ရောက်သူများနှင့် အိန္ဒိယ တွင် ရှိသူတို့ အလွယ်နှင့် ရောနှောနေနိုင်သဖြင့်သာ မေလန်နေရှတို့၏ အမူအကျင့်ဖြစ်သော သေသူကို စင်တင်၍ သင်္ဂြိုဟ်ခြင်း၊ အဖ သား မြေး အုပ်လိုက် တအိမ်တည်း နေခြင်း၊ လူခေါင်းဖြတ်ခြင်း၊ လောင်းလှေသုံးခြင်းတို့ အိန္ဒိယသို့ ရောက်ခဲ့ရပါသည်။ အိန္ဒိယတွင် အုံးသီးသုံးစားခြင်းနှင့် ဘောတွဲ သော လှေကို သုံးခြင်းကား ပိုလီနေရှတို့ထံမှ ရဟန်တူ၏။ တောင်ဖက်မျိုး၏ ပင်မအုပ်စု ကျေးဇူး ကြောင့် အိန္ဒိယယဉ်ကျေးမှုတွင် (၁) အိုးထိန်းစက်နှင့် အိုးလုပ်ခြင်း (၂) ဗူမာရင်းခေါ် တပတ် လည်တုတ်တိုနှင့်ပစ်ခြင်းနှင့် ပြောင်းမူတ်ခြင်း (၃) ရုပ်ထုတိုင် စိုက်ထူကိုးကွယ်ခြင်းတို့ ပေါ်လာရ၏။ အစတွင် ပေါက်ပြားနှင့် ပေါက်၍သော်၎င်း၊ စူးနှင့်ထိုး၍သော်၎င်း စပါးစိုက်မည် ဖြစ်သော်လည်း နောက်ဆုံး၌ ကန်သင်းကန့်၍ စပါးစိုက်ခြင်းကို ထိုသူများပင် အိန္ဒိယမြေပေါ်၌ စတင် တည်ထွင်မည် ထင်သည်။ သို့သော် အိန္ဒိယကို ကျော်လွန်၍ အရှေ့တောင်အာရှသို့ ရောက်ခါမှ ထိုစပါးစိုက်နည်း သစ်သည် ပို၍ စံနစ်တကျ တိုးတက်ဟန်ရှိ၏။ ယခုအခါ အိန္ဒိယ၌ ဩစထရစ်ဘာသာစကားကို ကောလ် သို့မဟုတ် မုဏ္ဍာနှင့်ခါစီတို့သာ ပြောတော့၏။ သို့သော် အိန္ဒိယဘာသာစကား များစွာ၌ ဩစထရစ် စကားလုံး အများအပြား ပါဝင်နေကြောင်း တွေ့ရသည်။ ထိုသို့ ဩစထရစ်စကားများမှ အရိယန် တို့က အငှါးယူငင်သော စကားလုံးတို့၌ ဆန်၊ ငှက်ပျော၊ အုန်း၊ ကွမ်း၊ ခရမ်း၊ ဖရုံ၊ သံပုရာ၊ သပြေ၊ ဝါ၊ လဲ ဟူသော အပင်တို့ကို၎င်း၊ ကြက်၊ ဒေါင်း၊ ဆင်၊ မြင်းပုတို့ကို၎င်း၊ မြှား၊ လိင်တိုင် (တုတ်တံ)တို့ကို၎င်း တွေ့ရပါသည်။ ဤအချက်ကိုထောက်၍ မည်သည့်အကောင်၊ အပင်နှင့် အကျင့် ကို ဩစထရစ်စကားပြောသူတို့ထံမှ အရိယန်တို့ရသည်ဟု ခန့်မှန်းနိုင်၏။ တနည်းအားဖြင့် ဩစထရစ် ဘာသာစကားပြောသော တောင်ဖက်မျိုး၏ ပင်မအုပ်စုထံမှ စပါးစိုက်နည်း၊ အချို့ အသီးအနှံစိုက် နည်း၊ သကြားချက်နည်း၊ ကွမ်းပင်သုံးနည်း၊ နှစ်ဆယ်ကို အခြေခံ၍ ရေတွက်နည်းတို့ကို၎င်း၊ ပူဇော် ပသခြင်းနှင့် အိမ်ထောင်ထိမ်းမြားခြင်းတို့၌ နနွင်းနှင့် ဟင်္သာပြဒါးသုံးခြင်း၊ ဘဝများစွာ ကူးခြင်းကို ယုံကြည်ခြင်းနှင့် ဇာတ်နိပါတ်များစွာကို အိန္ဒိယက ရလိုက်၏။ ဝါဖန်ခြင်း၊ ချည်ငင်ခြင်း၊ ချည်ထည် ရက်ခြင်းနှင့် ဆင်ကို ယဉ်ပါးအောင် မွေးမြူခြင်းမှာလည်း ထိုသူတို့ စတင် တည်ထွင်သော အတတ်များ ပင် ဖြစ်သည်။ စကြာဝဠာတည်ပုံနှင့်ကမ္ဘာမြေပြင်ကိုဖန်ဆင်းပုံနှင့်ဆိုင်သော အယူတို့မှာလည်း ထိုသူတို့ အယူပင် ဖြစ်သည်။ ပြက္ခဒိန်ကို တည်ထွင်ရာ၌ လကို စွဲ၍ တိထိကိုလိုက်ကာ စန္ဒြမာသ ပေါ်လာခြင်း သည်လည်း ထိုသူများ၏ လက်ရာဖြစ်၏။ ရှေ့ဖြစ် ဖတ်လိုသဖြင့် ကျောက်ချီခြင်းသည်လည်း ထိုသူတို့ အကျင့်ဖြစ်သည်။ ထိုမျှ အိန္ဒိယကို ကျေးဇူးပြုသူတို့သည် အိန္ဒိယမှတဆင့် အရှေ့သို့ ပေါက်ရောက် ပြန့်နှံ့သည်။ အိန္ဒိယ၌ နေရစ်သူလည်း များ၏။ အရိယန်က ထိုသူများကို နိရှာဒဟု ခေါ်သည်။ မြန်မာ

နိုင်ငံ၌တွေ့ရှိရသော ရှေးမွန် သားချော့သီချင်းသုံးပုဒ်၌ မွန်တို့က မိမိတို့နေရပ်ဟောင်းမှာ အိန္ဒိယ အရှေ့ကမ်းရိုးဖြစ်သော ကောရောမန္ဒေလ် ဖြစ်ကြောင်းပါရှိရာ ချက်တာဂျီ၏အယူကို ထောက်ခံလျက် ရှိပါသည်။

ချက်တာဂျီ၏သဘောမှာ ဩစတရစ်ဘာသာစကား ပြောသူများသည် အနောက်မှ အရှေ့သို့ ရွှေ့ပြောင်းလာ၍ အိန္ဒိယကိုကျော်လျက် ဩစထရေလီယားအထိသွားသည်ဟုဆို၏။ လုစ်ကအရှေ့မှ လာ၍ အနောက်သို့သွားရာလမ်းကြောင်းကို သတ်မှတ်ရာ၌ အလွန်ကွဲလွဲသည် မှန်သော်လည်း ထိုသူ တို့၏အမွေကို ဖေါ်ပြရာ၌ ပညာရှင်နှစ်ဦး တူညီကြပါသည်။ ဩစတရစ်ဘာသာစကား ပြောသူတို့ အိန္ဒိယနိုင်ငံတွင် မုဏ္ဍာနှင့် ခါစီဟူ၍ရှိသလို မြန်မာနိုင်ငံ၌ မွန်၊ပလောင်၊ဝ၊ရိယန်တို့ ရှိ၏။ ထိုသူတို့၏ အမွေကို မြန်မာယဉ်ကျေးမှုတွင် အများအပြား တွေ့နိုင်သည်ကိုကား ညင်းပယ်နိုင်စရာ အကြောင်း မရှိချေ။

မြန်မာနိုင်ငံတွင်း၌ မွန်တို့စတင်နေထိုင်မိလျှင် မြန်မာနိုင်ငံတွင်းရှိ အခြားအခြားသောလူမျိုး စုများအပေါ်၌ မွန်ယဉ်ကျေးမှုသည် မကြာမီ ပြန့်နှံ့၍ လာပါတော့သည်။ ဆိုခဲ့ပြီးသည့်အတိုင်း မွန်တို့သည် ဆန်ကို မိုးရေသောက်လယ်နှင့် အကြီးအကျယ်စိုက်ပျိုးနည်းကို ဝတ်ကျွမ်းသူများ ဖြစ် ရကား ဤပညာရပ်တွင် ဆရာများဖြစ်လာကြ၏။

အောက်မြန်မာနိုင်ငံ၌ ရက္ခတို့ကို နှိမ်နင်း၍ အခြေစိုက်နိုင်သည်မှာ ၂၀၀၀ ဘီစီခန့်ကပင် ဖြစ် သော်လည်း မွန်တို့သည် မြန်မာနိုင်ငံ၏ အရှေ့တောင်၌သာ အနေများပါသည်။ စင်စစ်အားဖြင့် လည်း ယခုယိုးဒယားနိုင်ငံကား မွန်တို့၏အချက်အခြာဒေသဖြစ်၏။ မွန်နိုင်ငံတော်ဖြစ်သော ဒွါရာ **ဝတီ**နှင့် မြို့တော်**လဝပုရ**(လောဗ္ဗုရီ)တို့သည် ခုနစ်ရာစု၌ တန်ခိုးအကြီးမားဆုံးအခါသို့ ရောက်ခဲ့ပါ သည်။ **လဝပုရ**မြို့တော်သည် မဲနန်မြစ်အောက်ပိုင်း၌ရှိ၍ နောင်အခါ ယိုးဒယားမြို့တော် အာယုဒ္ဓယ နှင့် များစွာမကွာလှပါ။ ၎င်းမှတဆင့် ယိုးဒယားမြောက်ဖက်၌ **ဟရိပုဉ္စ** (ယခု လန်းဖုန်) ကို တည် ထောင်ကြပြန်သည်ဟု အစဉ်အလာ ပြောမှတ်ကြ၏။

အဆိုပါ ခုနစ်ရာစု၌ မြန်မာနိုင်ငံတွင်း အခြေအနေကို အနည်းငယ်သုံးသပ်ရန် လိုပါသည်။ တိဗက်မြန်မာအနွယ်ဝင်တို့သည် မြန်မာနိုင်ငံတွင်းသို့ မြောက်ဖက်မှဝင်လာကြရာ၌ ခေါင်းဆောင်ရှေ့ ပြေးဖြစ်သောပျူသည် မွန်တို့နေရာ၏အနောက်ဖက်ဖြစ်သော ရောဝတီမြစ်ဝှမ်း၌ အခြေစိုက်မိ၍ မြစ်ဝ ကျွန်းပေါ်၏ ထိပ်ဖြစ်သော ပြည်မြို့အနီးအပါး၌ ဗိဿနိုးမြို့တော်ကြီးကို ခရစ်နှစ်လေးရာစုခန့်ကစ၍ တည်ဆောက်မိကြ၏။ ဝိကြမအမည်ခံ မင်းဆက်တွင် အမည်သိသောမင်းတို့၌ နောက်ဆုံးမင်းဖြစ်သော **သီဟဝိကြမ**သည် အေဒီ ၇၁၈ ခု၌ ပျံလွန်ခဲ့သည်။ ထိုနောက်၌ ပျူအင်အားစုပြိုကွဲလေရာ ကရင်လူမျိုး တို့၏ ရန်စစ်ကြောင့် ဖြစ်မည်ဟု တွေးတောကြံဆဖွယ်ရှိပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းမှ ပျူတို့ အထက်သို့ တက်ပြန်၍ ရွှေဘိုတောင်ဖက်အနီး ဟန်လင်း၌ဟုမှန်းဆရသောနေရာ၌မြို့တော်တည်ပြန်၏။ ထိုမြို့၏အေဒီ၈၀၀ ပြည့်လောက်ကအခြေအနေကို တရုတ်မှတ်တမ်းများ၌ရေးသားဖေါ်ပြပါရှိသည်ကို

တွေ့ရပါသည်။ ဤကာလအတွင်း၌ သျှမ်းအမျိုးစုမှနန်ကျောင်တို့ အနောက်ယွန်းနန်၌ တန်ခိုးကြီးစပြု၍ မြန်မာနိုင်ငံသာမက တရုတ်နှင့်တိဗက်နိုင်ငံများကိုလည်း ရံဖန်ရံခါ နှောက်ရှက်စပြုပါသည်။ အေဒီ ၈၃၂ တွင် နန်ကျောင်တို့က်ဖျက်သဖြင့် ပျူမြို့တော်ပျက်စီးသွား၍ အေဒီ ၈၃၅ တွင် အောက်မြန်မာနိုင်ငံရှိ မွန်မြို့များဟု မှန်းဆရသော မြို့နှစ်မြို့ကိုလည်း ဖျက်ဆီး၍ သွားပါသည်။ ဤနည်းဖြင့် ပျူအင်အားစုနှင့် မွန်အင်အားစုတို့ ဆုတ်ယုတ်ပျက်စီးချိန်တွင်မှ နောင်အခါ မြန်မာဟု ထင်ရှားလာမည့်လူမျိုးစုသည် မြန်မာနိုင်ငံတွင်းသို့ ဝင်မိသည်ဟုယူဆပါသည်။ မြန်မာတို့ကား တရုတ်ထန်မင်းဆက်နှင့်တိဗက်တို့၏ရန်ပွဲအကြားမှ ဖျက်ဆီးလုယက်ခြင်းမကြာခဏခံရသဖြင့် တောင်အရပ်သို့တိုးဝင်ခိုအောင်းသူများဖြစ်၍ လောလောဆယ်အားဖြင့်လည်း နန်ကျောင်တို့ ရက်စက်ခြင်းဘေးမှ လွတ်စေတော့ဟု မြန်မာနိုင်ငံမြေပြန့်အရပ်သို့ ဇွတ်ဝင်လာသူများဖြစ်၏။ သျှမ်းကုန်းပြင်မြင့်ကိုကျော်၍ နတ်ထိပ်တောင်ကြားလမ်းမှ ကျောက်ဆည်ခရိုင်၏ အရှေ့တောင်ထောင့်မှ ဝင်လာကြလျက် မူရင်းနေထိုင်မြဲ မွန်တို့ထံမှ ကျောက်ဆည်ဒေသကို လုယူသည်ဟု ဆိုရပေမည်။ မွန်တို့၏ အများစုသည် ယခုကဲ့သို့ မြန်မာရောက်သာသဖြင့် စမုန်စစ်တောင်းမြစ်ကြောင်းတလျှောက် တောင်ဖက်တို့ဆုတ်ခဲ့ကြဟန်တူပါသည်။ သို့သော် မွန်လူမျိုးစုအတန်ငယ်သည် ကျောက်ဆည်၏မြောက်ဖက်နှင့်အနောက်ဖက်၌ထီးထီးကျန်ရစ်ခဲ့၏။ ပုဂံခေတ်အလယ်သို့ ရောက်သည့်အခါတွင် ဤအစုမှ မွန်လူမျိုး မဟာထေရ်တဦးက ရှေးမွန်ဘာသာဖြင့် ကျောက်စာရေးထိုး၍ထားရစ်သည်ကိုတွေ့ရပါသည်။ ထိုကျောက်စာသည် ကျောက်ဆည်တောင်၏ အနောက်မြောက်ဖက်၌ ယခုတိုင် ထင်ရှားရှိနေပါသည်။ ကျောက်ဆည်၏ အနောက်မြောက်ဖြစ်သော မြစ်ငယ်နှင့် စမုံဆုံဆည်းရာ၌ရှိသော ခင်လှူ သို့မဟုတ် ခစူ အပါအဝင်တန်လိုင်ရွာမနှင့် မွန်ရွာများရှိနေကြောင်း မြန်မာကျောက်စာများအရ သိရှိရ၏။ ဤကျောက်ဆည် အရပ်၌ပင်ယဉ်ကျေးမှုအရာ၌ မြန်မာတို့က မွန်တို့ကို ဆရာတင်ကြရပါသည်။ မြန်မာတို့သည် ဗုဒ္ဓသာသနာကို ပျူတို့ထံမှ ဆက်ခံလိုက်နိုင်စရာ အကြောင်းရှိသော်လည်း ယခုမွန်တို့နှင့်အနေနည်းစပ်သဖြင့် မွန်တို့ထံမှ ပင်ရရှိသည်ဟု ယူလျှင်လည်း သင့်မြတ်သောအယူအဆဖြစ်သည်ဟုပင် ဆိုရပေမည်။ ထို့အတူ စာရေးနည်းပညာကိုလည်း ပျူထံမှငှင်း၊ မွန်ထံမှငှင်း ရနိုင်ပါ၏။ ရှေးမွန်လက်ရေးနှင့် ရှေးမြန်မာလက်ရေးပို၍ နည်းစပ်သည်ကိုကား မငြင်းနိုင်ပါ။ ထို့ကြောင့် နောင် အနှစ် နှစ်ရာ ကြာသည့်အခါတွင်မှ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးသို့ တိုင်အောင် မြန်မာတို့နယ်ချဲ့၍ နောက်ထပ် ယဉ်ကျေးမှု များစွာကိုရယူသည် မှန်သော်လည်း ယခုရှေ့ပိုင်းမှစ၍ ကျောက်ဆည် မွန်တို့ထံမှ ဗြဟ္မဏာဝါဒနှင့်ဗုဒ္ဓဝါဒကိုစတင်၍ရလေပြီဟုဆိုလိုပါသည်။ ရှေးမြန်မာတို့ဝေါဟာရတွင် အချို့သာသနာယုံကြည်မှုဆိုင်ရာဝေါဟာရများ၊ အုပ်ချုပ်မှုဆိုင်ရာဝေါဟာရများ၊ လက်မှုပညာဆိုင်ရာဝေါဟာရများကို မွန်တို့ထံမှ ရယူသည်ဟုသိရသဖြင့် ထိုယဉ်ကျေးမှုဆိုင်ရာတို့၌ မြန်မာတို့ဆရာကား မွန်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ကျောက်ဆည် တဆယ့်တစ်ခရိုန်မှ မြန်မာတို့သည် ပေါင်လောင်နှင့် ကရင်တို့လက်မှ မင်းဘူးခြောက်ခရိုန်ကို လုယူပြန်သည်။ ပြီးမှ ပျူနှင့်သက်တို့နေရာ မူးနှင့်ဧရာဝတီမြစ်တို့၏မြောက်ပိုင်းကိုဆန်တက်၍ တကောင်းအရောက် မြေနေရာကိုငှင်း၊ အနောက်အရပ်၌ ယောနှင့် ချင်းတွင်းကို ဆန်တက်၍ နောက်ဆုံး ရခိုင်အရောက် မြေနေရာကိုငှင်း၊ တောင်ဖက်တွင် ဧရာဝတီကိုစုန်၍ မိချောင်းရဲအောက် ကျွန်တော်ကျွန်းခေါ် ပြည်ထဝ်သာလွန်အထိ မြေနေရာကိုငှင်း၊ ချဲ့ထွင်၍ယူနိုင်ရန် အခြေခံ

မြို့တော်အဖြစ်ဖြင့် ရေဝတီမြစ်ကွေ့၌ ပုကံမြို့ကိုတည်ပါသည်။ ကျောက်ဆည်နှင့် မင်းဘူးမှ ထွက်သော မျိုးရိက္ခာမျှကို အားကိုး၍ မြန်မာသည် မည်သို့မျှ တန်ခိုးကြီးနိုင်ငံဘဝသို့ မရောက်နိုင်ချေ။ ထို့ကြောင့် ဆန်အမြောက်အမြားထွက်သော အောက်မြန်မာနိုင်ငံကို သိမ်းယူရန်သာ ရှိတော့သည်။

မြန်မာတို့တိုက်ယူရန် ရာထားလိုက်သော အောက်မြန်မာနိုင်ငံ၏ အခြေအနေကား အသို့ရှိပါသနည်း။ ခရစ်နှစ်ပေါ်ဦးမှစ၍ အောက်မြန်မာနိုင်ငံသည် တောင်ပိုင်း အိန္ဒိယနှင့် ကုန်သည်တို့၏ ကျေးဇူးကြောင့် အဆက်အသွယ်ရမြဲဖြစ်ရကား ပြဟ္မဏဝါဒရော ဗုဒ္ဓဝါဒပါ ရောက်ရှိလာခဲ့ပါသည်။ ဤတွင် အထက်က ဖေါ်ပြဘူးသည့်အတိုင်း ယဉ်ကျေးမှု၏ အခြေခံအရပ်ကား မြန်မာနိုင်ငံဖက်တွင် **သုဝဏ္ဏဘူမိ ခေါ် ကေလာသ** တောင်ခြေအရပ်ပင် ဖြစ်ပါသည်။ ဗုဒ္ဓဝါဒထက် အစတွင် ပြဟ္မဏဝါဒက ပို၍ထွန်းကားပါသည်။ ပြဟ္မဏဝါဒဆိုရာ၌လည်း သိဝကို ကိုးကွယ်သည်ထက် ဗိဿဏုိးကို ကိုးကွယ်သည်က ပို၍ထင်ရှားပါသည်။အန်နမ်ဒေသ စမ္ပာ၊ ဘော်နီယို၊ ကမ္ဘောဇနှင့် ဇဝ(ဂျာဗာ)တို့၌ သိဝကိုးကွယ်ခြင်း ထက်သန်ကြ၏။ပါဠိဗုဒ္ဓသာသနာကား ယိုးဒယားဖက်၌ မွန်တို့က ဒွါရာဝတီ၌၎င်း၊ မြန်မာနိုင်ငံဖက်၌ ပျူတို့က ဗြိက္ခေတြာ၌၎င်း စတင်အခြေခံ၍ ကြီးပွားလာပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းရှိ မွန်တို့တွင် ဝါဒရေးရာတိုက်ပွဲများ ဖြစ်လာပါသည်။ သထုံမှ ဂုပ္တ(ဂုပတာ)ခေတ်နှောင်းလက်ရာမျိုးဖြစ်သော ကြေးသွန်း **ဒီပင်္ကရာ** မတ်ရပ်ကိုယ်တော်တဆူကို ရဘူးသဖြင့် ဗုဒ္ဓဝါဒီတို့ ရှိမည်ဖြစ်သော်လည်း ပြဟ္မဏဝါဒဆိုင်ရာ ပစ္စည်းများစွာကို နောက်ပိုင်းဖြစ်သော တဆယ့်တစ်ရာစုလောက်မှစ၍ တွေ့ရှိရပါသည်။ ဗိဿဏုိးရော သိဝပါ နှစ်မျိုးစလုံးဆိုင်ရာ လက်ရာကောင်း ရုပ်ထုများကို တွေ့သည်။ မော်လမြိုင်အထက် မိုင်၃၀-ကွာရှိ ကော့ဂွန်းဂူ၌လည်း သိဝ၊ ဗိဿဏုိးနှင့် ဗုဒ္ဓရုပ်ထုများ ယှဉ်လျက်ရှိနေပြန်သည်။ ဗုဒ္ဓရုပ်တော်မှုတဆူ၌ တွေ့ရသော မွန်ကျောက်စာအရ မိဖုရားတပါး၏ ကိုယ်တော်တိုင် ထုလုပ်သော လက်ရာဟု သိရှိရသောကြောင့် အတွေး ကောင်းကောင်းဖြင့် ဆက်စပ်၍ ယူမည်ဆိုလျှင် မွန်တို့ များစွာ နှစ်သက်သော ဘဒြဒေဝီ ဖြစ်ကောင်း၏ဟု ထင်ပါသည်။ ကျောက်စာအရ ထိုမိဖုရားသည် ဒုအဲဝေါပ်တွင် နေသည်ဟုဆိုရာ ယခု ဖါးဂတ်၊ သို့မဟုတ် ဖါးအံ နေရာ၌ ရှိကောင်း ရှိမည်ဟု မှန်းဆနိုင်ပါသည်။ သထုံ၌လည်း ရွှေစာရံဘုရားအနီးအပါးမှ တွေ့ရသော ရှေးမွန်ကျောက်စာ၌ သိမ်ဆောက်ခြင်း၊ ညောင်စိုက်ခြင်း အကြောင်းများပါ၍ သိမ်နယ်မြေပိုင်းခြားသော ကျောက်တိုင်တို့၌ ဇာတ်တော်ဆိုင်ရာအရုပ်များ ထွင်းထုခြင်းတို့ကို တွေ့ရပါသည်။ အထက်က ဖေါ်ပြခဲ့ပြီးသည့်အတိုင်း သထုံ၏အနောက်မြောက် မိုင် ၃၀-ခန့်တွင်ရှိသော ပင်လယ်နှင့် **ကေလာသ** တောင်ရိုးတွေ့ထိရာ ဒေသ၌လည်း ထင်ရှားသော ကျောက်တလင်နှင့် ကျောက်တေ စေတီများရှိ၍ အေဒီ ၁၀၉၈-ခုတွင် ထီလိုင်မင်ကပြင်ဆင်စေခဲ့ကြောင်း ကျောက်စာရှိပါသည်။တောင်စွန်းမှ တောင်ဖက်သို့ ၆-မိုင်ကွာသော ဇုတ်သုတ်၌လည်း ကျောက်တလုံးတည်းမှ ထွင်းထုသော လေးမျက်နှာဘုရားများနှင့် ခန့်ညားပြေပြစ်သော ဂဝံကျောက်ရုပ်များကို တွေ့ရပြန်သည်။ တောင်ဖက် တမိုင်ခန့်တွင်လည်း ယခုတိုင် ၇-ပေခွဲမြင့်၍ ဂိုက် ၁၂၀-ခန့်ရှည်သေးသော အရှေ့ဖက်သို့ ထွက်ပေါက်ပြုသည့် ဂဝံကျောက်တံတိုင်းကြီးကို တွေ့ျလျက် ထိုတံတိုင်းကျောက်တို့၌ သုံးပေ ပတ်လည်ကွက်များတွင် အလွန်ထင်ရှားသော ရုပ်ပြားဖေါ်နည်းဖြင့် ထုလုပ်ထားသည့် အလွန်မာန်ပါသော ဆင်၊ ကျား၊ ခြသေ့များကို အံ့သြဘွယ် တွေ့နိုင်ပါသည်။ ဂဝံကျောက်ကို သုံးစွဲနည်း ပုကံမှ မြန်မာတို့ မတတ်ကျွမ်းချေ။ ထိုမှ

စစ်တောင်းကိုဖြတ်၍ အနောက်သို့လာလျှင် ပဂိုးသို့ ရောက်ပါသည်။ ဥဿီ၊ ဥဿာ၊ ဥဿာလဟု ရှေးက ခေါ်ဆိုကာမျှဖြင့် အိန္ဒိယအရှေ့ကမ်းခြေရှိ ဩရိဿမှ ကုလားတို့ မြို့ရွာတည်၍ နေခဲ့ဘူးသည်ဟူ၍ မဆိုသာချေ။ ပဂိုး ရှေးမြို့ဟောင်းရာ(ယခု ပဲခူးမြို့နှင့်မဆိုင်)ကို ကြည့်ရသဖြင့် စစ်တောင်းနှင့် ကပ်လျက် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ကြောင်း ထင်ရှား၏။ ထိုမြို့ကို အေဒီ ၈၂၅-ခုတွင် တည်သည်ဟု အချို့သော မွန်ရာဇဝင်တို့၌ ဆိုပါသည်။ဗုဒ္ဓသာသနာနှင့်အတူ ဗြဟ္မဏသာသနာ(သိဝကိုးကွယ်ခြင်း) လည်း ရှိဟန်တူ၏။ ဂဝံကျောက်နှင့် လေးထောင့်ဒရတွင်းများလည်း တွေ့ရ၏။ ပဂိုး၏ အရှေ့မြောက် မိုင် ၂၀-ကွာ၌ရှိသော ကြုံတူတွင် အလှဆုံးသော ရှေးပစ္စည်းများကို တွေ့နိုင်ပါသည်။ ၅-ပေမြင့်၍ ကိုက် ၈၀-စတုရန်းရှိသော အုတ်ခုံကြီးကိုပတ်၍ ထိပ်ပိုင်းတွင် ကဒံဗ လက်ရေးအမှတ်အသားများပါသော စဥ့်ကွင်းကြီးများကို တွေ့နိုင်ပါသည်။ အရုပ်များမှာ သာသနာရေးနှင့် မဆိုင်သော စစ်ထိုး၊ အမဲလိုက်၊ ကခုန်မြူးတူး သောက်စားဟန်များ ဖြစ်ပါသည်။ လူပုံသဏ္ဌာန်များကား လက်ကောက်၊ ပုတီး၊ နားတောင်းအစုံနှင့် ပုဆိုးခါးတောင်းကျိုက် ပါလျက် မွန်တို့နိုင်လိုက်သော ရက္ခလူမျိုးတို့ ဖြစ်လေမည်လောဟု တွေးထင်မှတ်ဖွယ်ရာ ရှိပါသည်။ အနောက်ဖက်သို့ ဆက်၍ ရှာဖွေလျှင် **တကုန်တလ** အထိ ရှေးမွန်လက်ရာများ ရှိနေပါသေးသည်။(**တလ** ဟူသည် ယခု တံတေးအနီးကို ဆိုလိုပါသည်။)

မွန်တို့အတွက် တဆယ့်တစ်ရာစုကား ကံခေသောအခါဟု ဆိုရပေမည်။ ယခုယိုးဒယားနိုင်ငံရှိ **ဒွါရဝတီ** ပျက်၍ **ဟရိပုဥ္စယ** ၌ ဘေးဒုက္ခများကို ရင်ဆိုင်လျက် ရှိရသည်။ မြန်မာနိုင်ငံ၌ သထုံပျက်၏။ မြန်မာမင်း **အနိရုဒ္ဓ** ၏ မြေပုံဘုရားများကိုကြည့်လျှင် မြန်မာတို့၌ ယဉ်ကျေးမှုကို ကောင်းနိုးရာရာ ရှာဖွေစူးစမ်းဆဲဖြစ်ကြောင်း သိသာပါသည်။ ရေးသည့်ဘာသာစကားမှာ ပါဠိနှင့် သက္ကတ ဖြစ်၍ လက်ရေးမှာ မြောက်အိန္ဒိယမှ နာဂရိ သို့မဟုတ် တောင်အိန္ဒိယပုံစံ မွန်ရေးနည်း ဖြစ်၏။ ထိုမြေပုံဘုရားများကို မြောက်ဖက်တွင် ကသာ၊ တကောင်းမှစ၍ တောင်ဖက်၌ ရန်ကုန်၊ တံတေးအထိ တွေ့ရသည်။ ယင်းမြေပုံဘုရားများကို ထောက်ထား၍ အနိရုဒ္ဓသည် ဗုဒ္ဓသာသနာကိုလည်း ပြု၏၊ စစ်လည်း တိုက်၏ဟူ၍ နှစ်စွန်းထွက်သော အမူအကျင့်ကို တွေ့ရပြန်သည်။ ထိုမင်း၏ စစ်များတွင် အများ ပြောဆိုမြဲဖြစ်သော အေဒီ ၁၀၅၆-သထုံ သိမ်းခဏ်းကိုကား ပုကံခေတ်အတွက် အားကိုးလောက်သည်ဟုမဆိုနိုင်သော အေဒီ ၁၄၈၀-ပြည့်တွင်ရေးထိုးသော ပဂိုးကလျာဏီသိမ်တော်ကျောက်စာတွင်မှ စတင်တွေ့ရှိရပါသည်။ ကလျာဏီကျောက်စာထက် တခုက အနည်းငယ်စော၍ တခုက အနည်းငယ် နောက်ကျသော ယိုးဒယားပြည် မြောက်ပိုင်းဆိုင်ရာ ပါဠိရာဇဝင်ကျမ်း နှစ်စောင်တွင်လည်း ထိုစစ်ပွဲအကြောင်းကို တွေ့ရဘူးပါသည်။ သို့သော် ထိုမှတ်တမ်းအားလုံး၌ အသေးစိတ်ဖေါ်ပြချက်ကား တဦးနှင့်တဦး မတူချေ။ ထို့ကြောင့် သထုံရွှေစာရံဘုရားမှ ခေတ်ပြိုင်ဟု ယူဆရသော ကျောက်စာသုံးတိုင်ကို အားကိုးရချေမည်။ ပထမတတိုင်ကား ဖတ်မရအောင် ချွတ်ယွင်းလျက် ရှိသော်လည်း စာကြောင်းရေ ၃၆-၌ ကြောမ်နှင့် ၄၂-၌ သံျတို့ကို တွေ့ရကား မြန်မာရာဇဝင်တို့၌ပါသော ကြွမ်း နှင့် သျှမ်း တို့ကို အမှတ်ရဘွယ် ရှိပါသည်။ ဒုတိယကျောက်ဟာ၌ စာကြောင်းရေ ၂၆-တွင် လဝအ်၊ ကြောမ်၊ ဇအ်ဗ(ဝ၊ ကြွမ်းနှင့် ဂျာဗာလူမျိုး)ဟူ၍လည်း ရေးသား ပါရှိသည်။ ဤတွင် ကြောမ် ဟူသည် ရှေးမွန်တို့ အခေါ်အားဖြင့် ကမ္ဘောဇတိုင်းသား ဖြစ်၏။ ဒုတိယကျောက်နှင့် တတိယကျောက် အောက်ပိုင်း ၇-ကြောင်းခန့်မှာ ထပ်တူထပ်မျှဖြစ်၍ မင်းဖြစ်သူ၏ ဘွဲ့အမည်

အရည်များကိုရှည်လျားစွာ ဖေါ်ပြရေးသားထားသည်။ ထိုမင်းကို အများဆန္ဒအရ ရွေးကောက်တင်မြှောက်သည်ဟုယူဆဖွယ်လည်း ရေးသားထားလျက် ကျောက်စာတတိုင်၌ ထိုမင်းကိုတြာပ်(အရှင်သခင်)ဟု ခေါ်မြဲဖြစ်သော်လည်း အခြားတတိုင်တွင် ပဏ္ဍိတ်(ပညာရှင်)ဟု ခေါ်ဝေါ်ပါသည်။ ကျောက်စာနှစ်တိုင်ပေါင်း၍ မင်း၏အမည်ကို ၆ ကြိမ်မျှဖေါ်ပြရာ မင်းများဥသျှောင် ဟု အနက်အဓိပ္ပါယ်ရသော မကုတ(မကုဋ)အမည်ကို တွေ့ရ၏။ ပဏ္ဍိတ် ကျောက်စာ၌ နှစ်ကျိတ်ရှစ်ဆူသော ဘုရားတို့အကြောင်းကို ဆက်လက်ရေးသားလျက် ဇာတ်ကြီးဆယ်ဘွဲ့အကြောင်းလည်း ပါသည်။ တြာပ်ကျောက်စာ၌ စာပေရေးနည်းအဆင့်အတန်းများစွာမြင့်၍ ကာရန်များပါသော အစပ်အဟပ်ကိုပင် တွေ့ရသဖြင့် ကျောက်ပျက်သဖြင့် ဖတ်ရန်မလွယ်သော အစိတ်အပိုင်းများပါနေသော်လည်း အချုပ်အားဖြင့် မကုဋမင်းက ငြိမ်းချမ်းသာယာသော ကာလ၌ လူအများကို ကောင်းမှု ပြုစေခြင်း၊ သံဃာတော်တို့ကို ထောက်ပံ့ခြင်းပြုစေလျက် စစ်ဖြစ်သောအခါ ကြိမ်လျှင်လည်း လေးမြား စွဲလျက် ရန်သူဟူသမျှ မကျန်ရအောင် နှိမ်နင်းသည်။ မြို့တော်ကိုလည်းကာကွယ်ရေးအတွက် မြို့ရိုးနှင့်ကျုံးကို စီရင်လျက် လူအများ လေးစားရိုသေကြောက်ရွံ့အောင် အစီရင်များ ပြုသည်ဟု ရေးသားထား၏။ မကုဋ၏ နှစ်ထပ်မြို့ရိုးနှင့် ကျုံးကိုရင်း၊ နန်းရာမြေ မြို့ရိုးနှင့်ကျုံးကိုရင်း သထုံတွင် ယခုတိုင် တွေ့နိုင်ပါသေးသည်။ မကုဋ ကို နှောင်းလူတို့ ဖတ်မှားသဖြင့် မနောဟ ဖြစ်ကာ မနုဟာ သို့ ရွေ့လျောခဲ့သည်ဟု ပါမောက္ခလုစ်က အယူရှိပါသည်။

သထုံကို အနိရုဒ္ဓ သိမ်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ကြံဆမိပါသည်။ ယခုထိုင်းလင်းခေါ်သောဒေသရှိ မွန်နိုင်ငံများတွင် ထိုအခါက ဒုက္ခအမျိုးမျိုး တွေ့လျက်ရှိရ၏။ မြောက်ဖက်၌ ဟရိပုဉ္စယကို ဗုဒ္ဓဝါဒီမဟုတ်သော ဝ၊ သို့မဟုတ် နန်ကျောင်တို့က နှိပ်စက်ညှဉ်းပန်းလျက်ရှိ၏။ ထိုနောက် ကာလဝမ်းရောဂါ ကျရောက်၏။ ထို့ကြောင့် မွန်အမြောက်အမြား ပဂိုးနှင့် သထုံတွင် ခိုဝင်လာကြသည်။ ထို့ပြင် ဗုဒ္ဓဝါဒ၌ သက်ဝင်ယုံကြည်ကြပြီးဖြစ်သော ဟရိပုဉ္စယ၊ လောမ္ဗူရိ နှင့် (မလေးအရှေ့မြောက်မှ)လိဂေါရ်တို့သည် အချင်းချင်းမညီမညွတ် စစ်ဖြစ်လျက်ရှိကြသည်။ လိဂေါရ် ဘုရင် ပထမ သူရဝရ်မန်သည် လောမ္ဗူရိကို သိမ်းယူလိုက်၏။ ပြီးမှ အထင်အားဖြင့် မွန်အားလုံးကို သိမ်းယူလိုသောဆန္ဒ နှိုးဆော်လျက် ကမ္ဗောဇသား ကြွေခမ်များသည် အောက်မြန်မာနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ပါတော့သည်။ မြန်မာနိုင်ငံရောက် မွန်တို့မှာလည်း အမျိုးသားစွဲဖြင့် မညီညွတ်မှု၍ ဒေသစွဲဖြင့် အပြိုင်ဖ ဆိုင်ပြုလျက်ရှိကြသည်။ သထုံနှင့် ပဂိုး မသင့်တင့်ဖြစ်ရသည့်အပေါ်တွင် ဗုဒ္ဓဝါဒီနှင့် ဗြဟ္မဏဝါဒီတို့ကလည်း အချင်းချင်း ရန်မူလျက်ရှိသည်။ ယင်းသို့ အတွင်းမီး၊ အပြင်မီးဖြင့် ပူပန်ချိန်မျိုးကိုရွေး၍အနိရုဒ္ဓက ဝင်ရောက်စွက်ဖက်ခြင်းဖြစ်၏။ သီဝနတ်မင်းကိုကိုးကွယ်သော ခမေရ်တို့ကိုစစ်ကျေညာခြင်းဖြင့် မွန်တို့၏ထောက်ခံမှုကိုရနိုင်၏။ ဤနည်းဖြင့်ပဂိုးကိုမဟာမိတ်ပြု၍ ရုတ်ချင်းသထုံကို တိုက်ခိုက်သိမ်းယူလိုက်ဟန်ရှိပါသည်။ ပြီးမှ မြိတ်တိုင်အောင် ဆက်လက်သိမ်းယူသည်။

အနိရုဒ္ဓ လွန်လျှင် ပုကံ၌ တိုင်းကားပြည်ရွာ ပျက်စီးနိုင်လောက်သည့် အခက်အခဲတခု ပေါ်ခဲ့သည်။ ရှေးမြန်မာတို့ပြုစုခဲ့သော ရာဇဝင်ကျမ်းတို့အရ ပဂိုးမှ ငရမန်ကန်း သူပုန်ထ၏။ မင်းလုလင်ပျက်စီးရ၏။ ထီလိုင်မင်သာ မကယ်လျှင် မြန်မာတို့ဆုံးပါးဖွယ်ရှိသည်။ ရန်သူတို့ကိုအောင်နိုင်လျက်

ထိုမင်းသည် အေဒီ ၁၀၇၄-၌ နန်းတက်၍ ၁၀၈၆-၌ ဘိသိက်ခံယူ၏။ ဤတွင် ပါမောက္ခလုစ် အလွန်နှစ်သက်သော အယူအဆတခုကို ထည့်သွင်းပြောဆိုသင့်သည်ဟု ထင်ပါသည်။ အောက်အရပ်က မွန်တို့ ပုန်ကန်ချိန်၌ ပုဂံရောက် မကုဋ္ဌနှင့် သားတော်တို့ကား သေပြီးဖြစ်ကြပါသည်။ မြေးဆိုသူက သူပုန်ထိုနှင့် မပူးပေါင်းသော်လည်း ပုပါတောင်သို့ ပုဂံမှ မင်းခမ်းတော်ဆိုင်ရာလျှော်တော်တို့ ယူဆောင်၍ ပြေးသည်။ ထိုမှ သီးခြားပုန်ကန်ရန် ကြံစည်ဟန်ရှိ၏။ သို့သော် ထိလိုင်မင်းက · မကုဋ္ဌမြစ်တော်နှင့် မိမိသမီးကို လက်ဆက်စေ၍ ယင်းတို့မှပေါက်ဖွားသော သားကို ထီးမွေပေးမည် ဟူသော ကတိဖြင့် သူပုန်အသစ်၏ရန်ကို ကောင်းစွာ တားမြစ်နိုင်ခဲ့သည်ဟု ထင်သည်။ ဤအယူအဆမှာ ထိလိုင်မင်း၏ ကျောက်စာများစွာလို လေ့လာပြီးမှ ထိုမင်းကား မွန်ကိုအရေးပေးသူဖြစ်၍ သမီးပေးတန်ရာ၏ဟု ဆက်လက်၍ တွေးယူရသော အတွေးမျှသာ ဖြစ်ပါသည်။

ထိလိုင်မင်း၏ အုပ်ချုပ်ရေးဝါဒကား မွန်-မြန်မာ ချစ်ကြည်စွာ အတူနေနိုင်ရေးဖြစ်၍ များစွာ အမြော်အမြင်ရှိလျက် အကျိုးထူးနိုင်သည့် မှန်ကန်သောလမ်းစဉ်လည်း ဖြစ်ပါသည်။ အနိရုဒ္ဓ ချဲ့ထွင်ခဲ့သော နိုင်ငံတော်ကို မပြိုမကွဲအောင် ထိန်းသိမ်းရာ၌သည်း ဤဝါဒဖြင့်သာလျှင် အောင်မြင်ဖွယ်ရှိပါသည်။ ထိုမင်းသက်ထက် ရေးထိုးသမျှသော ကျောက်စာတို့ကား မွန်ဘာသာဖြင့်သာ ရှိသည်မှာလည်း ထူးခြား မှတ်သားလောက်သော အချက်တခု ဖြစ်ပါသည်။ ထိုမင်းတည်ဆောက်ခဲ့သော ဂူဘုရားတို့သည်လည်း ထင်ရှားသော လက်ရာများဖြစ်ပါသည်။ မူလပုံစံအလိုအားဖြင့် ပျူတို့ဆောက်မြဲ ဂူမျိုးဖြစ်လျက် ရုပ်ပြားရုပ်လုံးဆေးရေး တန်ဆာဆင်ခြင်း၊ အတင့်အတယ်ပြုခြင်းတို့၌ မွန်တို့နည်းအတိုင်း ဖြစ်ပါသည်။ သာသနာရေးဝါဒတွင်လည်း ယခင် နတ်နဂါးကို ကိုးကွယ်သော ရိုးရာတွင် ထပ်လောင်းလျက် ပို၍ သိမ်မွေ့သော အယူအဆရှိသည့် အောက်မြန်မာနိုင်ငံမှ မွန်တို့ လက်ခံနိုင်အောင် နက်နဲသော ဗုဒ္ဓအဆုံးအမအထိ ကျယ်ပြန့်စွာပါဝင်သော ဝါဒဖြစ်ပါသည်။ ဤသို့ မွန်နှင့်မြန်မာကို နှိုင်းယှဉ်ရာ၌ ယဉ်ကျေးမှုအရာတွင် မွန်က မြန်မာထက် အနည်းဆုံး အနှစ်တထောင်စောသည်ကို သတိပြုစေလိုပါသည်။

အဆိုပါမင်း၏ စွမ်းဆောင်ချက်များကို အသေးစိတ် သိရသည်ကား ပါမောက္ခ ချားလ်စ် အောတိုဗလဂ်ဒန်၏ကျေးဇူးကြောင့် ဖြစ်ပါသည်။ ထိုဆရာကြီးက ထိလိုင်မင်း၏ မွန်ကျောက်စာ ၁၂ တိုင်မျှကို ဖတ်၍ အက်ပီဂရပ်ဖီယားဗမင်နိကား ခေါ် မြန်မာကျောက်စာပေါင်းချုပ် စာအုပ်များတွင် တည်းဖြတ်ပုံနှိပ်ခဲ့၏။ ရှေးမွန်နှင့် ယခုမွန် အလွန်ကွဲပြားကြောင်း အထူးပြောပြရန်လိုမည် မထင်ပါ။ ဆရာကြီးဖတ်၍မပြခဲ့လျှင် ယခုလောက် ရှေးမွန်အကြောင်းကို ကျွန်တော်တို့ သိရန် ခဲယဉ်းလှပါသည်။ ကြုံကြိုက်သဖြင့် ထည့်သွင်းပြောလိုသည်မှာ နောင်အခါ မြန်မာရာဇဝင်ကျမ်းတို့၌ ထိုမင်းကို အနိရုဒ္ဓ၏ သားတော်တဦးပင် ဖြစ်လေဟန် ရေးသားကြသော်လည်း ယခု မွန်ကျောက်စာတို့ အလိုအတိုင်းဆိုလျှင် အနိရုဒ္ဓနှင့် သက်ဆိုင်သည်ဟု ထင်စရာအကြောင်း မရှိချေ။ အေဒီ ၁၀၉၃-ခု ဂျွန်လ ၃-ရက်နေ့၌ ပြည်မြို့မှနေ၍ လူအများ သိရှိစေရန် ၎င်း၏ စွမ်းဆောင်ချက်များကို ကျောက်ထက် အက္ခရာတင်စေ၏။ ဤတွင် ဆန်းသည်ကား မြန်မာမင်းသည် ပျူဒေသမှနေ၍ မွန်ဘာသာစကားဖြင့် မိမိအတ္ထုပ္ပတ္တိကို ရေးစေခြင်းပင် ဖြစ်သည်။ ၁၀၉၈-တွင် မွန်တို့ဒေသ သုဓမ္မာဘူမိမှ ကျောက်တေနှင့် ကျောက်တလင်စေတီတို့ကို ပြုပြင်စေ၏။ တုရင်တောင်ခြေမှ မြကန်ကို တူးစေပြီးနောက် အလားတူ

ကျောက်စာတချပ် ရေးထိုးစေခဲ့၏။ ပုကံတွင် ၁၀၉၀-က ထိုမင်းတည်ထားသော ရွှေစည်းခုံ ဘုရား၌လည်း ကျောက်စာထားရစ်သည်။ ကျောက်စာတို့၌ပါသော စာသားကား စကားပြေဟု ဆိုရသော်လည်း ရေးနည်း ကဗျာဆန်လှသည်။ သထုံနှင့် လောမ္ဗုရိ၌ နစ်နာခဲ့လေသမျှ မွန်တို့သည် ပုကံပြည် **ထီလိုင်မင်** လက်ထက်၌ကြီးပွားသည်ဟု ဆိုရပေမည်။အေဒီ ၁၁၀၁-၂-နှစ်၌ နန်းတော်သစ်ကိုဆောက်ရာတွင် အလွန် စိတ်ဝင်စားဖွယ်ကောင်းသော ကျောက်စာတိုင်များ ထားရစ်သည်။ ထိုကျောက်စာအရ နန်းတော်တည်ရာ၌ ဗိဿဏုိးနတ်ကို ပသရခြင်း၊ နဂါးတို့ကို ရှိခိုးရခြင်း စသော ဗုဒ္ဓသာသနာနှင့် မည်သို့မျှ အကြုံးမဝင်သည့်အလေ့အလာများကို အထူးအသားပေးထားသည်ကို တွေ့ရသည့်အပြင် အရဟံမဟာထေရ်ပင်လျှင် ဗြဟ္မဏတို့ အသုံးအဆောင်ဖြစ်သော ခရုသင်းကိုကိုင်၍ ပရိတ်ရွတ်ကြောင်း တွေ့ရ၏။ပြည်ရွှေဆံတော်ကျောက်စာ၌ မင်းကြီး၏ကုသိုလ်တော်စာရင်းပါရှိရာ ထိုစာရင်းအရ **ထီလိုင်မင်**သည် ရွှေစည်းခုံကို တည်၏။ ဗုဒ္ဓဂယာမှ ဘုရားကျောင်းတို့ပြင်၏။ နိုင်ငံခြား မင်းသားတပါးကို ဗုဒ္ဓတရားတော်၌ တည်စေ၏။ သာသနာရေးနှင့် အုပ်ချုပ်ရေးတွဲ၍ လူအများအား နိုးကြားစေရန် ပွဲလမ်းသဘင် ကြီးစွာပြုလျက် တရားဓမ္မဟောခြင်း၊ အခွန်တော်အဆက်အသခံခြင်းကို ပြုစေ၏။ထိုမင်းနတ်ရွာလားအံ့သော အေဒီ ၁၁၁၃-ခုနှစ် အဖြစ်အပျက်ကလေးကား သနားစဖွယ် **ရာဇကုမာရ်**ကျောက်စာတွင် ပါဠိ၊ ပျူ၊ မွန်၊ မြန်မာ လေးဘာသာဖြင့် ရေးထိုး ကျန်ရှိပါသည်။ ဤတွင် မွန်-မြန်မာ ဆက်ဆံရေး ပြေပြစ်စေကြောင်းဖြင့် နိုင်ငံရေးအရ လိုအပ်သောကြောင့် အစစ အရာရာ အလိုက်သိလျက် လိမ်မာ၍ ချစ်စွာသော မိဖုရား **တိလောကဝဋံသိကာ**၏ သားလည်းဖြစ်သော **ရာဇကုမာရ်**ကို ထီးမွေမပေးခဲ့နိုင်ခြင်းမှာ မင်းကြီး၏စိတ်တော်၌ များစွာထိခိုက်မည်ဟု ထင်ရပါသည်။

မြေးဖြစ်သော ရှုယ်ကူဒါယကာခေါ် ပထမစည်သူမင်းကား ၁၀၈၉-ခုနှစ်ဖွားဖြစ်၍ ဘိုးတော်၏အရိုက်အရာကို ၁၁၁၃-ခုနှစ်တွင် ခံယူပါသည်။ နန်းသက်အလွန်ရှည်သူလည်း ဖြစ်ပါသည်။ထိုမင်းအုပ်စိုးချိန်ကို တနည်းအားဖြင့် ခေတ်ပြောင်းချိန်ဟု ခေါ်ရပါမည်။ ယခင် မင်းလက်ထက်က မွန်ယဉ်ကျေးမှုကို ထိပ်တန်းထား၍ အရေးတယူ ပြုခဲ့ကြောင်း သိရှိရပြီးနောက် ၁၁၇၄-ခုနှစ် မင်းဖြစ်သော ဒုတိယစည်သူ၏ လက်ထက်၌ မြန်မာသက်သက်ကိုသာ ထင်ရှားစေကြောင်း တွေ့ရသဖြင့် ယခုပထမစည်သူ၏ လက်ထက်သည် ပုကံယဉ်ကျေးမှု၏ ခေတ်ပြောင်းချိန်ဟု ဆိုရခြင်း ဖြစ်ပါသည်။ ဤကြားကာလမှာ ၁၁၁၃-မှ ၁၁၇၄-အထိ အနှစ်ခြောက်ဆယ်မျှ ရှိပါသည်။ ပထမစည်သူမင်းသည် မြန်မာဘာသာဖြင့် ကျောက်စာတတိုင်မျှမထားခဲ့ချေ။ ဘိုးတော်၏ ရွှေစည်းခုံကျောက်စာ၌ အောက်ခြေမှဆက်၍ မွန်ဘာသာဖြင့်ပင် လေးကြောင်းမျှ ရေးခဲ့၏။ ထိုမင်း၏ အထင်ရှားဆုံးသော ကျောက်စာကား ပါဠိဘာသာဖြင့်ရေး၍ သက္ကတဖြင့် ရက်စွဲပါသော အေဒီ ၁၀၃၁-ခု ရွှေကူကြီးကျောက်စာပင် ဖြစ်ပါသည်။

ရှေးမြန်မာတို့ကား မွန်တို့နှင့်စိတ်နေသဘောထားနှင့်တကွ ပြောရေးဆိုမှုတွင် အလွန်ကွာခြားကြ၏။ စကားပြေနှင့် ဖြစ်စေ၊ ကဗျာလင်္ကာနှင့် ဖြစ်စေ မွန်တို့၏ အရေးအသားကား အလွန်ယဉ်ကျေး၏။ ရှေးမြန်မာစကား ခန့်ပါ၏။ သို့သော် သိမ်မွေ့သော သဘောအယူအဆ ကင်းသည်ဟု ဆိုလိုပါသည်။ အဆောက်အအုံပြုရာ၌လည်း မွန်နှင့်မြန်မာ ခြားနားချက်တွေ့လျက် ရှိရပြန်သည်။

မြန်မာတို့၏ ဂူကျောင်းကား နှစ်ထပ် သုံးထပ် စသည်ဖြင့် အထပ်များစွာရှိ၍ အလင်းရောင် ကောင်းစွာရအောင် စီမံ၍ ထား၏။ မွန်တို့၏ ဂူကျောင်းကား တထပ်ချင်းဖြစ်၍ မှောင်လှသည်။ သို့သော် ပူပြင်းလှသော အညာနေကိုခိုရန် မှောင်သောဂူတွင်းသို့ဝင်လျှင် အတွင်းကျကျ၌ ကောင်းကင်ပေါက်မှ ကျသော နေရောင်ပျော့ပျော့တွင် ရုပ်ပွားတော်ကို ဖူးမျှော်ရသောအခါ၌ ငြိမ်းအေး သာယာ ကြည်ညိုခြင်း ပီတိကို ရစေနိုင်ပါသည်။ ထို့ပြင် မွန်ပုံစံ အဆောက်အအုံတို့၏ အတွင်းနံရံများ၌ ဆေးရေးပန်းချီကားများ ရှိမြဲဖြစ်၍ အပြင်၌ ဇာတ်တော်ပြ အစိမ်းရောင် စဉ့်ခွက်များ ကပ်ထားလေ့ရှိပါသည်။ မွန်လက်ရာ၏ အကောင်းဆုံး နမူနာကား မြင်းကဗာဂူပြောက်ကြီး၊ နဂရုံ၊ အဗယ်ရတနာ၊ အလိုပြည့်နှင့် ပထိုးသမြတ်တို့ ဖြစ်ပါသည်။ ထိလိုင်မင် နောက်ဆုံးတည်သော အာနန္ဒာဘုရား၌ နံရံဆေးရေး မရှိသော်လည်း စဉ့်ကွင်းအများ ရှိနေပါသည်။ စေတီတော် အပေါ်ပိုင်း၌ ဇာတ်ကြီးဆယ်ဘွဲ့ကို ပြသထား၍ အောက်ပိုင်း၌ အထူးထူးသော လူ နတ် တိရစ္ဆာန်တို့ ဘုရားပူဇော်ဟန်၊ ဘုရားပွင့်တော်မူစဉ်က အထွေထွေသော မာရ်နတ်စသည်တို့တိုက်ခိုက်လာဟန်ကို အံ့ဩဖွယ်တွေ့မြင်နိုင်ပါသည်။ ၁၁၆၅-ခုနှစ် တည်ထားသော ဇေယျတပ်သျှင်၏ ဓမ္မရံကြီးဘုရားကား မွန်ပုံစံဟု ယခု ခေါ်တွင်လျက်ရှိသော အတွင်းမှောင်သည့် ပုဂံခေတ်ဦးပုံစံအရ တည်ဆောက်သော ဘုရားများအနက် နောက်ဆုံးဘုရားဖြစ်ပါသည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံသို့ သိန်းခိုစစ်ရောက်၍ မင်းကျဆုံးလျက် ၉-နှစ်တိုင်တိုင် ပုဂံတွင် မင်းဆက်ပြတ်သွားရပါသည်။

ထူးဆန်းသည့် အချက်တခုအနေဖြင့် ဖေါ်ပြလိုသည်မှာ ပုဂံတွင် ဤသို့ မင်းဆက်ပြတ်၍ အတိဒုက္ခရောက်နေချိန်၌ မွန်တို့ဖက်မှ မင်းပြန်ဆက်၍ ထူထောင်ရေးသော်၎င်း၊ မွန်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာအရပ်ရပ် ပြန်လည်ထွန်းကားလာအောင် မည်သို့မျှ ဆောင်ရွက်သည်ကို၎င်း မတွေ့ရချေ။ ထို့ပြင် မြန်မာတို့မင်းဆက်ပြန်၍ပေါ်လာသည့် ၁၁၇၄ ခုမှစလျက် ပုဂံပျက်သည်အထိလည်း မွန်နှင့်မွန်ဆိုင်ရာကို အထူးနှိမ်နင်း နှိပ်ကွပ်သည်ဟု သက်သေခံ အထောက်အထားတစုံတရာ မတွေ့ရဘဲလျက် အနှစ်တရာမျှ မွန်ယဉ်ကျေးမှုတိမ်မြုပ်နေကာ ပုဂံပျက်လျှင် မွန်တို့ဝါရီရုကို ခေါင်းဆောင်မြှောက်၍ မုတ္တမမှ စတင်လျက် ကိုယ့်ထီးကိုယ့်နန်းဖြင့် သီးခြားပြည်ထောင် ဖြစ်လာသည့်တိုင်အောင်လည်း ပုဂံခေတ်ဦးက မွန်ယဉ်ကျေးမှုကြီးပွားစည်ပင်ပုံမျိုး ပြန်၍ကြီးပွားစည်ပင်ခြင်းကို မတွေ့ရတော့ချေ။ ထို့ပြင် တဆယ့်ငါးရာစု၌ အောက်မြန်မာနိုင်ငံတွင် ရာမာဓိပတိ ခေါင်းဆောင်၍ မွန်တို့ကြီးပွားပြန်သောအခါ၌လည်း ရှေးကနှင့် လုံးဝမတူတော့ချေ။ ရှေးမွန်ကား ဟရိပုဉ္စယ ၌ ဆက်လက်ကျန်ရှိနေပါသည်။ သို့သော် မောင်ဂိုလ်တို့ ရန်ကြောင့် ၁၂၅၂ ခုတွင် နန်ကျောင်မြို့တော် တလိ ပျက်လျှင် ထိုလူမျိုးတို့ တောင်ဖက်သို့ ပြိုဆင်းလျက် ၎င်းတို့ ဖျက်ဆီးသဖြင့် ဟရိပုဉ္စယ လည်း ပျက်ရသည်။ တဆယ့်သုံးရာစု ဟရိပုဉ္စယ ပျက်သည်နှင့်အတူ ရှေးမွန်လည်း ပျောက်ပျက်၍ သွားရချေသည်။

နိဂုံးချုပ်အားဖြင့် ခေတ်ဦးမွန် အကြောင်းကိုပြောရန် ရှေးဟောင်းသုတေသနနှင့် ဘာသာစကားတိုက်ဆိုင်လေ့လာခြင်းကို အားကိုး၍ ပြောရပါသည်။ ယင်းနှစ်မျိုးစလုံးတွင်လည်း အလေ့အလာနုသေးသဖြင့် ယခုပြောသမျှမှန်လှပြီဟု ရဲရဲမဆိုဝံ့ချေ။ ထို့ပြင် မွန်သည် ဩစထရစ်ဘာသာစကားပြောသူတို့ အဝင်အပါဖြစ်ကြောင်းကို ပညာရှင်အားလုံး လက်ခံကြသော်လည်း ထိုဩစထရစ်

ဘာသာစကားပြောသူတို့ အနောက်မှဝင်လာကြပါသလော၊ သို့တည်းမဟုတ် အရှေ့မှ ဝင်လာကြပါသလောဟု မေးလျှင် အမျိုးမျိုးဖြေလျက် ရှိကြ၏။ သို့သော် မြန်မာနိုင်ငံတွင်း၌ နေထိုင်ကြပြီးသည့်နောက် မွန်တို့မြို့ရွာနိုင်ငံတည်ထောင်ကြီးပွားခဲ့သဖြင့် နောက်မှ မြန်မာနိုင်ငံတွင်းသို့ရောက်လာသော မြန်မာက ယဉ်ကျေးမှု အရာတွင် မွန်ကို ဆရာတင်ခဲ့ရပါသည်။ ရာဇဝင်ကြောင်းကို ပြောရလျှင် အောက်မြန်မာနိုင်ငံကို မွန်က ရက္ခမျိုးတို့ထံမှ ၂၀၀-ဘီစီခန့်က စ၍ လုယူခဲ့ပါသည်။ နောင်အခါ သာသနာယုံကြည်မှု ကွဲပြားသဖြင့် အချင်းချင်း မညီညွတ်သည်ကတကြောင်း၊ ရှေးဦး မွန်တို့တွင် အမျိုးသားစိတ်ထက် ဒေသစိတ်က ပို၍ ပြင်းထန်သဖြင့် မြို့ရွာအချင်းချင်း ပြိုင်ဆိုင်ကြသဖြင့်၎င်း၊ ခမေရ်တို့ဝင်ရောက်နှောက်ယှက်သဖြင့်၎င်း၊ မြန်မာက ဖိစီးသဖြင့်၎င်း တဆယ့်တစ်ရာစုတွင် မွန် သီးခြားနိုင်ငံများ မြန်မာ့လက်အောက်သို့ ရောက်ခဲ့ရသည်။ မြန်မာမင်းတို့အနက် ထီးလှိုင်မင်း သည် မွန်မြန်မာချစ်ကြည်ရေးကို အထူးအားထုတ်သဖြင့် မွန်နှင့်မြန်မာ သင့်တင့်ညီညွတ်ကြောင်း တွေ့ခဲ့ရပါသည်။ ပုဂံခေတ်တလျှောက်တွင် မွန်ကို မြန်မာက တန်းတူ အခွင့်အရေးပေး၍ ဆက်ဆံခဲ့ပါသည်။ ပုဂံပျက်လျှင် မွန်တို့ လွတ်လပ်ရေးရလျက် ပြန်လည်ထူထောင်ကြောင်း တွေ့ရပါသည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


CHATTERJI, S, K.: "Race-Movements and Prehistoric Culture", *The Vedic Age, History and Culture of the Indian People*, I, London, George Allen & Unwin Ltd., 1952, 2nd Impression, pp. 141-68

LUCE, G. H.: "Mons of the Pagan Dynasty", *JBRS*, XXXVI, i, 1-19

———— "Note on the People of Burma in the 12th-13th Century A. D." *JBRS*, XLII, i, 52-74


မော်လမြိုင် တောင်ပေါက်ဆရာတော်၊ ဗုဒ္ဓသာသနိက ပဋ္ဌဝင်ကျမ်းကြီး၊ ရန်ကုန်၊ သုဓမ္မဝတီ ပုံနှိပ်တိုက်၊ ၁၉၅၀၊ စာမျက်နှာ ၂၅၉-၆၄

မြ။ ရှေးဟောင်းမြန်မာအကွဲ့ရာစာတမ်း(ပဏာမအခန်း)ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၁

# စာရေးနည်းပညာ

ပျူကျောက်စာအချို့မှာ လေးရာစုက ရေးထိုးဟန်ရှိသည်၊ မွန်ကျောက်စာအချို့ကို ခြောက်ရာစုက ရေးထိုးခြင်းဖြစ်မည်၊ ရခိုင်မှ ကျောက်စာအချို့သည် ခြောက်ရာစုအရေးအသားဖြစ်ရာ၏ဟု ရေးနည်း ရေးဟန်အက္ခရာအနေအထားကိုကြည့်၍ အိန္ဒိယပုရာလေခ(PALAEOGRAPHY)တတ်ကျွမ်းသူများက ဆိုကြောင်း အထက်က ဆိုင်ရာအခန်းတို့၌ ရေးခဲ့ပြီ။ မြန်မာနိုင်ငံ၌ ပေါ်ထွန်းလာသော စာရေးနည်းမှာ စင်စစ်အားဖြင့် အိန္ဒိယတွင် မြစ်ဖျားခံသောကြောင့် အိန္ဒိယအက္ခရာ၏ ရာဇဝင်အကျဉ်းချုပ်နှင့်တကွ မြန်မာနိုင်ငံသို့ ပေါက်ရောက်ဆက်သွယ်လာပုံကို ယခုဖော်ပြလိုပါသည်။

အိန္ဒိယတွင် ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ပြီးမှ ကျန်ရစ်သော ဓါတ်တော်အချို့ကို ထည့်သည့်အိုး၌ စာတွေ့ဘူး၏။ ထိုအိုးကို ပိပြဝအိုးဟု ခေါ်စမှတ်ပြုကြသည်။ ထိုအိုးစာကို ခရစ်မပေါ်မီ လေးရာစုက ဖြစ်မည်ဟု မှတ်ယူကြ၏။ ထိုပိပြဝအိုးစာမျိုးမှ ယနေ့ မြန်မာနိုင်ငံသုံးအက္ခရာ ဆင်းသက်လာပါသည်။ ထိုအိုးစာမျိုးကို ဗြာဟ္မီအက္ခရာဟု ခေါ်ကြ၏။ စင်စစ် ဗြာဟ္မီအရေးအသားသည် ခရစ်မပေါ်မီ ရှစ်ရာစုခန့်ကပင် ရှိသည်ဟု အချို့ဆရာများက မှတ်ယူလျက် ရှိပါသည်။ ငါးရာ့ငါးဆယ်ဇာတ်တော်များတွင် အသဒိသဇာတ်(၁၈၁)၊ကဋ္ဌာဟကဇာတ်(၁၂၅)၊ကာမဇာတ်(၄၆၇)နှင့်ပဏ္ဏနဒီဇာတ်(၂၁၄)စသည်တို့၌ စာရေးသားခြင်းအကြောင်းပါသည်ကိုထောက်၍ မည်သည့်စာမျိုး ဖြစ်သည်ဟု မပြောနိုင်သော်သည်း ရှေးရှေးကပင် စာရေးနည်း တမျိုးမျိုး ရှိခဲ့ကြောင်း ထင်ရှား၏။ ဗုဒ္ဓရဟန်းတို့လိုက်နာရမည့် ဝိနည်းတော်(သံဃာဒိသေသ ၁၃)၌ ရဟန်းတို့ အက္ခရာဝှက် ကစားနည်း(အက္ခရိကာယ ကီဠန္တိ)မကစားရဟု တားမြစ်ခြင်းရှိသည်ကိုလည်း သတိပြုရာ၏။ဤအချက်များသည် ဗုဒ္ဓမပေါ်မီနှင့် ပေါ်ဆဲအခါများကပင် စာရေးနည်းတမျိုးမျိုးရှိကြောင်း ရည်ညွှန်းလျက်ရှိပါသည်။ သို့သော် အထက်က ဖော်ပြပြီးသည့်အတိုင်း ဂေါတမဗုဒ္ဓလွန်ပြီးနောက် ဓါတ်တော်ထည့်သည့် ပိပြဝအိုးတွင် စာတွေ့နိုင်၍ ထိုစာမျိုးရေးသည့်ကာလမှာ လေးရာစုဖြစ်သည်ဟု ဆုံးဖြတ်ထားကြပါသည်။ ထိုမှ ဆင်းသက်၍ မောရိယမင်းဆက်၏ သုံးရာစုဘီစီတွင် ကျော်ကြားသော အာသောကမင်းကြီးက ထိုစာမျိုးနှင့်ပင် ကျောက်စာအများထားရစ်ပါသည်။ ယင်းနောက် အိန္ဒိယမြောက်ပိုင်း ရေးနည်းနှင့် အိန္ဒိယတောင်ပိုင်း ရေးနည်းဟူ၍ နှစ်မျိုး ကွဲပြားသွား၏။ မြောက်ပိုင်းတွင် ဂုပ္တ၊ ကုဋိလ၊ နာဂရီ၊ သျှရဒါနှင့် ဗင်္ဂါလီဟူ၍ စာရေးနည်းမျိုးကွဲများရှိသလို တောင်ပိုင်းတွင်လည်း ပစ္ဆိမီ၊ မဓျပြဒေသျှ၊ တေလုဂု၊ ကနရီ၊ ဂြန္ထ၊ ကလိင်္ဂ၊ သာမိဠနှင့် ဝဋ္ဋေဠုတ္တ ဟူ၍ ကွဲပြားပါသည်။ တနည်းအားဖြင့် ၈-ရာစုဘီစီမှ အေဒီ ၄-ရာစုအထိ စာရေးနည်း ကွဲပြားဆင်းသက်ပုံကို အောက် ပုံစံနှင့် ဖော်ပြလိုက်ပါသည်။




မူရင်းဗြာဟ္မီရေးနည်းမှတဆင့် ပွားများလာသော ဂုပ္တရေးနည်းသည် မြောက်ပိုင်းအိန္ဒိယနှင့် ဆိုင်၍ ယင်းမှတဆင့် နာဂရီအရေးအသားဖြစ်ထွန်း၏။ ကဒံဗနှင့်ပလ္လဝတို့ကား တောင်ပိုင်းအိန္ဒိယနှင့် ဆိုင်၍ ယင်းတို့မှ ကာနာရီ၊ တေလုဂု၊ ဂြန္ထ၊ တမေလ် စသော အရေးအသားများ ဖြစ်ထွန်းသည်။ ယင်းသို့ ထပ်ဆင့်ပွားများခြင်းကား ၆-ရာစု၊ ၇-ရာစုပိုင်းကဖြစ်၍ ၈-ရာစုသို့ ရောက်လျှင် ကွဲပြားပုံ အလွန်ဆန်းကြယ်လာကြသဖြင့် "ဖိုးတူ ဖတူ"စာရေးနည်းများ ဖြစ်ကြသည်ဟု မမှတ်မိနိုင်လောက် အောင်ပင် ကွဲပြားလာကြ၏။ မြန်မာနိုင်ငံသို့ စာရေးနည်းရောက်သည်မှာ ပုရာလေခပညာအရ လေးရာစုဟု ခန့်မှန်းရသဖြင့် အသတ် အငင် ရေးနည်းတွင် များစွာ မဆန်းပြားသေးချေ။ မြောက်ပိုင်း အိန္ဒိယအက္ခရာရေးနည်း အပါအဝင် ဂုပ္တနှင့်နာဂရီကို ရခိုင်ကျောက်စာနှင့်တဆယ့်နှစ်ရာစုအထိ မြန်မာနိုင်ငံ အနှံ့အပြား၌တွေ့ရသော မြေပုံဘုရားများတွင် တွေ့နိုင်ပါသည်။ သို့သော် အခြား ကျောက်စာများစွာကား လေးရာစု တောင်ပိုင်း အိန္ဒိယ အရေးအသားနှင့် ဖြစ်သောကြောင့် မြန်မာနိုင်ငံသုံး အက္ခရာများမှာ တောင်ပိုင်းအိန္ဒိယ၏ လေးရာစု ရေးနည်းများမှ ဆင်းသက်သည်ဟု အချုပ်အားဖြင့် မှတ်ယူရပါမည်။ ရန်ကုန်မြို့ ယဉ်ကျေးမှုဗိမာန်ညွှန်ကြားရေးဝန်ဟောင်း ဦးသာမြတ်ကရင်း၊ မန္တလေး ရှေးဟောင်း သုတေသနဌာန အထူးအရာရှိ ဦးမြကရင်း၊ မြန်မာနိုင်ငံရောက် အက္ခရာပုံစံ ရွေ့လျော ပြောင်းလဲပုံကို သိသာထင်ရှားအောင် ဇယားနှင့် ရှင်းလင်းပြသကြပါသည်။ ဦးသာမြတ်၏ ဇယားများမှ ကောက်နုတ်၍ အောက်တွင် အက္ခရာပြောင်းလဲလာပုံကို ဖော်ပြလိုက်ပါသည်။ ဗြာဟ္မီ၊ ကဒံဗ၊ ပျူ၊ ရှေးနှင့် ယခုမြန်မာဟူ၍ ငါးမျိုးပါရှိ၏။



★ သာလင်္ကာယနရေးနည်း

ပျူတို့ရကြလျက် မွန်နှင့် ရခိုင်တို့က ခြောက်ရာစုတွင် ရနေပြီးဖြစ်လျက် နောင်အခါ မြန်မာတို့က ပျူ၊ မွန်၊ နှစ်ဦးလုံးထံမှ နည်းမှီးလျက် တဆယ့်တစ်ရာစုတွင် ထိုပညာကို ရကြသည်ဟု မှတ်ယူနိုင်သည်။ ပျူတို့သည် ကဒံဗရေးနည်းကို တတ်၍ မွန်တို့က ပလ္လဝရေးနည်းကို ယူလျက် မြန်မာက မွန်နည်းကိုလိုက်၏ဟူသော အချို့ဆရာတို့၏အယူအဆမှာ ပြင်းထန်လွန်းသည်ဟု ထင်သည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


မြ၊ ရှေးဟောင်းမြန်မာအက္ခရာစာတမ်း(ပဏာမခန်း)၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၁

သာမြတ်၊ မွန်-မြန်မာအက္ခရာသမိုင်း၊ ရန်ကုန်၊ ၁၉၅၅-၆


BUHLER, G.: *Indiaı Palaeography* New Delhi Indian Studies Past and Present 1959 R:print

OJHA, G. H.: *The Palaeography of India* (in Hindi) Delhi M. R. Manohar Lal 1959 3rd Edition


SIVARAMAMURTI, C.: *Indian Epigraphy and South Indian Scripts* Bulletin of the Madras Government Museum, New Series General Scetion, III, iv, Madras Government Printing 1952

# မြန်မာအစ


**ဘာသာစကား**ဆင်တူသဖြင့် တိဗက်မြန်မာအမျိုးဟု ပညာရှင်တို့ ခေါ်သည့်သူများ ရှေးက နေခဲ့ဘူးသောအရပ်သည် တရုတ်၏အနောက်မြောက်နှင့်တိဗက်၏အရှေ့မြောက်တွင်ရှိသော ကန်စုနယ် ယခုမြို့တော်လန်ကျောင်၏တောင်ဖက်၌မိုင် ၅၀ ခန့်ရှည်လျားသော ထောင်မြစ်ဝှမ်းဖြစ်ရာ၏ဟု မှန်းဆကြပါသည်။ ထိုအရပ်တွင် နေခဲ့ဘူးသူများသည် ခရစ်မပေါ်မီ အနှစ် ၂၀၀၀ ခန့်ကပင် ကျောက်ခေတ်နှောင်းယဉ်ကျေးမှုမလေ့ အဆင့်အတန်းရှိသည်ဟု ရှေးဟောင်းသုတေသနအရ သိရ၏။ ထိုသူများသုံးစွဲသော အိုးတို့တွင် အပြောက်အမွန်းဖေါ်ပုံမှာ အထူးလှပကောင်းမွန်သဖြင့် ခေတ်ပြိုင်ချင်းရှဉ်လျှင် ယင်းတို့ကို သာသူမရှိနိုင်ပါ။ ထိုကြောင့် အိုးအချို့ပုံစံကို အောက်တွင်ဖေါ်ပြလိုက်ပါသည်။



စစ်တုရင်ကွက်အိုး
( ဂျေဂျီအင်ဒါဆင်၊ မြေဝါသား၊ ပုံ ၁၂၄ )



ဘူးခါးရှစ်လုံးကွက်အိုး
(မြေဝါသား၊ ဓါတ်ပုံ ၃၁၊ ပုံ ၁)



ဘဲဥကွက်အိုး
(မြေဝါသား၊ ဓါတ်ပုံ ၃၀၊ ပုံ ၂)



မှန်ကူခြောက်ကွက်အိုး
(မြေဝါသား၊ ဓါတ်ပုံ ၃၂၊ ပုံ ၁)



ငွေလိမ်လေးကွက်အိုး
(မြေဝါသား၊ ဓါတ်ပုံ ၃၂၊ ပုံ ၂)

ထိုအိုးများမှာ ယခုပိအင်ကျာကော( Pien Chia Kou ) အရပ်မှ သင်္ချိုင်းတခုကို တူးဖေါ်ရာမှ ထွက်လာသော အိုးများဖြစ်၏။ ထို့ကြောင့် အဆိုပါ ပိအင်ကျာကော သင်္ချိုင်းကိုလည်း အောက်တွင် တပါတည်းဖေါ်ပြလိုက်ပါသည်။ တရုတ်မှတ်တမ်းတို့၌ နှစ်ထောင်ဘီစီခန့်ကစ၍ တရုတ်တို့ နေထိုင်သည့် နေရာ၏ အနောက်ဖက်တွင် နေသူတို့ကို ချီအန် ဟုခေါ်သဖြင့် ယခု တိဗက်မြန်မာ အနွယ်ဟု ခေါ်သူတို့မှာ အဆိုပါ ချီအန် ပင် ဖြစ်ရာ၏ဟု ဆက်လက်၍ ပညာရှင်များ ယူဆသည်။ ထိုချီအန် တို့ကား သိုးထိန်း၊ ဆိတ်ထိန်းများ ဖြစ်၏။ တရုတ်ကား ကျွဲ၊ နွားနှင့် ဝက်ကို မွေးသူများဖြစ်၏။ သိုးစားကျက်တွင် နွားမွေးမရနိုင်ရကား သိုးထိန်းနှင့်နွားထိန်းတို့ ရန်ဖြစ်မြဲတည်း။ တရုတ်က ချီအန်ကို ထာဝစဉ် သွားရောက်တိုက်ခိုက်၍ ဖမ်းမိသော ချီအန်အများကိုပင် သတ်ကာ ယဇ်ပူဇော်သည်ဟုဆိုပါသည်။ ထို့ကြောင့် ချီအန်တို့သည် ကန်စုနယ်၏ အနောက်ဖက်သို့ တိမ်းရှောင်သွားကြလျက် တိဗက်အရှေ့မြောက်ရှိ မြစ်ဝါ၏ မြစ်ဖျားခံရာအရပ်နှင့် ကိုကိုနော်တွင် နေခဲ့ကြ၏။ တထောင်ဘီစီကာလ၊ ချင်မင်းဆက် လက်ထက်တွင် တရုတ်တို့က လာရောက် နှောက်ရှက်နေပြန်သဖြင့် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်လျက် တောင်အရပ်သို့ ရွှေ့ပြောင်းလာခဲ့ကြရပြန်သည်။ နှစ်ကာလအားဖြင့် ရာပေါင်းများစွာကြာပြီးခါမှ ထိုသူတို့ တိဗက်နှင့် မြန်မာနယ်များ၌ ရောက်ရှိနေကြောင်းတွေ့ရပါတော့သည်။ နေရာအရပ်ကိုလိုက်၍ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်လည်း ပြောင်းရချေမည်။ သိုးထိန်းဘဝမှ နွားထိန်း၊မြင်းထိန်းဘဝသို့လည်း ပြောင်းလဲလာနိုင်ပါသည်။ အအေးပိုင်းမှ



**တိဗက်မြန်မာအနွယ်ဝင်တဦး၏သင်္ချိုင်း**
(မြေဝါသား၊ ဓာတ်ပုံ ၃၀)

အပူပိုင်းအစပ်သို့ ဆင်းခဲ့ကြရပါသည်။ ထောင်မြစ်ဝှမ်းတွင် နေစဉ်အခါက စိုက်ပျိုးရေးကို အသင့်အတင့်နားလည်ကြမည်ဖြစ်သော်လည်း ခရီးလှည့်လည်ခဲ့ရသဖြင့် စိုက်ပျိုးရေးပညာ တိမ်ကောသွားပေမည်။ ဆန်နှင့်မယောကို ယခင်က စားကြမည်ဖြစ်သော်လည်း ခရီးလှည့်လည်စဉ်က ပိန်းဥ၊ မြောက်ဥကိုသာ စားရသောဘဝသို့လည်း ရောက်ခဲ့ပေမည်။ ကုလားများတွင် ဝါရှိ၍ တရုတ်တို့တွင် ပိုးရှိသော်လည်း ထိုသူတို့၌ လက်ပံလဲနှင့် လျှော်မျှကိုသာ ဝတ်ကြရမည်ထင်သည်။ တိရစ္ဆာန်အချို့ကို ယဉ်ပါးအောင် မွေးမြူတတ်ကြပြီဖြစ်သော်လည်း နေထိုင်ရာဒေသကိုလိုက်၍ အမျိုးအစား ပြောင်းလဲခဲ့ပေမည်။ မြောက်ဖက်၌သာ အသက်ရှင်နိုင်မည့် သတ္တဝါမျိုးသည် တောင်ဖက်သို့ ပါ၍ မလာနိုင်ချေ။ ထို့ကြောင့် ယင်းတို့နှင့်အတူ ခွေး၊ ဝက်၊ ဆိတ်နှင့် ကြက်တို့သာ ပါလာနိုင်ပါမည်။ အလိုမရှိသော်လည်း သန်း၊လေးနှင့်ယင်ကောင်တို့ကမူ မြောက်အရပ်ကပင် မခွဲတန်းတွယ်ကပ်၍ ပါလာခဲ့ဟန်ရှိပါသည်။ ယခု ယွန်နန်နယ်၏ သံလွင်၊မဲခေါင်ကြားဒေသတွင် နေထိုင်ကြသောအခါ၌ ယင်းတို့၏အကြောင်းကို တရုတ်တို့က မှတ်တမ်းတင်ပြန်သည်ကို တွေ့ကြရပါသည်။

ဖန်ချို အမည်ရှိသူက အေဒီ ၈၆၃ ခုတွင် မန်ရှူ ခေါ် တရုတ်ဘာသာရေး ကျမ်းတစောင်ကို ရေးခဲ့၏။ ထိုကျမ်း၌ နောင်အခါ မြန်မာဖြစ်လာမည့် မူလမြန်မာတို့အကြောင်းကို အတန်ငယ်ပြည့်စုံအောင် ရေးသားခဲ့ပါသည်။ မူလမြန်မာသည် ယုန်ဂ်ချန်င်(ပဝ်ရှန်) ပတ်ဝန်းကျင်၌နေ၏။ ထိုအရပ်ကား စင်စစ်အားဖြင့် မြောက် နမိုင်ခ၊ အရှေ့ မဲခေါင်၊ တောင် သိန္နီ အတွင်းရှိသောဒေသပင်ဖြစ်ပါသည်။ ထိုသူတို့သည် မိမိတို့အရှင်သခင်ကို **မင်း** သို့မဟုတ် **မင်းစော**ဟုခေါ်သဖြင့် ဖန်ချိုက ယင်းတို့ကို **မင်း** သို့မဟုတ် **မင်းစော**လူမျိုးဟုပင် ခေါ်ပါသည်။ ထိုသူတို့သည် ယွန်နန်၏ အကျော်ဆုံး မြင်းမျိုးကို မွေးသူများဖြစ်၏။ ထို့ကြောင့်လည်း ယင်းတို့ပင် မြင်းသည်ကျော်များဖြစ်ကြသည်။ ပိုးစာရိုင်းပင်၏အသားနှင့် လေးကိုလည်း အကောင်းဆုံးဖြစ်အောင်လုပ်နိုင်၏။ စစ်ရေးစစ်ရာ၌ ပထမတန်းစားများ ဖြစ်ပါသည်။ ထိုသူတို့သည် ဖန်ချို မှတ်တန်းတင်ချိန်၌ မြန်မာနိုင်ငံတွင်းသို့ သျှမ်းပြည်မြောက်ပိုင်းမှစ၍ ဝင်ရောက်ချိန်ဖြစ်ပါသည်။ အဘယ့်ကြောင့် နောက်ထပ် တောင်ဖက်သို့ တိုးဝင်ရပြန်ပါသနည်းဟု မေးလျှင် **နန်ကျောင်** ၏ ဖိစီးနှိပ်စက်ခြင်းဘေးမှ ရှောင်ရှားခြင်းပင် ဖြစ်သည်ဟု ဖြေရချေမည်။

နန်ကျောင်အမျိုးတွင် ရှိန်င်လောဖိမင်းက အေဒီ ၇၁၃-ခုအလွန်တွင် သံလွင်နှင့် မဲခေါင်ကြားနေ **မင်းစော**အမျိုးတို့ကို ပထမဆုံးအောင်နိုင်သည်ဟုဆိုပါသည်။ ထိုမှစ၍ ရှစ်ရာစုလယ်သို့ရောက်လျှင် ကောလော ဖုန်င် အမည်ရှိ နန်ကျောင်မင်းသည် တိဗက်၊ အာသမ်နှင့် မြန်မာနိုင်ငံ မြောက်ဖျား၌ စစ်များအလီလီတိုက်ခိုက်သဖြင့် မူလမြန်မာ တို့တွင် ဘေးဒုက္ခအကြီးအကျယ်ရောက်ချိန်ဖြစ်သည်ဟု ဆိုရပါမည်။ ထိုမင်း၏မြေးတော် ယိမိုယှုန်က အေဒီ ၇၉၄-ခုတွင် မင်းအမျိုးတို့ကို နှိပ်ကွပ်ပြန်သည်ဟု ဆို၏။ နန်ကျောင်တို့က ချန်င်တုမှ ဟန္သ ိုင်သို့ဖြန့်၍ စစ်တိုက်ရာ၌ မင်း တို့က အသေခံအဖြစ်ဖြင့် တပ်ဦးတပ်ဖျားက လိုက်ကြရရှာသည်။ ထိုသူတို့ စစ်တိုက်ရာ၌ ရဲစွမ်းသတ္တိရှိပုံ၊ စည်းကမ်းရှိသေပုံနှင့် ဆင်းရဲပင်ပန်းရောက်၍ သေပုံကို ဖန်ချိုက အသေးစိတ်ဖေါ်ပြခဲ့၏။ နန်ကျောင်ကိုလည်း အထူးရွံမုန်း၍ လာကြမည်ဖြစ်ပါသည်။ နန်ကျောင်လက်တွင်းမှ လွတ်လိုလျှင် ယင်းတို့ လိုက်မလာရဲအောင် ပူအိုက်သောလွင်ပြင်သို့ ခိုဝင်ရန်သာရှိတော့၏။ လွင်ပြင်ပူ၌ နေသူကို ဆောင်းရာသီ၌ လာ၍ နှောက်ရှက်နိုင်သေးသော်လည်း ယခုလို တဆယ့်နှစ်ရာသီ နှိပ်စက်ခံနေရခြင်းထက် တော်သေး၏ဟု ယူဆကြ


ဘန် ရှိပါသည်။ သို့သော် နန်ကျောင်က တောင်ဖက်သို့အရောက်နိုင်ဆုံးလိုက်၍လာသေး၏။ရေဝတီ မြစ်ဝှမ်းကို စီး၍မြင်နေရသော မောလိင်နှင့် ချိယှ°အင့်တောင်တန်းတို့၏ တောင်ဖက်အစွန်းတွင် ခံမြို့ တည်၍ တောင်ဖက်တွင် နေသူများကို ထိန်းသိမ်းသည်ဟု ဆိုပါသည်။ နန်ကျောင်၏ တောင်ဖက် အကျဆုံးခံမြို့ကို ရှန်လုန်ဟု ခေါ်၏။ နောင်အခါ တဆယ့် တစ်ရာစုတွင် မြန်မာမင်း ဖြစ်သော အနိရုဒ္ဓက ဂန္ဓာလရာဇ်ကို စစ်ပြုသည်ဆိုခြင်းကား နန်ကျောင်ခံမြို့ကို သွား၍တိုက်ခြင်းပင် ဖြစ်မည်ဟု ပညာရှင်တို့ ယူသည်။ အနိရုဒ္ဓသည် စစ်အောင်ရာအရပ်တိုင်း၌ ကောင်းမှုပြု၍ မြေပုံဘုရားများထား ခဲ့ဟန်ရှိရာ အနိရုဒ္ဓ၏မြေပုံဘုရားကို မြောက်ဖျား အကျဆုံးတွေ့ရသည်ကား ရွှေလီမြစ်ပေါ်မှ ၄ အို အနီး နွားတလည့်ရွာဆိုးတွင် ဖြစ်သောကြောင့် ထိုငအိုရွာပင် နန်ကျောင်၏ခံမြို့ ရှန်လုန်ဖြစ်ရာ၏ဟု ယာယီမှတ်ယူနိုင်ပါသည်။ ထိုခံမြို့၏ တောင်ဖက်ကိုနန်ကျောင် ဆင်းလာရန် ရှိ၏။ အဘယ်ကြောင့် ဆိုသော် ထိုနေရာကလွန်လျှင်

ငှက်ဖျားထူပြော၏၊ မြေပြင်သည် ဓါးသွေးကျောက်ပြင်သဖွယ် ညီညာ၏၊ ဆောင်းအခါ၌ မြက် သစ်ပင်တို့ မသေ၊ မြက်ခင်း၌ပင် နေဝင်၍ သွားသည်ကို တွေ့ရ၏။ အနာစက်နှင့်ငှက်ဖျား ကို(နန်ကျောင်) အရာရှိကြီးငယ်တို့ ကြောက်ကြ၏။ (ထို့ကြောင့်) ထိုဒေသနှင့်စပ်ဆိုင်သော အလုပ်တာဝန်ပေါ်လျှင် ရှောင်လွှဲ ညင်းပယ် ခိုကပ်၍ နေလေ့ရှိကာ ဆိုင်ရာအရာရှိကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်သည်ဟုမတွေ့ရချေ။နန်ကျောင်က မောလိင်တောင်၌အထူးဆောက်ထား ရရှာသော ထိုခံမြို့၌ သစ္စာအရှိဆုံးအရာရှိကိုသာ ထား၍ (ယခု မြန်မာနိုင်ငံ၏မြောက်ပိုင်းရှိ) နယ်ငါးနယ်မှ လူမျိုးဆယ်မျိုးကို ထိန်းသိမ်းစေသည်။

ဟု ဖန်ချို့က ရေးခဲ့ပါသည်။ ဤသို့ နန်ကျောင်ဆင်း၍ မလာရဲသော မြန်မာနိုင်ငံ မြေပြန့်အရပ်ကို မြန်မာတို့ အလွယ်တကူ ဝင်၍ လာနိုင်လောက်အောင် ခရစ်နှစ် ကိုးရာစု၌ အခွင့်ကောင်း ပေါ်၍ လာပါသည်။

ထိုအခါက မြောက်ပိုင်း သျှမ်းပြည် အဝင် အပါ မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ပျူသြဇာ ကြီး၏။ စင်စစ် ပျူကား ယခင် အနှစ်တရာကပင် တောင်ပိုင်းမှ ဆုတ်ခဲ့ရရှာသော သူများဖြစ်၍ ယခင်အင်အား၏ ထက်ဝက်မျှသာ ကျန်တော့သည့်သူများ ဖြစ်ပါသည်။ ယင်းတို့ကို နန်ကျောင်က ခရစ်နှစ် ၈၃၂-တွင် ဖျက်ဆီးခြေမှုန်း၍ပစ်ကြောင်း အထက်ကဆိုခဲ့ပါပြီ။မြန်မာနိုင်ငံမြေပြန့်၌ အခြား တန်ခိုးကြီးအင်အားတရပ်ဖြစ်သော မိချန်ကို ခရစ်နှစ် ၈၃၅-တွင် နန်ကျောင်ပင် ဖျက်ပြန်၏။ မိချန် ကား မွန်တို့၏မြို့ကြီးတမြို့ဖြစ်အံ့လောဟု တွေးဖွယ်ရှိ၍ "ဟသံာတောင်ရိုး၏ အရှေ့ဖက်တွင် တည်ရှိ သော ရှေးပဂိုးမြို့ ဖြစ်နိုင်စရာ ရှိပါသည်"ဟု ပါမောက္ခ လုစ် အယူရှိသည်။ မြန်မာနိုင်ငံ မြေပြန့်တွင် အားကောင်းသည့် ပျူနှင့်မွန် နှစ်မျိုးစလုံးပြိုကွဲလျှင် မြန်မာအဘို့အလွယ်နှင့်ပင် ထိုအရပ်များ၌ဝင်၍ အုပ်စိုးရန်သာ ကျန်ပါတော့သည်။

မြန်မာတို့သည် ကိုးရာစုမှ စ၍ ကျောက်ဆယ်နယ်ကိုမှ ခွေးကာ ဝင်ရောက် နေထိုင်သည်ဟု ပါမောက္ခ လုစ်က စွဲမြဲယုံကြည်၏။ ထိုသို့ ယုံကြည်ရန်လည်း ကျောက်စာများ အားကိုးရှိပါသည်။ ရှေးအကျဆုံး မြန်မာကျောက်စာတို့၌ပါသော ရွာအမည်များကိုရှာလျှင် ကျောက်ဆည် နယ်၌သာ တွေ့ရ၏။ ကျောက်ဆည်ကား မြန်မာ မရောက်မီကပင် ဆည်မြောင်းနှင့် စပါးစိုက်ရာအရပ် ဖြစ်၍ မွန်တို့နေရာဖြစ်ပါသည်။ လဝ၊ ပေါင်လောင်တို့လည်း ရှိ၏။ ကန်တူ၊ သက်နှင့် စကြဝ်(?ကဒူး)လည်း




မြန်မာ့မူလဒေသ(ခရိုင်)နှင့် ဒုတိယဒေသ(တိုက်)မြေပုံ (ပါမောက္ခလုစ်ကို မှီးသည်)

ရှိပေမည်။ မြန်မာက ကျောက်ဆည်ကို ဝင်လာလျှင် မွန်အများစုသည် တောင်ဖက်သို့ ဆုတ်သွားရဟန် ရှိ၏။ သို့သော် မွန်အချို့မှာ ကျောက်ဆည်ဒေသ၏ မြောက်နှင့် အရှေ့မြောက်အရပ်များတွင် အစုလိုက် ကျန်ရစ်ပါသည်။ ထိုအရပ်ကို ရည်ညွှန်း၍ ရှေးမြန်မာကျောက်စာတို့၌ **တန်လိုင်ရွာမ** ဟု ရေးသားဖော်ပြသည်ကို တွေ့ရပါသည်။ **မိုန်ခရိုန်**ဟု ရေးသားထားသည်ကိုလည်း တွေ့ရ၏။ မွန်ခရိုင်ကို ဆိုလိုဟန် တူသည်။ ကျောက်ဆည်မြို့၌ ရှေးမွန်ကျောက်စာတခုကို တွေ့ရ၏။ **ကွ္လောက်နှင့်သယောင်** အမည်တွင်သော ရွာများဖြစ်သည့် ယခု ကျောက်ဆည်တွင် မွန်မဟာထေရ်တပါးနေလာ၍ သိမ်သမုတ်ကြောင်းကို **ဗုကာမ်**(ပုဂံ)မင်းနှင့်မဟာထေရ်တို့အားအကြောင်းကြား၏ဟုကျောက်စာကဆိုပါသည်။

မြန်မာတို့ဝင်လာပုံကို မှန်းဆဖော်ပြရာ၌ နန်ကျောင်အန္တရာယ်ကို ရှောင်တိမ်းလိုသော မြန်မာသည် နမ်တူမြစ်ကို သီပေါတွင် မိမိတို့စီးလာသည့် မြင်းများနှင့်တကွ ဖြတ်ကူး၍ ရပ်စောက်နှင့် ရေငန်ဖက်မှ မြေပြန့်ကိုချဉ်းကပ်လျက် နတ်ထိပ်လမ်းကြားမှ အလျင်အမြန် ဆင်းလာပြီးနောက် ကျောက်ဆည်အရပ်ကို အရှေ့တောင်မှ ဖေါက်ဝင်၍ မွန်အများပင် မိမိတို့ အားကြီးရာ တောင်ဖက်သို့ ဆုတ်မပေးနိုင်မီ၊ ကျောက်ဆည်အရပ်တခုလုံးကိုဖြန့်၍ အလျင်အမြန် အုပ်စီးလိုက်ဟန်ရှိသည်ဟု ပါမောက္ခဂျီ အိပ်ချ် လုစ်က ရေးသား ဖော်ပြဘူးပါသည်။ နတ်ထိပ်တောင်ကြားလမ်းမှာ အဆင်း အတက်လွယ်ကူလှသည့်လမ်းမျိုးမဟုတ်သော်လည်း တောင်တက်မြင်းပုနှင့် ဝန်တင်နွားကိုသုံး၍ ယခုတိုင် ဓနုနှင့် သျှမ်းအမျိုးသားများ ဈေးနေ့တွင် နံနက်စောစောဆင်းလာ၍ ညနေတွင် ပြန်တက်သွားသည်ကို တွေ့နိုင်ပါသေးသည်။

မြန်မာတို့ ဝင်၍နေမိပြီဖြစ်သော ကျောက်ဆည်နယ်ကို ရှေးက **မ္လစ်သာ ၁၁**-ခရိုန်ဟု ခေါ်မြဲဖြစ်၏။ **ဆယ်တရွာ** ဟူ၍လည်း အလွယ်ခေါ်ပါသည်။ ထိုတဆယ့်တစ်ရွာတို့ကား—

၁။ **ပင်လယ်**၊ နတ်ထိပ်တောင်ကြားလမ်းနှင့် အနီးဆုံးဖြစ်၍ တဆယ့်တစ်ရွာတွင် တောင်ဖက် အကျဆုံးဖြစ်၏။

၂။ **ပ္လည်မနာ**၊ ပန်းလောင်၏ အနောက်ဖက် ကမ်းပေါ်တွင် ရှိ၍ ကူမဲ၏ မြောက်ဖက်ကပ်လျက် ရှိသည်။

၃။ **မ္လစ်သာ**၊ (မြစ်သား) ပန်းလောင်၏ အရှေ့ဖက် ကမ်းပေါ်၌ တည်ရှိ၏။ ဆည်ရေသောက်လယ် တိုးပွား များပြားလာသောအရပ် ဖြစ်ပါသည်။

၄။ ရင့ုန်(ရွာမုံကြီး)၊ ပန်းလောင်၏ အနောက်ဖက်ကမ်းပေါ်၌ ရှိ၏။ ပန်းလောင်နှင့် ဆမုံကို ခွ၍ ရေလွှတ်ကို ထိန်းနိုင်သောအရပ်ဖြစ်၏။

၅။ မြင်ခုန်တိုင် မှာ ပန်းလောင်၏ အရှေ့ဖက်ကမ်း၌ရှိ၍ သျှမ်းတောင်ခြေ ရောက်အောင်ထိန်းသိမ်းနိုင်သော နေရာ ဖြစ်ပါသည်။

၆။ **ပနန်** ကား ကျောက်ဆည်၏အနောက်၊ ပန်းလောင်၏အရှေ့ဖက်ကမ်းတွင် ပါရှိသည်။

၇။ **တမုတ်** ကို ပန်းလောင်နှင့် ဇော်ဂျီဆုံရာတွင် ရှိသည်ဟု မှတ်ယူရပါသည်။

၈။ **သင်တောင်** မှာ ကျောက်ဆည်၏ မြောက်၊ ဇော်ဂျီမြစ်၏ အနောက်၊ စွန်ရယ်ကန်ဖက်တွင် ဖြစ်၏။

၉။ **မက္ခရာ** ကား ဇော်ဂျီနှင့် မြစ်ငယ်ဆုံရာ၌ ရှိ၏။

၁၀။ **တပ္လက်သာ** မှာ မက္ခရာ၏အနောက် ဆည်ရွာနှင့်အိုးထိန်းတောင် ဝန်းကျင်တွင်ရှိသည်။

၁၁။ **ခံမှူ(ခံလှူ)**ယည် မွန်တို့ရွာဖြစ်၍ မိုန်ခရိုန် ဟု ခေါ်သော မွန်ရွာပင် ဖြစ်မည် ထင်၏။
ပန်းလောင်နှင့် မြစ်ငယ်ဆုံရာတွင် ရှိသည်။

အမည်များကို ဆန်းစစ်လျှင် မြန်မာအမည်ဟူ၍ **မ္လစ်သာ**နှင့် မြင်ခုန်တိုင်သာ ရှိသည်။ အခြား အမည်များမှာ မြန်မာမရောက်မီကပင် ရွာဖြစ်ပြီးသဖြင့် အမည်ရှိပြီးဖြစ်ချေမည်။ သို့သော် ခရိုန် ဟူသော အမည်ကိုကား ယခု တဆယ့်တစ် ခရိုန်အပြင် ရေဝတီ၏ အနောက်ဖက်ဖြစ်သော မင်းဘူးနယ်တွင် **စကု၊ မပင်စရ၊ လည်ကိုင်၊ စလင်** စသော ခြောက် ခရိုန် နှင့် မန္တလေးနယ်မှ **တောင်ပြုန်ခရိုန်**တို့၌သာ ရွာအမည်နှင့် တွဲဖက်သုံးစွဲသော ဝေါဟာရဖြစ်ပါသည်။ ယင်းတို့မှလွဲ၍ အခြား မည်သည့်အရပ်ကိုမျှ ခရိုန် မခေါ်ချေ။ ထို့ကြောင့် ခရိုန် ဟူသည် မြန်မာတို့ မြန်မာနိုင်ငံ မြေပြန့်သို့ ဝင်လာပြီးနောက် အဦး အစ အိုးအိမ်တည်ထောင်နေထိုင်ရာ မူလအရပ် ဖြစ်ကောင်း၏ဟု မှတ်ယူကြရပါသည်။ ထိုမူလအရပ်ကိုလွန်၍ တိုးချဲ့နေထိုင်ရာ အရပ်တို့ **တိုက်** ဟု ခေါ်ကြ၏။ အလွယ်တကူ မှတ်သားရန်အတွက် နယ်နိမိတ်သတ်မှတ်၍ ပြောရလျှင် ဥတုရာသီပြ မြန်မာနိုင်ငံမြေပုံ၌ နိုင်ငံအလယ်တွင် ပူ၍ သွေ့ခြောက်သော ဥတုရာသီဟု ပြထားသော နေရာပင် ဖြစ်ပါသည်။ မိုးနည်းသောဒေသဖြစ်၍ တနှစ်လုံးတွင် မိုးရေချိန်လက်မ ၂၅-ထက် ပိုနိုင်မည် မထင်ချေ။ ရခိုင်ရိုးမအရိပ်ထိုးသဖြင့် မိုးလွတ်ဒေသ ဟူ၍လည်း ခေါ်ပါသည်။

မြောက်ဖက်၌ **တိုက်** အရပ်ကား မုံရွာ အောက်ချင်းတွင်းမြစ်ရိုးနှင့် တကောင်း အောက် ရေဝတီမြစ်ရိုးတို့စပ်ကြားမှ ဒေသဖြစ်၏။ တောင်မှ မြောက်သို့ အစဉ်လိုက်အားဖြင့် **လတုယ်တိုက်၊ မုဆိုခြုမ်တိုက်၊ မုဆိုဖိုဝ်တိုက်၊ ပင်စည်တိုက်** နှင့် **ညံသာတိုက်**တို့ ဖြစ်ပါသည်။ ချင်းတွင်းမြစ်၏ အနောက်ဖက်ကမ်း၌ **ပင်လ္လိ ၁၀-တိုက်** ရှိ၏။ ယောမြစ်ညာ၌ **တမာခါတိုက်** ရှိ၏။ ခြောက် **ခရိုန်** အစပ်တွင် **ပုစဝ်တိုက်** ရှိ၏။ မုန်မြစ်၏တောင်ဖက်ကို **မုန်တောင်တိုက်**ဟု ခေါ်ပါသည်။ တောင်တွင်းကြီး လယ်အရပ်ကိုလည်း တိုက်အဝင်အပါဖြစ်သည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် မိချောင်းရဲ တောင်ဖက် လေးမိုင်ကွာ ကျွန်းတော် ခေါ် **ပြည်တဝ်သာ**ကျွန် သည် တောင်ဖက် **တိုက်**စွန်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ **တိုက်** ကို လွန်၍ နောက်ထပ်သိမ်းယူသော အရပ်ဒေသများစွာကိုသာ နိုင်ငံ ဟု ခေါ်မြဲ ဖြစ်၏။

ဖေါ်ပြပြီးသော အချက်အလက်တို့ကို မူတည်၍ အတွေးကောင်းသူတဦးက ဆက်၍ စဉ်းစားလျှင် အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံ မြေပြန့်တွင် မြန်မာထက် စော၍ ရောက်နေသူများ ရှိနေသောကြောင့် ကျောက်ဆည်ကို ဝင်လာသော မြန်မာသည် အေးအေးနေရမည် မဟုတ်၊ နန်ကျောင်၏ရန်ကို ရှောင်ခဲ့သော်လည်း လူမျိုးများစွာက ဆီး၍တွန်းလှန်မည့်အန္တရာယ်ကိုနိုင်အောင် တိုက်ရချေမည်။ နန်ကျောင်၏ စစ်ဦးတွင် ပါဝင်လျက် ကိုးရာစုဦးတွင် ပျူမြို့တော်နှင့် မိချန်မြို့ကို ဖျက်ဆီးကြစဉ်က မူလမြန်မာ အမျိုးသားတို့လည်း မုချပါလာကြမည်ဖြစ်ရာ ယခု မြန်မာနိုင်ငံမြေပြန့်သို့ ဝင်လာကြရာ၌ စစ်ရေးအရ မည်သူ့ကို ဦးစွာတိုက်၍ မည်သည့်ဒေသကို အရင်သိမ်းယူထားရမည်ကို မြန်မာတို့ သဘောပေါက်ပြီး ဖြစ်ချေမည်။ ရေဝတီ၏ အနောက်ဖက်ကမ်းတွင် မင်းဘူးမှ စလျက် ချင်းတွင်းသို့တိုင်အောင် မြေအရပ်နှင့် ထို့အထက် နေရာများစွာတို့တွင် **ပေါင်လောင်**တို့ အများအပြားရှိပါသည်။ ကျောက်ဆည်တွင် မွန်က ဆည်မြောင်းစတင်တည်ထွင်သကဲ့သို့ မင်းဘူးဒေသတွင်လည်း **ပေါင်လောင်**တို့က ဆည်မြောင်းလုပ်ငန်းစတင်ထားပြီး ဖြစ်ဟန်ရှိပါသည်။ **စကြဝ်**ဆိုသူတို့သည်

ရှစ်ရာစုကစ၍ မင်းဘူးအထိ ရောက်လာကြလျက် **ပေါင်လောင်**ကို အောင်နိုင်၍သော်ငင်း၊ အသင့် အတင့်နေနိုင်ကြသောကြောင့်ငင်း၊ ထိုအရပ်တွင်ပင် နေကြောင်း သိရ၏။ **စကြဝ်**ဟူသည် ယာယီ အားဖြင့် စကောကရင် ဖြစ်နိုင်သည်ဟု အချို့ဆရာတို့ယူပါသည်။မြန်မာတို့ဖြန့်ချီရာတွင် အများဆုံး တားဆီးမည့်သူများကား မြောက်အရပ်၌ ရှိနေ၏။ ချင်းတွင်း၌ ချင်းတို့ရှိ၍ ရေဝတီအညာဒေသ၌ **ကန်တူ**တို့ ရှိသည်။ **ကန်တူ** ကို **အသက်** သို့မဟုတ် **သက်** ဟူ၍လည်း ခေါ်၏။ သို့သော် **ကန်တူ** တို့၏ တောင်ဖက်အကျဆုံးအစုကိုသာ မြန်မာက **သက်** ဟု ခေါ်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း၌ **သက်**တို့ ဖြန့်လျက်နေပြီးရှိ၏။ ယင်းတို့သည် မြန်မာနိုင်ငံတွင်းသို့ အစောဆုံးရောက်ရှိလာသော တိဗက်မြန်မာ အနွယ်ဝင်များအပါအဝင်ဖြစ်၍ ဗုဒ္ဓသာသနာဝင်များလည်းဖြစ်၏။ချင်းတောင်ကိုကျော်၍ မဏိပူရ တိုင်အောင် ပေါက်ရောက်သူများလည်း ဖြစ်သည်။ ယခုတိုင် ရခိုင်ဖက်၌ ရှိကြသေးသည်။ ရွှေဘို တပယင်းနှင့် မူးအညာဖက်တွင်နေသော **ကန်တူ** အစုကို **သဝ်** ဟု ခေါ်၏။ အဆိုပါ **သက်**၊ **သဝ်** နှင့် **ကန်တူ**တို့ကား မြန်မာတို့၏အကြီးဆုံးရန်သူ ဖြစ်ဟန်ရှိပါသည်။ **ရာဇကုမာရ်**ကျောက်စာ၌ တရွာလုံး ဘုရားတွင်လှူလိုက်ခြင်းခံရသော **သက်မုနလောန်** ရွာကား **သက်** ရွာဖြစ်၍ မြန်မာနိုင်ငံ အကြေအရပ် တွင် ရှိဟန်တူ၏။ ပုဂံအနီးတွင် **သက်ဝိုဝ်တောင်** ဟူ၍ ရှိ၏။ မြန်မာအမတ်တဦးကို **မဟာသက်ထိတ်** ဟု ခေါ်ဘူး၏။ ယခု ရန်ကုန်အနီးတွင် ရှိမည်ဟု ထင်ရသော **မနိတ္တင်** **သက်** ကျွန် ၇၅၀-ရှိကြောင်း ကျောက်စာအခုတွင်တွေ့ရ၏။ ထို့ကြောင့် မြန်မာနိုင်ငံမြေပြန့်ကို မြန်မာတို့အုပ်စီးမိရန်ကြိုးစားရာ၌ အကြီးဆုံးခုခံသူကား **ကန်တူ**တို့ပင် ဖြစ်ရာ၏ဟု အထက်ကဆိုခဲ့ခြင်း ဖြစ်ပါသည်။

ချင်းနှင့် **ကန်တူ**လည်း ရန်ဖက်ဖြစ်မည်။ ချင်းတို့ ဟူးကောင်းတောင်ကြားမှ ဖြတ်၍ ဝင်လာ သဖြင့် အာသမ် မဏိပူရဖက်မှ **ကန်တူ**နှင့် မြန်မာနိုင်ငံဖက်မှ **ကန်တူ**တို့ အဆက် ပြတ်သွားရသည်။ ချင်းတွင်းမြစ်ဝှမ်း ပိုင်ဆိုင်ရေးအတွက်လည်း ယင်းတို့နှစ်ဦး အားပြိုင်ရဟန်ရှိ၏။ စစ်ပရိယာယ်အလို အားဖြင့် ရန်ဖြစ်နေသူနှစ်ဦးကို နောက်ပေါ်လာသူက တဦးကိုရွေးထုတ်၍ မဟာမိတ် လုပ်သင့်သည့် အတိုင်း မြန်မာက ချင်းကိုမဟာမိတ်ပြုဟန်ရှိ၏။ချင်းဟူ၍ခေါ်သော အမည်ကပင် ထင်ရှားပါသည်။ ထို့ပြင် ချင်းတွင်းမြစ်၌ မြန်မာက မုရွာ အလုံထက် ကျော်၍ ချင်းတွင်းမြေကို မယူချေ။ ချင်းနှင့် မြန်မာ စစ်ခင်းရသည်ဟူ၍လည်း အမှတ်အသားမတွေ့ပါ။ချင်းမရှိသောဒေသများကိုကား မြန်မာက နယ်ချဲ့သိမ်းပိုက်သည်ကို တွေ့ရပါသည်။ နမ္မနာပြရလျှင် မူးမြစ်ဝှမ်း **မွိယ်တူ** (မြေဒူး)နှင့် **ခက်သင်** အထိ သိမ်းယူ၏။ **ယော** နှင့် **ကြော** မြစ်ဝှမ်းများကို **ပုန်တောင်** နှင့် **ထိလင်** အထိ သိမ်းယူ၏။ ဤသို့ ချဲ့ထွင်သိမ်းပိုက်ရာ၌ စီမံအုပ်ချုပ်သူများက ဗဟိုကျသောအရပ်တွင် နေရမည်ဖြစ်သဖြင့် ကျောက် ဆည်မှအနောက် မိုင် ၁၀၀၊မင်းဘူးမှမြောက် မိုင် ၇၀-တွင်ရှိသော ရေဝတီ၊ ချင်းတွင်းဆုံမိရာအရပ်နှင့် မကွေ့လှမ်းလှသည့် ပုဂံကို ဌာနချုပ်ရုံးစိုက်ရာ အရပ်ဟု ရွေးချယ်ဟန် ရှိပါသည်။ ပျူပြားမင်းက အေဒီ ၇၅၀-တွင် ပုဂံကိုတည်သည်ဟု ယခင်ရေးသားခဲ့သော မြန်မာရာဇဝင်ကျမ်းတို့က ဆိုပါသည်။ ဖြစ်နိုင်စရာအကြောင်းရှိပါသည်။ **ခရိုန်** ဟူ၍ နောက်ဆုံးသတ်မှတ်သော ဒေသကား မန္တလေးနယ်မှ **တောင်ပ္လုန်** ဖြစ်၏။ မြောက်ဖက်မှ **ကန်တူ**နှင့် နန်ကျောင်ရန်ကိုဟန့်တားရန် အစောင့်ချထားရခြင်း ဖြစ်သည်။ ဤသို့လျှင် ကျောက်ဆည်၊ မင်းဘူးကို ခွ၍ ကာကွယ်ရေးအစီအစဉ်ကို ကိုးရာစုမကုန်မီပင် မြန်မာတို့ စီစဉ်၍ပြီးစီးပြီဟု မှတ်ယူကြရပါမည်။

ကာကွယ်ရေးစိတ်ချရလျှင် မြန်မာများ ယဉ်ကျေးမှုအရာတွင် တိုးတက်ကြီးပွားလာကြရန် အားထုတ်ချိန် ရပါတော့သည်။ စစ်တိုက်ခိုက်သကဲ့သို့ နေ့ခြင်း ညခြင်း အရှုံး၊ အနိုင်ကို သိသာသည့် အရာမျိုးမဟုတ်ရကား နှစ်ပေါင်းများစွာ အချိန်လိုပေမည်။ အမျိုးတူသော ပျူနှင့် သက်တို့ထံမှရင်း၊ အမျိုးကွဲသော မွန်နှင့် ပေါင်လောင်တို့ထံမှရင်း၊ စိုက်မျိုးရေးပညာနှင့် သာသနာ ယုံကြည်မှုတွင် များစွာ နူးညံ့သိမ်မွေ့သော ဗုဒ္ဓဝါဒကို ရယူကြ၏။ ယင်းသို့ နူးညံ့ပြေ့ပြောင်းသည့်ဝါဒကို လက်မခံသေးမီက မူလမြန်မာ တို့၏ နတ်နဂါးအယူနှင့် ယဇ်ပူဇော်ခြင်းအလေ့ရှိသည်ဟု ဆိုရပေမည်။ "မြင်းခုန်တိုင်"ဟူသော အမည်မျိုးက သားကောင်ကို ယဇ်ပူဇော်ရကြောင်း သက်သေခံပါသည်။နန်ကျောင်နှင့် တွဲဖက်နေရစဉ်က မှတ်သားမိသော ဝတ္ထုပုံပြင်များလည်း မြန်မာတို့တွင် ပါလာ၏။ ပျူစောထီးမှာ စင်စစ်အားဖြင့် နန်ကျောင်ပုံပြင်မှ သူရဲကောင်းသာ ဖြစ်ပါသည်။ အဖ၏ နောက်ဆုံးအမည်ကို သားက အမည်အစတွင် ယူ၍မှည့်ခြင်းမှာလည်း နန်ကျောင်ဓလေ့ဖြစ်၏။ ထင်ရှားအောင် ပြရလျှင် ပျူစောထီး၊ ထီးမင်းယဉ်၊ ယဉ်မင်းပိုက်၊ ပိုက်သေဉ်လည်၊ သေဉ်လည်ကြောင်၊ ကြောင်ဒူရစ် ဟူသော ခြောက်မည်တွဲကိုကြည့်လျှင် ရှေ့အမည်၏အဆုံးကိုယူ၍ နောက်အမည်စသည်ကို တွေ့ရသည်။ မြန်မာနှင့် အတူ မြန်မာတွင်းသို့ တပါတည်းမပါခဲ့သော မူလမြန်မာ များကား မရူး၊ လရှီနှင့် အတ်တစီ တို့ဖြစ်ရာ ထိုသူတို့ကို သွားရောက်လေ့လာလျှင် ဗုဒ္ဓသာသနာကို လက်မခံမီက မြန်မာတို့ ယုံကြည်မှုဓလေ့ကို သိနိုင်မည် ထင်ပါသည်။ သို့သော် ဗုဒ္ဓဝါဒီမဖြစ်မီက ပုဂံတလွှားတွင် နဂါးကိုးကွယ်ခြင်းမှုချရှိ၏။ ဗုဒ္ဓသာသနာက နောက်ဆုံးအနိုင်ရ၍ မင်းရော ပြည်သူပါ ဗုဒ္ဓဝါဒီများ ဖြစ်လာချိန်မှာ အေဒီ၁၀၀၀-ခန့်ကဟုမှန်းဆပါသည်။အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဝါဒီတို့အောင်မြင်သည့်အခါတိုင်း သိမ်သမုတ်သည်ကို တွေ့ဘူးသဖြင့် **စောရဟန်** မင်းက **တုရင်** တောင်ထက်၌ သိမ်ဆောက်ခဲ့သည်ဟု သိရသဖြင့် ထိုအချိန်ပင် ဗုဒ္ဓသာသနာသည် စောစောကရှိပြီး နတ်နဂါးအယူများကို အောင်နိုင်ခြင်းဖြစ်မည်ဟု ယူဆခြင်းဖြစ်ပါသည်။(ထိုသိမ်ကို အေဒီ ၁၂၁၂-ခုတွင် **နာတောင်မျာ**မင်းကစေခိုင်းသဖြင့် ပြင်ရကြောင်း ကျောက်စာရှိပါသည်။)

မြန်မာတို့တွင် စာရေးနည်းပညာ ထွန်းကားပုံကို တဖက်က ကြည့်သင့်သည်။ရှေးအိန္ဒိယဗြာဟ္မီ ရေးနည်းမှ ပွားလာသော ခရစ်နှစ် လေးရာစု တောင်ပိုင်းအိန္ဒိယ ရေးနည်းများကို မူတည်၍ မြန်မာနိုင်ငံ၌ ထိုလေးရာစုခန့်ကပင် စာရေးနည်းရောက်ခဲ့သည်ဟု ထင်မြင်ကြောင်းကို အထက်က ပြခဲ့ပါပြီ။ ထိုမှပွားသော အက္ခရာရေးနည်းကို မြန်မာက ရ၏။ လှပတင့်တယ်အောင် အတွန့် အချိတ် အဆွဲအင်နည်းသဖြင့် မူရင်းဗြာဟ္မီနှင့် များစွာနီးစပ်ဆင်တူသေးကြောင်း အံ့သြဖွယ် တွေ့ရပါသည်။ အက္ခရာနှင့် စာရေးနည်းကိုရလျှင် မြန်မာအသံထွက်အောင် ထိုအက္ခရာကိုသုံး၍ ရေးသားရန်မှာ ခက်ခဲသော ပြဿနာတရပ် ဖြစ်၏။ အို၊ အိုက်၊ အိုင် အသံထွက်များကို ယခု—ိုနှင့် ရေးကျင့်ရှိကြပြီဖြစ်၍ ပြဿနာ ဖြစ်ခဲ့ဘူးကြောင်းကို မြန်မာတို့အမှတ်မရနိုင်။ သို့သော် ရှေးအကျဆုံး မြန်မာကျောက်စာတို့၌ ထိုအသံမျိုးကိုရအောင်—ိုအပြင် ေ—ိ နှင့် —ိတို့နှင့် စမ်းသပ်ရေးဘူး၏။ မမွဲကြီးကျောက်စာ(ခရစ်နှစ် ၁၁၆၅-ခု၊ ဓါတ်ပုံ ၄၊၆)တွင် ေ—ိ ကို သုံး၏။ များစွာသင့်တော်သည့် နည်းဖြစ်သည်ဟု ပညာရှင်အချို့ယူဆသည်။ သို့သော် ကျောက်ဆည်ဖက်တွင် တွေ့ရသော ရှေးမြန်မာကျောက်စာများ၌မူ ခရစ်နှစ် ၁၁၆၀-လောက်ကစ၍ —ို ရေးနည်းကို စွဲစွဲမြဲမြဲ သုံးခဲ့ပြီဖြစ်ကြောင်း တွေ့ရလျက် နောက်ဆုံးတွင် မြန်မာအားလုံး —ို ရေးနည်းကိုပင် လိုက်၍ ရေးကြပါသည်။

အခြေတကျ မြို့ရွာတည်၍ နေမိကြပြီဖြစ်သော မြန်မာတို့၏ လူမှုဆက်ဆံရေးကို အကြမ်းမျှ စီစစ်ကြည့်သင့်ပါသည်။ အုပ်ချုပ်သူလူတန်းစား၊ ကုန်သွယ်လယ်လုပ်နှင့် အလုပ်ကြမ်းသမား ဟူ၍ ကျွန်များအဝင်အပါ လူသုံးစားရှိပါသည်။ သို့သော် အိန္ဒိယမှာကဲ့သို့ အလွန် စည်ကမ်းကြီးသော ကွဲပြားပုံမျိုး မဟုတ်ချေ။ **သူကြွယ်၊ ကုံထံ** နှင့် **ကုံကယ်** တို့မှာ မြေရှင် လူချမ်းသာများ ဖြစ်ကြ၏။ အမျိုးသမီးများသည် အမျိုးသားနည်းတူ အခွင့်အရေးရကြောင်း အထောက်အထားများ ရှိ၏။ သာသနာ့ဝန်ထမ်း အမျိုးသမီး (ဘိက္ခုနီ) ပင် ရှိပါသည်။ အကြီးအအုပ် (သင်္ဃာထေရီ) ဖြစ်သည့် အထိ တိုးတက်သူများရှိသည်ကိုပင် တွေ့ရ၏။ လင်သေလျှင် နောက်ထပ် အိမ်ထောင်မပြုရ ဟူသော ကျဉ်းမြောင်းသည့်အယူအဆမျိုး မရှိသည်မှာလည်း သေချာ၏။ အုပ်ချုပ်ရေးတွင် **သူကြီး** ရှိသဖြင့် ဂုဏ်ကြီးသူ၊ အသက်ကြီးသူဟူ၍ အနက်နှစ်မျိုးရှိသောကြောင့် ကျေးရွာအုပ်ချုပ်ရေးတွင် သက်ကြီး တို့ ဩဇာရှိကြောင်း သိရ၏။ ယင်းမှတဆင့်တက်လျှင် **မင်** ရှိ၏။ **မင်မယာ၊ မင်သာ၊ မင်စေ** တို့ကား **မင်** ၏ အခြံအရံဖြစ်သည်။ **အသည်** မှာ **မင်စေ** မဟုတ်သူကိုခေါ်၏။ လူလွတ် (ကျွန်မဟုတ်သူ) တို့ကို **အသင်** သို့မဟုတ် **သင်** ဟု ခေါ်မည် ထင်သည်။ ထိုသူတို့၏ အကြီးအကဲမှာ **သင်ကြီ** နှင့် **သင်လျင်** ဖြစ်၏။ ရဟန်းကိုမူ **သ္ငိင်** တပ်၍ ခေါ်လေ့ရှိသည်။ ပြက္ခဒိန်တွက်ချက်ရန် **ပုံနာ** နှင့် **ဟုရာ** ရှိ၏။ စီးပွားရေးတွင် ဆည်ရေသောက်လယ် စိုက်ခြင်းမှာ ပဓာနအလုပ် ဖြစ်သော်လည်း ကိုင်း၊ ဥယျာဉ် စိုက်ပျိုးသည်လည်း ရှိသည်။ ကျွဲ၊ နွား မွေးခြင်း၊ နွားနို့ထွက် ပစ္စည်း ထုတ်လုပ်ခြင်း၊ မုဆိုး၊ တံငါ၊ ပျားဖွတ်လည်း ရှိပါသည်။ အကြောင်းစုံကို ရှေ့တွင် အသေးစိတ်ဖေါ်ပြပါမည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဧရာဝတီသည် အရှေ့မှ အနောက်သို့စီးဆင်းနေသဖြင့်မြစ်မကိုပင် နယ်နိမိတ်ပြု၍ မြစ်မြောက်ဖက်ကို **သုနာပရန္တ**၊ တောင်ဖက်ကို **တမ္ဘာဒီပ** ဟု ခေါ်ကြ၏။ အလွယ် အားဖြင့် မှတ်သားရန်ပြောရလျှင် မြန်မာသည် **တမ္ဘာဒီပ** ကိုသာ အရင်ထိန်းသိမ်း၍ များစွာ အား ကောင်းလာခါမှ **သုနာပရန္တ** ကို တိုက်ခိုက်သိမ်းယူခြင်း ဖြစ်ပါသည်။ **သုနာပရန္တ** ကို အပြီးတိုင် သိမ်းယူပြီးသည်မှာ အေဒီ ၁၂၂၀ တွင်မှ ဖြစ်ပါသည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း

ANDERSSON, J. G.: *Children of the Yellow Earth-Studies in Prehistoric China* London. Kegan Paul. 1934

FAN CH'O: *Man Shu-Book of the Southern Barbarians.* Translated by Luce, G. H and Edited by Oey, G. P., Ithaca, New York. Cornell Universiry, Southeast Asia Program Data Paper No. 44. 1961

LUCE. G.H.: "Economic Life of the Early Burman," *BRSFAP*, II, 323-76

——————"Old Kyaukse and the Coming of the Burmans, *JBRS*, XLII, i, 75-10

THAN TUN: "A History of Burma down to the end of the 13th Century", *The New Burma Weekly*, 23rd August 1958, 27th September 1958, 25th October 1958, 29th November 1958, 2nd January, 21st February 295 and 28th February 1959

——————"History of Burma, A. D. 1000-1300", *The Bulletin of the Burma Historical Commission*, I, i, June 1960, 39-57

ရန်ကုန်တက္ကသိုလ်နှစ်လည်စာစောင်၊ အတွဲ ၃၊ အမှတ် ၁၉၊ ၁၉၅၇-ဂ၊ စာမျက်နှာ ၁၂၁-၃၆

# ပုဂံခေတ် နိုင်ငံရေး

**ပုဂံမြို့**ကို မြန်မာတို့၏ မူလဒေသဖြစ်သော ခရိုန်နှင့် တိုးချဲ့ဒေသဖြစ်သော **တိုက်** အတွက် ဗဟိုကျသဖြင့် အုပ်ချုပ်ရေးဌာနချုပ်ပြုလုပ်ခဲ့ဟန်ရှိပါသည်ဟု အထက်က ဖော်ပြပြီးဖြစ်ပါသည်။ မြန်မာတို့ အစဉ်အလာ မှတ်သားသည့်အတိုင်း အေဒီ ၈၄၉-၅၀-ပြည့်တွင် တည်သည်ဟု သိရ၏။ ထိုအယူအဆကို ပြင်ဆင်ရလောက်အောင် အထောက်အထားတစုံတရာ မပေါ်ပေါက်သေးသ၍ ယင်းအတိုင်းပင် လက်ခံရမည်ကဲ့သို့ ရှိပါသည်။ အေဒီတစ်ရာစုကရေးသော ချီအင်န်ဟန်ရှု အမည်ရှိသော တရုတ်ကျမ်းတစောင်၌ **ဖု-ကန်-တု-လု** ဟူသော နိုင်ငံတနိုင်ငံ၏အကြောင်းကိုဖော်ပြထားရာ ထိုအမည်ကို ရှေ့ပိုင်းမျှသာ ပိုင်း၍ကြည့်လျှင် ပုဂံဖြစ်နိုင်စရာ ရှိသော်လည်း ထို **ဖု-ကန်-တု-လု** နိုင်ငံသည် တရုတ်နှင့် ရေလမ်းဖြင့် ဆက်သွယ်နေကြောင်း ဆက်လက်ဖော်ပြသောကြောင့် ပုဂံမဖြစ်နိုင်တော့ပါ။ သို့သော် မြန်မာနိုင်ငံ၏ အရှေ့ဖက်မှ အိမ်နီးချင်းများဖြစ်သော စမ္ပာ၏ ခရစ်နှစ် တဆယ့်တစ်ရာစုဦးမှဟု ခန့်မှန်းရသော ကျောက်စာအချို့တွင် **ပုကမ်** ကျွန်များ သူတို့ထံ၌ရှိကြောင်း ဖော်ပြသဖြင့် ထိုအခါကပင်လျှင် **ပုကမ်** ဟူသော အမည်ကို သူတို့သိရှိပြီးဖြစ်ရာ၏။ သဘောအချုပ်မှာ ပုဂံကို မည်သည့်နှစ်က တည်ပါသည်ဟု ရဲရဲမပြောဝံ့သည့်တိုင်အောင် ခရစ်နှစ်တဆယ့်တစ်ရာစုတွင် ပုဂံမြို့တော်ဟူ၍ ဝေးနီးထင်ရှားလျက် ရှိပြီဟု မှတ်ယူရပါသည်။

ပုဂံကို **အရိမဒ္ဒနပုရ** ဟု မှည့်ခေါ်ပြန်သည်။ ထိုအမည်အရ မြန်မာသက်သက် ခေါ်လျှင် **ရန်မျိုးနှိမ်မြို့** ဟု ခေါ်ရချေမည်။ မွန်တို့က **ပေါကါမ်** ဟူ၍၎င်း **ပုကါမ်** ဟူ၍၎င်း **ဗုကာမ်** ဟူ၍၎င်း ရေးသားဖော်ပြလေ့ရှိ၏။ ရှေးမွန်ကျောက်စာ၌ ထိုအမည်ကို အေဒီ ၁၀၉၃-ခုမှစ၍ တွေ့ရသည်။ ထို့ပြင် မွန်တို့က ပုဂံနှင့် ပတ်ဝန်းကျင်အရပ်ကို **တတ္တဒေသ** ဟု ခေါ်၏။ လောလောပူသော အရပ်ဟု ဆိုလိုပါသည်။ ဤအမည်အရ ပုဂံတဝိုက်ကား ယခုခေတ် မြင်တွေ့ကြရသည့်အတိုင်း ရှေးကလည်း ဆူးပင်ငယ်များသာ ပေါက်လေ့ရှိသော သဲကန္တာရတပိုင်းဖြစ်ကြောင်း ထင်ရှားပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ထိုမိုးခေါင်ရေရှားရပ်ဝှမ်းကား တကြိမ်တခါက စိုစိုပြေပြေရှိခဲ့ဘူးပါလျက် တဆယ့်တစ်ရာစုတွင် ဂူကျောင်းဘုရား တည်ဆောက်သူ များလွန်းသဖြင့် အုတ်ဖုတ်ရန် ထင်းအလို့ငှါ တောကို ခုတ်ထွင်ကြဖန် များသောကြောင့် သစ်ပင်ကင်းလျက် သဲကန္တာရတပိုင်း ဖြစ်ခဲ့ရလေဟန် ကြံဖန်ရေးသားပြောဆိုကြသည်မှာ မမှန်ချေ။ စင်စစ်အားဖြင့် ရခိုင်ရိုးမ အရိပ်ကျသဖြင့် မိုးလွတ်ခြင်းဖြစ်ပါသည်။ ပုဂံမပျက်မီ အေဒီ ၁၂၈၅-ခုနှစ်က တရုတ်နိုင်ငံ ပီကင်းအရောက် ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် **သျှင်ဒိသာပြာမုက်** ကမူ ပုဂံနိုင်ငံကို **တမ္ဗဒီပ** ဟု ခေါ်ပါသည်။ ကြေးနိုင်ငံဟု ဆိုလိုပါသည်။ ယင်းသို့ခေါ်ဝေါ်ခြင်းမှာလည်း အစဉ်အလာအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း၌ ဧရာဝတီမြစ်ကြီး စီးဆင်းပုံမှာ အရှေ့မှ အနောက်သို့ စီးသကဲ့သို့ ရှိပါသဖြင့် ထိုနေရာတွင် နေသူတို့ အတွက် ဧရာဝတီ၏ မြောက်ဖက်ကို **သုနာပရန္တ**၊ တောင်ဖက်ကို **တမ္ဗဒီပ** ခေါ်မြဲဖြစ်သည်ဆိုခြင်းနှင့်လည်း ကိုက်ညီပါသည်။ ကြေးနိုင်ငံဟု ခေါ်ခြင်းမှာ မိုးခေါင်သောအရပ်ဖြစ်ခြင်းကြောင့် စိမ်းစိုသည်ထက်

အခြောက်အသွေ့ လွန်ကဲလျက် ကြေးရောင်လွှမ်းနေမည်ဖြစ်ရကား စင်စစ်လျော်ကန်သင့်မြတ်လှသော အမည်သာ ဖြစ်ပါသည်။

ပုဂံကို အုပ်ချုပ်ရေးဗဟိုပြု၍ တဆယ့်တစ်ရာစုတွင် မြန်မာတို့သည် ခရိုန် နှင့် တိုက် မှ ကျော်၍ နိုင်ငံ ဖြစ်အောင် တိုက်ခိုက်သိမ်းသွင်းပေါ်တော့သည်။ ယင်းသို့ချဲ့ထွင်ရာ၌ ပထမဦးဆုံး ထင်ရှားသော မင်းကား အနိရုဒ္ဓပင် ဖြစ်ပါသည်။ ထိုမင်းနန်းတက်သောနှစ်ကို အမျိုးမျိုးမှတ်သားလျက်ရှိ၏။ မင်းအပေါင်း၏ နန်းစံရက်စွဲ အမျိုးမျိုးကို ကျောက်စာနှင့် အကိုက်ညီဆုံး ဖော်ပြနိုင်စွမ်းသော ရာဇဝင်ကျမ်းကား **ဇာတာတော်ပုံရာဇဝင်** ပင် ဖြစ်၏။ အနိရုဒ္ဓ ၏ နန်းတက်နှစ်ကို ကျောက်စာအားကိုးနှင့် မပြောနိုင်သော အခြေအနေ၌ ယာယီအားဖြင့် **ဇာတာတော်ပုံရာဇဝင်** ရက်စွဲကိုပင် ယူရ၏။ ထို့ကြောင့် အနိရုဒ္ဓ သည် အေဒီ ၁၀၄၄-တွင် နန်းတက်၍ အေဒီ ၁၀၇၇-ခုတွင် နတ်ရွာစံသည်ဟု ယာယီအားဖြင့် လက်ခံထားကြရပါသည်။ အနိရုဒ္ဓ ကား ပထမ ပုဂံ မင် ဘဝမှ မြန်မာအားလုံးနှင့်ဆိုင်သော မင်ကြီ ဖြစ်လာဟန်ရှိ၏။ဆိုလိုသည်မှာ မြန်မာတို့သည် အုပ်ချုပ်သူကို မင် ဟု ခေါ်မြဲဖြစ်ရာ ဒေသအလိုက် မင် များစွာ ရှိမည်ဖြစ်၍ ထို မင် အများမှ အားအကြီးဆုံး မင် သည် မင်ထက်မင် ဟူ၍ မင်ကြီ ဖြစ်လာပါတော့သည်။ မြန်မာအပေါင်းကို စည်းရုံးပြီးနောက် တဆယ့်တစ်ရာစုလယ်တွင် မြန်မာနယ်ကို လွန်၍ ချဲ့ထွင် သိမ်းပိုက်ရန် စီစဉ်ဟန်ရှိပါသည်။ အနိရုဒ္ဓ သည် မိမိ ပေါက်ရောက်သိမ်းပိုက်မိရာအရပ်၌ မိမိအမည်တံဆိပ် ခပ်နှိပ်သော မြေပုံဘုရားများ ထားခဲ့လေ့ရှိသဖြင့် အနိရုဒ္ဓ မြေပုံဘုရားတွေ့ရာအရပ်တိုင်း၌ အနိရုဒ္ဓ ပေါက်ရောက်၍ အနိရုဒ္ဓ ၏ ဩဇာကို ကျိုးနွံရသည်ဟု ဆုံးဖြတ်သင့်ပါသည်။ အနိရုဒ္ဓ ၏ ကျောက်စာဟူ၍ ခေတ်ပြိုင် မူလထိုး မကျန်ရစ်သဖြင့် ထိုမင်း၏လက်ထက်ကို ပြန်လည်ဖော်ထုတ်ရာ၌ မြေပုံဘုရားများကိုသာ အားကိုးကြရပါသည်။

အနိရုဒ္ဓ ၏ မြေပုံဘုရားများကျောဖက်တွင် မင်းကြီး၏ ဆုတောင်းကို ရေးသားခပ်နှိပ်လေ့ရှိ၏။ မင်းကြီးကိုယ်တော်တိုင်ရေးအံ့လောဟု တွေးစရာရှိပါသည်။ ထိုဆုတောင်းစာ၌—

ဧသော ဘဂဝါ မဟာရာဇသီရိအနိရုဒ္ဓဒေဝေန ကတော ဝိမုတ္တတ္ထံ သဟတ္ထေ နေဝါတိ ဟု ပါရှိ၏။ အနက်ပြန်ရလျှင်—

> ဧသောဘဂဝါ၊ ဤဘုရားကို။မဟာရာဇာသီရိအနိရုဒ္ဓဒေဝေန၊ သီရိအနိရုဒ္ဓမင်းကြီးသည်။
> ဝိမုတ္တတ္ထံ၊ သံသရာမှ လွတ်မြောက်ရန် အလို့ငှါ။ သဟတ္ထေနေဝ၊ မိမိလက်ဖြင့်သာလျှင်။
> ကတော၊ ပြုလုပ်တော်မူအပ်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

ဟု ပါရှိသောကြောင့် ထိုသို့ တွေးဆနိုင်ပါသည်။

မြေပုံဘုရားကို လေ့လာသဖြင့် ပေါ်လာသော အနိရုဒ္ဓလက်ထက်မှ အမည်များမှာ....မင်းအမည် အနိရုဒ္ဓ၊ မိဖုရားအမည် စံပေ၊ မင်းသမီးတပါးအမည် **သာလိနိ**၊ ဆရာတော်နှစ်ပါးအမည် **ဒိဝါစရိယေန** နှင့် **သုဒ္ဓမာဟ်**၊ **သံပျင်** ငါးဦးအမည် **စန္ဒြမာဟ်**၊ **ဗညာနော**၊ **တြာယာ**၊ **ယဿ** နှင့် **ဝိသန္တရာစ်**၊ **ကလန်** တဦးအမည် **ငဂေါင်** တို့ ဖြစ်ပါသည်။ **သံပျင်** ဟူသည် နောင်အခါ **အမတ်** ဟု အခေါ်ခံရသူများ ဖြစ်လာ၏။ **သံပျင်**၏ လက်အောက်တွင် **ကလန်** ရှိဟန်တူ၏။ အုပ်ချုပ်ရေးအရာရှိ

သို့မဟုတ် မင်းပေးရာထူးအမည်များဖြစ်ပါသည်။ ဘုရားတွင်လှူသော သစ်သီး၊ သစ်ပွင့် စသည်များကိုလည်း မြေပုံဘုရားတွင် ရေးထားလေ့ရှိပြန်သဖြင့် မြန်မာတို့၏အစောဆုံးလက်ရေးကို ကြည့်လိုလျှင် **အနိရုဒ္ဓ**လက်ထက်မှဟုခန့်မှန်းရသော ထိုမြေပုံဘုရားတို့တွင်ပါသော သစ်သီး၊သစ်ပွင့်မျိုးစုံကိုရေးသော လက်ရေးကိုကြည့်ရာ၏။ယင်းတို့၏အမည်များကိုမူ ပုဂံခေတ်စီးပွားရေးအကြောင်းကို ရေးသောအခါတွင်မှ အသေးစိတ်ဖေါ်ပြပါမည်။ မြေပုံဘုရားများတွင် ဗုဒ္ဓပုံတော်ကိုၡင်း၊ ဘုရားလောင်းပုံတော်များကိုၡင်း တွေ့ရသဖြင့် **အနိရုဒ္ဓ**၏လက်ထက်က ဗုဒ္ဓဝါဒ၏ ထင်ရှားသော မဟာယာနနှင့် ဟိနယာန ဂိုဏ်းကြီးနှစ်ဂိုဏ်းလုံးကိုးကွယ်သည်ဟု ဆိုရချေမည်။ သို့သော် **အနိရုဒ္ဓ**သည် ဘုရားဆုကိုမပန်၊ ရိုးရိုးအားဖြင့် နိဗ္ဗာန်ကိုရလို၏ဟု ဆုတောင်းသောကြောင့် ဟိနယာနဆန်၏။ မြေပုံဘုရားသည် အရွယ်အားဖြင့် အလျား ခုနစ်လက်မ၊ အနံ ငါးလက်မ၊ ထု သုံးလက်မရှိသည်က များ၏။ သို့သော် အလျားနှစ်ပေကျော်သော မြေပုံဘုရားလည်း ရှိပါသည်။ ပုံစံအားဖြင့် အထိပ်ချွန် ခုံးပေါက်သဏ္ဌာန် ရှိ၏။ **အနိရုဒ္ဓ**တံဆိပ်ခပ်နှိပ်သော မြေပုံဘုရားကို မြောက်အကျဆုံး ရွှေလီမြစ်ပေါ်မှ ဧအိုအနီး နွားတလည်ရွာဆိုးမှ စ၍ တကောင်း၊ ပုဂံ၊ မိတ္ထီလာ၊ မင်းဘူး၊ ပြည် စသည်တို့၌ တွေ့ရသည့်ပြင် တောင်အကျဆုံး တံ့တေးတွင် တွေ့ရှိရ၏။ ထို့ကြောင့် **အနိရုဒ္ဓ** သည် နယ်ချဲ့စစ်ကို တိုက်ရင်း ကောင်းမှုကုသိုလ်သည်း ပြုသူဖြစ်၍ ယခုထိုမင်း၏မြေပုံဘုရားတွေ့ရှိရာအရပ်များမှာ ထိုမင်း တိုက်ခိုက်အောင်မြင်ရာဒေသများဖြစ်၏ဟု မှတ်ကြရပါသည်။

**အနိရုဒ္ဓ**နယ်ချဲ့ရာ၌ မြောက်ဖက်တွင် ပထမ **ကန်တူ**တို့ အနိုင်ရလျက် နန်ကျောင်တို့၏ ခံတပ်ကို ဆက်လက်တိုက်ခိုက် အောင်မြင်သည်ဟု မှတ်ယူရပါမည်။ နန်ကျောင်ခံတပ်ကား ဧရာဝတီကို စီး၍ မြင်နေရသော မောလိုင်တောင်ဖျား၌ရှိသော ရှန်လုန်င် ဖြစ်၏ဟုဆိုရာ အနိရုဒ္ဓနိုင်သော ဂန္ဓာလရာဇ်ကား ရှန်လုန်င်ပင်ဖြစ်စရာရှိ၍ ယခုရွှေလီမြစ်ပေါ်မှ ဧအိုရွာအနီးအပါး၌ ဖြစ်နိုင်၏ဟုယူသင့်ပါသည်။ ထိုမှလှည့်ခဲ့၍ တောင်ဖက်ဖြစ်သော အကြေ တခွင်ကို သိမ်းသွင်းရန် အားထုတ်ပြန်ပါသည်။

အနိရုဒ္ဓသည် အေဒီ ၁၀၅၇ ခုတွင် သထုံကို တိုက်ယူကြောင်း အများပြောကြသော်လည်း ခေတ်ပြိုင်အမှတ်အသားမရှိချေ။ ထိုအကြောင်းကို အစောဆုံးရေးသော မှတ်တမ်းမှာ အေဒီ ၁၄၈၀ ပြည့်က ရေးသော **ရာမာဓိပတိ ၏ ကလျာဏီ** ကျောက်စာသာ ဖြစ်၍ အခိုင်အမာ မယူဝံ့ချေ။ ထို့ကြောင့် အများပြောဆိုလျက်ရှိကြသလို သာသနာရေး သက်သက်ကြောင့် အောက်ပြည်ထွင်ဆင်း၍ စစ်တိုက်သည်ကို မယုံရာ။ အထက်က မွန်တို့အကြောင်းရေးရာ၌ ထိုအချိန်က မွန်တို့တွင် ပြည်တွင်းမညီမညွတ်သည့်ပြင် ပြည်ပမှ ကြွမ်တို့ဖိစီးသဖြင့် ဒုက္ခဝိုင်းဝိုင်းလည်လျက်ရှိစဉ် အခါကောင်း အခွင့်ကောင်းယူလျက် မြန်မာက အလွယ်နှင့်ဆင်း၍ သိမ်းယူခြင်းသာ ဖြစ်ကောင်း၏။ ဖြစ်နိုင်လျှင် ထိုမျှဖြင့် မတင်းတိမ်မူ၍ အရှေ့အနောက် ကုန်သည်လမ်းဖြစ်သော မလေးကျွန်းဆွယ်မှ သလင်ကြေခေါ် ဆလဲန်အငူအထိ ဆင်း၍ သိမ်းပိုက်လိုဟန်ရှိပါသည်။ ထိုသဘောဝါဒကို အနိရုဒ္ဓ အား ဆက်ခံသောမင်းများ အောင်မြင်စွာ ဆက်လက်ကျင့်သုံးသည်ဟု ဆိုချင်ပါသည်။

အောက်မြန်မာနိုင်ငံကို သိမ်းယူမိလျှင် မွန်နှင့် ယခင်ကထက်ပို၍ အတွေ့အကြုံ များလာသဖြင့် မွန်တို့ထံမှ ယဉ်ကျေးမှု အမြောက်အမြားကို လက်ခံရရှိကြောင်း တွေ့ရ၏။ ပုဂံတွင် တဆယ့်တစ်ရာစုအကုန် တဆယ့်နှစ်ရာစုအကူးတွင် မွန်ဘာသာနှင့်သာ ကျောက်စာများ ရေးထိုးထားရစ်သည်က ထိုအချက် ဟုတ်မှန်ကြောင်း သက်သေခံလျက် ရှိပါသည်။ မွန်နှင့် ဆက်ဆံမိသဖြင့် အကျိုးထူးသလို

မြန်မာတို့ ပထမဦးဆုံး ပင်လယ်သို့ ပေါက်ရောက်လာသဖြင့် အိန္ဒိယ၊ သီဟိုဠ်စသော ဒေသတို့နှင့်လည်း တိုက်ရိုက်ဆက်ဆံခွင့်ရလျက် အကျိုးထူးများ ခံစားရပါသေးသည်။

မြန်မာ သီဟိုဠ် ဆက်ဆံရေးမှာ အထူးမှတ်သားဖွယ် ကောင်း၏။ သီဟိုဠ် ရာဇဝင်ဖြစ်သော **စူဠဝံသ**(အခန်း ၅၈)တွင် ဝိဇယဗာဟု ၁ (အေဒီ ၁၀၅၉-၁၁၁၄) ခေါ် သီရိသိင်္ဃဗောဓိ မင်းက **စောဠ** (တမေလ်ခေါ် ကျေးကုလား) တို့၏ရန်ကို ဖြိုခွင်းရန် အနိရုဒ္ဓထံမှ စစ်ကူတောင်းသည်ဟု ဆို၏။ အေဒီ ၁၀၆၀ ပြည့်လောက်က ဖြစ်နိုင်ပါသည်။ မြန်မာက ကူညီကြောင်းသိရ၏။ ထိုမှတဖန် **စူဠဝံသ** (အခန်း ၆၀) ၌ ဆက်လက်ဖော်ပြပြန်သည်မှာ ကျေးကုလားတို့ နှောက်ရှက်လွှမ်းသဖြင့် ပြည်ရွာ ချောက်ချားလျက် ရဟန်းသံဃာတို့ သေကြေပျက်စီးသဖြင့် ဗုဒ္ဓသာသနာ မှေးမှိန်လျက်ရှိခဲ့ရာမှ ရန်အပေါင်းကို ချိုးနှိမ်၍ အပြီးတွင် သာသနာကို ပြုစုလိုပြန်သဖြင့် မြန်မာရဟန်းများကို သီဟိုဠ်သို့ စေလွှတ်ပေးပါရန် အနိရုဒ္ဓထံမှ အကူအညီ တောင်းရပြန်သည်။ တောင်းတိုင်းလည်း ပေး၏။ အေဒီ ၁၀၇၁ ခုခန့်က ဖြစ်စရာရှိပါသည်။ သီဟိုဠ်၌ သာသနာ၏ အဓွန့်ရှည်စွာ တည်ရာသော အကြောင်း အထောက်အပံ့ ဖြစ်၍ အထူးမှတ်သားဖွယ်ဖြစ်၏။ မြန်မာ သီဟိုဠ် ဆက်ဆံရေးတွင် မြန်မာက စတင်လှူကျ ကျေးဇူးပြုရပုံကိုလည်း သတိပြုကြရာသည်။

အနိရုဒ္ဓမှစ၍ ပုဂံမင်းဆက်ကို အမည်နှင့်တကွ နန်းစံနှစ်များကိုပါ ဖော်ပြနိုင်ပါသဖြင့် အောက်တွင် ဇယားအင်းစောက်ပြု၍ ပြလိုက်ပါသည်။

# ပုဂံမင်းဆက်

| | | | |
|---|---|---|---|
| ၁။ | အနိရုဒ္ဓ | အေဒီ | ၁၀၄၄- ၁၀၇၇ |
| ၂။ | ဝေြာဘရဏ | ။ | ၁၀၇၇- ၁၀၈၄ |
| ၃။ | ထီလိုင်မင် | ။ | ၁၀၈၄- ၁၁၁၃ |
| ၄။ | စည်သူ ၁ | ။ | ၁၁၁၃-?၁၁၆၃ |
| ၅။ | ဋမ်တစ်သျှင် | ။ | ?၁၁၆၃- ၁၁၆၅ |
| | **မင်းမဲ့ကာလ ၉ နှစ်** | | |
| ၆။ | စည်သူ ၂ | ။ | ၁၁၇၄- ၁၂၁၁ |
| ၇။ | နာတောင်မျာ | ။ | ၁၂၁၁-?၁၂၃၁ |
| ၈။ | နရသိင်္ဃဥစ္စနာ | ။ | ?၁၂၃၁- ၁၂၃၅ |
| ၉။ | ကျစွာ | ။ | ၁၂၃၅-?၁၂၄၉ |
| ၁၀။ | စည်သူ ၃ (ဥစ္စနာ) | ။ | ?၁၂၄၉- ၁၂၅၆ |
| ၁၁။ | မင်ယန် | ။ | ?၁၂၅၆ |
| ၁၂။ | စည်သူ၄(တရုတ်ပြေး) | ။ | ၁၂၅၆- ၁၂၈၇ |
| ၁၃။ | ရှုယ်နန်သျှင် | ။ | ၁၂၈၈- ၁၂၉၇ |
| ၁၄။ | မင်လုလင်(စောနှစ်) | ။ | ၁၂၉၇- ၁၃၃၄ |

**မှတ်ချက်။** ။အနိရုဒ္ဓ မင်းဆက်သည် အေဒီ ၁၀၀၄-ခုတွင်ပြတ်၏။ထိလိုင်မင်ကား တေပါး မင်းတည်း။ ယင်း၏နောက်နှစ်ဆက်အလွန်တွင် အေဒီ ၁၁၆၅-ခု၌ သီဟိုဠ်က လာရောက်တိုက်ခိုက်၍ မင်းကို သတ်ဖြတ်ခဲ့သဖြင့် ကိုးနှစ်မျှ မင်းမဲ့တိုင်းပြည် ဖြစ်ရ၏။ ထိုနောက် အနိရုဒ္ဓ မင်းဆက် အေဒီ ၁၁၇၄-တွင် စပြန်သည်။အေဒီ ၁၃၃၄-ခုတိုင်အောင် ကိုးဆက်ရ၏။အေဒီ ၁၃၀၂-ခုတွင် **တက်တဝ်မူ** ဟူ၍ ခေတ္တမျှ မင်းပြိုင်ရှိ၏။



ပုဂံမင်းတပါး ဘုရားပူဇော်ဟန်

(ပထိုးသမျှားဘုရား နံရံဆေးရေးမှ ကူးယူရရှိသည်)

အနိရုဒ္ဓ လွန်လျှင် ဗြိဝဗြာဘရဏတြိဘုပတိ (ကျက်သရေရှိသော မိုးကြိုးအရှင် သုံးလူ့သခင်) ဘွဲ့ခံသူ မင်းဖြစ်၏။ ဇာတာတော်ပုံရာဇဝင် အရ အေဒီ ၁၀၀၄-ခုတိုင်အောင် စိုးစံသည်ဟု မှတ်သားရ ၏။ ထိုမင်းလက်ထက်၌ မွန်သူပုန်ထ၍ ပြည်ရွာချောက်ချားလျက် မင်းသည်း အသက်ဆုံးရှုံးရဟန် ရှိ၏။ အခြေအနေကို ထိန်းသိမ်းရန် သံပျင်ကလန်တို့အနက် စွမ်းသူကိုရွေး၍ မင်းမြှောက်ကြသည်ဟု ထင်မှတ်ဖွယ် ရှိပါသည်။ ဝဗြာဘရဏကို ဆက်ခံသူကား ထိလိုင်မင် ဖြစ်၍ မင်းရိုး မဟုတ်သော ကြောင့် တေပါးမင်းဟု ယူဆရပါမည်။

ထိလိုင်မင် ၏အဖကား အနိရုဒ္ဓ ပင် ဖြစ်လေသယောင်ယောင် ရေးမှတ်ကြသည်ကို တွေ့ရဘူးပါ သည်။ မှန်နန်းရာဇဝင်၊ ပထမတွဲ၊ အပိုဒ် ၁၃၀-၌ ထိလိုင်မင် ကို အနိရုဒ္ဓ နှင့်ယှဉ်သော "ပဋိသန္ဓေမှု"မှ မွေးသူဟု ဆို၏။ သို့သော် အပိုဒ် ၁၃၉-သို့ရောက်လျှင် ထိလိုင်မင်က မိမိသမီးကို အနိရုဒ္ဓ၏ မြေးနှင့် လက်ဆက်စေလိုသောအခါတွင် "ငါ့အရှင်မြေးတော်ဖြစ်သော စောယွမ်းနှင့် ပေးမြားအံ့"ဟု ဆိုပြန်

သည်။ ငါ့ခမည်းတော်ဟု မဆို။ ထို့ကြောင့် ကျမ်းတကျမ်းတည်းမှာပင် ရှေ့စကား နောက်စကား မညီ။ နောက်စကားသင့်၏။ အဘယ့်ကြောင့်ဆိုသော် **ဝဇြာဘရဏ** "တွင်၍ မင်းစဉ် မပြတ်လတ္တံ့" ဟု **မှန်နန်းရာဇဝင်** ပထမတွဲအပိုဒ် ၁၃၈-တွင် အသေအခြာဆို၏။လေ့ာ်ကားသုံးထောင်မှူးက အေဒီ ၁၅၁၆-ခုတွင် စပ်ဆိုသော **မင်းတရားရွှေထီးချေင်း**(အပိုဒ် ၅)တွင်—

> နော်ရထာ၏ ဆက်ကာမြေးသား၊ တလပ်ခြားရှင့်၊ တိုင်းကားနိုင်ငံ၊ ပြည်ပုကံ့ကို၊ တတန်ကိုးယောက်၊ လွန်ပြီးမြောက်မှ၊

ဟု စပ်ဆိုခဲ့ရာ ထိုစဉ်က ပုဂံမင်းဆက်ကို ကောင်းစွာမှတ်မိသေးဟန်ရှိ၏။ အထက်ကပြခဲ့သော မင်းဆက်စာရင်းတွင် အနိရုဒ္ဓမင်းဆက်သည် အေဒီ ၁၀၈၄-မှ ၁၁၇၄-အထိ ပြတ်နေပြီးမှ ပြန်၍ဆက်သော အခါ၌ မင်းကိုးပါးရှိကြောင်း တွေ့ရသဖြင့် လေ့ာ်ကားသုံးထောင်မှူးအဆိုနှင့် ညီညွတ်၏။ ထို့ပြင် အေဒီ ၁၇၂၅-ခုလောက်တွင် ဦးဖျော်စပ်ဆိုသော **ပလိပ်စား ချေင်း**(အပိုဒ် ၃၀)၌—

> စောလူး စံမြောက်၊ နှစ်ဆယ့်ခြောက်တွင်၊ ချောက်ချောက်ချားချား၊ မင်းကြား မချပ်၊ နှစ်နှစ်လပ်သော်၊

ဟု ရေးသားစပ်ဆို၏။စောလူးဟု လူသိများသော **ဝဇြာဘရဏ**သည် သကရစ် ၄၂၆-တွင် ပျံလွန်သည်ဟု ဆို၏။ **ဇာတာတော်ပုံရာဇဝင်** အရ သကရစ် ၄၄၆-ဖြစ်ရာ၏။ ထို့ကြောင့် ခရစ်နှစ် ၁၀၈၄-တွင် **ဝဇြာဘရဏ** ပျံလွန်ပြီးနောက် ပြည်ရွာများစွာ ချောက်ချားလျက် မင်းမဲ့ကာလ နှစ်နှစ်ကြာ၏ဟု ဆို၏။ ဤတွင် ပြည်ရွာချောက်ချားရခြင်းမှာ အစဉ်အလာ မှတ်သားချက်အရ မွန်သူပုန်ကြောင့် ဖြစ်ရသည်ဟု ယူဖွယ်ရှိ၏။ မင်းလည်း သူပုန်လက်တွင်းသို့ ကျဆင်းလျက် သေဆုံးရကား ကလန်၊ သံပျင်ထည်းမှ အတော်ဆုံး အစွမ်းဆုံးပုဂ္ဂိုလ်ကိုရွေး၍ ကြေကြေနပ်နပ် မင်းမြှောက်ကြဟန် ရှိသည်။ ယင်းသို့လျှင် နောက်ဆက်ခံသောမင်းမှာ အေဒီ ၁၀၈၄-ခုမှစ၍ မင်းဖြစ်သော်လည်း ပြည်ရွာငြိမ်းချမ်း၍ နှစ်နှစ်ကွာသော အေဒီ၁၀၈၆-ခုတွင်မှဘိသိက်ခံ၍ မင်းအဖြစ်ကို ယူရ၏ဟုသိရသောကြောင့် ဦးဖျော်၏ မှတ်သားချက်နှင့်လည်း တစိတ်တဒေသကိုက်ညီပါသည်။ အချုပ်ကို ဆိုရသော် အေဒီ ၁၀၈၄-တွင် **ဝဇြာဘရဏ** ပျံလွန်၍ **ထီလိုင်မင်း**သည် နန်းသိမ်းရသော်လည်း မွန်သူပုန်အရေးကြောင့် အေဒီ ၁၀၈၆ ခု ရောက်ခါမှ ဘိသိက်ခံရသည်ဟု မှတ်ယူရပေမည်။

ထီလိုင်မင်းမှာ တေပါးမင်းတည်း။ အများက မင်းအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဖြစ်၍ ယခင်က ဝန်းတွင်းမြို့နယ် ထီးလှိုင်ရွာ၏အကြီးအကဲဖြစ်ဟန်တူသည်။အချို့က ယင်းကို **ကလန်စစ်သား**ဟု ခေါ်လိုကြ၏။**ကလန်**ဟူသည် အုပ်ချုပ်ရေးအရာရှိအမည် ဖြစ်သကဲ့သို့ပင် **စစ်သား**မှာလည်း ရှေးကရှိဘူးသော ရိုးရာအလိုက် မြို့နယ်အုပ်ချုပ်သူတဦးပင် ဖြစ်ကြောင်း သိရပါသည်။ ဘွဲ့တော်ကား ဗြိတြိဘုနောဒိတျဓမ္မရာဇ ဖြစ်၍ ကျက်သရေရှိသော သုံးလောက၏ နေမင်း တရားမင်းဟု အနက်အဓိပ္ပါယ်ရှိပါသည်။ထိုမင်းထားခဲ့သော ကျောက်စာအားလုံးမှာ မွန်ဘာသာနှင့်ဖြစ်သည်ကို ထူးခြား မှတ်သားဖွယ်ဖြစ်၏။ ရွှေစည်းခုံကျောက်စာကြီး၌ ထိုမင်းသည် ယခင်ဘဝက ကြိုကွမ္မတြကို တည်သော ပိဿနိုးနတ်မင်းကြီး ဝင်စားသူ ဖြစ်သည်ဟု ဆိုပါသည်။ ထိုသို့ ရေးသားပုံမျိုးကို ရာဇဝင်တွင်

အထောက်အထားမရသော်လည်း ထိုကျောက်စာ၌ ဆက်လက်ဖော်ပြသော အကြောင်းအချက်တို့ကား ရာဇဝင်တန်ဘိုးရှိကြောင်း တွေ့ရ၏။ ထိုမင်းလက်ထက်၌ ဆူပူမှုများရှိပုံ၊ နှိပ်နင်းရပုံ၊ ပြန်လည်ထူထောင်ရေးလုပ်ရပုံ စသည်ဖြင့် ပြည်တွင်းသူပုန်သူကန် ရှိဘူးကြောင်း အရိပ်အမြွက်ပါ၏။ ထိုဆူပူမှုကား အနိရုဒ္ဓ ဆက်ဖြစ်သော **ဝဇြာဘရဏ်** ပျက်စီး၍ အခြေအနေကို ထိန်းနိုင်မည့် ဘုန်းပညာ ရှိသူ **ထိလိုင်မင်** အား တိုင်းပြည်ကိုအပ်၍ မင်းမြှောက်ရသော ရေမန်ကန်း၏ မွန်သူပုန်ပင်ဖြစ်မည် ထင်ပါသည်။ ဘုရင်ဖြစ်လာသောအခါ၌ အများပြည်သူတို့ သာယာဝပြောအောင် သတိပြု၍ အုပ်ချုပ်ပါမည်ဟု ကျောက်စာ၌ ဂတိပြုကြောင်းဖတ်ရ၏။ထိုမင်း၏ဘွဲ့တော်ကိုလည်း များစွာချဲ့ထွင်၍ ဂြီတြီ**ဘုဝနာဒိတျဓမ္မရာဇရာဇာပရမိသွရဗလစက္ကဝရ်** ဟု ထိုကျောက်စာ၏ နောက်ပိုင်း၌ ဖော်ပြ၏။ ထိုဘွဲ့မှာ ကျက်သရေရှိသော သုံးလောက၏ နေမင်းဖြစ်၍ တရားမင်းဟူ၍လည်း အခေါ်ခံထိုက်လျက် အဆူဆူသောမင်းတို့၏ အရှင်ဘဝရှင် စကြာဝတေးမင်းကြီးဟု အဓိပ္ပါယ်ရပါသည်။ ထိုမင်း၏အမျိုးအဆက်ကိုလည်း အဖမှာနေမျိုး၊အမိမှာ ဥသျှစ်မျိုးဟု ရေး၏။ အနိရုဒ္ဓ၏သားဟု မည်သည့်ခေတ်ပြိုင်မှုလထိုးကျောက်စာတွင်မှ မတွေ့ချေ။

တိုမင်းလက်ထက်၌ ကောင်းသော အစီအရင်များစွာ ပြုခဲ့သည်ဟု သိရ၏။ ဘုရင့် အမိန့်နှင့် စိုက်ပျိုးရေးအလို့ငှါ ကန်ဆည်ခြင်း၊ မြောင်းတူးခြင်းတို့ ပြုခဲ့၏။ မွန်တို့ဒေသ၌ ပျက်လေသော ရှေးဘုရားတဆူကို ၁၀၉၈-ခု ဧပြီ ၁၆-ရက်တွင် ပြင်ဆင်ခဲ့၏။ဘုန်းကြီးကျောင်းတည်၍ အစဉ်အထောက်အပံ့ရစေရန် လယ်ယာမိုးမြေလှူ၏။ ပိဋကတ်ကို စစ်ဆေး သုတ်သင်၍ တစုံကူးစေ၏။ ဗုဒ္ဓ ဂါယာ၌ ပျက်စီးယိုယွင်း ရှိသည်များကို ပြုပြင်ရန် တမန်တို့ကို စေ၏။ စိုက်ပျိုးရေးအလို့ငှါ ဆည်များ ကန်များ ပြုစေ၏။ သီခြင်း၊ ကခြင်း၊ တီးမှုတ်ခြင်းတို့၌ ပြုပြင်တိုးတက်စေ၏။ ရှေးသာသနာ့ အဆောက်အအုံတို့ကို ပြင်စေ၏။ မြို့တော်ရှိ သံဃာတို့အား ပစ္စည်းလေးပါးအလိုပြည့်စေ၏။ မင်းကြီးလုံးလဖြင့် နိုင်ငံခြားမှ မင်းသားတပါးကို ဗုဒ္ဓသာသနာတွင် သက်ဝင်ယုံကြည်စေ၏။ ပြည်သူအများကိုလည်း စာရိတ္တကောင်းမွန်လာစေရန် သွန်သင်၏။ သစ်ပင်များ ပြန်လည်စိုက်စေ၏။ ကျေးငှက် နှင့် သားကောင်များကို ဘေးမဲ့ ပေးတော်မူ၏။ ခရစ်နှစ် ၁၁၀၁-ခု ဒီဇင်ဘာလတွင် နန်းတော်သစ်ကို တည်ဆောက်ခဲ့သည်။ သစ်သားဖြင့် ဆောက်ဟန်ရှိ၏။ အဘယ်ကြောင့် ဆိုသော် ထိုနန်းတော်ကို ယခုကျွန်ုပ်တို့ အစအနမျှပင် ရှာ၍မတွေ့ရသောကြောင့် ဖြစ်ပါသည်။ ထိုနန်းတော်ကို ၁၁၀၂-ခု ဧပြီလတွင် လက်စသတ်ပါသည်။ ယင်းနန်းတော်တည်ဆောက်ပုံကို အသေးစိပ်ဖော်ပြသော ကျောက်စာထားရစ်၏။ ထင်ရှားသော အချက်နှစ်ရပ် တွေ့ရသည်ကား ဗိဿဏိုးနတ်မင်းဆိုင်ရာ ပူဇော် ပသပွဲများကို အရေးပေးခြင်းနှင့် အထက်တန်း ချီးမြှင့်အပ်သော ရာထူး ဌာနန္တရတို့၌ မွန်လူမျိုးများကိုလည်း ပေးအပ်ထားခြင်းပင်ဖြစ်၏။အခြား စိတ်ပါဝင်စားဖွယ်ဖြစ်သော အကြောင်းတရပ်ကား ယင်းကျောက်စာ၌ မိရ်မာ (မြန်မာ)ဟူသော ဝေါဟာရကို **ရမည်** (မွန်) နှင့် **တိရ်စုလ်** (ပျူ) ဝေါဟာရတို့နှင့် တွဲ၍ ပထမဆုံးအကြိမ် တွေ့ရှိရခြင်းပင် ဖြစ်ပါသည်။ထိုမင်းရေးထိုးခဲ့သော မည်သည့်ကျောက်စာတွင်မျှ ရှေးရေး မြန်မာရာဇဝင်တို့၌ ဖော်ပြပါရှိလေ့ ရှိသော ကျန်စစ်သား ဆိုသူသည် အနိရုဒ္ဓလက်အောက်၌အမှုထမ်းခဲ့သဖြင့် နာမည်ရပုံနှင့် မင်းပျိုမင်းလွင်ဘဝ အချစ်ဇာတ်လမ်းများပေါ်ခဲ့ပုံကို မတွေ့ရပါ။ **ရာဇကုမာရ်** ကျောက်စာတွင် ထိုမင်း၏ ဇာတ်သိမ်းကို တွေ့ရပါသည်။

မင်းကြီးသည် ထို ရာဇကုမာရ် ကျောက်စာ အရ အေဒီ ၁၁၁၂-ခုတွင် နှစ်ဆယ့်ရှစ်နှစ် ထီးနန်းစိုးစံပြီးနောက် "သိယ်ခမ္မနာ"လျက် ရှိပါသည်။ **တိလောကဝဋံသကာဒေဝီ** နှင့် ရသော သားတော် **ရာဇကုမာရ်** သည် နာလျက်ရှိသောအဖအနီးသို့ ချဉ်း၍ အဖကိုယ်စား ပြုခဲ့သော ကောင်းမှုကုသိုလ်တို့ကို လျှောက်ထားလျှင် မင်းကြီးက "ကောင်လှောင်တေဟ်၊ ကောင်လှောင်တေဟ်"ဟု သာဓုအနုမောဒနာ ခေါ်ပါသည်။ ယင်းသို့ လိမ်မာလှသည့် သား **ရာဇကုမာရ်** ကို အဘယ့်ကြောင့် ထီးမွေ မပေးခဲ့ပါသနည်း။ **မှန်နန်းရာဇဝင်**(ပထမတွဲအပိုဒ် ၁၃ဂ-၉)ပါ အကြောင်းပြချက်လည်း ကြေနပ်ဖွယ် မဟုတ်ချေ။ ထိုမင်း နန်းရ၍ နှစ်နှစ်အကြာတွင် သားအရင်း ပေါ်ပေါက်လာသော်လည်း မြေးကို ထီးမွေပေးပြီး ဖြစ်နေသည်ဟု ဆို၏။ ထိုအခြင်း အရာကား အေဒီ ၁၀၈၆-တွင် ဖြစ်ရချေမည်။ သို့သော် မြေးတော်သည် အေဒီ ၁၁၁၅-ခု ရေးထိုးသော ကျောက်စာ(ဓါတ်ပုံ ၁၁၃)အရ ၁၁၀၉-တွင်မှ မွေးဖွားသူဖြစ်ရာ **စည်သူ ၁** (အလောင်းစည်သူ) ထီးနန်းရဟန်ကား မတော်တဆ ဖြစ်ရသည်ဟု ဆိုခြင်းကို ယုံမှတ်ရန် ခဲယဉ်းလှပါသည်။ နိုင်ငံရေးအရ လိုအပ်သဖြင့် သိသိသာသာ တွက်ချက်၍ ယင်းသို့ပြုခဲ့ရသည်ဟု ဆိုရအံ့ထင်သည်။ မင်းကြီးနှင့်တကွ သားတော်ပါ ပုဂံထီးနန်းကို တိုက်ရိုက်စိုးပိုင်ခွင့် ရနိုင်သော မျိုးဂုဏ်အရည်အခြင်းမရှိသော်လည်း မြေးတော်ကား ရှေးရိုးမင်းဆက်၏ မင်းသားတပါးမှ ပေါက်ဖွားသူဖြစ်သဖြင့် နန်းကိုဆက်ခံခွင့် ရှိပါသည်။ ယင်းမင်းသားကား အဘယ်မင်းသားနည်း။ **အနိရုဒ္ဓ**၏မြေး စောယွမ်းဖြစ်သည်ဟု **မှန်နန်းရာဇဝင်** (ပမတွဲ အပိုဒ် ၁၃၉)က ဆို၏။ သို့သော် အချို့သော ပညာရှင်တို့ ယူသည်ကား သထုံနန်းကျ **မကုတ**၏ မြစ်တော် **နာဂသမန်း** ဖြစ်သည်။ (စာရင်း ၃၄၆)။ ယင်းသို့ယူလျှင် ထိုမင်းလက်ထက်၌ မင်းတိုင်ပင်ဟု ယုံမှတ်ချီးမြှင့် ခံရသူတို့တွင် မွန်လူမျိုး အများပါဝင်၍ ရေးထိုးသမျှ ကျောက်စာတို့လည်း မွန်ဘာသာဖြစ်စေသည့် မင်းကြီး၏ မွန်မြန်မာချစ်ကြည်ရေးဝါဒနှင့် ကောင်းစွာ ကိုက်ညီသည်ဟု ဆိုရပေမည်။ သမီးတော်နှင့် မကုတမြစ်ကို ဤသို့စုံဖက်ခြင်းမှာ ငရမန်ကန်း ပုံစားပုံကန် ပြုစဉ်က လုပ်ခဲ့ရဟန်ရှိ၍ နောင်အခါဝယ် မင်းလုပ်မည့်သူကို မွန်ရော မြန်မာပါ မညင်းနိုင်ကြရလေအောင် ထိုမောင်နှံတွင် မြင်သည့်သားကို နန်းညွန့်နန်းလျာ ပြုမည်ဟု အာမခံခဲ့ရဟန်တူ၏ ဟူ၍ ပညာရှင် အချို့က စိတ်ကူးကောင်းကောင်းနှင့် ရေးကြသည်။ ယင်းသို့ဖြင့် **စည်သူ ၁** (အလောင်းစည်သူ)ဘွဲ့ခံ မြေးတော်က ထိုမင်း၏ ထီးနန်းရိုပ်ရာကို ဆက်ခံပါသည်။

**စည်သူ**ကား အေဒီ ၁၀၇၉-တွင် မွေးဖွားသူဖြစ်၍ အေဒီ ၁၁၁၃-တွင် ထီးနန်းရပါသည်။ ဘွဲ့တော် **စည်သူ** မှာ ပွဲရသူရဲကောင်း အနက်ရသော ဇေယျသူရကို မြန်မာဆန်ဆန် ခေါ်ခြင်းပင်ဖြစ်၏။ ပုဂံခေတ်လွန်လျှင် ယင်းကို ဘုရားလောင်း ပွဲရသူရဲကောင်း ဟူ၍ အလောင်းစည်သူဟု တွင်သည်။ ထိုမင်း၏ အခြားသော ဘွဲ့အမည်ကား **သက်တဝ်ရှည်**၊ **ရှေကူဒါယကာ ဂြိတိဘုဝနာဒိတျ ပဝရဓမ္မရာဇာ** (ကျက်သရေရှိသော သုံးလောကနေမင်း မြတ်စွာသော တရားမင်း)တို့ ဖြစ်ပါသည်။ ပုဂံ ရွှေဂူဘုရားအတွင်း နံရံတွင်မြှုပ်ထားသော ပါဠိ၊ သက္ကတ နှစ်မျက်နှာကျောက်စာကို ထိုမင်းရေးထိုး၍ ထားခဲ့ပါသည်။ ရွှေဂူကို ၁၁၃၁-ခု မေလ ၁၇-ရက် တနင်္ဂနွေနေ့တွင် စတင်တည်ဆောက်၍ ထိုနှစ် ဒီဇင်ဘာလ ၁၇-ရက် ကြာသပတေးနေ့တွင် လက်စသတ်ပါသည်။ တိုင်းခမ်းလှည့်လည်ကြောင်းများကို အရေးအပြောရှိသော်လည်း ကျောက်စာ အထောက်အထားဟူ၍ မတွေ့ဘူးပါ။ **သက်တဝ်ရှည်** ဟူသောဘွဲ့တော်အရ ခုနစ်ဆယ့်လေးနှစ် နေရ၍ အေဒီ ၁၁၆၃-တွင် ပျံလွန်တော်မူသည် ယူသင့်၏။

အကြောင်းသော်ကား မှန်နန်းကျောက်စာ ( ဓါတ်ပုံ ၄ နှင့် ၅ ) အရ ဆက်ခံသူ မင်းသစ်သည် ခအေဒီ ၁၁၆၅ တွင် မမ္မရံကြီးဘုရားကိုတည်၍ လက်စသတ်ပြီးဖြစ်ရကား အေဒီ ၁၁၆၃ ခုလောက်က ဘုရင်ဖြစ်နေသူဟုယူဆဖွယ်ဖြစ်ပါသည်။ သက်စိုးတောင်ကျောက်စာ (ဓါတ်ပုံ ၆၀-က)တွင် ရှေ့ပိုင်း ပုက်မင်းဆက်စာရင်းပါသဖြင့် **စည်သူ** ကို မည်သူဆက်ခံသည်ဟု ပြောနိုင်ကြ၏။

ဆက်ခံသူကား **ဣမ်တဝ်သျှင်**(ရှေနန်းရှင်)ဖြစ်သည်။ ရှေးမြန်မာစာ၌ **ဣမ်တဝ်**ဟူသည် နန်းတော်ကို ဆိုလိုရကား ယင်းဘုရင်လက်ထက်၌ နန်းတော်အသစ် ဆောက်သည်ဟု ယူဆရအံ့ထင်၏။ ယင်းကား ရာဇဝင်ကျမ်းများ၌ နရသူခေါ် ကုလားကျမင်းပင် ဖြစ်ပါသည်။ နိုင်ငံခြားသားများ လာ၍ လုပ်ကြံခြင်းကို ခံရသည်ဟု အဆိုရှိရာ အဘယ်ပြည်သားတို့နည်းဟု မေးဖွယ်ရှိ၏။ မှန်နန်း (ပထမတွဲ အပုဒ် ၁၄၂)တွင် ပဋိက္ကရားမှ ကုလားများဟုဖေါ်ပြသည်။ သို့ယော် **စူဠဝံသ** (အခန်း ၇၆) အဆိုအားဖြင့် ပရက္ကမဗာဟု ၁(၁၁၆၃-၈၆)သည် **အာဒိစ္စ**ကို အမှူးအချုပ်ထား၍ မြန်မာနိုင်ငံသို့ စစ်ထွက်စေရာ နိုင်ငံကိုအလိုတော်ပြည့်၍ မင်းကိုလည်းသတ်ရသည်ဟူ၏။ ဖြစ်ပျက်ပုံ အချုပ်ကိုပြောရလျှင် ထိုမင်း၏ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် အမြော်အမြင် နည်းခြင်းကြောင့် အစဉ်အလာအားဖြင့် မဟာမိတ်ဖြစ်သော သီဟိုဠ်နှင့် မသင့်မမြတ်ဖြစ်ကာ နောက်ဆုံးတွင် စစ်ဖြစ်ရသည့်အထိ ရန်စ ရှည်ရခြင်း ဖြစ်ပါသည်။ သီဟိုဠ်နှင့်စစ်ဖြစ်ချိန်တွင် မူလ **အနိရုဒ္ဓ** လက်ထက်ကစ၍ မလေးကျွန်းဆွယ်မှ **သလင်ကြေ**တိုင်အောင် သိမ်းယူလိုသော ဝါဒအတိုင်း ပြီးမြောက်သဖြင့် အရှေ့ အနောက် ကုန်သည်လမ်းကို မြန်မာက အုပ်စီးပြီးဖြစ်ချေမည်။


သီဟိုဠ်တွင် **ပရက္ကမဗာဟု ၁** အုပ်စိုးစဉ် ထိုမနှစ်မြို့ဖွယ်ရာသော အဖြစ်အပျက်ဖြစ်ရပုံကို **စူဠဝံသ** (အခန်း ၇၆) ၌ တွေ့ရသည့်အတိုင်း ကောက်နုတ်ဖေါ်ပြပါမည်။

> **လက်ာ**(သီဟိုဠ်)နှင့် **ရာမည** (မြန်မာနိုင်ငံတခုလုံးကိုဆိုလိုသည်) နှစ်နိုင်ငံ သည် အစစ်အမှန် ဖြစ်သော အယူဝါဒကို ယူသူများ နေထိုင်ကြသဖြင့် မည်သည့်အခါကမျှ သဘောကွဲလွဲသည်ဟု မရှိခဲ့ပါ။ **လက်ာ** မင်းနှင့် **ရာမည** မင်းတို့လည်း **သုဂတ**၏ အဆုံးအမ၌တည်သူများ ဖြစ်ပါသည်။ စိတ်ဖြင့် ယုံကြည်မြတ်နိုးလျက် အဘိုးထိုက် အဘိုးတန် လက်ဆောင်ပဏ္ဏာများ အပြန်အလှန် ပို့သမြဲတည်း။ ဤနည်းနှင်နှင် ကာလကြာမြင့်စွာ အဆက်မပြတ် ဆက်ဆံခဲ့သည်။ **ပရက္ကမဗာဟု**မင်းနှင့်လည်း **ရာမည**သည် ရှေးကပြုမြဲအတိုင်း အကြည်အသာ ဆက်ဆံပါ၏။ သို့သော် (တဖက်မင်းသည်)စဉ်းလဲသောအားဖြင့် **လက်ာ**မှပင်သွားသော မလိုသူအချို့၏ ဂုံးစကားကို စွဲမြဲလက်ခံလျက်**လက်ာ**မင်းတို့သံတမန်တို့ကို ကြိုဆိုပြုစုမြဲမပြု၊ရုတ်သိမ်း၏။ ထိုမှတဆင့်တက်၍ တိုင်းတပါးမှ ဝယ်ယူလိုသောဆင်များကို မရောင်းရဟု အမိန့်ထုတ်ဆင့်သေး၏။ မလိုမုန်းထားစိတ် ဆက်လက်နှိုးဆော်လျက် ငွေစင်နိက္ခတထောင်မျှတန်သောဆင်ကို နှစ်ထောင် သုံးထောင် အဘိုးထား၏။ ထို့ပြင် လက်ဆောင်ပဏ္ဏာပါသော သဘော်တစင်းလျှင် ဆင်တစီးစီ လက်ဆောင်ပြန်မြဲဖြစ်သော အစဉ်အလာကိုလည်း ဖျက်၍ မပေးနေသည်။ ရွှေပေစာနှင့် မိမိထံသို့ လာသော သံတမန်ကိုပင် **ကမ္ဘောဇ**သို့ သွားသော သံဖြစ်တော့သည်ဟု မဟုတ်မတရားပြော၍

**လက်ာ**မှ သွားသော သံတို့၏ ပစ္စည်းဥစ္စာအားလုံး သိမ်းယူပြီးနောက် **မလယနယ်**တွင် ခံတပ်တွင်း၌သွင်း၍ထား၏။ မိမိစေလွှတ်သော **တပဿိန်**ကို **လက်ာ**မင်းက ထိုက်တန်အောင် ကြိုယူပြုစုချီးမြှင့်သည်ကိုသိလျက်နှင့် နိုင်ငံရေးရာ ဆင်ခြင်အပ်သော သဘောတရားအားလုံး လက်လွှတ်၍ **လက်ာ**မင်း၏ သံအားလုံးပိုင် ငွေ၊သင်္ဘော၊ဆင်စသော ပစ္စည်းများကို သိမ်းယူလျက် သစ်သားတုံးခတ်၍ နှိပ်စက်နည်း အမျိုးမျိုးဖြင့် နှိပ်စက်၍ အကျဉ်းထောင်၌ ရေဖြန်းသော အလုပ်ကြမ်းကို လုပ်စေ၏။ **ဇမ္ဗူဒီပ** မှ **ကဿပ** မင်းသားက ရွှေပေစာနှင့်တကွ အဘိုးထိုက် လက်ဆောင်ပို့ လိုက်သည်ကိုစော်ကားရိုင်းပြစွာပြောဆို၍ သံတို့ကိုနှင်ထုတ်လိုက်၏။ တနေ့တွင် **သီဟလ**သံတို့ကိုခေါ်၍ ယခုမှအစပြုလျက် နောင်တွင် မည်သည့် **သီဟလ**သင်္ဘောမျှ ငါ၏ နိုင်ငံသို့ မစေလွှတ်ရ၊ အကယ်၍ နောင်အခါ စေတမန်တို့ရောက်လာ၍ သုတ်သင်ရပါလျှင် ငါတို့၌အပြစ်မရှိကြောင်း အသိအကြားစာရေးသားပေးခဲ့ဟုခိုင်း၏။ မရေးပေးလျှင် နေထိုင်ရာဇာတိသို့ မပြန်ရဟု အာဏာထား၏။ ယင်းသို့လျှင် နောင်အခါလွန်ကျူးလာသူကို အပြီးပြန်ခွင့်မရှိကြောင်ငြာချက်ကို လက်မှတ်ရေးထိုးစေ၍ ယူလိုက်သည်။ ဆရာတော် **ဝါဂိဿရ** နှင့် **ဓမ္မကိတ္တိ**တို့ကို ရေယိုနေသော သင်္ဘောနှင့် ပင်လယ်သို့ မောင်းထုတ်လိုက်၏။ လက်ာမင်းက ဆင်ဝယ်ရန်လွှတ်သော တမန်တို့ထံမှ လက်ဆောင်ကို ခံယူလျက် ပစ္စည်းအားလုံးကို သိမ်းပြီးနောက် ဆင် ၁၄ ကောင်နှင့် ငွေပေးလျော်မည်ဟု ကတိပြုလျက် မပေးနေ၏။ ထို့ပြင် **လက်ာ**မင်းက **ကမ္ဘောဇ**နိုင်ငံသို့ သမီးကညာပို့ဆက်သည်ကို သိမ်းယူ၏။

ဤအကြောင်းများကို ပြလျက် **ပရက္ကမဗာဟု ၁** က စစ်ပြင်ဆင်၏။ **အာဒိစ္စ**ကိုဦးစီးစေ၏၊ ရေတပ်ကို ငါးလအတွင်းပြင်ဆင်ပြီးသည်။ တနှစ်အတွက်ရိက္ခာယူစေ၏။ သံကြပ်ကာများကိုငှင်း၊ ဆင်တပ်ကို နှိပ်နင်းရန် သံခေါင်းတပ်မြှားကိုငှင်း ယူစေ၏။ ဆိပ်လူးမြှားဒဏ်ကိုကုသရန်ဆေးကို ကျွဲချိုနှင့်ထည့်၍ ယူစေ၏။ နုံးမြေအရပ်၌ဖြစ်တတ်သော ရောဂါများအတွက် ဆေးလည်းပါရသည်။ မြှားခေါင်းကို နှုတ်ရန် ဇာကနာကအစပါ၏။ ဆေးပညာတတ်ကျွမ်းသူနှင့် အပြုအစု အမျိုးသမီးများလည်း ထည့်လိုက်သည်။ သူနာပြုပါမကျန် ပြည့်စုံသော တပ်ဖွဲ့ ဖြစ်ပါတော့သည်။ တပ်သားတို့ကလည်း လက်ရွေးစင်များသာ ဖြစ်၏။ ပင်လယ်၌ရေတပ်ကြီးစတင်ထွက်ခွါသောအခါ၌ လှုပ်ရှားနေသောကျွန်းကြီးတကျွန်းကဲ့သို့ပင် မြင်ကြရပါသည်ဟုဆို၏။ မုန်တိုင်းမိသဖြင့် သင်္ဘောအချို့ နစ်မြုပ်၍ အချို့လိုရာမရောက်ဘဲလွင့်မြောသွား၏။ ကျီးကန်းကျွန်းကို ဆိုက်ကပ်၍ လက်ရသုံ့အများဖမ်းသည်။ **ကုသုမိ** (ပုသိမ်)သို့ ရောက်သောန ဂရဂီရိကိတ္တိကလည်း များစွာ ဖျက်ဆီးလုယက်သတ်ဖြတ်၏။ **အာဒိစ္စ** မှာ အလိုရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလျက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီးနောက် မင်းကို သတ်ရ၏။ ပြီးမှ ရဟန်းတော်တို့ ဖြန်ဖြေတောင်းပန်သဖြင့် အခွန်ဘဏ္ဍာသိမ်းယူ၍ ပြန်ကြ၏။ ထိုသို့ ပင်လယ်မှ ကျူးကျော်လာသူတို့ကား အေဒီ ၁၁၆၅ ခုတွင် မင်းကို သတ်ညှစ်နိုင်သည့် အထိ အောင်မြင်ကြပါသည်။

ယင်းအဖြစ်အပျက်ကို ထောက်ခံဖော်ပြသော ကျောက်စာတချပ်ရှိပါသည်။ သီဟိုဠ် ကေဂလ္လ ခရိုင်၊ ကန္ဒိ၏အရှေ့ ဆယ်မိုင်ခန့်အကွာရှိ **ဒေဝနဂလ** ကျောက်စာတွင် **ကိတ္တိ**၏ ပုသိမ်အရေးတော်ပုံကို အသေးစိတ်ဖော်ပြ၍ အောင်ပွဲခံခဲ့ရသော **ကိတ္တိ** ကို မင်းက ရဲဆုပေးသော လယ်ကို **ကိတ္တိ** ကပင်



သီဟိုဠ်က မြန်မာသို့ အေဒီ ၁၁၆၅ ခုတွင် လာ၍ တိုက်ခိုက်ကြောင်းပါသည့် သီဟိုဠ်၊ ကောသလ္လခရိုင်မှ **ဒေဝနဂလ**ကျောက်စာ (**သီဟိုဠ်ကျောက်စာ**ပေါင်းချုပ်၊အတွဲ ၃၊ အမှတ် ၆၊ ဓါတ်ပုံ ၃၇ ကို ကူးယူဖေါ်ပြသည်။)

သာသနာ၌လှူကြောင်း မှတ်တမ်းတင်သည့် ခေတ်ပြိုင်ကျောက်စာပင် ဖြစ်ပါသည်။ **စူဠဝံသ** နှင့် **ဒေဝနဂလ**ကျောက်စာတို့က အေဒီ၁၁၆၅ ခုတွင် မြန်မာနိုင်ငံကို သီဟိုဠ်ကတိုက်ခိုက်လျက် မင်းကိုသုတ်သင်ပြီးနောက် ရဟန်းတို့အဆုံးအမကို ခံယူလျက် ဝတ္ထုပစ္စည်းမျှ သိမ်းစုကာ ယူငင်၍ ပြန်သွားကြသည်ဟု ဆိုသည်ကို မြန်မာ့အစဉ်အလာ၌လည်း ကုလားကျမင်းဟူ၍ ရှိခြင်းကြောင့် တိုက်ဆိုင်ညီညွတ်သည်ဟု မှတ်ယူကြပါသည်။

သီဟိုဠ်က လာရောက်တိုက်ခိုက်ပြီးနောက် ကိုးနှစ်မျှ မင်းမဲ့ကာလ ကြုံရ၏။ ယင်းသို့ အရှိန်အဝါကောင်းလျက် တဟုန်တည်း တိုးတက်လာသော မြန်မာသည် တိုင်းနိုင်ငံကြီးတည်လျက် အနှစ်တရာကျော်မျှလောက်သာ နေရပြီးနောက် ရုတ်တရက်အားဖြင့် ထာဝစဉ် မဟာမိတ်ဟု ယူဆသော သီဟိုဠ်က ဝင်ဖျက်သဖြင့် ပျက်စီးရသည်မှာ အထူးနစ်နာလှသည်။ သို့သော် ခေတ္တခဏမျှသာ တန့်ရပ်ခြင်းဖြစ်၍ ဆက်လက်ကြီးပွားမြဲ နောက်ထပ်အနှစ်တရာကျော် ကြီးပွားပြန်သည်ကို တွေ့ရပါသည်။

အခြေခံအဖွဲ့အစည်း အလွန်ကောင်း၍ ခေါင်းဆောင်ညံ့သဖြင့်သာ ယာယီမျှ ပျက်စီးရသော်လည်း ဆက်လက်တိုးတက်ခြင်း ဖြစ်နိုင်သည်ဟု ယူဆရပါမည်။ ဖြန့်ဖြေနိုင်လောက်အောင် ဩဇာရှိသော ရဟန်းတော်များကိုလည်း ကျေးဇူးတင်ရပါမည်။တဖက်တွင်ကြည့်ပါမူ အခြေခံအဖွဲ့အစည်း ညံ့သဖြင့် ကွဲပြိုပြီးနောက် မြန်မာက သိမ်းယူခြင်းခံရသော မွန်သည် ယခုလို မြန်မာတို့ ကိုးနှစ် ဒုက္ခရောက်ချိန်ကို အခွင့်ကောင်းယူ၍ တိုင်းပြည်သစ် မင်းဆက်သစ် ထူထောင်နိုင်စရာရှိသော်လည်း မထူထောင်နိုင်ခြင်းကို သတိပြုရာ၏။ မြန်မာအဘို့လည်း သီဟိုဠ် မဝင်မီ အနှစ်တရာကျော်က လူမျိုးခြား ယဉ်ကျေးမှုကို အားလုံးနှစ်သက်ကြေနပ်နေဟန် တွေ့ရလျက် သီဟိုဠ်ဝင်ပြီးနောက် အနှစ်တရာကျော်တွင်ကားအစစ မြန်မာဆန်အောင် အားထုတ်လျက် စာဒပနှင့်တကွ အနုပညာ အဆောက်အအုံအားလုံးတွင် မြန်မာ နည်းဖြင့် တီထွင်တိုးတက်လာကြောင်း တွေ့ရသည်မှာ အားရစရာဖြစ်ပါသည်။

ရှေး မြန်မာ အမှတ်အသားတို့၌ ထိုမင်းမဲ့ကာလ ကိုးနှစ်ကို မဖေါ်ပြခဲ့ချေ။ လှော်ကား သုံးထောင်မှူးက အေဒီ ၁၅၁၆ ခုတွင် ရေးသော **မင်းတရာရွှေထီးချောင်း** ၌ အနိရုဒ္ဓမင်းဆက် ပြတ်ပြီး နောက် ပြန်၍ပေါ်ထွန်းသော ဒုတိယဆက်၌ မင်းကိုးပါးရှိသည်ဟု သာမညပြောခဲ့၏။ ကျောက်စာ၌ တွေ့ရသော မင်းစာရင်းနှင့်တိုက်ဆိုင်ကြည့်သောအခါ ညီညွတ်သည်။ ထိုကြောင့် လုံးဝ မပြောမဆို နေခဲ့ကြသည်ဟူ၍ကား မဆိုသာ၊ သွယ်ဝိုက်သောအားဖြင့် ပုကံတွင် မင်းနှစ်ဆက်ဟု မှတ်သားထား ကြကြောင်း ထင်ရှား၏။ သို့သော် မင်းမဲ့ ကိုးနှစ်တွင် မင်းယဉ်နရသိခ် ဟူသော မင်းရှိလေဟန် အစား ထိုး၍ထည့်ထားကြောင်းတွေ့ရပါသည်။မှန်နန်းရာဇဝင် စသည်တို့၌ပါရှိသော အေဒီ၁၁၇၁ မှ ၁၁၇၄ အထိ စိုးစံသည့် မင်းယဉ်နရသိခ် ဆိုသည်မှာ အစစ်အမှန်မရှိချေ။ **နရသိင်္ဃဥစ္စနာ** ဆိုသောမင်း ရှိ၏။ **မင်းယန်** ဟူ၍လည်း ရှိ၏။ ထိုနှစ်ယောက်ကိုပေါင်း၍ ကွက်လပ်တွင် ဖြည့်လိုက်ကြဟန်ရှိသည်။ ဆိုင်ရာ နေရာသို့ရောက်လျှင် ပြန်၍ရှင်းလင်းစွာ ရေးပါဦးမည်။

ကိုးနှစ်မင်းမဲ့ကာလကိုလွန်လျှင် သီဟိုဠ်၏အကူအညီတစိတ်တဒေသကိုရယူလျက် ယခင် အေဒီ ၁၀၈၄ ခုကစ၍ ထီးနန်းလက်လွှတ်ဖြစ်ခဲ့သော အနိရုဒ္ဓ၏အဆက်အနွယ်မှ မင်းသားတပါးသည် **စည်သူ** ဘွဲ့ကိုယူ၍ မင်းပြု၏။**စည်သူ ၂** ဟု အမှတ်လွယ်ကူစေရန် ခေါ်ကြပါသည်။**စည်သူ ၂** နန်းရလျှင် အထက် က ဆိုခဲ့ပြီးသည့်အတိုင်း ပြန်လည်စည်းရုံးရေးနှင့် ပြန်လည်ထူထောင်ရေးကို လုပ်စဉ်မှာပင် ရှေးနည်း ရှေးပုံစံကိုမှီးရသော်လည်း အစစအရာရာတွင် နည်းသစ်ပုံသစ်များ ဆန်းကျယ်၍လာကြောင်းတွေ့ရ၏။ ယခင်က ကျောက်စာထိုးလျှင် ပါဠိ သို့မဟုတ် မွန်ဘာသာနှင့် ထိုးသည်ကများ၏။ **စည်သူ ၂** မှ စ၍ ဆုတောင်းဂါထာတကြောင်းနှစ်ကြောင်းကို ပါဠိနှင့်ရေးတတ်သော်လည်း ကျောက်စာကို အစအဆုံး မြန်မာသက်သက်ရေးထိုး၏။ ယခင်က အတွင်းမှောင်သော ဂူဘုရားတည်၏။ **စည်သူ ၂** မှစ၍ အလင်း ရောင်များများရသော ဂူများပေါ်လာပါသည်။ ယင်းအပြောင်းအလဲကို ထင်ရှားအောင် ပါမောက္ခ ဂျီ အိပ်ချ် လုစ် က

> မြန်မာတို့ကား ထိုခေတ်တလိုင်းတို့နှင့်မတူ၊ အတွေးမခေါင်၊ အမှုကိစ္စ ပြီးပြတ်သည်သာ လို ရင်းဟု ယူဆသူများတည်း။ အရေးအသား၌ ကဗျာမသုံး၊ စကားပြေသာရေး၏၊ နှောင်း ခေတ် မြန်မာများနှင့် အလွန်ခြားနားဟန်ကား၊ အချဲ့အထွင် အကဲအပိုမပါ၊ ရိုးရိုးပင်ဖေါ်

ပြ ရေးသားကြသည်။ ဘုရားကျောင်းများ၌ မှန်တို့ သုံးစွဲလေ့ရှိသော ကြည်ညိုစိတ်ကို ယိုဖိတ်စေသည့် အလင်းရောင်မှုံမှုံ၊ စကြံမှောင်မှောင်၊ ဆေးရေးအဆင်း ရင့်ရင့်တို့ကို မကြိုက်ပါ။ အဆောက်အအုံပုံစံကို နည်းမှီးသော်လည်း မှောင်သဖြင့် လင်းနို့တို့ ခိုအောင်းရာ ကူတို့နံပါး၌ ကြီးစွာသော တံခါးများဖေါက်ထုတ်၍ နေရောင်များစွာဝင်စေလျက် ဆေးရေးခြယ်ရာတွင်လည်း အရောင်စပ်ပုံနှင့် ပုံစံထုတ်ပုံတို့၌ ပိုမိုတောက်ပ ရှင်ပြပါသည်။ (**မြန်မာသုတေသန သင်း စာစောင်** အတွဲ ၂၂၊ အမှတ် ၃၊ မျက်နှာ ၁၂၁-၂)

ဟု ရေးသားဘူးပါသည်။

**စည်သူ** ၂-၏လက်ထက်တွင် နိုင်ငံတော်သည် အရှေ့ **သလ္လင်**၊ အနောက် **မစ္ဆဂိရိ**၊ မြောက် **ငဆောင်ချံ**၊ တောင် **တလိုင်သရိယ်** နှင့် **ထဝယ်**လျင် အပိုင်းအခြားရှိ၏ဟု သိရပါသည်။ **စည်သူ** ၂ ၏ မိဖုရားတို့အနက် ခြောက်ပါးတို့၏အမည်များကို သိပါသည်။ ယင်းတို့မှာ—

၁။ **တောင်ပွင့်သည်** (တောင်နန်းစံ)
၂။ **မွှစ်ပွင့်သည်** (မြောက်နန်းစံ)
၃။ **စဝ်မြကန်သည်** (မြကန်မိဖုရားစော)
၄။ **ဝဋံသိကာ** (ဦးဆောက်ပန်) (ထိပ်ခေါင်တင်မိဖုရား)
၅။ **စဝ်အလွှမ်** (ထိပ်ထားမိဖုရားစော)
၆။ **ဝေလုဝတီ** (ဝါးမိဖုရား)

ဟူ၍ ဖြစ်ပါသည်။ ယင်းတို့အနက် **စဝ်မြကန်သည်** ကား အရေးပါအရာရောက်ဆုံး ဖြစ်ဟန်တူ၏။ ထို မိဖုရားသားတော် **နာတောင်မျာ** က **စည်သူ** ၂-၏ ထီးနန်းရိပ်ရာကို ဆက်ခံပါသည်။ မင်းကြီးလက်တွင် ခူနာပေါက်၍ မိဖုရားက ကြင်နာစွာ ပြုသည့် အများပြော ဝတ္ထုကား ဖြစ်နိုင်မည် မဟုတ်ပါ။ မင်းကြီး၏သားတော်တို့အနက် ထိုမင်းသားသည် အငယ်ဆုံးဖြစ်သော်လည်း အမိကို မင်းကြီးမြတ်နိုးလှသဖြင့် လိုရာဆုတခုကို ယူတော့ဟု ခွင့်ပြုရာ သားတော်ကလေးအတွက် ထီးမွေ့တောင်း၏ဟု ဆိုကြသည်။ ကျောက်စာအရ **နာတောင်မျာ** သည် အငယ်ဆုံးသော သားမဟုတ်ကြောင်း သိရ၏။ အောက်ပိုင်း၌ ထပ်၍ ရှင်းပါဦးမည်။ မင်းကြီး၏မောင်းမတို့တွင် နှစ်ဦးသာ သိပါသည်။ ယင်းတို့ကား **အပြောင်တ်စောမင်လှ** နှင့် **မောင်မခင်မိယ်** တို့ဖြစ်၏။ **စည်သူ** ၂-တွင် သားသမီးများစွာရှိမည် ဖြစ်ရာ **နာတောင်မျာ** နှင့် မင်းသမီး **အစဝ်မင်လှ** တို့ကား မိဖုရား **မြကန်သည်** တွင် မြင်၏။ **ရာဇသူရ**၊ **ဂင်္ဂသူရ** နှင့် **ပျံ့ချီ** တို့ကား **ဝဋံသိကာ** တွင် မြင်၏။ မင်းသမီး **သတ္တိကာမိ** ကား မိဖုရား **စဝ်အလွှမ်** တွင် မြင်၏။ အမိအမည်ကို မသိရသေးသော မင်းသား မင်းသမီးတို့ကား **ကြံသိုင်ကြီ**၊ **သိင်္ဃပိစည်** **ဗျဍ္ဍသူရမယား** တို့ ဖြစ်ပါသည်။ **စည်သူ** ၂-ကို **နာတောင်မျာ** က ၁၂၁၁-ခု ဩဂုတ်လ ၁၈-ရက် နေ့တွင် ဆက်ခံသည်။

**နာတောင်မျာ** သို့မဟုတ် **နာတောင်သခင်ကား** ရာဇဝင်များ၌ ဖေါ်ပြပါရှိသော နန်းတောင်းများပင် ဖြစ်၏။ အမိဖြစ်သူက သားအတွက် ထီးမွေကို ပူစာလွန်းသဖြင့် ယင်းအမည်ကို ရသည်ဟု ဆိုသည်။ ပူစာသဖြင့် ရပြန်သောအခါ၌ အခြားရသင့်ရထိုက်သော အဖေတူ အမေကွဲ နောင်တော်များက ကြေနပ်နှစ်သက်သည်ဟုလည်း ဆိုပြန်၏။ **စည်သူ** ၂-၏သားတို့တွင် ယင်းကား အငယ်အနှောင်း မဟုတ်၊ ထို့ပြင် အခြားမင်းသားတို့ ပုန်ကန်သည်ဟူ၍ သက်သေပြနိုင်သဖြင့် ထိုဝတ္ထုသွားသည် ယုတ္တိမရှိနိုင်တော့ပါ။ မျိုးရိုးအားဖြင့် ထီးမွေနှင့် ပို၍နီးစပ်သော **ဝဋံသိကာ** ၏သားတော် သုံးပါးကို ကျော်၍ အရိုက်အရာကို ဆက်ခံခြင်းဖြစ်၏။ အပြောအဆို သိမ်မွေ့ရည်မွန်သဖြင့် တဖက်ကလည်း အလိမ်မာသုံး၍ အညွှခံလိုက်ကြဟန် ရှိသည်။ **ပံ့ချီ** တဦးတည်း သို့မဟုတ် အားလုံးပင် သူတို့အမြင် အားဖြင့် နန်းလုသူဖြစ်သော **နာတောင်မျာ** ကို ပယ်ရှားရန် ကြံစည်အားထုတ်လျက် ရှိကြ၏။ နောက်ဆုံးတွင် မင်းသား **သိင်္ဃပိစည်**(နောင်အခါ ၁၂၇၅-၌ ဘုရင်ဖြစ်လာသော **နာတောင်မျာ** ၏သားငယ်)**ကျွစွာ** တို့နှင့် ပူးပေါင်း၍ **ပံ့ချီ** သူပုန်ထသည်။ သူပုန်တို့အမှန်ပင် အရေးရှုံးနိမ့်၍ **ပံ့ချီ** နှင့် **သိင်္ဃပိစည်** တို့ အကျပ်အမျက် ခံရဟန်ရှိ၍(အမည်မသိသော)ပံ့ချီ သားမင်းသားနှင့် **ကျွစွာ** တို့ကိုကား ငယ်ရွယ်သူများဖြစ်၍ အပြစ်မှ ခွင့်လွှတ်ခဲ့ဟန် တူပါသည်။ ထိုအခါမှစ၍ **ရာဇသူရ** နှင့် **ဂင်္ဂါသူရ** တို့သည် **နာတောင်မျာ** အပေါ်တွင် သစ္စာရှိစွာ အမှုထမ်းခဲ့ကြပုံရ၏။ **ကျွစွာ** လက်ထက်၌ ယင်းတို့နှစ်ယောက်သည် အမတ်လေးပါးနှင့်တွဲ၍ သာသနာ့မြေများကို မှန်မမှန် စစ်ဆေးရေးအဖွဲ့တွင် ပါဝင်ခန့်ထားခြင်းခံရသည်ကို တွေ့ရ၏။ ထိုအဖွဲ့ခန့်ထား၍ဥက ယင်းတို့ကို မင်ဖထုယ် ဟု ဖေါ်ပြသဖြင့် ယင်းတို့ကား ထိုအခါက မင်းဖြစ်သော **ကျွစွာ** ၏အဖ **နာတောင်မျာ** ၏ညီငယ်များ ဖြစ်သည်ဟု သိရ၍ **နာတောင်မျာသည် စည်သူ** ၂-၏သားတို့အနက် အကြီးဆုံးဟု မပြောနိုင်သော်လည်း အကြီးတို့တွင် အဝင်အပါဖြစ်၍ အငယ်ဆုံးမဟုတ်ကြောင်း တထစ်ချ ဆိုနိုင်ပါသည်။ ထို့အတူ ထိုမင်း၏ အခြားအမည်တဦးဖြစ်သော ထီးလို မင်းလိုလည်း မမှန်နိုင်ပါ။ ထိုမင်းသည် ပုဂံမင်းတို့အနက် ပထမဆုံး **ဥစ္စနာ** ဟူသော အမည်ကို ခံသူလည်းဖြစ်၏။**ဥစ္စနာ**ထဟူသည့် မြင့်မြတ်သော ကိုးကွယ်ရာပုဂ္ဂိုလ်ဟူသော ဘွဲ့မှဆင်းသက်လာဟန်ရှိ၍ ဗိဿဏုိးနတ်မင်း၏ ဘွဲ့တော်တပါးဖြစ်သော **ဥစ္စဒေဝ** နှင့် ဆင်ဆင်တူ၏။ ဘွဲ့တော်ရင်းကား **ဗြိတြိဘဝနာဒိတျပဝရဓမ္မရာဇ** ဖြစ်၍ (**စည်သူ** ၁-၏ ဘွဲ့နှင့် ထပ်တူဖြစ်သည်) ကျက်သရေရှိသော သုံးလောကနေမင်း မြတ်စွာသောတရားမင်းအနက်ရသည့် ဘွဲ့တော်ဖြစ်ပါသည်။ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အမိကား မြကန်မိဖုရားစောဖြစ်၍ နှစ်မတော်ကား **အစဝ်မင်လှ** ဖြစ်ပါသည်။ ငယ်စဉ်က စာသင်ပေးသော ရဟန်းကို မင်းအဖြစ်သို့ရောက်လျှင် ဓမ္မရာဇဂုရုဟု ဘွဲ့တော်ဆက်ကပ်သည်။ ထိုရဟန်းကား အောက်မြန်မာနိုင်ငံ ဒလအရှေ့ **မောလညာ** ရွာသား ဖြစ်ကြောင်း သိရ၏။ မွန်လူမျိုးဖြစ်ရန် အကြောင်းများ၏။ မွန်တို့သည် ထိုကာလတိုင်အောင် မြန်မာထီးနန်း၌ အရာရောက်သူများဖြစ်လျက် ရှိသေးသည်ဟု မှတ်ယူကြရပါသည်။ **နာတောင်မျာ** ထီးနန်းဆက်ခံသည်ကို ဖေါ်ပြပြီးသည့်အတိုင်း အပြိုင်အဆိုင် မကင်းပါ။

နန်းတက်စ၌ အမိကွဲသော ညီနောင်များဖြစ်သည့် **သိင်္ဃပိစည်** နှင့် **ပံ့ချီ** တို့ သူပုန်ထခဲ့၏။ သားငယ် **ကျွစွာ** ပင်လျှင် ရန်သူနှင့် ပူးပေါင်းသည်ကို တွေ့ရသည်။ သူပုန်ရန်ကို နှိမ်နင်းရာ၌ အမတ်ငါးဦးကို အားကိုး အားထားပြုခဲ့ရ၏။ ဆုပူမှုများ မရှိတော့သည့်အခါ၌ မိမိသားနှင့် ပံ့ချီ သားကို ခွင့်လွှတ်၍ အမတ်ငါးပါးအား တပါးလျှင် မြေပယ်ခုနှစ်ရာစီ ရယ်ဆု(ရဲဆု)ပေးတော်မူ၏။ အမတ်

များကား **အသင်္ချ၊** အနန္တသူ၊ **အသဝတ်၊** ရာဇသင်္ကြံ နှင့် **စတုရင်္ဂသူ** တို့ ဖြစ်ပါသည်။ **အနန္တသူ** ကား **နာတောင်မျာ** ၏ **မဟာသေနာပတိ**ဖြစ်၏။ အမတ် **အသဝတ်** (အဂ္ဂဝတ္တမာ) သည် မင်းနှင့် အကျွမ်းဝင်သော **ရာဇဝလ္လဘ** အမတ်ကြီးဖြစ်ပါသည်။ အမတ်**ရာဇသင်္ကြံ**ကား **နာတောင်မျာ** ခေတ်၌ ထင်ရှားသော တရားသူကြီးဖြစ်၏။ နောင်မင်းများလက်ထက်၌ အရေးအပါဆုံးသော အမတ်ကြီးဖြစ် လာဟန်ရှိသည်။ အမတ် **စတုရင်္ဂသူ**လည်း တရားသူကြီးဖြစ်၍ ယင်းနှင့် တွဲဖက်ရသော တရားသူကြီး များကား **မဟာသမန်၊ ကင်ကဖိရစ်၊ အတုလကလ္လဿဝိရ်** နှင့် **နာရိင်တသူ** တို့ဖြစ်၏။ ထိုမင်းလက်ထက် အခြားအရေးပါသောအရာရှိမှာ **သံဗျင်ဇေယျပွတ်(ဇေယျပဝတ္တတိ)**ခေါ် ပုဂံ အရှေ့ ဖွားစောရွာမှ ဇေယပွတ် ဘုရားတကာဖြစ်၏။ ယင်းစေတီ ကျောက်စာ (ဓါတ်ပုံ ၉၀) တွင် **နာတောင်မျာ** သည် ၁၂၁၁ ခု သြဂုတ်လ ၁၈ ရက်တွင် နန်းတက်၍ **ဣလစ္စာ**သည် ၁၂၃၅ ခု ဇူလိုင်လ ၁၉ ရက်တွင် နန်းတက် သည်ဟုဖေါ်ပြပါရှိပါသည်။ ဇေယျပွတ်၏အပေါင်းပါ အရာရှိလေးဦးမှာလည်း **သတျာ၊ စင်ကြယ်၊ ကြံမဖတ်၊ သိရိဗ္ဗန္ဓြပိစည်** တို့ဖြစ်ကြောင်း ထိုကျောက်စာကပင် ဖေါ်ပြပါသည်။ ထိုမင်းလက်ထက်မှာ ပင်လွတ်တော်ဟူ၍ အဖွဲ့အစည်းတခု ပေါ်လာဟန်ကို အများကပင် ယုံကြည်ပြောဆိုလျက်ရှိပါသည်။ ဘုရင့်နောင်တော်လေးပါးသည် နေ့စဉ်တွေ့ဆုံ၍ တိုင်းရေးပြည်မှုကို ဆောင်ရွက်ကြသဖြင့် လွှတ်တော် နှင့် ဝန်ကြီးလေးပါး ပေါ်လာရသည်ဟု ဆို၏။ သို့သော် ယခုကျွန်ုပ်တို့ လေ့လာနေသော ခေတ်၏ ကျောက်စာအားလုံး၌ လွှတ်တော်ဟူသော ဝေါဟာရကို ဖေါ်ပြရေးသားထားသည်ကိုလည်း မတွေ့ စဘူးသည့်ပြင် အထက်တွင် ဖေါ်ပြပြီးသည့်အတိုင်း **နာတောင်မျာ**၌ အမတ်ငါးပါးရှိ၍ တပါးမျှ သူ နှင့်ညီအစ်ကိုတော်သူမပါချေ။ ရှေးရေး ရာဇဝင်ကျမ်းများ၌ ထိုမင်းကို ဆက်ခံသူမှာ ကျစွာဖြစ်သည် ဟု ဖေါ်ပြ၏။ သို့သော် ကျောက်စာများ၌ တွေ့ရသည်ကား ဆက်ခံသူ မင်းမှာ **နရသိင်္ခဥစ္စနာ** ဖြစ်ပါသည်။

ရှေးရေး ရာဇဝင်ကျမ်းများ၌ ကုလားကျမင်းကို မင်းယင်နရသိခ်(၁၁၇၁-၄) ဆက်ခံသည်ဟု ရေးကြ၏ (ဒေါ်မြသန်း "ပုဂံဆက်ခေတ်ဦးမင်းအချို့" မြန်**မာသုတေသနသင်းစာစောင်**၊အတွဲ ၂၂၊ အမှတ် ၂၊ မျက်နှာ ၁၂၈-၃၁)။သို့သော် ကုလားကျနှင့် **စည်သူ** ၂ တို့ အကြား၌ မည်သည့် မင်းကိုမျှ မတွေ့စဘူးပါ။ စင်စစ် ထိုကျမ်းတို့သည် **နာတောင်မျာ** နှင့် **ဣလစ္စာ** ကြား၌ **နရသိင်္ခဥစ္စနာ** အမည်နှင့် မင်းတပါးရှိနေပါလျက် မဖေါ်ပြဘဲ ချန်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သီဟိုဠ်ရန်ကြောင့် မင်း မဲ့ဖြစ်ရသည့်ကာလတွင် ထိုအမည်ကို ထည့်သွင်းထားမိခြင်းကြောင့် ဖြစ်တော့သည်။ စင်စစ်အားဖြင့် ထိုမင်းမဲ့ကာလတွင် ဖန်တည်း၍ ထည့်လိုက်သော မင်းကား အေဒီ ၁၂၃၁ ခုတွင်မှ မင်းဖြစ်သော **နရသိင်္ခဥစ္စနာ**နှင့် အေဒီ ၁၂၅၆ ခုတွင်မှ မင်းအဖြစ်ကို ခေတ္တမျှရရှာသော **မင်ယန်** တို့၏ အမည် နှစ်ခုပေါင်းစပ်၍ မင်းယင်နရသိခ်ဟူ၍ အစစ်အမှန်မရှိပါဘဲလျက် အပိုမင်းတပါး တိုးခဲ့ရပါသည်။

ဤတြိဘဝနာဒိတျ ပဝရဓမ္မရာဇာဓိရာဇ ဒါနပတိခေါ် ကျက်သရေရှိသောသုံးလောကနေမင်း ဖြစ်သော တရားမင်းထက် မင်းဖြစ်သော ပေးကမ်းစွန့်ကြဲခြင်း အရှင်ဟု အနက်ရသည့် ဘွဲ့တော်ရှိ **နရ သိင်္ခဥစ္စနာ**သည် **နာတောင်မျာ**၏သားတော်ဖြစ်၍ ထီးနန်းကိုဆက်ခံသူဖြစ်ကြောင်း တိတိကျကျပြော နိုင်ပါသည်။ **နာတောင်မျာ**သည် ၁၂၁၁ ခု၌ မင်းဖြစ်၍ အနှစ်နှစ်ဆယ်မျှ အုပ်စိုး၏။ ကျောက်စာတခု (ဓါတ်ပုံ ၆၇)၌ (အမည်ဖတ်မရသော)မင်းတပါးသည် အေဒီ ၁၁၃၁ ၌ ကောင်းမှုပြု၍ ညီငယ် **ဣလစ္စာ**

အား အမျဝေကြောင်းတွေ့ရ၏။ ကလ္လစ္စာကား ၁၂၃၅ ခုဌ် မင်းဖြစ်သူတည်း။ ထို့ကြောင့် ကလ္လစ္စာ ၏ နောင်တော်ဖြစ်၍ ယင်းထက်အလျင်မင်းဖြစ်သူ နရသိဃ်ဥစ္စနာ သည် အေဒီ ၁၂၃၁ မှ ၁၂၃၅ အထိ အုပ်စိုးခဲ့သည်ဟုဆိုလျှင် ဖြစ်နိုင်ပါသည်။ နရသိဃ်ဥစ္စနာ၏ မိဖုရားများအနက် မိဖုရား စဝ် နှင့် မိဖုရား ဖွာဇဝ် တို့၏ အကြောင်းကို အနည်းငယ်သိ၏။ မိဖုရား စဝ် ကား မိဖုရားခေါင် ဖြစ်၍ သိဃ်ပတိ၊ တျာဖျာ၊အစဝ်လတ်တို့၏ မိခင်ဖြစ်သည်။ သို့သော် မိဖုရား ဖွာဇဝ်က ပို၍အရေးပါ အရာရောက်ဟန် ရှိ၏။ အကြောင်းသော်ကား နောင်အခါဝယ် ယင်းမိဖုရား၏ သားတော်သည် ဘုရင် ဖြစ်လာသော ကြောင့်တည်း။ ထိုမိဖုရားသည်

ငါလင်သခင်မင်ကြီ၊ ငါသာမင်ကြီ၊ ငါမွယ်မင်ကြီ ဟူ၍ ဖေါ်ပြပြောဆိုလေ့ရှိရာ မင်းသုံး ဆက်ဖြစ်သော နရသိဃ်ဥစ္စနာ၊ ဥစ္စနာနှင့် တရုတ်ပြေိယ် တို့ကို ညွှန်း၍ ပြောဆိုနေခြင်း ဖြစ်သည်။ နရသိဃ်ဥစ္စနာ၏ မိဖုရားကြီးမှ မွေးသော သိဃ်ပတိ နှင့် တျာဖျာ သားတော်နှစ်ယောက်ကို အဘယ့် ကြောင့် ထီးမွေမှ လုံးဝပစ်ပယ်၍ ထားရသည်ကို ကြံဆ၍ မရနိုင်ရှိပါသည်။ နောက်ဆက်ခံသော မင်းကား ဘုရင့်ညီတော် ကလ္လစ္စာ ဖြစ်ပါသည်။

ကလ္လစ္စာကို စဝ်ကြီဟူ၍လည်းခေါ်ကြ၏။ ထိုမင်း၏အမိ မည်သူဖြစ်သည်ဟု မသိရပါ။ မင်းသား ငယ်ငယ်ကပင် အမိဆုံးသဖြင့် ငါမိကိုဝ်ကာ ငါမသိလိုက်၊ ငါမိထုယ်မုယ်ရုယ် ငါကြီအော် ဟု ပြော ကြောင်း ကျောက်စာတခု (ဓါတ်ပုံ ၁၈၁)၌ ဖေါ်ပြပါရှိသည်။ နန်းတက်စဉ်ကလည်း မလိုသူတို့ ပေါ်ခဲ့ဟန်ရှိ၏။နန်းရ၍တနှစ်မပြည့်မီ ၁၂၃၆ ခု ဇွန်လ၌ မင်းသားသိရိဝတ္တနာနှင့် မင်းသားသိဃ်ပိကြံ တို့ သူပုန်ထ၏(ဓါတ်ပုံ ၂၃၄-/၃၁-၄)။ ပုန်ကန်ခြင်းကား မအောင်၊ သိဃ်ပိကြံ ကို ခွင့်လွှတ်တော် မူသည်။ ကလ္လစ္စာနှင့် ရဟန်းအချို့ သာသနာမြေနှင့်ပတ်သက်၍ အခြင်းများရဘူး၏။

သာသနာမြေများ တကြိမ်ထက် တကြိမ် များပြားလာသဖြင့် အခွန်တော် ဆုံးရှုံးရကား ကလ္လစ္စာသည် များစွာပူပန်မိဟန်ရှိ၏။ ထို့ကြောင့် ဘုရင်ဖြစ်လျှင် ဖြစ်ခြင်း ယင်းဆောင်ရွက်သည့် ကိစ္စ များအနက် သာသနာမြေများကို သိမ်းယူရန် အားထုတ်ခြင်းများလည်း ပါသည် (ဓါတ်ပုံ ၉၀)။ တပရင်းမှ တောကျောင်းကိုယ်တော်တို့က ကန့်ကွက်ရာ စုံစမ်းရေးအဖွဲ့ဖွဲ့၍ စစ်ဆေးစေ၏။ဆရာတော်တို့ မှန်ကြောင်းအစီရင်ခံသဖြင့် ထိုတောကျောင်းမြေများကို ပြန်၍လှူရသည်။ ဤသို့ကြုံရခဲသည်။ အခြား သာသနာမြေများစွာကိုကား သိမ်းယူဖြစ်သည်။ သို့သော် ထီးတမ်းစဉ်လာအရ ကလ္လစ္စာတသက်၌ လယ် မြေများစွာကို သာသနာတွင် လှူရပေဦးမည်ဖြစ်၍ အချို့လည်း ရဟန်းတို့ လက်တွင်းသို့ ပြန်၍ ရောက်ရှိသွားဖွယ်ရှိပါသည်။နန်းရပြီးလျှင်ပြီးခြင်း(ဓါတ်ပုံ ၁၀၂)မြေများစွာလှူ၍ ဘိသိက်ပွဲခံသည်။ ထိုပွဲ၌ စီရင်ရသည်ဟု ထင်ရသော ဗြာဟ္မဏတို့ကိုပင် မြေ ပယ်တရာ လှူပေသေး၏။ ထိုမင်းလက်ထက် အေဒီ ၁၂၃၇ နှင့် ၁၂၄၀ ခုနှစ်များအကြားဝယ် သုဗူတိစန္ဒနှင့် ဓမ္မသိရိရဟန်းတော်တို့သည် ပညာရေး နှင့်ပတ်သက်၍ သီဟိုဠ်သို့ ကြွရောက်ကြသည်(ဓါတ်ပုံ ၃၀၂)။ ထိုရဟန်းတို့သီဟိုဠ်မှ ပြန်လာသည်တွင် သာသနာသုတ်သင်ရေးဆောင်ရွက်ချက်များ ပြန့်နှံ့လာတော့သည်ဟုယူဆသင့်သည်။ထိုမင်းလက်ထက် အရေးပါဆုံးသော အမတ်ကား မဟာသမန္တ ဖြစ်ရာ ယင်းသည် အမတ်ကြီးလည်းဖြစ်၍ မြောက်ပိုင်း

မြန်မာဘုရင်ခံလည်း ဖြစ်ဟန်ရှိ၏။ ထို့ကြောင့် ယင်းကို တခါတရံ(ဗန်းမော်အနီး)ကောင်စင်ဘုရင်ခံဟု ခေါ်လေ့ရှိ၏။ ကျစွာသည် အုပ်ချုပ်ရေးကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။

ကျစွာသည် ၁၂၄၉-ခုဧပြီလ ၂၂-ရက်၊မေလ ၁-ရက်နှင့်မေလ ၆-ရက်အသီးသီးရက်စွဲပါသော ပြည်းတွင်း လူဆိုး သူခိုးများကို ဖိုခွင်းရန်ရည်သန်၍ အမိန့်ပြန်တမ်းတခု ထုတ်ခဲ့၏။ ယင်းပြန်တမ်းကို ကျောက်ထက်အက္ခရာတင်၍ အိမ်ခြေငါးဆယ်ရှိသော ရွာတိုင်း၌စိုက်ထူထားရန် ရည်ရွယ်ရင်းရှိသည်။ ကျောက်စာတဆယ့်ခြောက်တိုင်သာ ယခုရှာဖွေတွေ့ရှိပါသည်။မှန်းထားသည့်အတိုင်း မများစေကာမူ တဆယ့်ခြောက်တိုင်ထက် များရန်အကြောင်းရှိပါသည်။ မှန်းခြေအတိုင်း မရှိသည်မှာလည်း ယင်း အမိန့်ပြန်တမ်းထုတ်ဆင့်ပြီးနောက် မကြာမီပင် ဘုရင်မင်းမြတ်နတ်ရွာလားသဖြင့် ဆက်ခံသောမင်းက ပြီးပိုင်အောင်လိုက်၍ မလုပ်သောကြောင့် ဖြစ်ရမည်။ အမိန့်ဒတ်ကား—

> သကရစ် ၆၁၁-ခု မြိုက္ကသိုရိသံဝဆိုရ် ကဆုန်လဆုတ် ဂ-ရျက် ကြာသပတိယ်နိယ်။ အတိုဝ်ပုရှာစဝ်ကြီသခင် ဇြိတြိဖဝနာတိတ္တ၂ ၁ပဝရပဏ္ဍိတဓမ္မရာဇာမည်သော ပုရှာရှင်တစ်။ရှိယ်ထုယ်တဝ်။ ရှိယ်လွန်သောမင်တိုဝ်ကာ။ ခိုဝ်စာသောလူတိုဝ်ကိုဝ်ကာ တံကွ်င်လှိုဝ်သော က စသော အထူထူ သော သတ်ခြင် ဖ္လင့်၊ သတ်ကုန်အေ်။ ထိုဝ်သိုဝ်သောသတ္တဝါတကာတိုဝ်ဧ၊ အပျက်အစီကိုမလို သောကြောင်၊ သတ္တဝါတကာတိုဝ်ကိုဝ် မိမိသကယ်သိုဝ်၊ အောက်မိယ်လတ်ရှယ်။ကြင်နာသည် တိုက်လတ်ရှယ်။ ဆိုဝ်သောစကာတော။ ထိုဝ်ကြောင်ရကာ၊ ရှိဝ်သိယ်သော ယုံသော မူရှယ်။ လှမစောက်နာထောင်ရှယ်နာအပ်ဧ။ခိုဝ်စကုန်သောသူတိုဝ်သည်ကာ၊ချံသာရအံသတေဟူရှယ် ခိုဝ်စကုန်သောတေ။ ယင်တိုဝ်၊ ချံသာရနိုဝ်သောသည်ကာ၊ သူရှောက် သူရွာသူမိယာသူသာ၊ သူဥတ်စာ၊ အပျက်အစီ၊ အနိုင်ထက်မူရသော ကိုဝ်ချံသာနိုဝ်ပန်ကျင်သောတေ။ ထိုဝ်ချံသာ ဟူသောသည်ကာ၊ ကိုဝ်သတ်လလံသော ချံသာတေ၊....။ မမိသောကြာလေ၊ ဍာပ်သော၊ နိယ်သော၊ ရှပ်သော၊ သွာသော ကစ သဖ္လင်လေ။ တစိယ်သလျှင်လေ အယင်တိုဝ်ကာ မချံသာစွတေ။ ကြောက်လန်လျက်လျှင်လေ၊ ဘိယ် ၁-ခုခုတေ ရောက်လတ်မူကာ။ ဍာမ်တွင်လျှင် နိယ်ကျင်မူလေ၊ နှန်လုံကာ၊ ဆိုဝ်ငြယ်ကြီစွာသော မတ်လော။ ခိုဝ်စာသော သူတိုဝ်သည်ကာ၊ အဖယ်ဟု ခိလိပ်နှေ၊ ယခင်အစန်စန်က ခိုဝ်စာသောသူတိုဝ်သည်ကာ တယောက်တည်လျှင်လေ လွတ်ဧဟုသောသည်ကာ မဟိယ်ဖူ၊ ကြာစွာအဆုံကာ၊နှန်နှစ် သုံနှစ်မြိုဝ်ကာ မကြာဖူမလော။ ဍာယ်စကာကာ ယခုဆိုဝ် သာမဟုတ်၊ တျာတွင်လေ ဍာယ်သိုဝ်မိန်အေ်။ သိယ်လျှဝ် ရှယ်ခိုဝ်စာသောသူကာ၊ငြယ်ကြီ ပြိတ္တာ အသူရာ တိရိတ်ဆန် အပယ် ၄-ပါသောသည်ကာ အယင်ခိုဝ်သူ ဍာမ်လျှင်မည်အေ်။ မသိယ်မိလျှင်လေ၊ ဖံမိလျှင်၊ အထူထူသော သတ်ခြင်အာ ရောက်ကုန်ဧ။ အသိုဝ်တတ်ခြင်နှေဟူမူကာ အရိယ်နယ်သံဆူတပ်ရှယ်ခတ်သော၊ အဆူဟိယ်သော ကြိမ်လုံနှင် ခတ်သော၊ နာလှီသော၊ နှာခေါင်လှီသော၊ ခြိယ်လက်ဖြတ်သော၊ ထိပ်ထွင်ရှယ် သံပူရှယ်ရှယ် ထည်ရှယ်၊ ဦနှောက်ကွ်ိုက် ၂-ဆူလျက်သိယ်သော၊ ခံတွင်ကန်ဖိရှယ် ဆိမိင့်သော ဆံယောက်ရာ အရိယ်၊ ရှမ်ရှယ်ဆံဆောင်ငင်ဖီရှယ် ဦရိယ်ဆွစ်ပြီသော ဦခေါင်ခွမ် ခ္လည်သံလှည်ကန်နှင် ခတ်သော၊ လက်ဝယ်ပုခုံ၊ လယ်ယာပခုံအောက်သိုဝ် ပုဆစ်ကန်အရိယ်ဆွစ်ဖိရှယ် အောက်သော

> အရိယ်ကာ အခြိယ်သိုဝ်ခ္လ၏၊ အထက်သော အရိယ်ကာ ဥိခေါင်သိုဝ်လှီသယ်သော၊ အရိယ် ခပင်ဆွစ်ပြီသောကာအတွင်ရိယ်ကာ ပသိုဝ်ထာရှယ်လွှံသော၊ မိယ်ညှပ်နှံအရိယ်ကို ကတ်ကြိယ် နှင့် ရျန်သော၊ အာသာဟိယ်ရာ၊ ခိတ်ရုယ်လှိသော၊ လက်တန်တောင်ရှိယ်ပြတ်သော၊ ခြိယ် ပုဆစ်ရုယ်ဖြတ်သော၊ သံခွါ ၄-ခုစွပ်ရုယ်တွာစိယ်သော၊ အစောင် ဏ္လပ်စိယ်ရှုယ် နာတွင်တံသင် နက်သော၊ ခြိယ် ၂-ဖက် သုံရုယ်ပတ် ၂-လျှည်သောတူနှင်နုပ် ၂-ထုရုယ်၊ ကိုဝ်ခပ်သိမ်အိုဝ်ချင် သိုဝ်ခုယ်ဘိရုယ်လျှည်သော၊ အရိယ်ကိုဝ်သင်ထုမ်နှင်စက်၍၊ သံပရာဆာ ပ္လရေည် သွန်သော၊ အရှင်လျင် ခိုင်စာစိယ်သော၊ လည်ဖြတ်သော၊ ကိုယ်လက်ခပင် အမှိုက်ခရစ်ရုယ်မိဖုတ်သော။ ဏ္လသိုဝ်သော သတ်ခြင် သတ်ကုန်အေ်။....၄၄၄ ဏ္လောက်စာတိုင် ဆောက်သာကာနိယ် ကျန်လေ ဖွယ်၊ တင်ဆောင် ပ္လု၊ ပိတန်ဆင်စွာကြိစုတ်၊ တရွာမလွတ် ဆောက်စိယ်တော၊ ရွာငယ်စွာ အဆုံကာ အဏ္လမ်၅၀-ယှုယ်ဆောက်စိယ်တေ တလမလွတ် လပ္လည်သတင်နိယ်နှိုက် ရွာသူရောက် သူကြိရွာသည် ခပင်ရသော တန်ဆာဆင်လျက် ပေါက် ၂ တန်ဆောင် ပန်တောင်ကဝ်တာ နှင် ပုစဝ်၊ စည်ပသာလေတိ၊ ဏ္လသိုဝ်မှုရုယ် ဏ္လောက်စာတိုင်စာကိုဝ်နာစိယ်ကုန်သတေ။ တန်ဆာ ဆင်ရုယ်ဖတ်စိယ်သတေ၊ တိုင်မဟိယ်သော ရွာငယ်ရှောက်ငယ်တိုင်ပင် ခဝ်ရုယ်၊ တိုင်ဟိယ်ရာ သိုဝ် နာပါစိယ်ကုန်ဧ။


ဤချိမ်းခြောက်စာကို က္လစွာ ထုတ်ပြန်ခြင်းကား ချိမ်းခြောက်သဖြင့် လူတို့ လိမ်မာအံ့ ထင်သော ကြောင့်ဖြစ်၏။ ကိုယ်တိုင်လိုက်နာ၍ ရက်စက်လိုသည်မဟုတ်ပါ။ သို့သော် ခြောက်ရုံနှင့် မကြောက် မှန်းကို မသိရခင် နတ်ရွာစံသည်မှာ ကံကောင်းရှာသည်။ ဆက်ခံသူကား **ဥစ္စနာ** ဖြစ်ပါသည်။

**က္လစွာ** တူတော် ဥစ္စနာက ၁၂၄၉-တွင် ဆက်ခံ၏။ ယင်း **ဥစ္စနာ**ကား **နရသိင်္ဃဥစ္စနာ** နှင့် မိဖုရား ဖွားဇဝ်တို့၏ သားတည်း။ ဗြိတိဘ၀န ဒိတျမမ္မရာဇ ဇယသူရ ခေါ် ကျက်သရေရှိသော သုံး လောကနေမင်းတရားမင်းပွဲရသူရဲကောင်း အနက်ရသည့်ဘွဲ့တော်ကို ခံယူပါသည်။ သူလည်း ဘွဲ့တော်၌ **ဇေယျသူရပါ**ရှိသဖြင့် **စည်သူ** အမည်ခံသူဖြစ်သောကြောင့် **စည်သူ ၃**-ဟု မှတ်ယူရပါမည်။ **က္လစွာ** သမီး သုမ္လျုလ(တိလောကစန္ဒသုံးလူလ)နှင့် စုံဖက်၏။ ပန်းပွတ်သည် သမီးကိုလည်း ကောက်ယူတော် မူ၍ နောင် **တရုက်ပ္လိယ်**တွင်မည့် သားတယောက်မြင်သည်။ ဤသို့ စိုးစံခဲ့၍ ၁၂၅၆-တွင် **ဥစ္စနာမင် အကြိယ် လာခရုယ် တလလျှင် ပျံတ်မူလိယ်ကုန်အေ်** ဟု ကျောက်စာ(ဓါတ်ပုံ ၁၅၈/၁၈)တခုတွင် တွေ့ရကား အောက်အရပ် ဒလ၌ နောက်လိုက်ဗိုလ်ပါနှင့်တကွ အသတ်ခံရဟန်တူသည်။ ထို့ကြောင့် ဤမင်းကို **တလပျံမင်** ဟူ၍လည်း ခေါ်ပါသည်။ ဆက်ခံသူကား **မင်ယန်** ဖြစ်၏။

**မင်ယန်**၏ စိုးစံချိန်သည် အလွန် တိုတောင်းလှ၏။ အမိကား မင်းမျိုးဖြစ်၍ ယင်းကို ပထမ ထီးမွေပေးဟန်တူသည်။သူလည်း လုပ်ကြံခြင်းခံရရှာသည်ဟု ယူဆရ၏။ ယခု ပုဂံပြတိုက်ရှိ(ကျောက် အမှတ် ၇၀-အရှေ့မျက်နှာ) ရှင်ပင်ဗောဓိဝိုင်းမှ ရခဲ့သော ကျောက်စာတွင် **မင်ယန်**က **နို့ထိမ်း အိပေါင်သင်**ကို ကျေးဇူးဆပ်ပုံ၊ **မင်ယန်** သေဆုံးပြီးနောက် **တရုက်ပ္လိယ်**ခေါ် **စည်သူ**က ဆက်၍ အထက်နည်းပေးကမ်းပုံတို့ကို တွေ့ရပါသည်။

ထို ၁၂၅၆-ခုဉ္စပင် မင်ယန်ကို **တရုက်ပလ္လိယ်**ဟု အခေါ်များသော **စည်သူ** ၄-က ဆက်ခံ၏။ ဖခမည်းတော် နောင်တော်တို့နှင့်အတူ ဒလသို့ ၁၂၅၆ ခု ဖေဖဝါရီလတွင် လိုက်ခဲ့ဟန်တူသည်။ မေလ၌ ပုကံသို့ မင်းအဖြစ်နှင့် ပြန်လည်ရောက်ရှိလာ၍ နိုဝင်ဘာလတွင် ဘိသိက်ခံသည်။ မွန်ဂိုတို့ ၁၂၈၃-တွင် ဝင်ရောက်တိုက်ခိုက်သည်ကို မခံနိုင်သဖြင့် ပြေးရသောကြောင့် **တရုက်ပလ္လိယ်**ဟု ခေါ်တွင်သော်လည်း ဤမင်းကို **ပန်ပွတ်သည်မ္လိယ်**ဟူ၍ အမိဖက်မှ အဖိုးကိုစွဲ၍ငင်း၊ ဖခင်ကိုစွဲ၍ ဥစ္စနာဟူ၍ငင်း၊ ခဖး ဖိုး တို့ နှစ်သက်သည့် **စည်သူ**ဟူ၍ငင်း ခေါ်ဝေါ်ကြ၏။ အမိဖက်မှ အဖိုးကိုရည်၍ စေတီတဆူတည်ထား ကိုးကွယ်သဖြင့်လည်း **ပန်ပွတ်ပုထိုဝ်တ်ဒါယကာ**ဟု ခေါ်တွင်ပါသေးသည်။ ဤမင်း အစားကြီးပုံ၊ အမျက်စောင်းမာန်ပြင်းထန်ပုံ၊ ဝင့်ဝါစိတ်များ၍ နှိပ်ကွပ်ရာ၌ ရက်စက်ပုံ စသည်နှင့်တကွ ယင်းလက်ထက်၌ အောက်မြန်မာနိုင်ငံမှ မွန်တို့ပုန်ကန်ခြင်းပါ ရှေးရေးမြန်မာရာဇဝင်ကျမ်းတို့၌ ဖော်ပြပါရှိသည်ကို ထောက်ခံရန်သော်ငင်း၊ ပယ်ဖျက်ရန်သော်ငင်း၊ သက်သေ အထောက်အထား မတွေ့ဘူးပါ။ မွန်ဂိုတို့ ကျူးကျော်တိုက်ခိုက်လာခြင်းကိုကား တရုတ်မှတ်တမ်းများနှင့် ဒိသာပြာမုက် ကျောက်စာ (ဓါတ်ပုံ ၂၇၁)တို့ကိုမှီး၍ ဖော်ပြနိုင်ပါသည်။

ကျန်စစ်သားဥမင်နံရံတွင် ရေးဆွဲခဲ့သည့် မွန်ဂို စစ်ဗိုလ်



ကျန်စစ်သားဥမင်နံရံတွင် ရေးဆွဲခဲ့သည့် မွန်ဂို လေးသည်

မွန်ဂိုတို့နှင့် ရန်စကား ၁၂၇၁-က စသည်။ ယွန်နန်အစိုးရက ကေရာဇ်၏အမိန့်အတိုင်း ပုကံမှ ဆက်ကြေးတောင်းရန် သံတမန်များစေလွှတ်ခဲ့၏။ သံတို့ကို ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ခွင့်မပြုဘဲ သင့်တင့်အောင်ပြော၍ဆက်ကြေးမပေးဘဲပြန်၍လွှတ်လိုက်သည်။မွန်ဂိုတို့ထံ၌အညံ့ခံသဖြင့် ဆုံးမသော အနေဖြင့် မြန်မာက ၁၂၇၂-တွင် ဝါးပလောင်ဒေသများသို့ သွားရောက်တိုက်ခိုက်၍ ခေါင်းဆောင် အပိ အမည်ရှိသူကို ဘမ်းယူခဲ့သည်။ ယင်းကို ပီကင်က သိအောင် အစီရင်ခံကြသည်။ ကေရာဇ်က ၁၂၇၃-ခုမတ်လ ၃-ရက်နေ့တွင် မြန်မာနိုင်ငံသို့ သံသုံးဦးကို စေလွှတ်ခဲ့သည်။ ယင်းတို့ တရုတ်နိုင်ငံသို့ ပြန်မလာကြတော့ပါ။ မြန်မာရာဇဝင်တို့၌ ဘုရင့်အမိန့်နှင့် တရုတ်သံတို့ကို ကွပ်မျက်သည် ဆို၏။ သို့သော် ပုကံကဲ့သို့ ယဉ်ကျေးမှုအဆင့်အတန်းမြင့်သော လူမျိုးသည် ၁၂၅၂-ခု၌ ကူဗလိုင်၏သံတို့ကို တလီ၌ နန်ကျောင်တို့သတ်ပုံမျိုး ကြီးကျယ်သောပြစ်မှုကို ကျူးလွန်အံ့မထင်။ မင်္ဂလာစေတီကျောက်စာ၌ မင်းကြီးက **မင်တိုစ်ကာ** တမန်ကို မချုပ်ရှာ ဟု ဆိုခဲ့ဘူးရာ၊ မိမိကိုယ်တိုင်က သူတပါး၏သံကို သတ်ဘူးလျှင် ဤမျှရဲဝန့်စွာ သူဆိုဝန့်မည်မဟုတ်ချေ။ အပြန်လမ်းတွင် အလွယ်တကူပင် သေနိုင်ပါသေးသည်။အကြောင်းမှာ ၁၂၇၅-ခုယွန်နန်မှအစီရင်ခံစာတခု၌ သံတမန်တို့သတင်းကိုသိရှိရန်အရာရှိ တဦးကို လွှတ်သောအခါ၌ သူပုန်တို့ကြောင့် လမ်းမသာ၍ မသွားခဲ့ရကြောင်း ဖေါ်ပြပါရှိ၏။ ဤအချိန်မှာပင် မြန်မာတို့က နောက်ထပ် ရန်စပြန်သည်။ တရုတ်ကို အညံ့ခံသဖြင့် ဆုံးမရန် 'ရွှေသွား' နိုင်ငံသို့ မြန်မာတို့ ၁၂၇၇-ခု ဧပြီလတွင်း၌ ချီတက်တိုက်ခိုက်ပါသည်။ မြန်မာတပ်နှင့် တလိမှ တပ်တို့ မြစ်ငယ်တခု၏ ကမ်းပါး၌ ဆုံမိ၍ မြန်မာတို့ အရေးနိမ့်ခဲ့၏။ ဤစစ်ပွဲပြီးသည့် နောက်တနှစ် အကြာ အေဒီ ၁၂၇၈-ခုတွင်—

ဣန္ဒပစ္စာလေ ငါအောင်ချံမြို့ဝ်နိယ်ရလိယ်၏ ပြည်တယ်ပျက်စီသဖ္လစ် ခယ်အော်။ (ဓါတ်ပုံ ၂၇၇/၅-၆)

ငါဆောင်ချံ ဟူသည် ယခု ဗန်းမော်၏တဖက်ကမ်းတွင် ရှိသည်ဟု ဆိုချင်ပါသည်။ မွန်ဂိုတို့ လည်း ၁၂၈၃-ခု စက်တင်ဘာလတွင်မှ လာရောက်တိုက်ခိုက်နိုင်ပါတော့သည်။ ဒီဇင်ဘာလ ၃-ရက် နေ့၌ **ငါဆောင်ချံ** စစ်ပွဲတိုက်ရ၏။ ဒီဇင်ဘာလ ၉-ရက်၌ **ကောင်းစင်ကို** သိမ်း၏။ **တရုတ်ပြေယ်** လည်း မြို့တော်ကိုစွန့်၍ ပြည်မြို့အထိ စုန်၍ပြေးသည်။ သို့သော် မြန်မာတပ်များ တကောင်း၌ကျန်ရှိ နေသေးသဖြင့် ၁၂၈၄-ခု ဇန်နဝါရီလ၌ ရန်သူများ လာရောက်တိုက်ခိုက် သိမ်းယူပါတော့သည်။ နယ်ပယ်အုပ်ချုပ်ရေးအရာရှိများ တရုတ်ဖက်မှ ရောက်လာ၍ မြောက်ပိုင်း မြန်မာနိုင်ငံကို ကျဲန်မိအင် ဟူသောအမည်ဖြင့် တရုတ်ပြည်နယ်သစ်ဟု ဖွဲ့စည်းလိုက်၏။ ပြည်၏အနောက် လှည်းကွဲ၌ နေရှာသော **တရုတ်ပြေယ်**သည် ၁၂၈၅-ခု၌ အညံ့ခံရန် ဆုံးဖြတ်တော့သည်။**အနန္တပိစည်** နှင့် **မဟာပိုဝ်**တို့ကို ပထမစေလွှတ်ပြီးမှ **သျှင်ဒိသာပြာမုက်**သည် ပီကင်အထိသွား၍ မွန်ဂိုကေရာဇ်နှင့် စစ်ပြေငြိမ်းစကား များ ဆိုခဲ့၏။ (ဓါတ်ပုံ ၂၇၁)။ **ဒိသာပြာမုက်**က **တံပြတိတ်** ခေါ်သော မိမိနိုင်ငံမှ တရုတ် စစ်သားတို့ကို ရုပ်သိမ်းပါမှ နိုင်ငံကို ပြန်လည်ထူထောင်၍ ကောက်ပင်စိုက်လျက် ဆက်ကြေးပို့လွှတ် နိုင်မည်ဖြစ်သောကြောင့် ရုပ်သိမ်းစေကြောင်း ကေရာဇ်အား ဟောပြော၍ အောင်မြင်ကြောင်းကို ကျောက်စာရေးထိုးခဲ့၏။ သက်ဆိုင်သူအားလုံးလည်း ထိုစဉ်က မှုခင်းကိစ္စအားလုံး ပြေငြိမ်းလေပြီဟု

မှတ်ထင်ကြပေမည်။ ခေတ္တမျှရပ်နားခြင်းဟု မသိကြပါ။ ဘုရင်သည် မြို့တော်သို့ ၁၂၈၇ တွင် ပြန်ရန် ပြည်သို့ အရောက်တွင် သားတော်က အဆိပ်ကျွေး၍ လုပ်ကြံခံရ၏။ ပြည်တွင်းဆူပူမှုများလည်း တပါတည်း ပေါ်လာကြပါသည်။ ယွန်နန်အစိုးရသည် ပြည်တွင်း မညီမညွတ်ရှိနေသည်ကို အခွင့်ကောင်းယူ၍ ကေရာဇ်အမိန့်တော်ကို မထေမဲ့မြင်ပြုလျက် ပုဂံသို့ ဆင်းလာ၍ သိမ်းယူထားလိုက်ပါသည်။ သို့သော် ရှေးမင်းဆက်ကိုပင် ပြန်လည်ထူထောင်မိစေရန် ကူညီကြပါသည်။ ထို့ကြောင့် **တရုတ်ပြေးမင်း** ကို ရှယ်နန်သျှင် က ဆက်ခံ၏။ မင်းသစ်ကား ၁၂၈၉ ခု မေလ ၃၁ ရက်နေ့၌ ဘိသိက်ခံ၏။ ထိုမင်းကို ဓမ္မရစ်(တရားမင်း)ဟူ၍လည်းခေါ်သည်။ မွန်ဂိုကေရာဇ်ထံမှ ခန့်အပ်လွှာကို ခံယူရန် သားတော် **သီဟပတိ** ကို တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့၏။

သို့သော် အေဒီ၁၂၉၇ခု၌ ထိုမင်းသည် နန်ကွမင်ဖြစ်လျက်ရှိချေပြီ။ **ရှယ်နန်သျှင်နှင့် သီဟပတိ** ကို မွန်ဂိုတို့နှင့် အပေါင်းပြု၍ တိုင်းပြည်ကို ကျွန်ပြုသည်ဟု အကြောင်းပြလျက် ကွပ်မျက်ခဲ့ဟန်ရှိသည်။ ကျောက်စာ (၁၃၀၂ ခုထိုး) တခု၌ **တရုတ်ပြည်လာသော တက်တ်မူမင်ကြီး** ဟု တွေ့ရသဖြင့် နန်းကျမင်းဆက်မှ မင်းသားတပါးသည် **မင်လုလင်** ခေါ် **စောနှစ်**နှင့်ပြိုင်ရန် ယွန်နန်သို့ အကူအညီအလို့ငှါ ရောက်လာသည်ဟု အဓိပ္ပါယ်ယူရန်ရှိပါသည်။ သို့သော် ပုဂံတွင် ယခုအခါ မင်းဖြစ်ရသည်ကား အမည်ခံမျှသာ ဖြစ်ပါသည်။ တန်ခိုးအာဏာ အမှန်ရှိသူများကား သျှမ်းညီနောင် သုံးဦးဟု ကျော်ကြားသူများဖြစ်၍ အကြီးဖြစ်သည့် အသင်္ခယာဆိုသူကား မြင်စိုင်း၌၊ ညီရာဇသင်္ကြံကား မက္ခရာ၌၊ အငယ်ဆုံးညီ သီဟသူကား ပင်လယ်၌ အသီးသီးအင်အားစုလျက် အကြီးအကဲပြုနေကြ၏။ ယင်းညီနောင်သုံးဦးသာလျှင် အစစ်အမှန် တိုင်းပြည်ကို အုပ်ချုပ်သူများဖြစ်၍ ဘုရင်ကား ယင်းတို့ စီမံရာလိုက်နာရသူမျှသာဖြစ်သည်။ယင်းတို့က ၁၂၉၇ ခုတွင် **ရှယ်နန်သျှင်**ကိုနန်းချ၍ **စောနှစ်**ကိုနန်းတင်၏။ **စောနှစ်**ကို **မင်လုလင်** သို့မဟုတ် **တလသုကြီး**ဟူ၍လည်း ကျောက်စာများ၌ဖေါ်ပြပါသည်။ **တက်တ်မူ**သည် မွန်ဂိုတို့ကို သူသာလျှင် ထီးနန်းရထိုက်ကြောင်း နားဝင်အောင် ပြောနိုင်သဖြင့် ၁၃၀၀ ပြည့်နှစ်တွင် မွန်ဂိုတို့ စစ်ရောက်လာပြန်သည်။ ယခုတကြိမ်ကား ပုဂံသို့ လာသည်မဟုတ်၊ မြင်စိုင်းသို့ လာခြင်းဖြစ်၏။ အသင်္ခယာညီနောင်သုံးပါးတို့သည် မြန်မာတို့ မွန်ဂိုအုပ်ချုပ်ရေးကိုမုန်းတီး၍ အမျိုးသားစိတ် နိုးကြားလာအောင် လှုံ့ဆော်သူများ ဖြစ်၏။ စင့်ကူးနှင့် မလည်တို့ကို လူမျိုးခြား လက်မှ ပြန်လည်ရယူမိအောင် စွမ်းဆောင်နိုင်ကြသည်။ သို့သော် ရန်သူတို့အလုံးအရင်းနှင့် လာသောအခါ၌ မြင်စိုင်းမြို့တွင်းသို့ဝင်၍ ခံစစ်သာလျှင် ပြုနိုင်ကြတော့သည်။ လပ်ထိုးသောရွှေနှင့် မြန်မာအလယ်ပိုင်း အပူရှိန်တို့က ကူညီတိုက်ခိုက်သဖြင့် အရှုံဖြုတ်၍ ပြန်ကြသည်။ **ကျန်မိ-အင်** အမည်ရှိသောတရုတ်လက်အောက်ခံ မြန်မာနယ်သစ်ကို ၁၃၀၃ ခု ဧပြီလ ၄ ရက်တွင် ကျေညာဖျက်သိမ်းလိုက်ရတော့၏။

# ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


BELL, H. C. P. : "Archaeological Report of the Kegalla District", *Ceylon Government Sessional Papers*, No. XXX, 1892, pp. 73-6

GEIGER, W.: *Culavamsa* I & II Colombo Government Publication 1953 (Chapters 58, 60 and 76)

LUCE,G.H.: "A Cambodian? Invasion of Lower Burma", *JBRS*, XII, ii, 39-45

MACKENZIE,J.C.: "Climate in Burmese History", *JBRS*, III, 40-6

MYA THAN, Daw: "Some of the Earlier Kings of Pagan Dynasty", *JBRS*, XXII, ii, pp. 98-102

PARANAVITANA, S.: "Devanagala Rock Inscription of *Parakkamabāhu* I", *Epigraphia Zeylanica*, III, vi, pp. 312-25, Pl. 37

THAN TUN.: "History of Burma, A. D. 1000-1300", *BBHC*, I, i, 39-57 and *Rangoon University Annual Magazine*, 1955-7, pp. 121-36

WALES, H. G. Q.: "Aniruddha and the Thaton Tradition", *JBRS*, 1947, pp. 152-6

# ပုကံခေတ် အုပ်ချုပ်ရေး

**ပုကံ** ကို အချက်အချာပြု၍ အနိရုဒ္ဓနှင့် မင်းအဆက်ဆက်တို့ နိုင်ငံကော်ကို ထူထောင်ခြင်း မပြုမီက မြန်မာတို့နေရာ ပုကံနှင့် အလားတူ ရွာများစွာ ရှိမည်ဖြစ်၍ အခွင့်အလမ်းသာပါလျှင် ပုကံ နည်းတူ ကြီးပွားနိုင်သောရွာများပင်ဖြစ်ပါသည်။ ယင်းရွာကြီးတို့၌ အကြီးအကြပ်အဖြစ် စိုးမိုးသူကို **မင်** (ပုံ ၁၄၃က/၁၆)ဟုခေါ်စမြဲတည်း၊ နောင်တွင် ပုကံမင် သည် မင်ကြီ(ပုံ၁၀က/၁) ဖြစ်လာသောအခါ၌ မြန်မာအားလုံး၏ ခေါင်းဆောင်ဟူ၍ အသိအမှတ် ပြုလာကြရပါသည်။ မြန်မာတို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ဦးက စိုက်ခင်းပျိုးခင်း ကောင်းရာ ကျောက်ဆည်ခရိုင်ရှိ **ဆဲတရွာ**(ပုံ ၁၆၂/၂၄-၅) တွင် အခြေစိုက်ကြပါသည်။ ဆယ့်တစ်ရွာကား တောင်မှ မြောက်သို့ **ပင်လယ်**၊ **ပ္လည်မနာ**၊ **မ္လစ်သာ**၊ **ရင့်မြင်ခုံတိုင်**၊ **ပနန်**၊ **တမုတ်**၊ **သင်တောဝ်**၊ **မက္ခရာ**၊ **တပ္လက်သာ** နှင့် **ခံလှူ** တို့ဖြစ်ကြောင်းကို အထက်က အသေးစိတ်ဖေါ်ပြပြီးဖြစ်သည်။ ဆယ့်တစ် ခရိုန် ကို သိမ်းယူသည့် နည်းတူ တောင်ပ္လုန်ခရိုန် နှင့် ခြောက်ခရိုန်ကို တချိန်တည်းသိမ်းယူပြီးမှ ယခုအခါ မြန်မာနိုင်ငံ၏ အလယ်ပိုင်းရှိ ပူအိုက် ခြောက်သွေ့သော ရပ်ဝှမ်းအားလုံးကို လွှမ်းမိုးကြ၏။ ရှေးမြန်မာ့ကျောက်စာတို့၌ ဤမူလ အခြေစိုက်ရာ အရပ်များကိုမကြာခဏဖေါ်ပြသည်ကို တွေ့ရလျက် မူလဒေသကို **ခရိုန်**(ပုံ၃၁/၁၁)၊ ယင်းမှတိုးပွားရာကို **တိုက်**(ပုံ ၁၂/၁၅)ဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။ **နိုင်ငံ** (ပုံ ၁၉က/၆) ဟူသည်ကား အနိရုဒ္ဓနှင့် မင်းအဆက်ဆက်တို့အနီးအပါးကို ချဲ့ထွင်သိမ်းသွင်းသည့်အခါမှ ပေါ်ပေါက်ရာ အကျယ်အဝန်းကား မြောက်**ကောင်စင်** မှသည် တောင် **တလိုင်သရေ** နှင့် **ထဝဲ** ထိဖြစ်သည် (ပုံ ၂၇၆က-၂)။ **စည်သူ** ၂(၁၁၇၄-၁၂၁၁)၏နိုင်ငံကို အေဒီ ၁၁၉၆ ကျောက်စာအရ သိရသည်ကား မြောက်တွင် **တကောင်** နှင့် **ငဆောင်ချံ**၊ တောင်တွင် **သလင်ကြေ**၊ အနောက်တွင် **မဇ္ဈကိရိ** တောင်နှင့် အရှေ့တွင် **သလွင်** မြစ်တို့ဖြစ်ကြ၏ (ပုံ၁၉က)။ ယင်းတွင် **သလင်ကြေ** ဟူသည် ဆလဲန်အငူ ( Cape Salang ) ခေါ် ဂျန့်စီလုံ ( Junk Ceylon ) ဖြစ်မည်ထင်သည်။ ထို့ပြင် **ငဆောင်ချံ**မှာလည်း ဗန်းမော်တဖက် ဧရာဝတီ အနောက်ဖက်တွင် ရှိမည်ဟုထင်ပါသည်။ ဤကျောက်စာကား ပုကံခေတ် မြန်မာမင်းတို့ ဘုန်းအကြီးဆုံးအခါက ရေးထိုးသည်ဖြစ်၍ အကျယ်ပြန့်ဆုံး မြန်မာနိုင်ငံသည် ရခိုင်ကို ချန်လှပ်၍ ယနေ့မြန်မာနိုင်ငံမျှ ရှိသော်လည်း မြောက်ဖက်၌ ဗန်းမော်သာသာမျှသာ သြဇာရောက်၍ တောင်၌မူကား မလေးနိုင်ငံအစပ်ထိ သိမ်းသွင်းမိဘူးဟန်ရှိပါသည်။

ပုကံမင်းကား သက်ဦးဆံပိုင်ဖြစ်သဖြင့် အလိုတော်ရှိသ၍ ဉပဒေဟု ယူရပေမည်။ အနိရုဒ္ဓမှ သီပေါတိုင်အောင် ရေမြေသခင် ဘဝရှင်ဟူသော အယူအဆ ထွန်းကားခဲ့ရကား ဆာဂျော့စကော့က မြန်မာမင်းနှင့်ပတ်သက်၍

> ဘုရင့်တန်ခိုးကား အတိုင်းအရှည်မရှိ ကြီးလှ၏။ အများလိုက်နာကြသော ဗုဒ္ဓဝါဒနှင့်အဆုံးအမကိုရှင်း၊ မင်းဆိုင်ရာ အဆုံးအမကိုရှင်း၊ ကိုယ်တော်တိုင် နှစ်ခြိုက်လိုက်နာလိုသမျှသာလျှင် သူ့အာဏာစက်တွင် အဟန့်အတားဖြစ်တော့သည်။ ထိုမှလွဲ၍ ဘုရင်သည် သက်ဦးဆံပိုင်အဖြစ်ဖြင့် ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို စိုးမိုးသည်။ ဘုရင့် ဆွေတော်မျိုးတော်မှအပ နိုင်ငံ

> တော်တွင် အဖကို သားကဆက်ခံရသည့် ရာထူး သို့မဟုတ် ဘွဲ့ အမည် အရည် ဟူ၍ မရှိပါ။ သဒ္ဓါသလောက် ချီးမြှောက်သည်ကိုသာ ခံစားကြရ၏။ ရာထူးကိုလိုက်၍ လူ့အဆင့်အတန်းကို ခွဲခြားရသည်။ ရာထူးကိုလည်း မင်းကပေးသဖြင့် မင်းမလိုချင်လျှင် ချက်ခြင်း ရုတ်သိမ်းခြင်းခံရမည်ဖြစ်သည်။ ရာထူးမှ ရုတ်သိမ်းခြင်းခံရသည် ဟူရာ၌ လွတ်ရုံးမှ ပေါင်းနားဒေါင်းဖြုတ်၍ ပါးကွက်အာဏာလက်သို့ ရောက်သည်သာများသည်။ တနည်းဆိုရသော် ဘုရားကျွန်ကျောင်းကျွန်မှအပ မည်သူမဆို နိုင်ငံတော်၏ အမြင့်ဆုံးရာထူးအထိ ရနိုင်ခွင့်ရှိ၍ တိုင်းကားပြည်ရွာနှင့်တကွ လူထုအားလုံးကို ဘုရင်အလိုတော်ကျ ပြုလိုရာ ပြုနိုင်၍ သူပုန်ရန်ကြောင့်သာ မင်းသည် တရားစောင့်ရမည်ဖြစ်သတည်း။ (**အထက်မြန်မာနိုင်ငံနှင့် သျှမ်းပြည် ဂဇက်တီးယား၊** အတွဲ ၁၊ အုပ် ၂၊ မျက်နှာ ၄၆၉)

ဟုရေးသားဖေါ်ပြခဲ့ရာ ရိုးရာကိုလိုက်၍ ရာထူးဆက်ခံခြင်းမရှိဟု ရေးသော်လည်း အချို့ရာထူးမှာ ရိုးရာအလိုက်ဖြစ်သည်ကို တွေ့ရသည်မှအပ စကော့၏စကားမှာ သဘောအချုပ်အားဖြင့် များစွာမှန်ကန်ကြောင်းတွေ့ရ၏။ပုဂံခေတ်ကျောက်စာတို့၌လည်း ဤအယူအဆမျိုးကို ဖေါ်ပြပါရှိ၏။ အနိရုဒ္ဓမင်းကို **စက်ကြစတိယ်**(ပုံ၁၆၀က/၆)ဟု ဇမ္ဗူထိပ်ကျွန်းလုံးရှင်ဖြစ်လေဟန် ချီးပသည်။ မိဖုရား **ဖွာဇဝ်**သည် အေဒီ ၁၂၇၂ ခု၌ ကောင်းမှုပြုလျှင် လင်ဖြစ်သူ ဘုရင် **နရသိဃ်ဥစ္စနာ** ကို

> ရိယ်မ္ဗိယ်ခပ်သိ°သော အသွိင်ဖ္လစ်ထသော မ္လတ်စွာသော ငါလင်မင်ကြီ(ပုံ ၂၃၅/၁၀-၁၁)

ဟူ၍ၛင်း၊ မြေးတော် **တရုက်ပ္လိယ်** ကို

> အသရိယ်ဟိယ်သော ပုရှာတြာ သဃ်ာ ရတနာသုံပါနှိုက်။ ရှိဝ်သိယ် မ္လတ်ထသော သူတစ် တကာ အေဝ်ကိုဝ်ကွယ်ရာ ဖ္လထသော။ အလွ°သောမင်တကာနှင့် ညီညွတ်ထသော။ ဆင်ဖ္လူစသော ရတနာအပေါင် အဖဝ်သွိင် ဖ္လင်ထသော။ ဇမ္ဗူဒိပ်ကျွန်နှိုက် ထွန်သော နိယ်ကယ်သိုဝ် အဟိန် စဝ်အရောင်တောက်ပထသော။ အသရိယ်ဟိယ်သော။ သြိ°တြိဘုဝနာ ဒိတျာ ပဝရ ဓမ္မရာဇ။ ဥတ်စနာမည်သောမင်ကြီ။ (ပုံ ၂၃၄/၁-၄)

ဟူ၍ၛင်း ရေးသားခဲ့သည်။ **ကလ္စွာမင်း**ကိုကား ထို့ထက်ပင် ချီးပသေး၏။

> အရိမတ္တပူရမည်သော ပ္လည်နှိုက်။ အစိုဝ်ရသော အလွန်အကယ် ဖုန်တန်ခိုဝ်ကြီးစွာ ထသော ကလ္စွာမင်ကြီ (ပုံ ၂၄၆/၁-၂

ဟူ၍ဖြစ်ပါသည်။ ဖေါ်ပြပါ ချီးမွမ်းခဏ်းအားလုံး၌ အခြေခံသဘောကား မင်းဟူသည် နိုင်ငံတော်တွင် တန်ခိုးအကြီးဆုံးဖြစ်၍ သက်ဦးဆံပိုင် ရေမြေအလုံးကို အစိုးရသူဖြစ်သည်ဟု ဆိုလိုသည်။ ဆာဂျော့စကော့ယူဆပုံအတိုင်းပင်။ ဤသို့သော အာဏာရှင်မျိုး၌ သူပုန်သူကန်ရန်ကို စိုးရိမ် စိတ်မှ လွဲ၍မည်သည့် အချုပ်အချယ်မျှမရှိနိုင်ပါ။ သို့သော် ထိုစဉ်က ဗုဒ္ဓသာသနာ ထွန်းကား နေသဖြင့် မင်းတို့အပေါ်ဝယ် သာသနာရေးက ကောင်းစွာ လွှမ်းမိုးနိုင်လိမ့်မည်ဟု မှန်းဆရပါမည်။ ဘုရင်ကို **ပုရှာလောင်** (ပုံ ၃၆/၃)ဟု ယူဆမြဲဖြစ်၍ ဘုရားလောင်းတို့ ဓလေ့အတိုင်း ကြင်နာခြင်း၊ သီလသမာဓိရှိခြင်း၊ ခွင့်လွှတ်ခြင်းတို့ ရှိမည်ဟု ယူဆရသည်။ သံဃာတော်တို့နှင့် ဆက်ဆံရာတွင် ဆန့်ကျင်ဖက်မဖြစ်အောင် အထူးဂရုပြုသည်ကိုလည်း တွေ့ရပါသည်။ ဘုရင်တပါးသည် သံဃာတို့ ဆူပူကန့်ကွက် စရာပြုမိသဖြင့် သတိထား၍ နောက်ဆုတ်သွားရပုံကို အောက်ပါသာဓကဖြင့် သိသာပါသည်။

ပုဂံမင်းဆက် နောက်ပိုင်းတဝက်၌ တောကျောင်းဂိုဏ်းဗုဒ္ဓရဟန်းတော်များ ခေတ်စား၍လာကြ၏။ ထိုဂိုဏ်းဝင်တို့သည် အထူးသဖြင့် ချင်းတွင်းအရပ်၌ လယ်ယာမြေများကို ဝယ်ယူ၍ သာသနာမြေကို တိုးချဲ့ခဲ့ရာ သာသနာ၌ မြေတိုးတိုင်း ဘုရင်၌ အခွန်အခ ကောက်ရသောမြေ ရော့ရမြဲဖြစ်၍ တနည်းအားဖြင့် ဘုရင်က မနှစ်မြို့နိုင်ပါ။ ထို့ပြင် သဒ္ဓါထက်သည့် ဒါယကာတို့ကလည်း မြေပယ်ပေါင်းများစွာ လှူကြမြဲဖြစ်သဖြင့် ကျစွာမင်းသည် အခွန်တိုးစေကြောင်းကိုရည်၍ သာသနာ့မြေအချို့ကို သိမ်းယူပါသည်။ ထီးမွေကို ဆက်ခံပြီးနောက် မကြာမီ အေဒီ ၁၂၃၅-ခု၌ ယင်းမြေများကိုသိမ်းယူရာ သံဃာအများ ကန့်ကွက်သဖြင့် စုံစမ်းရေးအဖွဲ့တခု ဖွဲ့ရသည်။ အဖွဲ့က သံဃာများဖက်မှ ဆုံးဖြတ်ချက်ချပေးသဖြင့် ဘုရင်က အလျော့ပေးခဲ့ရ၏။ (ပုံ ၉၀/၁၅-၁၆၊ ပုံ ၂၃၁ ခ/၆)။

ယင်းသာဓကမှ အရေးပါသော အချက်နှစ်ချက်ကို သိရှိရပါသည်။ ပထမအချက်ကား မြန်မာမင်းတို့အပါးတွင် မင်းလိုလိုက်၍ မင်းကြိုက်သာ ပြောသောသူများသာ အမြဲရှိနေသည်ဟူ၍ မယူဆသင့်ခြင်းပင်ဖြစ်သည်။ ပညာရှိတို့ကို ဆည်းကပ်၍ အရေးကြုံလျှင် ပညာရှိစကားကို နာယူသည်ဟု သိရပါသည်။ ပြဿနာကြီးလျှင် စုံစမ်းရေးအဖွဲ့ဖွဲ့၍ ဆောင်ရွက်စေသည်မှာ ထုံးစံဖြစ်၍ **တရုက်ပြေးမင်း**ကဲ့သို့ ခက်ထန်သော မင်းသာလျှင် တရုတ်တို့ကျူးကျော်မလာမီက အမှုးအမတ်စကားကို ပြစ်ပယ်ခြင်းဖြစ်သည်။(မှန်နန်း ပထမတွဲ အပိုဒ် ၁၄၇)။အေဒီ ၁၂၉၁-ခု ဧကျောက်စာအရ ဘုရင့်အပါးတော်ဝယ် **သံပျင်၊ ကလန်၊ သုယ်တော၊ ဟုရာ၊ သမ္ဗာ၊ သုခမိန်**(ပုံ ၇၂/၁၈)တို့ ရှိမြဲဖြစ်ပါသည်။ **ထိလိုင်မင်း**၏ နန်းတော်ကျောက်စာ(အေဒီ ၁၁၀၁-၂)အရ ကောက်ယူရလျှင် **ဟုရာ**တို့ကား ဗြာဟ္မဏတို့ဖြစ်ဟန်ရှိပါသည်။ အခြား ကျောက်စာတခုအရလည်း **ကျစွာ**မင်းသည် အေဒီ ၁၂၃၅-ခု၌ နန်းသိမ်းပြီးလျှင်ပြီးခြင်း ဗြာဟ္မဏဟူရားတို့ကိုပယ် ၁၀၀-သော မြေကို ပေးလှူဘူး၏(ပုံ ၁၀၂/၁၈)။ဘိသိက်ပွဲတွင် ပါဝင်ရသော ပုဏ္ဏားတို့ဖြစ်ဟန်တူပါသည်။ ဒုတိယအချက်ကား တဖက်ဖက်တွင် ပျက်စီးနိုင်သည့် အတိုက်အခံနှင့်တွေ့လျှင် **ကျစွာ**ကဲ့သို့ စိတ်မာန်ရှိသော မင်းပင်လျှင် အလိမ္မာသုံး၍ လျော့ပေးရန် ဝန်မလေးပါ။

နိုင်ငံတွင် မင်းသည် အရေးအပါဆုံးပုဂ္ဂိုလ် ဖြစ်သော်လည်း အုပ်ချုပ်ရေးဟူသည် မင်းတပါးတည်း ဆောင်ကျဉ်း၍ ရကောင်းသည်မဟုတ်။ နိုင်ငံတော် ကျယ်ပြန့်လာသည်နှင့်အမျှ အုပ်ချုပ်ရေးတွင် ကူညီရန် ဝန်နှင့် အရာရှိများ ခန့်ထားရသည်။ ဝန်ကို သက္ကတ **အမာတျ**မှ လာသော **အမတ်**အမည်ဖြင့် ခေါ်ဝေါ်၏။ကြီးသောဝန်ကို ဆောင်ရသဖြင့် ဝန်ကြီးဟူသော အမည် မပေါ်သေးပါ။ သို့သော် အမတ် ကို ကြီ တပ်၍ကား မကြာခဏ အသုံးအစွဲပြုပါသည်။ မြို့ပြအုပ်ချုပ်ရေး အရာရှိနှင့် စစ်အရာရှိဟူ၍ သီးသန့် ခွဲခြားထားခြင်း မရှိသဖြင့် မည်သည့် **အမတ်** သို့မဟုတ် အရာရှိမဆို အရေးကြုံလျှင် စစ်ဗိုလ်လုပ်၍ ကွပ်ကဲတိုက်ခိုက်ရမည့် တာဝန်ရှိကြပါသည်။ ထို့ကြောင့် ဒါယကာ **အနန္တသူရ** သည် အေဒီ ၁၂၂၃-၌ ကောင်းမှုပြုသောအခါ ရာထူးကို ဖေါ်ပြရာ၌ **အမတ်တျာမဟာသေနာပတိ**(ပုံ ၇၃/၁)ဟု ရေးခဲ့ရာ ယင်းသည် **နာတောင်မျာ**မင်း၏ အုပ်ချုပ်ရေးတွင်လည်း အမှုးအအုပ်၊ စစ်မက်ရေးတွင်လည်း အကြီးအကြပ်ဖြစ်ကြောင်း ဆိုလိုသည်။ ယင်း **အနန္တသူရ** အပါအဝင် **နာတောင်မျာ**နန်းတော်၌ အမတ်ငါးပါးရှိပါသည်။ နောက်ထပ်လေးပါးကား **အသင်္ချာ၊ အသွတ်၊ ရာဇသင်္ကြံနှင့် စတုရင်္ဂသူ**(ပုံ ၄၂/၁၇၊ ပုံ ၁၉၀ က/၁၂)တို့ဖြစ်ကြ၏။ ဤတွင် မှတ်သားရန်အချက်

တချက်မှာ ယင်းသို့ အမတ်ငါးပါးရှိကြောင်း သိရသဖြင့် အစဉ်အလာ ပြောစမှတ်ပြုသည့် လွှတ်တော်စပုံနှင့် လွှတ်တက်အမတ်ကြီးလေးပါး ပေါ်လာပုံကို ဆက်လက်ယုံကြည်၍ မဖြစ်တော့ပါ။ ကျွန်တော်တို့ မှတ်သားဘူးသည်ကား နာတောင်မျာ ၌ အစ်ကိုလေးယောက်ရှိရာ အုပ်ချုပ်ရေးတွင် အထူး ဝါယမပြု၍ ကူညီသဖြင့် ဝန်ကြီးလေးပါးဖြစ်လာ၏။ ယခုကျောက်စာပါ အထောက်အထားများအရ အမတ်ငါးပါးရှိ၍ တဦးတလေမျှ ဘုရင်နှင့် သွေးသားတော်စပ်သည်ဟု ဖေါ်ပြခြင်း မရှိပါ။ ဤအမတ်ငါးပါးသည် ဘုရင့်သားချင်းများဖြစ်သော **ပံ့ချီ** နှင့် **သိင်္ဃပိစည်** တို့ ပုန်ကန်သည်ကို နှိပ်နင်းပေးသဖြင့် ရဲဆုဟူ၍ တဦးလျှင် မြေပယ် ၇၀၀-စီ ရခဲ့ဘူးသည်။ ယင်းသည်ပင်လျှင် အုပ်ချုပ်ရေးအမှုထမ်းနှင့် စစ်မှုထမ်းဟူ၍ အသီးအခြား မရှိကြောင်းကို ပြသောသာဓကတခု ဖြစ်ပါသည်။ **နာတောင်မျာ** လက်ထက်မြောက်အရပ်(တကောင်း)၌ တိုက်ရေး ခိုက်ရေးပေါ်ခဲ့သဖြင့် **လက္ခာနလက်ဝယ်** ကို စေလွှတ်နှိမ်နင်းစေရာ အောင်ပွဲရသဖြင့် ဆုတော်များပေးသနား၏(ပုံ ၂၃၁ ခ/၁)။ ပုကံမင်းဆက် ကုန်ဆုံးခါနီး၌ **စစ်သူကြီး**ဟူသောဘွဲ့ကို စစ်ထွက်သောအမတ်များအား ပေးလေ့ရှိသည်။ နမူနာပြရလျှင် **အသင်္ခယာ**၊ **ရာဇသင်္ကြံ**၊ **သိင်္ဃသူ** တည်းဟူသော တရုတ်စစ်ပြီးနောက် ကျော်စောလာသည့် သျှမ်းညီနောင်သုံးဦးအား **အမတ်ကြီ** သို့မဟုတ် **သံပျင်ကြီ** ဟု ခေါ်ဝေါ်ရေးသားသည်ကိုတွေ့ရ၏(ပုံ၂၇၄/၁၅၊ပုံ ၂၈၂/၁၄၊ပုံ ၂၉၁/၁၁၊ပုံ ၂၉၇/၃၀)သို့ရာတွင် အေဒီ ၁၂၉၂-နှစ်ရေးထိုးသော ကျောက်စာတခုတွင် ယင်းတို့ကိုပင် **စစ်သူကြီ** ဟု ဘွဲ့တပ်၍ ခေါ်ဝေါ်သည်ကို အောက်ပါအတိုင်းတွေ့ရှိရပေသည်။

> ပုကမ်မင်ကြီတေူ ဖ္လစ်ထသော။ အတုမည်ထသော၊ စစ်သူကြီ ဖ္လစ်သော၊ သိရိအသင်္ချာ၊ ရာဇ၊ သီဟသူမည်သော၊ တရုတ်စစ်ကိုဝ်နိုပ်နင်သ၊ ညီ အစ်ကိုဝ် ၃-ယောက်(ပုံ ၂၇၆ က/၃-၅)

**ကွလစွာ** မင်းလက်ထက် အမတ်ကြီးကား **မနောရာဇ**(ပုံ ၂၃၁ ခ/၆) သို့မဟုတ် **မနုရာဇ**(ပုံ ၃၃၁ ခ/၇)ဖြစ်၍ ဓမ္မသတ်ကိုပေးပေသော **မနု** နှင့် အမည်အားဖြင့် ဆက်သွယ်လျက်ရှိပါသည်။ **မနုရာဇ** သည် ကျော်စောသော တရားသူကြီးလည်း ဖြစ်နိုင်စရာ အကြောင်းရှိပါသည်။ ယင်းသည် **ကောင်စင်မဟာသမန်**(ပုံ ၁၅၀/၂၀-၂၁)ခေါ် ဘုရင်ခံရာထူးနှင့် **ကိုဝ်မှု**(ပုံ ၂၃၄/၃၀)ခေါ် ကိုယ်ရံတော်တပ်မှူးတည်းဟူသော အရေးပါ အရာရောက်သည့် ဌာနများမှ အမှုတော်ကို ထမ်းရွက်ရသည်။ ဤသည်လည်း အုပ်ချုပ်ရေးနှင့်စစ်ရေးကို ပေါင်းစပ်၍ တာဝန်ယူရခြင်း သာဓကတခု ဖြစ်ပါသည်။

အမတ်ပြီးလျှင် **သံပျင်** နှင့် **ကလန်** တို့ ရှိကြသေး၏။ ယင်းတို့၏တာဝန်အတိအကျကို မပြောပြနိုင်သေးပါ။ **ကလန်**သည် **သံပျင်**ထက် ရာထူးအဆင့်နိမ့်ဟန်ရှိ၏။ ပုကံခေတ်နောက်ပိုင်း ကျောက်စာများ၌ **သံပျင်** နှင့် **အမတ်** ကို အရည်တူထား၍ သုံးစွဲပုံကို တွေ့ရသည်။ အထက်ဖေါ်ပြပါ ဘုရင်ခံ **မနောရာဇ** ကိုပင် တခါက **သံပျင်မဟာသမန်**(ပုံ ၂၆၀/၃)ဟု ဖေါ်ပြခဲ့သည်။ ဤနည်းနှင်နှင်ပင် **နာတောင်မျာ**၏ သေနာပတိ **အနန္တသူရ** ကို **သံပျင်အနန္တသူရ**(ပုံ ၇၀ ခ/၁၁)ဟူ၍လည်း ခေါ်ပါသည်။ တရားသူကြီးများကိုလည်း **တြ၂ာသံပျင်**(ပုံ ၇၀ ခ/၉)ဟု ခေါ်စမှတ်ပြုပါသည်။ ထို့ကြောင့် ယခုအခါဝယ် **သံပျင်**ကို အောက်တန်းအရာရှိဟု နားလည်ကြသော်လည်း(ဂျပ်ဆင်အဘိဓါန်စာမျက်နှာ ၁၀၀)**အမတ်** နှင့် အရည်တူဟူ၍ ယူဆအံ့လောဟုပင် ထင်မိပါသည်။ **ထိလိုင်မင်**၏လူသိ

များသော ကျန်စစ်သား အမည်ပင်လျှင် **ကလန်စစ်သာ** မှ ဆင်းသက်လာသလောဟု မှန်းဆသူတို့ ရှိပါသည်။ (ရှေးအသုံးအနှုန်းတွင် စစ်သားဟူသည် ရိုးရာအလိုက်အုပ်ချုပ်သူမင်းသား အဓိပ္ပါယ်ရ၍ စစ်အမှုထမ်းကို စစ်သည်သူရဲဟူ၍သာခေါ်ရကား ကလန်စစ်သားသည် အရာရှိမင်းသားဟုကောက်ယူသူတို့ရှိပါ၏)။ယင်းသို့ဖြစ်မူ ယခုအခါ ရွာသူကြီးသာသာရှိသူကို ကလန်ဟုဆိုလျှင် ပုဂံ မင်ကြီး မဖြစ်မီက **ထိလိုင်မင်**ဖြစ်ခဲ့သည့်လူစွမ်းကောင်းကို နှိမ်ရာရောက်နေပေမည်။ **ကလန်**ဟူသည်လည်း အတန်ပင် အဆင့်အတန်းမြင့်သော အုပ်ချုပ်ရေးအရာရှိဖြစ်မည်ထင်သည်။ ယင်းဝေါဟာရနှစ်ခုနှင့် ပတ်သက်၍ ပါမောက္ခ ဂျီအိပ်ချ်လုစ်က—

> **သံပျင်**၊ **ကလန်** ဟူသည် ရှေးမြန်မာစာတွင် အလွန်အသုံးများသော်လည်း ယင်းတို့ကား မွန်ဝေါဟာရ အရင်းခံ ဖြစ်ကောင်း၏။ **စာပ်သုမ်ဗင်**ကို အရာအထူးဘွဲ့တခုအနေဖြင့် ယိုးဒယား လောပူရီတွင် တွေ့ရှိသော (**ပြင်သစ်အရှေ့တိုင်းစာစောင်** အတွဲ ၂၅၊စာမျက်နှာ ၁၈၆-နှင့် အတွဲ ၃၀၊ စာမျက်နှာ ၈၃-၄) ရှစ်ရာစု နောက်ပိုင်းကဟု ထင်ရသည့် ရှေးအကျဆုံး မွန်ကျောက်စာ၌ပါရှိသည်။ ကျန်စစ်သားနန်းတော်ကျောက်စာ (**မြန်မာကျောက်စာပေါင်းချုပ်** အတွဲ ၃၊ အပိုင်း ၁ ကျောက်စာအမှတ် ၁၁)၌ **ကလန်**ကို ခြောခဏတွေ့ရ၍ တဝယ်နှင့် အချို့ဒေသတို့၌တွေ့ရသော ရှေးမွန်မြေပုံဘုရားများ (**မြန်မာနိုင်ငံကျောက်စာဝန်၏ နှစ်ချုပ် အစီရင်ခံစာ** ၁၉၂၄၊ စာမျက်နှာ ၃၈-၄၀)တွင်လည်း သံပျင်ကို တွေ့ရပါသည်။ (**မြန်မာ သုတေသန ဂျာနယ်** အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၃၀၅)

မစ္စတာ အိပ်ချ်အယ်လ် ရှောတိုးကမူ သံပျင်နှင့် **ကလန်**တို့သည် အထက်ကိုးကားသော ယိုးဒယားမှ မွန်ကျောက်စာတို့တွင် ပါသည်ဆိုရသော်လည်း မွန်ဇစ်မြစ် စကားအသုံးများ မဟုတ်မူ၍ ရာထူးထက် လူအမည်နှင့် ပို၍သက်ဆိုင်ဟန်ရှိသည့်ပြင် ပုဂံတွင်တွေ့သောမွန်ကျောက်စာများ၌ပါရှိပြန်သောအခါ ၌လည်း မွန်ဝေါဟာရဟူ၍ တထစ်ချမယူအပ်ချေ၊ အကြောင်းသော်ကား မြန်မာနန်းတွင်း ကိစ္စတို့ကို မွန်ဘာသာဖြင့် ရေးသားဖော်ပြထားခြင်းသာ ဖြစ်သည်ဟု ဆို၏။ ဆိုထိုက်သည်ဟု ယူဆသည်။

ရံဖန်ရံခါ ဘုရင်လိုလားသူတို့ အကဲရောက်မည်ဖြစ်သော်လည်း စင်စစ်နန်းတော်အသုံးခံအမတ် နှင့် အရာရှိတို့သည် ပညာတွင်အခေါင်အထွဋ်မျှ တတ်မြောက်ကြရန်လိုအပ်မည်ဟုထင်ပါသည်။အမတ် တဦး၏ပညာအရည်အခြင်းကို အေဒီ ၁၂၇၈-ကျောက်စာတခု၌ ဖော်ပြပါရှိဟန်ကား—

> ပိတကတ်သုံးပုံ လေတတ်စွာထသ။သင်္ကြိုက် ဗျကာရိုဏ် ဟုရာ သမ္မာ အမှုလေတတ်ထသော။ စတုရင်္ဂဘိဇယ်မည်သော။ အမတ်ကြီ(ပုံ ၂၈၉/၃-၅)

ဟူ၍ဖြစ်သည်။ **အမတ်သံပျင်ကလန်** တို့အပြင် အခြားနန်းတော် အမှုထမ်းများစွာလည်း ရှိပါသေးသည်။အထူးအခြားမခွဲဘဲ တပေါင်းတည်း ယင်းတို့ကို မင်ချင်(ပုံ ၂၅၇/၆၊ ပုံ ၂၆၈/၁၀၊၁၁၊ ၃၀) သို့မဟုတ် မင်စေ(ပုံ၂၁၅ ခ/၆)သို့မဟုတ် မင်လုင်(ပုံ ၂၉၀ ခ/၂)ဟုခေါ်ပေမည်။တစုသောအမှုထမ်းတို့ကိုကား **သူငယ်တော**(ပုံ၂၃၄/၂၅၊ပုံ၂၅၇/၆၊ပုံ၂၇၂/၁၊ပုံ၂၇၃/၁၈၊ပုံ၂၇၇/၂၁၊ပုံ၂၈၂/၁၄၊ ပုံ၃၈၅/၁၅)တို့ဖြစ်၍ဘုရင်လိုလားသည့်ဖွါးဖက်တော်ကဲ့သို့သောသူများဖြစ်ဟန်တူပါသည်။သူငယ်တ်ကို မူဆိုဝ်(ပုံ၂၇၄/၁၆)နှင့်တခါကတွဲဖက် ဖော်ပြထားသည်ကို တွေ့ရဘူး၏။နောင်အခါ နန်းတော်၌

အတွင်းဝန် နာခံတော် သံတော်ဆင့်စာရေးဟူ၍ ရှိဘိသကဲ့သို့ ထိုစဉ်က **အတွင်းရှယ်**(၂၀၇/၁၃၊၁၆) **စာမြောင်**(ပုံ၂၃၅/၄၅)**စာခီပိုဝ်**(ပုံ၂၃၂/၂၁၀)နှင့်**စာခီ**(ပုံ၂၆၀/၁၃)တို့သည် ဘုရင့်အမှာတော် အမိန့်တော်တို့ကို ရေးမှတ်၍ အရာရှိတို့ထံပို့ရသည် ဖြစ်မည်။ အခွင့်အခါကြုံသဖြင့် ဖေါ်ပြလိုသည်မှာ **စာခီပိုဝ်**ဆိုသူတဦးသည် **တရုက်ပွိုယ်**ဘုရင်၏ကိုယ်လုပ်တော် **မင်မျာ**(ပုံ ၂၃၂/၂)ဖြစ်ကြောင်း တွေ့ရ ပါသည်။အဝေးအလံသို့အမိန့်တော်များပို့ရန် **မြင်သူကြီ**(ပုံ ၂၅၄ က/၁)ကွပ်ကဲသည့် **မြင်စီ**(ပုံ ၂၂၂ ခ/၁၄)ခေါ် မြင်းအမှုထမ်းတို့ရှိမည်ဖြစ်ပါသည်။

တရားရေးရာအဆုံးအဖြတ်တွင် ဘုရင့်အားကူညီရန် **သံဖမ**(ပုံ ၁၆၁ ခ/၃၊ပုံ ၂၈၅/၁၇၊ပုံ၅၉၀ က/၁၂၊၂၂)ခေါ် တရားသူကြီးများရှိပါသည်။ရှိယ်တဝ်နိယ်အမှုဆင်ခြင်သော **သံဖမတိုဝ်**(ပုံ၅၇၄/ ၃၊၆)ဟုအေဒီ၁၂၁၀-ကျောက်စာ၌ပါရှိသဖြင့် **သံဖမ**ဟူသည် ဘုရင့်အပါးတွင် ခစား၍ တရားစကား အရှုက်အတင်ရှိလျှင် ကြားနာစစ်ဆေး ဆုံးဖြတ်ရသူများ ဖြစ်ကြောင်း သိရပါသည်။ယင်းတို့ကို အခြား အမည်များဖြင့်လည်း ခေါ်ပါသေးသည်။ယခုအခါကဲ့သို့ **တြ၂ ာသူကြီ**(ပုံ ၁၉၁ ခ/၈)ဟု ခေါ်သည် လည်းရှိ၏။ ဓမ္မသတ် သို့မဟုတ် အမှုအခင်း သို့မဟုတ် တရားစီရင်သူဟု အမျိုးမျိုးယူဆရသော **တြ၂ ာ** (ပုံ၅၆၀ င/၇)ဟု တလုံးတည်းလည်းခေါ်ပါသည်။ တခါသော် တရားမနှင့် ရာဇဝတ်ကိုခွဲလိုဟန်ဖြင့် **အမှုစိုဝ်**(ပုံ၄၂၁ ခ/၁၇)နှင့်**ခိုဝ်သူကြီ**(ပုံ၂၄၁/၅)ဟုနှစ်မျိုးပိုင်းခြား၍ခေါ်ပါသေးသည်။**ခိုဝ်သူကြီ** နှင့် တွဲဖက်လုပ်ရသောသူကို **ခိုဝ်တြ၂ ာစာခီ**(ပုံ ၂၆၉/၁၃)ဟု ခေါ်၏။ အမျိုးသမီးတရားစီရင်သူတို့ရှိ ကြောင်း(ပုံ ၁၇၄/၁၁)ကိုလည်း မှတ်သားရဘူးပါသည်။နယ်အုပ်ချုပ်ရေးတွင် **တိုက်**ကို စီမံခန့်ခွဲရန် **တိုက်သူကြီ**(ပုံ ၁၂/၁၅၊ပုံ ၂၉၅/၁၇၊၁၀)မြို့ သို့မဟုတ် ခံမြို့ကိုကွပ်ကဲရန် **မြို့ဝ်သူကြီ**(ပုံ ၃၇၀/၂၃) ကျေးရွာအတွက် **ရွာသူကြီ**(ပုံ၂၆၄/၂)နှင့်ဘုရင့်ကျီတော်ထိမ်း **ကီသူကြီ**(ပုံ၁၆ ၂/၂၄)တို့ရှိပါသည်။ မြို့တော်အစွန်အဖျားတွင် အုပ်ချုပ်ရန် အမျိုးသမီး **ကွှိယ်သူကြီ**(ပုံ ၁၉၆/၅)တယောက်အကြောင်း ကို အေဒီ ၁၂၆၀-ကျောက်စာတခု၌ ဖေါ်ပြပါရှိရာ ယင်းအမျိုးသမီးပင်လျှင် အမိပုရှာစ်ခေါ် ဘုရင့် မိဖုရားငယ်တပါးဖြစ်ကြောင်း တွေ့ရ၏။

အခွန်တော်ဆိုင်ရာ **ပယ်တိုင်**(ပုံ ၃၀၇ ခ/၄၊ပုံ ၅၇၄ က/၈)ခေါ်အရာရှိများလည်းရှိသေး၏။ အေဒီ ၁၂၄၄-ကျောက်စာတခု၌ **သတ်တျ**ဆိုသူကို **ပိုန်သူကြီ**သို့မဟုတ် **ပိုလ်သူကြီ**(ပုံ၅၃ က/၂၊၁၀) ဟု ဖေါ်ပြပါရှိရာ ယင်း ပိုန်သူကြီ၊ ပိုလ်သူကြီဆိုသူသည် မြေယာအပိုင်းအခြားကို မှတ်သားရသူ အရာ ရှိဖြစ်မည်လောဟု တွေးထင်ရပါသည်။ အသေအခြာမသိပ၊။ စပါးစိုက်ရန် ကျောက်ဆည်ဒေသတွင် ဆည်မြောင်းကိုသာ အားပြုရသဖြင့် ဆည်မြောင်းကြီးကြပ်ရန် အရာရှိ အရာခံတို့ အမှန်ရှိရပေမည် ဖြစ် သော်လည်း ကျောက်စာတွင် ရေးသားဖေါ်ပြခြင်းကို တကြိမ်တခါမှ မတွေ့ရသည်မှာ အံ့သြဖွယ် ဖြစ် ပါသည်။မြောင်းတူးရာတွင် ကြီးကြပ်သူ **သုဝန္နပိဇည်**(ပုံ၃၇၂/၃)ဟူ၍ကား အေဒီ၁၂၂၀-ကျောက် စာ၌ တွေ့ရသည်။ စကားကြုံသဖြင့် ဖေါ်ပြလိုသည်မှာ တရုတ်တို့ အေဒီ ၁၃၀၀-တွင်မှ တူးပေးခဲ့သည် ဟု အများယူသော **သင်ထွယ်မြောင်**(ပုံ၂၀ က/၂)သည် အေဒီ၁၁၉၀-ကဲ့သို့ စောစောပိုင်းကပင်လျှင် ရှိနေပါသည်။(မှန်နန်း ပထမတွဲ အပိုဒ် ၁၅၀-နှင့် မြန်မာသုတေသန ဂျာနယ် အတွဲ ၃၀၊ အပိုင်း ၁ စာမျက်နှာ ၃၀၄ မှတ်စု ၁၀ နှင့် အတွဲ ၄၂၊အပိုင်း ၁ စာမျက်နှာ ၄၃ နှင့် ၆၀-ကြည့်ပါ)။

နယ်စပ်ကိုစောင့်ရှောက်ရန် အကွက်အကွင်းကျသော နေရာတိုင်း၌ ကင်းချထားဟန်ရှိ၍ ကင်းသည်တို့ကား မြန်မာမဟုတ်သောသူတို့ များမည်ဟုထင်ရသည်။ ကျောက်ဆည်မြောက်ဖက် တနေရာရှိ **ဆိပ်တောင်**ကိုစောင့်ရှောက်ရန်**စကြဝ်ကင်းသည်**(ပုံ၁၆၂/၅)တို့ချထားသည်ဟုအေဒီ၁၂၄၈ကျောက်စာအရသိရပါသည်။ အမည်ရှေ့မှ **ကုံထံ**(ပုံ ၁၆၂/၂၄၊ပုံ၂၅၆/၃၃) သို့မဟုတ် **ဘုမ္မ**(ပုံ ၂၂၄/၂၆၊ ပုံ၂၆၈/၆၊၇)ပါသူတို့သည် မြေအရောင်းအဝယ်တွင်သော်၎င်း၊ မြေခွန်ကောက်ခံရာတွင်၎င်း အရေးပါသူများဖြစ်ကြသည်။ ယင်းတို့၏တာဝန်အတိအကျကို မသိရသော်လည်း မြေရှင်လူတန်းစားဖြစ်ဟန်တူပါသည်။ ရွာများတွင် ကျေးရွာလူကြီးများဖြစ်ဟန်တူသော **သင်ကြီး သင်လျှင်**ဟူ၍ရှိပါသေးသည်။ ထိုသူများကား အသင်းအပင်း၏ အကြီးအကဲများဖြစ်ကြမည်ထင်သည်။ များသောအားဖြင့်ထိုပုဂ္ဂိုလ်တို့သည် ယောကျ်ားများ(ပုံ ၇၅ က/၄၅)ဖြစ်သော်လည်း တခါတရံ **သင်ကြီးအိုဝ်** သိသင်(ပုံ၅၃/၉) စသဖြင့် အမျိုးသမီးအမည်ဖြင့်လည်း တွေ့ရတတ်ပါသည်။ ထို့ထက်ပို၍ရှုပ်ထွေးစေသည့်အချက်ကား **ဗွလ္လောင်သင်ကြီး** (ပုံ ၃၆၇က/၈) သို့မဟုတ် ရဟန်းတော်အမည်ဖြင့်တွဲ၍ (ပုံ ၆/၉)တွေ့ရခြင်းပင်ဖြစ်ပါသည်။ **သင်ကြီး**ကို ရဟန်းအထွက်သာ သီးသန့်သုံးစွဲခြင်းဖြစ်မူ **သင်**ဟူသည် **သင်္ဃာ**၏အတိုဖြစ်၍ **သင်္ဃာထေရ**ကိုဆိုရာ၏ဟုယူနိုင်စရာရှိပါသည်။ သို့သော် ထိုသို့မဟုတ်သဖြင့် အဓိပ္ပါယ်ကောက်ယူရန် များစွာခက်ခဲလျက်ရှိရပါသည်။ ယခုအခါ သိစွမ်းသမျှကား လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ **သင်ကြီး**မှန်လျှင် လေးစားထိုက်သူဖြစ်၍ လူ **သင်ကြီး**တွင် အုပ်ချုပ်ရေးတာဝန်ရှိသည်ဟုပင် ဖြစ်ပါသည်။ **တိုင်သင်ကြီး** (ပုံ ၂၅၇/၃၂)၊ **တိုင်သူကြီး**(ပုံ ၂၅၇/၃၁)နှင့် **တိုင်သည်** (ပုံ ၂၅၇/၃၁)ဟူ၍ မြေ အရောင်း အဝယ်နှင့် သော်၎င်း၊မြေယာ၌ နယ်ခြားတိုင်စိုက်ခြင်းနှင့်သော်၎င်း၊ မြေလှူတန်းရာတွင် မော်ကွန်းတင်သောအခါ၌သော်၎င်း၊ ပါဝင်ရသူများရှိ၏။ မြေမှုနှင့်ဆိုင်လျှင်လည်း ယင်းတို့အရေးပါပြန်၍ ခုံလူကြီးများက ယင်းတို့ကိုပင် အပိုင်းအခြားတိုင်စိုက်ခိုင်းလေ့ရှိသည် (ပုံ ၃၀၇/၄)။ ထိုသို့စိုက်ထူထားသော တိုင်ကို နှုတ်ပယ်လျှင် ကြီးလေးသော ပြစ်မှုဟု ယူဆသည်။ အရာရှိဟု ထင်ရသော ဗျဂ္ဃသူရသည် လယ်ပယ် ပေါင်း ၅၅၀ ကို လှူတန်းရာ **သံဗမ** (တရားသူကြီး) က အသိအမှတ်ပြု၍ **သင်ကြီးဖွယ်သင်** နှင့် **သင်လျှင်ဝံသာသင်** တို့ကို နယ်ခြားတိုင် စိုက်စေခဲ့ပြီးနောက် **တန်လိုင်ရေစ်** နှင့် အပေါင်းပါတို့က ထိုတိုင်တို့ကို နှုတ်ပယ်သဖြင့် ဒဏ်ငွေယ်ပျန် ၁၀၀ ပေးဆောင်ရကြောင်း အေဒီ ၁၂၂၆ကျောက်စာ (ပုံ ၅၇၃ ခ/၇-၈)တွင် ဖတ်ရပါသည်။ ငွေတကျပ်လျှင် လယ်ကောင်း နှစ်ကေနီးနီးရသော(ပုံ ၂၆၈/၃) အခါက ငွေ ၁၀၀ ဒဏ်ထားသောအမှုသည် မည်မျှကြီးမည်ဟု ခန့်မှန်းနိုင်ကြပါသည်။

သာသနာမြေအဖြစ် ပေးလှူသမျှမြေကို မင်းအား အကြောင်းကြားရသည်ဟု ထင်ပါသည်။ ကျောက်စာတခု၌ **မဟာသမန်** ကဲ့သို့သော အမတ်ကြီးကိုယ်တိုင် အလှူမြေကို အထက်စာရင်းတွင် တင်ရကြောင်းတွေ့သည်(ပုံ၂၀၃/၁၅)။ **မဟာကဿပ**နှင့် **ဆိပ်တောင်** မှ **စကြဝ်ကင်းသည်** တို့၏ မြေမှုတွင် **မဟာကဿပ** တရားအောင်ခြင်းကား အထက်စာရင်း၌ အမှတ်အသားရှိသောကြောင့်ဖြစ်သည်ဟု အကြောင်းပြခဲ့သည် (ပုံ ၁၆၂/၈)။ ဤအမှုမျိုးတို့၌ တရားသူကြီးက 'ဆုံးဖြတ်ချက်ချလျှင် ထိုစီရင်ချက်ကို မှတ်တမ်းတင်ရမြဲဖြစ်၏။ အမှုကွန်ခတ်စိယ် (ပုံ ၂၁၅ ခ/၁၂) ကား ပေးမြဲအမိန့် ဖြစ်တော့သည်။ **စာချုပ်ငေ**(ပုံ ၂၆၂/၂၀)ဟူ၍လည်း ဖေါ်ပြသည်။ ဖြတ်ထုံးတို့ကို **ပိယ်စာတင်**(ပုံ၂၉၆/၂၅) မည်ထင်ပါသည်။ သို့သော် အရေးပါသော အကြောင်းအရာကို

အမောက္ခန်တင်၏ လက်ပံတွ၂ ၂ ထပ် အကြာထန်ရှက်စာဟိ၏။(ပုံ ၄၁၇/၇-၆) ဟုဖေါ်ပြသဖြင့် မှတ်တမ်းကို ထန်းရွက်တွင် ရေး၍ သစ်သားပြားနှစ်ချပ်နှင့် ညှပ်ခါ ကောင်းစွာ စည်းလျက် သိမ်းထားပေမည်ဟု ခန့်မှန်းရသည်။ မင်း မိဖုရားနှင့်ဆိုင်သည်ကို မှတ်တမ်းတင်ရန် စာရင်း သီးခြားရှိပါသည်။ ဇေယျပွတ် ကျောက်စာတွင် နန်းတက်ပြီး ရှစ်နှစ်အကြာ **နာတောင်မျာ** သည် အလှူတော်စာရင်းကို အရာရှိလေးဦးအား **အထက်စရင်**(ပုံ ၉၀/၅၊၁၁) တွင် တင်စေသည်။

အမှုအခင်းများ၌ ခုံသမာဓိ၏ ကောက်ချက်ကို တရားလို၊ တရားခံ အကြိုက်ညီလျှင် လဘက် ကွမ်းရိုးစားမြဲဖြစ်သည်။အင်္ဂလိပ်မင်းတို့မရောက်မီကပင် ဤဓလေ့ ပေါ်နေပြီဖြစ်သော်လည်း မည်သည့် အချိန်အခါမှ စတင်ပေါ်ပေါက်ခဲ့သည်ဟု မသိရပါ။ အေဒီ ၁၃၀၀ တိုင်အောင် ကျောက်စာတို့၌ ယင်းဓလေ့ကို ဖေါ်ပြခြင်းမရှိသည့်ပြင် လဘက်ဟူသော ဝေါဟာရကိုပင် သုံးစွဲသည်ကို မတွေ့ရပါ။ ရှေးမြန်မာတို့၌ ဤအလေ့အကျင့်အစား "သေသား" များစွာ သောက်စားသည့် ပွဲသဘင်ပြုသော ဓလေ့ရှိပါသည်။ မြေအရောင်းအဝယ်ပြီးတိုင်း စားသောက်ပွဲတည်ခင်းကြ၏။ ဘုန်းကြီးက မြေဝယ် သည်ပင် ရောင်းဈေး၌ **သိယ်ဖိုဝ် သာဖိုဝ်** (ပုံ ၂၂၄/၁၀၊၁၁)ပါရမည်။ ဥပမာ **မဟာကဿပ** သည် သော(ကဒူး)လူမျိုးတို့ထံမှ ပယ်တထောင်ကို ငွေတထောင်နှင့် ဝယ်သောအခါ၌ **ထမင်ဖိုဝ် သိယ်ဖိုဝ် သဖိုဝ်** (ပုံ ၂၆၇/၇၊၉) ပေးရသည်မှာ ငါးဆယ့်လေးကျပ်ဖြစ်သည်။ ထိုမျှဖြင့် မကြေနပ်သေးသော ကြောင့် သေဘိုး နှစ်ကျပ်တမတ် ထပ်ပေးရ၏။ ယင်းဓလေ့နှင့်ပတ်သက်၍ ပါမောက္ခ ဂျီအိပ်ချ်လုစ်က

> အစွန်အဖျားဒေသများ၌ ဤအကျင့်ကို ပို၍ လေ့သည်။ ပုဂံ ပျက်စီးပြီးနောက် များစွာ ပြန့်ပွါးလာ၏။ ဗုဒ္ဓဝါဒ မထွန်းကားမီ မြန်မာနိုင်ငံ၏ ရာဇ်ပွဲ၌ မူးယစ်ခြင်း ရှေးဓလေ့မှ ကြွင်းကျန်ရစ်ခဲ့ဟန်တူ၍ ယခုတိုင် ချင်းတောင်၊ ဝနယ်၊ ကရင်နီ စသောဒေသတို့၌ ရှိသေး၏။ **(မြန်မာသုတေသနဂျာနယ်၊ အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၃၂၄၊ မှတ်စု ၉၄)**

အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် သားမြေးတိုင်အောင် ဆက်လက်အခြင်းပွါးသောတရားမ မှု တမှုကို အေဒီ ၁၂၆၂ ကျောက်စာ၌ တွေ့ရ၏(ပုံ၃၈၁)။ အကျဉ်းချုပ်အားဖြင့် ဇွမ်တဝ်သျှင် ခေါ် ကုလားကျမင်းလက်ထက် အေဒီ ၁၁၈၇ ၌ **သို့ခ်စကုကြီ**က သံဃာထေရ် **တိတ်သင်**ကျောင်း၌ မြေရိုင်း အချို့ကိုလှူခဲ့သည်။ ဆရာတော်လည်း ကန်ဆည်၍ လယ်လုပ်စေ၏။ ကောက်ပဲ သီးပွင့်လျှင် ဤသို့ ပြုပြင်နိုင်သဖြင့် **သို့ခ်စကုကြီ**က အံ့ဩဝမ်းသာလျက် မိမိသေလွန်လျှင် အမွေဝေရာသောပစ္စည်း၌မပါ စေရအောင် တိတိကျကျ ပြောကြား၍ ထပ်လောင်းကာ ဘုရားတွင် ယင်းမြေကို လှူပြန်သဖြင့် **တိတ်သင်**ကျောင်း ဘုရားပိုင်ဖြစ်ခဲ့သည်။ **တိတ်သင်** အသက်အတိုင်း သုံးစားပြီး၍ **သို့ခ်ဥပစင်** က ဆက်ခံသည်။ **သို့ခ်ဥပစင်** လက်ထက် **စိည်စိန်သင်** ကို ရေကန်ဝန်းကျင်၌ ထန်းစိုက်စေ၏။**သို့ခ်ဥပစင်** အသက်အတိုင်းစားလတ်၍ လွန်လျှင် **သို့ခ်မုန့်တောင်** ကဆက်ခံသည်။ ထိုစဉ် **သို့ခ်စကုကြီ**၏မြေး **အိန် မွန်သင်**က အဘိုးပိုင်မြေဖြစ်သဖြင့် အမွေဆက်ခံလိုသည်ဟု တရားစွဲလေသည်။ ကျေးရွာကို လှည့်လည် စစ်ဆေးလာသော **ကန်သာရင်** နှင့် **ကက်သတြာ** တို့ ကြားနာ၍ အထက်ကျောင်း၌ ရဟန်းပြုဘူး၍ **စကုကြီ** လှူစဉ်က မြင်ကြားလိုက်သော **ဆည်သင်** ကို ခေါ်ယူစစ်မေးရာ **သို့ခ်စကုကြီ** ကျောင်း ဘုရားဝယ်လှူသည်ကို ငါမြင်သိသည်။ ကန်ကိုလည်း ငါပင်ဆည်သည်။ ရေတွင်းကိုလည်း ငါပင်

တူ၏။ **အိန်မ္ဗန်သင်** က မလှူဟု ဆိုလျှင် ဘုရားကိုင်၍ ကျိန်ပါဟု ဆို၏။ **အိန်မ္ဗန်သင်** မကျိန်ရဲသဖြင့် **ဆည်သင်**က ကျိန်လျက် အထက်နည်း ပြောပြန်သည်။ ယင်းသို့ထွက်ဆိုစဉ် မြင်ပါကြားပါသကား **ညောင်စောက်**ဆရာတော်၊ **တိုင်မလုပ်** ဘုန်းကြီးနှင့် သူကြွယ် **ငါရောက်လွယ်သင်**တို့ ဖြစ်ကြ၏။ ထို့ကြောင့် ရဟန်းတို့အား အနိုင်ပေးရသည်။ယင်းကား အေဒီ ၁၂၂၀-က အဖြစ်အပျက် ဖြစ်ပါသည်။ ထို့ကြောင့် **သျှင်မုန်တောင်** ကို **သုခမိန်သန်ပေါင်** သည်၎င်း၊ **ဗုဒ္ဓပါသင်ကြီး** သည်၎င်း၊ အဆင့်ဆင့်ဆက်ခံကြ၍ အေဒီ ၁၂၅၂-သို့ရောက်သောအခါ **သျှင်သီလကုမာ** လက်ထက်၌ **စည်သဝတ်**မြေး **ငါဖုန်ရောက်သင်**နှင့် **ငပဝယ်**တို့ ကန်အထက်မြေကို လုပြန်၏။ **သမန္တပိစည်** နှင့် **ရာဇပိုဟ်** တို့ကြားနာ၍ စစ်ဆေးရန် ရွာသား ၂၄-ယောက်ကို ခေါ်ယူသည်။ **သျှင်စကုကြီး**က **ငထိတ်သင်**ကျောင်းတွင် လှူသည်ကို သိမှတ်ဘူး၍ ယခု **သီလကုမာ** တိုင်အောင် သံဃာ ၆-ဆက် စားသောက်ခဲ့သည်ကို သိကြောင်း တညီတညွတ်ထည်း ထွက်ဆိုကြသည်။ ထို့ကြောင့် ရဟန်းတို့ကိုပင် အနိုင်ပေးရပြန်သည်။

အထက်အမှုကို ဖတ်ရှုရသဖြင့် ထိုခေတ်အခါက အမှုများကို မည်သို့ ကြားနာစစ်ဆေး၍ ဆုံးဖြတ်သည်ကို သိနိုင်ပါသည်။အမှုကိုဆုံးဖြတ်ရာ၌ တရားသူကြီး ၂ ဦးရှိပုံနှင့်သက်သေခံသူတို့အမှန်ကိုသာဆိုကြောင်းဘုရားချီ၍ ကြိမ်ရပုံတို့ကို စိတ်ပါဝင်စားဖွယ်ရာ တွေ့ရှိရပါသည်။ တရားရေးရာနှင့် ပတ်သက်၍ အခြားအရေးပါသောအချက်တချက်ကား ပုကံကျောက်စာတို့တွင် အေဒီ၁၂၄၉-ကျောက်စာ (ပုံ၁၇၄/၁၄)မှလွဲ၍ ကျန်ကျောက်စာတို့၌ ဓမ္မသတ်ဟူသော ဝေါဟာရကို ရေးသား ဖေါ်ပြခြင်း မတွေ့ရပါ။ ရာဇသတ်ကိုလည်း မတွေ့ပါ။ ထို့ကြောင့် မြန်မာဓမ္မသတ်ကို ရှေးကျလှပါသည်ဟု ပြောဆိုကြသည်မှာ မှား၏ဟူ၍ပင် ပြောချင်မိပါသည်။ ဥပမာ ဒေါက်တာ ဖိုခင်မာက **ဓမ္မဝိလာသဓမ္မသတ်**ကို အေဒီ၁၁၇၂-၌ပြုစုခဲ့သည်ဟု **ဂျာဒင်ဆုရစာတမ်း**(စာမျက်နှာ ၃၅-၆)၌ ရေးသား၏။တလိုင်းဘုန်းကြီး သာရိပုတ္တသည် ထိုဓမ္မသတ်ကို ပြုစုသဖြင့် **စည်သူ** ၂(၁၁၇၄-၁၂၁၁)မင်းက ဓမ္မဝိလာသဘွဲ့ကို ဆက်ကပ်သည်ဟူ၍လည်း ယုံကြည်ကြ၏။ **စည်သူ** ၂-ကို ဆက်ခံသူ **နာတောင်မျာ**၏ ဆရာကား အောက်သား တလ အရှေ့ **မောလညာ** ရွာမှဖြစ်၍ **နာတောင်မျာ** မင်းဖြစ်လျှင် ဓမ္မရာဇဂုရုဘွဲ့ကို ဆက်ကပ်ခဲ့သည်။ သို့သော် ဤဓမ္မရာဇဂုရုနှင့် **ဓမ္မဝိလာသ**တို့ တဦးတည်း ဖြစ်သည်ဟု မဆိုနိုင်ပါ။

**ကျစွာ** မင်းသည် တိုင်းကားပြည်ရွာသာယာ၍ ခိုးသားဓါးပြ မရှိစေရန် မည်သည့်မင်းမျှ မလုပ်ဘူးသေးသော နည်းကို တီထွင်၍ ခိုးသူတို့ ရှုံလောက်အောင် ပြန်တမ်းတခု ကျောက်တွင် ရေးထိုးခဲ့၏။(ပုံ၁၆၆ က ခ၊ပုံ၁၆၇/၉၊ပုံ၁၇၀၊ပုံ၁၇၃-နှင့်ပုံ၃၄၅ က-ခ)။ပြန်တမ်းရက်စွဲကား ၁၂၄၉ ခု မေလ ၆-ရက် ကြာသပတေးနေ့ ဖြစ်ပါသည်။ ၎င်းကို ကျောက်ထက် ရေးထိုး၍ အိမ်ခြေငါးဆယ်ကျော်သော ရွာတိုင်း၌ တတိုင်စီထားရမည်ဟု အမိန့်ထားခဲ့သည်။ သို့သော် ယနေ့အထိ ၁၆-တိုင်သာ တွေ့ရဘူးသေး၏။ ရှေးမင်းကိုကား ခိုးသူကို တံကျင်လျှိုခြင်းမှစ၍ များစွာသော နှိပ်စက်ခြင်းဖြင့် နှိပ်စက်ခဲ့မှုလည်း ငါ့လက်ထက်တော်တွင် ဤသို့မပြုလို၊ သတ္တဝါအများကို မိမိရင်၌ဖြစ်သောသားကဲ့သို့ ချစ်ခင်သဖြင့် ဤစကားကိုဆို၏ဟု နိဒါန်းပျိုးလျက် **မဇ္ဈိမနိကာယ**၊**အင်္ဂုတ္တရနိကာယ**နှင့် မိလိန္ဒပည္စာကျမ်းတို့မှ များစွာ ရက်စက်ကြမ်းကြုတ်သော နှိပ်စက်ခန်းတို့ကို ကြိုက်ရာ ကွက်နှုတ် ဘာသာပြန်၍ ဤနည်းတို့မှ တနည်းနည်းဖြင့် သူခိုးကိုမိလျှင် အပြစ်ဒဏ်ပေးရလိမ့်မည်ဟု ကြေညာခဲ့၏။ ပြောပြသလောက်ရက်စက်နိုင်စွမ်းမည်မဟုတ်သော်လည်း ယင်းသို့ ခြိမ်းခြောက်လျှင် ကြောက်သဖြင့် နေပြည်

တော် နိုင်ငံတော်စသည်တွင် ပြုပြင်ကောင်းမွန်လာကြလိမ့်မည်ဟု မျှော်လင့်ထားဟန် ရှိသည်။ ယင်း ပြန်တမ်း၌ အပြစ်ပေးရာဝယ် လမ်းညွှန်အဖြစ် သုံးရန် အမုန္ဒန် စာရှိ၏ဟု ဖေါ်ပြပါရှိခြင်းကား အ ဘိုးတန်လှသည်။

> ခိုဝ်သောဟုတ်စင်မှုကာ၊ အမုန္ဒန်စာကိုဝ် ဖက်စိယ်၊ အမုန္ဒန်စာတွင် အကြွင် သုခိုဝ်သည်၊ ဣ မည်သော အပ္လစ်တေပ္လစ်မှုကာ၊ ဣမည်သော တန်ပိယ်တေပိယ်အပ်အေ်ဟူပိယ်အေ်။

ဤတွင် **အမုန္ဒန်စာ** ကား အဘယ်နည်း။ အတိအကျဖြေရန် ခဲယဉ်းမည်ဖြစ်သော်လည်း ထိုခေတ် အခါ၏ ရာဇဝတ်ကျင့်ထုံးဖြစ်မည်ဟု မှန်းဆရာ၏။

အခွန်တော် ကောက်ခံခြင်းနှင့် စပ်ဆိုင်သော အကြောင်းအချက်တို့ကို အနည်းငယ်မျှသာ သိ ပါသည်။ ကျောက်စာတတိုင်အရ မြေခွန်ကား ပယ်တရာလျှင် ခါးဆီးအထည်တရာ(ပုံ ၃၉/၃-၄) ဖြစ်၍ နောက်တတိုင်အရ မြေပယ်သုံးထောင်လျှင် ကြေးအချိန် ၁၀၀-နှင့် အထည်တရာပေးရ၍ စပါး ခင်းအတွက် တပယ်လျှင် စပါးတတင်းပေးရ၏(ပုံ ၃၉၀/၃၀၊ ၃၁)။ အင်းခွန်မှာ ကြေးအချိန် ၁၀-ဖြစ်ပါသည်(ပုံ၃၉၁/၆)။ သာသနာမြေကို အခွန်စီးကြပ်သော သူကြီးတယောက်အကြောင်းကို အေဒီ ၁၂၆၀-ကျောက်စာ၌ ဖတ်ရဘူး၏ (ပုံ ၁၉၆)။ ယင်းသို့ မအပ်မရာပြုသည်ကို မင်းအသိ အကြားဖြစ်စေရန် **သုခမိန်သာ**ကို **တရုတ်ပ္လိယ်**ထံသို့ ဆရာတော် **သမန္တဘဒ္ဒရာ**က စေလိုက်ရာ မင်း သိသဖြင့် အမတ်ကြီး **မဟာသမန်**ကို သူကြီးအား တားမြစ်၍ ထိုမြေကို အစဉ်အဆက် အခွန်အခ အားလုံးမှ လွတ်ငြိမ်းရန် အမိန့်တော်ပြန်စေသည်။ ယင်းအမိန့်တော်နှင့်တကွ နောင် အစိုးရအမှုထမ်း တို့ အခွန်ခွဲလာလျှင် မြေမျို၍ အဝီစိသို့ ကျစေသတည်းဟု မဟာထေရ်၏ကျိန်စာပါ ကျောက်စာရေး ထိုးထားခဲ့သည်။

အထက်က အနည်းငယ်မျှ ဖေါ်ပြခဲ့ဘူးသော လွှတ်တော်အကြောင်းကိုထပ်လောင်းဆွေးနွေး ရန်လိုပါသည်။ **စည်သူ** ၂-မင်း၏သားတို့တွင် **နာတောင်မျာ**ကား အငယ်ဆုံး ဖြစ်လင့်ကစား အစ်ကို လေးယောက်ကို ကျော်၍ မင်းမြှောက်ခြင်းခံရသည်ဟု ပြောလေ့ရှိ၏။ ရှေးရေး မြန်မာရာဇဝင်တို့၌ လာသော ယင်းဝတ္ထုသွားကိုယူ၍ မစ္စတာ ဂျီအီးဟာဗေက လွှတ်တော်ပေါ်လာပုံကို ဖေါ်ပြရာ၌—

> နောင်တော်တို့က ညီနန်းရသည်ကို ကြည်ဖြူနိုင်သောအချက် တချက်ကား စင်စစ် အားဖြင့် မင်းအာဏာအားလုံးကို ယင်းတို့ လက်တွင်းသို့ လွှဲပြောင်းပေးအပ်ထားခြင်းကြောင့် ဖြစ်၏။ မင်းသားကြီးလေးပါးသည် နေ့စဉ်ဆုံတွေ့လျှက် နိုင်ငံတော် ကိစ္စအဝဝကို ဆောင်ရွက်ကြ၏။ ဤနည်းဖြင့် ဘုရင်ခန့်အပ်သော အဖွဲ့အနေဖြင့် လွှတ်တော်ရုံးပေါ်လာ၍ ဝန်ကြီးအဖွဲ့ အဖြစ် ဖြင့် မြန်မာမင်းဆက် ကုန်ဆုံးသည်အထိ ရှိနေပါသည် (ဂျီအီးဟာဗေ၊ မြန်မာ့ရာဇဝင် စာမျက် နှာ ၅၄)။

ဟု ရေးသားခဲ့၏။ ဖေါ်ပြပြီးသည့်အတိုင်း **နာတောင်မျာ**၌ အမတ်ငါးပါးရှိ၍ ညီအစ်ကိုများမဟုတ် ပါ။ ဇေယပွတ်ကျောက်စာ (ပုံ ၉၀ / ၂၀)အရ **နာတောင်မျာ**သည် ညီအငယ်ဆုံး မဟုတ်ကြောင်း အတိအကျသိရပါသည်။ **နာတောင်မျာ**ဟူသော နားတန်ဆာ နားဋ္ဌောင်းပေမျှားသော သခင်ဟု

အခိပ္ပါယ်ရသည့် အမည်ကို နန်းတောင်းများဟု အဖတ်မှားကြသဖြင့် ထိုအမည်နှင့် ဆယ်သွယ်၍ ဝတ္တုတပုဒ်တီထွင်ရရှိလျက် လွှတ်တော်ပေါ်လာပုံဝတ္ထုကလည်း အဆစ်ပါခဲ့ရသည်။ ပုဂံခေတ်ကျောက်စာအားလုံး၌ လွှတ်တော်ဟူသော ဝေါဟာရ တလုံးတလေမျှ ပေါ်ပြပါရှိခြင်းကို မတွေ့ရဘူးပါ။ လွှတ်တော်အစား ပုဂံမင်းတို့တွင် တရားစီရင်ရာ အလှူဒါနပြုရာ ညီလာခံရာဟူ၍ **ကွန်** အမည်ဖြင့် ခမ်းမဆောင် များစွာရှိပါသည်။ ထိုခမ်းမမျိုး၌ အမတ်တို့ဆုံ၍ ပြည်ရေးပြည်ရာကိုလည်း ထမ်းဆောင်ပါသည်။

ယင်းတို့ကား **ကွန်ပြောက်** (ပုံ ၇၉ ခ/၉) **ကွန်ပြောက်ကြီ** (ပုံ ၂၀၃/၃၀) **ကွန်ပြောက်ငယ်** (ပုံ ၂၃၄/၂၇) **ကွန်သာယာ**(ပုံ ၅၄/၇) **ကွန်မြင်**(ပုံ ၁၉၆/၁)**ဆင်ရှုကွန်**(ပုံ ၁၀၆/၅)နှင့် **စင်ကြယ်ကွန်** (ပုံ ၂၃၄/၂၆) တို့ ဖြစ်ပါသည်။ ဤသို့ များပြားသော ကွန်တို့အနက် **ကွန်ပြောက်** မှာ အရေးအပါဆုံးဖြစ်ဟန်ရှိ၍ အစောင့်အကြပ်များ အမြဲ ထားရှိရသည်။ တခါက သိယ်မသောက် **ကွန်ပြောက်စောင်**(ပုံ ၂၇၀/၃၀)ဟု ဖေါ်ပြထားသည်ကိုပင် တွေ့ရ၏။ ဘုရင်မင်းမြတ် ကောင်းမှုကုသိုလ်ပြုရာခမ်းမလည်းဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် **ကွန်ပြောက်**တွင် နေ့စဉ်အလှူပြု၍ ရေစက်သွန်းချကြောင်း တွေ့ရသည်(ပုံ ၂၇၄/၁၄)။ မဟာထေရ်ကို လှူဘွယ်ရှိလျှင်လည်း **ကွန်ပြောက်** ၌ပင်လှူသည်(ပုံ ၂၇၉/၂၀)**ကွန်ပြောက်**၌ပင် အမတ်အားလုံးတွေ့ဆုံရသည်ဟု အေဒီ ၁၂၇၅ခုကျောက်စာ၌ပါရှိ၏(ပုံ ၂၄၅ ခ/၆)။ ထို့ကြောင့် အမတ်တို့ တိုင်းရေးပြည်မှုဆောင်ရွက်ရာဌာနလည်း ဖြစ်ကောင်းစရာရှိပါသည်(ပုံ၂၃၄/၂၈)။**ကွန်ပြောက်ငယ်** နေတော်မူစဉ် **က္လစ္စာ**က မိဖုရား ဖွာဇဝ်ကို ကျွန် ၁၅၀ နှင့်မြေပယ် ၁၅၀ကိုပေးရန်အမိန့်ချမှတ်ခဲ့ကြောင်းတွေ့ရ၏(ပုံ ၂၃၄/၂၈-၃၀)။ ထို့ပြင် အထက်မှတ်တမ်းတွေ့သည့် ကျောက်စာ၌ပင် **ကွန်ပြောက်ငယ်** တွင် **က္လစ္စာ** ညီလာခံစဉ် **က္လစ္စာ** နန်းတက်ပြီးစ အေဒီ ၁၂၃၅ခန့်တွင်သီရိဝဓနာတို့ပုန်ကန်မှု၌ ပါဝင်သဖြင့် နေပြည်တော်မှနှင်ထုတ်ထားသော **သိဃ်ပိကြံ**၏ မယားလာရောက်၍ မိမိလင်ကို အပြစ်မှခွင့်လွှတ်ပါမည့်အကြောင်း လျှောက်ထားသည်ကို ဖတ်ရသည် (ပုံ ၁၃၄/၃၁၊ပုံ၁၀၂/၂၄-၆)။ **က္လစ္စာ**ကား မိဖုရားငယ်မှမြင်သောသားဖြစ်ခြင်းကြောင့် မင်းအဖြစ်ဆက်ခံသည်ကို **သိဃ်ပိကြံ**အပါအဝင် မလိုသောမင်းသားတို့က ပုန်ကန်ကြ၏။ ကျောက်စာတွင်ပါသည့်အတိုင်း **သိဃ်ပိကြံ**ကိုခွင့်လွှတ်သော်လည်း ထိုမင်းသားပိုင် လယ်ယာပစ္စည်းအားလုံးကို သိမ်းယူခြင်းခံရသည်။ မိဖုရား ရတနာပုမ် အေဒီ ၁၂၆၂ ခုတွင် သေဆုံးသောအခါ၌ တရုက်ပ္လိယ်ကရဟန်းတို့ကို **ကွန်ပြောက်ကြီ**သို့ပင့်၍ များစွာသောအလှူကိုပြုသည်(ပုံ ၂၀၃/၁၆)။ **ကွန်သာယာ**နှင့် ပတ်သက်၍ကား စိတ်ပါဝင်စားဖွယ်ဖြစ်သော အဖြစ်အပျက်တခုရှိပါသည် (ပုံ ၂၈၆၊ ပုံ ၂၃၉/၁၂)။ ဘုရားလောင်းနာတောင်မျာ **ကွန်သာယာ ဆင်ရှုကွန်**၌ နေတော်မူစဉ် တခါက ရဲဆုမြေပယ် ၁၅၀ ရဘူးသော ကြွမ်း (ကမ္ဗောဒီယားလူမျိုး)အမှုထမ်း ငပုတက်ကိုဆင်ခိုက်၍ ခြေတဖက်ပြုတ်ကြောင်းရေးမှတ်ထားပါသည်။ ယင်းငပုတက်သည် မစွမ်းမသန်ဖြစ်ပြီးနောက် မိမိဆုရသောမြေကို အမတ်တဦးအား ရောင်းစားသည်ဟုလည်းသိရ၏။ **ကွန်သာယာ** ကား ပွဲသဘင်ရှုရာ ပျော်မွေ့စံပယ်ရာဖြစ်သော်လည်း အထက်ပါစိတ်မချမ်းမြေ့ဘွယ်ရာ ကိစ္စများလည်း ဖြစ်တတ်ပါသည်။စည်သူ ၂ မင်းသည် **ကွန်မြင်**၌ နေတော်မူစဉ် ကောင်းမှုပြုသည်ဟုလည်းသိရ၏ (ပုံ ၃၆၅ က/၂)။ **ကွန်မြင်** ဟူသည် ပြာသာဒ်နှင့် အဆောင်ဖြစ်၍ အပြောက်အမွမ်းများဖြင့် တန်ဆာဆင်အပ်သောကြောင့် နောင်အခါဝယ် **ကွန်ပြောက်** ဖြစ်၍လာဟန်

ရှိပါသည် တခါက စင်ကြယ်ကွန်၌ ကွစ္စာ နေဒတော်မူစဉ် မိဖုရား ဖွာဇစ်ကို ကျွန် ၁၉၀-ပေးတော်မူသည်ဟု တွေ့ရသေး၏။(ပုံ ၂၃၄/၂၆)ယင်း စင်ကြယ်ကွန်ကား ခေါင်းဆေးမင်္ဂလာပြုသည့်အခါ သင်းကြန်တော်ခေါ်သည့်အခါ၊ ဥပုသ်တော်ယူသည့်အခါတို့၌ ရွှေ့ပြောင်း၍ ယာယီစံတော်မူမည်ဟု ခန့်မှန်းပါသည်။

ဘုရင့်မှတ်တမ်းတင် အရာရှိအတွက် အဆောင်သီးခြားရှိမည်ထင်သည်။ အကြောင်းသော်ကား အေဒီ ၁၂၉၄-ခု ကျောက်စာ၌ တင်ကုပ် တွင်ထားသော စာရင်း၌ အလှူတော် မှတ်တမ်းတင်သည်ဟု တွေ့ရသောကြောင့်တည်း(ပုံ၂၀၃/၁၅)။မဟာထေရ် ဓမ္မသိရိကို ရှုယ်နန်ရှင်(၁၂၀၀-၉၀)က အလှူတော်ပေးသောအခါ တင်ကုပ်ရှည်၌ ပေးသည်ဟုလည်း သိရပါသည်။

ဖေါ်ပြပြီးသည့် အထောက် အထားများကို ပြန်လည် သုံးသပ် ရလျှင် ခေတ်လယ် မြန်မာ အုပ်ချုပ်ရေးကား အောက်ပါအတိုင်းတည်း။

နိုင်ငံတော်တခုလုံး၌ မင်းအမည်ခံသူသည် အရေးပါ အရာရောက်ဆုံးသော ပုဂ္ဂိုလ်ဖြစ်၏။ သို့သော် သူ၏အပါးတွင် အခါကောင်းကိုညွှန်ပြရန် ဗြာဟ္မဏတို့ အဝင်အပါ ပညာရှိများကို ထားလေ့ရှိသည်။ ခံရာခဲဆစ်ကြုံလျှင် အဖွဲ့ဖွဲ့၍စုံစမ်းစစ်ဆေးဆောင်ရွက်စေခိုင်းလေ့ရှိသည်။ မင်းအား အုပ်ချုပ်ရေးတွင် အထောက်အပံ့ဖြစ်စေရန် ဗုဒ္ဓစာပေကို ကောင်းစွာတတ်ကျွမ်းသော အမတ်များကိုခန့်ထား၏။ ယင်းတို့အနက် တဦးသောအမတ်ကို အမက်ကြီး ပြုစေမည်ဖြစ်သည်။ မြို့ပြရေးရာနှင့် စစ်ရေးရာဟူ၍ ဝန်ထမ်းနှစ်မျိုး ခွဲခြားထားခြင်းမရှိပါ။ အမတ်ကြီးကိုယ်တိုင်ပင် စစ်တပ်ဦးစီးလျက် တိုက်ခိုက်ရသည်လည်းရှိပါသည်။ လုံခြုံရေးအတွက် မြောက်ဖက်နယ်စပ်ကို အထူးဂရုပြု၍ စောင့်ရှောက်ရသော အခါဖြစ်၏။ ထို့ကြောင့် ကောင်စင်ခေါ် ဗန်မော်အနောက်ကမ်း၌ မြောက်ပိုင်း အုပ်ချုပ်ရေးဌာနချုပ်ထားရှိခါ အမတ်ကြီးဘုရင်ခံချုပ်ထားရှိလေ့ရှိပါသည်။ အုပ်ချုပ်ရေးတွင် မည်သည့် အမတ်က မည်သည့်တာဝန်ကိုသာ ယူရမည်ဟု ဌာနပိုင်းခြားမရှိရကား မည်သည့် အမတ်မဆို အရှင်စေသမျှဆောင်ရွက်ရမည်သာ ဖြစ်တော့သည်။ သို့သော် သံဖမ ဟူ၍ တရားသူကြီးများ သီးခြားရှိနေရကား တရားရေးရာတွင် အထူးအရာရှိများ လိုအပ်သည့်အခါများတွင်ခန့်ထား၍ အမှုအခင်းတို့ကို ကြားနာစစ်ဆေးသည်ဟုယူဆရမည်။ သို့သော် ပုကံခေတ် နောက်ပိုင်းတွင်မှ ထုံးစံဓလေ့ကို ဥပဒေအဖြစ်ဖြင့် ကျွမ်းပြုသုံးစွဲကြဟန်တူ၏။ ဓမ္မသာတ်ဟူသော ဝေါဟာရကို အေဒီ ၁၂၉၄-၌ တခါမျှသာ သုံးစွဲသည်ကို တွေ့ရသဖြင့် ယင်းဓမ္မသတ်မှာ အိန္ဒိယမှ ဥပဒေကျမ်းတစောင်စောင်ကို ညွှန်သည် ဖြစ်ကောင်း၏။ သို့မဟုတ် ထိုအချိန်၌ ဓလေ့များစွာကို ပေါင်း၍ ဥပဒေကျမ်း ပြုစုပြီးစီးဟန်ရှိသည်။ ရာဇဝတ်ရေး၌ အမုန္ဒန်စာဟူ၍ ရှိပါသည်။မည်သည့်ကျမ်းမျိုးဖြစ်မည်ဟု တိတိကျကျ မပြောတတ်ပါ။ အမှုစစ်ဆေးရာ၌ သက်သေတို့သည် ဘုရားရုပ်တု ဘုရားဓာတ်တော် သို့မဟုတ် ဘုရားဟောကျမ်းစာတို့ကို ချီဖိုက်လျက် မှန်ရာကိုသာဆိုပါမည်ဟု ကျမ်းကျိန်ခြင်းကား အများလက်ခံထားသော ဓလေ့ဖြစ်၍ ယင်းသို့ မကျိန်ဝန့်လျှင် အပြစ်ရှိကြောင်း အလိုအလျောက်ဝန်ခံရာရောက်ပေမည်။ဘုရင့်အပါး၌ အတွင်းဝန်နှင့်စာရေးများရှိ၍ မင်း သို့မဟုတ် အမတ်တို့၏အမိန့်အမှာတို့ကို ရေးမှတ်၍ အဝေးမြို့ဝန်တို့ထံသို့ ပို့ရန်အစေအပါးတို့ အသင့်ရှိခါ အရင်လိုလျှင် လိုသလို မြင်းစီးအမှုထမ်းတို့ကို ခိုင်းစေရ၏။ နယ်အုပ်ချုပ်

ရေး အချက်အချာ ဒေသများနှင့် နေပြည်တော်တို့ ဆက်သွယ်ရေးလမ်းမများလည်း အသင့် အတင့် ကောင်းမွန်သည်ဟု မှန်းဆနိုင်ပါသည်။ နယ်၊ မြို့ သို့မဟုတ် ရွာအုပ်ချုပ်ရေးဆိုင်ရာ အရာရှိများ ရှိကြ၍ ရွာရှုထွက်သော နယ်လှည့်အရာရှိများရှိ၍ ရောက်ရာတွင် အမှုအခင်းရှိက စုံစမ်းစစ်ဆေးကြောင်း သိရပါသည်။ဌာနအသီးခြားထားခြင်းမရှိသော်သည်း ဆည်မြောင်းကြေးတိုင်နှင့် အခွန်တော်အတွက်အရာရှိများ တာဝန်ယူဆောင်ရွက်ကြရသည်။ အခွန်တော်ကို ငွေ သို့မဟုတ် ထွက်ကုန်သီးနှံဖြင့် ကောက်ခံ၍ နိုင်ငံတော်အနှံ့ အပြား၌ သိုလှောင်ရာ ဘုရင့်ကျီတော်များရှိပါသည်။ ကုံထမ် နှင့် ဘုမ္မ ဘွဲ့တပ်သော မြေရှင်လူတန်းစားကလည်း မြေခွန်တော်နှင့်ပတ်သက်၍ အကူအပံ့ပြုကြရပါသည်။ မြန်မာနိုင်ငံ အုပ်ချုပ်ရေး၌ မင်းနှင့် သံဃာဆက်ဆံပုံလည်း အရေးပါသော အခန်းတခန်းဖြစ်၏။ ဘုရင်အား တရားနှင့်အညီကျင့်ရန် သာသနာအဆုံးအမရှိ၍ မင်းမတရားလျှင် ရဟန်းတို့က ဝင်ရောက် စွက်ဖက်လာကြသည်ကိုလည်း တွေ့ရသည်။ မင်းတွင်အခက်အခဲရှိလျှင်လည်း ရဟန်းတော်တို့ မနေသာပါ။ ထင်ရှားသောသာဓကတခုမှာ ပျက်စီးအံ့သောပြည်ကို ကယ်တင်ရန် အေဒီ ၁၂၈၅-ခု၌ တရုတ်နိုင်ငံ တယ်တုသို့ သျှင်ဒိသာပြာမုက်သွား၍ စစ်ပြေငြိမ်းရေး စေ့စပ်ရပါသည်။ မင်း၏ဆန္ဒနှင့် ရဟန်းတော်တို့ဆန္ဒ ဆန့်ကျင်လျက်နေလျှင် မင်းကအလျှော့ပေးမြဲဖြစ်၍ ရဟန်းတို့မည်မျှသတ္တိရောက်သည်ကို သိသာပါသည်။ ဤအထောက်အထားများ အရ ပုဂံခေတ် မြန်မာအုပ်ချုပ်ရေးသည် စည်းစံနစ် ကောင်းစွာ ဖွဲ့စည်းထားကြောင်း သိသာပါသည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


သန်းထွန်း။ "ပုဂံခေတ်အုပ်ချုပ်ရေး၊ ယဉ်ကျေးမှု၊ အတွဲ ၃၊ အမှတ် ၈၊ စာမျက်နှာ ၈၂-၉၁ နှင့် ၉၄

THAN TUN: "The Burmese Administration, 1044-1287", Chapter 3, *The History of Buddhism in Burma* ( in press )

# ပုကံခေတ် တရားဥပဒေ

ဗုဒ္ဓဘာသာမြန်မာအခေါ်ခံသူတို့သည် ဓမ္မသတ်ကျမ်းကလည်း ခွင့်မပြု၊ ရှေးထုံးလည်းမရှိ[၁] ဟူသော အကြောင်းပြချက်ဖြင့် မိမိသေဆုံးသည့်အခါ မိမိပိုင်ပစ္စည်းကို ဆက်ခံရန် အမွေခံအစစ်တို့ကို ပယ်၍ အခြား မည်သူမည်ဝါကို ပေးပါဘိဟု ထင်သလိုပေးကမ်းနိုင်ခွင့်မရှိဟူ၍ ယနေ့ရုံးတော်က ယူဆပါသည်။ စင်စစ်အားဖြင့် သေတမ်းစာ[၂] ဟူသည်မှာလည်း ခရစ်ယန်အယူရှိသူတို့၏ ဝေလ်(Will)နှင့် သဘောတူညီလှသည်မဟုတ်ချေ။ သေတမ်းစာကို ရှင်သူအချင်းချင်းပေးသော လက်ဆောင်(Gift Inter Vivos)နှင့် ဆိုင်သော စာ-ဟူ၍သာ ယူဆ၏။ သေအံ့မူးမူးအခါ အိပ်ယာထက် ပက်လက်ဖြစ်နေစဉ်မှာလည်း ဗုဒ္ဓဘာသာ မြန်မာတယောက်သည် မိမိပိုင်ပစ္စည်းများကို ပေးဝေနိုင်စွမ်း မရှိဟု အင်္ဂလိပ်လက်ထက် ဖြတ်ထုံးရှိသည်။[၃] ရှေးခေတ်အခါကမူ ပေးဝေခွင့်ရှိကြောင်း သိရ၏။အမွေခင်း၌ အစုန်သာရှိ၍ အဆန်မရှိဟူသော အခြေခံသဘောကို လက်ခံထားကြပါသည်။ ရှေးအခါက အဆန်လည်း ရှိကြောင်း အောက်တွင် ထင်ရှားစေပါမည်။

ရှေးမြန်မာတို့ အုပ်ချုပ်ရေးစနစ်၌ တရားရေးရာအတွက် သီးသန့်ခွဲထုတ်လျက် အလုပ်ပိုင်းခြားပေးအပ်ထားသည့် တရားဝန်ထမ်းများရှိကြောင်း ကြိုတင်၍ ပြောထားလိုပါသည်။ တရားသူကြီးကို သံဖမ ဟု အခေါ်များ၍ တရားသံပျင်ဟူ၍လည်း ခေါ်ကြောင်း တွေ့ရ၏။ တရားမနှင့်ရာဇဝတ်လည်း ခွဲခြားပါသည်။ သံဖမကို စာချီက ကူညီရ၏။ အမှုကို ကြားနာ၍ ဥပဒေကောက်ခြင်း၊ ကျင့်ထုံးမှီးခြင်းနှင့် ဖြတ်စာချခြင်းစသော တာဝန်များသာမက သံဖမတို့သည် လယ်နှင့်ကျွန်အရောင်းအဝယ်[၄] ပြုရာတွင်ရင်း၊ စိုက်ပျိုးခင်းနယ်အပိုင်းအခြား တိုင်စိုက်[၅] ရာတွင်းရင်း၊ သိသူ မြင်သူအဖြစ်ဖြင့် သက်သေမူရသည်။စိုက်သောတိုင်ကို နှုတ်လျှင် ဒဏ်ကြီးခတ်၏။ခရစ်နှစ် ၁၂၀၇-ခုက စိုက်သော ကျောက်စာတွင် အထူးသဖြင့် မဟာဒါန်မြေကို ပိုင်းသော နယ်တိုင်ကိုနှုတ်လျှင် ခံရမည့်အပြစ်ကို အသေးစိတ်ဖေါ်ပြသည်။[၆] တိုင်နှုတ်သူသုံးဦးကို ခရစ်နှစ် ၁၂၂၆-ခုက ဒဏ်ငွေ ၁၀၀-ဆောင်စေသည်။[၇]နောင်

---

၁။ သာကြွယ်၊ "ဗုဒ္ဓဘာသာမြန်မာတို့နှင့် သေတမ်းစာ"မသ ၈၊ ၇၊ ၁၊ ၅၈-၆၉-ကြည့်

၂။ သေတမ်းစာအမျိုးမျိုးကို မိတ္တီလာ မအေးတင်၊ ၁၉၃၅-ခုပုံနှိပ်သော ဝိနယသမူဟဝိနိစ္ဆယကျမ်း ဒုတိယတွဲ စာမျက်နှာ ၄၉၉-၅၀၉-တွင်ကြည့်

၃။ မဖွားစိန်နှင့် မောင်ဘစောအမှု၊ **အေအိုင်အာ** (၁၉၂၉)ရန်ကုန်၊ ၂၄၃၊အက်စီလဟိရိ ရေး **ဗုဒ္ဓဘာသာမြန်မာတရားကျင့်ထုံးချုပ်**(ရန်ကုန် ၁၉၃၀)စာမျက်နှာ ၂၅၀-ကြည့်

၄။ **တိုင်းရင်းမြန်မာကျောက်စာ**(တင်နှင့်လုစ်) (ခါတ်)ပုံ ၅၆ ခ(ကြောင်းရေ)၄-၉

၅။ ပုံ ၂၃/၃၂၊ပုံ ၃၆/၁၀၊ပုံ ၁၂၅ က/၈၊ပုံ ၃၆၅ ခ/၁၄၊ပုံ ၃၇၁ က/၁၇၊ပုံ ၃၇၃-ဂ/၁၆၊ ပုံ ၃၇၃ ဃ/၈၊၉၊ပုံ ၃၇၃ ခ/၄၊ ပုံ ၅၇၄ ခ/၈၊ ပုံ ၅၉၇-ဂ/၁၀

၆။ ပုံ ၃၁/၂၁

၇။ ပုံ ၅၇၄ ခ/၈

အခါ ဒဏ်ငွေပို၍ပင် လာသေး၏။ ကုန်းဘောင်ခေတ်ဦးက ယင်းအပြစ်အတွက် ဒဏ်မှာ ရွှေချိန် ၁၀၀[၁] ဖြစ်၏။

ရှေးစကားတွင် အခြင်းများရကား [၂]၊ အသံများရကား [၃] ဟူသော စကားစုသည် တရားခံရုံးသို့ ရောက်သည်ကို ရည်ညွှန်း၍ သံဖမတို့ ကြားနာစစ်ဆေးခြင်းကို တရားဆင် [၄] သည်ဟု ဆို၏။ ထို့နောက် တရားအောင်၏ [၅] တရားမအောင် [၆] သို့မဟုတ် တရားရှုံး၏ [၇] ဟူ၍ နောက်ဆုံး အခြေအနေကို ဖေါ်ပြပြန်သည်။ တရားဆင်ရာအရပ်ကို တရားကွန်းသာယာ [၀] ဟု ခေါ်၍ အတံတရား [၉] ကား အထက်ရုံး၊ ဗိုလ်တရား [၁၀] အောက်ရုံးဟူ၍ ခွဲခြားလျက် အတံတရားသည် အယူခံရုံးဖြစ်ဟန်ရှိပါသည်။ အယူခံရုံးရှိငြားလည်း အယူခံသူနည်းအံ့ထင်၏။ အဘယ့်ကြောင့်ဆိုသော် မြန်မာတို့ဓလေ့တွင် တရားလိုက တရားခံအဖြစ် ကျူးလွန်ကြောင်းထင်ရှားအောင် သက်သေထူလျှင် တရားခံက အပြစ်ကင်းကြောင်း ပြန်လှန်သက်သေထူ၍ အပြိုင်ငြင်းခုံခြင်းမျိုးထက် လူကြီးများက ကြားဝင်၍ ကြီးသောအမှုကို ငယ်အောင်၊ ငယ်သောအမှုကို ပအောင်ဖြန်ဆိုမြဲဖြစ်ရကား နောက်ဆုံးနှစ်ဦးနှစ်ဖက်ကြေနပ်၍ တရားပြီးဆုံးသောကြောင့် အထက်ရုံးကို တက်သူနည်းမည်ဟု ထင်ရပါသည်။ သို့သော် ဖြစ်မြဲထက် ဆန်းသောအမှုတမှုကို ပုရပိုက်စတွင် တွေ့ရသဖြင့် ခေတ်ခြင်းနီးစပ်သောကြောင့် ဤတွင် ဖေါ်ပြလိုက်ပါမည်။ အိမ်ကြီးတည် ကျောက်မြေအချို့ကို သင်ကြီးဆန်းနှင့် အပေါင်းပါနှစ်ဦးက ခရစ်နှစ် ၁၃၁၆ ခုတွင် လုယူကြသဖြင့် အမှုဖြစ်ကြရာ သင်ကြီးဆန်းရှုံး၏။ [၁၁] မကြေနပ်သဖြင့် အယူခံရာ သွှင်ဓမ္မသီရိက စစ်ဆေး၍ အောက်ရုံးကောက်ချက်ကို တည်စေ၏။ မကြေနပ်သေးသဖြင့် သွှင်ရာဇသူက စစ်ရပြန်၍ အထက်အဆုံးအဖြတ်ကိုပင် အတည်ပြုသည်။

---

၁။ မန (၁၈၄၇-ခုဒီရစ်ချက်ဆန်တည်းဖြတ်၍ အမေရိကန် ဘက်ပတစ် ပုံနှိပ်တိုက် မော်လမြိုင်) စာမျက်နှာ ၁၀

၂။ ပုံ ၅၆ ခ/၄၊ ပုံ ၁၄၁ က/၄၊ ၆၊ ပုံ ၁၆၀ က/၂၊ ပုံ ၂၇၂/၂၆၊ ပုံ ၃၀၁/၁၁

၃။ ပုံ ၁၄၀ က/၉၊ ပုံ ၂၃၄/၂၃၊ ပုံ ၂၅၆/၃၁၊ ၄၀၊ ပုံ ၃၀၁/၃၀၊ ပုံ ၃၀၄/၁၇၊ ပုံ ၃၉၅/၁၃၊ ပုံ ၄၂၁/၁၆၊ ပုံ ၅၆၀ စ/၄၊ ၆

၄။ ပုံ ၇၄၊ ၁၀၊ ၁၃၊ ပုံ ၇၉ ခ/၂၇၊ ပုံ ၁၂၀ ခ/၁၇၊ ပုံ ၁၄၁ က/၁၆၊ ပုံ ၂၇၂/၂၆

၅။ ပုံ ၇၄/၁၀၊ ပုံ ၇၉ ခ/၃၊ ပုံ ၁၁၇ က/၂၊ ၄၊ ၆၊ ၉၊ ၁၃၊ ပုံ ၁၄၁ က/၃၊ ၉၊ ၁၂၊ ပုံ ၁၇၄/၁၅၊ ပုံ ၃၃၁ က/၁၁

၆။ ပုံ ၅၇၄ ခ/၀

၇။ ပုံ ၁၇၄/၁၆

၀။ ပုံ ၅၄/၇၊ ပုံ ၃၇၁ ခ/၀

၉။ ပုံ ၇၉ ခ/၁၇၊ ၂၅၊ ၂၇၊ ၂၇၊ ၂၉၊ ၃၅

၁၀။ ပုံ ၇၉ ခ/၁၉၊ ၂၇

၁၁။ ပုံ ၄၂၁ ခ

များသောအားဖြင့် အမှုတခုကို သံဖမသုံးဦး[၁]စစ်လေ့ရှိသည်။ သို့သော် ရံဖန်ရံခါ လေးဦး[၂]မှ ခြောက်ဦး[၃]အထိ ခန့်ထားစစ်ဆေးသည်ကို တွေ့ရ၏။ ထို့ကြောင့် အမှုတခုကိုစစ်ရန် သံဖမတဦးထက် ပိုလေ့ရှိသည်[၄] ဟု ဆိုရချေမည်။ မှတ်သားဘူးသမျှ သံဖမတို့၏ ဘွဲ့အမည်ကား အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| အက္လိဝ်ဟိယ်[၅] | ဣန္ဒြပိစည်[၁၃] |
| အစလဘဒြာ[၆] | ကံဖါမိ[၁၄] |
| အထူလက္လဿဝိရ်[၇] | ကက်ဖိရစ်[၁၅] |
| အနန္တအဿပတိ[၈] | ကက်ဘတြဲာ[၁၆] |
| အနန္တဇေယျပိုကြံ[၉] | ကက်သူ[၁၇] |
| အနန္တပိတိယ်[၁၀] | ကစ္စကာရပတိယ်[၁၈] |
| အနန္တပိစည်[၁၁] | ကစ္စပကြံ[၁၉] |
| အမြိုက်သကျြာ[၁၂] | ကန်ညာရင်[၂၀] |

---

၁။ ပုံ ၃၈၁/၃၁၊ ၃၇
၂။ ပုံ ၅၆ ခ/၉၊ ပုံ၇၄/၁၃၊ ပုံ၇၈ ခ/၉၊ ပုံ၉၀/၁၀၊ ၁၁၊ ပုံ၁၄၁ က/၃၊ ပုံ၁၇၄/၃၊ ပုံ၁၉၁ခ/၈၊ ၁၀
၃။ ပုံ၅၄/၄၊ ပုံ၇၉ခ/၁၇၊ ၁၉၊ ပုံ ၉၀/၄၊ ၅၊ ပုံ၁၂၅က/၄၊ ပုံ၁၇၄/၁၁၊ ပုံ၃၇၁ ခ/၆
၄။ ပုံ ၉၀/၂၁
၅။ ပုံ ၅၄/၄၊ ပုံ ၃၇၁ ခ/၆
၆။ ပုံ ၅၆ ခ/၉
၇။ ပုံ ၁၂၅ က/၄
၈။ ပုံ ၇၈ ခ/၉
၉။ ပုံ ၉၀/၂၁
၁၀။ ပုံ ၁၇၄/၃၊ ၁၁
၁၁။ ပုံ ၁၉၁ ခ/၈၊ ပုံ ၂၇၃/၄၊ ၆
၁၂။ ပုံ ၉၀/၂၀-၁
၁၃။ ပုံ ၇၉ ခ/၁၉
၁၄။ ပုံ ၁၇၄/၃၊ ၁၀
၁၅။ ပုံ ၁၂၅ က/၄
၁၆။ ပုံ ၃၈၁/၁၁
၁၇။ ပုံ ၉၀/၂၀
၁၈။ ပုံ ၅၄/၄၊ ၃၇၁ ခ/၆
၁၉။ ပုံ ၅၄/၄၊ ပုံ ၃၇၁ ခ/၆
၂၀။ ပုံ ၁၉၁ ခ/၈

ကြံမဖတ်[၁]
ကြေိုဝ်စွာ[၂]
ကွရာစ်[၃]
ဂေါနုတရာ[၄]
စင်ကြယ်[၅]
စည်သဖင်မ္လတ်[၆]
စတ္တရုယ်[၇]
ဇေယသတ္ထိယ်[၈]
ဓမ္မသိရိ[၉]
နက္ကသမန်[၁၀]
နရိန်တသူ[၁၁]
ပညာဘိရစ်[၁၂]
ပတည်သာ[၁၃]
ပလရစ်သာ[၁၄]
ပိတရစ်[၁၅]
ဗစ္စရ်ပတိယ်[၁၆]
မနုရာဇ[၁၇]
မဟာတုရဂ်ဗေယ်[၁၈]
မဟာဝယ်[၁၉]
မဟာသက်ထိတ်[၂၀]
မဟာသမန်[၂၁]

---

၁။ ပုံ ၇၉ ခ/၁၉
၂။ ပုံ ၁၉၁ က/၂
၃။ ပုံ ၁၇၄/၃၊ ၁၁
၄။ ပုံ ၇၄/၁၃
၅။ ပုံ ၇၉ ခ/၁၉
၆။ ပုံ ၇၉ ခ/၁၇
၇။ ပုံ ၅၄/၄၊ ပုံ ၃၇၁ ခ/၆
၈။ ပုံ ၇၄/၁၃
၉။ ပုံ ၄၂၁ ခ/၁၈
၁၀။ ပုံ ၇၈ ခ/၉
၁၁။ ပုံ ၁၄၁ ခ/၂၊ ပုံ ၁၂၅ ခ/၄
၁၂။ ပုံ ၅၆ ခ/၉
၁၃။ ပုံ ၇၉ ခ/၁၇
၁၄။ ပုံ ၁၉၃/၅
၁၅။ ပုံ ၁၇၄/၃၊ ၁၀၊ ၁၁
၁၆။ ပုံ ၇၉ ခ/၁၇
၁၇။ ပုံ ၄၄ ခ/၁၃၊ ပုံ ၂၃၁ ခ/၆၊ ပုံ ၂၇၃/၄၊ ၆၊ ပုံ ၃၃၁ ခ/၇
၁၈။ ပုံ ၅၆၁/၉
၁၉။ ပုံ ၇၉ ခ/၁၇
၂၀။ ပုံ ၉၀/၂၁
၂၁။ ပုံ ၈၅/၂၃၊ ပုံ ၉၀/၂၀၊ ပုံ ၁၂၅ ခ/၄၊ ပုံ ၂၃၁ ခ/၆၊ ပုံ ၁၄၁ က/၂

| | |
|---|---|
| မွန်ဦး(သိန်ခပိစည်သား)[၁] | သတ္တ၂၁[၄] |
| ရာဇပိုဟ်[၂] | သမန်တပိစည်[၅] နှင့် |
| ရာဇသူ[၃] | သုဝဏ္ဏပိစည်[၆] |

ဤတွင် သံဖမ အားလုံးလိုပင် ဘွဲ့ရသူများဖြစ်ကြောင်း မှတ်သားထိုက်ပါသည်။ မနုရာဇာ ဟူသောအမည်ကို ၁၃-ရာစုက ပထမနှစ်အစိတ်တွင် နှစ်ကြိမ်[၇] နောက်ဆုံးနှစ်အစိတ်တွင် နှစ်ကြိမ်[၈] အားဖြင့် အစုစုလေးကြိမ်ပေါ်ပြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ပုဂံခေတ်နောက်ပိုင်း တဝက်တွင် ဥပဒေပါရဂူ နှစ်ဦး ပေါ်ခဲ့သည်ဟုယူသော် ရကောင်းပါသည်။ ယင်းတို့ နှစ်ဦးစလုံးသော်ငြား အနည်းဆုံး တဦးကသော်ငြား လူမျိုးခလေ့ထုံးများ ပေါင်းစု၍ ဓမ္မသတ်ပြုစုဟန် ရှိပါသည်။ မြန်မာ ရာဇဝင် အစောင်စောင်၌ ပုဂံခေတ်က မနုရာဇာဟူ၍ ရှိဘူးကြောင်း မလာ၊ သို့သော် စည်သူ ၂ (အေဒီ ၁၁၇၄-၁၂၁၁)မင်းလက်ထက်တွင် သရိပုတ္တအမည်ရှိသော အောက်ပြည်မှ ရဟန်းတပါးသည် ပါဠိဘာသာနှင့် ဓမ္မသတ်တစောင်ပြုစုသဖြင့် နှစ်လိုသောကြောင့် မင်းက ဓမ္မဝိလာသ[၉] ဘွဲ့အပ်နှင်းသည်ဟုလာသည်။ နာတောင်းမျာခေါ် စည်သူ ၂-၏ သားတော် မင်းကြီးသည် အောက်ပြည် ယခု တံ့တေးအနီး ရွေးတလအရွှေ မောလညာရွာသား ငယ်ဆရာကို ဓမ္မရာဇဂုရုဘွဲ့[၁၀] ပေးသည်။ ထိုဆရာတော်လည်း ဓမ္မဝိလာသဖြစ်မည်ဟု အတတ်မပြောသာချေ။

လေ့လာပြီးသမျှ ပုဂံကျောက်စာတို့တွင် ဓမ္မသတ် ဟူသော ဝေါဟာရကို တကြိမ်မျှသာ တွေ့ဘူး၏။ တရားသူကြီးလေးဦးကို မင်းက အေဒီ ၁၂၄၉-ခုတွင် ဓမ္မသတ်ရှူ[၁၁] ဟု ခိုင်းဘူးသည်။ ဤအတိုင်းဆိုပါလျှင် မြန်မာတို့၌ ရှေးပဝေနီကပင် ဓမ္မသတ်အမျိုးမျိုး ပေါ်ခဲ့လေဟန် ရာဇဝင်ကျမ်း

---

၁။ ပုံ ၁၉၃/၆
၂။ ပုံ ၇၈ ခ/၉၊ ပုံ ၃၀၁/၂၂
၃။ ပုံ ၉၀/၂၀၊ ပုံ ၄၂၁ ခ/ ၂၀
၄။ ပုံ ၇၄/၁၃၊ ပုံ ၇၉ ခ/၁၉၊ ပုံ ၉၀/၄၊ ၉
၅။ ပုံ ၃၀၁/၂၂
၆။ ပုံ ၁၉၁ ခ/၈
၇။ ပုံ ၄၄ ခ/၁၃ (အေဒီ ၁၂၁၉)၊ ပုံ ၃၃၁ ခ/၇ (အေဒီ ၁၂၁၇)
၈။ ပုံ ၂၃၁ ခ/၆ (အေဒီ ၁၂၇၁)၊ ပုံ ၂၇၃/၄၊ ၆ (အေဒီ ၁၂၉၁)
၉။ ကလျာဏီကျောက်စာ (အေဒီ ၁၄၈၀) ပထမကျောက် ကျောဖက်အစတွင် အဆိုပါ ရဟန်းအကြောင်းပါသည်။ **ကလျာဏီကျောက်စာ**၊ ရန်ကုန်၊ ၁၈၉၂၊ စာမျက်နှာ ၅၆၊ **အက်မီဂရပ် ဖီယားဗာမင်နီကား** အတွဲ ၃၊ အပိုင်း ၂၊ စာမျက်နှာ ၁၉၆၊ အီးဖေါ်ခင် မားရေး **မြန်မာတရားဥပဒေအရင်းအစနှင့်ကြီးပွားတိုးတက်ပုံ** (ဂျာဒင်ဆုရစာတမ်း) စာမျက်နှာ ၃၅-၆ နှင့် ဂျီအီးဟာဗေရေး **မြန်မာရာဇဝင်** စာမျက်နှာ ၅၉ မှတ်စု ၃ ကိုကြည့်
၁၀။ ပုံ ၆၃ က/၁၄
၁၁။ ပုံ ၁၇၄/၁၄

တို့ ဖေါ်ပြသည်မှာ ဟုတ်အံ့မထင်ဟု သံသယဝင်မိရပါသည်။ တဖက်မှ ကြည့်ပြန်ပါလျှင် ကျောက်စာဟူသည် အလှူအတန်းကိုသာ အဓိကထား၍ ရေးထိုးရကား ဓမ္မသတ်ဟူသော စကားလုံး ခေတ်ဦးကျောက်စာတွင်မပါခြင်းကြောင့်ခေတ်ဦးကဓမ္မသတ်ကျမ်းများ မပေါ်သေးဟူ၍ မဆိုသာဟုငြင်းချက်ထုတ်မည်ဆိုကလည်း ဖြစ်နိုင်ပါသည်။ ယင်းနှစ်စွန်းထွက်စကားတွင် အတိအကျ ပြောရဲသည်ကား ၁၃-ရာစုဝက်သို့ရောက်လျှင် ပေထက်အက္ခရာတင်ပြီး ဓမ္မသတ်ရှိပြီဟူသော အချက်ပင် ဖြစ်ပါသည်။ ကျစွာမင်းကြီး၏ ခိုးသားနှိပ်ကွပ်ရေး အမိန့်တော်မှာ ၆-မေ ၁၂၄၉-ခုက ထုတ်ပြန်သဖြင့် ၁၃-ရာစုဝက်တွင် ဓမ္မသတ်နှင့် ရာဇသတ်ရေးပြီး ရှိလေပြီဟူသောအချက်ကို ထောက်ခံလျက်ရှိပါသည်။ အမိန့်တော်၌ ရာဇဝတ်အပြစ်ဒဏ်ကို အမုန္ဒန်အရ ပေးစေလိုရကား—

> ခိုးသော ဟုတ်စင်မှုကား၊ အမုန္ဒနီစာတွင် ဖတ်စေ၏၊ အမုန္ဒနီစာတွင် အကြင်သူခိုးသည်၊ ဤမည်သော အပြစ်တေးပြစ်မှုကား ဤမည်သောဒဏ်ပေးတေး ပေးအပ်၏ ဟူပေ၏။

ဟု ညွှန်းထားသည်ကို တွေ့ရပါသည်။ အပြစ်ဒဏ်တို့ကို ဆက်လက်ဖေါ်ပြရာ၌ မဇ္ဈိမနိကာယ၊ အင်္ဂုတ္တရနိကာယနှင့်မိလိန္ဒပဥှာ ပါဠိတော်လာ အလွန်ရက်စက် ပြင်းထန်သည့် ဒဏ်တို့ကို အစီအရီ ဖေါ်ပြပါတော့သည်။ အချုပ်အားဖြင့် ၁၃-ရာစုဝက်သို့ရောက်လျှင် တရားမရာဇဝတ် သံဖမတို့ အားထားစရာတရားမမှုအတွက် ဓမ္မသတ်နှင့်ရာဇဝတ်မှုအတွက် အမုန္ဒန်ဟူ၍ ပေါ်နေပြီဟု ကောက်ချက်ချလျှင် မှားမည်မထင်ချေ။

ယခုခေတ်တရားခွင်၌ အစစ်အမေးခံရသူသည် ကျမ်းကျိန်၍ ထွက်ဆိုမြဲဖြစ်သော်လည်း တရားလိုတရားခံပြသက်သေအသီးသီးတို့နှင့်ညီညွတ်၍ ယုတ္တိသဘော သင့်တင့်သော စကားကို ဆိုမိမှ ထိုသူစကား အရာရောက်မည်ကို နားလည်ကြ၏။ ရှေးကမူ ထွက်ဆိုချက်၏ အဆုံး၌ ကိန်ပေ၏ဟု ပါလျှင် ထိုစကား မြဲတော့သည်။ ကျိန်ဝန့်လျှင် ယုံမည်ဟူသောသဘောရှိ၏။ မြင်းမှူက အိုပအမည်ရှိ အမျိုးသမီးက အေဒီ ၁၂၃၂-ခုနှစ်တွင် အမတ်အနန္တသူသည် ပေသမားငမွဲအမည်ရှိ ကျွန်ကိုအပိုင်ရလိုသဖြင့် စာချုပ်ကို တိတ်တဆိတ်ပြင်ဆင်၍ ထားပါသည်ဟု တရားဆင်သည်။ အနန္တသူက မပြင်ဆင်ရပါဟု ငြင်း၍ ဇေယရာဇသူနှင့် ရတနာကုံထံတို့ကို သက်သေမူ၏။ ထိုသူနှစ်ဦးလည်း အနန္တသူသည် စာခြေစာလက်ကိုမပြင်ဟုဆိုကာ မိမိတို့စကားကိုခိုင်သထက်ခိုင်အောင် ခတ်အဘိဓမ္မာချီကြ၏။ ဘုရားရှင်၏ သရီရခတ်တော်နှင့် ဘုရားရှင်၏ အဘိဓမ္မာကျမ်းကို ချီခြင်းမှာလည်း ကျမ်းကိုင်၍ ကျိန်သည်ဟူသော သဘောပင် ဖြစ်ပါသည်။ ကျမ်းကိုင်ပြီးနောက် မမှန်ဆိုလျှင် လက်ငင်း သွေးပွက်ပွက်အန်၍ မြင်မကောင်း ရှုမကောင်း သေရတော့မည်ဟူ၍လည်း စွဲမြဲယုံကြည်ထားကြသဖြင့် ဓာတ်ချီသူ ဇေယရာဇသူနှင့် ရတနာကုံထံတို့၌ ဘေးဥပါဒ် တစုံတရာမကျရောက်ဟု ကျောက်စာ၌ ဆက်လက်ဖေါ်ပြသဖြင့် ယင်းတို့စကားကို လက်ခံလိုက်ပြီဟု သိရပါသည်။[၂] နောက်ထပ်၍ သုခမိန် မလောင် ဆိုသူကလည်း အနန္တသူဖက်မှ ကျမ်းကျိန်ထွက်ဆိုပြန်ရာ၌လည်း မမှန်ဆို၍ ငရဲသို့ ငါမသွားပြီဟူသော သဘောပါသည့် စကားကိုဆိုသည်။

---

၁။ အမိန့်တော် ကျောက်စာတို့၌ ၂၂-ဧပြီ ၁၂၄၉ (ပုံ ၁၆၆ က ခ ပုံ ၁၆၇ ပုံ ၁၆၈-၉) နှင့် ၁ မေ ၁၂၄၉(ပုံ ၁၇၀)ဟူ၍ နောက်ထပ် ရက်စွဲနှစ် ၂-မျိုး တွေ့ရပါသေးသည်။

၂။ ပုံ ၇၈ ခ/၅-၈

အေဒီ ၁၂၆၀ ပြည့်က ကျွန်မှုတရားတွင် သင်ဆင်ခြံတပည့် သင်သဟူသည်ဓါတ်ချီသဖြင့် အမှုနိုင်သည်ဟုဆိုပါသည်။[1] ထိုနှစ်မှာပင် လေပ်သင်ကျောင်းသံဃာနှင့် ငမွန်တို့သားအဖ မြေမှု အခြင်းများကြ၏။ ငမွန်တို့က ကောက်ပဲဖျက်၍ လယ်ကို လုသည်ဟု ဆိုပါသည်။ သက်သေဖြစ်သော ကင်ကာက နာတောင်းများလက်ထက်မှ စ၍ ထိုလယ်ကို လူမစား သံဃာသာစားသည်ဟု ဆိုပြီးနောက် ကျမ်းကျိန်သည်။[2]

မဟာသမန်နှင့် မနောရာဇတို့ကို အေဒီ ၁၂၄၅ ခုနှစ်က ကြံတူ သာသနာ မြေပယ်နှစ်ရာ (တပယ်-၁.၇၇ ဧက)ကို စစ်ချေဟု ကျစွာမင်းက စေ၏၊ ဗုဒ္ဓလင်္ကာနှင့် ဝရညာဏရင်သီတို့က သာသနာမြေစစ်ကြောင်း ရွှေကူတွင် ကျမ်းကျိန်၍ ဆိုကြသည်။[3] ယင်းကိုသံဖမတို့ ကြေနပ် လက်ခံလိုက်ကြသည်။ အေဒီ ၁၂၆၈ ခုနှစ်က အမှုတခုတွင်ကား သက်သေများကို ဘုရားရှင် ဓါတ်တော်များသာမက ဘုရားရှင်ရုပ်ပွါး ( ဆင်းတု )တဆူကိုပါချီ၍ ကျိန်ဆိုကြသည်။[4] အထက်ဖေါ်ပြပါ အထောက်အထားများအရ ရှေးမြန်မာတို့သည် ဓါတ်တော်၊ ရုပ်ထုတော်၊ ပါဠိတော်ချီ၍ ကျိန်ဆိုခြင်းကို လေးစားယုံကြည်ကြောင်း သိရသည်။ ဆေးစီရင်[5]၍ အနိုင်ယူနိုင်သည်ဟု ယုံကြည်ရင်း ရှိသဖြင့်လည်း ကျမ်းကျိန်ခြင်းကို ပို၍ အရေးထားဟန် တူပါသည်။

သက်သေ အထင်အရှား မပြနိုင်သော အမှုတွင် ကမ္ဘာလေးရပ်[6] ခေါ်သည့် ရေလား၊ ဆန်ဝါး၊ ခဲတောက်၊ မီးပြိုင်ခြင်း တခုခု ပြုရသည်ဟု မြန်မာမင်းများ လက်ထက်က လုပ်ထုံးရှိခဲ့သည်။ ယင်းအလေ့အလာမျိုးတွင် အနည်းဆုံး ရေလားခြင်း အလေ့သည် ပုဂံခေတ်ကပင် ရှိကြောင်းကို မြင်းခြံခရိုင် နထိုးကြီးမြို့နယ် ညောင်ပင်ရွာမှ ကျောက်စာ[7] အရ သိရပါသည်။ ထိုကျောက်စာ၏ ရက်စွဲကို ဖတ်မရသော်လည်း လက်ရေးပုံစံအားဖြင့် ပုဂံခေတ်လယ်ကဟု တင်ပါသည်။ အမှုသွား အမှုလာကို သိရသမျှကား မင်္ဂလပိစည်းချင်းနှင့် ငမင်းကြီးခေါ် ယင်သင်၏သားတို့ ယာတကွက်ကို ပိုင်ဆိုင်လိုကြောင်း တိုင်သူကြီး လေက်စွယ်သင် ရှေ့မှောက်တွင် ရေငုပ်ရာ မင်္ဂလာပိစည်းချင်း အနိုင်ရပြီးနောက် ခြောက်နှစ်မျှ ယာကို လုပ်စားသည်။ ပြီးမှ ငမင်းကြီးက အထက် ရေငုပ်ခြင်းကို သံသယရှိကြောင်း တိုင်တန်းပြန်သဖြင့် သံဖမတို့ စစ်ဆေးကြရပြန်သည်။ မင်္ဂလပိစည်းက ရေငုပ်သည်ကို မိမိ

---

၁။ ပုံ ၁၉၁ ခ/၁၁
၂။ ပုံ ၁၉၃/၁၁၀-၁၉
၃။ ပုံ ၂၃၁ ခ/၀
၄။ ပုံ ၃၀၁/၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၀၊ ၁၉၊ ၂၉
၅။ ပုံ ၁၄၁ က/၁၁၊ ၁၆
၆။ ဦးမောင်မောင်၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ရန်ကုန်၊အစိုးရပုံနှိပ်တိုက်၊ ၁၉၃၃၊စတုတ္ထပိုင်း၊ စာမျက်နှာ ၂၉၂-၃၀၄ နှင့် ဦးအာစိဏ္ဏ၊ ရာဇသိပ္ပသတ္တကျမ်း၊ အင်းရွာမြို့သစ်၊ ၁၉၂၉၊ စာမျက်နှာ ၁၂၇-၄၂
၇။ ပုံ ၅၉၀ က(ပုံ ၁၄၁-က ကိုလည်းကြည့်)

သိကြောင်း သက်သေခံ၏။ တိုင်သူကြီး လေက်စွယ်သင် ကလည်း မိမိရှေ့မှောက်၌ ရေငုပ်ကြောင်း ပြောပြပြီးနောက် ယင်းအချက်ကို မေ်ာကွန်းတင်ပါဟု တောင်းဆိုသည်။ ကျောက်စာတွင် ငမင်းကြီး၏ ပြန်လှန် ချေပ ချက်တို့ ဆက်လက် ရေးသားသော်လည်း ဖတ်မရလောက်အောင် ပျက်စီးနေပါသဖြင့် အမှု၏ နောက်ဆုံး အခြေအနေကို မပြောနိုင်တော့ချေ။ သို့သော် ယင်းကျောက်စာဖြင့်ပင် ရှေးအခါက ရေလားခြင်းရှိဘူးကြောင်း ထင်ရှားပါတော့သည်။

သက်သေများကို ကြားနာပြီးနောက် သံဖမတို့က အဆုံးအဖြတ်ပေးလျှင် အထက်က ဖေါ်ပြခဲ့ပြီးသည့်အတိုင်း မကြေနပ်သဖြင့် အထက်ရုံးတွင် အယူခံပြန်သည်ဟု အလွန်တွေ့ရခဲပါသည်။ အင်္ဂလိပ်ခေတ် မတိုင်မီ မြန်မာတို့သည် ကောက်ချက်ဖြတ်စာရ၍ နှစ်ဦး နှစ်ဖက် ကြေနပ်ကြလျှင် လဘက်အတူစားကြသည်။ အယူခံနိုင်ခွင့်ကို ကြေကြေနပ်နပ် စွန့်လွှတ်လိုက်ပြီဟု ဆိုလိုပါသည်။ ယင်းသို့ လဘက်စားသည့်အလေ့ မည်သည့်အခါက ပေါ်လေသည်ဟု အတိအကျပြောရန် ခဲယင်းလှပါသည်။ သို့သော် တဆယ့်လေးရာစု ကုန်ခန့်တွင် ရေးသည်ဟု ထင်ရသော တရုတ်ဘာသာ ပိုင်ယီကျွမ် ခေါ် သျှမ်းတရာကြောင်းစာတမ်းတွင် သျှမ်းတို့ လဘက်စားသည် ဟူ၍၎င်း၊ တဆယ့်ခြောက်ရာစု မြန်မာစာပေ [၁] နှင့် ကျောက်စာ [၂] ၌ လဘက်ဟူသော ဝေါဟာရကို စတင်တွေ့ရှိသဖြင့်၎င်း၊ အဆိုပါလဘက်စားသည့်အလေ့ကို သျှမ်းမှ မြန်မာရ၍ တဆယ့်ခြောက်ရာစုတွင် ယင်းဓလေ့သည် မြန်မာတို့၌ ခေတ်စားနေပြီဟုဆိုက မှားနိုင်စရာအကြောင်းမရှိဟု ထင်ပါသည်။ ပုဂံခေတ် ကျောက်စာတို့မှာမူ လဘက်ဆိုသည့် ဝေါဟာရနှင့် လဘက်စားခြင်း အကြောင်း မတွေ့ဘူးချေ။ အရေးပါသော အရောင်းအဝယ် ပြုပြီးနောက် ပိုင်ရှင်အမည် လွှဲပြောင်းသော အခါတွင် သေသား စားသောက်ကြသည်ဟု မှတ်တမ်း အလီလီ တွေ့ဘူးပါသည်။ လူက ရောင်းသော မြေကို ရဟန်းက ဝယ်သည့် အခါမှာပင် ရောင်းဈေး၌ သေဘိုး သားဘိုး [၃] ပါပြီး ဖြစ်၏။

ဝယ်ယူက သေသားပေါပေါနှင့် စားပွဲကြီးပေးရသော ဓလေ့သည် တဆယ့်သုံးရာစုလယ်က စတင်ထင်ရှားလာခဲ့ပါသည်။ ဤတွင် စံပြအနည်းငယ်ကို ဖေါ်ပြလိုပါသည်။ ရဟန်းရှင် စန္တိမာက အေဒီ ၁၂၄၉ ခုတွင် လယ်ဝယ်သောအခါ အဘိုးငွေအဖြစ် ကြေးခွက်ငါးဆယ်၊နွားလားတဖက်၊သားနွားတကောင်၊ သေခုနစ်လုံး၊ အဝတ်ဖြင် ငါးထည် ပေးရသည်။ [၄] နွားတကောင်နှင့် သေခုနစ်လုံး စားသောက်သောပွဲကား သေးမည်မဟုတ်ချေ။ ပွဲအကြီးအငယ်ကား ရောင်းခင်း ဝယ်ခင်း၏ အကြီးအငယ်နှင့် ဝယ်သူ၏ ငွေအား ဂုဏ်အားပေါ်တွင် တည်သည်ဟုထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မဟာကဿပဂိုဏ်းက ရဟန်းနှစ်ပါး မြေပယ် ငါးဆယ် ဝယ်သောအခါ သေသားအတွက် ကြေးခွက် ငါးပိဿာကိုသာ ပေးကြပါသည်။ [၅] သို့သော် အေဒီ ၁၂၆၉ ခုနှစ် အရောင်းအဝယ် မှတ်တမ်းတခု၌

၁။ ရှင်အဂ္ဂသမာဓိ၊ နေမိဘုံခန်း(အေဒီ ၁၅၄၂)အပိုဒ် ၇၊ ၃၇၊ ၇၀
၂။ တံတားဦးအနောက် နိဂြောဓရွာ နိဂြောဓကျောင်း ကျောက်စာ (သကရစ် ၈၈၂) စာကြောင်းရေ ၂၉၊ ၃၆-နှင့် ၄၀
၃။ ပုံ ၂၂၄/၁၀
၄။ ပုံ ၃၀၀/၆-၇
၅။ ပုံ ၂၂၄/၁၀-၁၁

ကား နွားလားသင်းတစ်ကောင်နှင့် သေအိုးဆယ်လုံး ပေးသည်ဟု တွေ့ရပြန်ပါသည်။[၁] အချို့ ဝယ်သူက ထမင်းဘိုးလည်းထည့်၍ ပေးသည်။ မင်းဝိုင်းပစ္စည်းထိမ်းအဖွဲ့က သော(ကဒူး)တို့ထံမှ မြေပယ် ၁၀၀၀-ဝယ်သော အခါတွင် ထမင်းဘိုး သေဘိုး သားဘိုးငွေ ၅၄-ကျပ် ပေးရသည်ဟု ဆို၏။[၂] မြေတပယ်မျှ ငယ်သည်ကိုပင် သေတအိုးနှင့် အမဲအတွက် ငွေပေးရသည်ဟု အေဒီ ၁၂၇၁-ပြည့်နှစ် မှတ်တမ်းတစောင်က ဆိုပါသည်။[၃] ဖေါ်ပြခဲ့ပြီးသည့်အတိုင်း အရောင်းအဝယ် သို့မဟုတ် အဆုံးအဖြတ်တခုခုပြီးတိုင်း စားသောက်ပွဲကြီး ပေးရသည်ကား ပုဂံခေတ်နောက်ပိုင်း၌ အလွန်ခေတ်စားခဲ့ပါသည်။

သေသားစားသောက်မှုတူးသည်မှ လဘက်မျစား၍ပြတ်စဲရခြင်းဓလေ့ကား အဘယ်အချိန်က အဘယ်ကြောင့် ပြောင်းလဲသွားရပါသနည်းဟု မေးဖွယ်ရှိပါသည်။ အယူအဆ အမျိုးမျိုးရှိပေမည်။ အထက်က အမြွက်မျှပြောခဲ့သော ကျွန်တော့ယူဆပုံကို ထပ်၍ပြောလိုသည်မှာ ရှေးမြန်မာတို့ စားလေ့မရှိသော လဘက်ကို မိုးညှင်းအုံးဘောင် စသော သျှမ်းတို့ထံမှ အဝခေတ်မြန်မာတို့ရ၍ တဆယ့်ငါးရာစုကုန်လောက်၌ မြန်မာတို့ဝယ်လဘက်မှာ အများသုံးဖြစ်၍နေချေပြီ။ အဝအနီး တံတားဦးက ကျောင်းတကာတဦးသည် ကျောင်းဆောက်ရန်ပစ္စည်းဝယ်ရာ၌ လဘက်များပါသည်ဟု အေဒီ၁၅၂၀ ရက်စွဲပါသော ကျောက်စာတခု၌ တွေ့ရသည်။[၄] လဘက်ခေတ်စားသည်နှင့်အတူ ဝိနည်းတော်အတိုင်း ကျနအောင် ကျင့်ကြံရမည်ဟူသော သီဟိုဠ်ဂိုဏ်း ဗုဒ္ဓသာသနာ ထွန်းကားလာသည်မှာ တပြိုင်တည်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တဆယ့်နှစ်ရာစုမှစ၍ မြို့ကျောင်း တောကျောင်းဟု ဗုဒ္ဓသာသနာနှစ်ဂိုဏ်းကွဲခဲ့ပါသည်။ တဆယ့်သုံးရာစုအတွင်းဝယ် ဂိုဏ်းဦးစီး မဟာကဿပ၏ အစွမ်းဖြင့် တောကျောင်းဂိုဏ်းကို ကြည်ညိုသူ အလွန်ပေါခဲ့ပါသည်။ ကျောင်း မြေပယ်ပေါင်း ရာထောင်ရှိသည့် ကျောင်းတိုက်ကြီးများပေါ်လာ၍ ရံဖန်ရံခါ မြေများထပ်၍ပင် ဝယ်သေးသည်။ ဝယ်ပြီးသည့်အခါတိုင်းလည်း ဝိနည်းတော်နှင့် ညီမည်မဟုတ်စေကာမူ သေသားစားသောက်ကြရန် ဆုတ်ဆိုင်းသည်ဟု မတွေ့ရချေ။[၅] တဆယ့်ငါးရာစုကုန်လောက်တွင် သီဟိုဠ်၏ ဝါဒစက်ရိပ်ဖြင့် ဝိနည်းတော်ကို အလေးဂရုကြီးပြုရသောဂိုဏ်းက အနိုင်ရသောကြောင့် သေသားဓလေ့ကို အများကပင် ကဲ့ရဲ့ဝေဖန်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အငြင်းအခုံ အရောင်းအဝယ် ပြီးပြေခြင်း အထိမ်းအမှတ်ကို လဘက်မျှစား၍ ကြေနပ်ကြရပါတော့သည်။

---

၁။ ပုံ ၃၉၅/၁၆-၁၈

၂။ ပုံ ၂၆၈/၈

၃။ ၂၃၁ က/၅

၄။ တံတားဦးအနောက် နိဗ္ဗာနရွာ၊ နိဗ္ဗာနကျောင်း ကျောက်စာ (သကရစ် ၈၈၂) စာကြောင်းရေ ၂၉၊ ၃၆၊နှင့် ၄၀။

၅။ တောကျောင်း ဘုန်းကြီးအကြောင်းကို အသေးစိပ် တင်ပြထားသော သန်းထွန်း "မဟာကဿပဂိုဏ်း"မသ၈၊ အတွဲ ၄၂၊ အပိုင်း ၂၊ စာမျက်နှာ ၈၁-၉၈-ကြည့်

အရောင်းအဝယ်တွင် နောက်တမျိုး အရေးပါသော အချက် တချက်ကား အက္ခရာတင်၍ အမှတ်အသားထားကာ တံဆိပ်နှိပ်ခြင်းပင် ဖြစ်၏။ သဘောတူညီချက် [၁] အကြောင်းကြားစာ [၂] အမိန့်တော် [၃] ဖြတ်စာ [၄] နှင့် အလှူပေး [၅] အားလုံးကို တံဆိပ်ခတ်လေ့ ရှိသည်။ တံဆိပ်ပဒေသာ [၆] ဟူသော ဝေါဟာရကို ထောက်၍ တံဆိပ်အမျိုးမျိုး ရှိချေမည်။ ပန်းတံဆိပ် [၇] ကြာတံဆိပ် [၈] သစ်သီးတံဆိပ် [၉] ဟူ၍ တွေ့ရှိပါသည်။

သံဖမတို့ အသိအမြင်ပါဝင်ရသော အမှုကိစ္စ အမှတ်အသားကို အမှုကွန်း [၁၀] ဟု ခေါ်လေ့ရှိ၏။ သို့သော် စာချုပ် [၁၁] စာစောင် [၁၂] စာရင်း [၁၃] ထန်းရွက်စာ [၁၄] ပေစာ [၁၅] ရွှေပေ [၁၆] ဟူ၍ အမျိုးမျိုးရှိပါသည်။မင်းနှင့်စပ်သွယ်လျှင် အထက်စာရင်း [၁၇] သို့မဟုတ် စာရင်းမ [၁၈] ဟူ၍ ခေါ်ဆိုပါသည်။

---

၁။ ပုံ ၂၆၀/၁၀၊ ၂၁
၂။ ပုံ ၂၆၂/၁
၃။ ၁၂၃/၁၃
၄။ ပုံ ၇၄/၁၀၊၁၄၊၁၇၊၁၉၊ ပုံ ၇၉ ခ/ ၄၊၅၅-၆၊ ပုံ၁၁၇က/၁၁၊ ပုံ ၁၇၄/၁၆၊၁၆၊ ပုံ ၃၀၁/ ၂၇၊၂၇၊၂၇၊၃၀၊၃၇၊၃၇၊ ပုံ ၅၉၀ က/၁၁
၅။ ပုံ ၅၆ က/၁၇၊ ပုံ ၇၇/၁၀၊၁၀၊၁၁၊ ပုံ ၉၄ ခ/၁၂၊ ပုံ ၁၀၆/၁၅
၆။ ပုံ ၁၇၄/၁၆
၇။ ပုံ ၅၉၀ က/၁၁
၈။ ပုံ ၆၀၄ ဏ
၉။ ပုံ ၁၉၃/၂၀-၁
၁၀။ ပုံ ၁၃၃/၂၅၊ပုံ ၂၁၅ ခ/၁၂၊ပုံ ၂၃၅/၃၇၊ပုံ ၂၄၅ ခ/၀၊ပုံ ၂၆၆ က/၁၂၊ပုံ ၄၁၇/၆၊ ပုံ ၅၉၀ က/၂၁
၁၁။ ပုံ ၁၉၆/၄၊ပုံ ၂၇၂/၂၀၊ပုံ ၂၇၄/၁၀၊ပုံ ၂၇၉/၂၅
၁၂။ ပုံ ၁၉၃/၂၁
၁၃။ ပုံ ၉၀/၅၊၁၁၊ပုံ၁၂၅ က/၆၊ပုံ၁၃၃/၂၅၊ပုံ ၁၄၀ က/၉၊ပုံ ၁၄၄/၁၀၊ပုံ ၁၆၂/၀၊ပုံ ၂၀၅/ ၇၊၁၀၊ပုံ၂၁၂/၃၀၊ပုံ၂၃၅/၃၅၊၄၀၊ပုံ၂၄၁/၆၊၇၊၀၊ပုံ၂၄၄/၃၁၊ပုံ ၂၄၀/၇၊၀၊၂၃၊၂၃ ပုံ ၂၆၆ က/၁၂၊ပုံ ၂၀၃/၁၆၊ပုံ၂၉၀ ခ/၉၊ပုံ ၂၉၂/၁၀၊၁၂၊၁၃၊၁၅၊၁၆၊၁၇၊၁၀၊၁၉၊၁၉၊၊ ပုံ၂၉၇/၂၆၊၂၆၊ပုံ၃၀၁/၄၊ပုံ ၃၀၄/၂၊ပုံ ၄၁၇/၇၊ပုံ၄၁၉ ခ/၁၂၊ ၂၃၊ပုံ၅၆၃ က/၁၂၊၁၃၊
၁၄။ ပုံ ၄၁၇/၆
၁၅။ ပုံ ၂၉၆/၂၅
၁၆။ ပုံ ၂၃၅/၃၀
၁၇။ ပုံ ၉၀/၅၊ ၁၁
၁၈။ ပုံ ၂၉၀ ခ/၉

ယင်းအမှတ်အသားတို့ကို အလွန်ဂရုတစိုက် ထိန်းသိမ်းသည်ဟူ၍လည်း သိရပါသည်။ မိဖုရားဖွားစောက အေဒီ ၁၂၇၁-ခု အလှူစာရင်းကို ရွှေပေရှစ်ချပ်တွင် ရေး၍ အတင့်တယ် ဆေးရေးသော သစ်ကျမ်းနှင့် ညှပ်ကာ ရွှေချည်ဖြင့် ပတ်လျက် သစ်တလားတွင်ထည့်၍ သိမ်းဆည်းသည်ဟု ဆိုပါသည်။[၁] ရွှေနန်းရှင်ခေါ် မင်းကျော်စွာ(အေဒီ ၁၂၈၈-၉၈)သည် အေဒီ ၁၂၈၈-ခုနှစ်က အလှူကို အထက်စာရင်းတင်သောအခါ ထန်းရွက်တွင်ရေး၍ လက်ပံကျမ်း နှစ်ချပ်နှင့် ထပ်၍ထားသည်ဟု ကျောက်စာထားရစ်ပါသည်။

အထက်စာရင်းကို အမတ်တဦးက ထိန်းသိမ်းရမြဲ ဖြစ်၏။ အချို့သော မော်ကွန်းထိန်းအမတ်၏အမည်ကို ဖေါ်ပြနိုင်ပါသည်။ မဟာသမန်[၂](အေဒီ၁၂၆၀)ပုန်ညရစ်[၃](အေဒီ၁၂၉၀)နှင့်နောက်ထပ် မဟာသမန်[၄]တဦး(အေဒီ ၁၂၉၃)တို့ မော်ကွန်းထိမ်းများ ဖြစ်ခဲ့၏။ စာရင်းမော်ကွန်းထိမ်းရန် နေရာသီးခြား ထားပေမည်။ အေဒီ ၁၂၉၃-ခု ကျောက်စာ တခုအရ သိရသည်မှာ မော်ကွန်းအတွက် သီးသန့်နေရာမှာ တင်းကုပ်[၅]ဖြစ်၏။မမွှသီရိမဟာထေရ်ကို ရွှေနန်းရှင်(ကျော်စွာ ၁၂၈၈-၉၈) အလှူပေးစဉ်က တင်းကုပ်ရှည်[၆]တွင် စာရင်းတင်သည်ဟု သိရပါသည်။

ပေစာ ထန်းရွက်စာထက် ကျောက်စာ[၇]က ပို၍ စွဲမြဲတည်တန့်သဖြင့် မိမိအလှူကို ကာလအရှည်အကြာ မှတ်သားနိုင်ကြရန် အချို့က ကျောက်စာရေးထိုးပါသည်။ ကျောက်စာထိုးသမားဟူ၍ အသက်မွေးသူ ရှိမည်မထင်ချေ။ လူရဟန်း ကျား/မ မရွေး အခါအခွင့် သင့်သလိုကျောက်စာထိုးပေးပါဟူသော တောင်းပန်ချက်ဖြင့် ရေးထိုးပေးခဲ့ကြဟန် တူပါသည်။ ဆိုလိုသည်မှာ အလှူတွင် ရောက်လာသူတို့အနက် စာရေးတော်သူကို ရေးစေ၍ လက်မှုပညာဖြစ်သူကို ကျောက်ထက်အက္ခရာ တင်စေခြင်းပင် ဖြစ်မည်။ ထို့ကြောင့် ကျောက်စာ ရေးထိုးသူတို့တွင် ရဟန်း[၈]ဟူရား[၉]

---

၁။ ပုံ ၂၃၅/၃၀-၉
၂။ ပုံ ၁၉၆/၄
၃။ ပုံ ၂၇၂/၂၀၊ ပုံ ၂၇၄/၁၀
၄။ ပုံ ၂၇၉/၂၅၊ ပုံ ၂၀၃/၁၅-၁၆
၅။ ပုံ ၂၀၃/၁၅
၆။ ပုံ ၂၇၉/၁၂
၇။ ပုံ ၄/၄၊ ပုံ ၆/၁၅၊ ၁၀၊ ပုံ ၉/၆၊ ပုံ ၂၁/၉၊ ပုံ ၅၆ ခ/၁၀၊ ပုံ ၈၂ က/၁၀၊ ပုံ ၂၂၇/၃၊ ပုံ ၂၂၀ ခ/၁၈၊ ပုံ ၂၅၃ က/၅၊ ပုံ ၂၅၉/၁၁၊ ပုံ ၂၇၉/၈၊ ပုံ ၃၆၅ ခ/၉၊ ၁၁၊ ပုံ ၃၆၆/၂၇၊ ပုံ ၃၅၉/၉၊ ပုံ ၄၁၉ ခ/၁၂၊ ပုံ ၅၇၈ ခ/၁၉
၈။ ပုံ ၅၆ က/၁၃၊ ပုံ ၆၀ ခ/၁၉၊ ပုံ ၁၃၁ ခ/၁၆၊ ပုံ ၁၃၂ က/၁၁၊ ပုံ ၂၁၈ ခ/၁၀၊ ပုံ ၂၂၃ က/၁၃၊ ပုံ ၂၆၂/၃၇၊ ပုံ ၃၀၇ က/၃၊ ပုံ ၄၂၄/၂၃၊ ၃၇
၉။ ပုံ ၂၁၂/၂၄၊ ပုံ ၃၁၃ ခ/၁၀၊ ပုံ ၅၈၁ က/၁၇

အမတ်[၁] အတွင်းရေး[၂] စာချီ[၃] သူကြီး[၄] နှင့် သာမန်လူ ကျွား/မ[၅] ဟူ၍ အမျိုးမျိုး တွေ့ရခြင်း ဖြစ်ပါသည်။

ယင်းကျောက်စာများကို လေ့လာသဖြင့် အမှုအခင်းစသည့် တရားရေးများကို အသင့်အတင့် သိခွင့်ရပါသည်။ ရဟန်းနှင့်လူ၊ မင်းနှင့်လူ၊ လူသာမာန် အချင်းချင်း ဖြစ်သော တရားဟူ၍ တရား တဘောင်ကို သုံးစုခွဲနိုင်ပါသည်။

တရားလိုသော်၎င်း တရားခံသော်၎င်း ရဟန်းတပါးဖြစ်ခဲ့လျှင် ဝိနည်းတော်အတိုင်း သီလ သမာဓိ ပညာကြီးသော် မထေရ်တပါး သို့မဟုတ် အများပေါင်း၍ အဆုံးအဖြတ်ပေးသည်ကို နာခံ ကောင်း၏ဟု ယူဆကြပေမည်။ သို့သော် ပုဂံခေတ်က အမှုသည် နှစ်ဖက်စလုံး ရဟန်းဖြစ်သည့် တိုင်အောင် လူဝတ်ကြောင်ရုံးကသာ ဆုံးဖြတ်ကြောင်း တွေ့ရပါသည်။ ဘောကျောင်း ရဟန်းခေါ် အရည်း ငစိုက်သင်နှင့် အခြားရဟန်းတပါးတို့ ယာလေးပယ်နှင့် ကျွန်းငွေယ်ကို ရလိုကြောင်း အေဒီ ၁၂၂၅-ခုနှစ်က အမှုဖြစ်ကြလျှင် သံဖမလေးဦးက တရားကွန်သာယာတွင် ရုံးထိုင်၍ အမှုကို ကြားနာစစ်ဆေးပါသည်။[၆] ငစိုက်သင်အနိုင်ရ၍ အဆိုပါယာနှင့် ကျွန်ကို တုရင်တောင် ပုထိုးနှစ်လုံး တွင် လှူလိုက်သည်ဟု သိရ၏။ မင်းနှင့် ရဟန်း အချင်းများသည်လည်း ရှိ၏။ သာသနာမြေမှ မြေခွန် ပေးဆောင်မြဲ မဟုတ်သဖြင့် သာသနာမြေ တိုးသလောက် မြေခွန်လျော့လာသဖြင့် မင်းအနေနှင့် အခက်အခဲကြီးတခုကို ရင်ဆိုင်ရပါတော့သည်။ မင်းဖြစ်ပြီး မကြာမီ အေဒီ ၁၂၃၅-ခုတွင် မင်းကျစွာ က ယင်းပြဿနာကို ဖြေရှင်းမည်ဟူသော ကြံရွယ်ချက်ဖြင့် အကြေအညာ သာသနာမြေ အားလုံးကို သိမ်းယူ၏၊ ထိုသို့သိမ်းယူရာ၌ ဇေယပွတ် တောကျောင်းပိုင် ဟင်ရုံပအက်မြေ ၇၅-ပယ်လည်း ပါ၏။[၇] မင်းပြုသော အမှုပေတည်းဟု တောကျောင်းသံဃာတို့က ငုံ့မခံချေ။ ကန့်ကွက်ကြသဖြင့် ခြောက်ဦး စုံစမ်းရေးအဖွဲ့ဖွဲ့၍ စစ်ဆေး၏။ အဖွဲ့ဝင်များကား ရာဇသူနှင့် ဂင်္ဂသူအမည်ရှိသော မင်း ဘထွေးနှစ်၊ မဟာသမန်၊ အမြိုက်လကျ်ာ၊ အနန္တဇေယပိကြံနှင့် မဟာသက်ထိတ် အမည်ရှိသော အမတ်လေးဦးတို့ ဖြစ်ပါသည်။ ခြောက်ဦးအဖွဲ့က မင်းကို အရှုံးပေးသဖြင့် မင်းက အလျော့ပေးကာ မြေကို တော ကျောင်းမှာပင် ပြန်၍ လှူရပါသည်၊ အေဒီ ၁၂၄၅-ခုတွင် သာသနာမြေသိမ်းရန် တကြိမ်ကြိုးစား ပြန်၏။[၈] အထက်နည်းအတိုင်းပင် မအောင်မြင်ချေ။ အချင်းများရသည့်မြေကား နာတောင်းများ

---

၁။ ပုံ ၂၇၂/၂၀
၂။ ပုံ ၂၀၇/၁၆
၃။ ပုံ ၆၆/၁၇၊ ပုံ ၂၆၃/၁၇
၄။ ပုံ ၇၇/၆၊ ပုံ ၂၆၇/၁၀
၅။ ပုံ ၇၉ ခ/၃၁၊ ၃၃၊ ပုံ ၁၂၆ က/၆၊ ပုံ ၁၆၀ ခ/၁၆၊ ပုံ ၂၅၁/၁၂၊ ပုံ ၂၅၉/၁၁။ အမျိုးသမီး ပုံ ၅၅၀ က/၂၀၊ ၂၂၊ ပုံ ၅၀၂(ဂ)/၅
၆။ ပုံ ၅၄-နှင့်၊ ၃၇၁/ခ
၇။ ပုံ ၉၀
၈။ ပုံ ၂၃၁/ခ

လက်ထက် တကောင်းစစ်ကို နိုင်သော လက္ခဏာ လက်ဝဲကို မင်းက ရဲဆုပေးသောမြေအနက် ကြံတူ မြေပယ် ၂၀၀ ကို ဘုရားကြီးတွင်လှူခဲ့ရာ သက်သေအထောက်အထား မပြနိုင်လျှင် သိမ်းစေဟု မင်း ကျစွာက မဟာသာမန်နှင့် မနောရာဇာကိုလွှတ်၏၊ရဟန်းဗုဒ္ဓလက်ာနှင့် ဝရညာဏရံသိတို့ကသာသနာ မြေ စစ်ကြောင်း ခိုင်လုံအောင်ပြသနိုင်သဖြင့် မသိမ်းမယူပြန်ခဲ့၏။

ကျစွာကို ဆက်ခံသော တူတော် ဥစ္စနာကလည်း ဘထွေးတော်၏ဝါဒကို လက်ခံ ကျင့်သုံးပါ သည်။[၁] ကြံတူနိမ့်တောကျောင်းပိုင်မြေ ပယ် ၁၅၀၀ကို အေဒီ ၁၂၅၅ခုနှစ်က သိမ်းယူခဲ့၏။ ထိုနှစ်မှာ ပင် တလ(တုံတေးအနီး ရှေးဒလ)သို့ ရောက်လာ၍ ဥစ္စနာလွန်သည်။ သခင်မဟာပတိမထေရ်၏ ကန့် ကွက်ချက်ကို မင်းယောက်ခမ သရိယ်ကတဆင့် ဥစ္စနာကို ဆက်ခံသူ တရုတ်ပြေးမင်း နားတော်သို့ ပေါက်အောင် ပြောကြား၏။ သိမ်းယူပြီး မြေကို ပြန်လည်လှူတန်းစေဟု ထွေတော်(အမိန့်) ချ၍ သာသနာမြေနှင့်ပတ်သက်၍ မိမိဝါဒကိုလည်း

ရတနာသုံးပါး မြေမှ ငါ့မြေသို့ ဆန်ခြည်တတန်မျှ မဝင်စေနှင့်၊ ငါတို့မြေက ရတနာသုံးပါး မြေသို့ ဝင်သကား(အပြစ်အထူးမရှိပြီ၊) သခင်တို့မြေခြား အမြဲအမြံတိုင် ဆောင်ပါလေ။[၂]

ဟုကျေညာတော်မူခဲ့သည်။ ဤနည်းအားဖြင့် ရဟန်းနှင့် မင်း အချင်းများ၍ ရဟန်းက ဆူပူကန့်ကွက် လျှင် မင်းက လျှော့ရမြဲဟု သိရပါသည်။ မင်းက အနိုင်ရသည်လည်း ရှိကောင်း ရှိပေမည်။ သို့သော် သက်သေပြစရာ မတွေ့ဘူးပါ။

ရဟန်းနှင့် အမတ်ကလန် သံပျင်၊ ရဟန်းနှင့် လူသာမန်တို့ အချင်းများသည်လည်းရှိပါသည်။[၃] ကျောင်းထိုင်ဆရာတော် ခြောက်ဆက်တိုင်တိုင် အငြင်းပွါးရသော အမှုတခုကို ဖေါ်ပြလိုပါသည်။[၄] အေဒီ ၁၁၆၇ ခုတွင် သိင်္ခစကုကြီးက မြေရိုင်းတကွက်ကို ဆရာတော် ငတိတ်တင် လက်သို့ အပ်၏။ ဆရာ တော်၏အစီအမံဖြင့် ထိုမြေရိုင်းကို ရှင်းပြီးနောက် ရေကန်တူး၍မြောင်းသွယ်ကာရေလွှတ်ပေးခြင်းဖြင့် မြေရိုင်းသည် စပါးစိုက်ရန်လယ်ဖြစ်၍ လာပါသည်။ ယင်းသို့ ပြောင်းလဲပုံကို မြင်ရသဖြင့် အံ့သြ ကြေ နပ်လျက် သိင်္ခစကုကြီးက ထိုမြေကို မိမိသားမြေး အမွေခံတို့နှင့် မဆိုင်ဟု ပြတ်ပြတ်ပြောလျက် ငတိတ် သင်ကျောင်းသို့ အပြီးအပိုင် လှူတန်းခဲ့ပါသည်။ ကျောင်းထိုင် ဆရာတော် ငတိတ်သင်တသက် ထို လယ်ကို စေစားပြီးနောက် သိင်္ခဥပစင်း ကျောင်းထိုင်သောအခါတွင် တကာ စေည်စိမ်သင်ကို လယ်

---

၁။ ပုံ ၂၉၆
၂။ ပုံ ၂၉၆/၁၃-၁၆
၃။ ပုံ ၁၉၁ ခတွင် သင်သဟူနှင့် ကျွန် ကွန်တင်ရာပါ ၅ (အေဒီ ၁၂၆၀)
ပုံ ၁၉၃ တွင် သိင်္ခဂုဏ ဂမ္ဘီနှင့် ငမွန်ပါ ၂ (အေဒီ ၁၂၅၉)
ပုံ ၃၇၁ တွင် သိင်္ခမုန်တောင်နှင့်အိုင်မွန်သင်(အေဒီ ၁၂၂၀)၊သိင်္ခသီလကုမာနှင့် ငဖုန်းရောက် သင်ပါ၃ (အေဒီ ၁၂၆၂)
ပုံ ၄၂၁ တွင် အိမ်ကြီးသည် ဆရာနှင့် သင်ကြီးဆန်း (အေဒီ ၁၃၁၆)
၄။ ပုံ ၃၇၁

ရေကန်ဝန်းကျင်၌ ထန်းစိုက်စေ၏။ ဥပစင်းလည်း အသက်ထက်ဆုံး ထိုလယ်ကိုစေစား၏။ ကျောင်းထိုင်ဆရာတော် နောက်တပါးဖြစ်သော သို္ခင်မုန်တောင် လက်ထက် အေဒီ ၁၂၂၀ ခုတွင် စကုကြီးမြေးဖြစ်သော အိန်မွန်သင်က ထိုမြေကို မိမိအမွေဆိုင် မြေဟု ဆို၍ သိမ်းယူပြီးလျှင် ရွာစစ်လာသော ကန်ညာရင်နှင့် ကက်ဗတြာတို့ကို တိုင်ကြားရကား အမှုဆင်၍ စစ်ပေ၏။ အထက် စကုကြီး လှူစဉ်က ကျောင်းနေ သံဃာတပါး ဖြစ်ခဲ့ဘူးသော ငဆည်သင်အား စစ်မေးရာ စကုကြီးကျောင်းကို ထိုလယ် လှူကြောင်း သိမြင်လိုက်ပါ၏။ ငါပင်လယ်ဖြစ်အောင် ရှင်းလင်းကာ ကန်တူး၍ မြောင်းသွယ်ပေးရသည်။ အိန်မွန်သင်က မဟုတ်ဟုဆိုလျှင် ယင်းကို တရားစွဲပါစေဟု ဆို၏။ တရားလို အိန်မွန်သင် မကျိန်ဝန့်သောအခါ ငဆည်သင်က ခါတ်ချီ၍ ပြောသမျှ ဟုတ်ကြောင်း ပြောပါသည်။ ထိုစဉ်က သက်သေများကား ညောင်စောက် မဟာထေရ်၊ တိုင်မလုပ်မထေရ်နှင့် သူကြွယ် ငရောက်သွယ်သင်တို့ ဖြစ်ပါသည်။ သံဖမတို့က သို္ခင်မုန်တောင်ကို အနိုင်ပေးခဲ့၏။ နောက်ဆက်ခံသော ကျောင်းထိုင် ဆရာတော်တို့ကား သုခမိန်သန်ပေါင်၊ဗုဒ္ဓပါသင်ကြီးနှင့် သီလကုမာတို့ဖြစ်ပါသည်။ ၁၂၆၂ ခုတွင် စကုကြီး၏ အမျိုးဆက်မှ စည်သဝတ်၏မြေး ငဖုန်းရောက်သင်နှင့် ငပယ်တို့က ထိုမြေကို အမွေဆိုင်ဟု ဆို၍ လုပြန်ရာ သမန်ထပိစည်းနှင့် ရာဇပိုဟ်ခေါ် သံဖမနှစ်ဦးက ရွာသားနှစ်ဆယ့်လေးယောက်ကို ခေါ်၍ စစ်ဆေး၏။ အားလုံးကပင် အဆိုပါလယ်သည် စကုကြီးက ငတိတ်သင် ကျောင်းကို လှူခဲ့သော မြေဖြစ်၍ ယခုကျောင်းထိုင် သီလကုမာ လက်ထက်အထိ ကျောင်းထိုင်သင်္ဃာခြောက်ဆက်တိုင်တိုင် စေစားခဲ့ရကား လူပုဂ္ဂိုလ် မည်သူ့လက်မျှ မရောက်ဘူးပါဟု တညီတညွတ်တည်း ထွက်ဆိုကြ၏။ ထို့ကြောင့် သံဖမတို့က ယခုတကြိမ်လည်း ရဟန်းတို့ကိုပင် အနိုင်ပေးခဲ့ပါသည်။[1]

ဒုတိယ အမျိုးအစားဖြစ်သော အမှုအခင်းတွင် မင်း သို့မဟုတ် အရာရှိကတဖက် အရပ်သားကတဖက် ပြိုင်ဆိုင်ကြပါသည်။ ဤတွင် အရာရှိ သားမြေးတို့၏ အမွေတခုကို ဖေါ်ပြလိုပါသည်။ ဇေယပိကြံနှင့်ငငယ်တို့ အေဒီ ၁၂၂၈ ခုနှစ်က အမွေမှုဖြစ်ကြ၏။ ငငယ်ကား ဖိယောင်သားတည်း။ အခြင်းများသော လယ်သည် မူလက ဖိယောင်အကိုပိုင် မြေဖြစ်သော်လည်း ထိုအကိုက ဖိယောင်ကို ပေး၍ ဖိယောင်ထံမှ ငငယ်က အမွေရလိုက်ပါသည်ဟု အရှိးဖြစ်သူ နဂါးရစ်မယားကို သက်သေတိုင်၍ ငငယ်ကဆိုပါသည်။ နဂါးရစ်မယားက ထိုမြေကို မိမိအကိုကြီးသေလျှင် အကိုလတ် မရ၊ အကိုကြီး၏ မုဆိုးမ ရလိုက်သည်၊ ထိုမုဆိုးမက သူ့သား ဇေယပိကြံ မယားနေစဉ် ထိုမြေကို လက်ဖွဲ့သည်ဟူ၍ထွက်ဆိုသည်။ ဇေယပိကြံ၏အကို ရာဇသင်္ကြံကလည်း အရှိးနှင့် အတူ ထွက်သည်။ ထို့ကြောင့် သံဖမတို့က ဇေယပိကြံနိုင်စေဖြတ်၍ မင်းက အတည်ပြုလိုက်သည်။[၂]

---

၁။ ပုံ ၁၇၄

၂။ ပုံ ၇၈ ခ၊ပုံ၇၉ က၊ အနန္တသူရနှင့် အိုပ(မြင်းမူ)(အေဒီ ၁၂၃၂)၊ပုံ၁၇၄ ဇေယပိကြံနှင့်ငငယ် (အေဒီ ၁၂၂၈)၊ ပုံ ၃၉၅၊ နရသင်္ကြံနှင့် ပုံကျ (အေဒီ ၁၂၆၉)၊ ပုံ ၅၇၄ ခ၊ ဗျဂ္ဂသူရနှင့် ငရစ်(အေဒီ၁၂၂၆)၊ ပုံ ၅၉၈ က၊ မင်္ဂလာပိစည်းနှင့် ငမင်းကြီး (အေဒီ ၁၃၄၅)

တတိယ အမျိုးအစားမှာ သာမန်အရပ်သားအချင်းချင်း ပြိုင်သော အမှုအခင်းများသာ ဖြစ်သောကြောင့် စိတ်ပါဝင်စားဖွယ် အချက်အလက်များ မတွေ့ရချေ။[၁] နဗက်ရွာ သယာသင်နှင့် စိန်ပသားတို့ အေဒီ ၁၂၁၉ ခုနှစ်က နယ်မြေအပိုင်းအခြား စကားများရာတွင် သံဖမတို့က နဗက်သူကြီးကိုခေါ်၍ စစ်မေး၏။ စိန်ပသားတို့ လွန်ကြောင်း သူကြီးကသိသော်လည်း မိမိပိုင်နက်တွင်း မဟုတ်၍ ကြည့်နေမိပါသည်ဟု ထွက်သည်။ မတရားမှုကို မြင်ပါလျက်နှင့် မပိုင်မဆိုင် မနေရာဟု သူကြီးကို ဒဏ်ငွေ ငါးဆယ် တပ်သည်။[၂]

အမွေ[၃]နှင့်ပတ်သက်၍ အမိအဖစသော အထက်လူ့[၄]မှလာသော မြေ[၅] ကျွန်[၆] တို့ အကြောင်းကိုတွေ့ရပါသည်။ အထက်က ဖော်ပြခဲ့သည့်အရာရှိနှင့် အရပ်သား ပြိုင်သော အမှုသည် တနည်းအားဖြင့် အမွေမှုတမျိုးဖြစ်သောကြောင့် ယခုထပ်မံမဖော်ပြတော့ပြီ။ အမွေကိုဖော်ပြရာ၌ အဖိုးက လာသော[၇]၊ ဖေမှုလာသော[၈]၊ မိမှုလာသော[၉]၊ မိဖမှုလာသော[၁၀]၊ အရိုးအေားပေးသော[၁၁]၊ အမွေပစ္စည်းဖြစ်သည်ဟု ကွဲကွဲ ပြား ပြား ဖော်ပြလေ့ ရှိပါသည်။ ညီအကို မောင်နှမတို့တွင် အငယ်က အကြီးထံမှ အမွေဆက်ခံမြဲဖြစ်သော်လည်း အငယ်မှအကြီးက ယူသည်လည်းရှိပါသည်။ ပုံစံပြရသော် စည်သူ ၂ (နရပတိစည်သူ)မင်းကြီးနှင့် အိုဆောက်ပန်းတို့၏ သားငယ် ဂင်္ဂသူဆုံးလျှင် အကိုလုပ်သူက အမွေယူလေရာ ဂင်္ဂသူ၏မုဆိုးမ ညောင်ရမ်းကြီးသမီးက ဤသို့မှတ်တမ်းတင်ခဲ့၏။

အတို့ သခင်မင်း ဂင်္ဂသူ ပျံတော်မူပြီးသော် အမွေဟု သိခ်နောင်မင်း ရာဇသူ ယူလေသော မြင်ကီကျွန်[၁၂]

ဟူ၍ ညီပစ္စည်းမှ ကျွန်အချို့ကို အကိုက အမွေဟု ယူသည်ကိုသိရ၏။ ယခုခေတ်ကား လင်သေမယားစံဟု ထုံးရှိသဖြင့် အကိုနှင့်မဆိုင်ဟုဆိုချေမည်။ စင်စစ်အားဖြင့် ဂင်္ဂသူ ပစ္စည်းကို ဂင်္ဂသူ မယားကပင် အများဆုံး ရပါသည်။ သို့သော် ပုကံခေတ်က အမွေသည် ရံဖန်ရံခါ အချို့ပစ္စည်း၌ အဆန်လည်း ရှိသည်ဟု ဆိုနိုင်ပါသည်။ အင်္ဂလိပ်ခေတ်တွင်မှ အဆန်လုံးဝမရှိရဟု တားမြစ်ထားဟန် ရှိပါသည်။

---

၁။ ပုံ ၁၁၇ က၊ ပုံ၁၄၁ က၊ ပုံ ၃၀၇ က၊ ပုံ၃၃၁ က၊ ပုံ ၃၇၁ က၊ ပုံ ၅၆၀ ခ၊ ပုံ ၅၇၄ က

၂။ ပုံ ၃၇၁

၃။ ပုံ ၇၅ က/၃၊ ပုံ ၁၄၄/၁၈၊ ပုံ ၂၇၂/၃၃၊ ၃၄၊ ၃၄၊ ပုံ ၂၇၄/၂၅၊ ၂၅၊ ၂၆၊ ပုံ ၃၉၂/၂၆၊ ပုံ ၄၂၁ ခ/၁၂

၄။ ပုံ ၁၇၄/၁-၂

၅။ ပုံ ၄၂၁ ခ/၁၂

၆။ ပုံ ၃၉၂/၂၆

၇။ ပုံ ၈၈/၄

၈။ ပုံ ၁၂၀/၂၊ ပုံ ၁၅၀/၄၊ ပုံ ၁၇၄/၁-၂၊ ပုံ ၂၀၄ က/၈၊ ပုံ ၂၁၂/၄၊ ၁၊ ၁၂

၉။ ပုံ ၂၁၂/၄၊ ၅၊ ၈ ပုံ ၃၆၄/၁၀-၁၁

၁၀။ ပုံ ၁၅၀/၂

၁၁။ ပုံ ၇၅ က/၃၊ ပုံ ၁၂၀ က/၅

၁၂။ ပုံ ၁၄၄/၁၇-၁၈

လင့်ပစ္စည်းကို မယား လုံးဝပိုင်ဆိုင်ကြောင်း အထောက် အထားကို နှစ်ကြိမ် တွေ့ရဘူး၏၊ အေဒီ ၁၂၂၈ ခု ကျောက်စာတခု၌ အမျိုးသမီးတဦးက မိမိအသက် ၂၀ ကျော်လောက်တွင် လင်သေသဖြင့် " လင် ကျွန်တေး ငါစေစား၏၊ လင်လယ်တေး ငါစေစား၏ " ဟု[၁] မှတ်တမ်း ထားခဲ့ပါသည်။ အေဒီ ၁၂၄၉ ခု ကျောက်စာ၌ အကိုလတ် ဖိယောင်မြေး မိန်းခလေး ရလိုက်၏ဟု တွေ့ရပါသည်။[၂]

သေသူတွင် အမွေခံမကျန်လျှင် ရေမြေ ခပ်သိမ်းသော သခွင်[၃] မင်းပင် ဆိုင်သည်ဟု ဓမ္မသတ်က ဆို၏။ သို့သော် ပုဂံခေတ်က အမွေခံ မကျန်သူတို့သည် ပစ္စည်းအားလုံးကို ရတနာ သုံးပါးတွင် လှူခဲ့သည်ကို တွေ့ရဘူးသည်။ အေဒီ ၁၂၂၃ ခုတွင် ပစ္စည်းကြွယ်ဝသော သမန္တသူ၏ မယားက

> ငါ့သားလဲမရှိ၊ ငါမွေးစားတန်သော သူလဲမရှိ၊ (သို့)မရှိရကား မြတ်စွာဘုရားသခင်လျှင် ငါ့ကိုယ်စားကျွေးရစ်စေသော[၄]

ဟု ကျောက်စာထားခဲ့သည်။ မိဖုရား ရာဇသူစောသည် အေဒီ ၁၂၉၉ ခုနှစ်က နာမကျန်းရှိလျှင်

> ငါ၏ မိဖ ဖေးဖိုး တို့လည်း အမွေ ဥစ္စာတို့ကို စွန့်ခ၍ သွားခကုန်၏။ ချစ်စွာသော ငါ့သားလှလည်း အမွေ ဥစ္စာနှင့်တကွ ငါမိရင်းကို စွန့်ခပြီးကား။ ငါလည်း သူမယူနိုင်၍ ထားခသော အမွေဥစ္စာကို ငါလည်း ထိုသို့လည်းကောင်း မပါတတ်သော အကြောင်းကို သိရကား ငါ့မိ ငါ့ဖ ငါ့သား အမျိုးခပ်သိမ်းကို နိဗ္ဗာန်၏ ပစ္စည်း အထောက်အပင့် ဖြစ်စိမ့်သောငှါ အလှူတုံ(၏)[၅]

ဟု ကျောက်စာရေးထိုးခဲ့ပါသည်။ နရသိင်္ခဥစ္စနာ (အေဒီ ၁၂၃၀-၅) ၏ သမီး အစောလတ်ခေါ် ဇေယသူငွေးမယား ဥစ္စာဝေခွဲပုံမှာလည်း မှတ်သားလောက်သည်။

> ဤမျှသော ကျွန်ကား ဘုရား တရား သံဃာ တို့ကိုလည်း ငါမလှူ လင်သား အဆွေ အမျိုး တို့ကိုလည်း ငါမပေး၊ ငါအသက်ရှိသ၍ လုပ်ကျွေးစေသော၊ ငါမရှိမူကား မြက်နှ ရေကြည် ရှိရလားစေသတေး။[၆]

ဟူ၍ ကျွန်တို့ကို လွတ်လပ်ခွင့် ပေးခဲ့သည့်အပြင် အလုပ်လက်မဲ့ မဖြစ်ကြစေရန် ထိုကျွန်တို့ကို မြေပယ် တထောင်ပေးသေး၏။ အလားတူလွတ်လပ်ခွင့်ပေးသော ကျောက်စာမှတ်တမ်းအများပင်ရှိပါသည်။

---

၁။ ပုံ ၁၇၄/၄-၅
၂။ ပုံ ၁၇၅/၁၉-၂၀
၃။ ပုံ ၂၃၅/၁၀
၄။ ပုံ ၅၁/၃-၅
၅။ ပုံ ၂၇၂/၃၂-၆ (ပုံ ၂၇၄/၂၄-၇ ၌လည်း အလားတူ ဖေါ်ပြချက်တွေ့ရ၏)
၆။ ပုံ ၂၀၁ က/၆-၁၀

ပေးကမ်း စွန့်ကြဲရာ၌ လက်ထပ်စဉ်က လက်ဖွဲ့ခဲ့သော ပါရင်းပစ္စည်းမျိုး[၁] ထက် ကက်ထက်ပွား နှင့် နှစ်ပါးစုံ ပစ္စည်းမျိုး[၂] က ပို၍ အကျိုးရမည်ဟု ယုံကြည်ကြ၏။ စံပြုရသော် အေဒီ ၁၂၃၁-ခုက သူကြွယ်လင်မယား အလှူလုပ်ရာတွင် မယားဖြစ်သူက—

ဤအနှစ်လင်မယား ညီ၍ လှူသောကျွန်ကား ငါတို့အမိအဖ အမွေကျွန်လည်းမဟုတ်၊ ငါတို့ အမျိုးခုနှစ်ဆက်မှသာသော အမွေကျွန်လည်းမဟုတ်၊ အနှစ်လင်မယား (ဆင်းရဲမှု)၍ ရသော ကျွန်နှင်းနှင်းတေး။ [၃]

ဟု ကြေညာပါသည်။

မိဖတို့ဘည်ဆောက်ခဲ့သော ကျောင်းကန် ဘုရားကို သားမြေးတို့က ဆက်လက်ပြုပြင် မွမ်းမံရ မည်ဟု ယူဆ၏၊မင်းသီရိရာဇာ၏ မိဖုရားစောသည် အေဒီ ၁၂၉၉-ခုက ရင့်နံခရိုင်ရှိ အမိအဖကျောင်း ကိုပြင်ဆင်၍ ကျောင်းပစ္စည်း၊ အထောက်ပံ့ ဖြစ်စိမ့်သောငှါ မြေလှူ၏။[၄] ငရန်သင် အမည်ရှိသော တကာတဦးသည် အေဒီ ၁၂၄၇-ခုနှစ်က အမိ အဖ ကျောင်းတွင် ကျွန်လှူသည်။[၅] ထို့ပြင် အမိ အဖ ဆောက်၍ မပြီးတတ်သော ကျောင်း စသည်တို့ကို သားသမီးက လက်စသတ်လေ့ ရှိပါသည်။ စံပြုရ သော် အေဒီ ၁၂၉၃-ခု ကျောက်စာ တခုတွင် အမတ် ဝ္လန္ဒပစ္စြာသည်၊ မဟာဿပ ကျောင်းတိုက်၌ ကျောင်းတဆောင်ဆောက်မည်ဟုသတ်မှတ်၍အေဒီ ၁၂၇၀-ခုတွင် အရံတံတိုင်းကိုအလျှင်ကာ၏၊ထိုစဉ် မှာပင် ပြည်ရေးပြည်ရာ ကိစ္စကြီးသဖြင့် မြောက်ဖက်နယ်စပ် တပ်စခန်းဖြစ်သော ငဆောင်ချံကိုသွား ရ၏။ တရုတ်ဝင်သဖြင့် နိုင်ငံနှင့်အဝှမ်း ပျက်စီးရသော အခါ ဖြစ်ပါသည်။ ငါးနှစ်လွန်၍ ပြည်ရွာ အနေအထားကျသောအခါတွင် ဝ္လန္ဒပစ္စြာ၏ သမီးနှင့်သမက်ဖြစ်သော အမတ်ပုညာတို့က တံတိုင်းကို အပြီးသတ်၍ စုလစ်မွန်ချွန်နှင့် တင့်တယ်စွာသော အုတ်ကျောင်း တဆောင်ဖြစ်အောင် ဆောက်ခဲ့ပါ သည်။[၆] အလှူအတန်းပြု၍ ကွယ်လွန်သူ မိဖတို့ကို အမျှပေးရန်မှာလည်း သားသမီး၏ တာဝန် ဖြစ်၍ ကျောက်စာတို့၌ အဆုံးနားတွင်ပါမြဲဖြစ်သော အမျှဝေသည့် အပိုင်းတွင် ထိုတာဝန်ကို ထမ်းဆောင် ကြောင်း ဖော်ပြပါရှိလေ့ရှိပါသည်။

တမလွန်သို့ ရောက်လေပြီးသော မိဖတင်ရှိခဲ့သည့် ကြွေးကိုလည်း သားသမီး ဆပ်ရမည်ဟု မှတ် ယူကြ၏။ တိဿမထေရ်က အေဒီ ၁၂၆၂-ခုတွင် ယခု မိမိဘုရားလှူသော ကျွန်တို့သည် အဖကျွန်မှန် သော်လည်း အဖက ယင်းတို့ကို ပေါင်နှံ၍ ထားပါသဖြင့် အဖကြွေးကို ဆပ်သောကြောင့်သာ မိမိ လက်သို့ရောက်လာရသော ကျွန်များဖြစ်သည်ဟု ရှင်းလင်းဖော်ပြပါသည်။

---

၁။ ပုံ ၁၇၅/၂၁၊ ပုံ ၃၃၅ က/၅၊ ပုံ ၅၉၉(ဂ)၅
၂။ ပုံ ၇၀/၆-ဂ၊ ပုံ ၁၂၉/ဂ၊ ပုံ ၁၄၁ ခ/၅-၇၊ ပုံ ၁၅၇/၁၆-၁၉၊ ပုံ ၁၆၀ ခ/၃-၅၊ ပုံ ၁၆၁ ခ/၁၀၊ ၁၁၊ ပုံ ၂၀၄ က/၆၊ ၉၊ ပုံ ၅၇၂ က/၂ဂ၊ ပုံ ၅၇၃ က/၁၀၊ ပုံ ၅၇၉/၁၇-၁ဂ
၃။ ပုံ ၁၅၇/၁၆-၁၉
၄။ ပုံ ၂၉၃/၆
၅။ ပုံ ၃၇ဂ ခ/၅
၆။ ပုံ ၂၇၇
၇။ ပုံ ၂၀၄ က/၅-၉

မြီးဆပ်ပုံ ဆပ်နည်းမှာ တရားမကြောင်းတွင် အရေးပါသော အချက်တချက်ဖြစ်၏။ ယင်းနှင့် ပတ်သက်၍ ကျောက်စာ အချို့တွင် မှတ်သားဖွယ် အကြောင်း အရာများကို တွေ့ရသည်။ အေဒီ ၁၂၂၇-ခုက ပစ္စည်းပျက်၍ ကျွန်ဖြစ်သော ပေသမားတေည့်သင်၏ ဇာတ်လမ်းမှာ မှတ်သားဖွယ်အလွန် ကောင်းလှသည်။ အလုပ်အကိုင် ဆုတ်ယုတ်သဖြင့် ကျွေးထူလှသောကြောင့် အချို့ကျွန်ကို ကျွေးဆပ် လိုက်ရသဖြင့် လုပ်မြဲအလုပ် ရပ်စဲပစ်ရ၏။ သခင်ပျက်စီးချိန်၌ ထွက်ပြေးမည့် ကျွန်လည်း ရှိသည်။ ထို့ကြောင့် အမတ် အနန္တသူကို ချဉ်းကပ်၍ မိမိနှင့်တကွ မယားရော သားသ္မီးနှစ်ယောက်ပါ ကျွန် အဖြစ်သိမ်းယူပါ၊ တင်ရှိနေသော ကျွေးအားလုံးဆပ်၍ ကျွန်အားလုံးကို ပြန်စုံပေးပါ၊ မိမိတို့တဖွဲ့လုံး အနန္တသူ၏ကျွန်များအဖြစ်ဖြင့် မိမိတို့ကျွမ်းကျင်သော လုပ်ငန်းကို ဆက်၍ စည်းစည်းလုံးလုံးလုပ်ပါရ စေဟု တောင်းပန်လာသည်။[၁] မိဖုရားစော၏ ငွေ ၁၀၀၀ ကို မဆပ်နိုင်သော စင်ကြယ်သည် အေဒီ ၁၂၉၁-ခု၌ ငွေအစား ကျောက်ဆည်မှမြေပယ် ၁၀၀-ကို ယူပါဟုအပ်လာ၏။[၂] နောက်ကျောက်စာ တခု၌ ဆေးဆရာကိုပေးရန် ကြွေးရှိသဖြင့် ကျွန်တယောက် ပေးလိုက်ရသည်ဟု ဆို၏။[၃]

ခိုးမှုများကိုလေ့လာရန် လိုပါသေးသည်။ တရုတ်ပြေးမင်း လက်ထက်က ရွှေခါးကြိုး တခုကို ခိုးကြောင်း မင်းကြားလျှင် ခိုးသူကိုဖမ်း၍ ဒဏ်အဖြစ် ကျွန် ၁၀၀ ပေးစေဟုဆုံးဖြတ်ခဲ့သည်။[၄] တခါ ကလည်း မင်းကျစွာကထိန်းပေးလျှင် မဟာကဿပကို ဆင်တကောင် လှူ၏။ ဆင်ကို ကန့်တူ(ကဒူး) ရွာသို့ ပို့ထားရာမှ ပျောက်သွားသဖြင့် ကပ္ပိကေ ငမြင်သင်ကို ဆင်ရှာလွှတ်သည်။ ငကျောင်းသင်လင် မယားလက်ဝယ် ဆင်ကိုတွေ့လျှင် မိမိတို့မှာ သုဝဏ္ဏပစ္စည်း သားအပ်လာသဖြင့် ထိန်းကျောင်း နေရ ပါသည်၊ အကြောင်းစုံမသိပါဟု သုဝဏ္ဏပစ္စည်း သားကို ညွှန်းလိုက်၏။ သုဝဏ္ဏပစ္စည်း သားကလည်း မိမိဆင်ကိုမခိုး မိမိထံသို့ရောက်လာသဖြင့် အခိုက်အခါ ထိန်းသိမ်းစေခိုင်းရပါသည်၊ ပြန်၍ ယူဆောင် သွားပါလေဟု အပ်၏။ သို့သော် ငမြင်သင်က မိမိမှာ အမှုမပိုင်၊ စပ်ပါသသူ အားလုံး ပုက်ဆင်း၍ ရှင်းပါဟုဆို၍ ခေါ်ခဲ့သည်။ ကျောက်စာမှေးမှိန်သဖြင့် ဇာတ်လမ်းအဆုံးတိုင် ဖတ်မရချေ။[၅]

ရှေးမြန်မာတို့သည် သေအုံအုံ့မှုးမှုး အခါ အိပ်ရာထက်မှ နေ၍ မိမိပစ္စည်းကို ကြိုက်သလိုပေး ကမ်းစွန့်ကြဲနိုင်ခွင့်ရ၏။ ယင်းတွင် ခေတ်မြန်မာထက် သာပေသည်။ စံပြရသော် အေဒီ ၁၁၈၁-ခုက စင်ကြယ်အမည်ရှိသော ဥပသကာတဦးသည် သေအုံမှုးမှုး အခါ၌ ဓမ္မသီရိကိုပင့်၍ ကျွန် ၂၀-လှူခဲ့ သည်။[၆] အမွေရထိုက်သူစစ်စစ်ကိုပင် ပယ်နိုင်စွမ်းလည်းရှိ၏။ ယခု ပြလတံ့သော သက်သေအထောက် အထားများကား ဓမ္မသတ် အစောင်စောင်ထက် စောသော အထောက်အထား ဖြစ်ပါသည်။ ဥပ သကာ ဇေယသိန်သည်၊ အေဒီ ၁၁၉၇-ခုက မိမိ သေလျှင် မယားဖြစ်သူသည် မိမိဆောက်လက်စ

---

၁။ ပုံ ၇၉ က/၁-၁၃
၂။ ပုံ ၂၇၂/၃
၃။ ပုံ ၃၉၃/၁၅
၄။ ပုံ ၃၉၂/၁၉
၅။ ပုံ ၁၆၃
၆။ ပုံ ၇/၄-၅

ကျောင်းကို ဆက်၍ဆောက်ရမည်ဖြစ်ရကား ဆောင်ရွက်ဖွယ် အမှုခပ်သိမ်း ပြေလည်အောင် ပစ္စည်းများကို လေးဦးအဖွဲ့က ထိန်းထားပါဟု ပစ္စည်းထိန်းခန့်ထားခဲ့၏။[၁] မင်းဥစ္စနာနှင့် မိဖုရား သုံးလူလတို့ သမီး အစောကြွမ်း မင်းသမီးသည် သားတော်က ကူဘုရားကို အပြီးသတ် ဆက်၍ ဆောက်စေဟု အေဒီ ၁၂၅၈ ခုနှစ်က မိန့်မှာခဲ့၏။[၂] သေနပစ္စည်းမယား ဖုန်းသည်မသည် အေဒီ ၁၂၄၃ ခုက မိမိသေဆုံးလျှင် မိမိဆောက်သော ပိဋကတိုက်တွင် ကြိုည်လယ်အားလုံး လှူလိုက်ဟု အမိန့်ထားခဲ့သည်။[၃] ကြုံလှောင်သင်သည့် အေဒီ ၁၂၄၄ ခုက မိမိသေလျှင် ဘုရားကို ထန်းအပင် ၃၀ လှူရစ်ဟုမှာခဲ့၏။[၄] သူကြွယ် တေိကျက်သင်က အေဒီ ၁၂၈၅ ခုတွင် သားဖြစ်သူ(သာမဏေ)ဗုဒ္ဓဂေါသကို ကျောင်းထိုင်မဟာထေရ်ထံတွင် အပ်၍ မဟာထေရ်၏ စကားကို မနာယူလျှင် အမွေမပေးရဟု မှာခဲ့၏။[၅] ယင်းသို့အားဖြင့် ရှေးမြန်မာများသည် မိမိပိုင်ပစ္စည်းကို မိမိသေပြီးနောက် မည်သို့မည်ပုံ ပြုပါဟု မှာထားနိုင်ခွင့်ရှိသဖြင့် မှာသည့်အတိုင်း လုပ်စေရန် အမှုဆောင်[၆]နှင့် ပစ္စည်းထိန်း[၇]များလည်း ခန့်ထားနိုင်ခွင့်ရှိပါသည်။ ဤအကြောင်းကို အထက်ကလည်း ရေးခဲ့ပြီးဖြစ်သဖြင့် ယခု ထပ်လောင်း၍ အသေးစိတ် မရေးလိုတော့ပါ။

အချုပ်အားဖြင့် အောက်ပါအချက်တို့ ထင်ရှားပါသည်။ ပုဂံခေတ်က တရားရေးရာ တာဝန်ခံသီးခြားရှိ၏။ တရားမနှင့် ရာဇဝတ်ခွဲထားသည်။ အထက်ရုံး အောက်ရုံးရှိငြားသော်လည်း အယူခံမှုနည်းသည်၊ အမှုတခုကို စစ်ဆေးရန် သံဖမခေါ် တရားသူကြီး သုံးဦး ခန့်ထားလေ့ရှိသည်။ တခါတရံ လေးဦးမှ ခြောက်ဦးအထိ တိုးချဲ့ ခန့်ထားသည်။ တရားအရာတွင် ထူးချွန်သူကို မနုရာဇဘွဲ့ ပေးဟန်တူ၏။ တဆယ့်သုံးရာစု အတွင်းက ယင်းအမည်ကို လေးကြိမ် တွေ့ရသည်။ တရားမမှုတွင် ဓမ္မသတ်ကိုရင်း ရာဇဝတ်မှုတွင် အမိန့်ကိုရင်း လေ့လာ၍စီရင်ကြ၏။ ဓာတ်အဘိဓမ္မာနှင့် ဘုရားရုပ်တုကို ချီကာ ကျမ်းကျိန်၍ပြောသောစကားသည် မြဲ၏၊ အချို့ အမှုတွင် ကမ္ဘာလေးရပ်မှ တရပ်ရပ်ကိုလိုက်၍ စီရင်၏။ အရောင်းအဝယ်နှင့် အဆုံးအဖြတ် ပြီးပြေလျှင် နောင်အခါ လဘက် လက်ဆုံ စားသကဲ့သို့ ထိုအခါက သေသားစားသောက် မြူးတူးကြသည်။ သံဖမတို့က အရောင်း အဝယ် ပြီးဆုံးခြင်း နယ်ခြားတိုင်စိုက်ခြင်းတို့၌ ပါဝင်၍ သက်သေမှုရ၏။ ယင်းသို့ ပိုင်ရှင် ပြောင်းလဲခြင်းမျိုးကိုလည်း စာရင်းမော်ကွန်းတင်ရ၏။ မော်ကွန်းထိန်း ရှိသည်။ ရဟန်း အချင်းချင်း၊ ရဟန်းနှင့်မင်း၊ အရာရှိ အချင်းချင်း၊ အရာရှိနှင့် အရပ်သား၊ အရပ်သား အချင်းချင်း ပြိုင်ရသော အမှုများစွာ တွေ့ရသည်။ အမွေဆက်ခံပုံကိုလည်း လေ့လာရသည်။ အမွေခံ မရှိသူသည် ပစ္စည်းအားလုံးကို ဘုရား၌ လှူခဲ့နိုင်၏။

၁။ ပုံ ၁၈
၂။ ပုံ ၁၆၄/၄၉
၃။ ပုံ ၁၈၂ ခ/၁၆-၁၉
၄။ ပုံ ၂၀၇/၃-၄
၅။ ပုံ ၂၇၀/၂၃-၄
၆။ ပုံ ၁၈၆/၇၊၁၁၊၁၃၊ ပုံ ၂၇၂/၉၊ ပုံ ၅၅၉ ခ/၁၇
၇။ ပုံ ၁၈/၇၊ ပုံ ၁၆၂/၂၄-၇၊ ပုံ ၂၆၈

ကျွန်များကိုလည်း သွားလိုရာသွားဟု လွှတ်ခဲ့သူများလည်း ရှိသည်။ အလှူအတန်း ပေးကန်းစွန့်ကြဲရာ၌ အမွေပစ္စည်းသည် လက်ထက်ပွါးလောက် မမွန်မြတ်ဟု အထင်ရောက်ကြ၏။ မိဖ လက်ရင်း လက်ငုတ်အလှူကို သားသမီးက ဆက်လက် မွမ်းမံရသည်။ အမိအဖကြွေးကိုလည်း ဆပ်ရသည်။ ကြွေးဆပ်ပုံ၊ ခိုးမှုအပြစ်ပေးပုံတို့ကို အသင့်အတင့်သိရ၏။ သေအံ့မူးမူးတွင် ပေးကမ်းစွန့်ကြဲခွင့်၊သေတမ်းစာရေးခွင့်၊ သေတမ်းစာအရ အမှုဆောင်နှင့် ပစ္စည်းထိန်း ခန့်ထားခွင့်များရှိကြောင်း သိရပါသည်။

အလှူစာရင်း မှတ်တမ်းဖြစ်သော ကျောက်စာတမျိုးတည်းကိုသာ အားကိုး၍ ရှာဖွေတင်ပြရပါသဖြင့် ထိုခေတ်ထိုအခါက ရှေ့နေ ရှေ့ရပ်တို့ အကြောင်းကိုရင်း၊ ကြွေးမှု၊ အမွေမှု၊ ကျွန်နှင့် လယ်အငြင်းအခုံတို့ကို တွေ့ရသော်လည်း ခိုးမှု၊ လက်ရောက်ကျူးလွန်မှု၊ လူသတ်မှု စသော ရာဇဝတ်မှု အကြီးအသေးတို့ အကြောင်းကိုရင်း၊ မည်သို့မျှ မပြောနိုင်ချေ။

---

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


သန်းထွန်း။ "ပုဂံခေတ်တရားဥပဒေ"၊ ယဉ်ကျေးမှု၊ အတွဲ ၄၊ အမှတ် ၂၊ စာမျက်နှာ ၄၁-၅၇

THAN TUN: "The Legal System in Burma", *The Burma Law Institute Journal*, I, ii, June 1959, pp. 171-184 and *The University Teachers' Reveiw*, II, ii, Winter Number, 1961-2, pp. 15-27

# ပုကံခေတ် စီးပွါးရေး

**မြန်မာ** တို့၏ မူလဒေသမှာ ကျောက်ဆည်နယ်မှ တဆယ့်တစ်ရွာ ဖြစ်ရကား ထိုနေရာ၏ စီးပွါးရေးမှာ စိုက်ပျိုးရေးသာ ပဓာနဖြစ်သောကြောင့် ထိုနေရာ၏ စိုက်ပျိုးရေး အခြေအနေကို စတင်လေ့လာပါမည်။ မိုးခေါင်ရပ်ဝှမ်း အဝင်အပါ ဒေသဖြစ်ခြင်းကြောင့် ထိုအရပ်၌ မိုးရေကို တနှစ်တနှစ်တွင် အနဲဆုံး ၁၉ လက်မနှင့် အများဆုံး ၄၇ လက်မမျှသာ ရရှိ၏။ ထို့ကြောင့် စိုက်ပျိုးရန် ရေကို စမုံ၊ ပန်းလောင်၊ ဇော်ဂျီနှင့် မြစ်ငယ်မှ ဆည်မြောင်းနှင့် ရေသွင်းရ၏။ အစဉ်အလာ အားဖြင့် အနိရုဒ္ဓက ကျောက်ဆည်မှ ဆည်မြောင်းစနစ်ကို စတင်ထူထောင်သည်ဟု ဆိုသော်လည်း ထိုမင်း မတိုင်မီ အနှစ် များစွာစော၍ ဆည်မြောင်းစနစ် ရှိနေကြောင်း တွေ့ရသည်။ မြန်မာတို့ မပေါ်လာမီကပင် မွန်တို့က ဆည်မြောင်းကို စတင်တီထွင်ပြီးဖြစ်၍ မြန်မာက ဆက်လက်၍ ကြီးပွါးတိုးချဲ့ခြင်းသာ ဖြစ်ပေမည်။ ထိုအရပ်၏ မြောင်းတို့အကြောင်းကို ပုကံခေတ်မှစ၍

> ပင်မ မြောင်းများဟု ခေါ်ထိုက်သော ယခု ဇီးတော် အမည်ရှိ မြောင်းကြီး၊ မြောင်းဆုမ်၊ သင်တွယ်နှင့် စံမာတို့မှာ ပုကံခေတ်ကပင် ရှိပြီးဖြစ်၏။ ထိုစာရင်းတွင် တမုတ် မြောင်းလည်း ပါမည်ထင်သည်။ အရေးပါသော ကွျောက် ရွာ၏ ဆည်လည်းရှိပေမည်။ ပတ်ဝန်းကျင်ကား စတုရန်းမိုင် ၅၆၀ မျှသာရှိ၍ သေးငယ်လှသည်၊ သို့သော် နိုင်နင်းစွာ စီမံကွပ်ကဲ၍ နေရာ မလပ်အောင်စိုက်ပျိုးသော နယ်မြေဖြစ်ပါသည်။ မြန်မာနိုင်ငံသုတေသနဂျာနယ်၊ အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၂၀၇ )

ဟု ပါမောက္ခလုစ်က ရေးသားဘူးပါသည်။

ကျောက်ဆည်ကိုလွန်၍ ရာဇဝတီကိုဖြတ်ခါ မြန်မာတို့မင်းဘူနယ်ရှိ ခြောက်ခရိုန် သို့ ရောက်ကြသောအခါ၌လည်း

> ထပ်တူမျှသော အခြေ အနေကို တွေ့ရ၏၊ စလင်း၊ မုန်းနှင့် မန်းချောင်းတို့မှ ရေ ရသဖြင့် စိမ်းလန်းစိုပြေသော ရပ်ဟ္မမ်းကိုရောက်ရပြန်သည်။ စကောကရင်နှင့် ပလောင်ဟု ထင်ရသော ထိုအရပ်တွင် ရောက်နှင့်နေပြီး သူတို့တီထွင်ထားသော ဆည်မြောင်းစနစ်ကို မြန်မာက ယူ၍ ဆက်လက်တိုးချဲ့ဟန်တူ၏။ (သမဂ္ဂ အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၂၀၇)

ဟု ဆရာကြီးက ဆက်လက် ရေးသားပါသည်။ အဆိုပါ တဆယ့်တစ် ခရိုန် နှင့် ခြောက် ခရိုန် ကို အခြေထားလျက် တိုက် ဟု ခေါ်သော အရပ်များတွင် ချဲ့ထွင် စိုက်ပျိုးကြောင်းကို အထက်က ဖေါ်ပြခဲ့ဘူး၏။ ဤရပ်ဝှမ်းအားလုံး၌ ပဓာနအလုပ်ကား စိုက်ပျိုးရေးသာ ဖြစ်၍ ဆည်ရေသောက်လယ် စိုက်ကြသည်။ ရာသီဥတုအလိုအားဖြင့် ယခုနည်းတူ ယခင်ကလည်း ခြောက်သွေ့ပါသောကြောင့် ဆည်မြောင်းမရှိလျှင် စိုက်ပျိုးခင်းမရှိနိုင်ချေ။ ယခု ကန်သင်းခေါ်သော ရေကိုတားသည့် တမံငယ်များအကြောင်းကို ကျောက်စာတို့၌ မတွေ့ဘူးသဖြင့် ကန်သင်းကို မသုံးဘဲမည်သို့ စပါးစိုက်မည်ဟု မတွေးတတ်ပါ။

မြေယာ၏ အကျယ်အဝန်းကို ဖေါ်ပြရန် ရှေးမြန်မာတို့သည် **နမိုင်** (ပုံ ၂၄၂နှင့်၅၅၇ ခ/၂) နှင့် **တမိုင်** (ပုံ ၃၈၀/၉၊၁၁) ဟူသော တတိုင်းအတာကို တခါတရံ သုံးသော်လည်း များသောအားဖြင့် **ပယ်** ဟူသော အတိုင်းအတာကို သုံးလေ့ရှိ၏။ **နမိုင်** နှင့် **တမိုင်**တို့၏ အဓိပ္ပါယ်ကိုမသိပါ။ မွန်တို့၏ အတိုင်းအတာနှင့်ဆိုင်သော ဝေါဟာရတခုဖြစ်သည့် ဗ္ဗမှ အံချော်၍ နမိုင် ဖြစ်အံ့လောဟု တွေးသူလည်း ရှိသည်။ **ပယ်**၏ အဓိပ္ပါယ်ကို ဖေါ်ရန် ပုဂံခေတ်မှ အထောက် အထား မရတတ်၍ ကုန်းဘောင်ခေတ် အထောက် အထားကိုသာ သုံး၍ ဖေါ်ရပါသည်။ **မနုကျယ် ဓမ္မသတ်** ( အပိုင်း ၆၊ အခန်း ၁၁ ) တွင် တပယ်ဟူသည် အနားတဖက်လျှင် တာ ၂၀ ရှိသော ထောင့်ကွက်ကိုဆိုလိုသည်ဟုဆို၏။ နှစ်ဆယ့်ငါးတာ စတုရန်းရှိမှ တပယ်ဖြစ်သည်ဟူ၍လည်း **လွှတ်တော် အမှတ် အသား အဖြေ ၈၃** ၌တွေ့ရဘူးသည်။ **ဇိနတ္ထပကာသနီ** (စာမျက်နှာ ၃၉၈)တွင် ကျီးသဲလေးထပ်ဆရာတော်က ပယ်ဟူသည် **ပကတိပယ်** ခေါ် **ဆင်းရဲသားပယ်** နှင့် **မင်းပယ်** ဟူ၍ နှစ်မျိုးရှိရာ မင်းပယ်က ဆင်းရဲသားပယ်ထက် နှစ်ဆရှိသည်ဟု ဆို၏။ ဘိုးတော်ဘုရား၏ အေဒီ ၁၇၉၁ ခုလောက်က ရေးထိုးသော ပယ်ပုံတော်ကျောက်စာ (စာရင်း ၁၂၆၁) နှင့်တကွ မန္တလေး ရခိုင်ဘုရားအနီးတွင် ယခုတိုင် ရှိသေးသော ပယ်ပုံတော်အရ တထောင်လျှင် ၁၉.၀၅ လက်မ ရှိသော အတောင် ခုနစ်တောင်ကို တတာယူ၍ တဖက်လျှင် တာအစိတ်ရှိသော လေးထောင့်ကွက်မှာ တပယ်ဖြစ်သည်ဟု ဆိုသောကြောင့် တပယ်ကို ယခုသုံးသော အတိုင်းအတာနှင့် ဖေါ်ပြရလျှင် ၁.၇၇ ဧကနှင့် ညီသည်ဟု ဆိုရပါမည်။ ဘိုးတော်ဘုရားခေတ်က တပယ်သည် တဧကနှင့်သုံးမတ်ရှိခြင်းကြောင့် ပုဂံခေတ်ကလည်း ထိုမျှပင် ဖြစ်ရာ၏ဟု ယာယီလက်ခံထားရပါသည်။ပယ်ဟူသောဝေါဟာရအပြင်၊အလွယ်နည်းဖြင့် မျိုးကြဲစဉ်က ကုန်သောအတင်းပေါင်းကို ရည်၍ **တင်ဝင်** ဟူသော အခေါ်ကိုလည်း သုံးတတ်၏။ ငါးတင်းကြဲကို တပယ်ဟု အကြမ်းမှတ်သားသည့် အလေ့လည်းရှိသည်။ မြေတိုင်းသော အရာရှိများ အဖြစ်ဖြင့် **ပယ်တိုင်** နှင့် **မ္လိခိန်**တို့ရှိကြောင်း အထက်က ဖေါ်ပြခဲ့ဘူးပါသည်။

မြန်မာတို့၏ နိုင်ငံရေး စည်းရုံးမှုနယ်ပယ် ကျယ်လာသည်နှင့် အမျှ စိုက်ပျိုးသော ပယ်လည်း ကျယ်၍လာပါသည်၊ သို့သော် သာသနာကို မြေလှူရသော အလေ့ရှိသဖြင့် တဖက်တွင်လည်း သာသနာမြေ တိုးလျက်ရှိရာ သာသနာမြေမှ မင်းဖြစ်သူက အခွန်မခံရသဖြင့် မင်း၏ ဘဏ္ဍာလျော့နဲ့ရသောအကြောင်းတခု ဖြစ်ခြင်းကြောင့် မသွယ်မဝိုက် ဟုတ်တိုင်း မှန်ရာကို ရေးရလျှင် သာသနာမြေများသည်ကို မင်းဖြစ်သူမကြိုက်ချေ၊ သာသနာမြေနှင့် ပတ်သက်၍ မင်းနှင့် ရဟန်း ပဋိပက္ခဖြစ်ရပုံကို အထက်ကလည်း ရေးဘူးပြီ။ အောက်ဖေါ်ပြပါ ကောက်နုတ် ချက် အရလည်း မကြိုက်ကြောင်း ထင်ရှားသည်။

> သကရစ် ၆၂၂ ခု ကြတိုက်နှစ် တပိုဝ်အ်ထွယ် လဆန် ၁၂ ရျက် သုကြာနိယ်ကုန်မြင်ထက်၊ ညနိယ်တဝ်မူသော၊ သျှာသူမ္လိယ်၊ ဆင်ကွတ်၊ သရအိုင်ကြည်မ္လိယ်ကိုဝ်၊ ရွာသူကြီတိုဝ်အ် အနိုင်အထက် အခွန်တောင်အေ်ဟု၊ ဖုန်မ္လတ်ကြီစွာကိုဝ် အဆွယ်တိုဝ် ကြာလေရကာ။ ဖုန်မ္လတ်ကြီစွာ၊ သမန္တဘဒြာ မဟာထေရလေ၊ သူခမိန်သာကိုဝ်နာတဝ်လျောက် စိယ်ရကာ၊ မိန်တဝ်မူအေ်၊ သျှာသူမ္လိယ်သိကြည် မ္လိယ်ကိုဝ်ကာ။ အခွန်မတောင်စိယ်ဟု မဟာသမန်ကိုဝ် မိန်တဝ်မူအေ်၊ မဟာသမန်လေ ထွယ်တဝ်တိုင်လျှင် စာချုပ်အေ်၊ အမိပုရှာစ် လေက္ခိသူကြီ

> ဖွစ်ရကာမင်ကြီ လွတ်တဝ်မုသော၊ ဆင်ကွတ်၊ သရအိုင်၊ မ္လိယ်ကာ၊ သျှာသူမ္လိယ် ဟုတ်စင် လောဝ်ဟု၊ ဆင်ကွတ်သူကြိ မစန္တရဇ်၊ သရအိုင်သူကြိ ဓမ္မသိန်ါတိုဝ်နှိုက် မိယ်စိယ်သောတေ၊ သျှာသူမ္လိယ်ဟုတ်စင်ဟု ဆိုဝ်ပိယ်ရကာ ထိုဝ်သိုဝ်သျှာသူမ္လိယ် ဟုတ်စင်ပြီ့သမုတည် မင်ကြိ မိန်တဝ်မူသောတိုင် အစန်စန်လျှင် လွတ်ရစ်ပစိယ်သတေဟု၊ အမိပုရှာဇဝ်လေဖုန်မ္လတ်ကြီကိုဝ် မိန်တော်မူပိယ် တုမ်အေ်၊ ဖုန်မ္လတ်ကြိ သမန္တဘဒြာ မဟာထေရကာ ငါလိုလမူရုယ် မရကြိ လွတ်တာ်မူသော၊ ရှာသူကြိ မစန္တရဇ်၊ ဓမ္မသိန်ါတိုဝ်လက်ထက် လွတ်တာ်မူသော၊ စင်ကွတ်၊ သရအိုင်၊ သျှာသူမ္လိယ်သိကြည်မ္လိယ်ကိုဝ်၊ နောင်ရှာလူကြီကံကုန်စခီ အမတ်တျှာတိုဝ် ဖျက် ဆိရုယ် အခွန်တောင်စရစ်မူကာ၊ မ္လိယ်ကြီကာ အထက် ကိုဝ်ကာ အောက် အဝစိယ်လျှင် ကျက်စိယ်သတေ၊ (ပုံ ၁၉၆/၁-၁၃)

ဟု ရေးထိုးခဲ့သော ကျောက်စာအရ အေဒီ ၁၂၆၁-ခု ဖေဖေါ်ဝါရီ ၂-ရက်တွင် **တရုက်ပြေယ် မင်းကြီး** ကုန်မြင်၌ရှိစဉ် **ဆင်ကွတ်**နှင့် **သရအိုင်**တွင် ရှိသော **သျှာသူ** အမည်ရှိသည့် သာသနာမြေမှ ရှာသူကြီးက အခွန်ခန့်ခဲ့ကြောင်း တိုင်ကြားချက်ကိုရ၏။ **သမန္တဘဒြ** မဟာထေရ်က သုခမိန်သားကို လွှတ်၍ တိုင်ကြားခြင်းဖြစ်၏။ မင်းကြီးက **မဟာသမန္တ**ကို ခေါ်၍ အခွန်မကောက်ရဟု မြစ်တားစေ၏။ အမတ်ကြီးလည်း အမိန့်တော်ကို မော်ကွန်းအခိုင်အမာ ကျန်ရစ်အောင် စာချုပ်၏။ ကွိယ်သူကြီ ဖြစ်သော မိဖုရားစောကလည်း **ဆင်ကွတ် သူကြိ မစန္တရဇ်** နှင့် **သရအိုင် သူကြိ ဓမ္မသန်ါ**တို့ကို ခေါ်၍ ယခုအမှုကိစ္စပေါ်သော မြေမှာ သျှာသူ သာသနာမြေ စစ် မစစ် မေးမြန်း၏။ စစ်ကြောင်း သိလျှင် ယခုအမိန့်တော်အတိုင်း သား မြေး အစဉ်အဆက် အခွန်လွှတ်စေဟု ထပ်၍ အမိန့်ချသည်။ ဤတွင် မှတ်သားဖွယ် အချက်များမှာ (၁) သာသနာမြေမှ မင်းသည် အခွန်မခံရ (၂) ခံမိလျှင် ရဟန်းတို့က အပြင်းအထန်ကန့်ကွက်၏ (၃) ဤနည်းဖြင့် မင်း၏ဘဏ္ဍာ ဆုတ်ယုတ်ခြင်းဖြစ်ရသဖြင့် နောင်မြေကို လှူလျှင် မင်းကို ကြိုတင်ပန်ကြား၍ ခွင့်တောင်းရသည်ဟူသော အလေ့ကို ပုဂံခေတ် နောက်ပိုင်းတွင် တွေ့ရပါသည်။ ထို့ပြင် အထက်က ဖေါ်ပြဘူးသည့်အတိုင်း သာသနာမြေဟု အထောက်အထားမခိုင်လုံလျှင် မင်းက ထိုမြေကိုသိမ်းယူရန်ပင် ကျိုးစားဘူး၏။ သာသနာမြေ များပြားလာခြင်းမှာ တိုင်းပြည်၏ စီးပွားရေးတွင် ပြဿနာတရပ် ဖြစ်လာဟန် ရှိပါသည်။ ပြဿနာကို ရှင်းရန် **ကလစွာ**မင်းသည် အေဒီ ၁၂၃၅-ခုကတကြိမ်(ပုံ ၉၀)၊၁၂၄၅-ခုကတကြိမ်(ပုံ ၂၃၁ ခ)ကျိုးစားဘူး၏၊ မအောင်မြင်ချေ။ **ဥစ္စနာ**မင်းလည်း ၁၂၅၅-ခုတွင် ကျိုးစားပြန်၏၊ မဖြစ်မြောက်သည့်အပြင် ရဟန်းတို့ ကန့်ကွက်လာကြပြန်သဖြင့် မင်းဖြစ်သော **တရုက်ပြေယ်**က မင်းဖြစ်စ ၁၂၅၆-မှာပင်—

> ရတနာသုံပါသော မ္လိလ်ကာ ငါမ္လိလ်သိုဝ်ဆံခြည်တာတန်လျှင် အဝင်စိယ် ငါတိုဝ်မ္လိယ် ကာရတနာသုံပါသော မ္လိယ်သိုဝ် ဝင်သကာ မထိယ်ပစ်သ္ခိတိုဝ် မ္လိယ်ခြာနင်အမြွယ် အမြဲ တိုင်ဆောက်ပါလိယ်(ပုံ ၂၉၆/၁၃-၁၆)

ဟု အမတ်ဖြစ်သော ယောက္ခမ သရိယ်ကို အမိန့်ပေး၏။ ဆိုလိုသည်မှာ မင်း မြေသည် မှားယွင်းသဖြင့် သာသနာမြေတွင် ပါ၍ သွားသော်လည်း အရေးမဟုတ်၊ သာသနာမြေကား မင်းမြေတွင် တဆံခြည်မျှ မပါစေရအောင် ဂရုပြု၍ နယ်ခြားတိုင်စိုက်မည်ဟု မင်းသစ်က မိမိ၏ဝါဒကို ကြေညာခြင်းပင် ဖြစ်ပါသည်။ စင်စစ်အားဖြင့် မင်းနှင့် ရဟန်း အားပြိုင်ကြစဉ် မင်းက ရှုံးကြောင်း စကားလှလှဖြင့် ဝန်ခံခြင်းပင် ဖြစ်သည်။ နိုင်ငံတော်၏ အခွန်မှုရသော ဝင်ငွေဖက်က ကြည့်လျှင် နစ်နာသည်။

သာသနာမြေကအခွန်မရသည်သာမက သာသနာ၏အထောက်အပံ့သာ ဖြစ်စေတော့ဟု ရည်ရွယ်ရင်း ရှိသဖြင့် နိုင်ငံ၏စီးပွားရေးနှင့် မပတ်သက်တော့ဟု ယူဆရမည်ကဲ့သို့ရှိရာ သာသနာမြေတိုးသည်နှင့် အမျှ တဖက်စီးပွားရေး ကျဆင်းပေမည်လောဟု စိုးရိမ်ရန်ကား ရှိမည်မထင်ချေ။ အဘယ့်ကြောင့် ဆိုသော် သာသနာမြေဟု အမည်သာပြောင်းသော်လည်း စိုက်မြဲစိုက်၍ ထွက်ကုန်ကို ရောင်းဝယ်မြဲ ရောင်းဝယ်သည်ဟု သိရပြန်သောကြောင့် နိုင်ငံ၏ထွက်ကုန်ထုထယ်စွမ်းအားတွင် လျော့နဲ၍ မသွားဟု ယူဆနိုင်ပါသည်။

ပုဂံခေတ်၏စီးပွားရေးကို လေ့လာရာ၌ အားကိုးလောက်သော အထောက်အထားမှာ သာသနာတွင် လှူသော မြေအကြောင်းကို ကျောက်စာ၌ တွေ့ရသမျှသာ ဖြစ်ခြင်းကြောင့် သာသနာမြေမှ ထွက်ကုန်ပစ္စည်းများကို ပြောပြခြင်းဖြင့်ရင်း၊ ဘုရားတွင် တင်လှူသော လှူဘွယ်ဖြစ်သည့် ကောက်ပဲ သီးနှံ စသည်တို့ကို စာရင်းလုပ်ခြင်းဖြင့်ရင်း၊ ပုဂံခေတ်၏ လယ်ယာကိုင်း ဥယျာဉ်တို့၏ ထွက်ကုန်ကို သိရပါမည်။ ထို့ကြောင့် ပထမအားဖြင့် ပုဂံမြို့ အာနန္ဒာအရှေ့ မောင်ချစ်စကုန်းမှရသော မြေပုံဘုရား များ၏ နောက်ကျော၌ ရေးသားပါရှိသည့် သီးနှံစာရင်းကို ကျောက်စာများမှ ရသော သီးနှံအမည် များနှင့် ဖြည့်စွက်လိုက်သောအခါ အောက်ပါစာရင်းကို ရပါသည်။

## ပုဂံခေတ် အပင် အသီး စာရင်း

(မြေပုံဘုရားများမှရသော အမည်တွင် ထပ်ဖြည့်ကို ☆ နှင့် ပြထားသည်)

ဣပ်မှူယ် (ပျဉ်မ)
ဦရေစ် (ဥသျှစ်)
ဦန် (အုန်း)
အောင်မညိဝ် (အောက်မဲညို)
☆ ကသွန် (ကြက်သွန်ဖြူ)
ကုလာပါယ် (ကုလားပဲ)
ကမ်ပေါန် (ကင်ပွန်း)
ကန်ချောဝ် (ကန်ချုပ်)
က္လေညာ်ဖူရုံ (ကျောက်ဖရုံ)
က္လီမျင်
က္လိတ် (ကျိတ်)
ကြ (ကြာ)
ကြာလိုဝ် (ဝါး)
ကြက်ကြူန် (ကြက်ရိုး)
ကြအ်တ္လျု (ကြဇု)
ကြမ် (ကြံ)

☆ ကြိမ်
ကွမ် (ကွမ်း)
ခပေါင်း (ခပေါင်း)
ခရမ် (ခရမ်း)
ခိရှာ (ခရုး)
ခေင် (ချင်း)
☆ ငြုပ် (ငရုက်ကောင်း)
ငှာက်ပျောဝ် (ငှက်ပျော)
စပါ (စပါး)
စရိဝ်
စာမ်ကာ (စံကား)
စိမုနက် (စမုန်နက်)
စိမုကြိ (စမုန်ကြီး)
ဆိဖုဟ် (ဆိတ်ဖလူး)
ဆနှ်
☆ ဆပ်
ဆပ်သွာ (ဆပ်သွား)
ညှိဝ်ပါန် (မညှိုးလုံး)
တလေည် (သလဲ)
တိ (တည်)
တန်စိကူ (စန္ဒကူး)
တာန်စုလျာန်
☆ ထန် (ထန်း)
ထာန်ရျက် (ထန်းလျက်)
နှမ် (နှမ်း)
ပါန်ပူယ် (ဗန့်ဘွေး)
ပါယ်ကြိ (ပဲကြီး)
ပါယ်လွမ် (ပဲလွန်း)
ပုန်ညက် (ပုန်းညက်)
ပိယ် (ပေ)
ပျာနောယ် (နွယ်ချို)
☆ ပွ္လောင် (ပြောင်း)
ဖလာ (ဖာလာ)

ဖိတ်ချင် (ပိတ်ချင်း)
ဘိတ်တိကိယ် (သဘော်သီး)
မထုန်သရာ (စပျစ်)
☆ မင်ဂွည် (မန်ကျည်း)
☆ မုန် (ပိန္နဲ)
မုန်ညင် (မုန့်ညင်း)
☆ မူယဝ် (မုယောစပါး)
မူရိဝ် (မုရိုး)
☆ မှာန်ရှင်
ယသဂ္ဂ္လေည် (ရေသူကြီး)
ရင်မာ (ယင်းမာ)
ရာယ်ရိယ် (ရဲယို)
ရှောက်
☆ လူ (လူး)
လက်ထုတ်
☆ လက်ပံ
သာနိဝ်ခွယ် (ကံ့ကော်)
သိပြိယ် (သပြေ)
သိခွာ (သခွား)
သိအ်တွောတ် (သဒ္ဒတ်)
☆ သိဖန် (သဖန်း)
☆ သိတွယ် (သဒ္ဒေး)
သိရျက် (သရက်)
☆ သစ်ငယ် (သက်ကယ်)
သေစ်ဆိ (သစ်ဆိမ့်)
☆ သန်ပေါင်
☆ သံပရာ
ဟိန်ကိဝ် (ရှိန်းခို)

အထက်ဖေါ်ပြပါ စာရင်းအရ ပုဂံခေတ်ကသည်း ယနေ့ မြန်မာနိုင်ငံမှာကဲ့သို့ပင် သီးပင် ပွင့်ပင် အတန်ငယ်ပြည့်စုံကြောင်း သိနိုင်ပါသည်။ ယနေ့ မြန်မာတို့ စားသောက်ပွဲတွင် မပါမဖြစ်သော ကြက်သွန်နီ၊ ငရုပ်သီး၊ အာလူးနှင့် မုံလာတို့ မပါသည်ကို သတိပြုရာ၏။ ဆေးလိပ်သောက်သော ဆေးလည်း မရှိချေ။ ခမြဆေးအိုးရှိနေခြင်းကြောင့် သောက်ရန် ဆေးလို အရွက်တမျိုး ရှိရာ၏။ ထိုသီးပင် ပွင့်ပင်များကို စိုက်ပျိုးရန် ဥယင်၊ ကိုင်၊ ရျာ၊ မုရျင်လယ် နှင့် သန်လယ်ဟူ၍ ရှိ၏။ ယင်းတို့ကို တခုစီ လေ့လာရပါမည်။

ဥယင် (ဥယျာဉ်) ဟူသည် နှစ်ရှည်စိမံကိန်းနှင့် စိုက်ပျိုးရသော မြေကွက်ဖြစ်၏။ များသော အားဖြင့် ရေကန်အနီးတွင် ဥယင်ရှိတတ်၍ စပါးစိုက်သောလယ်ထက် ကုန်းမြင့်သော်လည်းမြေအောက် ရေကို ကောင်းစွာရနိုင်သောနေရာ ဖြစ်ပါသည်။ ဥယင်တွင် အများဆုံးစိုက်တတ်သော အပင်ကား ကွမ်းသီးပင်ဖြစ်၏။ အောက်မြန်မာနိုင်ငံမှ ဥယင် တခုတွင် ကွမ်းသီးပင် ၃၀၀၀ မျှရှိသည်ဟုကျောက် စာတခုက ဖေါ်ပြပါသည်။ (ပုံ ၁၁၁၊၄၂)။ ဥယင်တွင် အလုပ်သမားအဖြစ်ဖြင့် ကုလားအများကို သုံးစွဲဟန်ရှိ၏ (ပုံ ၇၆/၂)။ ကျောက်စာ များစွာ၌ ဥယင်၏ နယ် အပိုင်း အခြားကို တွေ့ရှိခြင်းဖြင့် မြန်မာနိုင်ငံ အနှံ့အပြားမှာပင် ဥယင် ရှိသည်ဟုသိရသည်။ သို့သော် ဥယင်၏ အကျယ်အဝန်းကို ပယ် နှင့်ဖွဲ့၍ပြခဲ့သဖြင့် ဥယင်၏ ဧရိယာအစုစုကို မှန်းရန် အလွန်ခဲခက်ပါသည်။ ကြအိုဝ်ခေါ် ပနန်ခရိန် မှ ဥယင်တခုမှာ ပယ် ၅၀ ရှိသည်ဟုဆို၏(ဓါတ်ပုံ ၁၅၃က/၁၇)။ထိုသို့ ပယ် ဖွဲ့၍ပြသော ဥယင် အစုစုမှာ ၁၄၃ပယ်မျှသာ ရသော်လည်း ကျောက်စာ၌ မကြာခဏ ဖေါ်ပြသော စိုက်ခင်းမျိုးဖြစ်၍ အစုစု ဧရိယာမှာ ထို့ထက်များစွာ ပိုမိုရမည်ဟု ခန့်မှန်းမိသည်။

ကိုင် (ကိုင်း) ဟူသည် ဟင်းသီးဟင်းရွက်စိုက်သော အခင်းဖြစ်၍ နှစ်စဉ်ရေလွှမ်းသဖြင့် ရေနစ် မြုပ်ရာ အရပ်၌ ရှိ၏။ အနီရုဒ္ဓ လက်ထက်မှဟု မှန်းဆသော မြေပုံဘုရားတို့မှ စာများအရ ပဲကြီး၊ ပဲလွန်းနှင့် ကုလားပဲဟူ၍ ပဲသုံးမျိုးစိုက်ကြောင်း သိရသည်။ ကျောက်ဖရုံ၊ သခွါး၊ မုန်ညင်း၊ ခရမ်း၊ သဒွေး၊ ကြက်သွန်ဖြူတို့လည်း စိုက်ပေမည်။ ယခုခေတ်တွင် ကိုင်း၌ စိုက်လေ့ရှိသော မြေပဲနှင့် ဆေးကို မတွေ့ရချေ။ ထိုအပင်များကို တဆယ့်ငါးရာစုအကုန်တွင် ကမ္ဘာသစ်မှ ကိုလမ်ဘတ်စ်တို့ယူလာသည် အထိ စောင့်ရချေဦးမည်။ ကိုင်းတကိုင်းကို လှူရာ၌ ပယ်ပေါင်း ၃၆၀၀ ရှိသည်ဟု ကျောက်စာတခု၌ တွေ့ရဘူး၏(ဓါတ်ပုံ ၃၉၃/၁၇)။ တွေ့ဘူးသမျှ ကျောက်စာတို့မှ ရသော သာသနာကို လှူသည့် ကိုင်းပယ်ကိုစုလျှင် ပယ်ပေါင်း ၅၆၀၀ မျှရှိ၏။

ရှာ ဟူသည်ရေရှားရာအရပ်၌စိုက်သော အခင်းကိုဆိုလို၍ လူး၊ ဆပ်၊ ပြောင်း၊ မုယောနှင့် နှမ်း လိုသီးပင်မျိုးကိုစိုက်၏။ နှမ်းကိုစားရန် ဆီအတွက်ငှင်း၊ မီးထွန်းရန် ဆီအတွက်ငှင်း စိုက်ပျိုးကြသည်။ ယခု ပုဂံဝန်းကျင်၌ နှမ်းခင်းများရှိသလိုပင် ရှေးကလည်း ရှိပေမည်။ ပုဂံခေတ်လောက်က ပုဂံ ဝန်း ကျင်၌ မိုးကောင်း၍ စိမ်းလန်းစိုပြေလေဟန် အရေးအပြော ရှိကြသည်ကို ယုံမှတ်ရန်မရှိ၊ ရခိုင်ရိုးမ၏ အရိပ်ထိုးသဖြင့် မိုးလွတ်သော အရပ်ဖြစ်သည်။ ရာသီဥတု အပြောင်းအလဲ မရှိဟူ၍ အထက်ကလည်း ရေးခဲ့ဘူးပြီ ဖြစ်သော်လည်း ယခု ထပ်၍ ရေးရပြန်သည်မှာ အချို့ဆရာတို့က ပုဂံဝန်းကျင်၌ စပါး စိုက်သော လယ် ရှိခဲ့ဘူးလေဟန် ယခုတိုင် ကြံဖန်ရေးသားကြသဖြင့် ထပ်ပြန်တလဲလဲ ဖြေရှင်း နေ ရခြင်းဖြစ်ပါသည်။ ဝါမှာ တဆယ့်လေးရာစုဦးတွင်မှ အိန္ဒိယမှ ရောက်လာဟန်ရှိသဖြင့် ပုဂံခေတ်က ဝါကွမ်းမရ၊ချဉ်ငင်၍ရက်ရန် လက်ပံမှရသော လဲသာရှိ၏။ ရှာ ၏ပမာဏကိုဖေါ်ပြရန် ခြင် ဟူသော ဝေါဟာရနှင့် ကန် ဟူသော ဝေါဟာရ နှစ်မျိုးကို သုံးကြောင်းတွေ့ရသည်။ စံပြရလျှင် ရှာ ၁ ခြင် (ဓါတ်ပုံ ၁၈/၅) နှင့် ရှာ တစ်ကာန် (ဓါတ်ပုံ ၁၂၈ ခ/၁၄) ဟူ၍ တွေ့ရ၏။ မည်မျှ အတိုင်းအရှည် ရှိသည်ဟုမပြောနိုင်ချေ။ ရှာ ၁ ခြင်နှင့် ၅ ကာန် ဟူ၍ တွေ့ရသဖြင့် ကန် သည် ခြင် ထက် ငယ်ဟန်ရှိ၏။ နမိုင် နှင့် တမိုင် ဟူ၍လည်း ရှိသည်။ တင်ခင် ဟူ၍လည်း ဖေါ်ပြကတ်၏။ သာသနာမြေ ဟူ၍

အေဒီ ၁၂၃၂ ခုနှစ်က လှူသော ယာတွင် အစုစုပယ် ၂၀၀၀ ရှိ၍ ထိုမြေတွင် တောမြေလည်းပါသည် ဆို၏။ တောကို ရှင်း၍ ယာလုပ်ရန် သဘောပါသည်။ ယာနှင့်တွဲဖက်၍ ကြည် (ခါတ်ပုံ ၂၀၃/၆) ဟု ရေးတတ်သဖြင့် ကုန်းမြင့် အတွင်းပိုင်း ဟူသော သဘောလည်း ရှိသည်။ တောင်ရာအခွေခ (ခါတ်ပုံ ၂၁၅ ခ/၁၇) ဟူသော အရေးမျိုးကလည်း အထက်ပါသဘောနှင့်ညီညွတ်ပါသည်။ ဥယင်တွင် ကွမ်းစိုက်မြဲဖြစ်သလို ရျာ၌ ထန်းစိုက်သည်။ ထန်းကိုကြဲကြဲစိုက်ထားလျှင် အကြား၌ ရာသီအလိုက် သီးပင်ငယ်များ စိုက်နိုင်သေး၏။ ပုဂံကျောက်စာ တွေ့ဘူးသမျှတွင် ရျာ ၏ အကျယ်လို ပယ်နှင့် ပေးသမျှစု၍ ကြည့်သောအခါ ပယ်ပေါင်း ၅၈၅၃ ရ၏။ ရျာ အမည်ခံသည့် မြေဆိုးတပိုင်း ဖြစ်နေသော မြေကွက်များလည်း ရှိပေမည်။

စပါးစိုက်ရန် လယ်နှစ်မျိုးရှိသည်။ မုရျင်လယ် နှင့် **သန်လယ်**ဟု ခွဲခြားရာ၌ မုတ်သုန်ကြောင့် မိုးရသည့် ဝဿန္တအခါကိုစွဲ၍ သန်ဟု လယ်တမျိုးကို ခေါ်ကြောင်း ဆက်စပ်၍ရလျှင် ကျန်တမျိုးမှာ ဆောင်းအခါ နိဝင်ဘာလန့်၌ စိုက်၍ မတ်လလန့်တွင် ရိပ်သိမ်းရသော မုရင်းစပါးနှင့် စပ်ဆိုင်သည့် လယ်မျိုး ဖြစ်မည်ဟု သိနိုင်ပါတော့သည်။ ကောက်ကြီးကို ဂျွန်လတွင် စိုက်၍ ဒီဇင်ဘာဦးတွင် ရိပ်သိမ်းရသောကြောင့် သက်တန်းရက်ပေါင်း ၁၇၀ မှ ၂၀၀အထိ ရှည်၏။ ကောက်လျှင်ခေါ် ကောက်ငယ်ကား သက်တန်းရက်ပေါင်း ၁၄၀ မှ ၁၅၀ အထိသာရှိသဖြင့် ဂျွန်လတွင်စိုက်လျှင် အောက်တိုဘာလအလယ် သို့မဟုတ် လကုန်လောက်၌ ရိပ်သိမ်းရ၏။ ယင်းနှစ်မျိုး စလုံးကို ပုဂံခေတ်ကလည်း စိုက်ပျိုးကြသည်ဟု ခန့်မှန်းနိုင်ပါသည်။ ပုဂံကျောက်စာတို့၌ ကောက်ညှင်းနှင့် ကန်သင်းဟူသော ဝေါဟာရများမတွေ့ရဘူးချေ။ မှတ်သားဖွယ် အချက်များ ဖြစ်ပါသည်။ မုရျင် နှင့် သန် နှစ်မျိုးစလုံးကို မကြာခဏ တွဲဖက်ဖော်ပြ၍ မြစ်ရိုးများနှင့်တကွ ခရိုန်များမှာလည်း ယင်းနှစ်မျိုးလုံးရှိသည်ဟု ယူဆဖွယ်ဖြစ်၍ မုရျင်က မြေရေိယာပို၍ များပြားဟန်ရှိ၏။ မုရျင် လယ်ကို ရေသွင်းရန်ခက်ခဲမည်ထင်သည်။ သို့သော် ကောက်ပင်အပျက်အစီးနဲမည်ဟုမှန်းဆရပါသည်။ အင်းများ၀န်းကျင်၌ မုရျင်လယ် ရှိတတ်၍ ကန်ဝန်းကျင်၌ သန် လယ်ရှိတတ်၏။ စပါးကို ပျိုးခင်း၌ ပျိုးပြီးမှ ပြောင်းယူ စိုက်ပျိုးခြင်းဖြစ်သည့် "ရွှေ့စိုက်နည်း" ( Transplantation )မှာ မျိုးကို လက်နှင့် ဆုတ်၍ လယ်ကွက်တွင် တခါတည်းဖြန့်ကြဲသည့် ( Broadcasting )ထက် များစွာ အဆင့်အတန်းမြင့်ရာ မြန်မာတို့ရွှေ့စိုက်နည်းကို တတ်ပြီးဖြစ်ပါသည်။ လယ်ကျက်၊ မ္လိယ်ကျက် ဟူသော ဝေါဟာရများကို မ္လိယ်နှင့် တဝ်မ္လိယ်ဟူသော ဝေါဟာရတို့နှင့် ဆန့်ကြင်ဖက်ထား၍ အသုံးအစွဲရှိခဲ့သဖြင့် နှစ်စဉ် ရိုးပြတ်ကို မီးရှို့မြဲ ဖြစ်သည်ဟုလည်း သိရပါသည်။

မုရျင်လယ် အများဆုံး လှူသည်ကိုကား အေဒီ ၁၂၈၉-ခုနှစ်က ကြုံရ၏။ (ဓာတ်ပုံ ၃၉၀) ပယ်ပေါင်း ၃၇၉၃ ပယ်ပါဝင်သော တနှစ်လျှင် စပါးအတင်း ၁၂၀၀၀ ထွက်သည့် မုရျင်လယ်ကို မိဖုရားစောက **သစ်မတီ** ကျောင်းတွင် လှူ၏။ ထိုမိဖုရားစောကား စောနစ်မင်း၏ မိဖုရား ဖြစ်ပါသည်။ စပါးအထွက်မှာ တပယ်လျှင် လေးတင်းမျှသာထွက်သဖြင့် အထွက်ညံ့သည်ဟု ဆိုရပါမည်။ သို့သော် ထိုခေတ်က လယ်မွန်ဟုခေါ်သော အကောင်းဆုံးလယ်ပင် တပယ်ကို စပါး ၁၀ တင်းမျှသာ ထွက်ကြောင်း (ဓါတ်ပုံ ၂၀၃/၃) သတိပြုရာ၏။ ပုဂံခေတ်က အစုစု ကုသိုလ်တွင် မုရျင်လယ်

၆၀၁၄-ပယ်နှင့် **သန်လယ်** ၁၁၀၂၇-ပယ်ရ၏။ အချို့ကျောက်စာ၌ တခုစီခွဲ၍ မပြသော်လည်း လယ် အစုစုမည်မျှဟု ပြောလေ့ရှိသေးရာ ယင်းသို့ နှစ်ခုပေါင်းကို ဖေါ်ပြသောလယ် အစုစု ၇၀၄၄-ပယ် ရ၏။ စပါးစိုက်သော လယ်ပယ်အားလုံးကို ပေါင်းလျှင် ၂၄၀၈၅-ပယ်ရပါသည်။ ထို့ကြောင့် ယနေ့ အထိ တွေ့ရသမျှသော ကျောက်စာများမှ ပေါင်းယူရရှိသော စိုက်ခင်းရေိယာမှာ—

| | |
|---|---|
| ဥယျာဉ် | ၁၄၃ ပယ် |
| ကိုင်း | ၅၆၀၀ ပယ် |
| ယာ | ၅၈၅၃ ပယ် |
| လယ် | ၂၄၀၈၅ ပယ် |
| စုစုပေါင်း | ၃၅၆၈၁ ပယ် |

ဖြစ်ပါသည်။ ဖတ်၍ရသော ကျောက်စာမှ ကောက်ယူသော စာရင်းဖြစ်ခြင်းကြောင့် အစစ်အမှန် စာ ရင်းမှာ ထိုထက်ပင်များရာ၏။ ဤတွင် အစိုးရ၌ အခွန်အခမရသော စိုက်ခင်းမြေမှာ ၃၅၆၈၁-ပယ် ဖြစ်၍ ကေဖွဲ့လျှင် ၆၃၁၅၅.၃၇ ကေရှိရာ မြေကေ အစုစု၏ ခြောက်သောင်းကျော်မှ အခွန်မရနိုင် သော အစိုးရသည် မည်သည့်အစိုးရဖြစ်စေ အလွန်နစ်နာလျက် မရလျှင် နေစေတော့ဟု သည်းခံနိုင် ခြင်းမှာလည်း လွန်စွာအံ့သြချီးမွမ်းဖွယ်ဖြစ်ပါသည်။စပါးစိုက်သောပယ်မှာ ၂၄၈၀၅-ပယ်ဖြစ်၍ကေ အားဖြင့် ၄၂၆၂၀.၄၅ ကေရှိ၏။ သာသနာမြေသည် အစုစုစိုက်ခင်း၏ သုံးပုံတပုံရှိသည်ဟု အကြမ်း မှတ်ယူလျှင် စပါးစိုက်ခင်း အားလုံး၏ ကေသည် ၁၂၇၈၆၁.၃၅-ကေ ဖြစ်လာပါသည်။မြန်မာနိုင်ငံ တခုလုံးကို အင်္ဂလိပ် သိမ်းယူပြီးနောက် ငြိမ်းချမ်းရေးရလျက် စပါးစိုက်ခင်း တိုးပွားစ ဖြစ်သော ၁၈၉၂-ခုနှစ်က စပါးစိုက်သော မြေကေမှာ ၅၀၈၆၀၀၀-ကေရှိရာ ယခုပုဂံခေတ်စပါးစိုက်သောမြေ ကေ ၁၂၇၀၀၀-ကေနှင့်စာလျှင် $\frac{၁}{၄၀}$ စိတ်ရှိကြောင်းတွေ့ရပေမည်။ မှန်းဆ၍ ကြည့်သာအောင် မြေ ကေများကို ဖေါ်ပြရသဖြင့် ထိုမြေကေများကို အခိုင်အမာ မယူသင့်ဟု ထပ်မံ သတိပေးလိုပါသည်။ သို့သော် မြန်မာတို့သည် မြန်မာနိုင်ငံ၏ မြေပြန့်တွင် ဝင်ရောက် နေထိုင်ပြီးနောက် စိုက်ပျိုးရေးကို မူတည်လျက် မြို့ရွာနိုင်ငံထူထောင်ကြရာ၌ အနှစ် နှစ်ရာ အတွင်းမှာပင် မြေကေ တသိန်းကျော် စပါး စိုက်လျက် ရှိပြီဟု သိရသည်မှာ ကောင်းစွာ တိုးတက်ကြီးပွားခြင်း၏ သက်သေခံချက်ပင် ဖြစ်ပါ တော့သည်။

မြန်မာတို့ နေ့စဉ်စားသောက်ရန် ကောက်ပဲသီးနှံ့အပြင် အမဲသားငါးလည်းရှိပါသည်။အသက် မွေးဝမ်းကျောင်းများကို ဖေါ်ပြသောအခါ၌ **အမယ်သည်** (အမဲသည်) **သာစိုဝ်** (သာစိုး) မုဆိုဝ် (မုဆိုး)၊ **ပိုက်သည်** သို့မဟုတ် **ကွန်သည်** (တံငါ) ဟူ၍ တွေ့ရသဖြင့် တံငါမုဆိုးလည်းရှိ၍ သားငါး ရောင်းဝယ်ကြသည်ဟုသိရ၏။ လူတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်များအကြောင်းကို သီးခြား ရေးပါမည်။ အချို့တံငါများအတွက် အင်းများရှိ၍ ပုစွန်(ဓါတ်ပုံ ၉၆/၁၃၊၁၉။ပုံ ၂၄၄/၂၃)နှင့် ငါးဖမ်းကြလျက် ငပိ (ဓါတ်ပုံ ၃၁၀ က/၂၁၊၃၅) လုပ်ကြ၏။ ထိုစဉ်ကလည်းယခုလိုပင် မြန်မာတို့၏ နေ့စဉ်အစားအစာတွင် ငပိမှာ အရေးပါသော စားဖွယ်တရပ် ဖြစ်ပါတော့သည်။

စိုက်ပျိုးရန် ကရိယာများကား တွန်း၊ပေါက်တူး၊ပုဆိန်နှင့် ခါက် (အဖျားနှစ်ခွရှိသောထုတ်တံ) တို့ဖြစ်၏။ "ထယ်" ဟူသော ဝေါဟာရကို ပုဂံကျောက်စာတို့၌ မတွေ့ရသဖြင့် ထယ်( Plough ) မရှိသေး။ ထွန် ( Harrow ) သာရှိသည်ဟု ပြောရမည်ကဲ့သို့ ရှိပါသည်။ စိုက်ပျိုးရေး ထွက်ကုန်ကို တင်၍ ရွှေ့ပြောင်းရန် လှည်း ရှိ၏။ ကျွဲ နွား မွေးမြူ၍ နွားနို့မှ ဖြစ်ပေါ်သော ထောပတ် အစရှိသည့် အစားမျိုးတို့ကို နှစ်သက်ကြပုံရ၏။ နွားကို နို့ညှစ်နွား၊ ထွန်နွား၊ လှည်းနွား ဟူ၍ ခွဲခြား ဖော်ပြပါသည်။ နွားကွက် မှာ နွားစားကျက်ဖြစ်၍ နွာထိန် အဖြစ်ဖြင့် အသက်မွေးသူ အများ ရှိကြောင်း သိရပါသည်။ ဝမ်းဘဲနှင့် ကြက်များ ရှိသော်လည်း ယခုခေတ်မှာလို တမျိုးတည်း အကြီးအကျယ် မွေးမြူခြင်း ပြုကြမည်မထင်ချေ။

ပုဂံခေတ်မြန်မာတို့တွင် ပိုက်ဆံအဖြစ် သုံးစရာ ဒင်္ဂါးမရှိချေ။ ကျောက်စာများ၌ ကုန်ခြင်း ဖလှယ်ပုံများကို တွေ့ရ၏။ မြေကို ကျွန်နှင့်၊ ဆင်နှင့်၊မြင်းနှင့်၊လှေနှင့်လဲကြောင်းတွေ့ရသည်။ သို့သော် သတ္တုတမျိုးမျိုးကို အလေးချိန်ဖြင့်ချိန်တွယ်၍ လဲလှယ်ရေးမဏ္ဍိုင်ပြုခါ ရောင်းဝယ်သည်လည်း ရှိ၏။ ငွေကို ကျပ်(ကျပ်)နှင့် ချိန်တွယ်၍ ခွက် ဟု ခေါ်သော ကြေးကို ပိသာ(ပိဿာ)လိုက် ချိန်တွယ်၍ သုံးသည်။ စင်စစ်အားဖြင့် ၄-မတ်ကို ၁-ကျပ်၊ ကျပ် ၁၀၀-လျှင် ၁-ပိဿာရှိသော ချိန်တွယ်နည်း ဖြစ်၏။ ပိဿာနှင့် ကျပ်ကြားတွင် ဗိုဟ် ဟူ၍ ရှိသေးရာ ၁၀-ကျပ် ၁-ဗိုဟ်၊ ၁၀-ဗိုဟ် ၁-ပိဿာဖြစ်မည်ထင်သည်။ သို့သော် "၄၇-ပိဿာ ၁၃-ဗိုဟ်" (ဓါတ်ပုံ ၈၀/၁၇-၁၈)ဟု တွေ့ရဘူးသဖြင့် ၁-ဗိုဟ်မှာ ၅-ကျပ်မျှရှိသော အလေးချိန် ဖြစ်နိုင်ပါသည်။ ရွှေသား၊ ခဲ့ငွေသား ဟူသော အသုံးများ ရှိသဖြင့် ငွေကိုချိန်တွယ်၍ သုံးသလို ရွှေကိုလည်းသုံးကြောင်းတွေ့ရ၏။ ရွှေနှင့် ငွေ တန်ဘိုးမှာ ၁-ဆ ၁၀-ဆ သို့မဟုတ် ၁-ဆ ၁၂-ဆဖြစ်မည်ထင်သည်။ ငွေ ၂-ကျပ်လျှင် ကြေး ၁-ပိဿာရ၏။

မြေယာ၏တန်ဘိုးကို ပြောရပေဦးမည်။ ခရိုန် ဒေသ၌ ဈေးကြီး၍ တိုက် အရပ်တွင် မြေဈေး ပေါသည်။စံပြုရလျှင် တပယင်းနယ်၌ တပယ်ကို တကျပ်နှင့်ဝယ်ယူနိုင်၏။ ခရိုန်တွင်ကား တပယ်လျှင် ကျပ် ၂၀-အထိ ဈေးရှိသည်။ ဥယျာဉ်များမှာ နှစ်ရှည်စိမ်ကိန်းနှင့် ကွမ်းသီးပင်များ စိုက်ပျိုးထားသောကြောင့် ဈေးကြီး၏။ တကောင်းမှ ဥယျာဉ်တခုကို တပယ်လျှင် ငွေ ၁၇၆-ကျပ်(ဓါတ်ပုံ၁၄၃ က/၁၈၊ခ/၁၅-၁၆)နှင့် အရောင်းအဝယ်ဖြစ်ကြောင်း တွေ့ရဘူးပါသည်။

ကျွန်အရောင်းအဝယ်တွင် ကျွန်တယောက်လျှင် ငွေ ၂၀-မှ ၂၅-ကျပ်အထိသော်၎င်း၊ကြေး ၅-ပိဿာမှ ပိဿာ ၂၀-အထိသော်၎င်း၊ စပါးအတင်း ၂၀-နှင့် ကြေး ၃-ပိဿာ ရေးရသည်ကို၎င်း တွေ့ရ၏။ဆင်တကောင်ကို ကျွန် ၅၀-မှ ၆၆-ယောက်အထိပေး၍ လဲသည်ကို၎င်း၊ မြင်းတကောင်ကို ကျွန် ၄၀၊ လှေတစင်းကို ကျွန်တယောက်နှင့်လဲသည်ကို၎င်း တွေ့ရ၏။

ပြာသတ်များနှင့် စလစ်ကျောင်းကြီးတဆောင် ဆောက်ရန် ငွေကျပ် ၇၅၀-မျှကုန်သောအခါ တွင် ပိဋ္ဋကတ်သုံးပုံကို ကူးယူခမှာ ငွေကျပ် ၂၀၀၀-ကုန်ကျ၏(ဓါတ်ပုံ ၁၆၄)။ စာရေးတတ်သူ နည်းသေးသဖြင့် စာကူးခ ကြီးဟန်တူသည်။

အချုပ်ကို ဆိုရသော် မြန်မာတို့သည် ခရိုန်နှင့် တိုက်တွင် အနေကျလျှင် စိုက်ပျိုးရေးကို ဆည်မြောင်းအားကိုးနှင့် စိုက်ကြ၏။ စိုက်ပျိုးခင်းနယ်မြေ ကျယ်ပြန့်သည်နှင့်အမျှ သာသနာမြေလည်း တိုးလာသဖြင့် သာသနာမြေမှ အခွန်အခမရသောကြောင့် မင်းနှင့် ရဟန်း ပဋိပက္ခဖြစ်ရ၏။ စိုက်ပျိုးသော ကောက်ပဲသီးနှံနှင့် လူတို့တွင် အသုံးဝင်သော သစ်ပင်အမျိုးအမည် အစုစု ၇၆-မျိုးခန့်ရ၏။ ယင်းတို့ကို ဥယျာဉ်၊ ကိုင်း ယာ၊ မုရင်းလယ်၊ သန်လယ်များ၌ စိုက်ကြသည်။ သာသနာမြေ ဖြစ်သော စိုက်ပျိုးခင်းဧက ခြောက်သောင်းကျော် ရှိသည်ဟု သိရ၏။ ယင်းမှဧက လေးသောင်းကျော်မှာ စပါးစိုက်၏။ အကယ်၍ သာသနာမြေသည် စိုက်ခင်းအစုစု၏သုံးချိုးတချိုး ရှိသည်ဆိုလျှင် အစုစု စပါးစိုက်ခင်းမှာ ဧက တသိန်း နှစ်သောင်းကျော် ရှိနိုင်၏။ မြန်မာနိုင်ငံကို အင်္ဂလိပ် သိမ်းပြီးစက စပါးစိုက်မြေ ဧက ငါးသန်းရှိသည်နှင့်စာလျှင် နဲသော်လည်း နိုင်ငံတည်ပြီး အနှစ်နှစ်ရာအတွင်း၌ ထူထောင်နိုင်သော မြေဧက ဖြစ်သောကြောင့် မည့်ဟု ဆိုနိုင်သည်။ လယ်တဧကကို စပါး ငါးတင်းမျှ ထွက်၏။ လယ်ယာနှင့် အသက်မွေးသူများအပြင် တံငါမုဆိုးနှင့်တကွ လက်မှုပညာသည် အများရှိ၏။ အရောင်းအဝယ်တွင် ကုန်ဖလှယ်ကြ၏။ သို့သော် ငွေတုံးကို ဖြက်ခါ ချိန်၍ သုံးစွဲ၏။ တန်ဘိုးများမှာ လယ် ၁-ပယ်(၁.၇၇.ဧက)ကို ငွေ ၁-ကျပ်၊ ကျွန်တယောက်ကို ငွေကျပ် ၂၀၊ ကျောင်းကြီးတဆောင် ဆောက်ရန် ငွေကျပ် ၇၅၀၊ ပိဋကတ်တစုံ ကူးခငွေ ၂၀၀၀-ပေးရသည်ဟု အကြမ်းသဘောရှိ၏။ ရွှေ ၁-ကျပ်ကို ငွေ ၁၂-ကျပ်ခန့်ပေးရ၍ ကြေးတပိဿကို ငွေ ၁-ကျပ်မျှဖြင့် ရယူနိုင်ကြောင်းကို သိရပါသည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း

LUCE, G. H. : "Economic Life of the Early Burman," *BRSFAP*, II, 323-76

THAN TUN : "Agriculture in Burma-A. D. 1000-1300," *University Teachers' Review*, I, ii, 1960-1, 33-6

မြ။ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းထုတော်၊ ပထမတွဲ၊ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၀

# ပုဂံခေတ် လူမှုရေး

**ထိလိုင်မင်**၏ ရွှေစည်းခုံကျောက်စာတွင် "အမျိုးလေးပါး"(ခ/၁၄)ဟု ဖော်ပြပါရှိသော်လည်း လူအများ ဟူ၍သာ အဓိပ္ပါယ် ကောက်ယူရပါသည်။ အမှန်စင်စစ်အားဖြင့် ကုလားများမှာကဲ့သို့ ဗြာဟ္မဏ၊ က္ခတြိယ (ခတ္တိယ)၊ ဝဲဂျ (ဝေဿ) နှင့် ဂုဒြ (သုဒ္ဒ) ဟူ၍ ဇာတ်လေးပါး မရှိချေ။ အုပ်ချုပ်သူ၊ အာဏာရှိသူများမှာ မင်(ပုံ၃/၂၄) မင်ကြီး (ပုံ ၂၄/၃) မင်ချင်(ပုံ ၂၅၇/၆၊၁၃) မင်စေ(ပုံ ၂၁၅ခ/၆) မင်နှမ(ပုံ ၇၃/၃) မင်ဖထုယ်(ပုံ ၉၀/၂၀) မင်ဖွာ(ပုံ ၁၂၆ခ/၂) မင်မျာ (ပုံ ၃၁/၂၁) မင်သမီ(ပုံ ၆၇/၁၃) မင်သာ (ပုံ ၃၁/၂၀) စစ်သာစိုင်သာ (ပုံ ၆၇/၂၃) စိုဝ်မင် (ပုံ ၁၃၃/၂၇) အမတျာ (ပုံ ၁၀ က/၁) နှင့် ဗိုလ်ပါ (ပုံ ၆/၁၂) တို့ဖြစ်သည်။ သို့သော် သာမန်လူတို့၏ အကြောင်းကို ပိုမိုအလေးဂရုပြု၍ ရှာဖွေဖော်ထုတ်ရန် လိုသည့်ပြင် အားကိုး အားထား ပြုရသော ကျောက်စာများ၌လည်း ဘုရား၊ ကျောင်းစသည်တို့၌ ကျွန်အဖြစ်ဖြင့် လှူလိုက်ခြင်း ခံရသူများ အကြောင်းကို ပိုမိုထင်ရှားအောင် ရေးသားသဖြင့် ကျွန်တို့၏ လူနေမှုကို ပို၍ သိနိုင်ပါသည်။ အမှန်အားဖြင့် မြန်မာဝေါဟာရတွင် ကျွန်တော်ဟု မိမိကိုယ်ကိုနှိမ်ချ၍ ပြောမြဲဖြစ်သဖြင့်၎င်း၊ လူတိုင်းကို "ရမ္မက်ကျွန်" (ပုံ ၁၀ က/၂၈) ဟု ယူဆထားသဖြင့်၎င်း၊ ကျွန်ဟု ခေါ်ခါမျှဖြင့် အခြားနိုင်ငံများမှ ကျွန်တို့နည်းတူ ပေါင်းသင်းဆက်ဆံရေးတွင် လူလွတ်နှင့် ကွာခြား၍ မသွားကြောင်း သတိပြုရာ၏။ တနည်းအားဖြင့်ဆိုသော် မင်းဖြစ်သူက တိုင်းသူပြည်သားကို ကျွန်ဟုယူဆထားသဖြင့် မင်းက ဘုရားတွင်လှူလျှင် မင်းကျွန်ဘဝမှ ဘုရားကျွန်ဘဝသို့ ရောက်သွားခြင်းသာဖြစ်ရကား ပိုင်ရှင်ပြောင်းခြင်းမျှဖြစ်၍ ယခုခေတ် ယူဆသလို လူမှုဆက်ဆံရေးအဆင့် လျှော့နဲခြင်းမရှိချေ။ ထိုပြင် မင်း၏အပေါ်၌ အခြား တိုင်းသူ ပြည်သားတို့ ထားမြဲသစ္စာကိုလည်း ဆက်လက် စောင့်သိရိုသေရမည်။ အုပ်ချုပ်သူများ အဝင်အပါ တရွာလုံး ဘုရားတွင်လှူသော သာဓကအများရှိ၍ အလှူခံရသောရွာတွင် နေသူတို့၌ နေ့စဉ် နေထိုင် စားသောက်ရေးနှင့်တကွ လူမှုအဆင့်အတန်း မည်သို့မျှ ပြောင်းလဲခြင်း မရှိဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် ဘုရားတွင်လှူသော ကျွန်တို့အကြောင်းကို သိလျှင် ပုဂံခေတ်၏ လူနေမှုစနစ်ကို သိနိုင်သည်ဟု ယူဆ၏။ အောက်တွင် ဖော်ပြသည့် အချက်အလက်များမှာလည်း ကျွန်တို့အကြောင်း လေ့လာရာမှ ပေါ်လာသော ပုဂံခေတ် လူမှုရေးပင် ဖြစ်ပါသည်။

ပုဂံခေတ်က ခရိုန်နှင့် တိုက်များတွင် နေထိုင်သူများမှာ လူမျိုးအရ မြန်မာအများဆုံးဖြစ်ပါသည်။ မွန်က ယင်းတို့ကို မိရ်မ (မြန်မာကျောက်စာပေါင်းချုပ်၊ အတွဲ ၃၊ အပိုင်း ၁၊၁၁ ခ/၄၂)ဟုခေါ်၏။ မြန်မာကျောက်စာတွင် မြန်မာဟူသောဝေါဟာရကို အစောဆုံးတွေ့ရသည်မှာ အေဒီ ၁၁၉၀ ပြည့်နှစ်ကဖြစ်ပါသည် (ပုံ ၁၀ က/၂၀)။ အေဒီ ၁၃၃၂ ခန့်တွင် မြံမာ (ပုံ ၄၄၆ခနှင့်ပုံ ၄၆၉ က/၂)ဟု သတ်ပုံပြောင်း၍ ရေးလာပါသည်။ သို့သော် မြန်မာပြည်ဟု စတင်ရေးသားသည်မှာ အေဒီ ၁၂၃၅ ခု

ကစ၏ (ပုံ ၈၇/၁)။ ထိုပြည်ကား လောလောပူသောအရပ်ဟု အဓိပ္ပါယ်ရသည့် တတ္တဒေသ ပင်ဖြစ်ပါသည်။ နောက်တမျိုးကား ပျူဖြစ်၏။ တရုတ်က ယင်းတို့ကို ဖျောက် ဟု ခေါ်၍ မွန်က တိရ်စုလ်ဟုခေါ်ကြောင်း ဖေါ်ပြပြီးဖြစ်ပါသည်။ မြန်မာနှင့် အနေရောရ၍ မူလကလည်း အနွယ်တူသောကြောင့် မျှားမကြာမီ မြန်မာဆန်၍ မြန်မာဖက်သို့ ပါလျက် ပုဂံခေတ်ကပင် ပျူမျိုး ထိမ်ကောမတတ်ရှိမည်ဟုခန့်မှန်းပါသည်။ **သဝ်**၊ **ကန်တူ** နှင့် **သက်** မှာ အမျိုးတူဖြစ်၍ ပုဂံအနီး အရှေ့ဖက်တွင် **သက်စိုဝ်တောင်**ဟူ၍ ရှိသောကြောင့် **သက်** သည် ပုဂံခေတ်က မြန်မာနှင့် ရောနှောလျက်နေသည်ဟု ယူဆပါသည်။ မြန်မာတို့၏ **တိုက်** မြောက်စွန်းတွင် **သဝ်**နှင့် **ကန်တူ**တို့နေကြ၏။ စင်စစ်အားဖြင့် မူးမြစ်၏ အနောက်တွင်ရှိသော တပယင်းနယ်ကား **သဝ်** နယ်ဖြစ်၍ **ကန်တူ**ကို မူးအညာတွင် တွေ့ရချေမည်။ **သင်တွယ်ပြည်** (ပုံ ၂၇၁/၁၃) ဟူသည် ယခု တကောင်းအရပ်ဖြစ်၍ **ကန်တူ** တို့၏ ဗဟိုဌာနဟုထင်ပါသည်။ မြန်မာက ယင်းတို့ဒေသကို အနိရုဒ္ဓ လက်ထက်မှ စ၍ တိုက်ခိုက် သိမ်းသွင်းဟန်ရှိသော်လည်း အေဒီ ၁၂၂၈ ခုတွင် အပြီးတိုင်အုပ်စိုးမိသည်ဟုယူဆ၏ (ပုံ ၂၃၁ခ/၁)။ **ချင်**(ပုံ ၇၈ ခ/၃၂)နှင့် **ယဝ်**(ပုံ ၃၁/၁၂)ဟူ၍ ပုဂံခေတ်က ကျောက်စာတို့၌တွေ့သော်လည်း လူမျိုးထက် ဒေသကို ညွှန်းသော စကားများ ဖြစ်မည်ဟု ထင်ပါသည်။ ရခိုင်ကျွန် (ပုံ ၃၅/၂၇)နှင့် ရခိုင် အလှူ့တကာ (ပုံ ၃၉၁/၂၉၊၃၇)ဟူ၍ တွေ့ရသောကြောင့် မြန်မာနယ်တွင် ရခိုင် များလည်း ရှိကြောင်း သိရ၏။ မြန်မာတို့နေသော **တိုက်**၏ တောင်ဖျားတွင် **စကြဝ်** (ပုံ ၁၃၇ခ/၁၅) တို့ရှိသည်။ မြန်မာတို့ ထံတွင် စစ်မှုထမ်းကြသည်ဟု ထင်စရာ အထောက်အထားများ (ပုံ ၁၂၆/၅၊၆၊၇) တွေ့ရ၏။ **တောင်သူ** (ပုံ ၃၉၂/၁၇)ဟူ၍ ကရင်များလည်းရှိသည်။ ရမေည် (**မြန်မာကျောက်စာပေါင်းချုပ်**၊အတွဲ ၃၊ အပိုင်း ၁၊ ကျောက်စာအမှတ် ၁၁ ခ/၁၄၊၄၂၊ဆ/၂၃၊ဇ/၁၂)ခေါ် **တန်လိုင်**(ပုံ ၂၇/၄)တို့ကား မြန်မာတို့ ယဉ်ကျေးမှု တည်ဆောက်ရာ၌ များစွာကူညီသူများ ဖြစ်ပါသည်။ **တန်လိုင်ရွာမ** (ပုံ ၂၀၅/၁၂၊၁၇) အပါအဝင် ခံမှုခရိုန်ကား စမုံနှင့် မြစ်ငယ်ဆုံရာတွင် ရှိပါသည်။ **ကြွမ်** (ပုံ ၁၀က/၂၄)မှာ ကမ္ဘောဇသားဖြစ်မည်ထင်၍ မြန်မာတို့ဒေသ၌ ပေါက်ရောက်နေထိုင်သူ အသင့်အတင့် ရှိနေမည်ဟု ထင်ရ၏။ ကြွမ်ငပုတက် ဆိုသူသည် မြန်မာမင်းတွင် ဝင်၍ အမှုထမ်းလျက် **နာတောင်မျာ** မင်းက ရဲဆုပင် ပေးဘူးကြောင်းသိရသည် (ပုံ ၁၈၆/၆၊ပုံ ၂၃၉/၁၂)။ လဝများသည် ယခု ကျောက်ဆည်နယ်ရှိ **သင်တွယ်** မြောင်း (ပုံ ၂၀ က/၂)၏ အနောက်ဖက် **သင်တောင်ခရိုန်** တွင် နေကြဟန်တူပါသည်။ **သျှမ်** (ပုံ ၁၁၀/၆) အမျိုးသားတို့မှာ မြန်မာတို့နှင့် အရောရော နေကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်စာရင်းများ၌ မကြာခဏပင် ထိုအမျိုးသားတို့ပါရှိနေကြောင်း တွေ့ရသောကြောင့်ဖြစ်ပါသည်။ **စိန်**(ပုံ ၂၁၆/၃၃)ခေါ် တရုတ်ကို အေဒီ ၁၂၆၆ ခုမှစ၍ ကျောက်စာများတွင် ရေးသားဖေါ်ပြသည်ကို တွေ့ရ၏။ **တရုက်** (ပုံ ၂၇၁/၃)မှာ မွန်ဂိုကို ဆိုလိုဟန်ရှိသည်။ **ကုလ** (ပုံ ၁၀ က/၁၉) ခေါ် အိန္ဒိယမှ ကုလား အမျိုးသားတို့ အမည်ကို ကျောက်စာများစွာ၌ တွေ့ရဘူး၏။ မြန်မာတို့ကို ယဉ်ကျေးမှုအရာတွင် နည်းများစွာ ပေးရသူတို့ဖြစ်ပါသည်။ အထင်ရှားဆုံး စံပြကား အုတ်နှင့်ဆောက်သောကျောင်းကို ပုဂံခေတ် မြန်မာက **ကုလာကွောင်** (ပုံ ၆၄/၆) ခေါ်မြဲ ဖြစ်သည်။ အမည်တွင် ကုလာပုံ၊ ကုလားနည်း၊ ကုလားဆရာတို့ ဆောက်ပေးသည် ဟူသော သဘောပါနေ၏။ ကျွန်မှာလည်း မြန်မာကလွဲလျှင် ကုလားအများဆုံးဖြစ်ပါသည်။ ဤသည်တို့ကား ပုဂံခေတ်တွင် ရှိနေသော လူမျိုး အမည်များဖြစ်၏။ ထိုမှတဆင့်တက်၍ တအိမ်ထောင်စီ နေထိုင်ကြပုံကို လေ့လာကြပါမည်။

လူမှုအဖွဲ့အစည်းတွင် ထိုအခါကလည်း အမိအဖနှင့် သားသမီး တအုပ်ဖြစ်သော **ဣမ်ထောင်** (ပုံ ၇၃)သည် အရေးပါဆုံး အဖွဲ့အစည်းပင် ဖြစ်၏။ သွေးသားတော်စပ်ခြင်းကို ပြရန် **အဆုယ် အမ္လိုဝ်**(ပုံ ၁၃/၂၀)နှင့် **အဆုတ်အဝါ**(ပုံ ၃/၁၇)ဟူသော ဝေါဟာရများကို သုံး၏။ **ဆုယ်မ္လိုဝ်** (ပုံ ၄၄ က/၁၄)သို့မဟုတ် **ပေါက်ပေါ**(ပုံ ၃၆/၁၂)ဟူ၍လည်း ခေါ်သည်။ **အာဗေပ်အဖိုဝ်**(ပုံ ၆/၂၃)ဟူသည် အဖေးအဖိုးကို ဆိုလို၏။ **ခမည်**(ပုံ ၉၀/၁၉)ကား မိမိကို မွေးပေသော **အာမိအာဖ** (ပုံ ၆/၂၃)တွင် အဖကို ခေါ်ခြင်းဖြစ်ပါသည်။ ကြင်ဖော် ကြင်ဖက်တစုံနှင့် သားသမီးတို့ကို **လင်မိယာသစုမ်**(ပုံ ၄၁၇/၁၄)ဟု ခေါ်လေ့ရှိ၏။ ကြင်ဖက်တတွဲကိုကား **မောင်နှံ**(ပုံ ၈၀/၁)သို့မဟုတ် **မျောက်သာ**(ပုံ ၄၂/၃၀)သို့မဟုတ် **ခင်ပွန်**(ပုံ ၁၄/၇)ဟု ခေါ်မြဲတည်း။ ထိမ်းမြားခြင်းကြောင့် စပ်သွယ်၍တော်သောအမျိုးကို **ယောက္ခမ**(ပုံ၁၉၇/၁၃)**ယောက်ဖ**(ပုံ၂၀၅/၂၇)**မတ်**(ပုံ ၁၄၄/၇) **သမက်**(ပုံ ၁၂/၁၂)**ခြုယ်မ**(ပုံ ၂၆၅/၃၇)**နှောင်အမိ**(ပုံ ၅၆ ခ/၄)ဟူ၍ ခေါ်ကြ၏။ အမိ၏အကို ကြီးကို **အရိ**(ပုံ၇၄/၃၅)သို့မဟုတ် **ဥရိ**(ပုံ၅၉၇/၁၁)ဟုခေါ်၍ အမိ၏အမကို **အတဝ်**(ပုံ ၂၁၄/၆) ဟု ခေါ်သည်။သို့သော် ပို၍ထင်ရှားသိသာအောင် အမိ၏အစ်မကို **မိကြီး**(ပုံ ၃၈၄/၁၅)ဟု ခေါ်၍ အမိ၏ညီမကို **မိထုယ်**(ပုံ ၁၈၁/၂)ဟုခေါ်လေ့ရှိကြ၏။ထို့အတူ အဖ၏အစ်ကို **ဖကြီ**(ပုံ ၃၈၆/၃၁) ဖြစ်၍ အဖ၏ညီမှာ **ဖထုယ်**(ပုံ ၅၉၄/၁၁)ဖြစ်ပါသည်။ချစ်စွာသော ဇနီးကို **ပယ်မယာ**(ပုံ ၃/၁၃)သို့ မဟုတ် **မယာဖ္လိုဝ်**(ပုံ ၁၃၄ ခ/၉)ဟု ခေါ်မည် ထင်၏။ **မိယာငယ်**(ပုံ ၇/၁၂)နှင့် **ကိုဝ်လုပ်** (ပုံ ၁၄၀ ခ/၁၅)ဟူသော ဝေါဟာရတို့လည်းရှိနေသဖြင့် မယား အများယူနိုင်ခွင့်ရှိသည်ဟူ၍ ရဲရဲ ပြောဝံ့ပါသည်။ **သာ**(ပုံ ၁၈၀/၈)ဟူသောအခေါ်မှာ သားယောကျ်ားရော သားမိန်းမကိုပါ ဆိုလို ရင်းရှိသော်လည်း သားမိန်းမကို **သာမိ**(ပုံ ၁၀ ခ/၅)သို့မဟုတ် **သမီ**(ပုံ ၃၇၆/၉)ဟု ခေါ်မြဲ ဖြစ် သောကြောင့် **သာ** ဟုခေါ်လျှင် သား ယောကျ်ားကို ဆိုလို၏။ ငယ်စွာသော ကလေးကို **နိုဝ်စိုဝ်** (ပုံ ၂၂/၉)ဟု ခေါ်သဖြင့် နိုဝ်ခိုဝ်(ပုံ ၆၈/၁၆)မှာ သားအရင်းမဟုတ်သော်လည်း နို့တိုက်၍ မွေး ရသော မွေးစားသားပင် ဖြစ်ပေမည်။ မိန်းခလေးတဦး၏ သားချင်းများကား အထက် **အစ်မ**(ပုံ ၁၉၉/၈)နှင့် **အစ်ကိုဝ်**(ပုံ ၉ ခ/၇)တို့ဖြစ်၍ အောက် **ငီမ**(ပုံ ၃၇၆/၇)နှင့် **မောင်**(ပုံ ၃၇၆/၁၀) တို့ဖြစ်၏။ ယောကျ်ားလေးတဦး၏ သားချင်းများကို **နောင်** ဟု ခေါ်၍ အကြီးကို **အစ်ကိုဝ်**၊ အငယ် ကို **ငီ**(ပုံ ၃၇၆/၅)သို့ဟုတ် **နောင်ငဲ**(ပုံ ၆၇/၂၊၉)ဟု ခေါ်လေ့ရှိသည့်ပြင် နှမအကြီးကို **အစ်မ** ခေါ် နှမအငယ်ကိုသာ **နှမ**(ပုံ ၃၇၆/၁၀)ဟူ၍ ခေါ်ပါသည်။ မုဆိုးမကို **ကမယ်**(ပုံ ၄/၇)ဟု မွန်ဝေါဟာရကို ယူ၍ ခေါ်သည်။ အဆိုပါ အခေါ်အဝေါ်များကပင် ရှေးမြန်မာတို့လည်း ယခု မြန်မာများလိုပင် ခိုင်ခန့်သော လူမှု အဖွဲ့အစည်း ရှိနေကြောင်း ထင်ရှားလှပါသည်။ အိမ်ထောင် ဦးစီးတို့၏ နေ့စဉ် လုပ်ကိုင်သော အသက်မွေး ဝမ်းကျောင်းများကို လေ့လာလျှင် ထိုခေတ် လူမှု အဆင့်အတန်းများကို သိနိုင်ပေမည်။

အသက်မွေးဝမ်းကျောင်းကို အလွယ်အားဖြင့် ငါးမျိုး ခွဲနိုင်၏။ ပထမမျိုးကား နွားထိမ်း အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ပုဂ္ဂိုလ်များ ဖြစ်၏။ ဒုတိယမျိုးမှာ ထမင်းချက် အပါအဝင် အစား အသောက်နှင့် စပ်ဆိုင်သူများ ဖြစ်၏။ တတိယမျိုးတွင် လက်မှုပညာသည်တို့ ပါ၏။ စတုတ္ထမျိုးတွင် သဘင်သည်တို့ ပါ၏။ ပဥ္စမကား အထွေထွေဖြစ်ပါသည်။

စိုက်ပျိုးရေးဆိုင်ရာတွင် **လယ်သည်**(ပုံ ၁၉၃/၂၆)သို့မဟုတ် **လယ်သူ**(ပုံ ၁၁၀/၇)တို့ကား ယခုခေတ်လယ်သမားကို ခေါ်ဟန်ရှိ၏။ **လယ်ဥယင်စောင့်**(ပုံ ၇၅ က/၃၃)ဟူ၍ အစောင့်သတ်သတ်ရှိသည်။ ကောက်စိုက်သူကို **စပါစိုက်**(ပုံ ၁၇၅/၂)ခေါ်၏။ ဥယျာဉ်တွင် **ဥယင်သည်**(ပုံ ၇၆/၂) ရှိသည်။ ကျွဲ နွား ကြက် ဘဲ မွေးသူတို့ကား **နွာထိန်**(ပုံ ၁၃၈/၁၃)၊ **ကွလ္ဘယ်ထိန်**(ပုံ ၇၃/၄၇)၊ **ဆိတ်ထိန်**(ပုံ ၁၅၃ က/၁၉)၊**ဆင်ထိန်**(ပုံ ၇၆/၂၃)နှင့် **ဝမ်ပယ်ထိန်**(ပုံ ၁၈၃/၁၂)ဟူ၍ ရှိကြောင်း တွေ့ရပါသည်။ မိဖုရားစောက အေဒီ ၁၂၉၉-ခုတွင် မိမိဘုရားတွင် လှူသောကျွန် ငါလျောင်ကား **နွာကျောင်စွ**(ပုံ ၃၉၀/၃၃)တည်း နွားကျောင်းသူကိုပင် တော်ကြောင်း ရွေးနုတ် ချီးမွမ်းသဖြင့် နွားထိန်းအလုပ်မှာ နှစ်သက်ဖွယ်အလုပ်ဖြစ်ကြောင်း သိရပါသည်။ ရှေးမြန်မာကျောက်စာများအရ ပုဂံခေတ်မြန်မာတို့သည် နိုဝ်သစ်၊ နိုဝ်ထံမ်၊ ရျက်တက်၊ ထဝ်ပိယ်၊ ထဝ်ပတ်(လပ်ဆပ်သော နို့၊ရက်ကျော်နို့၊ နို့ချဉ်၊ ထောပတ်အညှံ့နှင့် ထောပတ်အကောင်း) **အရသာငါပါ**(ပုံ ၂၃၅/၉)ကို ယခုခေတ်မြန်မာထက်ပို၍ နှစ်သက်ကြောင်း သိရ၏။ ထို့ကြောင့် **နိုဝ်ညှတ်နွာမ**(ပုံ ၁၃၄ က/၃)ကို များစွာ တန်ဘိုးထား၍ မွေးမည်ထင်ပါသည်။

အစားအသောက်နှင့်စပ်ဆိုင်သူများဆိုသည်မှာ ထမင်းချက်၊ အမဲသည်၊ နို့သည် စသည်တို့ပင်ဖြစ်၏။ ရှေးမြန်မာတို့က **ထမင်သည်**(ပုံ ၃၆/၁၆)နှင့် **ဟင်သည်**(ပုံ ၃၆/၁၈)ဟူ၍ ထမင်းချက်သူနှင့် ဟင်းချက်သူဟု တမျိုးစီခွဲ၍ ကွဲကွဲပြားပြား တာဝန်ပေးဟန် ရှိသည်။ အလွန်ကြီးသော ရဟန်းကျောင်းများတွင် စားသောက်ရေး တာဝန်ယူရသည့် အခါ၌ ထမင်းမျှချက်ရန်ပင် လူအမြောက်အမြားလိုမည် အမှန်ဖြစ်ပါသည်။ အိမ်ထောင်တခုအတွက်ကား **ဍာမ်ထမင်ချက်**(ပုံ ၁၁၀/၆)ဟူ၍ ရှိ၏။ အသားရောင်းသူကို **အမယ်သည်**(ပုံ ၃၉၁/၃၃)သို့မဟုတ် **မယ်သည်**(ပုံ ၁၅၃ က/၂၂)ဟု ခေါ်ပါသည်။ **သာစိုဝ်**(ပုံ ၃၆/၁၉)ဟူသည် သားကောင်များကို ထိန်းရသူဖြစ်၍ **မုဆိုဝ်**(ပုံ၇၁/၇) မှာ သားကောင်အရိုင်းကို ဖမ်းယူ အသက်မွေးသူဖြစ်၏။ ငါးဖမ်းသူများကို **ပိုက်သည်**(ပုံ ၇/၉)၊ **ကွန်သည်**(ပုံ ၂၆၇/၄)ဟု ခေါ်သည်။ အချို အဆိမ့် စားသောက်ဖွယ်အတွက် နွားနို့ရောင်းသည့် **နွားနိုဝ်သည်**(ပုံ ၃၆/၁၈)နှင့် ယနပျားရည်ရောင်းသည့် **ယနအ်ပျာသည်**(ပုံ ၃၆/၁၈)တို့ရှိပါသည်။ ကွမ်းစားသော အလေ့အလာများလျက် ရှိပြီဖြစ်သဖြင့် ကွမ်းနှင့်ဆိုင်သည့် အလုပ်လုပ်ရန် အထူးသီးသန့် အလုပ်သမားများ ရှိနိုင်၏ (**မြန်မာသုတေသနသင်း အနှစ်ငါးဆယ်မြောက် စာစောင်**၊ အတွဲ ၂၊ စာမျက်နှာ ၃၅၂၊ မှတ်စု ၆၄-ကြည့်)။ ထို့ကြောင့် **ကွံသည်** (ပုံ ၃၉/၁၃)၊ **ကွံတ်သည်**(ပုံ ၄၇၆/၁၃)၊ **ကွံသိဖည်သည်**(ပုံ ၂၂၉/၁၈)နှင့် **ကွံမွန်တာဝ်သည်**(ပုံ ၇၄/၂၈) တို့မှာ **ကွံယာ**(ပုံ ၁၃၉/၁၁)နှင့်စပ်ဆိုင်သော အလုပ်သမားများဖြစ်ကြသည်။

လက်မှုပညာသည်တို့ကား နေ့စဉ်သုံးပစ္စည်းနှင့် အထည်ရက်သူများအပြင် ယခုအခါ အများပြည်သူတို့ ချီးမွမ်းအံ့ဩလျက်ရှိရပါသော လှပကောင်းမွန်သည့် ပုဂံခေတ် အဆောက်အအုံများကို တည်ဆောက်သွားသူများဖြစ်ပါသည်။ ယင်းတို့မှာ **လက်သ္မာ**(ပုံ ၈၁/၁၂)ခေါ် ဆောက်လုပ်သူ၊ **တစည်သည်** ခေါ် သစ်ချောသူ(ပုံ ၁၀၂/၁၄)၊**ပုရန်** ခေါ် အုတ်အင်္ဂတေကိုင်သူ(ပုံ ၆၈/၂၂၊၉၇)၊ **ပန်ပွတ်** ခေါ် သစ်သားပန်းထွင်းသူ(ပုံ ၃၉၂/၁၉)၊ **တင်ကျတ်သည်** ခေါ် မျက်နှာကျက်ကိုအလှအပ မွန်းမံသူ(ပုံ ၁၉၄/၂၇)တို့နှင့်တကွ အုတ်ဖုတ်၍သွင်းသော **အုတ်သည်**(ပုံ ၅၉၄/၁၃)၊သံပစ္စည်းသွင်း

သော **ပန်ဖယ်** (ပုံ၆၇/၂၂)၊ ရုပ်ထုတော်လုပ်သော **အထုသည်** (ပုံ ၃၉၂/၁၁) သို့မဟုတ် **ပုဇွာသည်** (ပုံ၃၉၁/၃)ဟူ၍၎င်း၊ (ကာလကတ္တားပြတိုက်တွင် အေဒီ ၁၂၉၃ ခုက သွန်းလုပ်သော ဘီဂျီ ၂၃၂ အမှတ် တပ်ထားသည့် ကြေးထီးကဲ့သို့သော) ဘုရားဆင်းတု အပေါ်မှမိုးရန် ထီးလုပ်သည့် **ထိသည်** (ပုံ၁၄၇ ခ/၃)ဟူ၍၎င်း ရှိကြပါသည်။ အဆိုပါအဆောက်အအုံသုံးပစ္စည်းသွင်းသူ၊ ဆောက်သူနှင့် တင့်တယ်အောင် ချယ်လှယ်သူတို့ အလွန်အလုပ်များသည့်ခေတ် ဖြစ်ခြင်းကြောင့် ပုဂံခေတ်ကို စရပ် တန်ဆောင်း ကျောင်းကန်ဘုရား ဒါယကာများခေတ်ဟူ၍ တင်စားခါပင် ခေါ်လေ့ရှိကြပါသည်။ ရုပ်ထုရုပ်ပွါးတွင်၎င်း၊ လူတွင်၎င်း ရွှေ ငွေ စိန်ကျောက် ဆင်ယင်ရန် **မန်ထိန်** (ပုံ ၃/၂၂) ဟူ၍လည်း ရှိရသည်။ အိုးခွက်လုပ်ရန် **အိုဝ်ထိန်** (ပုံ ၃၉၂/၁၁)၊ **ကရသည်** (ပုံ ၂၁၆/၃၀)၊ **လင်ပါန်သည်** (ပုံ၁၆၄/၂၅)တို့ရှိ၏။ ဝတ်ရန်အထည်ဖြစ်မြောက်အောင် **ခြည်သည်**(ပုံ၃၉၁/၃၆)၊ **ခြာဝယ်သည်** (ပုံ ၃၉၃/၂၇)တို့က ခြည်မျှင်ထုတ်လုပ်၍၊ **ပုခြည်သည်** (ပုံ ၃၉၂/၃၀)နှင့် **ယန်သည်**(ပုံ၁၆၄/၁၂) တို့က ရက်လုပ်ရသည်။

သဘင်သည်တို့မှာ လူကြိုက်အများဆုံး ဖြစ်သော စည်နှင့်တကွ အခြားတူရိယာ သံစုံတီးသူ များနှင့် သီဆိုကခုံသူများဖြစ်ပါသည်။ အခြားသဘင်သည်တို့ထက် **စည်သည်** ခေါ် ပုံတီးသူ(ပုံ၉/၇) နှင့် **ပန်တျာ**ခေါ် သီဆိုကခုန်သူတို့က ပို၍များပြားကြောင်း တွေ့ရ၏။ သီဆိုရန် သက်သက်အတွက် **သိခြင်သည်** (ပုံ ၁၅/၁၂)နှင့် ကရန်သက်သက်အတွက် **ကမြိယ်သည်** (ပုံ ၁၅/၁၂) ဟူ၍ ရှိသေး၏။ လေမှုတ် တူရိယာမျိုးအတွက် **ခရာသည်** (ပုံ ၆၇/၂၂)၊ **ညှင်သည်** (ပုံ ၇၁/၂၁)၊ **နရည်ဇြခသည်** (ပုံ၁၃၇/၇) နှင့် **တပိုဝ်မှုတ်ရန်လူ** (ပုံ ၃၆၇ က/၅) တို့ဖြစ်သည်။ ကျိုးခတ် တူရိယာမျိုးအတွက် **စန္ဒြသည်** (ပုံ ၇၅/၉)၊ **စောင်သည်** (ပုံ ၂၆၅/၃၆) နှင့် **သရောသည်** (ပုံ ၃၇၇ က/၃) တို့ ရှိ၏။ သားရေတူရိယာမျိုးအတွက် **ပသာသည်** (ပုံ ၁၀ က/၇)နှင့် ကြေးတီးဝိုင်းအတွက် **ခွက်ခွင်သည်** (ပုံ ၁၇/၁၉)၊ **နောင်နင်သည်** (ပုံ ၃၆၇ က/၅)တို့ ရှိပါသည်။

အထွေထွေ လက်မှုပညာသည်တို့ အနေဖြင့် **ဥဖွယ်သည်** (ဆံထုံး ထုံးပေးသူ၊ ပုံ ၃၇၇/၃)၊ **ကသည်** (ကကြိုးထန်ဆာလုပ်သူ၊ ပုံ ၇၉ ခ/၇)၊ **ကုဟာသည်** (ခဝါ၊ ပုံ ၇၁/၁၇)၊ **ဆာသည်** (ဆား ချက်၊ ပုံ ၂၁၆/၃၃)၊ **ဆည်ဆုမ်သည်**(ဆီကြိတ်၊ ပုံ၄၁၇/၁၂)၊ **ထင်သည်** (ထင်းခွေ၊ ပုံ ၃၉၂/၁၂) **နဂါကြည်သည်** (?သံခြပ်လုပ်သူ၊ ပုံ ၄၂၁ ခ/၆၊ **ပိသည်** (ပေလုပ်၊ ပုံ ၇၉ ခ/၆)၊ **ဖတ္တာသည်** (ပုံ ၃၉၂/၉) သို့မဟုတ် **ဘန္ဒာသည်** (?ပစ္စည်းထိမ်း၊ ပုံ ၇၄/၁၅)၊ **မုဆိတ်ရိပ်** (ဆတ္တာ၊ ပုံ ၃၉၅/ ၃၀) **မ္လောင်မ္လဝိယ်သည်** (?မြောင်းတူး၊ ပုံ၄၂၃/၃၀) **ရိယ်သည်** (ရေထမ်း၊ ပုံ ၃၉၂/၂)၊ **လက်သည်** (ဝမ်းဆွဲ၊ ပုံ ၇၉ ခ/၇)၊ **လက်သည်ထိုဝ်** (ခြေသည်းလက်သည်းဖြတ်သူ၊ ပုံ ၇၉ ခ/၇)၊ **လှည်သည်** (လှည်းမောင်း၊ ပုံ ၃၉၂/၁၂)၊ **လှဝ်ကာသည်** (လှေသမား၊ ပုံ ၃၇၆/၄)၊ **သံကောက်သည်** (သော့လုပ်သူ၊ ပုံ၁၃၇/၃၂)၊ **သင်ရျင်သည်** (ဝေါထမ်း၊ ပုံ ၂၇၅/၁၇)တို့ ရှိပါသည်။ **စီစောင်** (ပုံ ၁၉ ခ/၁၀) သို့မဟုတ် **ကီစောင်** (ပုံ ၁၄၀ ခ/၁) ခေါ် **ကီသည်** (ပုံ ၃၉၁/၂၀)အမည်ရှိသည့် ကျီတော်စောင့်များမှာလည်း အရေးပါသော သူများ ဖြစ်ပါသည်။ စာတတ်သည့် သူဆင်းရဲတို့က **စာရိယ်** (ပုံ ၁၄၄/၆) သို့မဟုတ် **စာခ**ိ (ပုံ ၄၂/၂၇) ခေါ် စာရေးအဖြစ်ဖြင့် အသက်မွေးကြရ ပါသည်။ **ရကန်သည်** (ပုံ ၂၁၆/၃၃)မှာ ကဗျာဆရာနှင့် **အလယ်သည်** (ပုံ ၄၂၂/က၅)မှာ ပွဲ

စားဖြစ်အံ့လောဟု တွေးစရာရှိသည်။ ဤမျှ များပြားသော လက်မှုပညာသည်တို့ ရှိနေသဖြင့် သုံးစားရန် ပစ္စည်းများစွာကို တိုင်းတပါးမှ မှာယူရန်မလို၊ ပြည်တွင်း နယ်တွင်း ရွာတွင်းမှာပင် ဖြစ်အောင်လုပ်နိုင်ကြသည်ဟု ယူဆပါသည်။

အထက်က ဖေါ်ပြခဲ့သည့်အတိုင်း မြန်မာ့ ဓလေ့တွင် ကျွန် ဟု ခေါ်ရုံမျှဖြင့် အစေအပါး အလုပ်ကြမ်းသမား သက်သက် မဟုတ်ပါ၊ သာသနာတွင် အလုပ်အကြွေး ဖြစ်စေတော့ဟု မိမိကိုယ်ကိုပင် ကျွန်အဖြစ်ဖြင့် လှူသူ (ပုံ ၆/၁၀-၁၅)ရှိ၏။ မင်းဖြစ်သူက သားသမီးကို ကျွန်အဖြစ်ဖြင့် လှူဘူး၏၊ (ပုံ ၃၄/၁၀)။ ထိုမျှဖြင့် ကျွန်ဖြစ်သူသည် လူမှုအဆင့်အတန်း နိမ့်ကျ၍ မသွားနိုင်ကြောင်း သိရ၏။ သို့သော် ကျွန်တို့တွင် မိရိုးဖလာ ကျွန်ဖြစ်သူများ ရှိပါသည်။ အဆက်ဆက် ကျွန်ဖြစ်သူတို့ကို **သာစန်မှိုယ်စန်** (ပုံ ၁၆၄/၃၁) သို့မဟုတ် **သာဆက်မှိုယ်ဆက်** (ပုံ ၁၆၄/၃၂) ဟူ၍ ဖေါ်ပြလေ့ရှိသည်၊ ကျွန်အုပ်စုပေါ်လာ၍ ကျွန်မိမှမွေးသူကို **သပေါက်** (ပုံ ၁၀၂က/၁၂)ဟု ခေါ်ဟန်ရှိပါသည်။ တရွာလုံး ကျွန်ဖြစ်ကြလျှင် **ကျောန်ရွာလုံ** (ပုံ ၅၁/၈) ဟူ၍၎င်း ရဟန်း ကျောင်း၏ ဝေယျာဝစ္စလုပ်ရသူများနေသောရွာကို **ကွောင်ကျွန်ရွာ**(ပုံ ၁၂၇က/၃၊ ၄)ဟူ၍၎င်း ရဟန်းကျောင်းသို့ ဆွမ်းချက်၍ပို့ရသောရွာကို **ဝက်ခ္လက်ရွာ** (ပုံ ၂၁၅ခ/၁၈) ဟူ၍၎င်း ခေါ်ဝေါ် ကြသည်ကို တွေ့ရဘူးပါသည်။ နံမည်ကျော် ရာဇကုမာရ် ကျောက်စာတွင် **သက်** တို့၏ မုနလေ့ာန်ရွာ၊ ရပါယ်ရွာနှင့် ဟောန်ဗိုဝ် ရွာ (ပုံ ၃၆၄/၃၀-၂) အမည်ရှိသော ရွာ သုံးရွာ လုံးကို ကျွန်အဖြစ်ဖြင့် လှူကြောင်း တွေ့ရပါသည်။ ကျွန်ပိုင်ရှင်တို့က ကျွန်ကို အမွေဆက်ခံနိုင်သော ဝတ္ထုပစ္စည်း အပါအဝင်ဖြစ်သည်ဟု ယူဆကြ၏။ ထို့ပြင် ကျွန်ကို ရောင်းဝယ်နိုင်သည်ဟူ၍၎င်း၊ ကျွန်နှင့် ကြွေးဆပ်နိုင်သည်ဟူ၍၎င်း (ပုံ ၃၀၃/၁၅)ယူဆလျက် ကျွန်ကို သူပိုင်ငါပိုင် ညင်းခုံရင်း တရားတပေါင် ဖြစ်ကြသည် (ပုံ ၇၄/၈-၂၀)ကို တွေ့ရ၏။ နောင်အခါတွင် မညင်းခုံရအောင် ကျွန်၏ သခင် ပြောင်းလဲတိုင်း (ပုံ ၅၆ ခ/ ၆၉) တရားသူကြီး တို့ကို အသိအကြား ထား၍ စာရင်း တင်ခြင်း စာချုပ်ခြင်း (ပုံ ၇၇/၆၊ ၁၀)ပြုကြ၏။ **စည်သူ ၁ ၏ မောင်းမ ယပ်တဝ်သည်ချက်မ** ထံမှ တူဖြစ်သူ ငါ့ဥလျှောင်က ကျွန်တဆယ့်တစ်ယောက်ကိုရလျှင် **အမုယ်ကျွန်** (ပုံ ၇၅ က/၃) ဟု စာရင်းတင်၏။ သို့သော် အချို့ကျွန်စာရင်း၌ မည်သည့် ကျွန်များကား အမွေကျွန် မဟုတ်ဟု အတိအကျ ဖေါ်ပြသည်ကိုလည်း တွေ့ဘူးပါသည် (ပုံ ၇၀/၆-၈)။ အမွေကျွန်မဟုတ်လျှင် ဝယ်၍ရသောကျွန်၊ ကျွေးနှင့် ခုနှိမ်၍ရသောကျွန်၊ တရားအောင်၍ရသောကျွန် တမျိုးမျိုး ဖြစ်နို၏။ ကျွန်အရောင်းအဝယ် အမှန်ရှိသည်ဟု ယူဆရာ၏။

ဘုရားနှင့် ကျောင်း စသည်တို့၌ ကျွန်လှူသော မှတ်တမ်းတွင် ကျွန်၏ တန်ဘိုးကို ရေးသားဖေါ်ပြလေ့ရှိ၏ (ပုံ ၇၅ က/၃-၆)။ ကျွန်တယောက်ကို ငွေကျပ် ၃၀-ခန့် (ပုံ ၇၅ က/၅၇-၈)၊ သို့မဟုတ် ကြေးပိဿာ ၂၀ (ပုံ ၃၉၂/၁၁-၁၂)၊ သို့မဟုတ် စပါးအတင်း ၂၀ (ပုံ ၃၉၂/၃၀) ပေးရတတ်၏။ ကျွန် ၅၀ ကို ဆင်တကောင်နှင့်လဲသည် (ပုံ ၁၅၆/၃-၄) ကိုရင်း၊ အလွန်ကောင်းသော မြင်းတကောင်ကိုလိုသဖြင့် ကျွန်အယောက် ၃၀-ကိုပေးသည် (ပုံ ၉၄ ခ/၁၃)ကိုရင်း၊ လှေတစင်းနှင့် ကျွန်တယောက်လဲသည် (ပုံ ၇၅ က/ ၄၅-၆) ကိုရင်း၊ ကျွန်တယောက်နှင့် ကွမ်းသီးဆယ်ပင် တန်ဘိုး

အတူထား၍ဖလှယ်သည် (ပုံ ၁၇၅/၁၆၊၁၇)ကိုငင်း တွေ့ရဘူးပါသည်။ ကျွန်အဖြစ်မှ လွတ်မြောက်လိုသူတဦးသည် ကြေး ၅ ပိဿာပေး၍ မိမိကိုယ်ကိုမိမိ ရွေးနှုတ်သည် (ပုံ ၁၀၂က/၁၀၊၁၉)လည်းရှိ၏။ ကျေးမဆပ်နိုင်သဖြင့် ကျွန်ဖြစ်ရ သူကို ရွေးနှုတ်ရန် တန်ဘိုးကား သေးမည် မဟုတ်ချေ။ စာရေးရန် ပေရွက်ကိုပြုပြင်သည်ဟု ထင်ရသော ပိယ်သမ္မာ ငါတည့်သင် သည် အေဒီ ၁၂၂၇ ခုတွင် စီးပွားပျက်၍ ဒုက္ခရောက်လွန်းသဖြင့် အမတ် အနန္တသူ ထံ၌လာ၍ သားမယားနှင့်တကွ ကျွန်ခံရသည် (ပုံ ၇၉က/၁-၁၃)ကို တွေ့ရဘူးသည်။ စစ်သုံ့ ကိုကျွန်ပြုသည်လည်းရှိပေမည်။ သူပုန်မင်းသားတပါး၏ နောက်လိုက်နောက်ပါတို့ကို ကျွန်အဖြစ်ဖြင့် သိမ်းယူကြောင်း (ပုံ ၃၂/၁၃-၁၆) တွေ့ရပါသေးသည်။ အဆိုပါကျွန်များသည် ကျွန်ဘဝမှ လွတ်မြောက်လိုလျှင် အထက်က ဖေါ်ပြခဲ့သည့်အတိုင်း တန်ရာတန်ဘိုးပေး၍ ရွေးနှုတ်နိုင်၏၊ သို့မဟုတ် ပုန်းအောင်းထွက်ပြေးနိုင်ပါသည်။

ကျွန်ဘဝမှ လွတ်ရန် ရွေးနှုတ်လိုလျှင် ကြေး ၅ ပိဿာမျှသာ ပေးရသည်ဟု ဆိုသော်လည်း ထွက်ပြေးသူများ (ပုံ ၇၅ခ/၃၆၊ပုံ ၇၆/၁၀)ရှိ၏။ သို့သော် ထွက်ပြေးသူနဲကြောင်း တွေ့ရ၏။ ပြေးပြန်လျှင်လည်း ပြန်၍ မမိ မိအောင်ဖမ်းယူလျက် အပြင်းအထန် နှိပ်ကွပ်ခြင်းမျိုးမရှိချေ။ ပြေးပုန်းခြင်းနဲသည်မှာ ဘဝသာယာလျက် မိမိတို့ မွေးရာဇာတိမှ ခွဲခွါ၍ မသွားရခြင်း ဟူသော အချက်နှစ်ချက်ကြောင့် ဖြစ်ပါသည်။ ထို့ပြင် ကျွန်ပိုင်ရှင်များက ကြင်နာသနားလျက် ညှာတာခြင်းကြောင့်လည်းဖြစ်ပါသည်။ ကျွန်ဖြစ်သူတဦးကို ယင်း၏မွေးဖွားရာ ဇာတိရပ်ရွာမှ အဝေးသို့ ခေါ်ယူခြင်းမပြုသည်သာမက ပေါင်းဟောင်း သင်းဟောင်းများနှင့် ယခင်အတိုင်း တွဲဖက်နေထိုင်လျက် ကျွမ်းကျင်ရာပညာဖြင့်ပင် ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရကြ၏။ လုပ်ငန်း ဆောင်တာ ပျက်ပြား၍ ဒုက္ခရောက်မည်ကိုလည်း မပူရ၊ ကျွေးမွေးမည့်သခင် ရှိနေပါသည်။ များသောအားဖြင့် မိမိတို့ ဇာတိနယ်မြေ၌ပင် လယ်ယာလုပ်ခွင့် (ပုံ ၂၁၆)ရကြ၏။ လက်မှုပညာ ကျွမ်းကျင်သူများမှာလည်း အလုပ်တူခြင်း ဝါသနာ တူခြင်း တွဲဖက်လုပ်ခွင့် (ပုံ ၁၄၄/၂၂၊၂၃) ရကြသည်။ နွားကျောင်းသူတို့က ကျောင်းမြဲ စားကျက်တွင် ဆက်၍ကျောင်းခွင့် (ပုံ ၁၃၀/၁၃၊၂၀)ရ၏။ ကျွန်များတွင် ပိုင်ဆိုင်သူအရှင်သခင် ပြောင်းသော်လည်း အခြေအနေမပြောင်းချေ။ သို့သော် မည်မျှပင် အခွင့်အရေး သာယာကောင်းမွန်သော်လည်း ဆိုးသွမ်းလျက် ရထားသည့် အခွင့်အရေးကို အလွဲသုံးစား ပြုသူများ ရှိပါသေး၏။ ပုဂံခေတ်ကုန်ဆုံးခါနီးဖြစ်သော အေဒီ ၁၂၆၆ ခုတွင် ယှန်ပိုဝ် မှ ကုလားကျွန်အားလုံးထွက်ပြေးသည်(ပုံ ၂၁၆/၃၃)ဟု မှတ်တမ်းတွေ့ရ၏။ ယှန်ပိုဝ်မှာ ပင်လယ်နှင့် နီးသဖြင့် နိုင်ငံရေးလှုပ်ရှားချိန်၌ ကုလားနိုင်ငံသို့ ပြန်၍ ပြေးကြဟန်တူပါသည်။

ပုဂံမှ ကျွန်ပိုင်ရှင်တို့မှာ ကြင်နာ ညှာတာခြင်းအရာ၌ စံနမူနာဖြစ်ကြသည်ဟု ထင်ရှား၏။ အေဒီ ၁၁၉၀ ခုတွင် ဒါယကာတဦးသည် ဘုရားတွင် မြေပယ် ၅၆၇½ ပယ်နှင့် ကျွန် ၂၂၀ ယောက်လှူ၍ ကျွန်အများစုံမှာ လယ်သမားဖြစ်ကြရကား ကျွန်သော လက်မှုပညာနှင့် သဘင်သည် လူနဲစုံကိုအများစုက နှိပ်စက်မည်စိုးသောကြောင့် ထိုသူများကို နှစ်စဉ် စားနပ်ရိက္ခာမည်မျှပေးရမည် (ပုံ ၁၉ခ/၉-၁၁)ဟု အသေအခြာမှာထားခဲ့၏။ သိင်္ဃပတိ နှင့် တြဲ့ဘျာ တို့၏ မိခင်ဖြစ်သော မိဖုရားစောသည် အေဒီ ၁၂၄၁ ခုနှစ်က ဘုရားတွင် မြေ ၂၆၀ ပယ်၊ ဥယျာဉ် ၂ ခုနှင့် ကျွန် ၁၇၀ ယောက်

လှူရာ၌ ကျွန်ကို ရိက္ခာမည်မျှပေးရမည်ဟု အသေအချာ မှာကြားခဲ့သည် (ပုံ ၁၃၀/၃၀-၆။ ဂင်္ဂသူရ မင်းသား၏ ကြင်ယာတော်သည် အေဒီ ၁၂၄၂ ခုနှစ်က မြေပယ်....၅၁၁၃ ပယ် လှူသောအခါတွင် ၁၅ ပယ်မှာ ကျွန်များအတွက်သီးသန့်ဖြစ်ကြောင်း ကျောက်စာထားခဲ့၏(ပုံ ၁၄၇ခ/၂၁)။ ရာဇသူရ ၏ အမိဖြစ်သော မိဖုရားစောက ကျွန်တို့ဖျားနာခြင်း၊ အိုမင်းမစွမ်းရှိခြင်း ဖြစ်ခဲ့လျှင် ရဟန်းတို့က ကောင်းစွာပြုစုရစ်ပါဟုမှာခဲ့၏(ပုံ ၂၇၅/၂၀-၉)။ ဤနည်းများဖြင့် လူတဦးအနေနှင့် အလိုလား အပ်ဆုံးဖြစ်သော "လူမှုဖူလုံရေး" ကို ပုဂံကျွန်တို့ ရရှိပြီးဖြစ်သောကြောင့် ဘဝ သာယာသည်ဟု အထက်ကဆိုခဲ့ခြင်းဖြစ်ပါသည်။ ကျွန်စာရင်း၌ ရဟန်(ပုံ ၇/၉)၊ ပန်စင် (ပုံ ၁၄၆/၃)နှင့် ဘိက္ခုနီ (ပုံ ၀၉/၂၇၊ ပုံ ၉၂/၁၄) ဟူ၍ ပါသည်ကိုတွေ့ရသဖြင့် ထိုသူများကား ကျွန်မိ ကျွန်ဖက မွေးသူများ ဖြစ်သည်ဟုဆိုရမည့်ပြင် ရဟန်းဘဝ၌နေသမျှ လွတ်လပ်ကြမည်ဖြစ်သော်လည်း ရဟန်းလူထွက် ဖြစ်ခဲ့ လျှင် ကျွန်ခံရဦးမည်ဟု မှတ်သားထားခြင်း ဖြစ်ပါသည်။ အမတ် ဂင်္ဂါဗိဇည် သည် မိမိကျွန်များမှ လူကြီး ၂ ဦးကို ရဟန်းပြုခွင့်နှင့် ကလေး ၂၀ ကို သာမဏေပြုခွင့်ပေးခဲ့(ပုံ ၃၀၀/၃၃)ပါသည်။

ကြင်နာသနားတတ်သော အချို့ သခင်တို့က ကျွန်ဘဝမှ အပြီးတိုင် လွတ်သည်လည်း ရှိ၏ (ပုံ ၁၉၁ က/၁၅-၁၆၊ ပုံ ၂၀၁က/၉-၁၄)။ အချို့သခင်ကမူ လွတ်ရုံသာမက လွတ်လပ်ရေး ရပါ လျက် အလုပ်လက်မဲ့ဖြစ်၍ ငတ်နေမည်စိုးသဖြင့် မြေယာဝေ၄၍ ပေးလေသေး၏။ ကျွန်ကို လွတ်ရာ၌ မြက်နုရိယ်ကြည်ဟိရာလာစိယ်(ပုံ ၂၀၁က/၉-၁၀)ဟု ပြောလေ့ရှိသဖြင့် ရှေးရှေးက လှည့်လည်သွား ကြစဉ် သုံးစွဲဘူးသည့် အသုံးမျိုးဖြစ်ဟန် ရှိပါသည်။ တခါက ဘုရားတွင် ဆွမ်း ကွမ်း ပန်း စသည် တို့ကို ကျွေးရသော ကျွန်တို့အား မိမိတို့သဘောအလျောက် ဘုရားတွင် ဆက်လက်၍ အမှုမထမ်း လိုက လွတ်ရာကျွတ်ရာ သွားကြ (ပုံ ၂၀၀ က/၉-၁၀)ဟု ခွင့်ပေးဘူး၏။ သို့သော် ဘုရားဆင်းတုကို ဆွမ်း စသည် ဆက်ကပ်ရသော တာဝန်မျှကို ကြီးလေးသည်ဟု ယူဆပုံ မပေါ်သည့်ပြင် ဆက်ဆံပုံ အလွန် ညှာတာကြသဖြင့်၎င်း၊ တာဝန်ဝတ္တရားကို ရိုသေကြသဖြင့်၎င်း၊ လွတ် ရာ သွား ခွင့် ရလျက် မသွားသည်လည်း အများရှိပေမည်။

တာဝန် ဝတ္တရားများကား သေးလှသည်မဟုတ်ပါ။ ဘုရားနှင့် ကျောင်းတွင် **သင်ပုတ်ဝတ် ဆိမီဝတ်** မပြတ်စိမ်သော၄ါ(ပုံ ၁၆/၄-၅)ကျွန် ၁၄၁ ယောက်ကို ဇေယျသေ၄ါယ်က အေဒီ ၁၁၉၇ ခုတွင် လှူခဲ့၏။ ကျောင်း သံဃာတို့အတွက် ဆွမ်းချက်ရသော သီးသန့် အလုပ်နှင့် ကျွန်ကို **သံပုတ် ချက်ကျောန်** (ပုံ ၅၀/၂၂) သို့မဟုတ် **ဝတ်ချက်ကျွန်** (ပုံ ၁၀၆/၂၀) ဟု ခေါ်၏။ **အနန္တသူရိယ** အမတ်က အေဒီ ၁၂၂၃ ခုတွင် ကျွန်တို့၏ အလုပ်ကို အသေးစိတ် ဖော်ပြသောအားဖြင့်—

> အနှစ်ကိုဝ်စာ အခါမ္လင်အ်မ္လယ် ပြုဖါရစ်စိမ်အ်သော၄ါ။ တန်လင် လှည်စိမ်သော၄ါ။ ပုရှာ တြ၂ာန္ဒိုက်သံပုတ်။ ဆိမီကွဲပန်။ မပြတ်တင်ရစ်စိမ်အ်သော၄ါ။ သည်ခံသော သွိုင်အရိယာ တိုဝ်အ်ကိုဝ်ဆွံပန်လုပ် လှည်ရစ်စိမ်အ်သော၄ါ။ (ပုံ ၇၃/၃၀-၁)

ဟူ၍ ကျောက်စာ၌ ရေးထိုးခဲ့၏။ ဆိုလိုသည်မှာ ကျွန်တို့က အမတ်မောင်နှံ ကိုယ်စား ဘုရားနှင့် ကျောင်းတွင် အပျက်အစီး တွေ့လျှင် အခါခပ်သိမ်း ပြုပြင် ဖါထေးရမည်။ ကျောင်း ဘုရားဝန်း

ကျင်၍ အမှိုက်လှဲရမည်။ ဘုရားတရား၌ ဆီမီး၊ဆွမ်း၊ကွမ်း၊ပန်း မပြတ်တင်ရမည်။ ထို့အတူ သည်းခံခြင်း တရားနှင့် ပြည့်စုံသော အရိယာ အရှင်မြတ်တို့အားလည်း ဆွမ်းစသည်တို့ မပြတ် မလပ်အောင် လုပ်ကျွေးရမည်ဟု တာဝန်ပေးခဲ့ခြင်းဖြစ်ပါသည်။ အမတ် မဟာသွန်က အေဒီ ၁၂၅၅ ခုတွင်—

> ဤယ်မျှသော ကျွန်ကာ အရှာ သင်္ဃာ တိုဝ်ကိုဝ် ခြိယ်ဆိယ်ရိယ် လက်ဆိယ်ရိယ် ခ္လိဝ်ရိယ် သောက်ရိယ် ခပ်သိမ်သောငှါ ဝတ်ချက်စိမ်သော တံမျက်ခ္လိယ် ကျုံစိ'သောငှါ လှူသတေ (ပုံ ၁၀၆/၂၇-၀)

ဟူ၍ သူလှူသော ကျွန်တို့၏တာဝန်ကို သတ်မှတ်ခဲ့၏။ အရိယာအရှင်တို့၏ ခြေဆေးရေ၊ လက်ဆေးရေ၊ ချိုးရေ၊ သောက်ရေ ခပ်သိမ်း ပြည့်စုံအောင် ခပ်ရန်၊ ဆွမ်းချက်၍ အမြဲဆက်ကပ်ရန်၊ တံမျက်လှဲရန်နှင့် အမှိုက်ကျုံး၍ စွန့်ပစ်ရန်တို့ကား ကျွန်တို့၏တာဝန် ဖြစ်ပါသည်။

ကျောင်းဘုရားပျက်လျှင် လိုသလို ပြုပြင်ဖါထေးရန် ကျွမ်းကျင်သူ အသင့်ရှိရလေအောင် ဒါယကာတဦးက အေဒီ ၁၂၆၉ ခုတွင် **လက်သမား**(ပုံ ၂၆၁/၇-၀)တဦးနှင့် **ပန်ဖယ်** (ပုံ ၂၆၁/၂၄) တဦးကို ဘုရား၌လှူခဲ့၏။ ပြုပြင်ရေးအတွက် ထိုနှစ်မှာပင် နောက်ဒါယကာတဦးက ကျွန်တဆယ့်တယောက်လှူခဲ့သေး၏။ ဘုရားတွင် လှူသောကျွန် (ပုံ ၉/၅)၊ တရားတွင် လှူသောကျွန် (ပုံ ၄၂/၂၀)နှင့် သံဃာတွင် လှူသောကျွန် (ပုံ ၁၁၄ က/၇-၉)နှင့် သိမ်တွင်လှူသောကျွန် (ပုံ ၂၁၂/၁၅၊၁၆)တို့၏ တာဝန်များကား အသင့်အတင့်မျှသာ ကွဲလွဲ၍ အားလုံး သဘောတူဖြစ်မည်ဟု ယူဆနိုင်ပါသည်။ အချို့ကျွန်ကိုကား ဆရာတော်တဦးဦး၏ အလုပ်အကျွေးဟု သီးသန့် လှူထားကြောင်း (ပုံ ၂၂၉/၂၀) တွေ့ရ၏။

သာသနာရေး အဆောက်အအုံနှင့် ဆိုင်သော ကျွန်များ အပြင် အိမ်မှုကိစ္စကို လုပ်ရသော ဣမ်ကျွန် (ပုံ ၁၅၆/၃-၄) ခေါ် ဣမ်တောင်ကျွန် (ပုံ ၁၀၁/၃) သို့မဟုတ် ဣမ်နီယ်(ပုံ ၂၂၀ ခ/၉)တို့ ရှိသေး၏။ မင်းအိမ်မှ အစေအပါးကို ကျွန်တဝ် (ပုံ ၂၂၀ ခ/၅) ဟူ၍ရင်း မင်ဣမ်ကြီသည် (ပုံ ၄၂၁ က/၂) ဟူ၍ရင်း ခေါ်ဝေါ်ကြ၏။

ကျွန်တို့ကို ဖေါ်ပြရာ၌ သုံးစွဲသော နာမဝိသေသနများမှာလည်း မှတ်သားဖွယ် ဖြစ်သည်ဟု ထင်ပါသည်။ အိမ်ထောင်၏ ခေါင်းဆောင်ဖြစ်သူကို အမည်ရှေ့၌ ဣမ်ထောင် ဟူသော ဝေါဟာရ ကပ်၍ရင်း၊ မုဆိုးမကို **ကမယ်** ကပ်၍ရင်း၊ မွန်အနွယ် အမျိုးသမီးကို ယ'(ပုံ ၄/၇)ကပ်၍ရင်း၊ ငယ်သူကို **ပုစု**(ပုံ ၇/၉)၊ ကလေးငယ်ကို **နိုဝ်အ်စိုဝ်အ်**(ပုံ ၂၂/၉)၊ စာရေး စာဖတ်တတ်သူကို **စာတတ်**(ပုံ ၇/၆)၊ အိမ်ထောင်မကျသေးသော သမီးငယ်ကို **သမီအပျိုဝ်ငယ်** (ပုံ ၂၇၀/၁၁) ဟူ၍ရင်း ဖေါ်ပြသည်ကို တွေ့ရပါသည်။ ထို့ပြင် အဓိပ္ပါယ် ထင်ရှားအောင် မသိသော နာမဝိသေသနများ ရှိပါသေး၏။ ယင်းတို့မှာ မှုရ(ပုံ ၇၃)၊ မြက်ရ(ပုံ ၇၃)၊ ဖုတ် (ပုံ ၇၃)နှင့် အိုဝ်အ်ဖုခိ (ပုံ ၇၃)တို့ဖြစ်ပါသည်။

စာရေးစာဖတ်တတ်သူတို့ စာရင်းကို အေဒီ ၁၂၂၇ ခုကျောက်စာတခု(ပုံ ၇၃)၊ ၁၂၃၅ ခု ကျောက်စာတခု (ပုံ ၁၀၁)တို့နှင့် ၁၂၄၉ ခု ကျောက်စာတခု (ပုံ ၃၇၆)တို့တွင် အတန်ငယ် ပြည့်စုံ

အောင်တွေ့ရသဖြင့် ယင်းနှစ်ခုကို စံပြု၍ ပုဂံခေတ်က စာတတ် ဦးရေကို ခန့်မှန်းရပါမည်။ ပထမ ကျောက်စာ၌လူ ၇၀ ယောက်တွင် ၉ ယောက်(ယောကျ်ား ၅၊ မိန်းမ ၄)စာတတ်၏။ ဒုတိယကျောက် စာတွင် လူ ၁၁၆ ယောက်၌ ယောကျ်ား ၈ ဦးမှာ စာတတ်၏။ တတိယကျောက်စာတွင် လူ ၁၄၀ အနက် ၁၅ ယောက် (ယောကျ်ား ၁၁၊ မိန်းမ ၄) စာတတ်၏။ ဤစာရင်းများအရ ဖျမ်းမျှကြေး အားဖြင့် ၁၀ ရာနှုန်း စာတတ်ကြောင်း သိရသည်။ တဆယ့်သုံးရာစု နောက်ပိုင်း တဝက်တွင် ထို့ ထက်ပင် ရာနှုန်းပို၍ လာဖွယ်ရှိပါသည်။ စာတတ်သူများ အနက် အမျိုးသမီး ၂၅ ရာနှုန်း ရှိသည် မှာလည်း မှတ်သားဖွယ်အချက်ကြီးတရပ်ပင် ဖြစ်တော့သည်။

ရွာလုံးကျွတ် ကျွန်အဖြစ်ဖြင့် အလှူခံရသောအခါ အုပ်ချုပ်ရေးရာထူး ဘွဲ့ထူး ရှိသူများလည်း ကျွန်စာရင်းဝင်ဖြစ်ကြရ၏။ ထို့ကြောင့် ရွာကို အုပ်ချုပ်သည့် သူကြီ(ပုံ၇၉/၂၂)လယ်ယာကိုစီမံသည့် ကမ်ထံ (ပုံ ၆၀/၁၉)၊ ရပ်ရွာ၏ အကြီးအကဲများ ဖြစ်သော သင်ကြီ (ပုံ ၂၅/၈) နှင့် သင်လျင် (ပုံ ၇၃/၄၉)တို့ကိုလည်း ကျွန်စာရင်း၌ တွေ့ရပါသည်။ လူတယောက်လျှင် မယားအများ ယူနိုင်ခွင့် ရှိသော်လည်း ကျွန်မကို မယားပြုသည်ဟု မတွေ့ရဘူးပါ။ ကျွန်နှင့် ပတ်သက်၍ အချုပ်အားဖြင့် သိရှိရသည်ကား ပုဂံခေတ်က ကျွန်ကို ယခု တွေးခေါ်ယူဆသကဲ့သို့ လူတန်းမစေ့၊ လူရာမဝင်ဟု မနှိမ်ခြင်းပင် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ပုဂံခေတ် မြန်မာနိုင်ငံတွင် ကုလားတို့မှာကဲ့သို့ ဇာတ်လေးမျိုး မရှိသော် လည်း အုပ်ချုပ်သော မင်း၊ မင်းသားနှင့် တကွ စိုးသား စစ်သား၊ ကလန်၊ သံပျင်၊ သံဖမ၊ သူကြီ၊ သင်လျင်၊ကမ်ထံ ဟူ၍ရှိသကဲ့သို့ မိမိတို့ကိုယ်ကို နှိမ့်ချသောအားဖြင့် ကျွန်ဟု ယူဆကြသော တိုင်းသူ ပြည်သားတို့ ရှိကြပါသည်။ လူမျိုးအရ ကုလ (ကုလား)၊ ကန်ကူ(ကဒူး)၊ ကြွမ် (ကမ္ဘောဇသား)၊ ချင်(ချင်း)၊ စကြဝ်(ကရင်)၊ စိန် (တရုတ်)၊ တရုက် (မွန်ဂို)၊ တောင်သူ(ကရင်)၊ ပျူ၊ မြန်မာ၊ မွန်၊ ယဝ်(ယော)၊ ရခိုင်၊ လဝ၊ သက်၊ သဝ်(သော)နှင့် သျှမ် (ရှမ်း) ဟူ၍ ရှိပါသည်။ လူမှုရေး တွင် အဖွဲ့အစည်း အားဖြင့် အိမ်ထောင်ဟူ၍ရှိခါ အဖေပ် (အဖေး) အဖိုဝ် (အဖိုး)မှ သာမြိယ် (သားမြေး)အထိ စုစည်းပြီးရှိ၏။ လင်မယားကို အနှစ်မောင်နှံဟု ဖေါ်ပြလေ့ရှိရာ ချစ်ခင် ကြင်နာ ကြောင်းထင်ရှား၏။ မယားများစွာ ယူခွင့် ရှိသော်လည်း များများ ယူကျင့်မရှိဟု ထင်ပါသည်။ ဆုယ်မြိုဝ်(ဆွေမျိုး) ပေါက်ပေါ(ပေါက်ဖေါ်)ဟူ၍လည်း ရိုင်းပင်းကြသည်။ လင်သေ၍ ကျန်ရစ် သော မယားကို မွန်ဘာသာစကားမှ ကမယ် ဟူသောစကားလုံးကို ငှါးယူသုံးစွဲရသဖြင့် ရှေးမြန်မာ တို့တွင် အမျိုးသမီးတဦးသည် လင်သေပြီးနောက် လူလွတ်အဖြစ်ဖြင့် ကြာကြာ မနေဟု ယူဆရမည် ကဲ့သို့ရှိပါသည်။ ဆိုလိုသည်မှာ လင်သေသော မိန်းမသည် မကြာမတင် နောက်လင် ယူသောကြောင့် လင်မရှိသော်လည်း အပျိုမဟုတ်သော မိန်းမဟူ၍ တွေ့ရခဲသဖြင့် တဦးတလေ ထူးထူးခြားခြား ရှိလာ လျှင် မွန်ဝေါဟာရကိုယူ၍ ခေါ်ငင်ရဟန်ရှိ၏။ အသက်မွေးဝမ်းကြောင်းတွင် လယ်သမားမှာ အများ ဆုံးလူစုဖြစ်၍ လက်မှုပညာသည် အမျိုးမျိုးလည်း ရှိပါသည်။ ဖြေဖျော်ရန် စည်သည် ပန်တျာ ဟူ၍ ပုံတီး၍ သီခြင်း ကခြင်းကို အလွန်နှစ်သက်ကြဟန် ရှိ၏။ ဆံထုံး ထုံးပေးသော ဥဖွယ်သည်၊ ဆံ မုတ်ဆိတ်ရိပ်ရန် မုဆိတ်ရိပ်နှင့် ခြေသည်း လက်သည်း လှီးဖြတ်ပေးရန် လက်သည်ထိုဝ် ဟူ၍ ရှိသဖြင့် ယခင်ကလည်း ယခုကဲ့သို့ပင် အလှပြုပြင်ရေးမှာ အရေးပါသော ကိစ္စဖြစ်ကြောင်း တွေ့ရပါသည်။

ကျွန်ဟူသော လူတန်းစားရှိသော်လည်း ကျွန်ကို ယခုခေတ် နားလည်ကြသော အနက်အဓိပ္ပါယ်နှင့် သဘောထပ်တူ မယူသင့်ကြောင်း သတိပြုရာ၏။ လူတိုင်းပင် ရေမြေအားလုံး၏ သခင်ဖြစ်သောမင်း၏ ကျွန်ဟူ၍ရှင်း၊ အလိုလောဘ တဏှာရမ္မက်၏ ကျွန်ဟူ၍ရှင်း သဘောနှစ်ခြိုက်လက်ခံပြီးဖြစ်သဖြင့် ဘုရားကျွန် ကျောင်းကျွန်ပင် ဖြစ်သင့်ကစား လူမှုဆက်ဆံရေးတွင် အဆင့်အတန်းနိမ့်၍ မသွားဟု မှတ်ယူကြရပါမည်။ ထို့ပြင် ကျွန်ကို သခင်ဖြစ်သူက အလွန်သက်ညှာစွာ ဆက်ဆံကြောင်းကိုရှင်း၊ မိမိအလုပ်၊ မိမိအဖေါ်၊ မိမိဇာတိတို့ကို လူတို့ခင်မင်မြဲဖြစ်သည်ကို သတိပြု၍ စိတ်ဆင်းရဲ ပင်ပန်းလေအောင် အခြေပျက် အနေပျက် ခွဲခြမ်းဖွဲ့ထုတ်၍ ဝေးရာအရပ်များသို့ ပို့လွှတ်ခြင်းမျိုးမရှိသည်ကိုရှင်း အသေအချာ ပြောနိုင်ပါသည်။ စာရေး စာဖတ်တတ်သူကို အလေးအမြတ် ဖေါ်ပြချီးမွမ်းကြ၏။ စာတတ်သူ ၁၀-ရာနှုန်းကျော် ရှိမည်ဟု ခန့်မှန်းပါသည်။ ဤသည်ကား ပုဂံခေတ် လူမှုရေး၏ ပုံစံချုပ်ပင် ဖြစ်တော့သည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


THAN TUN: "Social Life in Burma, A. D. 1044-1287", *JBRS*, XLI, 37 47

——————----- "The Slaves of Medieval Burma", Chapter 10, *The History of Buddhism in Burma*, (in press)

# ပုဂံခေတ် သာသနာရေး

**သာသနာ**ဟူသော ပါဠိစကားလုံး၏ အနက်မှာ အဆုံးအမတော် ဖြစ်ရကား ဗုဒ္ဓ၏ အဆုံးအမတော်ကို ရည်ညွှန်း၍၎င်း၊ ဗုဒ္ဓပရိနိဗ္ဗာန် စံလွန်သည့်နှစ်မှစ၍ ရေတွက်သော နှစ်ကို ရည်ညွှန်း၍၎င်း၊ ထိုစကားလုံးကို မြန်မာတို့ ယူငင်သုံးစွဲကြပါသည်။ သို့သော် ကိုးကွယ်ယုံကြည်ခြင်း ဓလေ့တွင် ဗုဒ္ဓဝါဒအပြင် အခြားဝါဒများကိုလည်း လက်ခံထားကြလျက် ဗုဒ္ဓဝါဒအမျိုးမျိုးတွင်လည်း ယခုခေတ်မြန်မာတို့နည်းတူ ပုဂံခေတ်မြန်မာတို့က ထေရဝါဒဗုဒ္ဓသာသနာကို အများနှစ်သက် လက်ခံကြဟန်ရှိပါသည်။ စင်စစ်အားဖြင့် အရေအနှောကင်း၍ အလွန်သန့်စင်သော ဗုဒ္ဓဝါဒနှင့် ဓလေ့ဟူ၍ရှိရန်ခဲခက်၏။ အများ ယုံကြည်သကဲ့သို့ မြန်မာနိုင်ငံတွင် ယခုခေတ် လက်ခံထားသော ဗုဒ္ဓဝါဒမှာ သန့်စင်သဖြင့် မြန်မာသုံးဖြစ်ပါသည်ဟု ဆိုခြင်းထက် မြန်မာသုံးသဖြင့် သန့်စင်သည်ဟု ယူဆ၏ဟုဆိုကပို၍ ဆီလျော်ပေမည်။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က သန့်စင်မည်ဖြစ်သော်လည်း ကာလဒေသကိုလိုက်၍ လက်ခံယုံကြည်သူတို့ သဘောကြ ဖြစ်အောင် အသင့်အတင့် ပြုပြင်ကြမည်ဖြစ်ရကား ဤအရပ်တွင်မှ မူရင်းပုံစံနှင့် တဆံခြည်မရွှင်းရှိနေပါသည်ဟု ပြောရန် ခဲခက်လှပါသည်။ ထို့ပြင် ပုဂံခေတ် ဗုဒ္ဓသာသနာမှာ ယခုခေတ် မြန်မာတို့ လက်ခံထားသော ဗုဒ္ဓသာသနာနှင့် များစွာ ကွာခြားလှသည်ဟု မတွေ့ချေ၊ သို့သော် ပို၍အချုပ်အချယ်ကင်းသော သဘောရှိလျက် ယခုခေတ်တွင် မတွေ့မမြင်ရတော့သည့် ဘိက္ခုနီပင် ထိုခေတ်ကရှိကြောင်း သက်သေထင်ရှားတွေ့ရပါသည်။ မြန်မာတို့၏ အစဉ်အလာမှတ်သားချက်များအရ ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်သည်ဟူ၍၎င်း၊ အသောကလက်ထက် သာသနာနှစ် ၂၃၅(၃ဝ၉ ဘီစီ)တွင် သုဝဏ္ဏဘူမိသို့ သောဏနှင့် ဥတ္တရတို့ သာသနာပြုရောက်သည်ဟူ၍၎င်း တွေ့ရသည် များ၏။ သို့သော် ယင်းတို့ကို ရာဇဝင်သဘောအရ ဆန်းစစ်လျှင် လက်ခံနိုင်ဖွယ်မရှိချေ။ ဗုဒ္ဓလက်ထက်တော်က မဇ္ဈိမဒေသအပြင်တွင် သာသနာဖြစ်ပွားသည်ဟု အထောက်အထားမရှိ၊ အသောက လက်ထက် သာသနာပြုလွှတ်သော ဒေသ စာရင်းကျောက်စာတို့တွင် သုဝဏ္ဏဘူမိ မပါ၊ ထို့ကြောင့် အဆိုပါ ရှေးအမှတ်အသားကို ခေတ္တမေ့ထားရန်လိုပေမည်။ သုဝဏ္ဏဘူမိ ဟူသည်လည်း လတ်တီတွတ် ၁၇-အံသာ ၁၃-လိတ္တာမြောက်နှင့် လောင်ဂျီတွတ် ၉၇-အံသာ ၆-လိတ္တာ အရှေ့တွင်ရှိသော ကေလာသ တောင်စွန်းဖြစ်ရာ၏ဟု ယူဆနိုင်ပါသည်။ သို့သော် သုဝဏ္ဏဘူမိ၏တည်နေရာကို ရှာသည်ထက် အဆိုပါ သုဝဏ္ဏဘူမိ ဟူသည် သထုံဖြစ်၍ ထိုသထုံမှ မြန်မာက ပိဋကတ်ကို ရယူသည်ဟူသော အယူအဆသာလျှင် မဖြစ်နိုင်ကြောင်း မှတ်ကြရပေမည်။ အဘယ့်ကြောင့်ဆိုသော် သောဏနှင့် ဥတ္တရတို့ သထုံလာခန်းကို အသောကကျောက်စာများ၌ မတွေ့ဘူးကြောင်း အထက်က ပြခဲ့ပြီးသည့်ပြင် အနိရုဒ္ဓက သထုံကိုဆင်း၍ သာသနာရေး အကြောင်းသက်သက်ကြောင့် စစ်ပြုလျက် ပိဋကတ်သုံးပုံကို ဆင်နှင့်တင်၍ ပင့်ရသည်ဟု ခေတ်ပြိုင်မှတ်တမ်းများ၌ မတွေ့ရဘူးသောကြောင့် ဖြစ်သည်။အလျဉ်းသင့်သလိုပြောကြစတမ်းဟုဆိုလျှင် ယိုးဒယားတို့က မိမိတို့ပိုင်နက်တွင်းဖြစ်သော နကောန်ပထောမ်မှ မြန်မာမင်းဖြစ်သော အနိရုဒ္ဓသည် ဗုဒ္ဓသာသနာကိုရ၍သွား

ပါသည်ဟုပင် ပြောစမှတ်ပြုကြ၏။ အနိရုဒ္ဓလက်ထက်တွင် မြန်မာတို့အကြေအညာ၌ နယ်ချဲ့သည်မှန်၏။ အနိရုဒ္ဓတံဆိပ် အမှတ်အသားနှင့် မြေပုံဘုရားများကို အထက်ပိုင်းဖြစ်သော ရောဝတီနှင့် ရွှေလီဆုံရာ ဒေသဆီမှ အောက်ရွာအနီး နွားတလည်ရွာဆိုးတွင်၎င်း၊ အောက်ပိုင်းဖြစ်သော တံတွေးအနီး မောင်ဒီ ဘုရား၌၎င်း တွေ့ရှိရသဖြင့် ခရစ်နှစ် တဆယ့်တစ်ရာစုသယ်တွင် မြန်မာတို့ မြောက်ဖက် ရွှေလီမှ တောင်ဖက် တံတွေးအထိ နယ်ချဲ့ပြီးလေပြီဟု ယူဆနိုင်သော်လည်း နယ်ချဲ့သည်ကို သာသနာရေး ကြောင့်ဟု ပြောရန်မဖြစ်နိုင်ချေ။ ထို့ပြင် အောက်မြန်မာနိုင်ငံတွင် ထေရဝါဒ စစ်စစ်သာထွန်းကား၍ ထိုဝါဒပင် အထက်သို့ ကူးပြောင်း ရောက်လာသည် ဆိုရန်လည်း မလွယ်ချေ။ ထို့ထက် သထုံကို အောင်နိုင်သော အေဒီ ၁၀၅၇-တွင်မှ မြန်မာတို့ ဗုဒ္ဓဝါဒကို ကြားဘူး သိဘူးလေဟန် ရေးမှတ်ကြ သည်ကား သာ၍မှားလေသည်။ မြန်မာနိုင်ငံ၏ မြေပြန့်အရပ်သို့ အေဒီ ၉-ရာစုလယ်တွင် မြန်မာတို့ ဝင်ရောက်မိသည့် အချိန်မှစ၍ ဗုဒ္ဓဝါဒီများဖြစ်သော ပျူနှင့် မွန်တို့ကို တွေ့ရှိလျက် ကူးလူး ဆက်ဆံ မိပြီဖြစ်သောကြောင့် ထိုအချိန်နှင့် မရှေးမနှောင်းပင် မြန်မာတို့ ဗုဒ္ဓဝါဒီများ ဖြစ်လာနိုင်ပါသည်။ ဗြိကွေ့တြဝန်းကျင်၌ တူးဖော်ရရှိသော ရွှေပေနှင့် ရုပ်ထုများက ပျူတို့ ဗုဒ္ဓဝါဒီဖြစ်လျက် ထိုဝါဒကို ကျမ်းဂန်နှင့်တကွ ကျကျနန တတ်မြောက်ကြောင်း သံသယမရှိရလေအောင် သက်သေခံလျက်ရှိ၏။ ထို့အတူ ကျောက်ဆည် အနီးအပါး၌ နေသော မွန်တို့တွင် ဘဒ္ဒသီမာနှင့်တကွ မဟာထေရ ပါရှိနေ ကြောင်း သိရသည်။ ထို ပျူ၊ မွန်နှင့် မြန်မာတို့ အလွယ်တကူ ရောနှောမိမည်ကိုလည်း ခန့်မှန်း၍ ကြည့်နိုင်ပါသည်။ ပုဂံမှ ဖက်လိပ်ဘုရားနှစ်ဆူမှာ ရှေးဟောင်း သုတေသနဆရာတို့ အယူအားဖြင့် အနိရုဒ္ဓခေတ်ထက် စောသည်ဟုဆိုသဖြင့်လည်း အနိရုဒ္ဓက သထုံကို မသိမ်းယူမီကပင် မြန်မာတို့ ဗုဒ္ဓ သာသနာဝင်များဖြစ်နေပြီဟု ယူဆရပါမည်။ ထိလိုင်မင်(၁၀၈၄-၁၁၁၃)လက်ထက်ကျောက်စာ များအရ မြန်မာတို့ လက်ခံထားသော ဗုဒ္ဓဝါဒ၏ သဘောကိုသိနိုင်၍ အခြားသာသနာ အယူအဆ ကိုလည်း မြန်မာတို့က မချုပ်ချယ်ဟု ရဲဝံ့စွာ ဖော်ပြနိုင်ပါသည်။

-

ရွှေစည်းခုံကျောက်စာကြီး(မြန်မာနိုင်ငံကျောက်စာပေါင်းချုပ် အတွဲ ၁၊အပိုင်း ၂၊မျာမျက် နှာ ၉၀-၁၃၀)၌ သာသနာနှစ် ၁၆၃၀(ခရစ်နှစ် ၁၀၈၆)ပြည့်အလွန်တွင် ပုဂံမင်းပြုသူ၏ဘုန်းတော် ဘွဲ့ပါရှိ၏။ ထိုကျောက်စာအရ လူအများယုံကြည်သော အယူဝါဒမှာ ဗုဒ္ဓဝါဒပင် ဖြစ်သော်လည်း အခြားအယူဝါဒတို့လည်း ရှိသေးကြောင်းသိရ၏။ မင်းကိုယ်တိုင်က ဗုဒ္ဓဝါဒီဟု ကြေညာသော်လည်း မိမိကိုယ်ကို ဗိဿနိုး ဝင်စားသည်ဟု ယူ၏(မကပ ၁၊၂၊၁၁၄)။ ဗြဟ္မဏဝါဒ၏ စက်ရိပ်ပင် ဖြစ်ပါ သည်။ မဟာထေရ အရဟံ၏ အကူအညီကိုယူလျက် မင်းက ဗုဒ္ဓဝါဒကို ပိဋကတ်တော်အတိုင်း သန့်စင် အောင် ပြုပြင်သည်(မကပ ၁၊၂၊၁၁၇)ဟု ဆို၏။ ထို့ကြောင့် ဗုဒ္ဓဝါဒထွန်းကား၏(မကပ ၁၊၂၊၁၂၁)။ သို့သော် မိမိယုံကြည်ရာ ဝါဒ၌ စိတ်ဇွဲကြီးကြီးထား၍ ယုံကြည်ချက် ပြင်းထန်သူရှိသလို အခြား ဘာ သာဝါဒတို့ကို သည်းခံကြောင်း တွေ့ရသည် (မကပ ၁၊၂၊ ၁၂၇)မှာ အံ့ဩ မှတ်သားဖွယ်ပင် ဖြစ်ပါသည်။ ထိုစဉ်အခါက ဗုဒ္ဓဝါဒီ မဟုတ်သူကို မိစ္ဆာဒိဋ္ဌိမခေါ်၊မိမိယုံကြည်ရာ ဝါဒနှင့်ညီအောင် မကျင့်နိုင်သောသူသာလျှင် မိစ္ဆာဒိဋ္ဌိဖြစ်ပါသည်။ ထိလိုင်မင်ကား ပုဂံ၏ အရှေ့မြောက်တွင် ရွှေ စည်းခုံခေါ် ဇေယဘူမိ စေတီကြီးကို တည်ထားခြင်း၊ ပိဋကတ်သုံးပုံကို အမှားစင်အောင် ကူးယူ စုဆောင်းခြင်း၊ ဗုဒ္ဓဂါယာသို့ အလှူငွေ ပစ္စည်းနှင့် လူလွှတ်၍ ဘုရားကျောင်းပျက်သည်များကို ပြင်

စေခြင်း၊ ရဟန်းတို့ကို ပစ္စည်းလေးပါးလှူခြင်း၊ တိုင်းတပါးမှ မင်းသားတပါးကို ဗုဒ္ဓဝါဒတွင်ႉသက်ဝင်ယုံကြည်လာအောင် ချတ်ခြင်း စသည်တို့ကို စွမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ဤမျှ သာသနာတော်၏ အကျိုးစီးပွါးကို ဆောင်ရွက်သူ ဖြစ်သင့်ကစား နန်းတော်ကျောက်စာ (အေဒီ ၁၁၀၁-၂၊ မကပ ၃၊၁၊ဆ/၃၅၊၄၁၊၄၃)၌ မဟာထေရ အရဟံ၏ မျက်မှောက်မှာပင် ဟိန္ဒူ အလေ့အလာတို့ကို ရောနှောဆောင်ရွက်နေကြောင်း တွေ့ရသည်။ ဆောက်တည်ရေး လုပ်ငန်းတွင် ကျွမ်းကျင်သည့် ဗြဟ္မဏ ပုဏ္ဏားတို့ ခေါင်းဆောင်လျက် နန်းတော်သစ် ဆောက်ရ၏ (မကပ ၃၊၁၊၆၄)။ ဗုဒ္ဓရဟန်းတော်တို့ကို နန်းတော်ရာ၌ အန္တရာယ်ကင်းစေရန် ပင့်ဘိတ်၍ ပရိတ်လည်းရွတ်ရ၏ (ထိုသို့ပရိတ်ရွတ်ရန် ရေစင်ကို ဗြဟ္မဏတို့ပင် သယ်ရ၍ အရဟံ၏ လက်တော်၌ ဗိဿနိုး နတ်မင်းဆိုင်ရာ ခရုသင်း၌ ရေစင်ထည့်ခါ ကိုင်စွဲ၍ မတ်ရပ်နေလျက် ပရိတ်ရွတ်သည်ဟု သိရပါသည်။ ပရိတ်ရွတ်စဉ်က သံဃာတော် ၄၁၀၈-ပါး ပါသော်လည်း နန်းတော်သစ်ဆောက်ရာ တာဝန်တရပ်လုံး၌ ဗြဟ္မဏတို့သာ တွင်ကျယ်ကြောင်း ကျောက်စာအရ သိသာ၏။ တည်ဆောက်ရေးအလုပ် အဆင့်ဆင့်တို့၌သူတို့သာလျှင် ခေါင်းဆောင်သည်။ ထို့ကြောင့်လည်း ဗိဿနိုး မတ်မင်းကို ပသခြင်းက အခြားပွဲတို့ထက် ပို၍ အရေးပါနေကြောင်း တွေ့ရ၏ (မကပ ၃၊၁၊ တ/၈၊ ခ/၃၈၊ ဂ/၃၅၊ စ/၃၀၊ ဆ/၃၊ ဇ/၁၀၊ ည/၁၄)။ ဣန္ဒြနတ်မင်းကိုလည်း ပသရ၏ (မကပ ၃၊၁၊ဃ/၂၉)။ နဂါးပူဇော်ပွဲလည်း ပါသည် (မကပ ၃၊၁၊ဇ/၁၀၊ ၁၇)။ သီဝဂိုဏ်း၏ ဂဝံပတိ နတ်မင်းကို ဗုဒ္ဓရုပ်ပွားနှင့် ရှဉ်၍ ထားကြောင်းကိုလည်း တွေ့ရပါသည် (မကပ ၃၊ ၁၊ က/ ၂၈-၃၅)။ ဤအထောက်အထားအပြင် ပုဂံ၌ ဗြဟ္မဏဝါဒ၏ စက်ရိပ်ကို တွေ့မြင်နိုင်ပါသေးသည်။ နန်းဘုရားဟု ခေါ်သော အဆောက် အအုံ၌ ဗြဟ္မာနတ်မင်း ရုပ်ကိုသာလျှင် အရင်းခံရုပ်ထု အနေနှင့် တွေ့ရ၏။ ပုထိုးသားများနှင့် ကပ်လျက် နတ်လှော်ကျောင်းဟု ခေါ်တွင်နေသည့် ဗိဿနိုးကျောင်းဆောင် တခုကို ယခုတိုင် တွေ့နေရသေး၏။ ပုဂံမင်းဆက်၏ နောက်ပိုင်းတဝက်၌ ရေးထိုးသော ကျောက်စာတို့မှာပင် ဗြဟ္မဏ စက်ရိပ်နှင့် မလွတ်သော အချက်အလက်များကို တွေ့နေကြရပါသေးသည်။ အေဒီ ၁၂၃၅-ခု ရက်စွဲပါသော ကျောက်စာ တခု၌ လိင်တိုင် (ရွှေဘို၊ ဆင်ကူတ်ရွာ ကျောက်စာ၊ မြန်မာနိုင်ငံ ကျောက်စာ ဓါတ်ပုံစာအုပ်ကြီး ငါးတွဲမှ ဓါတ်ပုံ ၁၂၈ က၊စာကြောင်းရေ ၁၀)ရွာဟုတွေ့ရသဖြင့် တခါက လိင်ကို ကိုးကွယ်ခြင်းအယူဝါဒ(ဂိဝလိင်ႋ) ရှိနေသည်ဟု ဆိုရမည်ကဲ့သို့ ရှိပါသည်။ အေဒီ ၁၂၅၆-ခု ရက်စွဲပါသော နောက်ကျောက်စာ တခု၌ ကုလာနတ် အမည်ရှိသော ရွာတရွာကို ဖေါ်ပြသဖြင့် ထိုရွာ၌ ဗြဟ္မဏ နတ်မင်း တပါးပါးကို ကိုးကွယ်သည်ဟု ယူရပါသည် (ပုံ ၃၈၈ က/ ၁၀)။ မဟာပိန္နဲ (မဟာဝိနာယကခေါ် ဂဏေရ) နတ်မင်းဟု အေဒီ ၁၂၇၉-ခု ရက်စွဲ ကျောက်စာ တခု၌ တွေ့ရသူး၏ (ပုံ ၂၆၂/၄၊၆)။ ဂဝံပတိကို ဗုဒ္ဓနှင့် အဂ္ဂသာဝက နှစ်ဦးနှင့်အတူ အေဒီ ၁၁၇၉-ခု ကျောက်စာတွင် ရှဉ်တွဲ၍ ဖေါ်ပြထားသည်(ပုံ ၆/၆)။ ယင်းအချက်များကို ထောက်၍ ၁၁ ရာစု ဗုဒ္ဓဝါဒတွင် အခြား ဝါဒတို့ ရောနှောလျက် အနည်းဆုံး သီဝနတ်မင်းဂိုဏ်းကို အရေးပေးခဲ့ဘူးကြောင်း ဖေါ်ပြနိုင်ပါသည်။ ထိလိုင်မင် လွန်လျှင် မွန်ဩဇာကျဆင်း၏။ ထို့အတူ ဗြဟ္မဏ စက်ရိပ်လည်း ရော့နဲ လာပေမည်၊ သို့သော် အဆောက်အအုံ ပုံစံထုတ်ကြရာ၌ ကိုယ်ဝန်ဆောင် မိန်းမ သဏ္ဌာန်ရှိ၍ စည်ပင် တိုးတက် ပွားများခြင်း ကျက်သရေကို ဆောင်သော သဘောလက္ခဏာရှိသည့် ကလသာအိုးကို ပုဂံပျက်သည့်အထိ ဆက်၍ သုံးစွဲခဲ့ပါသည် (ပုံ ၇၃/၇၊ ပုံ ၈၀/၇၊ ပုံ ၁၉၄/၇၊ ပုံ ၂၂၀/၆၊ ပုံ ၂၃၄/၆၊ ပုံ ၂၄၇/၈၊ ပုံ ၂၄၉၊၁၆)

ထိလိုင်မင် ခေတ်က ရတနာတြေယ် (မကပ ၁၊ ၂၊ ဃ/၁၅၊ ၂၂)ပင် နောက်ပိုင်း၌ ရတနာသုံးပါ (ပုံ ၂၄/၁၃) ဖြစ်လာပါသည်။ ထိုသုံးပါးကား ပုဒ်ဓ (ဘုရား)၊ တြဲ၂ာ (တရား)နှင့် သံဃာတို့ ဖြစ်ပါသည်။ ထိုသုံးပါး၌ ယုံကြည်ခြင်း၊ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်းတည်း ဟူသော သာသနာသည် အနှစ် ၅၀၀၀ တည်အံ့ဟု မှတ်ယူကြ၏ (ပုံ ၇၃/၂၉)။ သို့သော် အများ တကာထက် အတွေးအခေါ် သာလွန်သူ စကုကြီ လို ပုဂ္ဂိုလ်ကမူ ကမ္ဘာတည်သ၍ သာသနာတည်နိုင်သည်ဟု ဆို၏ (ပုံ ၃၈၁/၅)။ အစင်ကြွ မင်းသမီးကမူ အသင်္ချေယ (၁၀၀၀၀၀၀၀၀^၂^၀)တရာရှိရာ၏ဟု ဆိုပါသည် (၁၆၄/၄၆)။ လူအချို့မှလွဲ၍ မြန်မာနိုင်ငံ၌ ယနေ့တိုင်အောင် လူအများစုက သာသနာ အနှစ် ၅၀၀၀ ရှိအံ့ဟု ဝေဖန်ပိုင်းခြားခြင်း မပြုဘဲ ယူဆထားကြပါသည်။ ရှေးမြန်မာကလည်း ထိုနည်းပင် ယူ၍ ထိုမျှတည်တန့်အောင် ငါတို့ အစွမ်းကုန်ထောက်ပံ့အံ့ဟု စေတနာ ထားခဲ့ကြပါသည်။ ယင်းတာဝန်ကို ထမ်းရင်း မိမိလည်း အကျွတ် တရား ရနိုင်၏ဟု ယူဆ၏။ ဗုဒ္ဓဝါဒ၏ ဆိုဆုံးမချက်အရ မည်သည့် အရာမျှ မတည်မြဲ ဟူသော သဘောကို နားလည်ကြပါ၏။ ယခုဘဝ၌ ဥစ္စာစုလျက် မသေဆေးကို ဝယ်၍ မရနိုင်သည့်ပြင် သေသည့်အခါ၌ ထိုဥစ္စာကိုလည်း ယူ၍မသွားနိုင်ဟု သဘောပေါက်၏ (ပုံ ၂၇၂/၃၁-၆)။ ထို့ကြောင့် ဖြစ်နိုင်လျှင် အသဒိသဒါန ဟူ၍ သူတထူး လိုက်၍ မမှီစွမ်းနိုင်အောင် ပေးကမ်းခြင်းဖြင့် နိဗ္ဗာန်ကိုသွားအံ့ဟု (ပုံ ၂၇၅/၁၂) လူတိုင်း မျှော်မှန်း၍ ထားပါသည်။ အလှူရေစက်ချလျှင် မေတ္တေယျဘုရားပွင့်သောအခါ၌ အရဟတ္တဖိုလ်ရ၍ နိဗ္ဗာန်ဝင်ရလို၏(ပုံ ၂၃/၁၀၊ ပုံ ၂၄၆/၁၃၊ ပုံ ၂၅၃ ခ/၁၀ )ဟု ဆုတောင်းမြဲ ဖြစ်ပါသည်။ အလွန် စိတ် ဇွဲကြီးသူ များသာ ဘုရားဆုပန်၏ (ပုံ ၅၆၁ ခ၊ မကပ ၁၊ ၂၊ ဈ/၁၅-၁၇၊ပုံ ၁ အပိုဒ် ၃၁- ၂၊ ပုံ ၃၁/၁-၃၊ ပုံ ၁၀က/၂-၄၊ ပုံ ၂၁ / ၁၇-၁၉၊ )။ နိဗ္ဗာန်ကို မက်မော၍ အရောက် သွားနိုင် လောက်အောင် သာသနာ က လမ်းပြသည်။ နေ့စဉ် နေထိုင် စားသောက် နေကြသော်လည်း သာသနာ၏ ဆိုဆုံးမပုံကို မေ့သည်ဟု မရှိကြပါ။ ထို့ကြောင့် အေဒီ ၁၂၆၆-ခုတွင် မိဖုရားတပါးက—

> ။ငါလေရုံမက်ကြီသ မရောင်ရယ်တတ်သော။ အမျက်ကြီသော သူတစ်တူကိုဝ်ညှန်ဆယ်တတ်သော ပြညာမဟိယ်သော မိုက်သော ဝန်တိုဝ်သော အပိယ်အကံမဟိယ်သော။ သစ္စာမဟိယ်သော ပ္လက်တတ်သော။ မိယ်လျဝ်သော အောမိယ် တသကင်သော မဖ္လစ်မူရှယ် ရုံမက်နည်သော ရောင်ရယ်လွယ်သော။ အမျက်နည်သောသနာတတ်သော ပြညာဟိယ်သော အကြောင်ကိုဝ်သိတတ်သော ဝန်မတိုဝ်သောအပိယ်အကံဟိယ်သော သစ္စာဟိယ်သော မဖ္လက်တတ်သော အမိယ်လျဂ်သော အောက်မိယ် တသဟိယ်သော ဏ္ဍယ်သိုဝ်သော ဏ္ဍူဇူတိုဝ်နှင့် ပ္လဍူလျက် သံသရာန္ဒိုက် ကျင်လည် ရယ် မိတ္တရျာ ပုဟ္ဟာမျက်မှောက်ကက်ာလျင်။ ဝ။ မ္လတ်သအဏ္လတ်တြ၂ာ ရလိုဝ်သတေ။ (ပုံ ၂၁၆/၁၁-၁၄)

ဟု ဆုတောင်း၏။ နိုးကြားထကြွရှိ၍ တိုက်ရေးခိုက်ရေး လိုလားသော မြန်မာသည် ဗုဒ္ဓဝါဒီဖြစ်လာသောအခါ၌ ငြိမ်းချမ်းရေးလိုလားသူ ဖြစ်ခဲ့ရဟန်ရှိပါသည်။ ငြိမ်းချမ်းရေးနှင့်အတူ အနုပညာနှင့် အဆောက်အအုံထွန်းကား၍လာပါသည်။ ယင်းတိုးတက်မှုများမှာ အိန္ဒိယ၏ ကျေးဇူးပါတကားဟု ရှေးမြန်မာတို့ သိရှိလျက် အိန္ဒိယ အပေါ်တွင် ကြည်ညိုလေးစားလျက် သဒ္ဓါတရား ထားကြ၏။ ထိလိုင်မင်က ဗုဒ္ဓဂါယာတွင် ပြုပြင်ရေးနှင့် အလှူဒါနများပြုစေခဲ့သည်။ ဗုဒ္ဓဝင်ဆိုင်ရာ နေရာအနှံ့ အပြားကို မြန်မာတို့ဘုရားဖူးလှည့်လည်ကြပေမည်။ မိဖုရားတပါးက မိမိကျောင်းဝင်းတွင် စိုက်သော

ညောင်ပင်မှာ ဗုဒ္ဓဂါယာမှ ဘုရားပွင့်သော ညောင်၏အစေ့မှ ပေါက်သော အပင်ဟု ဖော်ပြဘူး၏။ ဗုဒ္ဓဂါယာ၌တွေ့ရသော မြန်မာကျောက်စာ(ပုံ ၂၉၉)၌အေဒီ ၁၂၉၈-ခုတွင် မြန်မာက ဂါယာ၌ စေတီပျက်ကို လာ၍ပြင်သည်ဟု မှတ်တမ်းတင်လျက် ရှိပါသည်။

မြန်မာဝေါဟာရတွင် ပုဏ္ဏ(ဘုရား)ဟူသည် ကြီးကျယ် မြင့်မြတ်သူကို ရည်ညွှန်း၍ ပါဠိဘာသာ ဝ၇-မှ ဆင်းသက်လာဟန်ရှိ၏(မကပ ၁၊၁၊၂၆-၇)ဗုဒ္ဓရှင်တော် ဘုရားကိုရင်း စေတီး ပုထိုး ဆင်းထုကိုရင်း၊ စင်ကြယ်မြင့်မြတ်သူကိုဒ်င်း၊ ပုဏ္ဏဟု ခေါ်မြဲဖြစ်သည်။ လောကီနှင့် လောကုတ္တရာ ကွဲပြားစေရန် ဗုဒ္ဓရှင်တော်ဘုရားကိုရည်၍ **မွတ်စွာသော** ပုဏ္ဏ(ပုံ ၁၈/၅)ဟု ရေးသား ခေါ်ဝေါ်လျက်တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူကို ပုဏ္ဏရှင်(ပုံ ၁၁၃/၂,ဟု ခေါ်၍ မင်း၏မယားကို မိပုဏ္ဏ သို့မဟုတ် **အမိပုဏ္ဏ**ဟု ခေါ်ပါသည်။ ရှင်ဘုရင်ကို ပုဏ္ဏလောင်(ပုံ ၃၆/၃)ဟူ၍လည်း ခေါ်၏။ ရှင်တော်မြတ်၏ ရုပ်ထုကို ပုဏ္ဏဆင်ပု(ပုံ ၇၃/၁၅)ဟူ၍ရင်း၊ မတ်ရပ်ကိုယ်တော်ကို ပုဏ္ဏရှပ်(ပုံ ၆၆/၂၁)၊ တင်ပလ္လင်ခွေ ဘုရားကို ပုဏ္ဏထဝယ်(ပုံ ၁၃၀/၃)၊ လျှောင်းတော်မူကို ပုဏ္ဏတန်ထိမ်(ပုံ ၆၁/၇)ပရိနိဗ္ဗာန် ပြုပုံကို ပုဏ္ဏနိယ်ရပန်(ပုံ ၂၇၀/၇)အလှူရှင်ဒါယကာ၏ အရပ်နှင့်တိုင်း၍ လုပ်သောပုံတော်ကို ရှပ်တိုင် ပုဏ္ဏ(ပုံ ၁၃၀/၃)၊ ဒါယကာ၏ ကိုယ်အလေးချိန်မှ စ၍ တူစေလျှင် **ကိုဝ်ရှပ်တိုင်ပုဏ္ဏ**(ပုံ ၂၀၉/၄)ဟုခေါ်ဝေါ်ခဲ့ကြ၏။ဆင်းထုတော်ကို ရှေးမြန်မာက **ဆင်ပု**ခေါ်သည်မှာပျူဘာသာက **ဆးဗေါ်**(ပုံ ၃၆၃ က/၁၀)ဟုခေါ်သည်နှင့် ဆင်ဆင်တူ၏။ သစ်သား သို့မဟုတ် ကျောက်နှင့်ထုသော ဘုရားကို ဆင်ပု ဟု ခေါ်သည့်ပြင် ကူနံရံ၌ ဆေးနှင့်ရေးသော ဘုရားရုပ်ကိုလည်း ဆင်ပု ပင် ခေါ်သည်။ ကူနံရံတွင် ဆင်ပု ၁၄၆၁၉-ရုပ်ကို တဆဲ့ခုနစ်ရက်နှင့် ရေးဆွဲ၍ ပြီးသည်(၁၂၃၇-ခု မတ်လ ၇ မှ ၂၄၊ပုံ၁၀၅ က/၆-၈)ဟူ၍ရင်း၊ဆင်ပု ၄၀၀၀-ရေးသည်(၁၂၅၃-ခု ဒီဇင်ဘာ ၁၀၊ပုံ ၂၄၈/၁၆-၁၈)ဟူ၍ရင်း မှတ်တမ်းတင်ခဲ့ဘူးပါသည်။ ထုံးစံအားဖြင့် ဂေါတမဘုရားပုံတော်ကို ထုလုပ်ရေးဆွဲမည်ဖြစ်သော်လည်း နှစ်ကျိပ်ရှစ်ဆူ၊ ဘုရားငါးဆူ စသဖြင့် အခြားဘုရားပုံတော်များလည်း ပါတတ်ပါသည်(ပုံ ၂၄၉/၂၁-၃၊ **အိန္ဒိယ ရှေးဟောင်း သုတေသန နှစ်လည်အစီရင်ခံစာ**၊၁၉၂၈-၉၊စာမျက်နှာ ၁၁၀-၁၁ ပုံ ၅၃ ဃ)။ ဘုရားအမည် ကွဲသော်လည်း မျက်နှာ အသွင်အပြင် ကွဲလှသည်မဟုတ်၊ နောက်ခံပွင့်တော်မူရာ ဗောဓိပင်ကိုသာ ခြားနားဖော်ပြနိုင်တော့သည်(**မြန်မာနိုင်ငံ သုတေသနသင်း နှစ်ငါးဆယ် အထိမ်းအမှတ် စာစောင်** အတွဲ ၂၊ စာမျက်နှာ ၃၅၄-၆၁ မှတ်ချက် ၆၇-ကြည့်)။ ဘုရား၏ ဖြစ်တော်ပေါင်း ဇာတ်မှာ စင်စစ်အားဖြင့် ၅၄၇-ဇာတ်သာ ရှိသော်လည်း ရှေးမြန်မာတို့က အခေါ်အပြောလွယ်ကူစေရန် **ဇာတ်ငါရျာ**( ၇၃/၁၅)ဟူ၍ရင်း **ဇာတ်** ၅၅၀(ပုံ၁၀၅ က/၇)ဟူ၍ရင်း ခေါ်ဝေါ်၍ ကူနံရံပြည့်မျှ အကွက်ချလျက် တဇာတ် တရုပ် နှုန်းဖြင့် ဆေးရေးခြင်း၊ သို့မဟုတ် စေတီပတ်လည် ပစ္စရံကိုလှည့်၍ တဇာတ်လျှင် စဉ့်ကွင်းတကွင်းနှုန်းဖြင့် ရှုံနှင့် ရုပ်ကြွပြုခါ စဉ့်လောင်း၍ထားတတ်ပါသည်။ ငါးရာ့ငါးဆယ်ဟု ခေါ်သည့်အတိုင်း လိုနေသော သုံးဇာတ်ကို ကြံဖန်လည်ဆယ်၍ ဖြည့်ထားတတ်ပါသေးသည်(စီ၊ ဒုရွိုင်ဆယ်၊မြန်မာနိုင်ငံ၌ တွေ့ရသည့် ဇာတ်အရုပ်များ၊ **အိန္ဒိယရှေးဟောင်း သုတေသန နှစ်လည်အစီရင်ခံစာ**၊ ၁၉၁၂-၁၃၊ စာမျက်နှာ ၈၇-၁၁၉-ကြည့်)။ ပုဂံအာနန္ဒာဘုရား၌ အောက်မှ မွန်ဘာသာစာတန်းထိုး၍ ဇာတ်စဉ့်ကွင်း ၁၅၀၄-မျှရှိ၍ ၃၈၉-ကွင်းကို စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေပြီး ရှိပါသည်(မကပ ၂၊၁ နှင့် ၂)။ ဇာတ်ကြီးဆယ်ဘွဲ့ကိုမူ တဇာတ်လျှင်

စဉ့်တကွင်းနှုန်းထက် ပိုမြဲ ဖြစ်သောကြောင့် အထက်ဖော်ပြပါ ၃၇၉-ကွင်းမှာ ဇာတ်ကြီးဆယ်ဘွဲ့မှ အရုပ်များ ဖြစ်ပါသည်။ စာနှင့်ရေးလျှင်လည်း ဇာတ်ကြီးဆယ်ဘွဲ့ကို အရေးများကြ၍ (ပုံ ၂၄၂/၂၇)။ ဟမ်ဗါ့ဂ် လူမျိုးဆက် ပြတိုက်အတွက် ၁၈၉၉-ခုနှစ်က ဒေါက်တာ တီ၊အိပ်ချ်၊တောမန် လာရောက်၍ နံရံဆေးရေးဇာတ်များကို နံရံအင်္ဂတေ အချပ်လိုက် အကွက်ချလျက် ခွါယူသွားသဖြင့် နံရံဆေးရေးများစွာ ဆုံးရှုံး ပျောက်ပျက်ခဲ့သော်လည်း ယခုတိုင် ကြည့်စရာ လက်ရာကောင်းများ ပုဂံဝက်ကြီးအင်းကူပြောက်ကြီးတွင် အသင့်အတင့် ကျန်ပါသေး၏။ ဂေါတမ၏ နောက်ဆုံးဘဝ ဖြစ်သော ဗုဒ္ဓဝင်ကိုလည်း ရုပ်ကြွဆေးရေး အမျိုးမျိုးလုပ်လေ့ရှိ၏။ ပုဂံအာနန္ဒာတွင် ဗုဒ္ဓဝင်ကျောက်ရုပ်ကြွ ရှစ်ချပ်ရှိပါသည် (စီ၊ဒုရွိုင်ဆယ်၊**ပုဂံအာနန္ဒာဘုရား၊ အိန္ဒိယရှေးဟောင်း သုတေသန သီးသန့်စာတန်း အမှတ် ၅၆**၊ စာမျက်နှာ ၁၁-ကြည့်)။ အဆိုပါဘုရားမှာပင် နံရံဝန်းကျင်၌ ဂူပေါက်ငယ်များတွင် ဘုရား၏ရုပ်ထုများစွာရှိရာ (၁) ညာလက်ရင်တင်၍ ဘယ်လက်ကိုခါးတင် သို့မဟုတ် အောက်ချထားသော တရားဟောဟန် ဝျာချာနမုဒြာနှင့်(၂)ဘယ်တင် ညာချသော သဗ္ဗညုတဉာဏ်ရဟန် ဘူမိသွင်္မုဒြ ဟူ၍ နှစ်မျိုးတွင် တမျိုးမျိုးနှင့် တွေ့ရှိရပါသည်။ ရုပ်ပွားခုနစ်ဆူမှာ ဥဏှိသ (ဥဏ္ဏိုမ) မပါကြောင်း အသေအချာ သိရ၏။ ရုပ်ထုတော် များစွာမှာ လက်ချောင်းများသည် လူသာမန်တို့ လက်များအတိုင်း အတိုအရှည်အလိုက် ရှိနေသည်ကို တွေ့ရသဖြင့် ယခုရုပ်ထုများမှာ မြင်တွေ့ရမြဲ ဖြစ်သော ထိပ်ညီနေသည့် လက်ချောင်းများထက် ကြည့်၍ သပ်ယပ်သည်ဟု ထင်မိပါသည်။ အရုပ်လေး မျက်နှာတွင် မတ်ရပ်ကိုယ်တော်ကြီး လေးဆူရှိရာ မြောက်နှင့် တောင်ဖက်နှစ်ဆူမှာ ဓမ္မစကြာတရားဟောဟန် ဓမ်စကြမုဒြာနှင့် အာနန္ဒာလိုဏ်ကူ တည်စဉ်ကပင် ထုလုပ်ခဲ့သော ဘုရားများဖြစ်သည် ဆိုပါသည်။ ရှစ်ပေအုတ်ခုံတွင် ဉာဏ်တော် သုံးဆယ့်တပေရှိ၏။ အနောက်ဖက်မှ ကိုယ်တော်တွင် ဝဲယာ၌ မင်းနှင့်ရဟန်းတို့ ပူဇော်ဟန်ရုပ်ထုနှစ်ခုရှိရာ မင်းမှာ ထီလိုင်မင်၊ ရဟန်းကား အရဟံ ဟု ယူဆကြပါသည်။ အနောက်မုခ်ကူ၌ ခြေတော်အပြည့်မျှ တရာ့ရှစ်ကွက်ဖော်၍ စက်လက္ခဏာများပါသည့် ခြေတော်ရာ နှစ်ခုရှိပါသည် (ယခု မန္တလေး ကျောက်ဆစ်တန်း၌ ခြေတော်ရာများ ထုလျှင် ခြေဖဝါးအလယ်၌ စက်ပုံ၍ စက်တွင်း၌သာ တရာ့ရှစ်ကွက်ဖော်သည်)။လောကနန္ဒာနှင့် ရွှေစည်းခုံဘုရားများ၌လည်း ခေတ်ပြိုင်အလားတူ ခြေတော်ရာများ ရှိပါသည် (ဦးမြ၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓပါဒမှတ်ချက်၊ **အိန္ဒိယ ရှေးဟောင်းသုတေသနနှစ်လည်အစီရင်ခံစာ**၊ ၁၉၃၀-၄၊ အတွဲ၂၊ စာမျက်နှာ ၃၂၀-၃၁-ကြည့်)။ အေဒီ ၁၂၉၄-ခု ရက်စွဲပါ ကျောက်စာတခု၌ ဗုဒ္ဓပါဒခေါ် ခြေတော်ရာကို ရောင်စုံဆေးရေးသည်ဟု ဖော်ပြထား၏(ပုံ ၂၇၃/၇)။ ဗုဒ္ဓရုပ်ထုကို ထု၍ အသက်မွေးသူကို **ပုဏ္ဏသမာ** ဟုခေါ်၍ လက္ခအဖြစ်ဖြင့် ငွေ သို့မဟုတ် ဝတ္ထုပစ္စည်းရကြ၏။ တခါက ရုပ်ထုဆရာကို လက္ခပေးရန် လိုသဖြင့် ကျွန်မတယောက်ရောင်းရသည်ဟု မှတ်တမ်းရှိ၏(ပုံ ၂၃၈/၁၉)။ (အေဒီ ၁၂၃၆-ခုနှစ် ကျောက်စာတခုတွင် **ပုဏ္ဏသမာ**ကို ပုဏ္ဏာရုပ် တဆူအတွက် ငွေကျပ် ၃၀၊ ဖျင်မည်တထည်၊ မြင်းတကောင်ပေးရသည်ဟု ဆို၏(ပုံ ၉၇/၃-၂၁)။ အချို့ မတ်ရပ်ကိုယ်တော်များကို အထက်က ဖော်ပြပြီး ဖြစ်သည့်အတိုင်း ဒါယက၏ ကိုယ်အတိုင်းအတာကိုယူ၍ လုပ်လေ့ရှိသောကြောင့် ရုပ်တိုင်ပုဏ္ဏာ နှင့် ကိုဝ်ရုပ်တိုင် ပုဏ္ဏာ ဟု ခေါ်သည်၊ သို့သော် ရှေးခမေရ်မှာကဲ့သို့ "ပုံတူ ရုပ်ထု"ခေါ် ဘုရားရုပ်ထု၏ မျက်နှာကို ဒါယကနှင့် တူအောင်ထုခြင်းမျိုး မြန်မာနိုင်ငံ၌ မတွေ့ရဘူးချေ(ပုံတူ ရုပ်ထုအကြောင်းကို အဲလ်ဗရစ်ဂ်၊ **ရှေးခမေရ်လက်နက်နိုင်ငံ** စာမျက်နှာ ၂၂၉-၃၀-ကြည့်)။

ဗုဒ္ဓကို ထာဝရဘုရား သဘောမျိုးယူဆ၍ သင့်မည်မဟုတ်ချေ။ သို့သော် ရှေးမြန်မာ အချို့က ဗုဒ္ဓ၌ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆုတောင်းလျှင် ရကောင်း၏(ပုံ ၁၀/၅-၉)ဟု အကျွင်းမဲ့ ယုံကြည်ထားဟန် ရှိပါသည်။ အသက်ထင်ရှားရှိသူတဦးပမာ စားဖွယ်သောက်ရာ ဆက်ကပ်ပူဇော်၍ တူရိယာမျိုးတို့ဖြင့် ဖြေဖျော်ကြ၏(ပုံ ၁၀ က/၁၆)။ စည်၊ ပသာ၊ ခရာ၊ တပိုဝ်တီးသူနှင့် ကခုန်သီဆိုသည့် ပန်တျာများကိုပါ ဘုရား၌ လှူလာကြသည်။ **ကက်သု**၏ ဇနီးက အေဒီ ၁၁၄၂-ခုတွင် ဘုရားအတွက် **စာရိယ်**(စာရေး)နှင့် **ကုဟာသည်**(ခဝါသည်)များကိုပင် လှူ၏(ပုံ ၁၄၄/၄-၁၆)။ ထို့အတူ **သန်ရျင်သည်**(ထမ်းစင်ထမ်းသူ) **ထီသည်**(ထီးမိုးသူ) **ယန်သည်**(ရက်ကန်းသည်)တို့ လှူသေး၏။(ပုံ ၁၄၈ ခ/၃-၁၀)။မုဆိတ်ရိပ်ပုံ ၃၉၅/၃၀)ဟင်သည် **ထမင်သည် အမဲသည်နှင့်ကွမ်သည်**များလည်း လိုအံ့ဟု လှူလာပါသည်(ပုံ ၃၉၁/၃၀-၄)။ နရသိင်္ဃဥစ္စနာ၏ မိဖုရားစောက အေဒီ ၁၂၄၁-ခုတွင်—

> ပရိက္ခာရာ။ အောက်ပုဏ္ဏသင်ကန်တာဝ်တုယင် ၁။ တန်ချတ်။ အထက် ပုဏ္ဏသင်ကန်တာဝ်တန်ကျတ်ရိယ် ၁။ ရှုယ်သလဝန် ၁။ ဌမ်ရာတာဝ်နက် ပူစင်တံတိုင် ၁။ ခံတင်မွန် ၁။ ခင်နှိဥ်အစုံ။ ကွံချပ် ၁ ကြိယ် ဆီမီတိုင်ကြိယ်ပြတိုဝ်အံ။ ကြိယ်ကြာကြီ ၁။ ခေါင်လောင်ဆွယ်သောဆင်ကြာ ၁။ ရှုယ်သဖိတ် ငုယ်သပိတ်ကြိယ်ပွယ် ၂ ခု။ လင်ပန် ၂ ခွင်ခွက် ၅ အုပ်။ စလောင်ကြီ ၁။ နရည်စရာဂခွပ် နောင်နင် ၉ ခွပ်။ ခွက်ခွင်သုံဆူချူ ၃ ဆူ။....။ပရိက္ခာရာကာရှုယ်သလဝန်ကြီမျက်ခတ် ၁။ ပြတိုဝ် ၁။ ကြိယ်ကြာ။ ခွက်ခြိယ်လင်ပန်နှစ်ခွင်။ ခွက် ၅ အုပ်။ စာလောင်။ (ပုံ ၁၃၈/၁၅၊၁၇၊၂၀-၁)

စသော ပရိက္ခာရာနှင့်တကွ နေ့စဉ်သုံးပစ္စည်း အတန်ငယ်ပြည့်စုံအောင် ဘုရားတွင် လှူလိုက်၏။ အသက်ထင်ရှားရှိသူတဦးကို ပြုစုယုယသည့် နည်းမျိုးကား မြန်မာနိုင်ငံ၌ ယနေ့တိုင် ရှိနေပါသေးသည်။

အလှူဒါနပြုသူ အများစုသည် မည်သို့မျှ အထူးကန့်သတ်ချက်မပါဘဲ နိဗ္ဗာန်ရလို၏ ဟူ၍သာ ဆုတောင်းကြ၍ ရည်ရွယ်ချက် ကြီးသူများသာလျှင် ဘုရားဆုပန်ကြောင်း အထက်က ဖော်ပြခဲ့ပါသည်။ ထိလိုင်မင်(မကပ ၁၊၂၊ ကျောက်စာအမှတ် ၁၊ဃ/၁၅-၁၇)ကစ၍ စည်သူ ၄(ပုံ ၁၊ အပိုဒ် ၃၁-၂)၊ နာတောင်မျာ(ပုံ ၃၁/၁-၃)စသဖြင့် မင်းအဆက်ဆက်လည်း ဘုရားဆု ပန်ကြ၏။ မိမိကိုယ်ကို ပုဏ္ဏလောင်(ပုံ ၃၆/၃)ဟု ကြေညာ၏၊ ပုဏ္ဏရှင်တစ် ဟု အခေါ်ခံ၏။ အချို့ အမတ်ကြီး(ပုံ ၁၀ က/၂-၄၊ ပုံ ၇၃/၅-၆)နှင့် အချို့ဆရာတော်(ပုံ ၁၄၀ ခ/၂၂-၃)တို့လည်း ဘုရားဆုပန်သည်။ ယင်းသို့ ဘုရားဆုပန်လျှင် မေတ္တေယျ ဘုရားပွင့်လျှင် တွေ့ဆုံ၍ ဗျာဒိတ်စကား ကြားလိုကြသဖြင့် ဗျာဒိတ်ခံရပါလို၏ဟူ၍လည်း ဆုတောင်းကြ၏(ပုံ ဂ က/၅-ဂ)။ပါရမီ(ပုံ ၂၁/၁၇-၁၉) ဖြည့်ရမည်ဟု နားလည်၏။ ပါရမီဆယ်ပါးဟူသည် နိကာယ လေးကျမ်းတွင် မပါသဖြင့် နောက်မှ ထွင်သည်ဟု ယူဆသူများရှိပါသည် (ဒဗလျူဂိုင်ဂျာ၊မဟာဝံသ စာမျက်နှာ ၂၊ မှတ်ချက် ၁-ကြည့်)။ သို့သော် ပုဂံခေတ်က ပါရမီ ဆယ်ပါးဟု သုံးစွဲလျက်ရှိပါပြီ(ပုံ ၂၇၃/၃၄၊ပုံ ၃၉၀/၂၊ပုံ ၄၁၃/၂)။ အေဒီ ၁၁၉၇-ခုကျောက်စာအရ ပါရမီဖြည့်ကျင့်ရမည့်ကာလမှာ လေးအသင်္ချေယျ(၁၀၀၀၀၀၀၀၀[10] သို့မဟုတ် ၁-ဂဏန်းနှင့် သုညအလုံး ၁၄၀)နှင့် ကပ္ပ(ကမ္ဘာ)တရာ (ပုံ ၁၅/၄-၆)ကြာမည်ဟု သိကြ

၏။ ကမ္ဘာဆိုသည်မှာ ကမ္ဘာ တကမ္ဘာ တည်နေသည့်အချိန်ကာလကို ဆိုလိုသည်။ **သိစပ်မြင်နှမ်** (သဗ္ဗညုတဉာဏ၊ ပုံ ၇၃/၅-၆)ဟု ဆိုရလောက်သော ကြီးသော ဘုရားဉာဏ်ကိုရရန် ထိုမျှ ကြာသင့်လှပေသည်။ အမျိုးသမီး ဘုရားမရှိဘူးသဖြင့် အမျိုးသမီးတို့ ဘုရားဆုပန်လိုလျှင် ပထမယောကျ်ားဆုပန်ရချေမည်။ အမျိုးသမီးတဦးသည် အေဒီ ၁၂၆၀-က ဘုရားဆုပန်မိ၏(ပုံ ၁၉၄/၆)၊ နောက်မှ မိမိအမှားကို သတိရသဖြင့် အေဒီ ၁၂၆၅-ခုဌ် ယောကျ်ားဆုပန်၍ ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်သည့် ယောကျ်ားမြတ် ဖြစ်လိုကြောင်း အသေအခြာထည့်၍ ဆုတောင်းလိုက်သည်(ပုံ ၂၄၉/၈)။

ယခုအခါဘုရားစေတီ သို့မဟုတ် ဘုရားရုပ်ထုတည်ဆောက်ထုလုပ်၍ပြီးလျှင် **အနေကဇာ**မတင်လျှင် မဖြစ်ဟု မြန်မာအများ စွဲမှတ်လျက် ရှိကြပါသည်။ **အနေကဇာ** မတင်ရသေးလျှင် အုတ်ပုံကျောက်တုံးဟူ၍ ယူဆဖွယ်သာရှိ၏ဟု ထင်ကြသည်။ **အနေကဇာ** တင်သည်မှာလည်း ခဲခက်လှသည် မဟုတ်ပါ။ ရဟန်းတော်အတန်ငယ်စု၍ ဓမ္မပဒ မှ ဂါထာအမှတ် ၁၅၃၊၁၅၄-ကိုရွတ်ကြရလျှင် ပြီး၏။ ထိုဂါထာများကား ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ရလျှင် ရခြင်း မှတ်ဆိုသောဂါထာများဟု ယုံကြည်ကြသဖြင့် ကျောက်ဆင်းထုကိုယ်စား ရဟန်းများက ရွတ်ကြခြင်း ဖြစ်သည်။ ပုကံခေတ် ကျောက်စာတို့၌ **အနေကဇာ** ပွဲအကြောင်းကို တကြိမ်တခါမျှ မတွေ့ဘူးချေ။

ပုကံခေတ်မြန်မာတို့သည် ဗုဒ္ဓဝင်နှင့်တကွ ဗုဒ္ဓဒေသနာကို ကောင်းစွာ နားလည်ကြသော်လည်း လူမျိုးစရိုက်နှင့် ဆီလျော်အောင် အသင့်အတင့် ပြုပြင်ကြသည်ဟုဆိုက များစွာ မှားမည်မထင်ချေ။ ဖြည့်ကျင့်ရန် ပါရမီ တို့တွင် ဒါနပါရမီက ပို၍ လွယ်ဟန်ရှိသဖြင့် အလှူအတန်း ပြုသည်များ၏။ စိုက်ခင်း ပျိုးခင်းများစွာကို သာသနာမြေအဖြစ်ဖြင့် လှူကြရာဝယ် သာသနာမြေမှ အခွန် အခ မရသဖြင့် မင်းဘဏ္ဍာထိခိုက်လာသောကြောင့် အေဒီ ၁၂၃၅-ခုတွင် ဘုရင် ကလစွာ က စုံစမ်းရေးခြောက်ဦးအဖွဲ့ဖွဲ့၍ သာသနာမြေအချို့ကို စစ်ဆေးလျက် အထောက်အထားနဲသောမြေကို မင်း၏ဘဏ္ဍာအဖြစ်ဖြင့် သိမ်းလိုကြောင်း သိရပါသည်(ပုံ ၉၀/၁၅-၁၆၊ပုံ ၂၃၁ ခ/၆)။ဤသည်တို့ကား ဘုရားနှင့် ဘုရားသာသနာနှင့်ပတ်သက်သော ပုကံခေတ်အယူအဆများ ဖြစ်ပါသည်။

တြ၂ာ ဟူသည် နည်းလမ်း စည်းကမ်းဟု အဓိပ္ပါယ်ရှိသောကြောင့် ဗုဒ္ဓတရားမျှကိုသာရည်ညွှန်းသည် မဟုတ်ချေ။ ကိုယ်ကျင့်တရား၊ ဥပဒေတရားနှင့် ဓမ္မတရားဟူ၍ ထုံးနည်းအားလုံးနှင့် ဆိုင်သောဝေါဟာရဖြစ်သောကြောင့် လူမျိုး၏ဓလေ့၊နေ့စဉ်လိုက်နာအပ်သည့် လောကီ လောကုတ္တရာ ထုံးနည်းအားလုံး အကြုံးဝင်သည့် သက္ကတဘာသာတွင် သုံးစွဲသော ဓမ် သဘောအတိုင်းပင် ဖြစ်ပါသည်။ ပုကံခေတ်က တြ၂ာ ဟူသည် တိပိဋက(ပုံ ၂၇/၁၈)ကိုရင်း၊ ရဟန်းတို့ပဟာစာ(ပုံ ၁၇/၃၊၅၊၉)ကိုရင်း၊ ရုံးတော်၌ ပြိုင်ဆိုင်ရသည်(ပုံ ၇၄/၁၃)ကိုရင်း၊ ပြိုင်ဆိုင်ခြင်းကို ကြားနာစစ်ဆေးသူ(ပုံ ၁၄၁ က/၃) ကိုရင်း၊ မည်သူမှ မလွန်ဆန်နိုင်သော သေခြင်းကဲ့သို့သော သဘာဝသဘောတရား(ပုံ ၉၂ ခ/၁၀) ကိုရင်း ဆိုလိုသည်။ထို့ကြောင့် ခိုစ်တြ၂ာ(ပုံ ၁၄၁ က/၁၄)ခေါ် ခိုးမှုမှ အလွတ်တြ၂ာ´ပုံ ၂၁၆/၁၅) ခေါ် နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းအထိ ထုံးနည်းဥပဒေ အလေ့အလာတို့ကို တြ၂ာ ဟုခေါ်ကြ၏။ ဤမျှ အသုံးဝင်သော ဝေါဟာရ၏ အရင်းအမြစ်ကို မသိပါ။ သက္ကတတွင်တွေ့ရသော တရားဥပဒေအနက်ရသည် ဇိတ မှ အုံချော်၍ တရားဖြစ်လာလေသလောဟု တွေးထင်ဖွယ်ရှိ၏။ တိုင်းရင်းသားစကားမဟုတ်သည့်အတူတူ၊ ဓမ္မကိုပင်ယူ၍သုံးက ပို၍ လွယ်ကူဖွယ်ရှိပါသည်။

စင်စစ်အားဖြင့် ရှေးမွန်တို့က ဓမ် (မကပ၊ ၁၊၂၊ ကျောက်စာအမှတ် ၁၊ စ/၂၈)ဟု တိုက်ရိုက်ယူ၍ သုံးသော်လည်း မြန်မာဘာသာနှင့် ကျောက်စာ ရေးထိုးလာသောအခါ၌ ဗုဒ္ဓ ဓမ္မ သံဃ ဟူသော အတွဲမှာ ပုဇ္ဇာတြျာသင်္ဃာ(ပုံ ၁၃/၃)ဖြစ်၍ လာပါသည်။ ထို့ကြောင့် တြျာ ဟူသည် ဓမ္မ အစားသုံးသောစကားဖြစ်ကြောင်းသိရပါသည်။သို့သော် ဓမ္မသတ္တဟူသော တရားမဲ့ဥပဒေကိုမြန်မာက စကားလုံးအသစ်မရှာဘဲ ဓမ္မသတ်(ပုံ ၁၇၄/၁၄)ဟု တိုက်ရိုက်ယူငင်သုံးစွဲသည်မှာ ချွင်းချက်ဖြစ်ပါသည်။တိုင်းပြည်ကိုအုပ်ချုပ်သော မင်တွင် တြျာကို ရှေ့မှသော်ငင်း နောက်မှသော်ငင်း တွဲဖက်လိုက်ခြင်းဖြင့် မင်တြျာ(ပုံ၁၄၁ က/၁၀)သို့မဟုတ် တြျာမင်(ပုံ၉၆/၅)ဖြစ်၍လာသောအခါတွင်တြျာမှာ သက္ကတ၌တွေ့ရသော ကာကွယ်စောင့်ရှောက်သူဟု အနက်ရသည့် တြာ မှ ဆင်းသက်လာလေသလော ဟု ဆက်စပ်၍ ပေးလိုစိတ်ပင် ပေါ်မိပါသည်။ သို့သော် တြျာမင်မှာ ဓမ္မရာဇာ(မကပ ၁၊၂၊ ကျောက်စာအမှတ် ၁၊ဆ/၃၊၄၊၂၂)ကို တိုက်ရိုက်ဘာသာပြန်ခြင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓဝါဒနှင့် ပတ်သက်၍ကား တြျာ ဟူသည် **တိပိဋကတ်** ကို ဆိုလို၍ များပြားသော အရေအတွက်ကို ညွှန်းလိုသဖြင့် အပုံ(ပုံ ၇၃/၁၈)နှင့်တွဲဖက်၍ သုံးတတ်၏။ထို့ကြောင့် **ပိဋကတ်သုံးပုံသော** တြျာအပုံ(ပုံ ၁၉၄/၁၄)ဟူသော စကားစုပေါ်လာရပါသည်။ ဘုန်းကြီးကျောင်းများ၌ ပိဋကတ်သုံးပုံစလုံးကိုပင် လှူသူများရှိ၏(ပုံ ၇၃)။ သို့သော် ပိဋကတ်ကို ဘုန်းကြီးကျောင်း၌သာ ထားသည် မဟုတ်ပါ။ **ထိလိုင်မင်** က အေဒီ ၁၁၀၂-ခုတွင် နန်းတော်သစ်ဆောက်ရာ၌ ဗုဒ္ဓရုပ်ထုနှင့်အတူ ပိဋကတ်ကို အဆောင်သက်သက်နှင့်ထားသည်ဟု မှတ်တမ်းထားရစ်၏(**မကပ** ၃၊၁၊ ကျောက်စာအမှတ် ၁၁ က/၃၁-၂)။မင်းကြီးအမိန့်ဖြင့် ပိဋကတ်ကိုရေးကူးရာ၌ မှန်ကန် ကျနအောင် စစ်ဆေးတိုက်ဆိုင်၍ ကူးရသည်ဟု ဆိုပါသည်(**မကပ** ၃၊၁၊ ကျောက်စာအမှတ် ၈ က/၃)။ **စတုရင်္ဂပစ္စယ** အမည်ရှိသော အမတ်ကြီးမှာ ပိဋကတ်သုံးပုံကို ကောင်းစွာ တတ်ကျွမ်းသည်ဟု သိရ၏(ပုံ ၂၈၉/၃)။ ထိုသူမျိုး၏ အိမ်၌လည်း ပိဋကတ်ရှိကောင်းသည်။ သို့သော် ပိဋကတ်သုံးပုံပါသော တစုံ၏တန်ဘိုးကား မသေးချေ။ငွေသားကျပ် ၃၀၀၀-ကျသည်ဟု အေဒီ ၁၂၇၃-ခုနှစ်ကျောက်စာတခု၌တွေ့ရ၏(ပုံ၂၄၃/၁၄)။ မြေတပယ်(၁.၇၇ ဧကေ)ကို ငွေတကျပ်နှင့် ဝယ်၍ရသောကာလ(ပုံ ၁၆၂/၂၈၊၃၂)ဖြစ်ခြင်းကြောင့် ပိဋကတ်တစုံအတွက် ကုန်ကျငွေ ၃၀၀၀ နှင့် မြေဧက ၅၃၁၀ ရှိသော မြေကွက်ကို ဝယ်ယူနိုင်ပါသည်။ ပိဋကတ်ကို ရေးကူးရာ၌ ပေပေါ်တွင် ကညစ်တင်၍ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ (ပုံ ၂၂၀/၇) ကုန်အောင် ရေးရလျက် ထိုခေတ်က စာရေးနည်းပညာ ပေါ်စဖြစ်သောကြောင့် လက်ရေးကောင်းသော စာရေး ရှားမည် ဖြစ်သဖြင့် ပိဋကတ် တစုံ၏ တန်ဘိုးမှာ ဤမျှ ကြီးနေခြင်းဖြစ်မည်။ ရဟန်းကျောင်းတိုက်အတွင်း၌ ပိဋကတ် ထားစရာ အဆောင်သပ်သပ် ရှိတတ်၍ (ပုံ ၂၂၄/၈) ပိဋကတ်ကိုလည်း ရှယ်တလာ (ပုံ ၂၄၇/၁၀)နှင့် ထည့်ထားမြဲဖြစ်သည်။ တန်ခိုးကြီးလှသောကြောင့် ပိဋကဒါယကာ(ပုံ ၂၆၄/၄)တိုင်း တစုံလုံးပြည့်အောင် မလှူနိုင်ပါ။ များသော အားဖြင့် မိမိတို့လှူမည့် ကျောင်းတိုက်၌ လိုနေမည့်ကျမ်းမျိုးကိုသာ ကြိုတင်မေး၍ လှူကြဟန် ရှိပါသည်။ အေဒီ ၁၂၂၃ ခုရက်စွဲပါသော ကျောက်စာတခု၌ ပိဋကတ် အလှူစာရင်းပါ၏ (စာရင်း ၁၈၇)။ သီဟိုဠ်ကျမ်းများဖြစ်သော **မဟာဝံသ၊ ထူပါဝံသ** နှင့် **အနာဂတဝံသ**တို့ကိုလည်း အရေးတယူဖတ်ကြသည်ဟုသိရသည်။ ဒါယက အချို့က ဝိနယ (ပုံ ၃၇၂/၄၂)ကိုသာ လှူလေ့ရှိ၏။ ရဟန်းဦးရေ များလာသဖြင့် ရဟန်း

ဥပဒေကို လေ့လာသူများသဖြင့် သို့မဟုတ် ရဟန်း ဥပဒေကို မထေ မဲ့မြင် အပြုများလာကြသဖြင့် ပို၍ လေ့လာစေလိုသောကြောင့် ဝိနယ ကိုသာကွက်၍ လှူကြဟန် ရှိပါသည်။ အချို့ ဒါယက က လည်း **အဘိဓမ္မာ** (ပုံ ၂၄၂/၂၇) ကို ဗုဒ္ဓဝါဒ၏ အဆီအနှစ် ဖြစ်သည်ဟူ၍ အမွန်တမြတ် လှူလေ့ ရှိပါသည်။

ပိဋကတ်တိုက်များမှာ စာသင်တိုက်နှင့် တွဲဖက်နေလေ့ ရှိ၏။ ရဟန်းငယ်များသည် ပရိယတ္တိ (စာပေကျမ်းဂန်သင်ခြင်း၊ ပုံ ၂၇၅/၂၆)ဖြင့်သာ အချိန်ကုန်ကြရ၏။ထို့ကြောင့် ထိုသူတို့ကို **စာသင်** (ပုံ ၈၅/၂၅)ဟု ခေါ်၍ သင်ကြား ပို့ချသော နေရာကို **စာသင်တိုက်** (ပုံ ၁၃၈/၂၃) သို့မဟုတ် **စာသင်ကျောင်း** (ပုံ ၁၀၅ က/၁၂)ဟု ခေါ်ပါသည်။ ထိုကျောင်းမျိုး၌ နေသူများမှာ စားသောက် နေထိုင်ရေးအတွက် စရိတ်မကုန်(ပုံ ၈၅/၂၅)။ အချို့ကျောင်း၌ စာသင်နှစ်ယောက်(ပုံ ၁၉၅ ခ/၈) မျှသာရှိသော်လည်း အချို့ကျောင်းတိုက်တွင် စာသင်များနေရန် ကျောင်းဆောင်နှစ်ဆယ်(ပုံ ၁၅၂/ ၆)အထိ ရှိပါသည်။ စာရေးရန်ကရိယာ အဖြစ်ဖြင့် တာရှည်ခံရန် ပိယ်(ပုံ ၂၃၅/၃၈) သို့မဟုတ် **ထန်းရွက်** (၄၁၇/၆)ကိုသုံး၍ ကညစ်ခေါ် သံချွန်နှင့်ရေးခြစ်ရ၏။ ရေးပြီး ပိယ်ကို လက်ပ(၄၁၇/ ၆)သားကိုလုပ်သော ကွမ် (ပုံ ၂၀.၈/၁၉)နှင့်ညှပ်၍**စာတိုက်**(ပုံ ၁၆၄/၄၁)တွင်ထည့်၍ သိမ်းသည်။ တင့်တယ်လှပအောင် မွန်းမံထားသော **စာတိုက်** တလုံးလျှင်ငွေ ၂၁၅-ကျပ်မျှတန်၏ (ပုံ၁၆၄/၄၁)။ သာမညရေးမှတ်လိုလျှင် **ပရဗိုက်** (ပုံ ၃၁၀ ခ/၃၀-၂)ကို သုံး၏။ **ကံကူတံကွေည်** (ပုံ ၂၁၀ ခ/၃၀-၂) ခေါ်သော ကျည်ထောက်တွင် ထည့်ထားလေ့ ရှိသော **ကံ့ကူဆာန်** (ပုံ ၃၁၀ ခ/၃၀-၂)နှင့် ရေးရ သည်။ လေ့ကျင့်ခန်း အတွက် **သင်ဖုန်** (ပုံ ၃၁၀ က/၂၇-၉) တွင် **မွိယ်ဗ္လူ** (ပုံ ၃၁၀ ခ/၂၇-၉) နှင့် ရေး၏။

ပိဋကတ်တိုက် ဆောက်ပြီးလျှင် ဒါယက လုပ်သူသည် အဆောက် အအုံကို ထိန်းသိမ်းရန် အစောင့်အရှောက်ထားခြင်း၊ ကျမ်းများ မပျက်စီးရ လေအောင် သိမ်းဆည်းခြင်းနှင့် ကျမ်းအသစ် အသစ်ရှာဖွေ၍ နောက်ထပ်လှူတမ်းခြင်းများ ပြုမြဲဖြစ်ပါသည်။ ယင်းတာဝန်မျိုးကို **တြျာဝတ်** (ပုံ ၄၂/၂၈)ဟုခေါ်၏။ **တြျာဝတ်** အတွက် လှူဒါန်းဖွယ် အမျိုးမျိုး လှူရာဝယ် လယ်(ပုံ ၂၃/၃၃)၊ ကျွန် (ပုံ ၁၂၂က/၆၊၁၃)၊ **စာရိယ်** (ပုံ ၄၂/၂၈)၊ ဆင် (ပုံ ၁၈၂/၁၅)၊ **ဖိယ်** (ပုံ ၂၀၂/၃) နှင့်နှမ်း (ပုံ ၃၉၃/၂၂)စသည်တို့ ပါဝင်၏။ ထို့ပြင် ဘုရားနှင့် သံဃာကို ဆွမ်းကပ်သလို တရားကိုလည်း ဆွမ်းကပ်ကြပါသည် (ပုံ ၂၈၉/၁၇)။

ရဟန်းတို့ဟောပြောချက်ကိုလည်း တြျာဟု ခေါ်ကြောင်း အထက်က ရေးခဲ့ပါသည်။ စင် စစ်အားဖြင့် ဘုရားကိုယ်တော်မြတ်၏ အဆုံးအမတို့ တဆင့်ပြန်၍ ပြောဟောခြင်း ဖြစ်သောကြောင့် တြျာဟု ခေါ်ဆိုထိုက်လှသည်။ **တြျာဟဝ်** (ပုံ ၂၇/၁၂)ရာသို့ လူအများလာ၍ **တြျာနာ** (ပုံ ၁၉/ ၃၊၅၊၉) ကြ၏၊ ဟောပြောသော ရဟန်းကို အားလုံးက ဝိုင်း၍ အလှူ ပစ္စည်း ဆက်ကပ် သည်ကို တြျာဆု (ပုံ ၃၆/၂၃)ဟု ခေါ်ပါသည်။ ကွမ်းသီး (ပုံ ၃၂/၂၃)၊ ပုဆိုး (ပုံ ၂၇၅/၂၂)၊ စပါး (ပုံ ၁၃၈/၂၇)မှ အစလယ် (ပုံ ၄၂/၂၁-၂) အထိ တြျာဆု ရကြ၏။ များသောအားဖြင့် **ဝါ** (ပုံ ၁၃၈/၂၁)တွင်း၌ **သတင်** (ပုံ ၃၆/၂၃)တိုင်း **တြျာဟဝ်**၍ အချို့ကျောင်းတိုက်တွင် နံနက်အကြိမ်

ညတကြိမ်အားဖြင့် သတင်းတနေ့လျှင် နှစ်ကြိမ်ဟောပြောကြသည်(ပုံ ၂၇၅/၂၂)ဟု သိရပါသည်။ ကျောင်းတိုက်ကြီးများ၌ တြၖာဟာဝ်ရန် အဆောက်အအုံ သီးခြားရှိတတ်၍ ထိုနေရာကို **ဓမ္မသာ**(ပုံ ၇၅/၁၉)သို့မဟုတ် တြၖာဇ္ဇမ်(ပုံ ၁၅၂/၅)သို့မဟုတ် တြၖာကျောင်း(ပုံ ၆၈/၃)ဟု အမျိုးမျိုး ခေါ်ကြ၏။ ဟောပြောသောဆရာအတွက် သီးသန့်နေရာဖြစ်စေရန် တြၖာပန်လင်(ပုံ ၁၀၅ က/၈) ဆောက်၍ တခါတရံ ရွှေချထားသေး၏။ ရွှေထီးမိုးခြင်း၊ ပိတန်ကြက်ခြင်း(ပုံ ၇၃/၁၉)လည်း ပြုသေး၏။ များသောအားဖြင့် **ဓမ္မစကြာ**(ပုံ ၆/၆)၊ **ပဋိစ္စသမုပ္ပါဒ**(ပုံ ၆/၇)၊ **ရထဝိနီတသုတ္တ** (ပုံ ၃၉၆ ခ/၁)၊နှင့် **သတိပဋ္ဌာနသုတ္တ**(ပုံ ၅၃/၁၈)တို့ကို ဟောလေ့ရှိပါသည်။ ဤနည်းဖြင့် နားထောင်သူတို့ **ပဋိသမ္ဘိဒါ**(ခွဲခြမ်း ဝေဖန်၍ သိတတ်သောဉာဏ်၊ (ပုံ ၁၉၇/၁၂)ပွင့်လင်း၍ **သစ္စာ** (ပုံ ၃၉၀/၅)လေးပါးထင်ခါ မေတ္တေယဘုရားပွင့်လျှင် အရဟတ္တဖိုလ် တည်းဟူသော အဖ္လွတ်တြၖာ (ပုံ ၂၁၆/၁၅)ရ၍ နိဗ္ဗာန်ကူးရမည်ဟု ထင်မြင်ကြ၏။ ယခုခေတ်မြန်မာနိုင်ငံမှာကဲ့သို့ပင် ဟောပြောသူက ဇာတ်တော်များကို မကြာခဏ ကိုးကားပြောဆိုလေ့ရှိရာ ပုံနားထောင်၍ကောင်းသဖြင့် တရားပွဲသို့ လာသူလည်း အများပင် ရှိကြချေမည်။ ဇာတ်ဝတ္ထုများ၌ အကျင့်စာရိတ္တနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ သင်ခန်းစာများ ပါတတ်သဖြင့် လူတို့ယဉ်ကျေးအောင် ဆိုဆုံးမရန် အထူးသင့်တော်၏။ ထို့ကြောင့် ကျောင်း ဘုရားဂူနံရံများ၌ ဇာတ်တော်ကို ဆေးဖြင့်တင့်တယ်အောင် ရောင်စုံဆေးရေးချယ်(ပုံ ၁၀၅ က/၆၊ ပုံ ၂၄၈/၁၈)ခြင်းမှာ (၁) အလှအပကိုရည်၍ တန်ဆာဆင်ခြင်းနှင့် (၂) စာမတတ်သူကို ဗုဒ္ဓဝါဒ တစိတ်တဒေသကိုမြင်ရလေအောင် ညွှန်းခြင်းပင် ဖြစ်ပါတော့သည်။ ဤတွင် ဟောကြားသော အကြောင်းအရာများတွင် အနက်ဖေါ်ရန် အတန်ငယ်ခက်သော အမည်နှစ်မျိုးကို အေဒီ ၁၂၀၁-ခုနှစ် ကျောက်စာတခု၌ တွေ့ရပါသည်။ ယင်းကား **မာလည်နှင့် ပိသမန်တြ**(ပုံ ၂၂/၆။ ပုံ ၃၀၈/၂၅)ဖြစ်၏။ **မာလည်**မှာ သီဟိုဠ်မှ သျှင်မာလဲနှင့် မေတ္တေယဘုရားလောင်း နတ်သားတို့ တွေ့ဆုံကြစဉ်က နတ်သားက မိမိဘုရားဖြစ်သောအခါတွင် ဖူးမြင်လိုလျှင် တန်ဆောင်မုန်းလပြည့်နေ့တိုင်း လှော်ကားလှေနှင့် ဆီမီးတထောင် ပူဇော်ရန်နှင့် ဝေဿန္တရာဇာတ်နာရန် မှာလိုက်ကြောင်းကို ရသဝါဟိနီ ကျမ်းတွင် ပါသည့်အတိုင်း ပြန်လည် ဟောပြောခြင်းဖြစ်မည်ဟု ထင်သည်။ ထိုသို့ဖြစ်လျှင် ပိသမန်တြသည် ဝေဿန္တရာဇာတ် ဖြစ်ရာအံ့လောဟု တွေးစရာရှိပါသည်။ အန္တရာယ်ကင်းရန်ဟု **ပရိတ္တ** ရွတ်ကြသည်ဟုလည်း သိရ၍ အေဒီ ၁၁၀၂-ခုတွင် ထိ**လိုင်မင်** နန်းတော်သစ် ဆောက်စဉ်က ရဟန်း ၄၁၀၈-ပါးပင့်၍ ပရိတ်ရွတ်ကြောင်း မှတ်တမ်းရှိပါသည်(**မကပ** ၃၊၁၊ ကျောက်စာအမှတ် ၁၁ က/၂၁-၇၊ စာမျက်နှာ ၃၇)။ **သိဃ်သူရ** သည် အေဒီ ၁၁၉၀-ခုနှစ်က ဘုရားဌာပနာစဉ် ရဟန်းများပင့်၍ ပရိတ်ရွတ်သည်(ပုံ ၁၀ က/၇)။အေဒီ ၁၂၆၁ ခုတွင် **အာစဝ်လတ်**မင်းသမီး ဘုရားဌာပနာစဉ်ကလည်း ဘိက္ခု ၇-ပါး၊ ဘိက္ခုနီ ၁-ပါးပင့်၍ ပရိတ်ရွတ်စေခဲ့၏ (ပုံ ၂၀၀/၁၂၊၁၄)။

အမှုစစ်ဆေးသူနှင့် အမှုကိစ္စကိုလည်း တြၖာ ဟု ခေါ်ကြောင်း ပုဂံခေတ် တရားဥပဒေ အခန်းတွင် အသေးစိတ်ရေးပြီးဖြစ်၍ ယခုထပ်လောင်း၍ မဖရေးတော့ပါ။

ရတနာသုံးပါးတွင် နောက်ဆုံးအမျိုးမှာ သဃ်ာ ဖြစ်၏။ ပုဂ္ဂိုလ်အများ၏ အဖွဲ့အစည်းဟု အဓိပ္ပါယ်ရသော ပါဠိဝေါဟာရ သံဃ ပင်ဖြစ်ရာ ပျူက သဃာ(ပုံ ၃၆၃ က/၁၇)၊ မွန်က သဃ်ာ

(**မဟာပ** ၃၊၁၊အမှတ် ၁၁ က/၆)ဟု ခေါ်ဝေါ်သည်များနှင့် အတူတူပင်ဖြစ်၏။ အကြမ်းအားဖြင့် (၁) **ကြွောင်နီယ်သောသင်္ကာ**(ပုံ ၁၀ က/၂၇)နှင့် (၂) **တစ်မွတ်ကြီ**(ပုံ ၂၀၈/၁၇) သို့မဟုတ် **တစ်သွိင်**(ပုံ၂၂၃က/၈)သို့မဟုတ် **တစ်ကြွောင်သင်္ကာ**(ပုံ၁ ၂၅/၁၆)ဟူ၍ ရဟန်းနှစ်မျိုးရှိနေပါသည်။ တောကျောင်းရဟန်းကို **အရညဝါသိ**(ပုံ၄၀/၄)ဟူ၍၎င်း **အရည်**(ပုံ၄၀/၄)ဟူ၍၎င်း ခေါ်ပါသေးသည်။ အရည် ဟူသည် အရိယ၏အတိုခေါ်နည်းဖြစ်မည်၊သို့မဟုတ် အရညဝါသိ၏အတိုခေါ်နည်းဖြစ်မည်ဟု နှစ်စွန်းထွက်ကြံဆကြရာ **ဝိနယ**မှ ဝိနည်းဖြစ်ဟန်မျိုးနှင့်ယှဉ်၍ကြည့်လျှင် **အရိယ**မှ **အရည်း** ဖြစ်ရန်များ၏။ သို့သော် ယခုလေ့လာဆဲ ပုဂံခေတ်တွင် တောကျောင်းရဟန်းအများ ရှိနေ၍ ထိုပုဂ္ဂိုလ်များကို အရညဝါသိ သို့မဟုတ် အရည် ဟု ခေါ်ကြောင်းတွေ့ရပါသဖြင့် အရည်မှာ အရညဝါသိနှင့် ပို၍နီးစပ်သည်ဟု ဆိုခြင်ပါသည်။ မင်းသား စိုးသားကို သွိင်တပ်၍ ခေါ်ပုံမျိုးအတိုင်း ရဟန်းကိုလည်း လူအများက သွိင်(ပုံ ၉၄ က/၁၆)တပ်၍ ခေါ်လေ့ရှိသဖြင့် များစွာကြည်ညိုလေးစားခြင်း ခံရသူများဖြစ်ကြောင်း သိရ၏။ သို့သော် ရာထူး ရာခံရှိသော သွိင်နှင့်ကွဲပြားစေရန် တခါတရံ **သည်ခံသော** သွိင်(ပုံ ၇၃/၃၀)၊ ငြိမ်နိယ်သောသွိင်(ပုံ ၃၈၅ က/၂)ဟူ၍ ခေါ်လေ့ရှိပါသည်။ ထို့ပြင် ရဟန်းတို့ကို ပုဏ္ဏသွိင်တပေသာအရိယာသင်္ကာ (ပုံ ၂၄၉/၂၄) ဟူ၍၎င်း **ပုဏ္ဏတပေအ်သာရဟန်သင်္ကာ** (ပုံ ၂၁၆/၅)ဟူ၍၎င်း ခေါ်ခြင်းဖြင့် ဗုဒ္ဓ၏သား၊ ဗုဒ္ဓ၏တပည့်၊ မှန်မြတ်သူများ၊ အရတတ္တဖိုလ်လမ်းကို သွားနေသူများဟု ရဟန်းတို့၏ သဘောအဓိပ္ပါယ်ကို ဖေါ်ခဲ့ကြပါသည်။ **တပေ**မှာ ပါဠိ **တပဿီ**၊ သက္ကတ **တပသွိန်**မှ လာသောစကားဖြစ်၍ မူရင်းအားဖြင့် ခြိုးခြံသော အကျင့်ရှိသူများဟု အဓိပ္ပါယ်ရပါသည်။ **တပေ** ကို **သာ** နှင့်တွဲဖက်၍ **တပေသာ**(တပည့်သား)ဟု ခေါ်ပြန်သဖြင့် ခြိုးခြံသည့် အကျင့်ရှိသော သားများအနေဖြင့် ဗုဒ္ဓက သိမ်းပိုက်သည့်သဘော ပါရှိ၏။ **တပေအ်သာကြီ** (ပုံ ၅၅၈ က/၇)မှာ အဂ္ဂသာဝကဖြစ်၍ **တပေအ်သာ**မှာ သာဝကဖြစ်သည်။ **အရိယသင်္ကာ**(ပုံ ၂၁/၁၃)၊ **ရဟန်သင်္ကာ**(ပုံ ၃၁/၁၉)ဟူသော အခေါ်များကလည်း ရဟန်းဟူသည် အရဟတ္တအစစ် မဖြစ်သေးသော်လည်း အစစ်နှင့်နီးပြီဟု မြှောက်စားခေါ်ဝေါ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် **သင်္ကာ** ဟု ခေါ်ရုံမျှဖြင့် အိမ်ရာထောင်ခြင်းမရှိ၊သန့်စင်၊မှန်မြတ်၊လိမ်မာ၍ ကြည်ညိုဖွယ်ရှိသူဟု ဆိုလို၏။ကျောက်စာတခု၌ **ထေရ**၏တာဝန်မှာ (၁) သာသနာမြေကို ထိမ်းရန် (၂) ကျောင်းဘုရားပျက်လျှင် ပြင်ရန်နှင့် (၃) စည်ပန်တျာကိုပြုစေရန်ဟု ဖတ်ရပါသည်(ပုံ ၁၉၅ က/၉-၁၀)။ ဘုရား၌ သီဆို ကခုန် တီးမှုတ်သူတို့ကို ထိန်း၍ တာဝန်ချထားပေးရမည်ဟု ဆိုလိုပါသည်။ နစ္စ၊ ကခြင်း။ ဂီတ၊ သီခြင်း။ ဝါဒိတ၊ တီးမှုတ်ခြင်းကို ရှောင်ရမည်ဟူသော ကန့်သတ်ချက်နှင့်မကိုက်ညီပေ။ သို့သော် ဤသို့ ချွင်းချက်ပြုရမည့် တာဝန်မျိုးကား နဲပါ၏။

ရဟန်းကိုခေါ်သော အခြားအမည်များ ရှိပါသေး၏။ ရှေးမွန်တို့က **သင်္ကာ** ကို **သင်**(**မကပ** ၁၊၂၊အမှတ် ၁၈/၄၃)၊အရိယကို **အရိယ်**(မကပ ၁၊၂၊အမှတ် ၁၉/၉)ဟုချုံ့၍ **သင်အရိယ်** ဟု ခေါ်တတ်၏။ မိမိတို့ ဘာသာစကားအတိုင်း ဂုံဣရ်(မကပ ၁၊၂၊အမှတ် ၁၈/၅၃)ဟူ၍လည်း ခေါ်ပါသည်။ ရှေးမြန်မာတို့ကလည်း **သင်္ကာ** ကို **သင်**(ပုံ ၄၀/၅)ဟူ၍၎င်း မဟာထေရကို **သင်ကြီ** (ပုံ ၆/၉)၊ ထေရကို **သင်လျှင်**(ပုံ ၁၁၃/၈)ဟူ၍၎င်း၊ သံဃာအများကို မွန်ကဲ့သို့ပင် **သင်အရျာ** (ပုံ ၂၈၅/၂၆)ဟုခေါ်၏။ ပျူက မဟာထေရကို တြးဗး( ၃၆၃ က/၁၄)ဟုခေါ်၏။ တောနေ

ရဟန်းကို **သင်အရည်** (ပုံ ၄၀/၅-၆) ဟုခေါ်သည်လည်းရှိ၏။ နောင်အခါတွင်သည့် ဘုန်းကြီးဟူ၍ မခေါ်သေး၊သို့သော် **ဖုန်သည်**(ပုံ ၁၁၈ ခ/၃)ဟူ၍ကား ခေါ်စပြုပါပြီ။ အရိယာနှင့်တွဲဖက်၍ **အရျာ သူတ်ကောင်**(ပုံ ၂၇၁/၄၈)ဟုခေါ်သေး၏။ **ရဟန်**(ပုံ ၃/၂၂) ဟူသော ဝေါဟာရမှာ **အရဟ** မှ လာသည်ဖြစ်၍ နိဗ္ဗာန်ပေါက်ရာလမ်းအဆင့်တွင် စတုတ္ထဆင့်ဖြစ်သော နောက်ဆုံးအံ့ဆင့်သို့ ရောက်နေသူကို ခေါ်ရန်ဖြစ်သော်လည်း ပုထုဇဉ်ကိုပင် ရဟန်းဟုခေါ်လျက် **အရဟ** အ စစ်ကိုမူ **ရဟန္တာ** (ပုံ ၁၀ ခ/၃၁)ဟုခေါ်ကြ၏။ ရဟန်းဖြစ်ရန်အခြေခံသင်တန်းတွင်ရှိနေသူကို **သမနိယ်**(ပုံ ၃၀၈/၃၃) ဟု ပါဠိ **သာမဏေရ** ကိုယူ၍ ခေါ်သည်။ ယခုခေတ် ခေါ်သော **ကိုရင်** သို့မဟုတ် **မောင်ရှင်** နှင့် အတူတူဖြစ်မည်။ သို့သော် ပုဂံခေတ်ကခေါ်သော **သျှင်**(ပုံ ၂၄၄/၂၀)သို့မဟုတ် **အသျှင်**(ပုံ ၃၆၈ က/၂) ကား လေးမြတ်ရသော အရှင်သခင်မျိုးပင် အနက်ရ၍ ရဟန်းကြီးကို ခေါ်ရလျက် ရဟန်း အချင်းချင်း စကားဆိုလျှင် တဦးကိုတဦး **ငါသျှင်**(ပုံ ၂၇၁/၁၆)ဟုခေါ်လေ့ရှိ၏။ တခါတရံ **ပန်စင်** (ပုံ ၄၁/၁၅) ဟု ခေါ်ကြောင်း တွေ့ရသော်လည်း ထိုဝေါဟာရမှာ အင်္ဂါ ါးပါးနှင့် ပြည့်စုံသဖြင့် ခေါ်သော ပဥ္စင်းနှင့် မဆိုင်ဟုထင်ပါသည်။

ထေရ်ကြီးဝါကြီးကို ခေါ်ရန် သီးခြား အခေါ်များရှိ၏။ **ဖုန်မ္လတ်သော** (ပုံ ၂၉/၇၊၁၈)၊ **မ္လတ်သော** (ပုံ ၈၄/၁၅)ဟူ၍ **ထေရ** (ပုံ ၁၂/၉)ကိုခေါ်၏။ **မ္လတ်စွာသော** (ပုံ ၂၆၁/၁၇)၊ **မ္လတ်ကြီ** (ပုံ ၁၀၂/၈)ဟူ၍ **သင်္ဃာထေရ** (ပုံ ၂၂/၁၁) ကို ခေါ်၏။ **မ္လတ်ကြီစွာ** (ပုံ ၁၂/၁၁)၊ **ဖုန်မ္လတ် ကြီစွာ** (ပုံ ၁၉၆/၂) ဟူ၍ **မဟာထေရ** (ပုံ ၃/၁)ကို ခေါ်ကြပါသည်။ **အာစရိယ** ဟူသော ပါဠိမှ ဆင်းသက်သည့် ဆြ၂ာ(ပုံ ၁၃/၃) ဟူသော အမည်ဖြင့်လည်း ရဟန်းကြီးကိုခေါ်သည်။ ထိုရဟန်းကို ကိုးကွယ်ဆည်းကပ်သူကိုစွဲ၍ **မင်ဆြ၂ာ**(ပုံ ၃၆/၁၀)၊ **စဝ်ပလယ်မယ်ဆြ၂ာ**(ပုံ ၂၄၆/၁၈)၊ **အမတ်ကြီ သိရိဝတ္ထနာဆြ၂ာ** (ပုံ ၂၄၄/၃၃)စသဖြင့် ခေါ်တတ်သည်။ ထို့ကြောင့် ဗုဒ္ဓမှာ **လူနတ်တကာဆြ၂ာ** (ပုံ ၂၃၂/၂)သို့မဟုတ် **သုံလုဆရျာ** (ပုံ ၃၈၈ ခ/၄) ဖြစ်လာရ၏။ ရတနာဥစ္စာ ိ မည်သော ရဟန်းကို **နတ်ဆရျာမ္လတ်စွာသောသ္ခိင်** (ပုံ ၃၆၆/၂၈) ဟု ခေါ်သည်မှာ မည်သို့သော အကြောင်းထူးရှိ၍ နတ်ဆရာ အခေါ်ခံလေသနည်းဟု သိရလျှင် ကောင်းပေမည်။ ထို့အတူ အခြား ရဟန်းတပါးကို **နတ်ထမင်ရသောသ္ခိင်ထမ်ပါ** (ပုံ ၂၂၈ ခ/၃၊၇)ဟု ခေါ်ဆူ မည်သို့သော အကြောင်းကြောင့် နတ် သုဒ္ဓါရောက်ရသနည်းဟု သိလိုလှပေသည်။ **ဆြ၂ာ** ဟူ၍ ဗြာဟ္မဏဖြစ်သော **ပုံနာ** (ပုံ ၁၀၂/၁၈)ကိုရင်း၊ **ဟုရာ** (ပုံ ၄၄ ခ/၁၆) ကိုရင်း ခေါ်သေး၏။ စာပေကျမ်းဂန် ကျွမ်းကျင်သော ရဟန်းကို **သုခမိန်** (ပုံ ၁၂၃/၁၅)ဟုခေါ်ပြန်သည်။ သို့သော် လူပညာရှိကိုလည်း **သုခမိန်**(ပုံ ၁၆၂/၉)ဟု ခေါ်တတ် ပါသည်။ အိမ်ထောင်ပြုပြီးမှ ရဟန်းမူ (ပုံ ၂၂၀/၉) သူကို **တောထွက်**(ပုံ ၂၅/၂)၊ ရဟန်းဘဝကို စွန့်သွားသူကို **လူထွက်** (ပုံ ၅၇၉/၁၈)ဟု ခေါ်ကြ၏။

ထင်ရှားသောရဟန်းကြီးတပါးတွင် **စာသင်**(ပုံ ၁၄၃က/၂၆)များစွာရှိတတ်သည်။ **ပရိယတ္တိ** (စာပေကျမ်းဂန်သင်ကြားခြင်း ပုံ ၂၇၅/၂၆)အားထုတ်ကြရန်ဖြစ်ပါသည်။ **ပဋိပတ္တိ**(တရားကျင့်ခြင်း ပုံ ၂၇၅/၂၇)သက်သက်လည်း ဆောင်ရွက်သူများရှိပေမည်။ **စာသင်** များစွာရှိသော ကျောင်းတိုက် ကြီးများ၌ ငွေရေးကြေးရေးဖူလုံအောင်လှူတန်းသူများရှိသောကြောင့် ဗုဒ္ဓတက္ကသိုလ်များဖြစ်လာကြ ရပါသည် (ပုံ ၁၅၂/၁-၁၀)။ စာသင်သားများ ထောက်ပံ့ရန် သက်သက် သီးသန့်၍ လယ်လှူသည်ကို တွေ့ရဘူးပါသည် (ပုံ ၈၅/၂၅)။ လူဝတ်ကြောင် ဖြစ်သော်လည်း သီတင်း သီလ မပြတ်စောင့်သူ

များ ရဟန်းကျောင်း၌ ရှိတတ်၏။ ထိုသူတို့ကို **ဥပါသက** (ပုံ ၂၉၇/၂၀) သို့မဟုတ် **သတင်သည်** (ပုံ ၉၄ က/၄၇)ဟူ၍ ခေါ်ပါသည်။ **စနေသတင်သည်ကျွောင်** (ပုံ ၉၄ က/၄၇)ဟု တွေ့ရဘူးသည်၊ မည်သည့်ဂိုဏ်းဝင် များဖြစ်မည်ဟု မသိချေ။ ထိုသူမျိုးမှာ ကျောင်း ဝေယျာဝစ္စကို ဆောင်ရွက်တတ်၏။ ကျောင်း၏ အထောက်အပံ့ ပစ္စည်းလှူသော ဒါယက (ပုံ ၄၄ ခ/၁၇)များလည်းဖြစ်၏။ ထေရကို ပြုစုသူကား **ကပ္ပိယ** (ပုံ ၁၀ က/၃၀)ပင် ဖြစ်သည်။ **ကျွောင်သည်** (ပုံ ၂၅၉/၃) ဟူ၍လည်းခေါ်ပေမည်။ ကျောင်းနေ **သင်္ဃာ** နှင့် အပြင် လူဝတ်ကြောင်တို့ ရောင်းဝယ်ခြင်း (ပုံ၁၆၂၊ ၁၆၃)၊ တရားတွေ့ခြင်း (ပုံ ၁၆၃) စသော လောကီဆန်သည့် အမှုကိစ္စ ပေါ်လျှင် **ကပ္ပိယ** က ဆောင်ရွက်ရ၏။ ရဟန်းတို့ မြေဝယ်သည့်မှတ်တမ်းများကို တွေ့ရဘူးပါသည်(ပုံ ၁၆၂)။ ထိုအခါ၌ **သံဃိကဥစ္စာ**(ပုံ ၁၆၂)ကို သုံးစွဲ၍ ဝယ်ရ၏။ ကျောင်းအမှုထမ်း ကျွန်များရှိတတ်သည်။ အချို့ ကျောင်းတွင် ကျွန် တယောက် နှစ်ယောက် (ပုံ ၂၀၈/၁၈) မျှသာ ရှိသော်လည်း အချို့တွင် ရွာလိုက်(ပုံ ၁၂၇ က/၃) ချီ၍ ကျောင်းကျွန်ရှိနေတတ်၏။ ကျောင်းကျွန်ကို **ထေရ** က အုပ်ချုပ်ရမြဲ (ပုံ၁၄၃ က/၂၆)ဖြစ်သော်လည်း တခါတရံ ရဟန်းတပါးပါးကို ထိုတာဝန်အပ်ထားလေ့(ပုံ ၁၃၉) ရှိသည်။ ကျောင်းကျွန်များ၏ တာဝန်မှာ သောက်သုံးရန် ရေသယ်ခြင်း၊ အမှိုက်လှဲခြင်း၊ အမှိုက်ကျုံးခြင်း (ပုံ ၁၈၆/၂၇-၈)၊ စပါးထောင်းခြင်း၊ ထင်းခွေခြင်း (ပုံ ၃၉၃/၃၂-၃)၊ **သံဃိကန္ဒာ** (ပုံ ၂၀၂/၂၂) ကျောင်းခြင်း၊ **နိုညတ်န္ဒာမ** (ပုံ ၁၃၄က/၄) ထိန်းခြင်းတို့ ဖြစ်ပါသည်။ ရဟန်းတို့သည် နွားနို့မှဖြစ်သော **နိုဝ်သစ်နိုဝ်ထံမ် ရှက်တက် ထဝ်ပိတ် ထဝ်ပတ် အရသာငါပါ**(ပုံ ၂၃၅/၉) ကို များပွာနှစ်သက်ကြဟန် ရှိပါသည်။

ရဟန်းတို့သည် မြေနှင့်ကျွန်ကို ပိုင်ကြသဖြင့် မြေမှု ကျွန်မှုတွေ့ကြရ၏။ ရဟန်းနှင့်မင်း (ပုံ ၉၀/၁၅-၁၆)၊ ရဟန်းနှင့် လူ (ပုံ ၃၈၁) နှင့် ရဟန်း အချင်းချင်း (ပုံ ၄၅) တွေ့ရသော အမှုများ ရှိ၏။ မြေယာပိုင်ဆိုင်မှုအတွက် ရဟန်းနှင့် မင်းတို့ အေဒီ ၁၂၃၅ ခုတွင် တကြိမ် (ပုံ ၉၀)၊ ၁၂၄၅ ခုတွင် တကြိမ်(ပုံ ၂၁၃ ခ)နှင့် ၁၂၅၅ ခုတွင်တကြိမ် (ပုံ ၂၉၆) ဟူ၍ သုံးကြိမ် သုံးလီ အချင်း ဖြစ်ရဘူးသည်။ ထိုအမှုအားလုံး၌ သာသနာမြေကို မင်းက သိမ်းယူသဖြင့် ရဟန်းက ကန့်ကွက်သောအခါ စစ်ဆေးရန် အဖွဲ့ဖွဲ့၍ စစ်ပြီးနောက် ရဟန်းတို့ ထွက်ဆိုချက် မှန်ကန်ကြောင်း တွေ့သဖြင့် အချင်းများသောမြေကို မင်းက သာသနာတွင် ပြန်၍လှူရ၏။

ရဟန်းတို့ နေ့စဉ်သုံးပစ္စည်းတွင် ထိပ်တန်းက အစားအသောက်ပါ၏။ **နိစ္စပ္ပတ်** (**နိစ္စဘတ္တ**၊ ပုံ ၃၉၂/၃၄)ခေါ် အမြဲဆွမ်း **ဝတ်** (ပုံ ၃၁/၃၀)ကို လူအများက နေ့စဉ်ဂရုပြု၍ လောင်းကြ၏။ **သံပိုတ်**(**သံဘုဥ္စတိ**၊ ပုံ ၇၃/၃၀)သို့မဟုတ် **ဆွံ**(ပုံ ၇၃/၃၁)ဟု ရဟန်းအတွက် ထမင်း ဟင်းကိုခေါ်၏။ ကျောင်းအတွက် စိုက်သော လယ်ကို **ဝတ်လယ်**(ပုံ ၃၁/၃၀)၊ **သံပုတ်လယ်**(ပုံ ၆/၁၉)ဟု ခေါ်သည်။ ကျောင်းကျွန်ထမင်းချက်ကို **သံပုတ်ချက်ကျွန်**(ပုံ ၅၀/၂၂)၊**ဝတ်ချက်ကျွန်**(ပုံ ၄၁၇/၉) နှင့် **စာဆွံနိုက်လုပ်ကွာယ်သောကျွန်** (ပုံ ၂၇၅/၂၈)ဟု ခေါ်ရ၏။ အချို့ရဟန်းက အသင့်အတင့် ယစ်မူးစေနိုင်သော **ယံမကာ**အဖျဝ်(ပုံ ၂၃၃/၁၄)ကိုပင် လက်ခံပါသည်။ ထန်းကို ကျောင်း၌လှူခြင်း (ပုံ၁၂/၁၀)၊ကျောင်းဝန်းကျင် ထန်းစိုက်ခြင်း(ပုံ ၇၃/၇)မှာ ထန်းရွက်၊ ထန်းလျက် နှင့် **ယံမကာ** တို့ အတွက် ဖြစ်ပေမည်။

အစားအသောက်မှလွဲ၍ အရေးပါသော လှူဖွယ်ဝတ္ထုတခုကား ဆီမီး ပင်ဖြစ်ပါသည်။ နှမ်းမှ ထွက်သော ဆီကို မီးထွန်း၏။ နှမ်း(အတင်း) ငါးဆယ်ကို ဆီ **တနက်** ၂၀ ရ၏ (ပုံ ၃၉၀/၂၉-၃၀)။ **ဆီမီးဘောင်** (ပုံ ၁၁၇ ခ/၇) ထွန်း၍ ထိန်ထိန်လင်းသော ညလည်း ရှိပေမည်၊ သို့သော် ထို ခေတ်က စာကိုအလွတ်ကြက်ရ၍ နေ့အခါ အသစ်ရသောစာကို ညဉ့်ပြန်ရဖြင့်ရင်း၊ **စာသင်** မဟုတ် သူတို့ကလည်း တရားကျင့်ကြသဖြင့်ရင်း ညဖက်တွင် မီးမလိုလှချေ။ ဆီမီးကဲ့သို့ပင် အရေးပါသော ရဟန်းသုံးပစ္စည်း တခု ရှိပါသေးသည်။ ထိုပစ္စည်းကား **ကွမ်း** ဖြစ်၏။ မွန် ဝေါဟာရကို စွဲ၍ ထို ခေတ်က သံမ်လှူ (ပုံ ၃၆/၁၉)ဟုခေါ်၏။ ကွမ်းသီးကို ကဋုန် (ပုံ ၁၆၄/၃၅၊၃၉)နှင့်ချင်ရသည်။ ကွမ်းစားခြင်းနှင့် ဆိုသော **ကွံအစ်** (ပုံ ၁၃၅ ခ/၁၂)၊**ကွံချပ်** (ပုံ ၁၃၈/၁၄)၊ **ကွံကပ်**(ပုံ ၂၆၅/၇)၊ **ကွံလောင်** (ပုံ ၃၁၂ ခ/၈)၊ **ကွံချ** (ပုံ ၃၈ ခ/၁၃)နှင့် **ထုန်ဖူ** (ပုံ ၂၆၅/၇) တို့ကိုလည်း ကျောင်း၌လှူကြရ၏။ အများပင် ကွမ်းစားလေ့ ရှိကြသဖြင့် မစားသူ ဆန်း၏။ မွတ်ကြီးစွာ **ကွံမစာ** (ပုံ ၄၂၂ ခ/၂) အခေါ်ခံရသော ရဟန်းတပါး ရှိဘူး၏။

ရဟန်းတို့၌ မရှိမဖြစ်သော ပစ္စည်းလေးမျိုးရှိသည်။ **ပစ္စည်လေပါ** (ပုံ ၆၉/၁၀)ဟု ခေါ်၏။ ယင်းတွင် **ဆိယ်ဝါ** (ပုံ ၉၆/၁၆)မှာ အရေးပါ ဆုံးတည်း။ ဝိနည်းတော်က ဆေးဝါး အလိုငှါ **ထဝ်ပိယ်** (ပုံ ၃၉၃/၃၂)၊ **ထဝ်ပတ်** (ပုံ ၃၉၃/၃၃)၊ **ဆီ** (ပုံ ၃၉၃/၂၂)၊ **မျှာ** (၃၆/၁၀၊ ၂၆)နှင့် **တင်္လယ်** (မကပ ၂၊ အမှတ် ၂၀)တို့ ထိုက်၏ဟု ဆိုပါသည်။ အချို့ကျောင်း၌ ထောပတ်သိုလှောင် ရန် **ထဝ်ပတ်ကို** (ပုံ ၉၄ က/၃၅) ရှိ၏။ အချို့ ဒါယကများက နာမကျန်းသော ရဟန်းအတွက် ဆေးလှူမည်၊ ပျံလွန်သော ရဟန်းအတွက် မီးသင်္ဂြိုဟ်ရန် ထင်းလှူမည်ဟု အာမခံ၏ (ပုံ ၂၇၅/၂၃-၅)။ ရဟန်းပျံလွန်လျှင် မီးသင်္ဂြိုဟ်မြဲ ဖြစ်ဟန်ရှိ၏။ **သင်ကန်** (ပုံ ၁၀ က/၁၃)မှာလည်း ပစ္စည်း လေးပါး အပါအဝင် ဖြစ်သည်။ သင်ကန်းမှာ ပါဠိ **သင်္ဃာဋိ** ဖြစ်၍ အပေါ်ရုံဟု အနက် ရှိသည်။ **သက်ခံ** (ပုံ ၃၆/၂၅)နှင့် **ခြုယ်ခံ** (ပုံ ၂၁၂/၁၄)မှာ အတွင်းခံဖြစ်၏။ **သင်ပိုင်** (ပုံ ၃၉၃/၁၉) မှာ အောက်ပိုင်းအဝတ်ဖြစ်သည်။ **တုယင်** နှင့် **တန်ကျတ်** (ပုံ ၁၃၈/၁၃-၁၄) တို့မှာ သင်ကန်းအမျိုး ဖြစ်သော်လည်း အဓိပ္ပါယ်ပြည့်စုံအောင် မသိချေ။ **ကဝ်ထာ** (ပုံ ၃၇၂/၁၁) ကိုလည်း မသိပါ။ သူ တပါးစွန့်ပစ်ထားသည်ကို ကောက်ယူသောသင်ကန်းကို **ပင်သကူ** (ပံ့သုကူလ၊ ပုံ ၂၃/၂)ခေါ်သည်။ သို့သော် ပင်သကူပေအော်ဟူသော စကားအရ စွန့်မည့် ဒါယကသည် မိမိရစေလိုသော ရဟန်း၏ သွား လမ်းလာလမ်း၌ သင်ကန်းကို ချထားခြင်းအလေ့ ပေါ်ထွန်းလျက်ရှိပြီဖြစ်၍ မူရင်းသဘောဖြစ်သော ပံ့သုကူလိက မစစ်တော့ချေ။ **ဝါ** (ပုံ ၁၃၈/၂၅) ကျွတ်ပြီးနောက် တလအတွင်း သင်ကန်းတကယ်လို နေသောရဟန်းကို ရှာ၍ပေးရန် ရဟန်းငါးပါး စုစေပြီးမှ ပေးအပ်သော သင်ကန်းကို **ကထိန်** (ပုံ ၂၄/၂)သင်ကန်း ခေါ်ပါသည်။ ကထိန်သင်ကန်း ပေးအပ်ပွဲ၌ အခြား အသုံး အဆောင်များကို လည်း **ပတောဉ်သာပင်** (ပုံ ၁၁၇ ခ/၃)တွင် သီး၍ပေးသေး၏။ **ဝါဆွတ်သင်ကန်** (ပုံ ၃၉၃/၂၉) ရှိသလို **ဝါဆိုဝ်သင်ကန်** (ပုံ ၃၉၃/၂၈) နှင့် **ဝါခေါင်သင်ကန်** (ပုံ ၃၉၃/၂၉) များလည်း ရှိတတ်ကြ၏။

ရဟန်းအသုံးအဆောင်ကား ရှစ်မျိုး ရှိသည်။ **ပရိက္ခရာယှစ်ပါ** (ပုံ ၃၉၁/၁၅)ဟု ခေါ်၏။ သပိတ်၊ သင်ကန်း သုံးဆူ၊ ခါးပန်းကြိုး၊ သင်တုန်းဓါး၊ အပ်နှင့်ရေစစ်ကိုကို ပေါင်းလျှင် ရှစ်ပါး ရ၏။ သို့သော် ပုဂံခေတ်က ပရိက္ခရာတို့ ရှစ်ပါးမှအပြင် များစွာလွန်အောင် တိုးချဲ့ကြသည်။ ထို့ကြောင့်

ပရိက္ခရာ ရှစ်ပါးတွင် **သန်ရှင်** (ပုံ ၂၅၃ က/၇)၊ **လှိယ်** (ပုံ ၂၃၅/၂)၊ **ဆင်** (ပုံ ၄၂၃/၁၁)၊ **သလွန်** (ပုံ ၃၇၃ ခ/၁၄)၊ **သံဖွဲ့ူမှန်** (ပုံ ၃၇၃ ခ/၁၄)၊ **အထမ်** (ပုံ ၃၇၃ ခ/၁၅)၊ **ပုဆိန်**(ပုံ ၃၇၃ ခ/၁၅)၊ **တရှင်**(ပုံ ၃၇၃ ခ/၁၅၊ **မိခတ်**(ပုံ ၃၇၃ ခ/၁၅`၊ **ကြိယ်သင်ထုန်**(ပုံ ၃၇၃ ခ/၁၅) **ပုဆိုဝ်လှိ** (ပုံ ၃၇၃ ခ/၁၆)၊ **ဆောက်**(ပုံ ၃၇၃ ခ/၁၆)၊**မျက်ခတ်**(ပုံ ၁၃၈/၂၀)၊**ဆည်လှည်**(ပုံ ၁၈၂ က/၁၁)၊ **ခွက်တစ်ပွယ်** (ပုံ ၃၇၂/၂၆)၊ **စာခွက်** (ပုံ ၂၆၂/၂၂)၊ **သန်တိယ်** (ပုံ ၂၆၂/၂၂)၊ **စာလောင်** (ပုံ ၂၆၂/၂၃)၊**အိုဝ်**၊ **ယတ်**၊ **ညောင်စောင်**၊ **ကွလောက်ပျောင်**၊ **ဆုံ**၊ **ကွိပွေ**၊ **ရိယ်မှုတ်**၊**တန်ဆောင်**၊ **လင်ပန်**၊ **တံခွန်**၊ **ဃုပ်ရာ**၊ **ဖြတိုဝ်**၊ **ကရာ**၊ **ဆိမိခွက်**၊ **မွိယ်မွု**၊ **သင်ပုံန်**၊ **ပရဗိုတ်**၊ **ကံကူဆာန်** နှင့် **ကံကူတံကွေည်** (ပုံ ၃၁၀ က၊ ခ) ပါဝင်၍ လာပါတော့သည်။ **သပိုတ်** (ပုံ ၁၁၇ ခ/၉) ကို တခါတရံ တထောင်မျှ လှူသည်ဟု(ပုံ ၃၇၂/၃၉)မှတ်တမ်းတွေ့ရ၏။ များသောအားဖြင့် မြေသပိတ်၊ ကျောက်ကာသပိတ် များဖြစ်မည် ဖြစ်သော်လည်း ကြေးသပိတ် (ပုံ ၁၅/၈)၊ ငွေသပိတ် (ပုံ ၁၃၈/၁၅) နှင့် ရွှေသပိတ် (ပုံ ၆၅ ခ/၄) တို့ကိုလည်း လှူကြသည်။

ပစ္စည်းလေးပါးတွင် **သေနာသန** (အိပ်ရာ နေရာ၊ ကျောင်း) လည်းပါ၏။ လေးတိုင်စင်၊ တဲငယ်မှစ၍ မင်းကေရာဇ် နန်းတော်ထက် ကောင်းသောကျောင်း(ပုံ ၁၉၄/၁၄-၁၈)များဆောက်၍ လှူကြသည်။ **ကွောင်တယကာ** (ပုံ ၂၃/၁၅) ဆိုသူတိုင်း အတင့်တယ်ဆုံးကိုသာ ဆောက်၍ လှူလို ပေမည်၊ သို့သော် လှူကြသောကျောင်းတို့တွင် **သစ်ငယ်မိုဝ်ကွောင်** (ပုံ ၄၂၈/၂၈) လည်း ပါ၏။ **တင်တယ်စွာသောကွောင်** (ပုံ ၁၂/၆)၊ **သာယာစွာသောကွောင်** (ပုံ ၆၉/၁၀) တို့လည်း အများ ပါမည်။ မိမိ နေအိမ်ကိုပင် ကျောင်းပြု၍ လှူသူလည်း ပေါ်တတ်၏ (ပုံ ၁၈၁/၆-၉)။ ရွာနှင့် လှမ်းသော အရပ်၌ ဆောက်၍လှူသော **တဝ်ကွောင်** (ပုံ ၄၄ က/၃) ရှိသေး၏။ အုတ်ကျောင်းကို အများကပင် ထိုစဉ်အခါက **ကုလာကွောင်**(ပုံ ၆၄/၆)ဟု ခေါ်ကြသည်။ ပုကံတွင် စေတီပုထိုးများ သည်ဟု တွင်ရစ်သော်လည်း ကျောက်စာများ၌ ကျောင်းဆောက်သည်က သာ၍ပင်များကြောင်း တွေ့ရ၏။ ကျောင်းတွင်လည်း သစ်သားကျောင်းက အုတ်ကျောင်းထက် များပေမည်။ ကျောင်း ဆောက်သူများသည် များသော အားဖြင့် မိမိတို့ တတ်စွမ်း သည်ထက်၊ သို့မဟုတ် မှန်းထားသည် ထက်ပို၍ ကုန်ကျ ကြဟန်တူပါသည်။ ကျောင်း ဆက်ဆောက်နိုင်အောင် မြင်း ရောင်းရသည်ဟု (ပုံ ၂၇၀/၁၉)မှတ်တမ်းတခု၌တွေ့ရ၏။ ကျောင်းဆောက်၍ ပြီးကာမျှဖြင့်လည်း တာဝန်မကုန်သေး။ ကျောင်းကို မပျက် မစီးရအောင် ထိန်းသိမ်းပြုပြင်ခြင်း၊ ကျောင်းနေ သံဃာကို ကျွေးမွေးလှူတန်း ခြင်း တာဝန်များကျန်သေး၏။ ထို့ကြောင့် ကျွန်များ၊ လယ်များ လှူရပြန်သည်။ ပြုပြင်ရေးအတွက် ရဟန်းများကိုပင် တာဝန်လွှဲကြ၏။ ပြုပြင်သင့်ပါလျက် မပြုမပြင် နေလျှင် ရဟန်း ဖြစ်လင့်ကစား မဟာအဝီစိသို့ လားပါစေသတည်းဟု **ဒါယက** တဦးက ကျိန်ခဲ့သည် (ပုံ ၂၂၄/၁၄-၁၆)။

**သီမာ** (သိမ်) ဟူသည်လည်း ရဟန်းတို့နှင့်ဆိုင်သော အရေးပါသည့် အဆောက်အအုံတခု ဖြစ် ပါသည်။ ကျောက်ဆည် **မဟာထေရ** တဦးက **ဗဒ္ဓသီမာ**ဆောက်သည်(မကပ ၃၊၁၊စာမျက်နှာ ၇၀-၃) ဟုကျောက်စာရှိ၏။ **စဝ်ရဟန်**၏ သိမ်မှာ **တုရင်** တောင်ထက်၌ရှိသည် (ပုံ ၃၆/၁-၁၃`။ ထိုသိမ်နှစ်ခု စလုံးကား ပုကံခေတ်ဦးမှ သိမ်များဖြစ်ပါသည်။ ကျောင်းဘုရားတွင် လှူသည့်နည်းပင် သိမ်၌လည်း မြေယာ (ပုံ ၇၀က)၊ ကျွန် (ပုံ ၁၃၄ခ/၁၅)၊ ထန်း(ပုံ ၂၀၂/၁၀)များလှူကြရ၏။ ရဟန်းကျောင်း

ဝန်းကျင်၌ဆောက်လေ့ရှိသော အခြားအဆောက်အအုံများကား **ကပ္ပိယကုတီ**(ပုံ ၇၃/၂၇)၊**ဇာရပ်**(ပုံ ၇၃/၂၆)၊ **တန်ဆောင်**(ပုံ ၇၃/၂၅)၊ **သတင်တည်ကုပ်**(ပုံ ၃၇၂/၃၊၄၀)တို့ဖြစ်ပါသည်။ထို့ပြင် ရေတွင်း ရေကန်(ပုံ ၇၃/၂၂)လည်း တူးရသေး၏။ အဆိုပါကုသိုလ်များပြု၍ ပြီးစီးလျှင် အလှူရှင် **ဒါယက** သည် ရေစက်သွန်း၍ မြေကြီးကို သက်သေမူ၏(ပုံ ၂၀၄ က/၁၂)။ရဟန်းတို့ကြွလာ၍ ပရိတ်ရွတ်၏(ပုံ ၁၀ က/၇)။ ပွဲလမ်းသဘင်လည်းပါချေမည်။ အေဒီ ၁၂၀၇-ခု၌ **နာတောင်မျာ** ၏ အလှူအပြီးဝယ်—

စေည်ခရာတီရယ် ပိုဝ်ပါ အမတြဲ၂ာ ရဟန် သဃာ နှင်တကွ ရေစင်တဝ်ခ္လဲ အော်။ ကြာပါသော မင်သာ အမတ်သတ္တေသူကြွ်ဲ တိုဝ်သည် လေည်အနုမောတနာ ခဝ်ပါကုန်အော်၊(ပုံ ၃၁/၁၉-၂၁)

ဟူ၍ ဗိုလ်ပါအများရှေ့ဝယ် စည်ခရာတီး၍ ရေစက်ချခါ အမျှပေးဝေသဖြင့် သာဓုခေါ်ကြသည်ဟုဆိုပါသည်။ ဤကုသိုလ်မျိုးကြောင့် **နိဗ္ဗာန်မည်သောမသိယ်ပြည်**(ပုံ ၂၀၂/၂၆)ကိုရောက်လိုကြောင်း ဆုတောင်းကြ၏။

ပုဂံခေတ်၌ ထင်ရှားသော ရဟန်းတို့အကြောင်းကို ရေးရန် ရှိပါသေးသည်။ အဦးအစပြု၍ ကျော်ကြားသော **အရဟန်** ၏ အကြောင်းကို ရေးရပေမည်။ **ထီလိုင်မင်** ၏ လက်ထက်၌ မင်းကို လောကုတ္တရာရေး၌ ညွှန်ပြရသော ဆရာတော်ဖြစ်ပါသည် (မကပ ၁၊၂၊ အမှတ် ၁ ခ/၄၂-၇)။ မင်းနှင့် ဆရာပေါင်း၍ သာသနာသန့်စင်အောင် စိစစ်ခဲ့ကြ၏။ ဆရာတော်၌ နောက်လိုက် နောက်ပါ ရဟန်းအခြွေအရံအနည်းဆုံး ၄၀၀၀-ပါးရှိမည်။**ရာဇကုမာရ်က** မင်းကြီးသေအံ့မူးမူး၌ အလှူပြုစဉ်အလှူခံသော ရဟန်းတို့၌ ဘွဲ့အမည်မပါသော **မဟာထေရ**ဆိုသူမှာ **အရဟန်** ပင် ဖြစ်ကောင်း၏ဟု တွေးဆရပါသည် (ပုံ ၃၆၃ က/၂၃)။ မှန်နန်းရာဇဝင်(အပိုဒ် ၁၄၁)အရ **အရဟန်** ပျံလွန်လျှင် **စည်သူ** ၁-က စိန်ညက်မင်းကို သာသနာပိုင်ခန့်သည်ဟုဆို၏။ ပုဂံခေတ်ဝေါဟာရတွင် သာသနာပိုင်ကို မတွေ့ဘူးသေးချေ။ **မင်ဆြဲ၂ာ**(ပုံ ၃၆/၁၀)သို့မဟုတ် **ရာဇဂုရု**(ပုံ ၃/၁)ဟူ၍ကား ရှိသည်၊ သို့သော် ထိုဆရာတော်တို့လည်း နောင်အခါတွေ့ရသည့် သာသနာပိုင်လို အာဏာမရှိချေ။ ဝိနည်းတော်နှင့် ပတ်သက်၍ အဆုံးအဖြတ်လိုလျှင် ထေရ်ကြီး ဝါကြီးထဲမှ ဝိနည်းတွင်ကျော်သူကို ချဉ်းကပ်ရ၏။ ထိုပုဂ္ဂိုလ်မျိုးကို ဝိနယဓရ ခေါ်သည်၊ မြန်မာဆန်ဆန် ခေါ်သောအခါ ဝိနည်းဓိုရ် ဖြစ်၍ လာပါသည်။ ၁၃-ရာစု ကျောက်စာတို့၌ **ဝိနည်ဓိုရ်** အမည်ခံဆရာတော်တပါးကို မကြာခဏ ဖော်ပြရေးသားထားသည်ကို တွေ့ရ၏။ **စာသင်တိုက်**ကြီး၏ အကြီးအကဲဖြစ်၍ **စာသင်** များစွာကို စာပေပို့ချနေဟန် ရှိပါသည်။ ထိုဆရာတော်ကို မင်း ဆင်းရဲသားအများပင် ကြည်ညိုကြ၏။ ဝိနည်းအပို့ အချနိုင်နင်းလှသဖြင့် **စာသင်** များပေမည်။ အေဒီ ၁၂၄၃-ခုတွင် သူ့ကျောင်းတိုက်၌ **စာသင်** တို့ နေရန် ကျောင်းနှစ်ဆယ် ထပ်၍ဆောက်ရသည်ဟု သိရပါသည်။ အေဒီ ၁၂၁၆-ခုခန့်ကစ၍ ကျော်ကြားလာသူဖြစ်ရကား ၁၂၆၁-ခုတွင် ဝိနည်းတော်အတိုင်း တဆံချည်မရွှင်း လိုက်နာရမည်ဟူသော ပြဋ္ဌာန်းချက် ပြင်းထန်သည့်ဂိုဏ်းတွင် ခေါင်းဆောင်ဖြစ်လျက်ရှိပြီဟု ယူဆရ၏။ သီဟိုဠ်ရဟန်းတို့လည်း သူနှင့်အယူအဆတူသဖြင့် တဂိုဏ်းတည်းဖြစ်၍ သီဟိုဠ်၏ အကူအညီများစွာရသည်။ ထို့ကြောင့် ထိုဂိုဏ်းကို သီဟိုဠ်ဂိုဏ်းဟု ခေါ်လျှင်လည်းဖြစ်ပါသည်။ မိမိတို့ အယူအဆ တမျိုးတည်းသာ ရှိစေရန် သာသနာကို ပြုပြင်လိုသူများ ဖြစ်ကြ၏။

အေဒီ ၁၂၃၇-ခုနှင့် ၁၂၄၈-ခုနှစ်များအတွင်းက(ပုံ ၃၀၂)ဓမ္မသိရိနှင့်သုဘူတိစန္ဒတို့ခေါင်းဆောင်၍ သီဟိုဠ်သို့ကြွသွားကြလျက် အပြန်တွင် သီဟိုဠ်သံဃာအများ ပါလာဟန်ရှိပါသည်(ပုံ ၂၃၃ က/၈)။ သီဟိုဠ်တွင် ပညာသင်ဘူးသည့်ရဟန်းများနှင့် သီဟိုဠ်ရဟန်းတို့ပေါင်း၍ ဝိနည်းဝိရိကို ခေါင်းဆောင်ထားလျက် ပြုပြင်ရေးစကြဟန်ရှိသည်။ တဖက်တွင် ပြုပြင်ရေးကို မလိုဟု ယူဆသော ရဟန်းတစုလည်းရှိ၏။ ထိုသူတို့မှာ တောတွင် အာရညိကင် ဓုတင်ဆောက်တည်သော ရဟန်းများဖြစ်သည်။ ဝိနည်းကိုလိုက်နာရာတွင် အသင့်အတင့်လျှော့ပေါ့ရန် ဝန်မလေးသူများဖြစ်ကြပါသည်။ **နာတောင်မျာ** လက်ထက်မှ ပုဂံပျက်၍ နောက်ပိုင်း အဝခေတ်အထိ ထိုတောကျောင်းဂိုဏ်းမှာလည်း ဆုတ်ယုတ်သည်မရှိ၊ ထင်ရှားလှပါသည်။ **တစ်မွတ်ကြီး**(ပုံ ၂၀၈/၁၇)နေသော **တစ်ကျွောင်**(ပုံ ၄၆၅ က/၃)များမှာ စကိုင်းနယ် မြင်းမူ(ပုံ ၁၂၃/၁၆)နှင့် မုံရွာနယ်အနိမ့်(ပုံ ၂၉၆)တို့မှ စတင်သောဂိုဏ်းဖြစ်ပါသည်။ ကျောင်းတိုက်ကြီးများတည်ခြင်း၊ မြေယာအလှူခံခြင်း၊ ထပ်ဖြည့်၍ဝယ်ခြင်းတို့ပြုကြ၏။ရောင်းဝယ်၍ပြီးတိုင်း သေသားစားသောက်ပွဲကြီး ခင်းကျင်းသည်ကို ခွင့်ပြု၍ ပါဝင်ဆင်နွှဲကြ၏။ ခေါင်းဆောင်ကား **မဟာကဿပ**ဖြစ်ပါသည်။ ကျောက်စာများ၌ အေဒီ ၁၂၂၅-ခုနှစ်လောက်က ထိုဆရာတော်၏အမည်ကို စတင်တွေ့ရှိ၏(ပုံ ၁၂၃/၅၊၆၊၇၊၁၂)။ ပုဂံအနီး မင်းနန်သူသို့ အေဒီ ၁၂၃၃-ခု၊ ဖွားစောသို့ ၁၂၃၆-ခုနှစ်များတွင် ရောက်လာ၍ မင်း ဆင်းရဲသားအများ အားပေးသဖြင့် ကြီးပွား၍ ကျောက်ဆည်နယ်သို့ အေဒီ ၁၂၄၂-ခုတွင် ပြန့်ပွားသွားပါသည်(ပုံ ၁၄၀ က/၂)။လယ်မြေအများကို ၁၂၄၇ ခုနှင့် ၁၂၇၂-ခုအတွင်း၌ ဝယ်ယူ၍ ဆရာတော်သည် ၁၂၈၂-ခုနှင့် ၁၂၇၈-ခုအတွင်း၌ ပျံလွန်သည်ဟု ယူဆရပါသည်။ ထိုဆရာတော်နှင့် ဂိုဏ်းအကြောင်း ပြည့်စုံအောင် သီးခြားရေးမည်ဖြစ်၍ ယခုအမြွက်မျှသာဖေါ်ပြပါသည်။ ထိုဂိုဏ်းမျိုး မြန်မာနိုင်ငံ၌သာ ထူးထူးခြားခြားပေါ်သည် မဟုတ်ပါ၊ ယခု ထိုင်းလင်းခေါ်သော နိုင်ငံတွင် ၁၃-ရာစု ၁၄-ရာစုများက တောကျောင်းဂိုဏ်း ရှိကြောင်း **သုခေါဒယ** မှ **ရာမဂံဟောင်** ကျောက်စာ(၁၂၉၈)နှင့် **ဝတ်ပါတောင်** ကျောက်စာ(၁၄၀၆)များအရ သိရ၏(ဂျော့ဆာဒေ့စ်၊ **ယိုးဒယားကျောက်စာပေါင်းချုပ်** ပထမတွဲ၊ ဗန်ကောက်၊ ၁၉၂၄၊ စာမျက်နှာ ၄၆၊ ၁၃၁-၉-ကြည့်)။ အဆိုပါ တောကျောင်းရဟန်းတို့သည် အများ ယုံကြည်နေကြသော အရည်းကြီးတို့လို မဆိုးသွမ်းပါ၊ စင်စစ် ပြောသည့်အတိုင်း ဆိုးသော အရည်းကြီးဂိုဏ်းဟူ၍ မြန်မာနိုင်ငံ၌ မရှိဘူးကြောင်း ရဲရဲဆိုဝံ့ပါသည်။ မရှိဘူးသည့်ဂိုဏ်းကို နှိပ်ကွပ်သည်ဆိုခြင်းမှာလည်း မဖြစ်နိုင်တော့ပါ။

ပုဂံခေတ် သာသနာရေးတွင် ထူးခြားသောအချက်တခုကို နောက်ဆုံး ဖေါ်ပြလိုသည်ကား ထိုအခါက ဘိက္ခုနီ ရှိခြင်းပင် ဖြစ်ပါသည်။အများယုံကြည်သလို သာသနာနှစ် ၁၀၀၀(အေဒီ ၄၅၆) ကစ၍ ဘိက္ခုနီ မရှိတော့ဟု ဆိုသော်လည်း သာသနာနှစ် ၁၆၀၀-ကျော်သော ပုဂံခေတ်က ဘိက္ခုနီ ရှိကြောင်း သက်သေ အထောက်အထားများ တွေ့နေပါသည်။ အချို့ရဟန်းများကို လူအမည်ဖြင့် ခေါ်သလိုပင် အချို့ရဟန်းမများ၏ အမည်မှာ လူအမည်အတိုင်း ဖြစ်နေသောကြောင့် အမည်ရှေ့မှ အိန်၊ အိဝ်၊ အိုဝ် ဟူသော အမျိုးသမီးအမည်ရှေ့မှ ပါမြဲစကားလုံးများ ပါနေသည်ကို တွေ့ရ၏။ ပါဠိအမည် ဖြစ်လျှင်လည်း ဣသရအသံနှင့် အဆုံးသတ်သဖြင့် အမျိုးသမီးဖြစ်ကြောင်း သိရပါသည်။ သိသမျှ ဘိက္ခုနီ(ရဟန်းမ)အမည်စာရင်းမှာ—

ဖုန်မွတ်သောအိပ်ဆိတ်တစ် (ပုံ ၂၉/၇၊ ၁၉)
သွှင်အိစ်ကြံပင်သင် (ပုံ ၅၃/၇)
သက်ခမိအိစ်အ်ကြံသင် (ပုံ ၁၁၉ က/၂)
အိန်ဆိဥပ်နိ (ပုံ ၃၄၅/၅)
သွှင်မြဟွမ်စရိ (ပုံ ၂၁၄ ခ/၉)
ဖုန်မွတ်သောအိဟ်တည်သင် (ပုံ ၅၅၉ က/၁၄)
သွှင်အိစ်ပံ (ပုံ ၅၇၆ က/၇)

တို့ ဖြစ်ပါသည်။ ထိုအမည်များတွင် ရဟန်းမပင် ဖြစ်သော်လည်း **သံဃတေရ** အထိ ရှိနေကြောင်း သိရ၏။

ပုဂံခေတ်ရဟန်းတို့တွင် နောက်ဆုံး မှတ်သားဖွယ်အကောင်းဆုံး ပုဂ္ဂိုလ်ကား **သျှင်ဒိသာပြာ မုက်**ပင်ဖြစ်ပါသည်။ အေဒီ ၁၂၇၅ ခုနှစ်က ပီကင်းသို့အရောက်သွား၍ ငြိမ်းချမ်းရေးရအောင် ပြောဟော၍ ယူနိုင်သူဖြစ်၏။ထိုအကြောင်းတို့ကို အထက်က အသေးစိတ် ရေးဘူးပြီဖြစ်သဖြင့် ထပ်လောင်း၍ မရေးတော့ပါ။

အချုပ်အားဖြင့် အနိရုဒ္ဓ အောက်မြန်မာနိုင်ငံသို့နယ်ချဲ့ခြင်းမပြုမီကပင် မြန်မာတို့ ဗုဒ္ဓဝါဒီများ ဖြစ်နေပြီဖြစ်ကြောင်း၊ ထေရဝါဒ စစ်စစ်ဟူ၍လည်း မရနိုင်ကြောင်း၊ သီဝနတ်မင်းကို ကိုးကွယ်ခြင်း၊ နဂါးကို ရှစ်ခိုးခြင်းစက်ရိပ် မကင်းနိုင်ကြောင်း၊ တောကျောင်းဂိုဏ်းဟူ၍ ရှိသော်လည်း အများ ပြောသလို မဆိုးကြောင်း၊ ထိုဂိုဏ်းကို ပုဂံခေတ်က နှိပ်ကွပ်ခြင်းမခံရကြောင်း၊ ဗုဒ္ဓကို ထာဝရဘုရားကဲ့သို့ ထင်မှတ်၍ပူဇော်လျက် ဆုတောင်းကြကြောင်း၊ပုဂံခေတ်ကမြန်မာတို့သည် မိမိယုံကြည်သောဝါဒနှင့် မတူသောသူတို့ကိုလည်း သည်းခံ၍ ဆက်ဆံခါ အထိုက်အလျောက် ချီးမြှင့်ကြောင်း၊ ဝိနည်းတော်ကို အထူးတတ်ကျွမ်း၍ အဓိပ္ပါယ် အကောက်အယူ မှန်ကန်နိုင်သလောက် မှနကန်အောင် သဒ္ဒါတွင် ထူးချွန်သည်အထိ သင်ကြားကြကြောင်း၊ အချို့ကလည်း ဝိနည်းတော်ကို ကာလဒေသအလိုက် အသင့်အတင့်ပြင်ကြောင်း၊ ဘိက္ခုနီရှိကြောင်းတို့ကို ပေါ်လွင်ထင်ရှားအောင် ရေးပြီးခဲ့ပါပြီ။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


BODE, MABEL HAYNES: *The Pali Literature of Burma*, London, Royal Asiatic Society, 1909

BRIGGS, LAWRENCE PALMER: *The Ancient Khmer Empire*, Philadelphia, American Philosophical Society Transaction XLI, i, 1951

COEDES, G.: *Recueil des Inscriptions du Siam*, Premiere partie, *Inscriptions de Sukhodaya*, Bangkok, Bangkok Time Press, 1924

DICKSON, J. .F: "*Upasampadā-Kammavācā*," *JRAS*, VII, 1875, pp. 1-16

DUROISELLE, C.: "Pictorial Representations of *Jātakas* in Burma", *ASI*, 1912-13, pp. 87-119

————:*Thc Ananda Temple at Pagan*, *ASI Memoir* 56

DHAMMAKITTI: *Saddhamma Sarigaha* (*A Manual of Buddhist Historical Traditions*), Tr. by Bimala Churn Law, Calcutta, University of Calcutta, 1941

*Epigraphia Birmanica*

MYA, U: "A note on the Buddha's Foot-prints in Burma,"*ASI*, 1930-4,II,pp,320-31

*Paññasāmi*: *Sāsamavaṁsa* (The History of the Buddha's Religion), Tr. by Bimala Churn Law, London, Luzac & Co. 1952

PE MAUNG TIN: "Women in the Inscriptions of Pagan," *BRSFAP*, II, pp, 411-22

————: "Buddhism in the Inscriptions of Pagan" *BRSFAP*, II, pp. 423-42

RAY, NIHARRANJAN: *Brahmanical Gods in Burma*, Calcutta, University of Calcutta, 2932

————:*Sanskrit Buddhism in Burma*, Calcutta, University of Calcutta, 1936

————:*An Introduction to the Study of Theravāda Buddhism in Burma*, Calcutta, University of Calcutta, 1946

*Story of Buddhism with Special Rcference to South India*, Madras, Director of Information and Publicity, 1960

THAN TUN: "Religion in Burma, A. D. 1000-1300," *JBRS*, XLII, ii, Dec, 1959, 47-69

————:*The History of Buddhism in Burma* (in press)

# ပုဂံခေတ်နောက်ပိုင်း သာသနာရေး

## မဟာကဿပဂိုဏ်း

> တစီးရှင် သီဟသူလက်ထက်၌ ပင်းယမြို့တွင် သီလဝန် ဂုဏဝန် လဇ္ဇီပေသလ ရဟန်းသံဃာ များစွာမရှိ၊ ပုဂံ အရည်းကြီးတို့က ကြွင်းကျန်သော ရှင်ယောင် အရည်းကြီးတို့သာ များပြားစွာသတည်း [၁]။

ဟူသော အရေးအသားတွင် ပုဂံခေတ်ဦးက အရည်းကြီးကို နှိမ်နင်း၍ ကြွင်းကျန်သမျှ တို့သည် ပုဂံပျက်သည့်အခါတွင်မှ တဖန် အထင်အရှား နေပြန်သည် ဟူသော သဘောကို ဆောင်သောကြောင့် ထိုအရေးအသားမျိုးကိုကန့်ကွက်လိုပါသည်။ ယခုအခါ ရှာဖွေတွေ့ရှိထားသော အထောက်အထားများအရ အရည်း ဆိုသူတို့ ပုဂံခေတ်ဦး၌ မရှိချေ။ ပုဂံခေတ်နှောင်း၌သာ ယင်းတို့ ပေါ်ပေါက်လာ၍ ပုဂံပျက်သည့် နောက် ကာလ အတန်ကြာအောင်ပင် တိုးတက် ကြီးပွား၍ နေကြသည်မှာ အထင်အရှား ဖြစ်ပါသည်။ အရည်းခေတ်၏ အပိုင်း အခြားကား အေဒီ ၁၂၀၀ ခန့်မှ အေဒီ ၁၅၀၀ ကျော်အထိ ဖြစ်သည်။ အရည်း ဟူသော ဝေါဟာရသည် အရညကင် မူတင်ဆောင်သဖြင့် ရသောအမည်ဖြစ်ဟန်ရှိကာ အရညကင်္မှ ရွေ့လျော၍အရည်းဖြစ်လာဟန်ရှိပါသည်[၂]။ ဆရာအချို့က အရိယာမှ အရည် ဖြစ်လာဟန် ကြံဆသည်လည်း ရှိပါသည်[၃]။ သို့သော် အရည်း ဟူသောအမည်ကို ခေတ်ပြိုင်ကျောက်ရေးဆရာတို့က[၄] အသုံးအစွဲ အလွန်နည်းပါသည်။ တဝ်ကွောင်[၅] နေရဟန်းဟူ၍ရင်း၊ တဝ်ပ္လတ်ကြီ[၆] ဟူ၍ရင်း အခေါ်များ၏။ ထို့ကြောင့်

> သိက္ခာမတင် သိမ်မဝင်ဘဲ ရသေ့ရဟန်းအသွင်နှင့် နေသူကို အရည်း[၇]

ဟု အပြောအဆို ရှိသည်ကိုလည်း မနှစ်သက်နိုင်ချေ။ ယင်း အချက် အလက် များကို ဤစာတန်း၌ အသေးစိတ် ရှင်းလင်းပါမည်။

---

၁။ မဟာဓမ္မသင်္ကြံ၊ သာသနာလင်္ကာရစာတမ်း၊ ၁၈၃၁၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၆၊ စာမျက်နှာ ၁၂၄။

၂။ မြန်မာပြည်သုတေသနအသင်းဂျာနယ်။ အတွဲ ၉၊ အပိုင်း ၃၊ စာမျက်နှာ ၁၅၅-၆ နှင့် အတွဲ ၁၀၊ အပိုင်း ၂၊ စာမျက်နှာ ၈၂-၃ ကိုကြည့်။

၃။ မြန်မာပြည်သုတေသနဂျာနယ်။ အတွဲ ၁၀၊ အပိုင်း ၁၊ စာမျက်နှာ ၂၈-၃၀ နှင့် အတွဲ ၁၀၊ အပိုင်း ၃၊ စာမျက်နှာ ၁၅၈-၉ ကိုကြည့်။

၄။ ခေတ်ပုံ ၄၀/၅၊၆။ ခေတ်ပုံ ၅၄/၂ မိတ္တ။ ခေတ်ပုံ ၃၇၁ ခ/၃။ ခေတ်ပုံ ၂၄၀/၅၊၈။ ခေတ်ပုံ ၂၅၀/၂။ ခေတ်ပုံ ၂၆၄/၈။ အနိမ့်တောကျောင်း၊ ရွှေကူကျောက် ၂/၄။

၅။ ခေတ်ပုံ ၄၄ က/၃။ ခေတ်ပုံ ၆၈/၂။ ခေတ်ပုံ ၈၉/၁၊၃၃။ စသည်။

၆။ ခေတ်ပုံ ၂၀၈/၁၂။ ခေတ်ပုံ ၂၂၃ က/၈။

၇။ မဟာဓမ္မသင်္ကြံ၊ သာသနာလင်္ကာရစာတမ်း၊ ၁၈၃၁၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၆၊ စာမျက်နှာ ၁၂၈။

တာဝ်ကျောင် တဆောင်ကို မိဖုရားတပါး၏ မယ်တော်က အေဒီ ၁၂၁၆ ခုနှစ်၌ သို့ခ်ယင်တဝ် အား ဆောက်လုပ်လှူဒါန်း၍ တောင်နီမှ လယ်အပယ် ၂၀ ကိုလည်း လှူကြောင်း ကျောက်စာ ထားရစ်သည်[၈]။ ယင်းကိုထောက်၍ ၁၃-ရာစုဦးကပင်လျှင် တောကျောင်းဂိုဏ်းသည် မင်းအချီးအမြှင့် ခံရလျက် ခေတ်စားလာပြီဟု မှတ်ယူရမည်။ ပုဂံအရှေ့ မင်းနန်းသူရှိ ပြသတာ အရှေ့ တောကျောင်း၌ ရာဇမဟာမင်္ဂလပတိက အေဒီ ၁၂၃၃ တွင် ကူတည်ကြောင်းရေးမှတ်ခဲ့သဖြင့် ၁၃ရာစု၏ပထမနှစ်အစိတ် လွန်လျှင် တောကျောင်းဂိုဏ်းသည် မြို့တော်အနီးသို့ ချဉ်းကပ်လာလေပြီဟု နားလည်ရပါသည်[၉]။ ဇေယျပွတ်အမည်ခံ အရေးပါသော မင်းအမတ်တဦးက အေဒီ ၁၂၃၆ ၌ ပုဂံအရှေ့ဖွားစောတွင် တောကျောင်း ဆောက်၍[၁၀] မြန်မာ ကျွန်အများ ကျောင်းတွင် လှူသည်။ နောက်တနှစ်၌ မြေ ၇၅-ပယ်လှူပြန်သည်[၁၁]။ ကလ္စွာမင်း နန်းရပြီး မကြာမီ ထိုမြေကိုသိမ်းယူလျှင် တောကျောင်းရဟန်းတို့ အပြင်းအထန် ကန့်ကွက်သဖြင့် မင်းက လက်လျှော့လိုက်ရပုံကိုလည်း ကျောက်ရေး မှတ်တမ်းရှိပါ သည်[၁၂]။ ယခုဖော်ပြခဲ့သည့် ပုဂံအရှေ့ရှိ ဖွားစောနှင့် မင်းနန်းသူ အရပ်များကား သစ်မတိ ဟု ရှေးရေးရှိသည်။ ရာဇဝင်ကျမ်းများ၌ သမထီးဟု ဖော်ပြလေ့ရှိသော အရပ်ပင် ဖြစ်ပါသည်။ တော ကျောင်းဂိုဏ်း စတင်ရာ ဒေသကား ယခုအခါ မုံရွာ ခရိုင်နှင့် စကိုင်း ခရိုင် အမြင့် အနိမ့် မြင်းမူ ကျောက်ရစ် စသော ရွာများဖြစ်၍ ဖြစ်ဟန်ကို အောက်တွင် မဟာကဿပ အကြောင်း ရေးသော အခါ၌ အသေးစိတ် ဖော်ပြပါမည်။ ဖုန်မွတ်ကြီးမဟာကဿပ တည်သော တစ်ကျောင်[၁၃] သို့မဟုတ် သို့ခ်မဟာကဿပအော်တာ်ကျောင် [၁၄] ဟူ၍ ရံဖန်ရံခါ တွဲဖက် ဖော်ပြခြင်းကို တွေ့ရသဖြင့် ခေါင်း ဆောင်နှင့်ဂိုဏ်းကို ရည်ညွှန်းသည်ဟု ယူဆရာသည်။ချင်းတွင်းမြစ်ခြေမှ အကြေသို့စုန်၍ ပုဂံတွင် ထင် ရှားလာပုံကို ၁၂၄၇-ခုထိုး ကျောက်စာ [၁၅] အရ သိရပါသည်။တောကျောင်း ဘိက္ခုနှင့်ယှဉ်၍ တော ကျောင်း ဘိက္ခုနီရှိကြောင်းကို ၁၂၈၁-ခုထို ကျောက်စာ [၁၆] အရ တအံ့တသြသိရပါသည်။ ဘိက္ခုနီ ၏ အမည်မှာ အိုဆီ ဖြစ်၏[၁၇]။ ပုဂံခေတ်မှ များစွာလွန်၍ လာသည့်တိုင်အောင်လည်း တောကျောင်း

---

၈။ ဓါတ်ပုံ ၄၄ က/၃။
၉။ ဓါတ်ပုံ ၆၈/၂။
၁၀။ ဓါတ်ပုံ ၈၉/၁။
၁၁။ ဓါတ်ပုံ ၉၀/၁၂-၁၄။
၁၂။ ဓါတ်ပုံ ၉၀/၁၅-၁၆။
၁၃။ ဓါတ်ပုံ ၁၄၀ က/၂။
၁၄။ ဓါတ်ပုံ ၁၄၃ က/၇။ ဓါတ်ပုံ ၁၄၃ ခ/၅။
၁၅။ ဓါတ်ပုံ ၁၆၃/၁၃။
၁၆။ ဓါတ်ပုံ ၂၆၈/၁၆။

၁၇။ အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ ပုဂံခေတ်က ဘိက္ခုနီရှိကြောင်း သက်သေအခိုင်အမာ (ဓာတ်ပုံ ၂၉/၇-၁၉။ဓာတ်ပုံ ၅၃/၇။ ဓာတ်ပုံ ၈၉/၂၇။ ဓာတ်ပုံ ၉၂/၁၄။ ဓာတ်ပုံ ၁၀၁/ ၂၀။ ဓာတ်ပုံ ၁၁၉ က/၂။ ဓာတ်ပုံ ၁၃၄ ခ/၅။ ဓာတ်ပုံ ၁၄၇ ခ/၂၀-၁။ ဓာတ်ပုံ ၂၀၀/ ၁၁-၁၅။ ဓာတ်ပုံ ၂၁၄ ခ/၉။ ဓာတ်ပုံ ၂၂၀/၉။ ဓာတ်ပုံ ၂၂၁/၂၇။ ဓာတ်ပုံ ၂၆၈/၁၆။ ဓာတ်ပုံ ၃၂၉/၁၅။ ဓာတ်ပုံ ၅၁၀/၃။ ဓာတ်ပုံ ၅၅၉ က/၁၄။ ဓာတ်ပုံ ၅၆၂ က/၈။ ဓာတ်ပုံ ၅၇၆ က/၇) ရှိ၍ အနည်းဆုံး အေဒီ ၁၄၀၈ ခုအထိ ဘိက္ခုနီ (ဓာတ်ပုံ ၅၁၀/၃၊ သကရစ် ၇၁၇။ စာရင်း ၈၃၄/၂။ သကရစ် ၇၇၀၊ ရှေကျောင်သဃ်ရာဇ အိမ်ထောင်ရိုဝ်) ရှိသည်ဟု ယူဆစရာ အကြောင်းရှိပါသည်။

များ ခေတ်စားလျက်ပင်ရှိကြောင်းကြတွေ့ရပါသေးသည်[၁၈]။ဤ အရည၀ါသီတစ်ကြောင်[၁၉] မှရဟန်းတို့ကား အချို့ကိုယ်တော်များမှအပ[၂၀] များသောအားဖြင့် တောတွင် တကိုယ်တည်းနေ၍ အရညကင် ဓုတင်ဆောင်ကြသည် မဟုတ်ချေ။ ယင်းတို့ကား ကြီးစွာသော ကျောင်းကို ဆောက်လျက်နေထိုင်ခါ ကျယ်ပြန့်သော မြေယာပိုင်ရှင်များ ဖြစ်ကြ၍ ဝိနည်းကိုလည်း ခပ်လျော့လျော့ပင် လိုက်နာကြဟန်ရှိ၏။ ယင်းတို့၏အမူအကျင့်ကို အောက်တနေရာတွင် အသေးစိတ်ဖေါ်ပြပါမည်။

ရဟန်းများပင် ဖြစ်သောကြောင့် မြေယာကို ဒါယကာတို့လှူသဖြင့် အသင့်အတင့် ရမြဲ ဖြစ်သော်လည်း တောကျောင်းရဟန်းတို့ကား ထိုမျှနှင့်မကြေနပ်နိုင်ချေ။ ငွေဖြင့်ဝယ်၍ မြေယာပိုင်နက်တိုးချဲ့ကြ၏။ ဤသို့မြေဝယ်လျှင် အရောင်းအဝယ် ပြောရေးဆိုမှုကို လူဝတ်ကြောင်အား စေခိုင်းလေ့ရှိ၏[၂၁]။ အောက်ပါ သက်သေဖြင့် ထင်ရှားစေအံ့။ မဟာကဿပ၏ဘေးတော်သူ သင်္ကြံမသူ သည် သင်တောင်ခရိုန်မှ သုရောက္ခ ရှိမြေ ၈၉-ပယ်ကို သာသနာတော်အထောက်အပံ့အလို့ငှါ လှူတန်းခဲ့၏။ သင်္ကြံမသူ လွန်လျှင် သားမြေး တဦးဖြစ်သော ငရောက်သင် ဆိုသူ တဦးက ထိုမြေကို အမွေပစ္စည်းအဝင်အပါသဘောထား၍ သိမ်းယူသည်။ နောင်အခါ ဆင်းရဲသဖြင့် ဆိပ်တောင်ကင်းမှ စကြဝ်တို့ကို ရောင်းစားခဲ့၏။ ငရောက်သင် သေဆုံးပြီးမှ ယင်းသည် ထိုမြေကို ရောင်းစားခွင့် မရှိကြောင်း ပေါ်၍ စတုရက်ပိုလ် နှင့် အစလဖရစ် ခေါ်သော တရားသူကြီးနှစ်ဦးအား ကြားရောက်ခါ တရားစွဲဆိုရ၏။

---

၁၈။ ခေတ်ပုံ ၄၆၅က/၃၊သကရာစ် ၆၇၂။ခေတ်ပုံ ၄၁၅/၂၊သကရာစ် ၆၇၄။ခေတ်ပုံ၅၃၅/၂၇၊၃၃၊ ၃၅၊၃၆၊သကရာစ် ၆၉၄။ ခေတ်ပုံ ၄၄၇/၁၅၊သကရာစ် ၆၉၅။ ခေတ်ပုံ ၄၆၃/၆၊၁၃၊ သကရာစ် ၇၀၃။ ခေတ်ပုံ ၄၆၅ ခ/၁၀၊သကရာစ် ၇၀၃။ ခေတ်ပုံ ၅၂၀ က/၁၁-၁၄၊ သကရာစ် ၇၂၀။ ခေတ်ပုံ ၅၃၇ ခ/၁၀၊သကရာစ် ၇၂၃။ခေတ်ပုံ ၅၉၁က/၉၊သကရာစ် ၇၂၄။ခေတ်ပုံ ၅၄၁က/၆၊ သကရာစ် ၇၂၅။ အဝနကျောဒရွာကျောင်းကျောက်/၅၊ သကရာစ် ၇၃၂။ စာရင်း ၆၆၅ က/၄၊ ၇၊၁၀၊ သကရာစ် ၇၃၆။စာရင်း ၆၈၂/၄၈၊သကရာစ် ၇၃၇။စာရင်း ၇၀၆/၇၊သကရာစ် ၇၄၂။ ကျောက်ရစ်ရွှေပေါင်လောင် ၄ မျက်နှာကျောက်အရှေ့မျက်နှာ/ ၁၁၊ သကရာစ် ၇၅၀။ စာရင်း ၇၇၀/၉၊ သကရာစ် ၇၅၅။ ကျောက်ရစ် ရွှေပေါင်လောင် ၂ မျက်နှာ ကျောက်မျက်နှာ /၁၃၊ ၁၆၊ ၂၀၊ ၂၃၊ သကရာစ် ၇၆၀။ အနိမ့်ကျောက်စ ရွှေကျင် ကျောက်မျက်နှာ/၃၆၊ သကရာစ် ၇၆၉။စာရင်း ၈၆၆/၇၊ သကရာစ် ၇၈၀။ စကိုင်း ထူပါရုံ ၁၅၊ ကျော/၁၊ သကရာစ် ၇၈၃။ စကိုင်း ရေမျက်ကဲလားပြောက် / ၁၇၊ သကရာစ် ၇၈၅။စာရင်း ၈၇၉ က / ၃၊ သကရာစ် ၇၈၇။ မြင်းမူ ရွှေပေါင်လောင်ကျောက်/၈၊ သကရာစ် ၇၈၈၊ အနိမ့်တောကျောင်း တောင်မင်းခေါင် ၄ မျက်ာကျောက်နှ တောင်မျက်နှာ /၈၊ သကရာစ် ၈၀၂။

၁၉။ ခေတ်ပုံ ၄၆၅ က/၃၊ သကရာစ် ၆၇၂။ကျောက်ရစ်ရွှေပေါင်လောင်ဘုရား ၄ မျက်နှာကျောက် အရှေ့မျက်နှာ/၁၁၊သကရာစ် ၇၅၀။ ခေတ်ပုံ ၅၈၃ က/၂၀၊ သကရာစ် ၇၇၉။ ချောင်းဦးမကျီရွာတောင်ရွာဆိုးကုန်း/ ၉၊ သကရာစ် ၁၀၃၀။

၂၀။ အမြင့်မင်းရဲကျောင်း ၂ မျက်နှာ ကျောက်ငယ်မျက်နှာ/၅၊၇၊သကရာစ် ၇၃၃၊ အညာတကုဋ္ဌည် မဟာတေရ်။

၂၁။ ခေတ်ပုံ ၁၆၂ နှင့် ၁၆၃ ကြည့်။

**အထက်စာရင်း**၌ ထိုမြေကို မူလက **သင်္ကြံမသူ**အား မင်းပေးကြောင်းတွေ့ရတဲ့ **သင်္ကြံမသူ**ပိုင် ဝတ္တုမိုးမြေကို **ရောက်သင်** ထက် **မဟာကဿပ** က အမွေခံစစ်သည်ဟု ယူဆသဖြင့် **မဟာကဿပ** အား အနိုင်ပေးလိုက်သည်။ သို့သော် **မဟာကဿပ** က မိမိသွေးသားပင် ဖြစ်သော **ရောက်သင်** သည် သာသနာမြေကိုစော်ကားသဖြင့် ငရဲ၌ ပင်ပန်းကြီးစွာ အပြစ်ခံလျက်ရှိမည်ကို မြော်ခေါ်သနားလျက် အဆိုပါမြေကို တရားနိုင်သည့်အတွက် အလကားသိမ်းယူခြင်းမပြုမူ၍ **သင်္ဃကဥစ္စာ** မှ ငွေထုတ်လျက် လူသုခမိန် ဖြစ်သော **ဓမ္မဘဏ္ဍာ** ကို တပယ်လျှင် ငွေတဆဲ့ငါးကျပ်ပေး၍ ရွေးယူစေသည်။ ထိုသို့ ဖြစ်ပျက်ခဲ့သည်ကား၊ အေဒီ ၁၂၄၄[၂၂] ခုနှစ်ကဖြစ်ပါသည်။ဤအဖြစ်အပျက်ပါရှိသော ကျောက်စာ၌ပင် လူသုခမိန် ဖြစ်သော **ဓမ္မဘဏ္ဍာ** ကို နောက်ထပ်မြေအဝယ်ခိုင်းသည်မှာ ငါးကြိမ်တိတိ ရှိသည်[၂၃]။

အထက်ပါအတိုင်း လယ်မြေဝယ်ယူရာ၌ ယခုခေတ်သဘောတွင် သင်္ဃာတော်တို့နှင့် မအပ်စပ်ဟူ၍ယူဆမည့် အမူအကျင့်တခုရှိသည်ကို ဖေါ်ပြရပါမည်။ ယင်းကား အရောင်းအဝယ် အောင်မြင်ခြင်းကြောင့် မြူးထူးခြင်း ၊မြေယာပိုင်ရှင် ပြောင်းလဲကြောင်း အသိအကြားပြုရန် လူအများကို ဖိတ်ကြား၍ ကျွေးမွေးရခြင်းနှင့် ဆိုင်ရာနယ်မြေအရာရှိတို့အား ဖျင်အဝတ်တို့ကို လက်ဆောင်ပေးရခြင်းတို့ ဖြစ်၍ သေသားသောက်စားရာ၌ ရဟန်းများပင် ပါဝင်သောက်စားခြင်းပြုသည်ကို တွေ့ရ၏။ လယ်မြေ၏ စျေးနှုန်းကို ပြောဆိုရာ၌လည်း **သိယ်ဖိုဝ်သာဖိုဝ်**[၂၄] ကို ထည့်သွင်း ဖေါ်ပြမြဲ ဖြစ်၏။ စျေးတည့်၍ အရောင်းအဝယ် အောင်မြင်လျှင် **ပြိသိယ်ပြိသာစာပါ၏**[၂၅] ဟု ဖေါ်ပြလေ့ရှိသည်။ သို့သော်

---

၂၂။ ဓါတ်ပုံ ၁၆၂။

၂၃။ ဤသို့မြေအရောင်းအဝယ်ပြုရာ၌ အကြမ်းအားဖြင့် တွေ့ရသောစျေးနှုန်းမှာ ခရိုင်ဒေသ၌ စျေးကြီးရကား တပယ်လျှင် ငွေ ၂၀ သို့မဟုတ် ကြေး ၈ ပိဿာခန့် စျေးဖြစ်သည့်အခါလည်း ရှိသည်။ တိုက်အရပ်၌မူ စျေးမှာ များစွာနည်းသဖြင့် မြေတပယ်လျှင် ငွေတကျပ် သို့မဟုတ် ကြေးပိဿာဝက်မျှသာ ပေးရ၏။ ကြိတ်နှုန်းအားဖြင့် တပယ်လျှင် ငွေ ၈ ကျပ်မှ ၁၀ အထိ သို့မဟုတ် ကြေး ၂ ပိဿာ ၃ ပိဿာမျှ တန်ဖိုးရှိသည်။

၂၄။ ဓါတ်ပုံ ၂၂၄/၁၀-၁၁၊သကရစ် ၆၃၀။ ဓါတ်ပုံ ၂၃၁က/၅၊ သကရစ် ၆၃၂။ဓါတ်ပုံ၆၂၄/၄-၆၊ သကရစ် ၆၄၂။ ဓါတ်ပုံ ၂၆၈/၈-၉၊ သကရစ် ၆၄၃။ ဓါတ်ပုံ ၃၈၀/၆-၇၊ သကရစ် ၆၁၁။ ဓါတ်ပုံ ၃၉၅/၁၆-၁၈၊သကရစ် ၆၆၄။ ဓါတ်ပုံ ၄၁၀/၇၊ သကရစ် ၆၇၀။ ဓါတ်ပုံ ၄၂၃/၃၃-၄၊ သကရစ် ၆၇၉။ ဓါတ်ပုံ ၅၃၂/၉၊သကရစ် ၇၂၂(သာငါ)။ ဓါတ်ပုံ ၅၄၃ က/၂၈၊ သကရစ် ၇၂၆။ အနိမ့်တန်စောင်း လေသာကျောင်းတိုက် ကျောက် ကျော/၁၄၊ သကရစ် ၇၄၀။ ကျောက်ရစ်ရွှေပေါင်လောင် ကျော/၁၉-၂၀၊ သကရစ် ၇၆၀။ ရေမျက်ကဲသာပြောက် ကျောက်/၂၅၊ သကရစ် ၇၈၅။ စာရင်း ၉၂၂ ခ/၁၂၊ သကရစ် ၈၀၁။ စာရင်း ၉၂၃/၁၂၊ သကရစ် ၈၀၁။ စာရင်း ၈၄၀ က/၃၂၊ သကရစ် ၈၀၁၊ စာရင်း ၈၄၀ ခ/၂၄၊၆၊၇၊၁၃၊၁၅၊၁၇၊ သကရစ် ၈၀၃။

၂၅။ ဓါတ်ပုံ ၅၁၆ ဂ/၁၀၊ သကရစ် ၆၈၆။ဓါတ်ပုံ ၅၄၃ က/၂၅၊ သကရစ် ၇၂၆။ မန္တလေးနန်းတော်ရုံကျောက် ၁၀၆ မျက်နှာ/၅၊ သကရစ် ၇၇၀။ စာရင်း ၈၄၀ က/၂၅၊၂၈၊၄၂၊၄၃၊၄၅၊ သကရစ် ၈၀၁။ စာရင်း ၉၂၃/၅၊၁၃၊၁၆၊ သကရစ် ၈၀၁။ စာရင်း ၉၂၅ ခ/၅၊ သကရစ် ၈၀၂။ စာရင်း ၈၄၀ ခ/၃၊ သကရစ် ၈၀၃။ စာရင်း ၁၃၇၁/၃။

တခါတရံ သေဘိုး သားဘိုး ဖျင်ဘိုး အားလုံးကို ခြုံ၍ **စာဖုဝ်**[၂၆] ဟု ဖေါ်ပြတတ်လျက် သဘော အဓိပ္ပါယ်အားလုံးကိုပေါင်းကာ **စာပေအော်/စာစေသော/စာရအော်/စာပေသတေ**[၂၇] ဟု လိုက်လျော ခွင့်ပြုချက်ကို ဖေါ်ပြ၏။ ထို့ထက်ပို၍သေချာလိုသောသူတို့ကမူ **စာသောက်ပိယ်ရှယ်**[၂၈] ဟု မှတ်တမ်း တင်ခဲ့ကြ၏။ ဤသို့စားသောက်ပွဲကြီးကျင်းပရာ၌ မည်သို့သော အသားကို စား၍ မည်သို့သော သေ ရည်ကိုသောက်မည်နည်းဟု သိလိုကြပေမည်။ ခေတ်ပြိုင်ကျောက်ရေးဆရာတို့က ဤအချက်တို့ကိုလည်း

---

၂၆။ ဓာတ်ပုံ ၄၅၆ ခ/၅၊ သကရစ် ၆၉၈။

၂၇။ ဓာတ်ပုံ ၄၁၈/၁၈၊ သကရစ် ၆၇။ ဓာတ်ပုံ ၄၇၄/၁၄၊ သကရစ် ၇၀၆။ ဓာတ်ပုံ ၅၁၆/၁၄၊ သကရစ် ၇၁၈။ ဓာတ်ပုံ ၅၂၀ က/၁၈၊ သကရစ် ၇၂၀။ ဓာတ်ပုံ ၅၃၆/၉၊ သကရစ် ၇၂၃။ အမြင့်တန်ဆောင်း လေသာကျောင်းတိုက်ကျောက် ကျော/၄၊သကရစ် ၇၄၀။ မန္တလေး နန်းတော်ရှုံကျောက် ၁၀၆ မျက်နှာ/၈၊သကရစ် ၇၇၀။ရေမျက်ကဲလာပြောက်/ဃ၊သကရစ်၇၈၅။ စကိုင်းစေတီလှ တိလောကဂုရုချောင်အနောက် မျက်နှာကျော/၂၊ သကရစ် ၇၈၅။

၂၈။ ?မန္တလေးနန်းတော်ရှုံကျောက်၇၄ကျော/၂၁၊၂၂၊သကရစ်၅၄၅။ဓါတ်ပုံ၄၄၉/၉၊၂၁၊၂၆၊ သကရစ် ၆၅၁။စာရင်း ၇၀၄/၁၆၊ သကရစ် ၇၀၁။ ဓာတ်ပုံ ၄၆၄ က/၉၊၁၀၊၁၃၊သကရစ် ၇၀၃။ဓာတ်ပုံ၄၇၃ခ/၅၊သကရစ်၇၀၆။ဓာတ်ပုံ၄၇၄/၉၊သကရစ် ၇၀၆။ဓာတ်ပုံ ၄၈၈ က/ ၂၁၊သကရစ်၇၁၂။ဓာတ်ပုံ၅၈၇ ခ/၅၊သကရစ်၇၁၃။ဓာတ်ပုံ၅၀၉/၂၂၊၂၄၊သကရစ်၇၁၇၊ ဓာတ်ပုံ ၅၁၅ က/၁၁၊၁၂၊၁၃၊ သကရစ် ၇၁၈။ ဓာတ်ပုံ ၅၁၆/၉၊၁၇၊သကရစ် ၇၁၈။ ဓာတ်ပုံ ၅၁၉ခ/၇၊သကရစ်၇၁၈။ဓာတ်ပုံ၅၂၈/၂၀၊သကရစ် ၇၂၁။ဓာတ်ပုံ၅၂၆/၆၊သကရစ်၇၂၁။ ဓာတ်ပုံ ၅၃၆/၂၃၊၂၄၊၂၅၊သကရစ် ၇၂၃။ဓာတ်ပုံ ၅၄၃ခ/၆၊သကရစ် ၇၂၆။ပခန်းကြီး၊ ကျောင်းတွင်းဓမ္မာရုံ ၄-မျက်နှာကျောက် အနောက်မျက်နှာ/၁၆၊၁၇၊သကရစ်၇၂၉။ယင်း၊အ ရှေ့မျက်နှာ/၁၈-၁၉၊သကရစ် ၇၂၉။စာရင်း ၆၃၆က/၁၇၊သကရစ် ၇၃၂။စာရင်း ၆၆ခ/၂၊ သကရစ် ၇၃၄။စာရင်း ၆၇၁က/၄၊သကရစ်၇၃၅။စာရင်း၆၈၂/၂၇၊သကရစ်၇၃၇။အမြင့် တန်စောင်းလေသာကျောင်းတိုက်ကျော/၆၊၁၄၊၂၁၊သကရစ် ၇၀၄။စာရင်း ၇၀၄/၆၊၈၊၉၊ သကရစ် ၇၄၂။စာရင်း၈၄၇က/၂၅၊၂၉၊၃၁၊သကရစ် ၇၄၅။ ဆလင်ကြီးခွန်သာ မြတ်လေး ဆူ/၁၂၊၃၀၊၃၁၊သကရစ် ၇၄၅။စာရင်း၇၂၃/၁၃၊သကရစ် ၇၄၇။စာရင်း ၇၂၆ခ/၃၊သက ရစ် ၇၄၈။စာရင်း ၇၄၅က/၁၉၊သကရစ် ၇၅၀။စားရင်း ၇၅၄/၅၊ သကရစ် ၇၅၃။ စာရင်း ၇၇၀/၂၇၊သကရစ်၇၅၅။စာရင်း၇၃၉/၄၊သကရစ်၇၅၇။ကျောက်ရစ်ရွှေပေါင်လောင် ၂- မျက်နှာ ကျောက်၊ရှေ့မျက်နှာ/၂၃၊၂၄-၅၊သကရစ် ၇၆၀။ ယင်းကျော/၇၊၁၉၊၂၀၊သကရစ် ၇၆၀။မန္တလေး နန်းတော်ရှုံကျောက် ၁၀၆ မျက်နှာ/၁၃၊သကရစ် ၇၇၀။ယင်းကျော/၄၊သ ကရစ်၇၇၀။စကိုင်းစေတီလှလောကဂုရုချောင်ရွှေမျက်နှာ/၁၇၊သကရစ်၇၈၅။စာရင်း၇၂၉/ ၄၈၊သကရစ်၇၉၁။အနိမ့်တောကျောင်းတောင်မင်းခေါင်ကျောင်း ၄မျက်နှာမြောက်/၄၇-၈၊ သကရစ် ၈၀၂။ယင်းအနောက်/၃၀၊သကရစ် ၈၀၂။ယင်းတောင်/၆၊၁၀၊၁၁၊၂၃၊၄၅၊သက ရစ်၈၀၂။မြင်းခြံတလုပ်မြို့ သုံးလူလ/၁၃၊၃၂၊သကရစ်၈၁၅။စာရင်း၉၈၁ခ/၅၊သကရစ်၈၃၀။

ချင်းချန်၍မထားဘဲ အသေးစိတ် ဖေါ်ပြခဲ့သည်။ စားဖွယ်တွင် ထမင်းဟင်းအမဲအဆာ[၂၉] ဟု သာမည ပြောသည်လည်း ရှိ၏။ သေထွင်း[၃၀] ဟု သေကို အသားပေး၍ ဖေါ်ပြသည်လည်း ရှိ၏။ အလွန် ကြီးကျယ်သောထမင်းပွဲကြီးဖြစ်ကြောင်းကို ထင်ရှားစေလိုသဖြင့် သေကြီးသာကြီးစာ သည်[၃၀] ဟု မှတ်တမ်းတင်ပြန်သည်။ သို့မဟုတ် စားသောက်သော ပစ္စည်းအမည်အရည်ဖြင့် သာနွား ၂ ခု သမင် ၃ ခု သေ ၃၀[၃၁] ဟူ၍၎င်း၊ စာသောက်ပေသကာ နွားပိုက်ကြီးတခု၊ ဝက်တောင်တခု သေသုံးဆယ်မ္လတ်[၃၂] ဟူ၍၎င်း ဖေါ်ပြတတ်သည်။ နွားကြီးတကောင် ဝက်ကြီးတကောင် သေအိုး ၃၀ ကျော်ကုန်သည့် ထမင်းပွဲသို့ လာမည့် လူအင်အားကို ချင့်ချိန်၍ ကြည့်နိုင်ပါသည်။ သို့မဟုတ် မြန်မာတို့သည် လွန်ခဲ့သော အနှစ် ငါးရာကျော်က ယခုထက် အဆများစွာပို၍ သေရည်သောက်ခြင်း အသားစားခြင်းပြုသည်ဟု ယူဆရာသည်။ အလှူဒါနကို မှတ်တမ်းတင်သော ကျောက်စာ၌ ကျွဲသတ်ရုယ် စာသောက်ပေသတေ[၃၃] ဟု ရိုးရိုးလွယ်လွယ်ရေးထားဝန့်သော သတ္တိကိုလည်း ချီးကျူးရပေမည်။ ဘုရားမြေ၏ နယ်အပိုင်းအခြားကိုမှတ်၍ ကျောက်တိုင်စိုက်ပေးရသူ လူအနည်းငယ်က ပင်လျှင် ကွေ့ာက်ဆောက်သော လေနွားတခု လှည်ရုယ် စာသောက်ပေ၏[၃၅] ဟု ပြောရဲသည်။ ရဟန်းတို့ကလည်း သင်္ကစိတ်တခု သေထမင်းနှင့် မယ်စာပေ၏[၃၆] ဟု ဆိုရဲသည်။ ဤပွဲမျိုးကို ခေတ်ကာလအလိုက် နောက်ပိုင်းတွင် ပို၍ ပို၍ ကြီးကျယ်အောင် စီမံလာသည်ကို တွေ့ရပြန်သည်။ နမူနာအားဖြင့်ဖေါ်ပြရလျှင် အေဒီ ၁၂၄၉-နှစ်လောက်က နွား ၁ ခု၊ သေခုနှစ်လုံမ်[၃၇] ကုန်သည့်ပွဲမျိုးကို ကြီးလှပြီဟုယူဆရသည်မှ အနှစ် ၂၀၀-ခန့်အကွာ အေဒီ ၁၄၂၉-ခုနှစ်တွင် နွား ၈ ခု၊ ဝက်၅ခု၊ ဆိတ် ၁၀၊ သေ ၃၀[၃၈] စားသောက်သည့်ပွဲကား သမရိုးကျ လုပ်ရိုးလုပ်စဉ်ပွဲမျိုးဖြစ်၍ လာပါသည်။

---

၂၉။ စာရင်း ၇၀၆/၅၊၉၊သကရစ် ၇၄၂။စကိုင်း ထူပါရုံကျောက် ၁၂ ရွှေမျက်နှာ/၁၃၊သကရစ် ၇၆၀။ ကျောက်ရစ် ရွှေပေါင်လောင်ကျော/၁၉၊ ၁၉၊ ၂၀၊ သကရစ် ၇၆၀။

၃၀။ ဓါတ်ပုံ ၅၃၆/၁၉၊ သကရစ် ၇၂၃။အနိမ့်တောကျောင်း တောင်မင်းခေါင်ကျောက် တောင်မျက်နှာ/၆၊ သကရစ် ၈၀၂။ မြင်းခြံ ရွာသာ ချမ်းသာကြီးဘုရား ကျောက် မျက်နှာ / ၁၀၊ သကရစ် မရှိ။

၃၁။ ဓါတ်ပုံ ၄၈၄ ခ/ ၁၃၊ သကရစ် ၇၁၁။ဝက်လက် သစ်ဆိမ့်ကြီး ပြာသာဒ်လှကျောင်း ကျောက်မျက်နှာ/ ၂၃၊ ကျော/၅၊ သကရစ် ၇၆၄။

၃၂။ ပခန်းကြီး ကျောင်းတွင်းမမ္မာရုံ ၄-မျက်နှာကျောက် အရှေ့မျက်နှာ/၁၈၊ သကရစ် ၇၂၉။

၃၃။ ဆလင်ကြီးခွန်သာရွာ မြတ်လေးဆူဘုရားကျောက်/၁၂၊ သကရစ် ၇၄၅။

၃၄။ စာရင်း ၇၂၆ ခ/၃၊ သကရစ် ၇၄၈။ စာရင်း ၇၉၃ က/၁၇၊ သကရစ် ၇၆၀ တွင် ကျွဲ ၂ ခု သတ်ရုယ် ဟုလည်း ပါသည်။

၃၅။ စာရင်း ၇၇၀ / ၂၇၊ သကရစ် ၇၅၅။

၃၆။ အနိမ့်တောကျောင်း တောင်မင်းခေါင်ကျောက် တောင်မျက်နှာ/ ၆၊ သကရစ် ၈၀၂။

၃၇။ ဓါတ်ပုံ ၃၈၀ / ၆၊ သကရစ် ၆၁၁။

၃၈။ စာရင်း ၇၂၉ / ၄၈၊ သကရစ် ၇၉၁။

အထက်ဖော်ပြပါ **အမဲအဆာ**[၃၉] တွင် မည်သည့်သားကောင်တို့ ပါဝင်သည်ကို ရှင်းလိုပါသည်။ စားသောက်ကြသည်တို့ကို စာရင်းပြု၍ ကြည့်သောအခါ၌ နွားကို စားရန် အနှစ်သက်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ နွားကြီးတခု သေ ငါလုံးနှင့် **စားသောက်ရ၏** ပြီ၏[၄၀] ဟု တခါတည်းနှင့် **နွားတကောင်ကုန်အောင်စားကြသည်ကမျာ**း၏။ အလီလီ အစုစု နွား ၈-ကောင်[၄၁]။ ၁၀-ကောင်[၄၂]။ ၁၅-ကောင်[၄၃] ကုန်သည်လည်းရှိ၏။စားသောနွားတို့မှာ အရွယ်အမျိုးမျိုးအစားစားရှိသည်။**နွားနက်**[၄၄] **နွားပိုက်**[၄၅] နွားမ[၄၆] နွားလာ[၄၇] ဟူ၍၎င်း လယ်နွား[၄၈] **သာနွား**[၄၉] ဟူ၍၎င်း၊ ခွဲခြားဖော်ပြသည်။ ဤတွင် **သာနွား** ဟူသည် နွားငယ်ကိုဆိုလိုဟန်ရှိ၍ လူကြိုက်ပို၍များပေမည်။ နွားပြီးလျှင် ဒုတိယ လူကြိုက်အများဆုံးကား ဝက်ဖြစ်ပါသည်။ ဝက် ၁၀-ကောင်[၅၀] ကုန်သည့်ပွဲလည်း ရှိဘူးသည်။ အမျိုးအစားအားဖြင့်**သာဝက်**[၅၁] **ဝက်မ**[၅၂] **ဝက်တောင်**[၅၃]နှင့် **ဝက်တောင်စွယ်ထွက်**[၅၄] တို့ဖြစ်ပါသည်။တတိယအတွင်**ဆုံးသားကောင်ကား** ဆိတ်ဖြစ်၏။ဆိတ် ၁၀-ကောင်[၅၅]ကုန်သောပွဲ၊ ၁၈-ကောင်[၅၆]ကုန်သော ပွဲတို့လည်း

---

၃၉။ စကိုင်းထူပါရုံကျောက် ၁၂-မျက်နှာ/၁၃၊ သကရစ် ၇၆၀။

၄၀။ မန္တလေးနန်းတော်ရုံကျောက် ၁၀၆-မျက်နှာ/၁၃၊ သကရစ် ၇၇၀။

၄၁။ ခေတ်ပုံ ၅၃၈ ခ/၁၆၊ သကရစ် ၇၂၃။ စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁။

၄၂။ မန္တလေးနန်းတော်ရုံကျောက် ၇၄-ကျော/၂၁၊ သကရစ် ၅၄၅။ စကိုင်း ရေမျက်ဘုရားငါးဆူမျက်နှာ/၂၅၊ သကရစ် ၇၃၇။

၄၃။ မန္တလေးနန်းတော်ရုံကျောက် ၁၀၆ မျက်နှာ/၈၊ သကရစ် ၇၇၀။

၄၄။ စာရင်း ၁၃၂၄/၁၆၊ သကရစ် ၈၅၇။

၄၅။ ခေတ်ပုံ ၄၇၄/၁၉၊သကရစ် ၇၀၆။စာရင်း ၈၄၇ က/၂၅၊သကရစ် ၇၄၅။ဆလင်ကြီးခွန်သာမြတ်လေးဆူ/၁၂၊ သကရစ် ၇၄၅။ စာရင်း ၇၅၄/၅၊ သကရစ် ၇၅၃။

၄၆။ ခေတ်ပုံ ၄၃၃ က/၁၀၊ သကရစ် ၆၈၃။ ခေတ်ပုံ ၄၇၃ ခ/၅၊ သကရစ် ၇၀၆။

၄၇။ ခေတ်ပုံ ၄၃၃ က/၁၀၊ သကရစ် ၆၈၃။ ခေတ်ပုံ ၄၇၃ ခ/၅၊ သကရစ် ၇၀၆။ စကိုင်းစေတီလှတိလောကဂုရုချောင်ကျောက် အနောက်မျက်နှာ/၆၊ သကရစ် ၇၈၅။

၄၈။ စကိုင်းစေတီလှ တိလောကဂုရုချောင်ကျောက် အနောက်မျက်နှာ/၈၊ သကရစ် ၇၈၅။

၄၉။ ခေတ်ပုံ ၄၃၃ ခ/၈၊ သကရစ် ၆၈၃။

၅၀။ အနိမ့်တောကျောင်း တောင်မင်းခေါင်အနောက်မျက်နှာ/၁၃၊ သကရစ် ၈၈၂။

၅၁။ ခေတ်ပုံ ၄၄၉/၉၊ သကရစ် ၆၅၁။

၅၂။ ခေတ်ပုံ ၄၃၃ ခ/၈၊ သကရစ် ၆၈၃။

၅၃။ ခေတ်ပုံ ၅၁၉ ခ/၇၊ သကရစ် ၇၁၈။

၅၄။ မန္တလေးနန်းတော် ကျောက်စာရုံကျောက် ၁၀၆ ရှေ့မျက်နှာ/၅၊ သကရစ် ၇၇၀။

၅၅။ စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁။

၅၆။ ခေတ်ပုံ ၅၂၀ က/၁၈၊ သကရစ် ၇၂၀။

ရှိဘူးပါသည်။ ကျွဲကိုမူ လုံး၀ မရှောင်သော်လည်း စားခဲ့သည်ဟု ဆိုရမည်[၅၇]။ သမင်[၅၈] ကြက်[၅၉] နှင့် ငါး[၆၀] တို့ကို စားကြောင်းလည်း အမှတ်အသားများ တွေ့ရပါသည်။

အစားနှင့်တွဲသော အသောက်ကို စစ်ဆေးရန် လိုပြန်သည်။ အေဒီ ၁၃၇၆-ခုနှစ် မှတ်တမ်း တခုတွင်—

> မဟာထည် စသော သွိင်တကာကိုဝ် တကွိဏ ထန်လျှုရုယ် ယံမကာ အဖျဝ်နှင် တကွ ဆွံ ခွေ့၏[၆၁]။

ဟု ပါရှိရာ ယံမကာအဖျဝ် ကား ကုလားအမည်ဖြစ်၍ ထန်းရည်မှဖြစ်သော သေအရက်ချိုမျိုးတည်း ဟု ဆရာတို့ ယူသည်[၆၂]။ ပေါက်မြိုင်သမာရွာ ကုဒွေးကျောင်း၏ အေဒီ ၁၃၇၃-ခုနှစ် ရက်စွဲရှိသော တတိယ တြျာဖျာ(၁၃၆၇-၁၄၀၀)ခေါ် မင်းကြီးစွာစော်ကဲ၏ ကျောက်တွင်—

> ဤသိုဝ်လှူတ် မူရုယ်ရသ စေစိမ်မ္လိယ်ကိုဝ် ထန်စိုက်ရုယ် ယခင်တွင် ငွေ့ောင် ပ္လုရုယ် အာ့လှူခ ၏။ ဤထန်ကိုဝ် ငှွေ့ောင်ကာ နှစ်ဆ။ ယကင်တွင် သွိင် အပေါက်ကာ တဆ။ သောက်ပါ စေသတေ[၆၃]။

ဟု ရေးသားပါရှိရာ ထန်းရည်ကို သခင်သာဃာတို့ သောက်ပါစိမ့်သောငှါ စိုက်၏။ ကျောင်းနှင့် ကျောင်းနေ ရဟန်းတို့ တဆ နှစ်ဆ အသီးသီး အချိုးမျှ၍ သောက်ပါဟု အနက်ရသည်။ အခြား အနက်ကြံဆ၍ မရချေ။ ရဟန်းတို့ မိမိနှင့်မဆိုင်သည့် သေ တလုံးကိုမျှယူ၍ သောက်လျှင် ဘေးသင့် ပါသော ဟူသော ကြိမ်စာကိုလည်း တွေ့ဘူးပါသည်[၆၄]။ ဤအချက်များကို ထောက်ခံသော အခြား သက်သေတခုကား အေဒီ ၁၃၇၃-တွင်ပင် ရေးထိုးသော မင်းရဲအသခ်ယာ၏ ပခန်းကြီး ကြောင်လိမ် ဘုရားကျောက်တွင်—

> စာသောက်ပေသည်။ သာန္တာတခု၊ ၀က်တခု၊ ဆိတ်တခု၊ ကြက် ၈-ခု၊ သေ ၂၅-လုံး၊ ဤ အကုန် ပေါင်လောင် မဟာထိငွေ့ောင်ထက်လျှင် စာသောက်ပေကုန်ရုယ်ပြီ၏[၆၅]။

ဟု မှတ်တမ်းတင်လျက်ရှိရာ ဆရာတော်၏ ကျောင်းထက်၌ သောက်စားကြခြင်းကို ယခုခေတ် အနေ့

---

၅၇။ ခတ်ပုံ ၅၀၉/၂၂၊ သကရစ် ၇၁၇။ စကိုင်းရွာသစ် ဘုရားငါးဆူ မျက်နှာ/၂၅၊ သကရစ် ၇၃၇။ စာရင်း ၇၂၆ ခ/၃၊ သကရစ် ၇၄၈။

၅၈။ ပခန်းကြီးကျောင်းတွင်း ဓမ္မာရုံ ၄-မျက်နှာကျောက် အရှေ့မျက်နှာ/၁၈၊ သကရစ် ၇၂၉။

၅၉။ စာရင်း ၆၇၁ က/၄၊ သကရစ် ၇၃၅။ အနိမ့်တောကျောင်း တောင်မင်းခေါင် အနောက် မျက်နှာ ၁၄၊ သကရစ် ၈၀၂။

၆၀။ ခတ်ပုံ ၅၃၂/၉၊ သကရစ် ၇၂၂။

၆၁။ ခတ်ပုံ ၂၃၃/၁၄၊ သကရစ် ၇၃၈။

၆၂။ G. H. Luce: "Economic Life of the Early Burman" *BRSFAP*, II, P. 336.

၆၃။ စာရင်း ၆၇၀၊ သကရစ် ၇၃၅။

၆၄။ မြင်းခြံ ရွာသာရွာ ချမ်းသာကြီးဘုရားကျောက် မျက်နှာ/၁၃။

၆၅။ စာရင်း ၆၇၁ က/၁၂၊ သကရစ် ၇၃၅။

ဖြင့် အုံသြဖွယ်ရှိမည် ဖြစ်သော်လည်း ထိုစဉ်အခါက မှတ်တမ်းများ၌ ကျောင်းတ်ဦးနှိုက် သို့င် မျာတိုဝ် **လေစာပေ၏ တြျာလေနာ၏**[၆၆] ဟူ၍၎င်း၊ **ကုလာကျောင်ဦ ထက်လျှင် စာသောက်ပေသော သဃ်ထိ**[၆၇] ဟူ၍၎င်း၊ **သေသာစာပေရှယ်လှျ၏**[၆၈] ဟူ၍၎င်း တွေ့ရှိရသဖြင့် လူရော ရဟန်းပါ အလှူတွင်လည်း စားသောက်ကြသည်ဟု ယူရန်သာရှိပါသည်။ ရဟန်းကျောင်းအပြင် သေသောက်ရန် အခြားနေရာများလည်း ရှိသေး၏။ အေဒီ ၁၃၇၀-ခုနှစ် ရေးသော ကျောက်တခု၌ **ဇွမ်ထက်သောက်စာပိယ်ရှယ်**[၆၉] ဟုပါသည်။ ထို့ထက်ဆန်းသည်ကား မြိုင်လဲလျှင် **ကနာကြိ ဆောက်ရှယ် စာသောက်ပေ၏**[၇၀] ဟူ၍၎င်း၊ **ရွာလဲလျှင် ကနာဆောက်ရှယ် စာသောက်စိယ်၏**[၇၁] ဟူ၍၎င်း၊ **ထိုဝ်လဲတွင်နှိုက်တ်ဆွင်ရှယ် ကန္နာကြီဆောက်ရှယ် စာသောက်ပေရှယ်**[၇၂] ဟူ၍၎င်း တွေ့ရသဖြင့် ဤစားသောက်ပွဲမျိုးကို အထူးနေရာပြင်ဆင်၍ လုပ်ရိုးလည်း ရှိသည်ဟုသိရ၏။ ရိုးရိုးလွယ်လွယ်နှင့် ထူးခြားသည့် အစီအစဉ်ကို ကျောက်ရစ် ရွှေပေါင်လောင်ကျောက်၌—

> မင်ကြီဆြွ၊ တ်ကျောင် မဟာထေစသော သဃ်ာ အပေါင် စည်ဝေရှယ် စာသောက်သကာ မင်ကွ္လည်ပင်ရင် နှုက်တေ၊ ပြည်စိုဝ်ရွာသူကြီ အသည်မျာ တိုဝ်စာသောက်သကာ ကုတ်ကိုဝ်ပင်တေမင် စသော သမိသွက် စည်ဝေသကာပေါက် ၂ ပင်တေ[၇၃]။

ဟူ၍ တွေ့ရသည်။ ရဟန်းကအစ သေသောက်သောခေတ်ဖြစ်သဖြင့် သေ ၇-လုံး၊ နွား ၁-ကောင်၊ ထမင်း ၅-အိုး စားသောက်ကြသော ပွဲလာသူစာရင်းတခု၌ အမျိုးသမီး အိမ်မစည် တယောက် ပါနေသည်မှာလည်း ဆန်းလှသည် မဟုတ်ချေ[၇၄]။ **စကိုင်းပိတု သဃ်ရာဇာ** က အေဒီ ၁၄၄၁-ခု ကျောက်စာ၌ သေကောင်၏[၇၅] ဟု မှတ်ချက်ချသည်မှာ စိတ်ပါဝင်စားဘွယ် ဖြစ်ပါသည်။

---

၆၆။ ခာတ်ပုံ ၅၀၄/၁၆၊ သကရစ် ၇၁၅။
၆၇။ ခာတ်ပုံ ၅၃၆/၂၃၊ သကရစ် ၇၂၃။
၆၈။ ခာတ်ပုံ ၅၀၇ ခ/၅၊ သကရစ် ၇၂၃။
၆၉။ အမြင့်တန်ဆောင် လေသာကျောင်းတိုက် ကျောက်ကျော/၆၊ သကရစ် ၇၄၀။
၇၀။ ပခန်းကြီးကျောင်းတွင်း ဓမ္မာရုံ ၄-မျက်နှာ ကျောက်အရှေ့မျက်နှာ/၁၉၊ သကရစ် ၇၂၉။
၇၁။ ပခန်းကြီးကျောင်းတွင်း ဓမ္မာရုံ ၄-မျက်နှာကျောက် အနောက်မျက်နှာ/၁၆၊သကရစ် ၇၂၉။
၇၂။ စာရင်း ၆၃၆/၁၇၊ သကရစ် ၇၃၂။
၇၃။ ကျောက်ရစ်၊ ရွှေပေါင်လောင်ကျောက် အရှေ့မျက်နှာ/၂၃-၄၊ သကရစ် ၇၆၀။
၇၄။ စာရင်း ၀၄၇ က/၃၁၊ သကရစ် ၇၄၅။
၇၅။ စာရင်း ၀၄၀ ခ/၁၅၊ သကရစ် ၈၀၃။

ထန်းရည်[၇၆] နှင့် ပေါင်းရည်ဖြစ်သော သေတို့သည် အကျော်ကြားဆုံးဖြစ်သော်လည်း **မေ ရည်**[၇၇] နှင့် အရက်[၇၈] တို့ကို သောက်စားခြင်း အသင့်အတင့်ရှိသည်။ အရက်ကို မူလထိုး မဟုတ်ဟု ထင်ရသော အေဒီ ၁၂၄၈-ခုနှစ် ကျောက်[၇၉] မှလွဲ၍ အေဒီ ၁၃၇၉-ခုနှစ်တွင် အစောဆုံး တွေ့ရ၍ တွေ့ရပုံမှာလည်း မိဖုရား **စောဝ်က** အရက် **တပေါင်ကန်** လှူသည်ဟု ပါရှိသည်[၈၀]။

အရောင်းအဝယ်နှင့် အလှူအတန်းတွင် စားသောရသော ထုံးစံကဲ့သို့ ဖျင်းမဲ ဖျင်းဖြူ လှမ်းခြင်းအလေ့တခု ရှိပါသေးသည်။ အထူးသဖြင့် မြေယာ၏ ပိုင်ရှင် ပြောင်းလဲသည့်အခါတိုင်း၌ ဆိုင်ရာမြေကို စိုးသော သူတို့အား အသိအကြားပြုစေကြောင်း ဖျင်လက်ဆောင် ပေးရဟန် တူသည်။ အမတ်ကြီး လက်ဝဲ ဇနီးမောင်နှံသည် အေဒီ ၁၃၁၇-နှစ်၌ ကျောင်းပြု၍ မြေလှူသော အခါတွင် ထားရစ်သည့် မှတ်တမ်းကား—

> ။ဤကျွောင်နှိုက် ရတနာ ၃ ပါသော အာ ပစ္စည် ၄ ပါ ဖ္လစ်စိမ်ငှာလှူသော မ္လိယ်ကာ။ ကန်သျှ တန္တာဉိသန်လဲ ၂၀။ ငစွဲသင် မြန် သန်လဲ ၈ ပဲ။ ညောင်နှစ်ပင်နောက် မုရှင် ၅ ပဲ။ ဤမျှသောလဲကာကလန်သံပျင် ၄ ယောက်စသ စခိကုန်ဩင်ကိုဝ်ဖုမင်ကြိတြ၂ာဖျာဟုအသချ်ာ ကာ ၁၀၀ မ္လတ်လိုဝ်ဟု မောင့်သောလျှင် ရောင်ကုန် သတေ။ ပိယ်သောအဖိုဝ်ကာ။ ငွယ် ၁၄၅ ကျပ်တေ။အဝတ်ကာဖုမ္မသကြိ ဖုမ္မပါ ဖုမ္မဖတ်တြာ ဖုမ္မသခ်ါ ရံမ ပိုဝ် မသု။၆ ယောက် သော ဖျင်မည် ၆ ထည်။ သန်မြင်ကာ တုယင် ပုစ္စန်ဆိ တထည် အနန္တသူရ စစ် ထေ အိုမ် ကောင် သင် ငဝံ သသင် ငသောက်ကြူသင် ငချ် ငစံ ပငပုံငဲ ၈ ယောက်သော ဖျင်လွှ ၈ ခည်ကုံကဲဖျင် တခည်သာန္တာ ၂ခု သမင် ၃ ခုသေ ၃၀ မြှုဝ်လဲလျှင် ကနာကြိ ဆောက် ရယ် စာသောက်ပေ၏[၈၁]။

ဤမှတ်တမ်းများ၌ အမည်တွင် ဖုမ္မ ပါသော သူတို့သည် မြေကို စိုးသော အရာရှိတမျိုး ဖြစ်ဟန်တူ၏။ ယင်းတို့ကို အမှူးပြု၍ ဖျင်မဲ ဖျင်ဖြူ ပေးရသည်။ ခင်မွန်ရွာ ကက်သူကျောင်း ကျောက်စာ၌ ရေးပုံမှာ ပို၍ ရှင်းသည်။

---

၇၆။ စာရင်း ၉၅၂ ခ/၈၊ သကရစ် ၈၅၂။
၇၇။ ကျောက်ရစ် ရွှေပေါင်လောင်ကျောက် ကျော/၂၉၊ သကရစ် ၇၆၀။
၇၈။ စာရင်း ၂၇၇/၁၉၊ သကရစ် ၆၁၀။ ဝက်လက် သစ်ဆိမ့်ကြီးကျောင်း ကျောက်မျက်နှာ/၂၃၊ သကရစ် ၇၄၁။ စာရင်း ၇၁၈ ခ/၆၊သကရစ် ၇၄၃။ ကျောက်ရစ် ရွှေပေါင်လောင်ကျောက် ကျော/၁၉၊ သကရစ် ၇၆၀။ စာရင်း ၈၉၁/၅၊ သကရစ် ၇၉၁။ စာရင်း ၉၀၂ **က/၁၆၊** သကရစ် ၇၉၅။
၇၉။ စာရင်း ၂၂၇/၁၉၊ သကရစ် ၆၇၀။
၈၀။ ဝက်လက် သစ်ဆိမ့်ကြီးကျောင်းကျောက် မျက်နှာ/၂၃၊ သကရစ် ၇၄၁။
၈၁။ ပခုက္ကူ၊ ပခန်းကြီးမြောက် ကျောင်းတွင်းရွာ ဓမ္မာရုံ ၄-မျက်နှာကျောက် အရှေ့မျက်နှာ /၁၁-၁၉၊ သကရစ် ၇၂၉။

။မြေနှင်သကာ လယ်ယာ သင်္ကြံတယောက်၊ ပြည်စိုဝ်တယောက်၊ ဖုမ္မချတ်တြာ တယောက်၊ ဖုမ္မသင်္ကြံတယောက် စခီလေကုန်သြင်မြင်စည် စသော ကုခန်သံပျင် ဣန်အကုန်ပါ၏။ ပေအပ်သော စခီ သံပျင် ကလန် တိုဝ်ကိုဝ်၊ သိုဝ်၊ သန်တိုင်နိ၊ ဖျင်ညိုဝ်၊ ဖျင်နို၊ ဖျင်မည်၊ ဖျင်ဖွလ္လ စသောက်ပေကုန်၏၊[၀၂]

ဤစားသောက်ပေးကမ်းသော ဓလေ့သည် အေဒီ ၁၂၀၀-ကျော်မှ စ၍ အထင် အရှား ဖြစ်ပေါ်လာခဲ့သည်မှာ အေဒီ ၁၅၀၀-ခန့်အထိ ဖြစ်သည်။

ရဟန်းတို့ မြေဝယ်ခြင်း၊ အမဲအဆာ စားခြင်း၊ သေအရက်သောက်ခြင်း၊ ဖျင်မဲ ဖျင်ဖြူ လွှမ်းခြင်းတို့ကို အသေးစိတ် ဖေါ်ပြရသည်မှာ **တစ်မွတ်ကြီ ခေါ် တောကျောင်းရဟန်း သို့မဟုတ် အရည်း**တို့သည် ထိုသေသားကို မက်မောခြင်းမှ လွဲ၍ အများ အယူ ရှိသကဲ့ အခြား ဆိုးသွမ်းသော အမူအကျင့် မရှိသည်ကို ထင်ရှားစေလို၍ ဖြစ်ပါသည်။ သေသားအပြင် ပြောစရာ နောက် တချက်ကား ပုဂံမင်းနန်းသူ အဇ္ဇဂေါဏကျောင်း နန္ဒမညာ ဘုရားအနီးမှ ရသော အေဒီ ၁၂၄၀-ရက်စွဲပါသော် လည်း ဆင့်ထိုးဟုထင်ရသည့်ကျောက်တွင် ရဟန်းတို့အတွက် ထမင်းဟင်း နံနက်စာတအိုး ညစာတအိုး ချက်၍ပေးစေဟုပါသည် [၀၃] ကို တွေ့ရသည်။ သေသောက်ခြင်း၊ ညစာစားခြင်း၊ သားကြီး ငါးကြီး **သတ်သည်ကို အားပေးအားမြှောက်ပြုခြင်းမှလွဲ၍ ထိုရဟန်းတို့သည် ယခုရဟန်းတို့ထက် အမူအကျင့် ညံ့သည်ဟုမဆိုသာချေ။** တောကျောင်းထွန်းကားရာ အမြင့် အနိမ့်အရပ်များ၌ တစ်မွတ်ကြီ တို့တွင် **အောက်** ကောက်နုတ်ချက်ပါ ပုဂ္ဂိုလ်မျိုးလည်း ရှိ၏။

> ဘုရာမွတ်စွာ သာသနာန္ဒိုက် အကျင်သိတင် သည်ခန်ခြင်းနှင့် ပ္လဥ္စုံစွာသော အလွန်လောကီ ဆန်ရပိ ဣဥ္စုကြိသော ဖုန်မွတ်ကြီစွာ အညာတကုဏ္ဍသည်သော မဟာထေသည် ကာကြံကူ မည်သောပြည်၏ တောင်မျက်နှာ ရွာနှင်မကပ် တဝ်၏အရပ် သစ်ပင်ရင်နိုက် သမခန်ခင်ရှယ် သံသပိတ်ကိုဝ် ရွှေတေလျက် ဘာဝနာမူရှယ် နေစန်လျင်တ် ဆင်ပေါက်မြင်ရှယ် နှာမောင် မိုဝ်လျက် တ် သံ ရျန်ရှယ်ပ္လေခုပ်လတ္တော၊ မဟာထေ၏ အစံရောက်သော သတ်အံမတ္တ သစ်ခက်ခ်ိုဝ်ရှယ်ရှိခိုဝ် ပုဇ်ပြီသော လယ်ယာပတ်လည်ရှယ် သွာခဲ။ဤအကြောင်ကိုဝ် တင်ါတိုဝ် မြင်ရှယ် လေသောင် သုကြိ သုဝဏ္ဏပကြံအာ ကြာပလေ၏ အမတ်ကြီလေ ဘုန်မွတ်ကြီစွာ အထံ လာရှယ်မွတ်စွာ သွိင် အတိရပ်သိုဝ် သွာအံသန္နေဟုမေရကာ၏။ ဘုန်ကြီသော အမတ်ကြီ ဤပြည်နှိုက် မှီရှယ် ဆွဲခံစံသောဟု ပေရကာ သင်ခံပ္လုပေခဲ [၀၄]

**စင်စစ်အားဖြင့် ဤ အညာတကုဏ္ဍသည်ကဲ့သို့သော ခေါင်းဆောင်မျိုးကို မှီ၍ တောကျောင်းဂိုဏ်း ကြီး ပွားရခြင်းဖြစ်၏။**ဤပုဂ္ဂိုလ်ကား လောကီစျာန်ရသည်ဟူ၍ပင် ကြည်ညိုသူများက ယုံမှတ်ကြပါသည်။

---

၀၂။ စာရင် ၆၀၂/၂၅-၀၊ သကရစ် ၇၃၇။
၀၃။ စာရင်း ၂၇၇/၂၀-၁၊ သကရစ် ၆၁၀။ G.E. Harvey: *History of Burma*, P. 60.
၀၄။ အမြင့်မင်းရဲကျောင်း ၂ မျက်နှာ ကျောက်ယ်မျက်နှာ/၅-၁၃၊ သကရစ် ၇၃၃။

တောကျောင်းရဟန်းတို့ကို အထူး ကျေးဇူးတင်ထိုက်သော အချက်တခုရှိသေး၏။ မြန်မာတို့ မူလနေရာကို ခရိုန်၊ ထိုမှခွဲထွင်နေထိုင်ရာကို တိုက် ဟု ရှိရာ ပုဂံပျက်လျှင် တိုက် အရပ်များ၌ မြေယာများစွာသည် ထွန်ယက်စိုက်ပျိုးရန် လူမရှိခြင်း၊ လူရှိပြန်လည်း လုံခြုံမှု မရှိခြင်းတို့ကြောင့် တောအတိ ပြန်၍ဖြစ်ရသည်။ တိုင်းပြည် မည်သို့အခြေအနေရှိမည်ကို အေဒီ ၁၃၇၅-ခုနှစ်ထိုး ကျောက်၏အောက်ပါ ကောက်နုတ်ချက်ဖြင့် သိသာပါသည်။

> ငလင်(တောင်ငူမင်း) နတ်ရွာလာပြီ အဝမင်ကြီ စစ် ၃-ကြိမ်တက်လစ်သော ရဟန် ပုံနာ လူ တကာတိုဝ်သည် မွတ်သောအခါနှိုက် ဝတ် ကြက် ၃၇-ပါ အစုမ် အပါ ၂၀၀-ငါပေရ၏ လူတိုဝ်မွတ်ရှယ်သေသေခါ လူမျာကိုဝ် ငကိုဝ်နှင်ထပ်တူလျှင် သနာစွာရှယ် လူ့သောထမင် ကာ တနေသော အခွက်ငါဆဲ ၂ ည နက် မပြတ်လှူရ၏ စစ်မက်ဖ္လစ်သော သွိင်တိုဝ် ကျွန် မြောင်သည် ဟိသောလေမကျန်စေရက် ပစ္စည် ၄ ပါ စုံအောင် လှူရ၏[၇၅]

တဖန် အေဒီ ၁၃၈၆-ခုနှစ်ထိုး ကျောက်၌လည်း—

> မဟာမတိမာ ခည်အာ၊ ဥစ္စနာမင်ကြီသည် သင်္ဃရာဆင်ရှယ်ကိုဝ် ကြောက်စွာသောကြောင် ပင် တွေယ်တိုက်တွင် စုစံလတ်ရှယ် သကရစ် ၆၁၇-ခုစိဿနှစ် တပေါင်လွှန် ၁၄ ရျက် ၅ နေ မွေ ၁၅၀၀ စယျသတ္တိယ်တိုက်တွင် လှူတဝ်မူ၏၊ အခါတပါ တရုတ်ဖျက်ရှယ်တ် အတိဖ္လစ်ခဲ ရှယ်၊ မိုဝ်မွေတိုဝ်တွင် အက္လိုဝ်ကား တဝ်ဖ္လစ်ခဲ[၇၆]။

တခါမျှ စိုက်ပျိုးခြင်းမပြုဘူးသော တောမြေ သို့မဟုတ် မြေစိမ်းနှင့်တကွ စိုက်ပျိုးဘူးလျက် တောပြန်ဖြစ်သော တောမြေတို့ကို ယခုတောကျောင်းရဟန်းကိုက သက်ဆိုင်ရာ အာဏာပိုင်တို့ထံတွင် ငွေ၊အစား၊အသောက်၊အဝတ်ပေး၍ယူကာ ပြန်၍ထွန်ယက်နိုင်အောင် ကြံစည်အားထုတ်ပေးခဲ့ကြ၏။ ဤအချက်ကား ပြည်ရွာ ငြိမ်းချမ်း၍ အစာရေစာ ပေါများလျက် စီးပွားရေးကုံလုံအောင် တဖက် တလမ်းမှ ဆောင်ရွက်ပေးခြင်း ဖြစ်သဖြင့် ယင်းတို့သည် အထူး ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ထိုခေတ် အခါက အစိုးရ ဝါဒနှင့်လည်း ကိုက်ညီသည်။ ထင်ရှားသော သာဓက တခုကား—

> ဖုရာသွိင်သာသနာ ၁၉၇၃ အခါနှိုက် ပိဋကတ်ရဲရင်သပညာ အာဖ္လင်သီရိသဓမ္မာသေနာပတိ ဟု ထင်ရှာစွာသော အမည်တ်သည် ဟိထသော၊သဒ္ဒါပညာ လုံမ်လအာနှင်လည် ပ္လည်စုံမ်စွာ ထသော၊ပိဋကတ် ၉-ပုံ၏ဒါယကာလည်ဖ္လစ်ထသော၊ထိဖ္လုလည်ဆောင်ထသော၊ဖိတူသင်္ဃ ရာဇာလည်၊ကွ္လောက်ဆောက်သ အခါကစသည် အနှစ် ၃၀ တိုင်တိုင် အက္လိုဝ်မရ ဟိသတော စိမ်ကိုဝ် သမန်တရစ်ကွ္လောင်နေက သိတ်မူရကာ၊ဝ၊ရတနာသုံမ်ပါ၏အစီအဖွာဖ္လစ်စိမ်သဝ်၄ါ တပေည်ဖ္လစ်သော အညာ ဥမင်ဆြို၁တဝ်ကိုဝ်တွင် စမူစေ၏။ မရက သင်္ဃ ရာဇာလှည် ကိုဝ်တ် သွာရှယ် အာအတိုင် ထွင်တဝ်မူ၏၊ ရှည်စွာသဝ် မြောင်ကြီကိုဝ်လည် တူတဝ်မူ၏။

---

၇၅။ စာရင်း ၆၀၆ ခ/၈-၁၀၊ သကရစ် ၇၃၇။

၇၆။ အနိမ့်တောကျောင်း ရွှေကူကျောက် ၂ ကျော/ ၇-၁၁၊ သကရစ် ၇၄၈။

မင်တြာ၂ာဟုသ အမည်တစ်အာ ဖ္လင် ထင်ရှာစွ ဖ္လ ာသ သတိုဝ်မင်ကြီသည်၊ပြည်ထဲ၏ စီဖ္ဂာအ်လိုဝ် ငှါ တဝ်စိမ်ဟိရရာ ထွင်တဝ်မှုသအခါ၊ ဤမ္လေကိုဝ်လည် ထွန်ပါအံဟု မ္လောက်မီဖုရာနှင်အကွ တင်က္လိနာန္ဆိက်နေတော်မူလတ်တေည်။ မဟာသင်္ဃရာဇာလည် တိုဝ်တ်လာရုယ်မ္လေအခြင်ကိုဝ် ဆိုဝ်ရုယ် ဆ္ဂံခံတ်မူ၏၊ မင်တြာ၂ာလည် မ္လောက်မိဖုရာနှင်အကွလည်တဝ်မူရုယ် အမတ်ကြီရာဇာ ကိုဝ် တာစေသဝ် ၂၉၅၀-တပဲခွဲ စရွတ်ဟု နာတဝ်လျှောက်၏၊ မင်ကြီမင်တြာ၂ာလည် သင်္ဃ ရာဇာ ခ္လည် မထွင်နိုင် ငါထွင်ပါအံဟု ဆိုဝ်တဝ်မ၏၊ မဟာသင်္ဃရာဇာလည် ရတနာသုံမ်ပါ၏ ဝတ္တုပျက်တလျှင် ခအံဟု နာတဝ်လျှောက်ရုယ် ခြေတဝ် စန်လလည်ဖိုဝ်ကိုဝ် သူရဲစာငွေ ၃၀၀ ဆက်၏။ တာပေသော စစ်ခီဗောဓိနှင့်အကွသော အမတ်ကြီရာဇာကိုဝ် ငွေ ၅၀ ရွှေ ၃ က္လပ် ပေ၏။ တာစွဲကိုဝ် ၅ က္လပ်ပေ၏။လုံလအာ ဖ္လင် တောကိုဝ်ထွင်သ ပြည် ည အာ ဖ္လင် မင်ကိုဝ် ဆ္ဂံခံရုယ် အပျက်စေသော သဒ္ဓါအာ ဖ္လင် ဥစ္စာက္လရုယ် ရတနာ ၃ ပါ အစီအဖ္ဂာ ဖ္လစ်သော ဤမ္လေတွင် ထွင်စမူသော မြောင်ဥိတန်ဆင်ကြီတွင် ပတ္တမြာစာတီကိုဂ် အရှာသင်္ဃာ အပေါင် နှင် ငီညွတ်စွာမူရုယ် ၁၀ လှုတ်မူ၏၊ ပိတူစည်ခုံမ်ကိုဝ်လည် ၁၀ လှုတ်မူ၏၊ ပိတူဖုရာကြီကိုဝ် လည် ၁၀ လှုတာ်မူ၏၊ ပ္လုတ်မုသော ပိဋကတ် ၉ ပုံမ်ကိုဝ်လည် ၂၀ လှုတ်မူ၏။ ဤမှု ကြွင် သမ္လေကိုဝ်ကာ ပုဂ္ဂိုဝ်တစုအရှာ ၂ စုဆ္ဂံ ဖ္လစ်စေသော၊[၇၇]

ဤကျောက်စာအတိုင်းဆိုလျှင် တောကျောင်း သံဃာတို့၏ ခေါင်းဆောင်တဦး၏ လုံ့လဖြင့် ဧက ၅၀၀၀-ကျော်ခန့်ရှိသောမြေသည် စိုက်ပျိုး၍ရသောမြေ ဖြစ်လာသည့်အပြင် ထိုအခါက အုပ်ချုပ်ဆဲ ဖြစ်သော ဘုရင် (မိုဝ်ညင်သတိုဝ် ၁၄၂၆-၃၉) ကိုယ်တော်တိုင်လည်း တောမြေကို ထွင်ရာ၌ ပါဝင် ဆောင်ရွက်ခြင်းကို မှတ်သား ဂရုပြုဘွယ် တရပ် ဖြစ်ပါသည်။ ဤ ပုဂ္ဂိုလ်မျိုး၏ ကြိုးစားချက်နှင့် ကောက်ပဲစိုက်ရန် ဘုရင်၏ အားပေးခြင်းတို့ကြောင့် ၁၅-ရာစု မြန်မာနိုင်ငံသည် ပြန်လည် နေထား တကျရှိ၍ စည်ကားရသည်ဟုဆိုလျှင် တနည်းအားဖြင့် မှန်ကန်နိုင်စရာအကြောင်းရှိပါသည်။

တောစိမ်းမြေကို လယ်လုပ်နိုင်စွမ်းသူတို့သည် ၎င်းတို့လက်တွင်းသို့ ကျရောက်ပြီးသောလယ်ကို ဇွဲသတ္တိနှင့်ထိန်းသိမ်းမည်ဟု ကောင်းစွာ နားလည်နိုင်ပါသည်။ လယ်တိုးပွားသည်ကို မင်းအနေနှင့် လိုလားသော်လည်း သာသနာမြေတိုးသဖြင့် မင်းသို့ အခွန်ဆက်သောမြေ အရည်အတွက်လျော့နည်း သည်ကိုမူ လိုလားနိုင်မည် မဟုတ်ချေ။ သက်သေ အထောက်အထား နည်းလျှင် သာသနာ မြေကို မင်းက သိမ်းယူလိုမြဲဖြစ်ကြောင်း နောက်ပိုင်း ပုဂံမင်းဆက်တွင် ထင်ရှား၍လာပါသည်။ သံပျင် ဇေယျပွတ် သည် နာတောင်မျာ မင်းထံမှ ရသော ဟင်ရံပအက် ရှိ မြေအပယ် ၇၅၀-ကို ပုဂံ အရှေ့ ယင်းပြုသော တောကျောင်း၌ အေဒီ ၁၂၂၇-တွင်လှူခဲ့၏။ နောက် အေဒီ ၁၂၃၅ တွင် ကလစွာ မင်း နန်းတက်ပြီးနောက် နိုင်ငံတော် တဝှမ်းလုံးရှိ မဟာဒါန် လယ်များကို သိမ်းယူသော အခါ တော ကျောင်းမြေလည်း ပါလေသည်။

---

၇၇။ စာရင်း ဂ၉၁/၉-၂၄၊ သကရစ် ၇၉၁။

> ။ဇေယျပွတ်တာ်ကျောင်နှိက်နိယ်သော။ သ္ဘိင်သဃ်ာတိုဏ္ဍသည်။ မင်ကြီအာ ကြာလိုက်အော်။ မဟာရစ်။ ဤယ်ဇေယျပွတ်အော်။ မဟာဒါန်ကာ။ တာ်ကျောင်ပုရှာလျှင် လူ့ခသတေဟုသော ကြာလိုက်အော်။ ဤယ်သိုအ်ကြာလိုက်ရကာ။ မင်ကြီလေပြည်ာတာဝ် ကြီစွာသော မင်ဇ္ဇစ် ရကာ။ အပ္လွစ်ခပ်သိမ်သောကိုဝ် ဆင်ခြင်ရှယ်။ ငါခမည် ပိယ်သလေစင်အော်။ ဇေယျပွတ် ပုရှာလှျုသလေစင်အ်။ထိုပ်မှုကာ ပုရှာရလပစိယ်ဟုရှယ်တော။ မင်ဖထုယ်ရာဇာသူ ၁ ယောက်၊ ကက်သူ။ အမတျာတာ၊ မဟာသိမန်။ အမြိုက်လက်ယာ၊ အနန္တဇေယျပိကြံ။ မဟာသက်ထိတ်။ ဤမျှသောသူ ၆ ယောက်သောကိုဝ်။ နင်တိုဝ်စိတ်စတ်ပိယ်လင် ဟုသော မိန်တာ်မူအော်။ ထိုဝ် သိုဝ် မင် စိတ်စတ်စိယ်ရကာ။ ဤယ်သူ ၆ ယောက် သတိုဝ်အ် (သည်)။ စိတ်စတ်ကုန်သရှာ်။ ဇေယျပွတ်ကိုဝ်။ မင်ကြီခမည် ပိယ်တာဝ် မူသလေအော်။ ဇေယျပွတ်ပုရှာ လှျုသလေ စင်အော် ဟူသော။ ဤယ်သူ ၆ ယောက်သတိုဝ်သည်။ မိန်ကုန်အော်။ ဝီရှယ်နာတော် အာပ္လွန်ပိယ်ရကာ။ မင်ကြီလေမိန်တာ်မူအော်။ ဇေယျပွတ်ကိုဝ် ငခမည် မဟာဒါန် ပိသလေစင်အော်၊ ဇေယျပွတ် သည် တာ်ကျောင်ပုရှာ လှျုသေလေစင်အော် ဟူမှုကာ ပုရှာရလတ်ပါစေဟု မင်ကြီကာ။အမတ် တကာ မှောင်လျှင် ရိယ်စင်တာ်ခ္လရှယ် လှျုတုံသတော။ [၇၇]

တောကျောင်း ရဟန်းတို့ ကန့်ကွက်သည်ကို မင်းသည် ၆-ဦးအဖွဲ့ဖွဲ့၍ စုံစမ်းစေလျက် သာသနာမြေ မှန်ကြောင်း သိရသဖြင့် မသိမ်းယူဝံ့သောကြောင့် ပြန်၍ပေးရသည်။ အလားတူ အမှုမျိုးတခု အနိမ့် တောကျောင်း၌ အေဒီ ၁၂၅၅-ခုတွင် ဖြစ်ပြန်သည်။ ထိုကျောင်း၌ အုပ်ချုပ်သူကား **သ္ဘိင်မဟာမတိ မာထေ**ဖြစ်၏။**ပစ္စယာဖောင်စင်**၊**ငပ္လည်စင်သင်** နှင့် **ငါမြင်သင်** တို့ ထိုကျောင်းကို မြေအပယ် ၁၅၀၀ လှျု၏။ **တလပျံမင်**အမည်ရသော **ဥစ္စနာ**က အေဒီ ၁၂၅၅-ခုနှစ်၌ အခြား **ဖောင်စင်ပင်လ္ဂီ** မြေ များကို သိမ်းယူခိုက်တွင် တပါးတည်းထည့်သွင်း၍ ထိုမြေကိုသိမ်းယူသည်။ ထိုနှစ်မှာပင် **ဥစ္စနာ** သည် တလု သို့ လာ၍ ပုံလွန်သည်။ **ပန်ပွတ်သည်မ္လိယ်** တွင်သော **တရုက်ပ္လိယ်** နန်းရ၍ ပုဂံရောက်လျှင် မင်ကြီယောက္ခမ **သရိယ်**ကို မင်းနားကြားအောင် **သ္ဘိင်မဟာမတိမာတေ**က ပြောစေသဖြင့် ကြားလျှင် မင်းကြီးက—

> သရိယ် ငါအလောင်လျှင်ယူသော တေငါမသင်နိုင်သိမ်ရင် ငကာအသိုဝ်ဟု ယုအံသန္နေသိခင် တိုဝ်ကိုဝ်ငါလှျုအော် အလိုရစိယ်အော် ရတနာ သုံပါသော ပိယ်ကာ ငါလ္ဂိယ်သိုဝ် ဆံခြည် တတန်လျှင် အဝင်စိယ် ငါမ္လိယ်က ရတနာသုံပါသော မ္လိယ်သိုဝ်ဝင် သကာမထိယ် ပ္လစ်သ္ဘိင်တိုဝ် မ္လိယ်ခြာနင် အမြယ် အမြံတိုင် ဆောက်ပလိယ် ဟူသော ထုယ်တ်ရလျှင် သတော။ [၇၉]

ဤသည်လည်း တောကျောင်းရဟန်းတို့က မင်းအမူအကျင့်ကို မသင့်သဖြင့် ကန့်ကွက်ပြင်ဆင်၍ သွန် သင်ခြင်းပင် ဖြစ်သည်။ ဤပဂိုတိုက်မြေများ ပင်လျှင် အေဒီ ၁၃၇၆-ခုတွင် မင်းနှင့် ပတ်သက်၍ အချင်းများရပြန်၏။

---

၇၇။ ဓါတ်ပုံ ၉၀/၁၆-၂၆၊ သကရစ် ၅၉၇။

၇၉။ ဓါတ်ပုံ ၂၉၆/၁၁-၁၆၊ သကရစ် ၆၇၉။

> ခိုဝ် မဟာမတိမာ ခည်အာ၊ ဥစ္စနာမင်ကြီသည် သင်္ဃရာ ဆင်ရယ်ကိုဝ် ကြောက်စွာသော ကြောင့် ပင်လွောင်တိုက်တွင် စူစံလှတ်ရူယ် သကရစ် ၆၁၇ ခု စိဿနှစ် တပေါင်လဆန် ၁၃ ရက် ၅ နေ မြေ ၁၅၀၀ စယျသတ္တိယ်တိုက်တွင် လှူတဝ်မူ၏၊ အခါတပါ တရုက်ဖျက်ရုယ်တ် အတိဖ္လ ခဲရုယ်၊ ခိုဝ်မြေတိုဝ်တွင် အက္လိုကား တဝ်ဖ္လစ်ခဲ၊ အချိုဝ်ကား သွိင်တိုဝ်အာ ပစ္စည်ဖ္လစ်၏ အခါတပါးသော သိရိတိက်တျ ပဝရ ဓမ္မရာဇာ ဟူသော တြျာဖျာမင်ကြီ၏၊သာစဝ်ဖ္လစ်သော အဖရာခံ ခိုက်စွာရုယ် ဣမ်ရွှေယ်မင်လျှာ မာသော တြျာဖျာ ဆင်ဖ္လုသွိင်သည် မြောက်ဘက် ပြည်ကိုဝ် ရလတ်သောခါ၊ က္လိအောက်စခိတိုဝ်၊ တချိုဝ်သမြေကိုဝ်သူရဲအပ်ဘိရကာ။ သကရစ် ၇၄၈ ခု တန်ဆောင်မုန်လ္ဆုတ် ၉ ရက် ၆ နေ၊ ဘုန်မ္လတ်ကြိ ဓမ္မသေနာပတိ မဟာခည်သည် သိရဓမ္မာ သောကမင်ကြိမျာ မိဖုရာသန္ဒေမိတ္တာကဲသိုဝ်၊ သဒ္ဓာစွာရုယ်ရဟန် သင်္ဃာ မှိတင်ရာ ဖ္လစ်သော အမိဖုရား အာချပ်လေရကာ၊ အမတ်ကြိ ပိတရစ်ကို၊ အဖဲကြောင့် ဆင်ဖ္လုသွိင် တြျာဖျာကာ၊ ဥစ္စနာ မင်ကြီအလှူကို သူရဲဇာပေသန္ဒေ၊ အပစ်တေလှူကုန်အံရှင်၊ ဝတ် ဟောင်ကိုဝ် အထိ ပါသသော၊ ဘုန်ကြီအသက်ရှည်ကြောင် သွိင်တိုဝ်ဝတ်လှူပေ၊ အမိအာနာ အဆန်လသော မြေခြင်တိုဌ်ကွောက်ဆောက် ပေလသော ဟူရုယ်ထွေ တဝ်ခ္လလတ်သောအခါ သဒ္ဓာစွာသ ဆင်ဖ္လုသွိင်တြျာဖျာလေ စိတ်စစ် သသော်သင်္ဃကာ အမှတ်သိလတ်ရကာအပ်မိ သသူရယ် လေတပါ အဇာခ္လ လေ၏၊ ဝတ်ဟောင်ကိုဝ်လေ ငါလှူ၏၊ အသစ် သဝ်လေ ငါလှူပါ၏၊[၉၀]

ဆိုလိုသည်ကား ယခင်ကပင်ကွ **၁၀ တိုက်** အဝင် **စယျသတ္တိယ်တိုက်**မှ မြေ ၁၅၀၀ ကိုအနိမ့်ကျောင်းမှ **သျှင်မဟာကဿပ** ၏ ကိုယ်စား အုပ်ချုပ်လျက်ရှိသော **သွိင်မဟာမတိမာ** အား အလှူရှင် ဒါယကာ တို့ လှူခဲ့သည်ကို **ဥစ္စနာ** လက်ထက် အေဒီ ၁၂၅၅ ခုတွင် အသိမ်းခံရ၏။ **မဟာမတိမာ** လည်း **တရုတ်ပြွိယ်**မင်းကြီး၊ ယောက္ခမ **သရိယ်** မှတဆင့် မင်းကြီးကြားအောင် နားတော်လျှောက်စေသဖြင့် **တရုတ်ယ်ပ္လိယ်က** သာသနာမြေ အဖြစ်ဖြင့် လှူပြန်၏။ ထိုမြေသည် တိုင်းပြည်တွင်းသို့ တရုတ်စစ် ရောက်လျှင် ထွန်ယက်စိုက်ပျိုးမည့်သူ မရှိသဖြင့် တောဖြစ်ပြန်၏။ ထိုအတွင်း တတိယ **တြျာဖျာ** (၁၃၆၇-၁၄၀၀)ခေါ် မင်းကြီးစွာ စော်ကဲ မြောက်ဖက်အခွင်ကို နှိမ်နင်းအုပ်စီးမိလျှင် ဆုတော် လဘ်တော် အဖြစ်ဖြင့် အထက်ပါမြေအချို့ကို စစ်သည် သူရဲတို့အား ပေးအပ်မိသည်။ **သွိင်မဟာမ တိမာ** ကို ဆက်ခံသူ **ဘုန်မ္လတ်ကြီးဓမ္မသေနာပတိက** မင်းကြီးမိဖုရားမှ တဆင့် အေဒီ ၁၃၈၆ ခုနှစ်တွင် ဤသို့ သာသနာမြေကို သူရဲပေးခြင်းသည် မသင့်ကြောင်း မင်းကြားအောင် နားတော် လျှောက်စေ သည်တွင် မြေကို ပြန်၍ရသည်။ ဤအချက်ကို ထောက်၍ တောကျောင်းဂိုဏ်း သင်္ဃာထေရ် အစဉ် အဆက်တို့သည် မိမိတို့ပိုင် လယ်မြေတို့ကို မင်းအဆက်ဆက်တိုင်အောင် ဇွဲဖြင့် ထိန်းသိမ်းနိုင်ကြောင်း သိရ၏။

တောကျောင်း ဂိုဏ်းတွင် သွိင်မဟာမတိမာ ကဲ့သို့ ပိဋကတ် တတ်ကျွမ်း၍ ခေါင်းဆောင် အရည်အချင်းရှိသော ရဟန်းကို ပုဂံခေတ်လွန်၍ အဝခေတ်သို့ရောက်လျှင် သင်္ဃရာဇာ ဟု ခေါ် စမှတ်ပြုသည်။ သင်္ဃာအများကို အုပ်ချုပ်ရသည် သာမက မင်း အပေါ်၌လည်း ဩဇာ ရှိသည်။

---

၉၀။ အနိမ့်တောကျောင်း ရွှေကူကျောက် ၂ ကျော/၇-၂၄၊ သကရစ် ၇၄၈။

ကန့်ကွတန် ထီးဖြူလည်း ဆောင်ခွင့်ရသူများ ဖြစ်၏။ ထို့ပြင် ဒေသဆိုင်ရာ သင်္ဃရာဇာ အများရှိသည်ကို အမှတ်ထားမိသည်။ မင်းဆရာဟု အခေါ်ခံရသော သင်္ဃရာဇ သည် တန်ခိုးအကြီးဆုံး ဖြစ်ဟန်တူသည်။ အေဒီ ၁၃၃၀ ကစ၍ မင်းဆရာဟုအခေါ်ခံသော သေဋ္ဌိသာပြာမောက္ခမဟာထေရ သင်္ဃရာဇာ တဦးရှိခဲ့သည်[၉၁]။ ယင်းကို မင်းဆရာအဖြစ် ဆက်ခံသူကား မဟာသင်္ဃရာဇပင်ဖြစ်မည်။ အဝ မင်းခေါင်ကြီး၏ တန်တား ဦး ရေကြည်ကျောင်း ကျောက်စာတွင် မဟာသင်္ဃရာဇ ၏ အကြောင်းကို

> တြဲဖျာမင်ကြီ၏ ဆြိုဲ တဝ်မူလည် ဖွစ်ထသော၊ ကုတေဖနန် သန်မကာ အရျာသင်္ဃာ အပေါင်ကိုဝ် အစိုဝ်ရသ မဟာသင်္ဃရာခေါင် စာမူလေဖွစ်ထသော၊ထိဖွုအမွန် ကနက္ကတန် ပိမန် (ရွှေ) ရိုဝ်ပိတ္တိမိုဝ် သဝ်ကောင် ကွိုင်စီဖွာတြဲ ာ သိပြီ ဖုန်တဝ်ကြီသည် အလွန်တြဲ ာ ရတ္တနာသုံပါကိုဝ် ယုံကြည်စွာသော[၉၂]။

ဟုရေးသားပါရှိသည်။ မင်းဆရာဖြစ်သော ဤမဟာသင်္ဃရာဇသည် အေဒီ ၁၃၇၀ ကျော်မှစ၍ တန်ခိုးသြဇာ များစွာကြီး၍ ယင်းအား အမှူးပြုကာ အလှူအတန်းပြုသည်ကို ရှေးအနှစ်သုံးဆယ်အတွင်း တွေ့ရပါသည်[၉၃]။ မဟာသင်္ဃရာဇ ကို ပိဋကသင်္ဃရာဇ က ဆက်ခံမည်ဖြစ်မည်။ ဤ သင်္ဃရာဇ ကို

> ပိဋကတ် သုံမ်ပုံမ်နှိုက် ရဲရင်သပြည်ညာ အာဖွင် သိရိသိဒ္ဓမ္မ သေနာပတ်ဟု ထင်ရှာစွာသော အမည်တ် ဟိထသော သဒ္ဓာပြည်ညာ လုံမ်လအာနှင်လည် ပွည်စုံမ်စွာထသော ပိဋကတ် ၉ ပုံ ၏ ဒါယကာလည် ဖွစ်ထသော ထိဖွုလည် ဆောင်ထသော[၉၄]

ဟုရေးသားထားသည်ကို တွေ့ရ၏။ ဤ သင်္ဃရာဇ ပင် အနှစ် ၃၀ တောဖြစ်နေသောမြေကို မြောင်းကြီးသွယ်၍ ပြန်လည်စိုက်ပျိုးနိုင်အောင် ပြုသဖြင့် သာသနာမြေတွင် ပယ်ပေါင်း ၂၉၅၁½ တိုးခဲ့ကြောင်းကို အထက်က ပြောဆိုခဲ့ပြီးဖြစ်သည်။ များစွာလည်း တန်ခိုးကြီးသူဖြစ်၍ ယင်းရေးထိုးသော စကိုင်း မြပုထိုးကျောက်စာ၌ မိမိသည် ကျောင်းကြီး ၇ ဆောင် ကူ ၅ လုံး စေတီ ၄ လုံး ပိဋကတ် ၉ ပုံ ၏ တာယကာ ဖြစ်သည်ဟု ရေးခဲ့သည်[၉၅]။ ပိဋကသင်္ဃရာဇာ လွန်ပြီးနောက် အေဒီ ၁၄၅၀ လွန်လျှင် မည်သည့် သင်္ဃရာဇာ ခေါင်းဆောင် ဖြစ်မည်ကို ခွဲခြား၍ မပြောနိုင်ချေ။ သို့သော် သင်္ဃရာဇာ အများရှိသည်။ ထူးသည်ကား ကျောက်စာတခု၌ ရွှေကျွေင် သင်္ဃရာဇာအိပ်ထောင်ရိုဝ်[၉၆] ဟု တွေ့ရပါသည်။ ဘိက္ခုနီ သင်္ဃရာဇာ ဖြစ်အံ့လောဟု တွေးတောဖွယ် ရှိပါသည်။

---

၉၁။ ဓာတ်ပုံ ၅၀၃/၂၊၇၊၁၂၊၁၉၊ သကရစ် ၇၁၅။
၉၂။ စာရင်း ၈၄၅/၂-၄၊ သကရစ် ၇၇၄။
၉၃။ စာရင်း ၆၉၇/၁၅၊ သကရစ် ၇၃၉။ စာရင်း ၇၃၈/၅၊ သကရစ် ၇၄၉။ စာရင်း ၈၄၅/၂၊ သကရစ် ၇၇၄၊ ထူပါရုံကျောက် ၂၅/၁၁၊ သကရစ် ၇၉၄။ စကိုင်း သောတာပန်လေးကျွန်း မန်အောင် သစ္စာရကျောက် ကျော/၃၊ သကရစ် ၈၉၁။
၉၄။ စာရင်း ၈၉၁/၁၁၊ သကရစ် ၇၉၁။
၉၅။ စာရင်း ၉၃၉/၄၊ သကရစ် ၈၀၇။
၉၆။ စာရင်း ၈၃၄/၂၊ သကရစ် ၇၇၀။

အခြား**သဃ်ရာဇာ**တို့တွင်**စံကာသဃ်ရာဇာ**သည် **အတုမဟိသော**ဟူသော ဝိသေသဖြင့် ကျောက်ရေးဆရာတို့ ရေးထားခဲ့ခြင်းခံရသူပင်ဖြစ်သည်[၉၇]။ဤ**သဃ်ရာဇာ**ပင်လျှင် စံကားခုနစ်ကျောင်းနှင့် ဆက်စပ်သော **သဃ်ရာဇာ**ဖြစ်မည်[၉၈]။အဘယ်ကြောင့်ဆိုသော်ကျောက်စာတခု၌ **စံကာသဃ်ရာဇာဝေလုဝန်မဟာထေည်**[၉၉]ဟု တွေ့ရသောကြောင့် ဖြစ်ပါသည်။ အခြား **သဃ်ရာဇာ** များကား **အရှေ့ သဃ်ရာဇာ**[၁၀၀]**အနောက် သဃ်ရာဇာ**[၁၀၁]**အဖိုဝ်သဃ်ရာဇာ**[၁၀၂]**တန်ထာဉိသဃ်ရာဇာ**[၁၀၃]**တောင်သဃ်ရာဇာ**[၁၀၄] **ထူပါရုံ သဃ်ရာဇာ**[၁၀၅] **ပင်ယပြည် သဃ်ရာဇာ**[၁၀၆] **ရန်အောင်မွင် သဃ်ရာဇာ**[၁၀၇] **သိန်ခိုဝ် သဃ်ရာဇာ**[၁၀၈] တို့ ဖြစ်သည်။ ဤ **သဃ်ရာဇာ** တို့သည် အေဒီ ၁၅၀၀-ကျော်လျှင် တံခိုးမှေးမှိန်၍လာကြဟန်တူ၏။ ဥပမာ **တံပက်ဆွဲ** ကျောင်းကို သျှမ်းခေတ်က ငါပင် ကြည့်ရှုထားရသည်၊ ယခုကျောင်းနေရဟန်း **ဝရဂုဏကိတ္တိ** ရှိလျက် ငါသိမ်ပြုမည်၊ ဖယ်ရှား၍ ပေးစေဟု **တန်တားဉီး သဃ်ရာဇာ** က ဆိုလျှင် အငြင်းဖြစ်ကြ၍ နောက်ဆုံး၌ ဝိနည်းတော်အရ **တန်ထားဉီး သဃ်ရာဇာ** ရှုံးလျှင်—

> အသက် ခြောက်ဆယ် ခြောက်နှစ် ဟိသောတန်ထာဉိ၊သဃ်ရာဇာ ဖုန်ကြီစွာကိုဝ်၊ အသက်ငါဆဲကိုဝ်နှစ်ဟိသော တံပက်ဆွဲ ဆင်ဖြူသျှင် ဆြိ၁ဝရဂုဏ ကိတ္တိမေည် ဝိနည် တော်လာသှ် အတိုင်နိုင်လေ၍

ဟု အေဒီ ၁၅၅၈-ခုထိုး တံပက်ဆွဲ အတွင်းကျောင်းကျောက် [၁၀၉] တွင် ဖတ်ရပါသည်။

---

၉၇။ ပင်းယရွှေစည်းခုံ ကူသုံးလုံးကျောက်/၃၊ သကရစ် ၇၃၉
၉၈။ စာရင်း ၉၄၄/၁၂၊ သကရစ် ၈၀၈။
၉၉။ စာရင်း ၇၉၆/၉၊ သကရစ် ၇၆၁။ မဟာဓမ္မသင်္ကြံ၊ **သာသနာလင်္ကာရစာတမ်း**၊ ၁၈၃၁၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၆၊ စာမျက်နှာ ၁၂၆။
၁၀၀။ ဆင်ကွတ် ရွှေကူကြီးကျောက် မျက်နှာ/၁၁၊ သကရစ် ၇၉၁။ ထူပါရုံကျောက် ၂၆/၂၊ သကရစ် ၇၉၄။
၁၀၁။ ဆင်ကွတ် ရွှေကူကြီးကျောက် မျက်နှာ/၁၁၊ သကရစ် ၇၉၁။
၁၀၂။ စာရင်း ၉၂၂ ခ/၂၀၊ သကရစ် ၈၀၁။ စာရင်း ၉၂၅ က/၁၀၊ သကရစ် ၈၀၂။
၁၀၃။ စာရင်း ၁၀၇၃ ခ/၁၁၊ သကရစ် ၉၂၀။
၁၀၄။ စာရင်း ၇၂၉/၃၉၊ သကရစ် ၇၉၁။
၁၀၅။ စာရင်း ၁၂၉၃ ခ/၂၄၊ သကရစ် ၈၇၆။
၁၀၆။ ဆင်ကွတ် ရွှေကူကြီးကျောက် မျက်နှာ/၁၁၊ သကရစ် ၇၉၁။ စာရင်း ၉၄၉ ခ/၁၄ သကရစ် ၈၁၀။ စာရင်း ၁၀၅၃/၂၊ ကသရစ် ၈၇၃။
၁၀၇။ ဆင်ကွတ် ရွှေကူကြီးကျောက် မျက်နှာ/၁၁၊ သကရစ် ၇၉၁။
၁၀၈။ စာရင်း ၁၀၄၈/၄၊၅၊ သကရစ် ၈၇၁။
၁၀၉။ စာရင်း ၁၀၇၃ ခ/၃၀-၂၊ သကရစ် ၉၂၀။

နောက်ဆုံးအနေဖြင့် ဤမျှ ရှည်ကြာသော ကာလအတွင်း တံခိုးကြီးခဲ့သော တောကျောင်းဂိုဏ်းကို တည်ထောင်ခဲ့သူ **သျှင်မဟာကဿပ** အကြောင်းကို လေ့လာရန် လိုပါမည်။ **မဟာကဿပ** နှင့် ခေတ်ပြိုင် မဟုတ်သော်လည်း ယင်း၏ဇာတိ အရပ်၌ အေဒီ ၁၃၈၈-တွင် ရေးထိုးသော ကျောက်စာ [၁၁၀] တွင် ဇာတာနှင့် တကွ **ပေါင်လောင်သင်** အမည်ရှိသော **သျှင်မဟာကဿပ** သည် အေဒီ ၁၁၆၉-တွင် မွေးသည်ဟုသိရ၍ အခြားကျောက်စာတခုအဆိုအရ စကိုင်းခရိုင် မြောင်နယ် ယခုပရိမ္မခေါ်သော ပရိမ် လျှင် ဖွားရာ ဇာတိရှိသည် [၁၁၁] ဟု သိရပါသည်။ ပညာ အရည်အချင်းအားဖြင့် **ငပေါင်အ်လောင်အ်သင် မဟာကဿပကား ပိတကတ်ကိုဝ် အလွန်တတ်ရှယ်** [၁၁၂] ဟု အခြား ကျောက်တခု၌ ဖတ်ရပြန်သည်။ ဂုဏ်သိက္ခာအားဖြင့်—

> ဖုရာမ္လတ်စွာတော်တမူ၏၊ တပေအ်သာ မဟာကဿပနှင်၊ တူလကျည်သောဝ် မဟာကဿပ ငဲပေါင်လောင်သင် [၁၁၃]။

ဟု တွေ့သည်။ ဤပုဂ္ဂိုလ်သည်ပင်လျှင် သကရစ် ၅၃၁(အေဒီ ၁၁၆၉)မှလွန်၍ နှစ် နှစ်ရာကျော်လျှင် တအံ့တသြ ပြောစရာ ပုဂ္ဂိုလ်ထူး ဖြစ်လာပါသည်။ အေဒီ ၁၃၈၈-ခုနှစ်၌ ရေးထိုးသော ကျောက်စာတွင်—

> ပုရှာမ္လတ်လှ ကောတမ၏ ခြေတ်ရဥ္စနိုက်ရိုဝ် သေက္လိုန္ဒန် ဗျာတိတ်ခံ ၆ ပုရှာလောင်တကိပ် ၆ တွင် အကြွံမ်ဝင် ၆ ငှပေါင်လောင်သင် မဟာကဿပကာ ပလလည်မည် ၆ ဆင်မင် အဖ္လစ်ဖ္လစ်ဖူခဲရှယ်။ အရှင်တ် ပုရှာသ္ခိင်ကိုဝ် ဖူမြင်ရမြိက်ကြောင် ဟိတ်င်အကွ ရဟန်အဖ္လစ်ကောင်သက္လည္စုနှင့် ပ္လည္စုံထ ၆ မဟာကဿပကာ။....။ မ္လဿရဟန် အဖ္လစ်ရှေရှုလျက် တဝ်ကြထွက်ရှယ်။ ဘုမ္မက္သကြန်လျှင် သဏ္ဍ ၆ မွေအချက် ၉ အစ္နရှာရှယ်။ သာသနာကောင်မှုအရပ်ပ္လု၏။ သညုတည်ညန် ပုရှာဆု ၉ လိုဝ် ချင်စွာရှယ်အရှင်တ်ရုပ်တုရှုယ်ဆင်ပုအတိပ္လု၏။ မွေသမိဖွာ အယူမှာရှယ် အဟိတရိဆန်န္ခာမ အဖ္လ ၂ ပါလှာ ၆ ကြောက်ရစ်ရွှာ နိုက်အာ။ အညရဝါသိတ်ကြွောင်သံမိုတ်ပုရှာသည် ၆။....။ သက္ကစ် ၅၇၇ ခု။....။ဤနိုက်အာလျှင် စည်သူမင်ကြိ မင်ကြိအာဘိ လူညှန်ဆဲရှယ် ၃ ကြိန်စင်လျှင် ပဏ္ဍလတ် ရကာလိုက်ပလေ၏။ မဟာကဿပ ပုကံပြည်ရောက္လ်လျှင် စည်သူ မင်ကြိကာဘိသူဘေမှ ချံသှာရှယ်။ ထိဖ္လုကနက္ကတန်င်အကွ မင်မ္လောက်တန်ဆာ ၅ ပါ။ မဟာကဿပ ၉ ပုစ်ဘိ၏။ ဘုန်မ္လတ်ကြိစွာ မဟာကဿပ ၄။ မွေအလှူဆွံခံ၏ [၁၁၄]။

ဤ ကျောက်စာအတိုင်း ယူရသော် **ငပေါင်လောင်သင် မဟာကဿပ** သည် အေဒီ ၁၁၆၉-၌(ပရိမ်) တွင် မွေးဖွားသည်။ ဘုရားလောင်းတကျိပ် အပါအဝင် ဖြစ်သည်။ ဆင်မင်းဘဝနှင့် ဂေါတမ မြတ်

---

၁၁၀။ စကိုင်းခရိုင်မြောင်နယ် ကျောက်ရစ်ရွာ ရွှေပေါင်လောင်ဘုရား ၄-မျက်နှာကျောက် အရှေ့မျက်နှာ/၉၊ သကရစ် ၇၅၀။

၁၁၁။ ခေတ်ပုံ ၄၇၄/၇၊ သကရစ် ၇၀၆။

၁၁၂။ အနိမ့်တောကျောင်း ရွှေကူကျောက် ၂/၃၊ သကရစ် ၇၄၀။

၁၁၃။ အနိမ့်တောကျောင်း ရွှေကူကျောက် ၅/၂၊ သကရစ် ၇၄၀။

၁၁၄။ ကျောက်ရစ်ရွှေပေါင်လောင် အရှေ့မျက်နှာ/၃-၁၇၊ သကရစ် ၇၅၀။

စွာ ဘုရားထံမှ ဗျာဒိတ်ရခဲ့သည်။ တောထွက်၍ ကျောက်ရစ်၌ တောကျောင်းတည်၍ နေသည်ကို အေဒီ ၁၂၁၅-တွင် ပုဂံမင်းက မိမိစံစားနေရသော ဝေဒနာကို လာရောက် ကုစားပေးရန် အတန်တန်ပင့်သဖြင့် သွားရောက်ကုစားလျှင် မင်းချမ်းသာရာ ရလျက် **မဟာကဿပ** ကို ကြီးစွာ ပူဇော်သည်။ ထီးဖြူနှင်းအပ်သည်။ ဤကစ၍ တောကျောင်းဂိုဏ်းသင်္ဃရာဇာ တို့ ထီးဖြူရဟန်းတူသည်။

အထက်ပါဇာတ်လမ်းကို ခေတ်ပြိုင် ကျောက်စာတို့ဖြင့် စစ်ဆေးလျှင် **ပေါင်လောင်သင်မဟာကဿပ**သည် ပုဂံမင်းထံသို့ အသက် ၄၆-နှစ်ကစ၍ ရောက်ကာ မင်းအပူဇော်ခံရသည်ဟူသော အချက်နှင့်တကွ အားလုံး ယုတ္တိတန်မည် ထင်သည်။ ခေတ်ပြိုင် ကျောက်စာများ၌ **မဟာကဿပ**၏ အမည်ကို **နာတောင်မျာ**နှင့် ညီမ **မင်လှ** တို့၏ အေဒီ ၁၂၂၅-ခု အလှူဝယ် ပထမဆုံး ဖတ်ရသည်[၁၁၅]။ **မဟာကဿပ** ကား ကျောက်ရစ်၊ ပရိမ်၊ အမြင့်၊ အနိမ့် စသည် အရပ်များ၌ တောကျောင်း တည်ပြီးမှ ပုဂံ အနီးအပါးသို့ ရွှေ့၍ တောကျောင်းများ တည်ပြန်သည်။ မင်းနန်သူ၌ တောကျောင်း တကျောင်းကို အေဒီ ၁၂၃၃-တွင်၎င်း၊ဖွားစော၌ နောက်တကျောင်းကို အေဒီ ၁၂၃၆-တွင်၎င်း တည်ခဲ့ကြောင်းကို ဖေါ်ပြပြီး ဖြစ်ပါသည်။ အမတ် **မဟာသမန်**၏ အလှူ၌ **မဟာကဿပ**၏ အမည်ကို မြို့တော်၌ တန်ခိုးကြီး ရဟန်းတော်တို့ အမည်နှင့်တွဲဖက်၍ အရေးပါသော အေဒီ ၁၂၄၇-တွင် ဖေါ်ပြထားပြန်သည်[၁၁၆]။ သူနှင့် တွဲဖက် ဖေါ်ပြသော ရဟန်းများကား ဓမ္မသိရိ နှင့် သုဘူတိစန္ဒ တို့ဖြစ်၍ သီဟိုဠ်သို့ပညာရေးမိတ်ဆက်အဖွဲ့အနေဖြင့် ၁၂၃၇-ခုနှင့် ၁၂၄၈-အတွင်းဝယ် **မဟာကဿပ** ဂိုဏ်းကို တိုက်ခိုက်ရန် စစ်ကူသွား၍ တောင်းသူများ ဖြစ်ဟန်တူသည်[၁၁၇]။ မင်းအသိအမှတ်ပြုခြင်းကို ခံယူလိုသည့် **မဟာကဿပ** သည် ထိုစဉ်က အုပ်စိုးနေသော **ကလစွာ** ကိုယ်တော်တိုင် မြေလှူသည်ကိုမရလင့် ကစား မိမိဂိုဏ်းမှ ရထားသည့်မြေကို မင်း အလှူဖြစ်အောင် ကြံဖန်၍ မင်းကို ရေစက်ချခိုင်းခဲ့သည်။ အဖြစ်အပျက်ကား ဤသို့တည်း။ အေဒီ ၁၂၄၂-ခုတွင် ရတနာပယျသု၏ သားလေးသောင်း သူကြီး ဖြစ်သော ငါဗ္ဗည်သင် က လယ် ၄၀၅ ဒ္ဒေကို ကြံတူမ္တတ်ကြီ အား လှူတန်းခဲ့၏။ကြံတူမ္တတ်ကြီက မိမိ၏ ဂိုဏ်းခေါင်းဆောင် **မဟာကဿပ**ကိုအကြောင်းကြားလျှင် **မဟာကဿပ**က **ကလစွာ**မင်းကြီးနှင့် **စစ်ထုယ်** တို့ထံဝင်၍ အထက်ပါမြေကို မင်းအနေဖြင့်လည်း ရေစက်ချ၍ လှူရန် တိုက်တွန်းပြန်သည်။ မင်းကြီး လိုက်လျောလျှင် **မဟာကဿပ** သည် **ဤကာမင်ပိယ် မင်လျှုတေ**။ ဟု မှတ်တမ်းတင်ခဲ့သည်[၁၁၈]။

---

၁၁၅။ ခတ်ပုံ ၁၂၃/၅၊၆၊၇၊၁၂၊ သကရစ် ၅၈၇။

၁၁၆။ ခတ်ပုံ ၁၀၂/၈၊ သက္ကရစ် ၅၉၆။

၁၁၇။ ခတ်ပုံ ၃၀၂။

၁၁၈။ ခတ်ပုံ ၂၉၇/၈၊ သကရစ် ၆၆၂။ ဤမှတ်တမ်းတွင် မင်ကြီနှအ်စစ်ထုယ်လေ **မဟာဗောဓိ** တွင် စရိယ်ပိယ်သောလျှင် မ္လတ်ကြီလက်ရိယ်စင်တဝ်ခ္လ ရုဃ္ဃလှျုသတေ။ ဤ **ကာမင်ပေမင်လှျုတေ**။ဟု ရေးသည်။ **မဟာဗောဓိ** အမည်ပါနေသဖြင့်၊ **မဟာကဿပ**၊ **ကလစွာ**နှင့် **စစ်ထုယ်** တို့သည် **မဟာဗောဓိ** နှင့် အကြောင်း မည်သို့ ဆက်သွယ်မည်နည်းဟု စဉ်းစားသင့်ပါသည်။ ဖြစ်နိုင်သည်ကား **မဟာကဿပ** မင်းထံဝင်သောအခါကား မင်းကြီးနှင့် မိဖုရားတို့ **မဟာဗောဓိ** ဟု မှည့်ထားသော မြို့တော် အနီးအပါးတွင် ရှိယည့် ယာယီနန်းတွင် ခေတ္တစံနေခိုက် ဖြစ်မည်ဟု ယူဆမိပါသည်။

**မဟာကဿပ** သည် ပုဂံတွင် မင်းပရိသတ်၏ လေးစားမှုကို ရပြီးမှ အေဒီ ၁၂၂၄-လောက်တွင် အရှေ့ဖက်သို့ တိုး၍ ဆဲ့တရွာအရပ် ကျောက်ဆည်နယ်တွင် တောကျောင်းများ တည်ပါသည် [၁၁၉]။ စင်စစ်အားဖြင့် မိမိ၏ရန်သူ ခေါင်းဆောင်များ သီဟိုဠ်သို့ ခရီးလွန်ခိုက် စီးပွားရေးတောင့်တင်းသော နယ်က မိမိအား ထောက်ခံမှုရရန် ကြိုတင်စီမံထားခြင်း ဖြစ်ဟန်တူပါသည်။ မြို့တော်၌လည်း ဘုရင့်ညီ **ကက်သူ** ကဲ့သို့သော တန်ခိုးကြီးသူများ၏ ကြည်ညိုလေးစားခြင်းကို ခံယူရလျက် ရှိပါသည်။ **သက်သူ** သေလျှင် ကျန်ရစ်သူ မယားက မင်းနန်သူ တောကျောင်းတွင် သေသူကိုရည်စူး၍ အဆောက်အအုံများ ထပ်၍ဆောက်ပါသည် [၁၂၀]။ ပိုလ်သုကြီးသတ်တျ၏အေဒီ ၁၂၄၄-ခုနှစ် ကျောက်တွင် **မဟာကဿပ** ကျောင်းသည် အရှိယ်ပြည်တခါ [၁၂၁] ၌ဟု ဖေါ်ပြသဖြင့် တောကျောင်းဟု ဆိုရသော်လည်း မြို့တော်၏ အရှေ့ဖက်တံခါးနှင့် အလွန်နီးကပ်လျက် ရှိသည်ဟု သိရပါသည်။ ဤကျောင်းတိုက် အတွင်း၌ **မဟာကဿပ**သည် မင်းသမီး မင်းလှ ဆောက်ပေးသော ကျောင်းတွင် နေစမှတ်ပြုသည် [၁၂၂]။ ဤကျောင်း၌ နေစဉ် အေဒီ ၁၂၄၄-တွင် **မဟာကဿပ**သည်(?ကျောက်ဆည်ခရိုင် အနောက်မြောက်ရှိ)**ဆိပ်တောင်မှ စကြိဝ်ကင်းသည်** တို့နှင့် မြေမှု စကားများရသည် [၁၂၃]။ စကားများရသည့် မြေကား စင်စစ် **မဟာကဿပ**၏အဘိုး သကြံမ္မသူ ပိုင်ဖြစ်၍ မင်းထံမှ ဆုရသော မြေဖြစ်သည်ဟု သိရသည်။ဤအတိုင်းဆိုလျှင် **ငပေါင်လောင်သင်** ၏ အဘိုးသည် မင်းမှုထမ်းတဦးဖြစ်သည်ဟု သိရပြန်သည်။ အေဒီ ၁၂၄၈-မှစ၍ **မဟာကဿပ** သည် ရွှေဘို ချင်းတွင်းနယ်များမှ မြေပယ်ပေါင်း များစွာကို စတင် ဝယ်ယူကြောင်း တွေ့ရသည်။အလှူခံသဖြင့်လည်း မြေများစွာ ရပါသေးသည် [၁၂၄]။ **မဟာကဿပ** သည် အေဒီ ၁၂၇၂ နှင့် အေဒီ ၁၂၇၈-အကြား၌ ပျံလွန်ဟန်ရှိသည်။အဘယ့်ကြောင့်ဆိုသော် ၁၂၇၂-ခုလွန်လျှင် ရေးထိုးသမျှ ကျောက်စာ၌ **မဟာကဿပ** နေရာ ကျောင်းဟူ၍သာ ဖေါ်ပြလေ့ရှိ၍ [၁၂၅] ၁၂၇၈-တွင် **မဟာကဿပ့** ကျောင်း၌ အမည်မဖေါ်သော်လည်း ထေရအသစ်ရှိနေပြီဟု သိရပါသည် [၁၂၆]။ ဤအတိုင်းဆိုလျှင် **အရညဝါသီ** တောကျောင်းဂိုဏ်း သို့မဟုတ် အရည်းဂိုဏ်းကို တည်ထောင်သူ **မဟာကဿပ** အမည်ရှိ **ငပေါင်လောင်သင်** သည် အသက် ၁၀၃ သို့မဟုတ် ၁၀၉-အထိ နေပြီးမှ ပျံလွန်သည်ဟု ယူဆရပါမည်။ ယင်းဆရာတော်တည်ထောင်သောဂိုဏ်းလည်း အေဒီ ၁၅၀၀-ကျော်သည့်တိုင်အောင် ဆက်လက်၍ ကြီးပွားထွန်းကားသည်ဟု ရဲဝန့်စွာ မှတ်ယူနိုင်ပါသည်။

---

၁၁၉။ ခတ်ပုံ ၁၄၀ က/၂၊ သကရစ် ၆၀၄။

၁၂၀။ ခတ်ပုံ ၁၄၃ က/၆-၇။ ခတ်ပုံ ၁၄၇ က/၇၊ သကရစ် ၆၀၄။

၁၂၁။ ခတ်ပုံ ၁၅၃ က/၂-၃၊ သကရစ် ၆၀၆။

၁၂၂။ ခတ်ပုံ ၁၆၂/၂၊ သကရစ် ၆၉၄။

၁၂၃။ ခတ်ပုံ ၁၆၅/၅-၁၀၊ သကရစ် ၆၁၀။

၁၂၄။ ခတ်ပုံ ၁၆၃၊ ခတ်ပုံ ၄၂၄။

၁၂၅။ ခတ်ပုံ ၂၀၃/၂၊ ခတ်ပုံ ၂၂၄/၁၂၊ ခတ်ပုံ ၂၇၇/၂။

၁၂၆။ ခတ်ပုံ ၂၂၇၇/၂။

**မဟာကဿပ**သည် ယောနယ်သို့ သာသနာပြု ကြွစဉ် ပုံတောင် ပုံညာနှင့် မဟူတောင်ထို့ဆုံရာ မုံရွာမှ အရှေ့မြောက် မိုင်ခြောက်ဆယ်ခန့် အကွာတွင် ပျံလွန်သဖြင့် ထိုနေရာ၌ပင် အလောင်းတော်ကို မြှုပ်ရသည်ဟု ယုံကြည်ကြသဖြင့် ထိုနေရာသို့ ယနေ့တိုင် ဘုရားဖူးအများ သွားလာကြသည်[၁၂၇]။

---

၁၂၇။ ဦးဖိုးကျား၊ အလောင်းတော်ကဿပ၊ ကိုယ်တွေ့ဝတ္ထု အမှတ် ၆၊ ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၃၇၊ စာမျက်နှာ ၁၃၀။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း


ဖိုးကျား၊ **အလောင်းတော်ကဿပ**၊ ကိုယ်တွေ့ဝတ္ထု အမှတ် ၆၊ ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၃၇

မဟာဓမ္မသင်္ကြံ၊ **သာသနာလင်္ကာရစာတမ်း**၊ ၁၇၃၁၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၆

သန်းထွန်း၊ "မဟာကဿပဂိုဏ်း" မြန်မာနိုင်ငံသုတေသနဂျာနယ်၊ အတွဲ ၄၂၊ အပိုင်း ၂၊ ဒီဇင်ဘာ ၁၉၅၉၊ စာမျက်နှာ ၇၁-၉၇

THAN TUN: "*Mahakascapa* and His Trrdition", *JBRS*, XLII, ii, Dec. 1959, 99-118

# ပုဂံခေတ် အနုပညာနှင့် ဗိသုကာပညာ

**လူနေအိမ်ခြေ** နှင့် လူတို့၏ နေ့စဉ် အသုံးအဆောင်ပစ္စည်းဟူ၍ ပုဂံခေတ်မှ အကြွင်းအကျန် မတွေ့ဘူးချေ။ ကျန်သမျှမှာ ရဟန်းကျောင်း၊ ဘုရားကျောင်း၊ စေတီပုထိုးနှင့် ထိုကျောင်းဘုရား နံရံများမှ ဆေးရေးပန်းချီလက်ရာများသာ ဖြစ်ပါသည်။ ယင်းတို့မှာ သာသနာနှင့်ဆိုင်သော အသုံး အဆောင်များသာဖြစ်ရကား လူမှု လူရာနှင့် မနီးစပ်ဟူ၍ ပြောနိုင်၏။ သို့သော် လူ့အသုံးအဆောင် များစွာကို ကျောင်းဘုရား၌ လှူခြင်းနှင့် လူတို့တတ်စွမ်းသမျှကို ကျောင်းဘုရား တည်ဆောက်ရာ၌ လာ၍ အသုံးချခြင်း၊ မွမ်းမံခြင်းစသော အကြောင်းများကြောင့် သာသနာရေးနှင့် ဆက်သွယ်နေ သော အနုပညာနှင့် ဗိသုကာပညာများကို လေ့လာလျှင် ထိုခေတ်၏ ယဉ်ကျေးမှု အဆင့်အတန်းကို သိရာ၏။ ထို့ပြင် ထိလိုင်မင်း၏ နန်းတော်ကျောက်စာ(အေဒီ ၁၁၀၁-၂)ကျန်ရစ်သဖြင့် မင်းနေသော အိမ်ကား ဤသို့တည်းဟု အသင့်အတင့်ပြောနိုင်ပါသည်။ပုဂံဝန်းကျင်တွင် ယခုအခါ အုတ်ကျောင်း ပျက်နှင့်ဘုရားပျက်များကိုသာ အများအပြားမြင်တွေ့နေရသော်လည်း ပုဂံခေတ် ကျောက်စာများ အရ စုလစ်မွန်ချွန်နှင့်တကွ သာယာစွာသော သစ်သားကျောင်းက ပို၍များကြောင်း သိရပါသည်။ ထို့ကြောင့် ယခုမြင်တွေ့နေရသော ပုဂံကျောင်းဘုရားများနှင့်ကျောက်စာအရ သိရသော ကျောင်း ဘုရားတို့ကို ပေါင်းစပ်၍ ပုဂံခေတ်၏ အနုပညာနှင့် ဗိသုကာပညာလက်ရာများအကြောင်းကို ဖေါ် ထုတ်ကြရပါမည်။

အဆောက်အအုံတခုကို စတင်တည်ဆောက်ရန်အတွက် ပထမဦးဆုံး တန်တိုင်းရှိရပါသည်။ ဒါယကာတဦးက အေဒီ ၁၁၉၂-ခုတွင် အမှနာမည်သော ကန်အရပ်၌ သာယာစွာသော ကျောင်းကြီး ဆောက်ရန် အုတ်တိပ္လုသောတန်တိုင်(ပုံ ၁၂/၅)ပြုသည်ဟု ဆိုသဖြင့် တန်တိုင်ကို အုတ်နှင့်ပြုမြဲဟု ယူဆနိုင်ပါသည်။ သို့သော် ခြင်းချက်အားဖြင့် ကျောက်တန်တိုင်းလည်းရှိဘူးပါသည်(ပုံ၃၉၀/၁၅)။ ကူဘုရားတလုံး၊ ကျောင်းတဆောင်နှင့်တန်တိုင်းဝန်ကျင်ခတ်ရန်ငွေ ၁၀၀၀၀-ကုန်သည်ဟု ဒါယကာ


---

၁။ ဤအခန်းကိုရေးရန် ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်မှူး ဦးသိန်းဟန်(ဇော်ဂျီ)၏ အကူအညီ ကို များစွာရရှိပါသည်။

| | |
|---|---|
| ARCHITECTURAL | ဗိသုကာသဘော |
| DECORATIVE | အလင်္ကာသဘော |
| ENERGY | ဝီရသဘော |
| PLASTICITY | ပထဝီသဘော |
| REPOSE | သန္တသဘော |
| REPRESENTATIVE | သဘာဝဝတ္ထု |
| SYMBOLICAL | ဝက်ဝတ္ထု |

စသော ဘာသာပြန်ပုံများလည်း ဦးသိန်းဟန်၏နည်းပင် ဖြစ်ပါသည်။

တဦးက မှတ်တမ်းထားခဲ့သည်(ပုံ ၁၀/၁-၃)။တန်တိုင်းအတွက် ကုန်ကျငွေမှာ ၄၃၂ ကျပ် ၁ မတ်ဟု အေဒီ ၁၂၄၀-ခု ကျောက်စာအရသိရ၏ (ပုံ ၁၆၄/၄၂-၃)။ ထိုတန်တိုင်းအတွင်း၌ ကူဘုရား လေးမျက်နှာတလုံး၊ပိဋကတ်တိုက်တဆောင်နှင့်ကျောင်းနှစ်ကျောင်းရှိသည်ဟုဆိုသောကြောင့် ထိုတန်တိုင်းမှာ အသင့်အတင့်မျှည်လျှားကျယ်ဝန်းမည်ဟု ခန့်မှန်းနိုင်ပါသည်။တန်တိုင်းကိုတခါတရံအဝိုင်း(ပုံ၆၉/၇) ဆောက်သော်လည်း များသောအားဖြင့် လေးထောင့်ပြုလေ့ ရှိသောကြောင့် တံခါးမုက် အစုံနှင့် တိုင်တန် ၄ မျက်နှာ(ပုံ ၃၉၀/၆၊ ပုံ၄၂၃/၉)ဟု ခေါ်လေ့ရှိ၏။တန်တိုင်းအကာအရံမှာ အဆောက်အအုံကိုထင်ရှားသိသာအောင် ခြားနားပေးသည့်ပြင် မီးဘေးမှ ကာကွယ်၍ပေးသည်ဟုလည်း ယူဆနိုင်ပါသည်။ သို့သော် ဒါယကာတဦးက အေဒီ ၁၂၆၂-ခုတွင် တန်တိုင်မိကာ (ပုံ ၂၀၅/၂)ပြု၏ဟု ဆိုရာ၌ တန်တိုင်းအပြင် ဝန်းကျင်ကိုရှင်းလင်း၍ တလင်းပြုလုပ်ထားသည်ဟု ယူဆရန်ရှိ၏။ သစ်သားအဆောက်အအုံများသောအရပ်ဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကြီးသည်။ အေဒီ ၁၂၂၅-ခုက မီးကြီးလောင်သဖြင့် ပုကံမြို့တော်တခုလုံး ပျက်စီးရသည်ဟု သိရ၏ (ပုံ ၁၂၂က/၂။ ထို့ကြောင့် မီးဘေးကာကွယ်ရေးကို ပဓါနထား၍ စဉ်းစားကြရဟန် တူပါသည်။ တန်တိုင်းတထပ်မျှဖြင့် စိတ်မချသူများက တန်တိုင်နှစ်ထပ် (ပုံ ၇၃ / ၇ ရံကြ၏။ အဖိုးတန် အဆောက်အအုံကို အတွင်းတန်တိုင်း





အာမနာ (မင်းနန်သူ) ရှိ အေဒီ ၁၂၂၃ ခုတည် အနန္တသူကျောင်းတိုက်ပုံစံ
( အပြင်တန်တိုင်းတွင်း၌ စာသင်သားတို့နေရန် ကျောင်းဆောင်များစွာရှိ၏ )။

အနန္တသူကျောင်းတိုက် ပုံစံတွင် ရေလှောင်ကန်မှ လေးထောင့်ကန်သို့ အဝင်မြောင်းဝတွင် ရေစစ်ပြွန်ဟု စာထည့်ပါ၊ထို့ပြင် ရေတွင်းနှင့်တကွ ကန်ကြီးနှစ်ဆင့်နေရာကို ယခုဖေါ်ပြထားသည်မှာ ရှိသင့်သည်ထက် တလက်မ အထက်သို့ ရောက်နေပါသည်။

တွင်း၌ ထား၍ သာမည အဆောက်အအုံမျိုးကို အပြင်တန်တိုင်းတွင်း ထားခြင်း အားဖြင့်လည်း သီးသန့် ခြားနားခြင်းပြုရာ ရောက်ပါသည်။ ဆိုလိုသည့်သဘောမှာ အတွင်းတန်တိုင်းတွင်း၌ ဘုရားစေတီ၊ ပိဋကတ်တိုက်၊ ဓမ္မာရုံ၊ သိမ်နှင့် ကျောင်းထိုင်ဆရာတော်၏ကျောင်း ရှိတတ်၍ အပြင်တန်တိုင်းတွင်း၌ သံဃာအများနေရန် ကျောင်းများစွာ ရှိတတ်၏။ အပြင်တန်တိုင်းတွင်း၌ **စာသင်** တို့အတွက် ကျောင်းဆောင်နှစ်ဆယ်ဆောက်သည်ဟု တခါကတွေ့ရဘူးသည် (ပုံ ၁၅၂/၅။ သီတင်းသည် ဥပသကာတို့အတွက် နားနေရန် **တန်ဆောင်** ကိုင်း၊ အလှူပေးရန် **စရပ်** ကိုင်း၊ ဝတ္ထုပစ္စည်းသိုလှောင်ရန် **ကပ္ပိယကုဋိ** ကိုင်း ဆောက်ကြရသေး၏။ တခါက ဗုဒ္ဓဂါယာမှ ယူခဲ့သော ညောင်စေ့မှ ပေါက်သည့်ညောင်ပင်ကို တန်တိုင်းရံသည်ဟု ဆိုပါသည် (ပုံ ၂၃၂/၃)။ ယင်းသို့ အဆောက်အအုံ များစွာ ပါဝင်သောနေရာအဝန်းအဝိုင်းကြီးတခုကို စံပြအဖြစ်ကြည့်လိုလျှင် မင်းနန်သူရွာ၏ အနီးတွင်ရှိသော အေဒီ ၁၂၂၃-ခု ဒီဇဘ်ာလ ၁၇-ရက်နေ့တွင် လက်စသတ် တည်ဆောက်ခဲ့သော အနန္တသူရ **အနှစ်မောင်နှံ** တို့၏ ကုသိုလ်တော် (ပုံ ၇၃) ကို ကြည့်ရာ၏။


တန်တိုင်းအတွင်း၌ အဆောက်အအုံ တည်ဆောက်ရန် အောက်ခံအလွှိုင်ငှါ **စင်ကြံ** (ပုံ ၇၃/ဂ) ခေါ် အုတ်ခုံပြုရ၏။ **စင်ကြံ** ဟူသည် ရဟန်းတို့ အညောင်းပြေ လမ်းလျှောက်ရန် အုတ်ခုံရှည် (ပုံ ၉၇/၂၂ ဖြစ်သည်ဟု အမြဲမမှတ် သင့်ချေ။ လေးထောင့် အုတ်ခုံကိုလည်း စင်ကြံ ခေါ်ပါသည်။ **အသဝတ်** အမတ်ကြီး၏ မယားက အေဒီ ၁၂၃၆-ခုတွင် စင်ကြံ လုပ်ရန် အုတ်ဖိုနှစ်ဖိုမှ အုတ်ကို ယူရသဖြင့် အုတ်ဖိုးငွေ ၆၀၊ လှည်းခ ၂၂-ကျပ် ကျသည်ဟု ဆိုပါသည်(ပုံ ၉၇/၂၂-၃)။အမိုးအတွက်ဟု ထင်ရသော သစ်ကိုသယ်ရန် နောက်ထပ် ၆ ကျပ် ကုန်သေး၏။ ကူဘုရား အတွက် စင်ကြံ ပြုရသော အခါ **ကလသာ** အိုးနှင့်တူသည် ဟူ၍ ဖေါ်ပြလေ့ရှိ၏။ (ပုံ ၇၃/၇၊ ပုံ ၈၀/၇၊ ပုံ ၁၉၄/၇၊ ပုံ ၂၂၀/၆၊ ပုံ ၂၃၄/၆၊ ပုံ ၂၄၇/ဂ၊ ပုံ ၂၄၉/၁၆)။ ပူးတွဲပါ နံရံ၏ ဘေးပြတ်မြင်ပုံကို ကြည့်လျှင် ကိုယ်ဝန်ဆောင်မိန်းမ၏ ဝမ်းပိုက်ပုံမျိုး ပေါ်အောင် ဖေါင်းပွနေသော နေရာကို **ကလသာအယောင်** နှင့် တူသည်ဟု ယူဆရပါမည်။ ပုံများမှာ အနန္တသူရ လင်မယား၏ ပုဂံ မင်းနန်သူမှ လေးမျက်နှာဘုရား စင်ကြံဘေးပြတ်ပုံများဖြစ်၏။ ပုဂံ အာနန္ဒာဘုရား တန်တိုင်းတွင်ကား ရုပ်ကြွစေတီပုံများ ရှိသည်။ ထိုပုံကိုလည်း တပါတည်းဖေါ်ပြလိုက်ပါသည်။




၁ ၂ ၃ ၄

လေးမျက်နှာဘုရား စကြံ၏ (၁၊ ၂) ဘေးမြင် နှစ်မျိုးနှင့်
အာနန္ဒာတန်တိုင်း၏ (၃) ဘေးမြင်နှင့် (၄) ရှေ့မြင်

စင်ကြံ ပေါ်၌ ကူ တည်၏။ ကူ ဆိုသည်မှာ ပါဠိ ဂုဟ မှ ဖြစ်ပေါ်သော စကားဖြစ်၍ကျောက်တောင်များမှ သဘာဝအလှိုဏ်ဂူ ဖြစ်ပေါ်နေသော အခေါင်းကို ဆိုလိုပါသည်။ သို့သော် မြန်မာက ဘုရားကျောင်း အဖြစ်ဖြင့် အသုံးပြုရန် အုတ်နှင့်ဖွဲ့သော စေတီတမျိုးကို ကူ ဟု ခေါ်လေ့ရှိ၏။ ထို့ကြောင့် အိန္ဒိယမှ သဘာဝတောင်ခေါင်းကို ဘုရားကျောင်း ပြုလုပ်ထားသည့် အဇန္တ ကူမျိုးနှင့်လည်း မတူချေ။ လူလုပ်သော ကူဖြစ်၍ အမိုးပေါ်၌ စေတီပေါက်၍ ထားသေး၏။ ဝင်ပေါက်တပေါက်သာရှိသော ကူမျိုးထက် လေးပေါက်ရှိသော ကူမျိုးကို ပြုလုပ်လေ့ရှိ၏။ အပေါက်လေးဖက်ပါသော ကူကို ကူ ၄ မျက်နှာ (ပုံ ၅၀/၇၊ ၁၄) ဟု ခေါ်လေ့ရှိသည်။ စင်စစ်အားဖြင့် ၄ ရာစုမှ ၉ ရာစုအတွင်း မြန်မာနိုင်ငံ၌ ယဉ်ကျေးမှုတရပ်ကို ထူထောင်သွားကြသော ပျူတို့၏ အဆောက်အအုံတွင် ဘဲဘဲဟူ၍ တဝကူနှင့် လေးမျက်နှာဟူ၍ လေးဝကူတို့ရှိရာ ထိုပျူကူများပင် နောင်အခါ တည်ဆောက်သော မြန်မာကူတို့၏ မူရင်းပုံစံ ( Prototype )ဖြစ်နိုင်စရာရှိပါသည်။ နှိုင်းရှည့်၍ ကြည့်နိုင်ရန် ပျူဘဲဘဲ၊ ပျူလေးမျက်နှာ၊ အာနန္ဒာ၊ ရွှေကူ၊ လောကထိပ်ပန်း၊ သဗ္ဗညုနှင့် သမ္ဗုလကူဘုရားတို့၏ ပန္နက်ပုံများကို သကရစ် စဉ်အလိုက် စီ၍ပြလိုက်ပါသည်။




ဗျူ—ဘဲဘဲ—ပန္နက်ပုံ
(*BRSFAP*, II, PL. I, facing p, 186)



ပျူ-လေးမျက်နှာပန္နက်ပုံ
(*BRSFAP*, II, PL. I, facing p, 186)




အာနန္ဒာ-ပန္နက်ပုံ၊ ဘေးမြင် နှင့် ရုပ်လုံးဖေါ်
(Henri Parmentier: *L' Art Architectural Hindou dans Plnde et en Extreme-Orient*, Paris, 1948, PI, XX, facing P. 138)




လောကထိပ်ပန်-ပန္နက်ပုံ

(*Lokahteikpan*, Pl. 4)




ရွှေကူ-ပန္နက်ပုံ

(*BRSFAP*, II, Pl. I, facing p. 186)





သဗ္ဗညု-ပန္နက်ပုံ၊ ဘေးမြင် နှင့် ရုပ်လုံးဖော်
(Henri Permentier: *L' Art Architectural Hindou dans Plnde et en Extreme-Orient*, Paris, 1948, PI. XXI, facing P. 140)



သမ္ဗူလ–ပန္နက်ပုံ
( *BRSFAP*, II, PI, I, facing p. 186)

ကူလေးမျက်နှာ၏ သဘောမှာ ယခု ကမ္ဘာတွင် ပွင့်ပြီးသော ဘုရားလေးဆူကို ရည်၍ အရပ်တမျက်နှာလျှင် တဆူကျထားရှိ၏။ ငါးမျက်နှာဘုရားတွင်ကား နောင်ပွင့်လတံ့သော ဘုရားကိုပါ ထည့်သွင်းထားသည်။ ဆင်ဖြူကျွန်းမှ သုံးမိုင်ခန့် သွားရသော ကျပင်းရွာအနီး ငါးမျက်နှာ ဘုရားမှာ ပုဂံခေတ် ကူပင်ဖြစ်၍ နောက်ထပ်ပြုပြင် မွမ်းမံကြသော်လည်း ကူပေါက် ဖွင့်ပုံနှင့် ဘုရားအစီအစဉ်မှာ အစဉ်အလာအတိုင်း ရှိသည်ဟု ဆိုသဖြင့် ဖော်ပြလိုက်ပါသည်။





ကျပင်းရွာအနီး ငါးမျက်နှာတွင် တွေ့ရသော ဘုရား အစီ အစဉ်

ရုပ်တုတော်များနောက်မှ ကန့်ကူဆံထုံးခေါ် မဏ္ဍိုင်အုတ်တိုင်ကြီးမှာ သရီရဓါတု(ပုံ ၁၇/၇) များ ဌာပနာသော ဌာပနာတိုက် ဖြစ်ပါသည်။ ကူနံရံတွင် ဥဈူပန်(ချူးပန်း ပုံ ၂၂၁/၂၆)၊ ဆင်ပု(ဆင်းတု၊ ပုံ ၇၃/၁၅)၊ ပါဒ(ခြေတော်ရာ၊ ပုံ ၂၀၃/၇)နှင့် ဇာတ်ငါရျာ(ငါးရာ့လေးဆယ့်ခုနှစ်ဇာတ်၊ ပုံ ၇၃/၁၅)တို့ကို ဆေးရောင်စုံသုံး၍ လှနိုင်သမျှလှအောင် ရေးခြယ်၏။ တနေရာတည်း၌ ဘုရားဆင်ပု ၁၄၆၁၉-ရုပ်(ပုံ ၁၀၅ က/၆-၈)ရေးပြီး၏ဟူ၍၎င်း၊ဆင်ပု ၄၀၀၀(ပုံ ၂၄၀/၇)ရေးသည်ဟူ၍၎င်း တွေ့ရဘူးပါသည်။ သုံးစွဲသောဆေးမှာ—


> ဆိုယ်အ်ထန် ဟင်သပတာ ဆုန်မွိယ်ဖ္လူကျက်တငိုယ် ခြိတ်ကံကုတ် ခပင်သောဇ အ်အဖိုဝ်ကာငုယ် ၅၀။ (ပုံ ၉၇/၁၄-၁၅)

ဟူ၍ အေဒီ ၁၂၃၆-ခု မှတ်တမ်းတခု၌ တွေ့ရသဖြင့် အဝါရောင်အတွက် ဆေးဒန်း၊ အနီရဲရဲအတွက် ဟင်္သပြဒါး၊ အနီရင့်ရင့်အတွက် ခဲမပုပ်တမျိုးဖြစ်သော ဆုန်း၊ အဖြူအတွက် မြေဖြူ၊ နီဝါအတွက် မြေစေးထုံးကျောက်ဖြစ်သော ကွေ့(?ကျက်တငိုယ်)၊ နီညိုအတွက် ပိုးကောင်မှ ဖြစ်သော ခြိတ်၊ အမဲအတွက် ခဲပုပ်တမျိုးဖြစ်သော ကံကုတ်တို့ကို သုံးပါသည်။ ကူတလုံးနှင့် ကျောင်းတဆောင်ရေးရန် ပန်းချီဆရာကို ကူအတွက် ငွေ ၄-ကျပ်၊ ကျောင်းအတွက် ငွေ ၁၂၀ လက်ခပေးရသည်ဟုလည်း သိရ၏။ ထိုသို့ ကူနှင့် ကျောင်းအစုစု ရေးရန် ကုန်မည့်ဆေး၏ တန်ဘိုးမှာ ငွေ ၃၀ ဖြစ်ပါသည်။ စုဆောင်းသော ဆေးအရ အဝါ၊ အနီ၊ နီ့သာ၊ ခြိတ်နု၊ ခြိတ်ရင့်နှင့် အမဲရောင်တို့ကို အသုံးများပေမည်။ အစိမ်းနှင့်အပြာ အသုံးနည်း၏။ပုဂံခေတ်နောက်ပိုင်း ပန်းချီလက်ရာများ၌ အစိမ်းကို တွေ့ဘူးသော်လည်း အပြာကို မတွေ့ဘူးပါ။ ဒုတ္ထာနှင့် ဆေးဒန်းစပ်လျှင် အစိမ်းရ၏။ မဲနယ်ကို အပြာအတွက် သုံးသည်။ ပုဂံခေတ်က မဲနယ်ရှိသေးဟန်မဟူ။ ဆေးရောင်စုံဖြင့် တင့်တယ်လှပအောင် ရေးခြယ်၍ထားသော ကူကို ကူပြောက်(ပုံ ၂၁၀ က/၁၁)ဟု ခေါ်မြဲ ဖြစ်သည်။ မင်းသုံးမင်းဆောင်ဖြစ်လျှင် ကွန်ပြောက်(ပုံ ၇၉ ခ/၉)ဟု ခေါ်ရ၏။ကူတွင် အထွတ်(ပုံ ၈၀/၁၇)တင်ရ၏။အထွတ်ကို ကြေး(ပုံ ၉၇/၁၂)နှင့်ပြုမြဲဖြစ်ရာ ကြေးအချိန်ပိဿ ၄၀(၇၃/၁၆)မှ ပိဿာ ၁၃၀ (ပုံ ၁၉၄/၁၃)အထိလေးသော အထွတ်မျိုးဖြစ်၍ ရွှေချသေး၏(ပုံ ၁၀၅ က/၁၀)။ထီ(ပုံ ၁၉၄/၁၃)ကို ဘေးတွင် သပ်သပ်ဆောက်သည်။

ကူ၏ပုံစံမှာ ပုဂံခေတ်ဦးတွင် တမျိုး၊ ခေတ်လယ်တွင်တမျိုး၊ ခေတ်နှောင်းတွင်တမျိုး ဟူ၍ သုံးမျိုး တွေ့ရသည်။ အချိန်ကာလကို ပိုင်းလိုလျှင် အေဒီ ၁၂-ရာစု၏ ပထမအနှစ် ၅၀-ကျော်မှာ ခေတ်လယ်ဖြစ်၏။ ခေတ်ဦးပုံမှာ တထပ်တိုက်မျိုးဖြစ်၍ မြေတွင် တွားလျက် ရှိရကား ငြိမ်သက်ခြင်း သရုပ်ဆောင်သောကြောင့် သန္တသဘော(Repose)ရှိ၏။ ခေတ်နှောင်းတွင် အထပ်ပေါင်းများစွာရှိသော တိုက်ပုံစံကို တီထွင်လာကြသဖြင့် ကြွားကြွားဝင့်ဝင့် ပျံလွင့်နေပုံမျိုး ဖြစ်ရကား လျှမ်းလျှမ်းတောက် ရဲရင့်ခြင်း သရုပ်ဆောင်သောကြောင့် ဝီရသဘော (Energy) ရှိ၏။ ထိုနှစ်မျိုး စပ်ကြားတွင် ခေတ်သယ်၏ ကပြားပုံ ရှိသည်။ ခေတ်သုံးမျိုး၏ အဆောက်အအုံများကို ယှဉ်၍ မပြမီ၊ တံခါးအုံဖြစ်သော တုရိုဏ်တိုင်(တောရဏ)တို့ကို ယှဉ်၍ ကြည့်ရုံမျှဖြင့် ငြိမ်သက်ခြင်းမှ ခုန်ပျံခြင်းသို့ ရောက်သွားပုံကို မြင်သာပါသည်။




သာည်ဆီ ထူပါရုံ အနောက်မုက်(၁ ရာစုဘီစီ)
(Percy Brown: *Indian Architecture* (*Buddhist and Hindu Period*), Bombay, 1956, Pl. XV, between pp. 16 and 17)




နန်းဘုရားမုစုလစ် (ထုပ်တန်းသဘော ကျန်သေးသည်)
( *JBRS*, X, iii, Pl. III )

တိုင်နှင့် ထုတ်တန်း ( Pillar and Lintel ) မျှသာရှိသော အဝင်ပေါက်မှ မီးလျှံစုလစ် (Flame Pediments)ထောင်သော ဂုံးချွန်း (Pointed Arch)ဘဝသို့ ပြောင်းသွားပုံမှာ အထူးမှတ်သားဖွယ်ကောင်း၏။ နန်းဘုရား အဝင်ပေါက် စုလစ်မှာ ခေတ်ဦးပုံဖြစ်၍ ဂေါ်တော့ပလ္လင် အဝင်ပေါက်စုလစ်မှာ ခေတ်နှောင်းပုံ ဖြစ်သည်။ ဗိသုကာ သဘောတွင် အစကနဦး တည်ငြိမ်သော သန္တသဘောမှ လှုပ်ရှားသော ဝီရသဘောသို့ ပြောင်းပုံကို အဆောက်အအုံတို့၏ ဘေးမြင် ပုံကြမ်းများထုတ်၍ နှိုင်းရှဥ့်ကြည့်ပါလျှင် ပို၍မြင်သာသည်။ ပထမအားဖြင့် ငြိမ်သက်ခြင်း သရုပ်ဆောင်သည့် သန္တသဘောရှိသော နန်း၊ ပုထိုးသားများ၊ အပယ်ရတနာနှင့် နဂါးရုံဘုရားများမှာပင် တက်ကြွခြင်း အမြင့်ကို ဆောင်သော ဝီရသဘော အသင့်အတင့် ဝင်လာပုံကို တွေ့ရ၏။ သန္တအစစ်မဟုတ်သော ကပြားပုံ (Compromise) ဖြစ်လျက်ရှိချေပြီ။ သို့သော် ရောစပ်ပုံ ပြေပြစ်သဖြင့် ကြည့်၍ ကောင်းလှသည်။



ဂေါတော့ပလ္လင်ဘုရားမုက် (မီးလျှံစုလစ်)

( *BRSFAP*, II, Pl. V between pp, 178 and 179 )




နန်း *PGP*, *p*.52 | ပုထိုးသားများ *PGP*, *p*.39 | အပယ်ရတနာ *PGP*, *p*. 54 | နဂါးရုံ *PGP*, *p*. 53

## ပုဂံခေတ်ဦး ကူဘုရားတို့၏ ဘေးမြင်ပုံကြမ်း


အထက်ပါပုံကြမ်းများကို အသေအချာကြည့်လျှင် ကူဘုရား၏သဘောမှာ ကုလားကျောင်းနှင့် စေတီ တွဲဖက်ထားခြင်းဖြစ်သောကြောင့် ကုလားကျောင်း၏ အမိုးတနေရာတွင် စေတီတင်ထားရခြင်းဖြစ်ရာ ပစ္စယာမ်ခေါ် အာလိန်သုံးဆင့်တက်၍ သိခရခေါ် ကွမ်းတောင်တင်လိုက်သည်ကို မြင်နိုင်ပါသည်။ ယင်းတို့မှာ ခေတ်ဦးကူများဖြစ်သော နန်း၊ ပထိုးသားများနှင့် အပယ်ရတနာတို့၏ ပုံများဖြစ်၏။ ထိုပုံမျိုးတွင် တမျိုးဆန်သောအားဖြင့် ခေတ်ဦးကပင် တွေ့ရသော နဂါးရုံတွင် အာလိန်၌ အမိုးဂုံးလျှောကို မြင်သာအောင် ထည့်၍ထားသည်။ ပုံစံလေးမျိုးလုံးမှာပင် ငြိမ်သက်ခြင်းဟူသည့် သန္တသဘော မပျောက်သော်လည်း မြင့်တက်ခြင်း တည်းဟူသော ဝီရသဘောလည်း ရှိ၏။ ထို့ပြင် ထိုကူအားလုံးတွင် အလင်းများများ မပေးနိုင်သည့် ဇာပတင်းမျသာ တပ်ထားသဖြင့် အတွင်း မှောင်သည်။ ထို့ကြောင့် အဆောက်အအုံ တခုလုံးကို ခြုံကြည့်က တထပ်တိုက် ဖြစ်၍ ပိပြားလျက် ငြိမ်သက်ကာ အတွင်းမှောင်လျှင် ခေတ်ဦးကူဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။ ခေတ်လယ်ပုံမှာ အာနန္ဒာပုံစံမျိုးဖြစ်၍ ခေတ်နှောင်းပုံမှာ သဗ္ဗညု ပုံစံမျိုးဖြစ်သည်။ (အထက်က အာနန္ဒာနှင့် သဗ္ဗညုတို့၏ ပန္နက်၊ ဘေးမြင်ပုံနှင့် သရုပ်ဖော်ထားသော ပုံစံ အရုပ်များကို ပြန်ကြည့်ပါ)။ အိန္ဒိယမှ တိုက်ရိုက်ယူသော ကူပုံစံတမျိုးကား မဟာဗောဓိဖြစ်၏။ ထို့ကြောင့် အဆိုပါ မဟာဗောဓိပုံကို မြန်မာကူတို့တွင် ထည့်သွင်းစဉ်းစားရန် မလိုချေ။

ခေတ်လယ်မှ လောကထိပ်ပန်း၏ ဘုံမြင်ပုံနှင့် ခေတ်နှောင်းမှ သဗ္ဗညု၏ ဘုံမြင်ပုံတို့ကို ယှဉ်ကြည့်လျှင် ခေတ်လယ်တွင် ကူတွင်း၌ အလင်းရောင် ပို၍ရရန် ကြိုးစားလာဟန်ကိုရင်း၊ ခေတ်နှောင်းတွင် အလင်းရောင်များများရလျက် မြင့်မားသည့်အသွင်ကိုလည်း ဆောင်ရန် ဝိရသဘောရအောင် ပြုပြင်တိုးချဲ့သည်ကို အလွယ်နှင့်ပင် မြင်နိုင်သည်။



လောကထိပ်ပန်း ဘုံမြင်

(*Lokahteikpan*, PI. 5)




သဗ္ဗညု ဘုံမြင်ကို အပေါ်ပိုင်းသာ ဖော်ပြပါရှိနေသော်လည်း မူလ ရည်ရွယ်ချက်မှာ အထက်အောက် တခုလုံးကို ဖော်ပြရန် ဖြစ်ပါသည်။


သဗ္ဗညု ဘုံမြင်

(*Pictorial Guide to Pagan* p. 33)

ပုဂံခေတ် ကူဘုရားတွင် ဗိသုကာ သဘောအရ မှတ်သားဖွယ် ကောင်းသော နောက်တချက်မှာ ဂူပေါက်လုပ်နည်းပင် ဖြစ်ပါသည်။ အုတ်လွှာ တထပ်ပြီး တထပ် တက်ရာတွင် အစွန်းကို တခါထက်တခါ ပို၍ပို၍ ထွက်ယူသွားသော လွှာထပ်ဂူပေါက်မျိုး ( Corbelled Arch ) ကို ပုဂံခေတ်က လုံးဝမသုံးချေ။ အီရန် ( Iran )မှ တက်စီဖွန် ( Ctesiphon ) မြို့တော်တွင် အေဒီ ၂၅၀ ခန့်က သုံးသော အောက်အုတ်တိုင်ပေါ်တွင် သတ်ပုံစံရှိသည့်အုတ်ကို ခိုမြီးဖြန့်သကဲ့သို့စီသော ရောင်ခြည်ဖြာဂူး(Radiating Arch)မျိုးကိုသာ သုံး၏။ ထိုဂူးမျိုးကို ဗုဒ္ဓဂါယာတွင် တွေ့ရ၏။ အေဒီ ၇ ရာစုခန့်ဟုမှန်းသည်။ ဥရောပမှ ရောမန်နက်စ် (Romanesque)နှင့် ဂေါသစ် (Gothic) ဂူးပေါက်မျိုးများ ဖြစ်ပါသည်။



လွှာထပ်ဂူးပေါက်
( Corbelled Arch )




၂ (က) ၂ (ခ) ၂ (ဂ)

တက်စီဖွန်ဂူးပေါက်
(အေဒီ ၂၅၀ ခန့်)
( Ctesiphon Arch )

ဗုဒ္ဓဂါယာဂူးပေါက် ၂ မျိုး (အေဒီ ၇ ရာစုခန့်)
ရောင်ခြည်ဖြာဂူးပေါက်
( Radiating Arch )

( P. Brown: (*Indian Architecture Buddhist and Hindu Period* )
Pl. XL, between pp. 44 and 45 )


စေတီမှာ ကူနှင့်ဆန့်ကျင်ဖက်ဖြစ်၏။ ဆိုလိုသည်မှာ ကူတွင်းသို့ဝင်နိုင်သော်လည်း စေတီတွင်းသို့ မဝင်နိုင်ချေ။ စေတီပုံစံများမှာလည်း ခေတ်ဦး၊ခေတ်လယ်၊ခေတ်နှောင်းဟူ၍ သုံးမျိုးပင် ရှိပါသည်။ ခေတ်ဦးပုံမှာ အထက်ဝါနှင့် အောက်ဝါမျှလျက် ဖြိုးဖြိုးမောက်သော ပုံ (Bulbous form) မှ အထက်ဝါ ရှူးသော ထုချွန်ပုံ(Conical form)သို့ တဖြည်းဖြည်း ပြောင်း၏။ ထို့ပြင် အစ၌ အာလိန်သုံးဆင့်မျှဖြင့် ပြောင်းတိုင်ကဲ့သို့ တောင့်တောင့်တင်းတင်း ရှိသော လောကနန္ဒာပုံမျိုးမှ အာလိန်ငါးဆင့်ဖြင့် သွယ်တန်းသော ရွှေဆံတော်ပုံမျိုးသို့ ရောက်ကာ ထိုမှတဖန် အာလိန်သုံးဆင့် အထက်ခေါင်းလောင်း၊ဖေါင်းရစ်နှင့် ချယားသီးတို့ပေါင်းစပ်၍ အထက်ချွန်းအောင် သိမ်းယူသော ရွှေစည်းခုံပုံအထိ ခေတ်ပြောင်းပါသည်။ ရွှေစည်းခုံမှာ နောင် တည်လတံ့သော ခေါင်းလောင်းပုံ ဘုရားတို့၏ မူရင်းပုံစံ (Prototype) ဖြစ်၏။ ပုကံပျက်ခါနီး တည်ဆောက်သွားသော မင်္ဂလာ စေတီမှာ မြန်မာနိုင်ငံတွင် ယနေ့ တည်ဆောက်နေကြသော ဘုရားပုံစံနှင့် မခြားနားလှတော့ချေ။ ယခုရေးပြီးသမျှကို ပို၍ထင်ရှားစွာ မြင်သာအောင် ဖေါ်ပြပါ စေတီတို့၏ဘေးမြင် ပုံကြမ်းများကို ယှဉ်၍ အောက်တွင် ဖေါ်ပြလိုက်ပါသည်။



လောကနန္ဒာ ရွှေဆံတော် ရွှေစည်းခုံ


## စေတီပုံစံပြောင်းပုံ အကြမ်းနှိုင်းရှည့်ချက်

ဤသုံးပုံတွင် ပထမပုံ၌ အထက်ဝါ အောက်ဝါ မျှတ၍ နေသည်။ ဒုတိယနှင့် တတိယ ပုံများ၌ အထက်ဝါကို သိသိသာသာရှူး၍ ပေးထားကြောင်း တွေ့ရသည်။ အထက်ပါသဘောမှ အလွတ်ဖြစ်သော ခြွင်းချက်နှစ်မျိုးရှိပါ၏။တမျိုးမှာ ဆပဋဘုရားကဲ့သို့ သီဟိုဠ်ပုံဖြစ်၍ ကျန်တမျိုးမှာ အောက်ခုံဘိနပ်တော်ကို ငါးထောင့်ယူသော ဓမ္မာရာဇိကဘုရားပင် ဖြစ်ပါသည်။ ထိုဘုရားနှင်မျိုး၏ ပုံကြမ်းများမှာ အောက်ပါအတိုင်း ဖြစ်၏။




မူကွဲသောစေတီပုံကြမ်း


ဤတွင် အလျဉ်းသင့်၍ ဖေါ်ပြလိုသည်မှာ ကူဘုရား၏ ထိပ်အချွန်ပိုင်းကို **သိခရ** ( ဂိခရ ) ဟု ခေါ်၏။ မြန်မာဆံဆံ ကွမ်းထောင်ဟု ခေါ်ကြသည်။ သိခရ အစမှာ ဝါးလုံးလေးလုံးကို ကြိုးဖြင့် စည်းနှောင်ထားသော မီးပူဇော်ရန်ခုံဖြစ်ကောင်း၏ဟု ပညာရှင်တို့ယူဆ၏။ အောက်ဖေါ်ပြပါပုံများကိုကြည့်က ဖြစ်နိုင်စရာအကြောင်း တွေ့ပေမည်။




**သိခရအစဝါးလေးလုံးစင်    တောင်အိန္ဒိယဥတစမုန္ဒမှအထွတ်    နောက်ဖြစ်လာသောသိခရ**

( P,Brown: *Indian Architecture* (*Buddhist and Hindu Period*) PI,V,between pp. 8 and 9)


ထို့အတူ သီဟိုဠ်ဘုရားပုံစံ ( ဆပဋ ) တွင် ထိပ်၌ လေးထောင့်ခံထားသည်ကို ( ဟမ္မိယ ) (ဟမ်မိကာ) ဟု ခေါ်ပါသည်။ ဟမ္မိယ ဖြစ်လာပုံကိုလည်း ပညာရှင်းများက မီးကို ပူဇော်သည့် အုတ်ခုံကစသည်ဟု ယူကြ၏။ ထင်ရှားသိသာအောင် အောက်တွင် ပုံစံနှင့် ပြလိုက်ပါမည်။



ပါရှုတွင် ၅၀၀ ဘီစီခန့်က သုံးသော မီးပူဇော်သည့်ခုံ



ပါရှုမီးပူဇော်ခုံ



ဟမ္မိယခေါ် ဗုဒ္ဓစေတီအထွတ်

(P.Brown: *Indian Architectuer* (*Buddhist and Hindu Period*) PI. V, between pp. 8 and 9)

စေတီတွင်း၌ မည်သည့်ပစ္စည်းများ ဌာပနာလေမည်နည်းဟုသိလိုကြပေမည်။ အေဒီ ၁၂၂၇ ခု ကျောက်စာတခု၌


> ။ ဇေတိဓါပနာသောအခါကာ။-။ သကရစ် ၅၇၉ ခု မာဃသံဝစ်ဆိုရ်။ ပ္လသိုဝ်လဆန် ၁၄ ရျက် ပုတ္တဟူနိယ်အ်အာ။ ပုဖှာသ္ခိင် သရီရဓတ်တဝ်။ ညောင်တဝ် အခက်နှင်ပ္လုသော ပုဖှာ။ ရှုယ်ရာည်သွန်သော ပုဖှာ။ ငုယ်ရာည်သွန်သောပုဖှာ။ ဖန်ပ္လုသောပုဖှာ။ ဆင်စွယ်အမြုတိယ် ပ္လုသောပုဖှာ။ တာန်စိကူပ္လုသောပုဖှာ။ ဣယ်မျသော ဓတ်တာဝ်။ ဆင်ပုတဝ်ခပ်သိမ်သော ကိုဝ်။ ရှုယ်စမခန်ငုယ် စမခန်လေခါင်လိုက်အေ်။ ရှုယ်ထီငုယ်ထီလေဆောင်လိုက်အေ်။ ရှုယ်ပေါက် ၂။ ငုယ်ပေါက် ၂။ ရှုယ်တန်ဆောင် ငုတန်ဆောင်တိုဝ် ဖ္လင်လေ ပုစဝ်လိုက်အေ်။ ဣယ်သိုဝ်သော ရာနာ ဖ္လင်ဓပနာရုယ် ဥတ်နှင်ဖွယ်အေ်။ ဖွယ်ပြိသောကာ အင်ကတိယ်နှင် ရုပ်နတ်အတူ ၂ သဖ္လင်အဆန်အကြယ် ပ္လုအေ်။ (ပုံ ၇၀/၉-၁၇)

ဟုပါရှိသဖြင့် ပုက်ခေတ် ဘုရားဌာပနာပုံကို သိရ၏။ ဓါတ်တော်များနှင့်တကွ ဗုဒ္ဓဂါယာမှ ညောင်သားဘုရား၊ ရွှေဘုရား၊ ငွေဘုရား၊ ဖန်ဘုရား၊ ဆင်စွယ် ဘုရားနှင့် (တန်စိကူ) စန္ဒကူး ဘုရားတို့ကို (စမခန်ရွှေ) အခင်း ငွေအခင်းတွင် တင်၍ ရွှေထီး ငွေထီး ဆောင်း၏။ ရွှေပေါက်ခပေါက် ငွေပေါက်ပေါက်၊ ရွှေ (တန်ဆောင်) ဆီမီးတိုင် ငွေဆီမီးတိုင်၊ တို့ဖြင့် ပူဇော်၏။

မှုထိုဝ် (ပုံ ၇ ခ/ ၄)ခေါ် စေတီတမျိုး ရှိသေး၏။ ပုက်တွင် စေတီပုံစံ ဒယင်ပုထိုးဟူ၍ ရှိသလို ကူပုံစံပုထိုးသားများ ဟူ၍ ရှိသောကြောင့် စေတီ သို့မဟုတ် ကူကို မည်သို့သော သဘောဖြင့် ပုထိုးဟု ခေါ်ကြောင်း မပြောတတ်ချေ။ ဌာပနာရန် ရွှေငွေ ဆင်စွယ်၊ စန္ဒကူးနှင့် ပြုလုပ်သော

စေတီငယ်များကိုလည်း **ပုထိုဝ်** ခေါ်ကြောင်း (ပုံ ၃၀၈/၁၉)သိရ၏။ **ပုထိုဝ်နီ** (ပုံ ၃၈၉ က/၃)နှင့် **ပုထိုဝ်ပြောက်** (ပုံ ၃၇၇ ခ / ၄) ဟူ၍ တွေ့ရသဖြင့် ရောင်စုံခြယ်သော စေတီ၊ အနီ ခြယ်သော စေတီ များ ပုဂံခေတ်က ရှိရာ ယခုခေတ်မှာကဲ့သို့ ထုံးသင်္ကန်း သို့မဟုတ် ရွှေသင်္ကန်းမျှသာ ရှိသော စေတီ များထက်ပို၍ ကြည့်ကောင်းမည်ဟု မှန်းဆနိုင်ပါသည်။


ရဟန်းတို့အဘွက် **ကျောင်း** ဟူ၍ သစ်သားဖြင့်သော်၎င်း အုတ်ဖြင့်သော်၎င်း အဆောက်အအုံ များစွာ တည်ထားခဲ့ကြ၏။ အုတ်ကျောင်းကို **ကုလာကျောင်း** (ပုံ ၆၄/၆)ဟု ခေါ်မြဲ ဖြစ်သည်။ ငွေ ကြေးသင့်ရုံမျှသာ တတ်နိုင်သူက **သစ်ငယ်မိုဝ်** (ပုံ ၄၂၈/၂၈)ကျောင်းဆောက်၍ လှူမည်။ သို့သော် ဒါယကာတိုင်း ဘုံပြာသာဒ်တို့ဖြင့် မြင့်မားသော **မှန်ခေါင်တစွင်** (ပုံ ၃၉၀/၁၂) ကျောင်းကြီးဖြစ် အောင် ကြိုးစား လှူတန်းလိုကြပေမည်။ အလှ အပ ဆေးရေး ခြယ်သောအခါ **ကျောင်းပြောက်** (ပုံ ၆၀ ခ / ၂)ဟု တွင်၏။ သစ်သားရုပ်စုံတို့ဖြင့် တင့်တယ်လျှင် **ပန်ပုကျောင်း** (ပုံ ၁၅၃ က/၁၅)ဟုခေါ် ရ၏။ သစ်သားပွတ်လုံးတို့ကြောင့် လှပသောကျောင်းကို **ပွတ်တိုင်ကျောင်း** (ပုံ ၁၄၇ က / ၁၁) ဟု ခေါ်ပါသည်။ အဝင်တံခါးဝတို့၌ မီးညွန့်မီးလျှံကဲ့သို့ တန်ဆာဆင်၍ ထားသည်လို **စလစ်** (ပုံ ၆၄/ ၆)ဟုခေါ်၏။ အဆင့်ဆင့်ရှိသောအမိုးကို **ပြသတ်** (ပုံ ၈၅ / ၂)ဟု ခေါ်သည်။ အချို့ကျောင်း၌ **ဆင်ဝင်** (ပုံ ၆၄ / ၆)သို့မဟုတ် **ဥဆက်** (ပုံ ၁၆၄ / ၆)ဟူ၍ စွန်းထွက်နေသော အဆောင် ရှိတတ်၏။ သံဃာအများ စည်းဝေးရန်ခန်းမကို **တုလိက်** (ပုံ ၂၈၃ / ၆)ဟု ခေါ်ပါသည်။ပြာသာဒ်နှင့် မီးလျှံစုံ လစ်တို့ဖြင့် တန်ဆာဆင်ထားသော သစ်သား ကျောင်းမျိုးကို မြင်တွေ့ကြရတော့မည် မဟုတ်သော် လည်း ခေတ်ပြိုင် ပန်းချီဆရာ၏အမြင်ကို ကူနံရံ၌ မှတ်သားထားခဲ့ရာမှ တဆင့်ယူ၍ကြည့်ကြရပါမည်။ ဘုရားသုံးဆူနံရံမှ ကျောင်းပုံကို အောက်၌ဖေါ်ပြလိုက်ပါသည်။



**မှန် ခေါင်တစွင့်ကျောင်း**

**(W.B. Sinclair: "Monasteries of Pagan", *BRSFAP*, II, PL. 8, between pp.517-18)**

အုတ်ကျောင်းဖြစ်သော ကုလားကျောင်းတွင် သစ်သားကျောင်းမှာ ကဲ့သို့ အထက်ဝါကို မြင့်မားလှအောင် တင်မည် မထင်ချေ။ နန်းရင်ပြင်ဝယ် သုဒ္ဓေါဒနေ၊ သိဒ္ဓတ္ထနှင့် ဒေဝီလတို့တွေ့ခန်းကို ပုထိုးသားများနံရံတွင် ဆေးဖြင့် ရေးဆွဲရာ၌ နန်းတော်ကို နောက်ခံပြု၍ ရေး၏။ လူမင်းနေသောနန်းနှင့် ရဟန်းတို့နေသော ကျောင်းတို့တွင် အချွန်အတက် ပေါက်ပုံခြင်း တူမည်ထင်သည်။ ထို့ကြောင့် ယှဉ်တွဲကြည့်ရှုရန် ပုထိုးသားများ၌တွေ့ရသော နန်းတော်ပုံကို အောက်၌ ဖေါ်ပြလိုက်ပါသည်။ ပုဂံခေတ်မင်း၊ မိဖုရား၊ မင်းသား၊ မောင်းမနှင့် ရသေ့ တို့၏ ဟန်မူရာ သွင်ပြင်ကိုလည်း မြင်နိုင်ကြပါသည်။



နန်းတော်ပုံ (ပုထိုးသားများနံရံဆေးရေး)


(မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ တဆင့် ကူးယူဖေါ်ပြသည်)။

ကုလားကျောင်း၏ အနေအထားကို နားလည်ရန် အပယ်ရတနာဘုရား တောင်ဖက်တွင် ရှိသော စိုးမင်းကြီးကျောင်းကို လေ့လာသင့်ပါသည်။ နောင်အခါ ရဟန်းကျောင်း များစွာကို ပြာသာဒ်၊စနုဲ၊ဘောဂ-ဟူ၍ သုံးပိုင်း သုံးဆောင် ဆောက်ကြပုံမျိုး၏ အစမူလပုံကို တွေ့ကြရသည်။ ပတ်လည်တွင် ရဟန်းတို့နေရန် အခန်းငယ်များရှိ၏။ နှစ်ထပ်တိုက်ဖြစ်သောကြောင့် အထက်သို့ တက်ရန် လှေခါးရှိသည်။ ဘေးမြင်ပုံတွင် ပြာသာဒ်ဆောင်၏ တစိတ်တပိုင်းမှာ မပြိုသေးကြောင်း တွေ့ရသည်။ (စိုးမင်းကြီးကျောင်း ပန္နက်ပုံနှင့် ဘေးမြင်ကို စာမျက်နှာ ၂၆၀-တွင်ကြည့်ပါ။)

ကျောင်းနှင့်တွဲလျက် သိမ်၊ ပိဋကတ်တိုက်၊ ဓမ္မသာ(ဓမ္မာရုံ)၊ တန်ဆောင်း၊ စရပ်နှင့် ကပ္ပိယ ကုဋိ(သိုလှောင်ရုံ)စသော အဆောက်အအုံများ ရှိတတ်၏။ သိမ်မှာ သို့င်သဃ်ာ **တိုဝ်အာ ပတ္တုကတ် အဖွဲ့စိဖြိုယ်ရာ**(ပုံ ၃၉၀/၁၄)ဖြစ်သည်။ အခြား အဆောက်အအုံ အချို့ကို အသေးစိတ် ဖေါ်ပြသော အေဒီ ၁၂၂၃-ခုတွင် တည်သည့် အာနန္တသူကျောင်းတိုက် ကျောက်စာမှ ကောက်နုတ်ချက်ကို အောက်၌ ဖေါ်ပြပါသည်။

> ။တြျ၂နာ အမ်အ်သော ပရိသတ် တကာစည်ဝည် စိမ်အ်သောငှါ ကွေ်ာင် ဥတ်တိဖွယ်အ်သော ယာယာစွာသော ဓမ္မသာလေပ္လုအော်။ XXXလိယ်မျက်နှာ လာလာသော သုတာဝ်တကာ။ နိယ်သော။ ဣပ်သော။ ရျပ်သော။ အလိုဝ်ရစိမ်အ်သောငှါ။ တင်အ်တယ်စွာသော တန်တိုင်တွင် ရုပ်အ ထုထူသဖွင်အ် ဆန်ကြယ် ထလျက်သော သာယာစွာသော တန်ဆောင်ကြီလေပ္လုအော်။ ထိုဝ်အနောက်ဖွင်အ်ကာ အလှူပိယ်လိုဝ်သော သုတဝ်တိုဝ်အ် လှူပိယ်စိမ်အ်သောငှါ။ မြယ်မြဲစွာသော ဥတ်စရပ်လေပ္လုအော်။ ဣယ်ငါကွေ်ာင် နှိုက်ဟိယ်အ်သော။ ပုဏ္ဏာတြျ၂ သဃ်ာတိုဝ်အ်ချံသာ စိမ်အ်သောငှါ။ ပြည်အစနှိုက်ကာ၊ ဥတ်နှင်အ် မြယ်မြဲစွာဖွယ်အ်သော ကပ္ပိယကုဋိယ်လေပ္လုအော်။ (ပုံ ၇၃/၂၅-၃၀)

ဤကောက်နုတ်ချက်အရ တရားနာသော နေရာကို ဓမ္မသာ၊ ကျောင်းသို့ လာသော လူပရိသတ် ရပ်သောနေရာကို တန်ဆောင်း၊ အလှူပေးနေရာကို စရပ်၊ သိုလှောင်ခန်းကို ကပ္ပိကုဋိဟု ခေါ်ကြောင်း သိရသည်။ ယခုအခါ အလှူပေးသောနေရာကို တန်ဆောင်း၊ ရပ်နား အပန်းဖြေသော နေရာကို စရပ်ဟု ခေါ်ကြသည်နှင့် ဆန့်ကျင်ကြောင်း သတိပြုရသည်။ သီတင်းနေ့၌ ဥပုသ်ယူသော လူဝတ်ကြောင်တို့အတွက် **သတင်တည်ကုတ်**(ပုံ ၃၇၂/၃-၄၀)ဟူ၍လည်း ရှိ၏။ ဤအဆောက်အအုံများကို ဆောက်ရန် သုံးစွဲသော ပစ္စည်းများကိုလည်း သတိပြုသင့်သည်။ ဓမ္မသာကို ကျောက်အုတ်နှင့် ဆောက်၏။ ကျောက်အဆောက်အအုံ ပုဂံခေတ်က အလွန်ရှားသည်။ တန်ဆောင်းကြီးမှာ ဆန်းကြယ်သော ရုပ်အထူးထူး(ပုံ ၇၃/၂၇)ဖြင့် တန်ဆာဆင်၍ ထားသည်ဟု ဆို၏။ သစ်သား ရုပ်ထုများ ဖြစ်မည်ထင်သည်။ အင်္ဂတေနှင့်လည်း ရုပ်အထူးထူး(ပုံ ၁၀/၉-၁၇)လုပ်နိုင်ကြောင်းကို အထက်က ဘုရား ဌာပနာသောအကြောင်း ရေးသည့်ကျောက်စာ၌ တွေ့ခဲ့ရပါပြီ။ စရပ်နှင့် ကပ္ပိယ ကုဋိတို့ကိုလည်း ခိုင်ခန့်မြဲမြံအောင် အုတ်နှင့်ဆောက်သည်ဟု ဆိုပါသည်။




စိုးမင်းကြီးကျောင်းပန္နက်ပုံနှင့် ဘေးမြင်
( *Pictorial Guide to Pagan*, p. 60 )


ပုဂံခေတ်၏ အလင်္ကာသဘော ( Decorative Art )ကို လေ့လာသော အခါ၌ လက်မှုပညာသည်များဖြစ်သည့် ပန်းတမော့ခေါ်သော ကျောက်ဆစ်ဆရာ၊ ပန်းတော့ခေါ်သော အင်္ဂတေပန်းဆရာ၊ ပန်းပုခေါ်သော သစ်ပန်းဆရာ၊ ပန်းထိမ်ခေါ်သော ရွှေ ငွေ တန်ဆာဆရာ၊ ပန်းတဉ်ခေါ်သော ကြေးသတ္တုဆရာတို့၏ လက်ရာပေါင်းကို လေ့လာရပါသည်။ သဘောအချုပ်အားဖြင့် ထိုပညာရှင်တို့ ဖန်တီးကြသော ရုပ်ဝတ္ထုကား သာသနာရေးဆံ၏။ ပုံစံကား အိန္ဒိယမှ ပါလ အနုပညာသဘောများ၏။ ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ပြား၊ ကြာ၊ ညောင်၊ စိန်တောင်၊အပြောက်၊ အမွှမ်းစုံသည်။ မျဉ်းဖြင့် ဖေါ်သော ပန်းချီ(Line Drawing)မျိုးကို ရေးကြ သုံးကြသော်လည်း အစိုင် အခဲ အလုံးအဝန်း အပျော့အမာကို ဖေါ်သည့် ပထဝီသဘော (Plasticity or Modelling) ပါ၏။ စိတ်အာရုံတွင်ပြသော တည်ငြိမ်ခြင်း၊ တက်ကြွခြင်း၊ ကြည်နူး ရွှင်ပျခြင်း၊ ဒေါသ မာန်မာနကြီးခြင်း စသော ဥဒါနသဘော(Self-Expression)ကိုလည်း တွေ့နိုင်ပါသည်။ သို့သော် များသောအားဖြင့် မူရင်းပုံစံဖြစ်သော လူ၊ တိရစ္ဆာန်၊ အပင်၊ အသီး၊ အပွင့်၊ တောတောင်တို့ကို အတူနိုင်ဆုံး တူသည့် သဘာဝဝတ္ထု(Representative or Naturalistic)ကို အလေးမပေး။ စိတ်အာရုံ၌ ပေါ်လာသမျှကိုသာယူ၍ အတန်ငယ်သရုပ်ဆောင်လျှင် ကျေနပ်လက်ခံသည့်ဝင်္ကဝတ္ထု (Symbolical of Stylistic) ကို အသားပေးကြောင်း တွေ့ရ၏။ ထို့ကြောင့် ကြာရိုး ကြာစွယ်မှ နဂါး ဘီလူး ဖြစ်နိုင်သလို ဘီလူးမုတ်ဆိတ်မှ ကြာနွယ် ကြာပွင့်ဖြစ်ကြောင်း တွေ့ရသည်။ ကနုတ်ပန်း ခြူးပန်းတို့မှာ ယခုခေတ် မြန်မာနိုင်ငံ၌ သုံးစွဲနေသော ယိုးဒယားပန်းနှင့် မည်သို့မျှ မပတ်သက်ကြောင်း သတိပြုသင့်၏။ စင်စစ်မှာ သဘောအားဖြင့် တူညီမည်ဖြစ်သော်လည်း ဟန်ကွဲသည်။ ထို့အတူ နတ်၊ ဘီလူး၊ ကိန္နရာ၊ နဂါး၊ ခြင်္သေ့ စသော အရုပ်များကိုလည်း ဟန်တမျိုးဖြင့် ရေး၏။ ယခုခေတ်နှင့် မတူချေ။ ဆိုလိုသည်မှာ အလွယ်မြင်သာအောင် ဘုရားသုံးဆူ နံရံဆေးရေးမှ ခြင်္သေ့နှင့် ဆင်ရုပ်ကိုင်း၊ နန်းဘုရားမှ ကြာအဖူး၊ အပွင့်၊ အရိုး၊ အရွက်ကိုင်း အောက်၌ ဖေါ်ပြလိုက်ပါသည်။ (စာမျက်နှာ ၂၆၂-ရှု)။

အပယ်ရတနာဘုရားမှ နံရံဆေးရေးမှာ ခေတ်ဦးလက်ရာတွင် အကောင်းဆုံး အဝင်အပါဖြစ်၏။ ပန်းအခွေအလိပ်များ၌ ကြာနှင့် ဆင်ဆင်တူသော အခွေများ၊ မြတ်လေးနွယ်နှင့် ဆင်ဆင်တူသော အခွေများပါသည်။ ဗြိနတ်သမီး၊ ရသေ့၊ ဘုရားလောင်းနှင့် ဘုရားပုံများကို နံရံပြည့်မျှရေးဆွဲထား၏။ (စာမျက်နှာ ၂၆၃ ရှု) ထိုပုံတို့နှင့် တွဲ၍ တံခါးအဝင်များတွင် အလှအပ ဆင်ယင်ထားသေးသည်။ တိုင်နှင့် ထုပ်တန်းမျှသာ ရှိသေး၏။

ခေတ်ဦးတွင် တံခါးအဝင် တိုင်နှင့် ထုပ်တန်းအဆင့်သာ တန်ဆာဆင်ယင်မှု ရှိသေးသည်ဟု ဆိုရသော်လည်း ထိုအပယ်ရတနာဘုရားမှာပင် မီးလျှံစုလစ်၏အစကို တွေ့ရပါသေးသည်။မျက်ခုံးတွင် ယခုအခါ "ဆွမလက်ညှိုး"ဟု ခေါ်သော ချွန်ထက်နေသည့် အကွက်များ အတွင်း၌ မြတ်လေးနွယ် အခွေ အလိပ်များကို တွေ့ရပေမည်။ ခုံးခြေတွင် မကန်းကို ထည့်သွင်း ဆွဲလေ့ရှိ၏။ ကြာနှင့် ဗြိနတ်သမီးလည်းပါသည်။ (ဖာမျက်နှာ ၂၆၄ ရှု)



တုရားသုံးဆူမှ ဆင်နှင့် ခြင်္သေ့




နန်းဘုရားမှ ကြာ အဖူး အပွင့် အရိုး အရွက်

စလေပတ်ဝန်းကျင်တွင်ရှိသော ပုဂံခေတ်ပြိုင် ကူဘုရားများစွာ၏ နံရံဆေးရေးများမှာလည်း ပုဂံနည်းတူ လှပဆန်းပြားသဖြင့် အောက်တွင် ပန်းလိပ်ဘီလူး ၁၊ မျက်နှာကြက်ပန်း ၂၊ မှန်ကူကွက်ပန်း ၁၊ စိန်တောင်ကွက်ပန်း ၁ နှင့် ခါးပတ်ပန်း ၂ တို့ကို ဖော်ပြလိုက်သည်။(စာမျက်စာ ၂၆၅ မှ ၂၆၈ အထိရှု)




အပယ်ရတနာ နံရံဆေးရေးရုပ်စုံ (ခေတ်ဦးလက်ရာ)
( *Pictorial Guide to Paga.ı*, p. 71 )


F. 37



မီးလျှံစုလစ်၏အစ–အပယ်ရတနာ၁မှ မုက်ပေါက်
( ရှေးဟောင်းသုတေသနမှ တဆင့်ကူးယူဖေါ်ပြသည် )




ပန်းလိပ်ဘီလူး (စလေ၊ ရေလယ်ရွာဘုရားစုမှ)




မျက်နှာကြက်ပန်း (စလေ၊ ရှင်ပင်ငါးမာရ်အောင်မှ)



မျက်နှာကြက်ပန်း (စလေ၊ ရှင်ပင်စာကြို့မှ)



မှန်ကူကွက်ပန်း



စိန်ထောင်ကွက်ပန်း

(စလေ၊ရှင်ပင်ငါးမာရ်အောင်မှ)



ခါးပွတ်ပန်း (စလေ၊ ရှင်ပင်ငါးမာရ်အောင်မှ)

## ခါးပတ်ပန်း (စလေ၊ ရှင်ပင်ငါးမာရ်အောင်မှ)

နံရံဆေးရေးမှာ အင်္ဂတေအစိုတွင်ရေးသည့်နည်း(Fresco)မဟုတ်၊အင်္ဂတေခြောက်မှရေးနည်းဖြစ်၏။ အထက်ကဖော်ပြခဲ့သည့်အတိုင်း ကံကုတ်၊ ကွေ့၊ ခြိတ်၊ ဆေးဒန်း၊ ဆန်း၊ မြေဖြူ၊ ဟင်္သပြဒါးတို့သုံး၍ အနီ အဝါ အဖြူ အမဲနှင့် ယင်းတို့ချင်း စပ်၍ရသော အရောင်များကို သုံး၏။ ခေတ်ဦးတွင် အရောင်ရင့်ကို အသုံးများ၏။ ခေတ်နှောင်းတွင် အရောင်လွင်သည်။ အစိမ်းသုံးလာသည်။ လူရုပ်၌ လက်ဟန်(မုဒြာ)၊ ခြေဟန်(အာသန)၊ ကိုယ်ဟန်(အဝင်္ဂ) တို့ကို ပို၍ဂရုပြုကာရေး၏။ မျဉ်းကြောင်းကို နိုင်နိုင်နင်းနင်း သုံးနိုင်သည်။ စိတ်လှုပ်ရှားပုံကို မျက်နှာ၌ ပေါ်အောင်ရေးနိုင်၏။ အဝန်းအဝိုင်း အမို့အမောက်ကိုလည်း ပေါ်အောင် ဖော်နိုင်သည်။ အများဆုံး ဇာတ်တော်နှင့် ဗုဒ္ဓဝင်ကို ရေးကြသဖြင့် ကူနံရံမှ ဆေးရေးပန်းချီကားများကား စာမတတ်သူတို့ အတွက် ဗုဒ္ဓဘာသာ သင်ခန်းစာကို အမြန်ဆုံးပေးနိုင်သော ဖတ်စာအုပ်များပင် ဖြစ်တော့သည်။ ဆေးရေးလက်ရာ ကောင်းသော ပုဂံဘုရားများမှာ အပယ်ရတနာ၊ ပုထိုးသားများ၊ ဘုရားသုံးဆူ၊ နန္ဒမညာ နှင့် ကျန်စစ်သား ဥမင်တို့ ဖြစ်ပါသည်။ အထက်က ဖော်ပြခဲ့သည့်အတိုင်း စလေဘက်၌လည်း ပုဂံခေတ် ကူဘုရားများစွာရှိသည်။ စလေ ရှင်ပင်ငါးမာရ်အောင်ဘုရား၊ ရေလည်ရွာ ဘုရားစု၊ စာကြိုကြီး၊ အုံးဖွဲ့တောဘုရားစု တို့မှ ပန်းချီလက်ရာတို့သည် ပုဂံနယ်မှ လက်ရာတို့နှင့် တန်းတူလိုက်နိုင်သည်ဟု ထင်ပါသည်။

ရွှံ့ပြားပေါ်တွင် ဇာတ်ရုပ်ဖော်၍ စဥ့်သုပ်လျက် ဘုရားပတ်လည်တွင် စီ၍ထားတတ်သေး၏။ ထို စဥ့်ပြားများမှ အရုပ်များကိုတွေ့ရသဖြင့် ပုဂံခေတ်(အထူးသဖြင့်ခေတ်ဦးပိုင်း)တွင် အနေအထား အမျိုးမျိုးရှိသော ကိုယ်ခန္ဓာ ကိုယ်ကို များစွာ မှန်ကန် ကျနအောင် ရုပ်ကြွ ( Relief ) ဖော်နိုင်ကြောင်း တွေ့ရသည်။ လှုပ်ရှားဟန် (Action) ကိုလည်း ပီသအောင် သရုပ်ဖော်ထားသည်။ ထို လက်ရာကောင်းးမျကို ဖက်လိပ်နှစ်ဆူ၊ အာနန္ဒာနှင့် မင်္ဂလာစေတီတို့၌ ကြည့်နိုင်၏။ ရွှံ့ပြားပေါ်၌ ဘုရားရုပ်များကို ပုံ ( Mould ) သွင်းရသည်။ မြေပုံဘုရားများစွာလည်း ရှိသည်။ ဗုဒ္ဓဝင်ရှစ်ခန်းကို ဖော်ပြသော မြေပုံဘုရားများမှာ လက်ရာကောင်းလှသည်။

ဘုရားအပြင် နံရံ၌ ပန်းနွယ်ပန်းလိပ်များ ထောင့်ချိုးတွင် ဖော်ခြင်း၊ ခါးပတ် ပန်းခွေခြင်း၊ ဘီလူးပန်းဆွဲ လုပ်ခြင်း၊ ထောင့်များတွင် ကိုယ်နှစ်ခုခြသေ့် သို့မဟုတ် ကိုယ်နှစ်ခုဆင်တို့ကို လုပ်ခြင်း တို့အတွက် အင်္ဂတေ ပန်းကို သုံးသည်။ ဘီလူးတွင် ဦးခေါင်းမျှသာပါသော ဘီလူးသာလျှင်

ကိတ္တိမုခ(Kirtimukha)ဖြစ်၍ လက်ပါလျှင် ကောက်ပဲ့ဖွံ့ဖြိုးအောင် မစသော ကောင်းကင်စောင့်နတ် (တိဘက်အခေါ် ဆိမ်န္ဒြ Chimndra၊ တရုတ်အခေါ် တဝ်တီ-ယေ Tao Tieh) ဖြစ်မည်ဟု ယူဆရန် ရှိပါသည်။ အဂ်တေ ပန်းကို ဝက်ကြီးအင်း၊ ကူပြောက်ငယ်၊ ဆင်ပြကူ၊ ဖွားစောဆု တောင်းပြည့်ကျောင်းနှင့် ထီးလို မင်းလိုဘုရားများ၌ သွား၍ လေ့လာလျှင် အကောင်းဆုံး လက်ရာများကို တွေ့ရချေမည်။


ကျောက်ရုပ်ထု (Sculpture) ရုပ်ကြွ (Relief) ပန်း (Floral Design) များကို အထူးသဖြင့် ခေတ်ဦးက များစွာနိုင်နင်းသည်ဟု ဆိုနိုင်ပါသည်။ နန်းဘုရား အပြင်နံရံမှ ကလသာအိုး၊ စုသစ်ပန်း၊ ပန်းဟင်္သာခါးပတ်တို့မှာ အလွန်သေသပ်လှ၏။ အတွင်းမှ ဗြဟ္မာရုပ်၊ ကြာပန်း အခွေအလိပ်များမှာ အကောင်းဆုံးဟု ဆိုနိုင်လောက်သည်။ အာနန္ဒာမှ ဗုဒ္ဓဝင် ရုပ်ကြွများမှာ ထူးထူးခြားခြားကောင်း၏။ အရဟံရုပ်၊ ထီလိုင်မင် ရုပ်များလည်း သင့်၏။ ခြေတော်ရာမှာလည်း လက်ရာကောင်း ဖြစ်ပါသည်။ ကျောက်ကူး ဥမင်တွင် တွေ့ရသော အပြင်နံရံ ပန်းခါးပတ်နှင့် အဝင်ဝ၏ တောရဏမှ ဘီလူး၊ အမျိုးသမီးနှင့် ပန်းအခွေအလိပ်များမှာလည်း တသီးတဖုံ ထူးခြားကောင်းမွန်၏။



မယ်တော်မာယာသားဖွားခန်း

(အာနန္ဒာ ရုပ်ကြွ)

(*Pictorial Guide to Pagan*, p. 76)




ထိလိုင်မင်

(အာနန္ဒာ ရုပ်လုံး)

(*Pictorial Guide to Pagan*, p. 76)

ကြေးရုပ်ငယ်များကိုမူ ရှေးဟောင်းသုတေသနရုံး ပြတိုက်တွင် တွေ့ရမည်။ ဥပါလိသိမ်အနီး ဘုရားပျက်မှရသော ကြေးကြာဖူးများမှာ ဆန်းလှသည်။ ကြာဖူးအကြီးမှာ ၁၅-လက်မခွဲ မြင့်၏။ ကြာရိုးနှင့်ကြာဖူးကို ကြေးဖြင့်လုပ်၍ ကြာဖူးမှ ပွင့်ချပ်ကို တချပ်ချင်းလှန်တိုင်း ကြာချပ်တခုစီ ပေါ်၌ လက်ယှက်ပူဇော်ဟန် ရဟန်းအရုပ် တရုပ်စီပါ၏။ အလယ်တွင် သိခရ(ကွမ်းထောင်)စေတီတဆူနှင့် စေတီအောက်ခြေ၌ ဗုဒ္ဓဝင် ရှစ်ခန်းပါ၏။ ကြာဖူးငယ်မှာ ၁၀-လက်မခွဲရှိ၍ အလယ်၌ ခေါင်းလောင်းပုံ စေတီတဆူပါသည်။ ကြာဖတ်ရှစ်ရွက်၌ ဗုဒ္ဓဝင်ရှစ်ခန်းကို တွေ့ရ၏။ လက်ရာအလွန်ကောင်းလှသဖြင့် မြင်သူတိုင်း အံ့သြကြရသည်။(ရှေးဟောင်းသုတေသန နှစ်လည်အစီရင်ခံစာ၊၁၉၅၄-၅၊စာမျက်နှာ ၁၂-၁၄၊ ပုံ ၇-နှင့် ၈)။ ပုဂံခေတ်မှ သစ်သားပန်းပု ယခုတိုင် ရှိနေသေးသည်ဟု ဧကန်ပြောနိုင်သော လက်ရာမှာ ရွှေစည်းခုံတံခါး၊ အာနန္ဒာတံခါးနှင့် ရွှေကူတံခါးများ ဖြစ်သည်။ တံခါးတို့မှ အရုပ်နှင့် ပန်းလက်ရာများကို အသင့်အတင့် တွေ့နိုင်ပါသေးသည်။ ရွှေစည်းခုံ တံခါးရွက်နှစ်ခုမှ စည်သည် နှစ်ရုပ်၊ ပန်တျာတရုပ်၊ တံပိုးသည် တရုပ်နှင့် ပန်းအခွေအလိပ်များကို ရှေးဟောင်းသုတေသနရုံးတွင် ကူးယူပြီးရှိရာ ယင်းတို့မှ စည်သည်၊ ပန်တျာ နှစ်ရုပ်နှင့်တကွ တွဲလျက် ပါရှိသော ပန်းအခွေအလိပ်များကို အောက်တွင် ဖေါ်ပြလိုက်ပါသည်။ (စာမျက်နှာ ၂၇၁-ရှု)

နိဂုံးချုပ်အားဖြင့် ပုဂံခေတ် အနုပညာနှင့် ဗိသုကာပညာကို ကြွင်းကျန်သမျှ ကျောင်း၊ ဘုရားနှင့် ကျောက်စာများ အားကိုးလျက် ပြန်လည် ဖေါ်ထုတ်ရာတွင် လူမှုပစ္စည်းထက် သာသနာမှု ဝတ္ထုပစ္စည်းက ပို၍ ရှာဖွေ တွေ့ရှိနိုင်သောကြောင့် သာသနာရေးနှင့် ဆိုင်သော လက်ရာများကိုသာ သိရသည်ဟု တနည်းဆိုနိုင်၏။ သို့သော် သာသနာရေး လက်ရာသည်ပင်လျှင် ထိုခေတ်လူတို့၏ စွမ်းသမျှ လက်ရာကုန် ဖြစ်သောကြောင့် ထိုခေတ်၏ ယဉ်ကျေးမှုအဆင့်ကို ကောင်းကောင်း သိနိုင်သည်ဟု ယူဆရပေမည်။ ထို့ကြောင့် ကူဘည်ပုံ၊ ဘုရားတည်ပုံ၊ ကျောင်းဆောက်ပုံတို့ကို လေ့လာ၍ ကြည့်သောအခါ ခေတ်သုံးခေတ် ရှိကြောင်း တွေ့ရ၏။ ခေတ်ဦးတွင် တည်ငြိမ်သော သရုပ်ကို အသားပေး၏။ ခေတ်လယ်ကား ကြားကာလဖြစ်၍ အေဒီ ၁၂-ရာစု၏ ပထမ နှစ်ငါးဆယ် ဖြစ်ပါသည်။ ခေတ်နှောင်းတွင် တက်ကြွမြင့်မားသော သရုပ်ကို အသားပေး၏။ ထို့ကြောင့် ကူတွင် ခေတ်ဦး၌ တထပ်မျှသာ ဆောက်၏၊ ပုံစံအားဖြင့် မိုမောက်ခြင်း နည်း၏။ အတွင်းမှောင်၏။ ခေတ်နှောင်း၌ မြင့်မားကာ အတွင်းလင်းသည်။ထို့အတူ စေတီများမှာလည်း ခေတ်ဦးတွင် အထက်ဝါနှင့်အောက်ဝါ မျှလျက် တတောင့်တည်းကဲ့သို့ရှိရာမှ ခေတ်နှောင်းတွင် အထက်ဝါသေးသွယ်၍ သွက်လက် ချွန်ထက်သော ပုံကိုပေါ်စေ၏။အလှအပ ဆေးရေးခြယ်ရာ၌လည်း အမြင်ကို ပုံဟူဖေါ်ခြင်းထက် စိတ်အရသာကို ဖွင့်ထုတ်ခြင်း သဘောကဲ၏။ မျဉ်းဖြင့်ပင် အရုပ်ဖေါ်သည်၊ အလွန်သွက်လက် ကျွမ်းကျင်စွာ မျဉ်းကို ဆွဲနိုင်သဖြင့် အရုပ်များ၊ ပန်းများကို ကြည့်ရသည်မှာ အရသာရှိလှသည်။ တိမ်မြုပ်ခလေပြီ ဖြစ်သော ပုဂံလက်ရာကို ခေတ်မြန်မာတို့ လေ့လာ၍ ယခုခေတ် အနုပညာနှင့် ဗိသုကာပညာများကို မြှင့်တင်သင့်ပေသည်။



ရွှေစည်းခုံ သစ်သားတံခါးရွက်များမှ သစ်သားပန်းပုလက်ရာ (ရှေးဟောင်းသုတေသနရုံးမှ တဆင့်ကူးယူဖော်ပြသည်။)

F. 38

# ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း

Ba Shin: *Lokahteikpan-Early Burmese Culture in a Pagan temple*, Rangoon, Burma Historical Commission, 1962

BROWN,PERCY: *Indiai Architecture ( Buddhist and Hindu Periods* ), Bombay, D.B. Taraporevala, 1956. Ch.XXXV, "The Pagodas of Burma", pp.209-14

CAMMANN, SCHUYLER: "Tibetan Monster Masks". *Journal of the West Chiua Border Research Society*, XII, Series A, 1940, pp. 9-24

COOMARASWAMY, A, K.: *History of Inaian ˊānd Indonesion Art*, London‘ Edward Goldston, 1927, Part VI, Burma. pp. 169–74

DUROISELLE,C.: "Stone Sculptures of the Ananda Temple, Pagan", *ASI*, 1913-14

———————:*Epigraphia Birmanica*, II, i & ii

——————————:*Ananda Temple at Pagan, ASI* Memoir 56

FERGUSSON,JAMES: *History of Indian and Eastern Architecture*, London, John Murray, 1899, Book VIII, "Burmah", pp. 611-30

LE MAY, REGINALD: *The Culture of South-East Asia*, London, Allen & Unwin, 1954, Ch. III, "Burma", pp. 44–60

LUCE. G. H.: "Pagan Architecture" *The Guardion Magazine*, I, v & vi

——————————: "The Greater Temples of Pagan". *BSSFAP*, II, pp. 169–78

——————————: "The Smaller Temples of Pagan". *BRSFAP*, II, pp. 179–90

LU PE WIN: *Pictorial Guide to Pagan*, Calcutta, Sree Sarawaty Press, 1955

PARMENTIER,H.: *L'Art Architectural Hindou dans l' Inde et en Extreme-Orient*, Paris, Van Oest, 1948, VIII, "L'Aat Birman", pp. 132–49

SINCLAIR, W.B. ; "Monasteries of Burma", *BRSFAP*, II, ppt 505–16

THAN TUN: "Religious Buildings of Burma, A. D. 1000–1300". *JBRS*, XLII, ii, Dec. 1959, pp. 71–80

YULE, CAPTAIN HENRY: *A Narrative of the Mission Sent by the Governor-General of India to the Court of Ava in* 1955, London, Smith, Elder & Co., 1858, II, "The Remains at Pagan", pp. 30–54

# သျှမ်း

**ပိုင်ယီ**ဟု တရုတ်က သျှမ်းကို စုန်မင်းဆက်(အေဒီ ၉၆၀-၁၂၇၉)နှောင်းမှစ၍ ခေါ်သည်၊ စာနှင့်ရေးသောအခါ "အဝတ်ဖြူ"သင်္ကေတနှင့် ရေး၏။ယွန်မင်းဆက်(အေဒီ ၁၂၇၉-၁၃၆၈)နှောင်းတွင် "အသွားဖြူလူရိုင်း"သင်္ကေတနှင့် ရေးသည်၊ မင် မင်းဆက်(အေဒီ ၁၃၆၈-၁၆၄၄)အစတွင် "လူရိုင်းကရာ"သင်္ကေတနှင့် ရေးခဲ့၏။ အေဒီ ၁၁၇၈-ခုနှစ်ခန့်က ရေးပြီးသည်ဟု ယူဆရသည့် **လိင်ဝိုင်တိုင်တာ့**အမည်ရှိသော တရုပ်ကျမ်းတစောင်တွင် သျှမ်းတို့သည် တဆယ့်နှစ်ရာစုဦးက ယွန်နန်နှင့် အန်နမ် နယ်စပ်၌ နေကြသည်ဟု ဖော်ပြရေးသားထားသည်ကို တွေ့ရသည်။ ယင်းတို့ မည်သည့် အမျိုးအဆက်များ ဖြစ်ပါသနည်းဟု စုံစမ်းရန်ရှိပါသည်၊ အေဒီ သေးရာစုတွင် ရေးသားပြုစုသော ဝှါယန်ပြည်သမိုင်း(ဝှါယန်ကောကျိ)တွင် ပိုင်ယီ အကြောင်းပါ၏။ ပိုင်ယီဟူသော အမည်သည် စင်စစ် ပယီဟူသော ဝေါဟာရမှ ဆင်းသက်လာဟန် ရှိပါသည်၊ အကယ်၍ ပိုင်ယီနှင့် ပယီ တူသည်ဟု ကောက်ယူလျှင် ဟန်မင်းဆက်(အေဒီ ၂၃-၂၂၀)နှောင်းတွင် ထင်ရှားသည့် ပန်ယွန်မန်တို့မှာ နောင်အခါ ပိုင်ယီခေါ် သျှမ်းဖြစ်မည့် သူတို့ဖြစ်ရချေမည်ဟု ယူဆဖွယ်ရှိနေပါသည်။ ပန်၏အနက်ကား ပျဉ်ပြား၊ ယွန်ကား သူရဲသူခက်တို့ ကိုင်ဆောင်သောကာ၊ မန်ကား လူရိုင်းဟု အသီးသီး အဓိပ္ပါယ်ကောက်ယူ နိုင်ပါသဖြင့် ပန်ယွန်မန်ဟူသည် **သစ်ကာစွဲအရိုင်း**ဟု ဆိုလိုဟန် ရှိပါသည်။ ရေစပ်ဖြစ်သော မြစ်ကမ်း အိုင်စပ်တွင် နေလေ့ ရှိကြ၏။ သူရသတ္တိနှင့် ကြည့်စုံသူများ ဖြစ်သည်ဟု အထက်ဖော်ပြပါ ဝှာယန်ပြည်သမိုင်းက ဖော်ပြ ပါသေးသည်။ ထိုသစ်ကာစွဲ အရိုင်းတို့သည် ဟန်မင်းတို့၏ တပ်မတော်တွင် ဝင်ရောက်အမှုထမ်းကြ၍ ချင်ပြည်ကို အကြိမ်ကြိမ်တိုက်ခိုက် အောင်မြင်သည်ဟုလည်း သိရပါသည်။ ယင်းတို့ နေထိုင်ရာ အရပ်များကား ယခုယှင်စီနယ် နန်ကျိန် ခရိုင်၏ အရှေ့တောင်ဘက် တဝိုက်ပင် ဖြစ်သည်။ ထိုအရပ်ကို အလွယ်အားဖြင့် ကန်စုနယ်၊ ယှင်စီနယ် နှင့် စီချွမ်နယ်တို့ ဆုံရာအရပ် ဖြစ်သည်ဟု မှတ်သားထားနိုင်ပါသည်။

တိဗက် မြန်မာအနွယ်ဝင် ချီအန်တို့က ခရစ်နှစ် ၁၁၃-ခုတွင် ပယွန်မန်တို့ နေထိုင်ရာ နန်ကျိန်ခရိုင်ကို အရှေ့ဖက်မှစ၍ ထိပါးလာသည်ဟုသိရ၏။ ပန်ယွန်တို့ပါသော တရုတ်တပ်က ကျူးကျော်လာသူများကို တိုက်ခိုက်အောင်မြင်လိုက်ပါသည်။တရုတ်တို့က ပန်ယွန်တို့ ထိုစစ်ပွဲ၌တိုက်ခိုက်ပုံကို များစွာ ကျေနပ်နှစ်သက်သဖြင့် ပန်ယွန်တပ်ကို ရှင်ပိုင် သို့မဟုတ် မိုးကျနတ်စစ်သည်များဟု ခေါ်လေ့ရှိပါသည်။ တောင်ဖက်သို့ ရွှေ့ပြောင်းနေထိုင်စပြုသော ချီအန်တို့သည် ထိုအခါမှစ၍ ပန်ယွန်ကို လေးစားအပ်သူများဖြစ်ကြောင်း အသိအမှတ် ပြုကြလျက် ပန်ယွန်နယ်ကို သွား၍ မစော်ကားလေနှင့်ဟု သားစဉ်မြေးဆက် မှာခဲ့သည်ဟုပင် ပြောစမှတ်ပြုကြပါသည်။ သို့သော် အေဒီ ၁၄၈-ခုတွင် ချီအန်တို့ ကျူးကျော်လာပြန်၏။ ရှေးနည်းအတိုင်း တိုက်ခိုက် နှင်ထုတ်လိုက်ရ၏။ အေဒီ ၁၇၈-ခုနှစ်ရောက်လျှင် ပန်ယွန်တို့က မိမိတို့အထက်မှ အုပ်စိုးနေသော တရုတ် ကေရာဇ်ကို ပုန်ကန်ခြားနား၍ စီချွမ်နယ်အားလုံးကို ဝင်ရောက်ဖျက်ဆီး လုယက်ကြပါသည်။ ယင်းတို့ကို နှိမ်နင်းရန် ဧကရာဇ် လိင်တီသည်

အမတ် ယှောင်ယွန်ကို တာဝန်ပေးလိုက်သည်။ နှစ်ပေါင်းများစွာ တိုက်ခိုက်သော်လည်း စီချွမ်နယ် တောင်ပိုင်းဖြစ်သော ယိနယ်မှ ပန်ယွန်တို့ကို မောင်းနှင်ထုတ်၍ မရနိုင်ချေ။ ထိုအခါတွင် ဧကရာဇ်က ယိနယ်ဘုရင်ခံကို ဆင့်ခေါ်၍ အကျိုးအကြောင်းမေးမြန်းလျှင် အောက်ပါ အဖြေကို ကြားရပါသည်။ (၁) ပန်ယွန်သည် တရုတ်လက်အောက်ခံ အနေဖြင့် ချီအန်တို့ကို တိုက်ခိုက် နှိမ်နင်းပေး၏၊ (၂) ယိနယ်တွင် သူပုန်ထလျှင် ဘုရင်ခံဖြစ်သော လီယုင်ကို ကူညီ၍ သူပုန်ကို နှိမ်နင်းပေးခဲ့၏၊ (၃) ယင်းအချက်များကိုထောက်လျှင် တရုတ်၏ ဩဇာအာဏာကို လွန်ဆန်ဝံ့မည့်သူများ မဟုတ်ကြောင်း သိသာပါသည်။ (၄) သို့သော် အခွန်ကောက်ခံသော အရာရှိတို့က ရက်ရက်စက်စက် ငွေညှစ်ယူသည့် ပြင် အလုပ်ခစေခိုင်းသော အရာရှိတို့ကလည်း ကျွန်နှင့် သုံ့လူတို့ကို ခိုင်းစေပုံမျိုး ရက်စက်ကြမ်းတမ်းစွာ စေခိုင်းသဖြင့် သားတကွဲ မယားတကွဲဖြစ်၍ အိမ်ထောင်ပျက်စီးကာ မိမိကိုယ်ကိုမိမိသတ်၍ သေရန်ပင် ကြံစည်ရလောက်အောင် စိတ်ပန်းလူပန်း ဖြစ်ကြရ၏၊ (၅) ထိုသို့ ရက်စက်စွာ နှိပ်ကွပ်ခြင်း ခံနေရကြောင်းကို ဘုရင်ခံနှင့်တကွ ဧကရာဇ်ထိအောင် အသိပေး တိုင်ကြားပါသော်လည်း အကူအကယ် မရပါသဖြင့် (၆) နောက်ဆုံးတွင် ပုန်ကန်ကြပါသည်။ (၇) ထို့ကြောင့် စစ်တပ်လွှတ်သည်ထက် ရိုးသားကောင်းမွန်သော အရာရှိများ စေလွှတ်လျှင် ပုန်ကန်သူများ အလိုအလျောက် တိမ်ကော ပပျောက်သွားရန် ရှိပါသည်ဟူ၍ အကြံပေး၏။ ထိုအကြံပေးချက်ကို လက်ခံ၍ ဧကရာဇ် လိင်တီက ချောင်ချိန်ကို ဘုရင်ခံခန့်ထားစေလွှတ်ကာ သူပုန်များကိုလည်း လွှတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။ သို့သော် ခရစ်နှစ် ၁၈၈-ခုတွင် ပါနယ်ဟူ၍လည်း ခေါ်သော စီချွမ်နယ်မှာ ဝှောင်ကျင်ခေါ် ပုဝါဝါဂိုဏ်းဆူပူလျှင် ထိုဆူပူသူတို့နှင့်ရော၍ ပန်ယွန်တို့ပုန်ကန်သောကြောင့် ဧကရာဇ် လိင်တီက စစ်တပ် စေလွှတ်ရပြန်သည်။ ထိုအဖြစ်အပျက်များပေါ်ပေါက်ခဲ့သော အေဒီ နှစ်ရာစုမှစ၍ ဆယ်ရာစုလောက် အထိ ပန်ယွန်တို့အကြောင်းကို တရုတ်ရာဇဝင် အစောင်စောင်၌ မရေးကြသဖြင့် မသိရတော့ပေ။

အေဒီ ၃-ရာစုမှ တဆယ်ရာစုအတွင်း၌ ယွန်နန်တွင် နန်စော(နန်ကျောင်) သို့မဟုတ် ဂန္ဓလရာဇ် ဟုထင်ရှားသော တိုင်းပြည်တပြည်ပေါ်ထွန်းခဲ့၏။တရုတ်ဘာသာ မျောင့်ယှန်ကောဟု ခေါ်၏။မဟာ ဂန္ဓရဋ္ဌဟု အနက်ရပါသည်။နန်းစောပြည်ကို တည်ထောင်သူများကား ယခုတာလီတဝိုက်တွင် နေထိုင်သော ပိုင်အမျိုးသားတို့ဖြစ်၍ ပိုင်ယီအမျိုးနှင့် မတူချေ။ ပိုင်ယီတို့မှာ ထိုအခါက နန်စောပြည်နယ် အတွင်းသို့ ရောက်နေကြပြီဖြစ်၍ ပိုင်တို့လက်အောက်ခံ ဖြစ်နေဟန် ရှိပါသည်။ အေဒီ ၈၆၃-ခုတွင် နောင်အခါ မြန်မာဟု ထင်ရှားလာမည့် လူမျိုးတို့က မဲခေါင်မြစ်အနောက်ဖက်တွင်၎င်း၊နောင်အခါ သျှမ်းဟု ထင်ရှားလာမည့် လူမျိုးတို့က ယခုနန်ကျိ ခရိုင်မှ ချူကျိန်သို့ ပေါက်သော လမ်းမကြီး တလျှောက်ဖြစ်သည့် တောင်တန်းဒေသတွင်၎င်း နေလျက်ရှိကြပါသည်။ အာတိန်လုနှင့် အာကန်လု လူမျိုးများကား နောင်အခါ စာကူးသူတို့ အရေးအကူးမှားသဖြင့် အမည်နှစ်မျိုးဖြစ်နေသော်လည်း လူတမျိုးဘည်းသာဖြစ်၍ အားလုံးသျှမ်းများဖြစ်သည်ဟု ယူဆရပါမည်။ထန်မင်းဆက်(၆၁၈-၉၀၇) ရာဇဝင်သစ်(အခန်း ၂၂၂ ခ)က အန်နန်ကို အေဒီ ၈၄၇-၄၉ ခုနှစ်က နန်စောတို့သွား၍တိုက်လျှင် သျှမ်းတပ်လည်းပါသည်ဟု ဆိုသည်။ယွန်နန်၏ အနောက်နှင့်တောင်ဖက်သို့ သျှမ်းများမည်သည့်အချိန် က ရောက်လာကြောင်း ပြောရန် ခဲယဉ်းပါသည်။ သို့သော် အထက်ဖော်ပြပါ အေဒီ ၁၁၇၈-ခုနှစ်က ရေးသားပြီးစီးခဲ့သော လိင်ဝိုင်တိုင်တာ့အရ ထို ၁၂ ရာစုဦးတွင် သျှမ်းသည် ယွန်နန်နှင့် အန်နမ်နယ်စပ်

များသို့ ရောက်လျက်ရှိချေပြီဟု သိရသည်။ မဲခေါင်မြစ်အနောက်ဖက်တွင် နေထိုင်ကြသော မြန်မာ့ ဘိုးဘွားတို့ အေဒီ ကိုးရာစုနှောင်းကစ၍ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသသို့ ဆင်း၍ နေလျှင် ယင်းတို့ နေထိုင်သွားသော မဲခေါင်မြစ်အနောက်ဖက်တွင် သျှမ်းဝင်၍ နေမည်ဟု ယူဆနိုင်ပါသည်။

ယှင်ကျူ-ရိ ဆိုသူ တဦးသည် မွန်ဂိုလ်အစိုးရလက်အောက်၌ မြန်မာနယ်စပ်ဒေသတွင် ၁၂၅၇ ခုမှ ၁၂၈၂-ခုအထိ ၂၃-နှစ်တိုင်တိုင် ထင်ရှားသောအရာရှိကြီးတဦး ဖြစ်ခဲ့ဘူးပါသည်။အေဒီ ၁၂၇၇ ခုတွင် မြန်မာနှင့်မွန်ဂိုလ်တို့၏ ပထမဦးဆုံးတိုက်ခိုက်ရသော စစ်ပွဲငယ်၌လည်း ထိုယှင်ကျူ-ရိ ပါဝင်ခဲ့ ဘူးပါသည်။ စင်စစ်အားဖြင့် ခူပလိုင်ခန်၏ဗိုလ်ချုပ် ဝူလျန်ဟော်ထိုင်သည် တာလီ အနောက်ကို သိမ်းယူပြီးနောက် ထိုယှင်ကျူ-ရိကို ပြည်ရေး ရွာမှုစီမံရန်လွှဲအပ်ခဲ့ရာ ခရစ်နှစ် ၁၂၆၀-ကျော်မှ စ၍ မဲခေါင်မြစ်အနောက်ဖက် မြန်မာ တရုတ်နယ်စပ်တွင် ထိုပုဂ္ဂိုလ်၏အစွမ်းကြောင့် အေးချမ်းသာယာ ရှိရာ သျှမ်းအများပင် သံလွင်မြစ်အနောက် ရွှေလီမြစ်ညာတွင် လာရောက်စုရုံး နေထိုင်ကြပါသည်။

ထန်မင်းဆက်(၆၁၈-၉၀၇)အခါက အစပြု၍ ရွှေလီမြစ်ညာဒေသကို ကျင်ချီ သို့မဟုတ် ရွှေ သွားဒေသဟုခေါ်စမှတ်ပြုသည်။ ယခု ပေါသျှမ်ခေါ် ယုန်ချန်နှင့် ယခု ကျင်တုန်ခေါ် ခိုင်နန်အရပ် များတွင် လုပတင့်တယ်စေရန်အလို့ငှါ ရွှေပြားကိုသွားတွင်တပ်လေ့ရှိသောသူများ နေစမှတ်ပြုသဖြင့် ထိုအရပ်များကို ရွှေသွားဒေသဟု ခေါ်ခြင်းဖြစ်သည်။ သွားတွင် ရွှေသွားတပ်ဆင်ပြီးမှသာ ဧည့် ပရိသတ်ကို ကြိုဆိုဧည့်ခံလေ့ရှိပါသည်။ ထမင်းစားလျှင် ထိုရွှေပြားကို ဖြုတ်ထားရ၏။ ထိုအလေ့ ရှိသူတို့ကား မူလအားဖြင့် ဩစထရစ်ဘာသာစကားပြောသူ ယခု ပလောင်၊ ရိအန် နှင့် လဝ တို့၏ အဆက်အနွယ်များဖြစ်ပေမည်။ ယွန်နန်အနောက်ပိုင်းသို့ မြန်မာနှင့်သျှမ်းတို့ထက်စော၍ ထိုရွှေသွား လူမျိုးတို့ရောက်နေကြဟန်ရှိ၏။ မြန်မာတို့ ခရစ်နှစ် ရှစ်ရာစုနှင့် ကိုးရာစုတွင် ထိုဒေသသို့ တိုးဝင်လာ လျှင် ယင်းတို့က သံလွင်အရှေ့ တောင်တန်းဒေသသို့ ပြောင်းသွားကြ၏။ သို့သော် ယခင် ယင်းတို့ နေခဲ့ရာ ရွှေလီမြစ်ညာဒေသကို အေဒီ ၁၅-ရာစုအထိ ဆက်လက်၍ တရုတ်တို့က ရွှေသွားဒေသဟု ခေါ်မြဲခေါ်၍ နေကြပါသည်။ ရွှေသွားလူမျိုးတို့ နေရာကို မြန်မာအနွယ်တို့ကယူသလိုနှောင်းအခါ ကိုး ရာစုလွန်တွင် ထိုဒေသကိုစွန့်လျှင် သျှမ်းကဝင်နေသည်ဟုဆိုနိုင်ပါသည်။ယွန်နန်တနယ်လုံးကိုခူပလိုင်ခန် က သိမ်းယူပြီးနောက် ကျင်ချီတင်ချူယွန်ဖူစီ သို့မဟုတ် ရွှေသွားပတ်ဝန်းကျင် နှစ်သိမ့်အရာရှိနယ်သစ် သတ်မှတ်ပေးခဲ့၏။မွန်ဂိုလ်မင်းဆက် သို့မဟုတ် ယွန်မင်းဆက်(၁၂၇၉-၁၃၆၈)ရာဇဝင်တွင်ထိုရွှေသွား ဒေသကို—

> အရှေ့မဲခေါင်၊ အနောက် မြန်မာနိုင်ငံအတွင်းရှိ တာလီ အနောက်တောင်ဖက် ဒေသဖြစ်၍ တိုင်းရင်းသားရှစ်မျိုးရှိ၏။ ယင်းတို့ကား—(၁) ရွှေသွား၊ (၂) ပိုင်ယီ(သျှမ်း)၊ (၃) ဖေါ်၊ (၄) အော်ချမ် (မိုင်းသာ)၊ (၅) ပျူ၊ (၆) ယွဲ့၊ (၇) ချူလော်နှင့် (၈) ပီစူများ ဖြစ်ပါ သည်။ တွမ်မင်းများ လက်ထက်(ခရစ်နှစ် ၉၃၇-၁၀၉၄၊ ၁၀၉၇-၁၂၅၃)၌ ထိုအရပ်တွင် သျှမ်းတို့စုရုံးမိသည်။ခရစ်နှစ်၁၂၅၄-ခုနှစ်က မွန်ဂိုလ်ဧကရာဇ်က ထိုဒေသကိုသိမ်းယူပြီးနောက် ငြိမ်းချမ်းသာယာအောင် ရန်သူများကို နှိမ်နင်းရ၏။ ခရစ်နှစ် ၁၂၆၀-၃ခုနှစ်များ အတွင်း တွင် ရွှေသွားလူမျိုးနှင့် သျှမ်းလူမျိုးတို့၏ စော်ဘွားတို့က မိမိတို့၏သားနှင့်ညီများကို ရှစ်ခိုး လက်ဆောင်နှင့်တကွ စေလွှတ်၍ ကျွန်ခံလာကြသည်။ ခရစ်နှစ် ၁၂၆၁-ခုတွင် ထိုဒေသအား

> လုံးကို ယွန်ဖူစီ သို့မဟုတ် နှစ်သိမ့်အရာရှိနယ်တခုဟူ၍ သတ်မှတ်ပေးကာ ၁၂-ရာစုသို့ ရောက်လျှင် ရွှေသွားနှစ်သိမ့်အရာရှိနယ်နှင့် သျှမ်း နှစ်သိမ့်အရာရှိနယ်ဟူ၍ နှစ်နယ် ခွဲခြားပေးခဲ့ပါသည်။

ဟု ရေးသားထားသည်ကို တွေ့ရ၏။ သျှမ်းအမျိုးသားတို့ကား အထက်ဖော်ပြပါ ရွှေလီမြစ်ညာဒေသဖြစ်သည့် မောမြစ်ဝှမ်း(ယွန်နန်နယ် တောင်ပိုင်းနှင့် အနောက်ပိုင်း)တွင်သာမက မြန်မာနိုင်ငံမြောက်ပိုင်း၌လည်း ထိုအခါက ဖြန့်လျက် နေထိုင်ပြီးရှိကြောင်းကို အဆိုပါ ယွန်မင်းဆက် ရာဇဝင် (အခန်း ၁၂၀)တွင် ဆက်လက်ဖော်ပြ၏။

သျှမ်းဟူသောဝေါဟာရကို ဆန်းစစ်ရန်လိုပါသည်။ ခရစ်နှစ်တဆယ့်တစ်ရာစု စမ္ပာကျောက်စာများ၌ သျှာမ် ဟု ရေးသားထားသည်ကို ပထမဦးဆုံး တွေ့ရပါသည်။ တဆယ့်နှစ်ရာစုက ခမေရ်ဘာသာဖြင့်ရေးထိုးထားရစ်သော အန်ဂေါရ်ဝတ်မှ အရုပ်စာတန်းတို့တွင်လည်း ထိုလူမျိုး၏အမည်ကို သျှာမ် ဟူ၍ပင် ရေးသားထားပါသည်။ ထိုမှတဖန် သျှမ် သို့မဟုတ် သျံ ဟူ၍ ပုဂံခေတ် မြန်မာကျောက်စာများတွင် အေဒီ ၁၁၂၀-မှစ၍(ဓါတ်ပုံ ၁၁၂/၆)အကြိမ်နှစ်ဆယ်ထက်မနည်း ရေးသားထားကြောင်း တွေ့ရပါသည်။ မြန်မာကျောက်စာတို့အရ သျံသံဗျင် (ဓါတ်ပုံ ၁၃၈/၁၈)သျံပန်တျာ (ဓါတ်ပုံ ၁၁၃/၁၄) သျံယန်သည် (ဓါတ်ပုံ ၃၉၁/ ၂၂)နှင့် သျံပန်ပွတ် ရှိခဲ့ကြောင်း သိရပါသည်။ သို့သော် ထိုအမျိုးသားတို့၏ ဇာတိအရပ်ကို ဖော်ပြသည်ဟူ၍ မရှိခဲ့ချေ။ ရွာအမည်အဖြစ်ဖြင့် ခန်တီ (ဓါတ်ပုံ ၆၅ ခ/၃၊ ၈၇/၁၀၊ ၉၂/၁၇၊ ၁၄၃ က/၉၊ ၂၁၊ ၁၄၃ ခ/၇၊ ၁၇၊ ၁၄၄/၉၊ ၁၄၈ ခ/၃၊ ၁၅၃ ခ/၁၀၊ ၁၈၃ က/၂၊ ၁၈၆/၃၊ ၂၃၉/၂၊ ၈၊ ၁၀၊ ၂၈၂/၂၊ ၂၈၃/၁၃)ကို မြန်မာကျောက်စာများတွင် အခါခါ တွေ့ရှိဘူးရာ သျှမ်းဘာသာ ခံတီ ခေါ် ရွှေမြေကိုပင် ရည်ညွှန်းသည်ဟု ဆိုရချေမည်။ ထိုရွာမျိုးတွင် သျှမ်းအမျိုးသား အများစုရှိမည်ဟု ခန့်မှန်းရ၏။ မင်းဘူးနယ် ခြောက် ခရိုင်အရပ်ဖြစ်သော ဆည်ရေသောက်လယ် စိုက်ရာတွင် ခန်တီ တရွာရှိ၏။ နောက်ပိုင်းတွင် အထက်ချင်းတွင်းနှင့် ပူတာအိုနယ်များ၌လည်း ခန်တီရှိကြောင်းတွေ့ရပါသည်။ (စာရင်း ၁၀၈၄ က/၅ နှင့် ရန်အောင်မြင်ဘုရားကျောက်စာ/၈)ခရစ်နှစ် ၁၂၇၈-ခုက ရေးသည်ဟု ဆိုရမည်ဖြစ်သော ယွန်ရာဇဝင်တွင် သျှမ်းကို ပိုင်ယီခေါ်ကြောင်းတွေ့ရ၏။ထိုအမည်ကို အဝတ်ဖြူသင်္ကေတဖြင့် တရုတ်ကရေးသည်။ ခရစ်နှစ် ၁၂၈၇-ခုသို့ရောက်လျှင် အသားဖြူ လူရိုင်းသင်္ကေတဖြင့် ရေးသည်။ ခရစ်နှစ် ၁၃၉၇-ခုက ရေးသည်ဟုယူရန်ရှိသော ပိုင်ယီကျမ်း တွင် လူရိုင်းတရာသင်္ကေတဖြင့် ရေးပြန်သည်။ ခရစ်နှစ် ၁၃၂၅-ခုတွင် ပိုင်ယီတို့က သံလွင်အရှေ့ဖက်နှင့် တာလီဖုံအနောက်ဖက်ရှိ ယွန်လုန်နယ်ကို တိုက်ခိုက်သည်ဟူ၍၎င်း၊ ၁၂၈၅-ခုနှစ်က တကောင်းအနီး မိုင်းနဲနယ်တွင် နေသော ပိုင်ယီတို့က မြန်မာ ငြိမ်းချမ်းရေး အဖွဲ့လာသည်ကို နှောက်ယှက်သည်ဟူ၍၎င်း တရုတ်တို့မှတ်တမ်းထားခဲ့သဖြင့် ပိုင်ယီဟူသော အမည်ကို သံလွင်နှင့်ဧရာဝတီကြားရှိ မြန်မာ တရုတ်နယ်စပ်တွင် နေသူတို့ကိုသာ ကန့်သတ်၍ခေါ်ဝေါ်သည်ဟု မယူဆသင့်ချေ။ သို့သော် မြန်မာနိုင်ငံ သျှမ်းပြည်တောင်ဖက်၌ နေသော ထိုင် တို့ကို ထိုအမည်ဖြင့် မခေါ်ပါ။

မွန်ဂိုလ်လက်အောက်သို့ ခရစ်နှစ် ၁၂၅၃-ခုကစ၍ ရောက်ရှိနေသော ပိုင်ယီတို့သည် အရှင်သခင်ဖြစ်သော မွန်ဂိုလ်ကို ချစ်မြတ်နိုးလှသည်မဟုတ်ချေ။ ထိုသူတို့နှင့် အကြာအရှည် တွဲဖက်၍ နေသည်ထက် တောင်ဖက်သို့ ထိုသူများ၏အကူအညီဖြင့်ပင် ရွှေ့ပြောင်းရသော်ကောင်း၏ဟု ပိုင်ယီတို့

သဘောပေါက်ပုံရသည်။ ပိုင်ယီတို့၏ သွေးဆောင်ချက်ဖြင့် ယွန်နန်အစိုးရက ပုကံမင်းကို အခွန်ဆက်ရန် ၁၂၇၁-ခုတွင် သံစေ၏။ မြန်မာကအခွန်မဆက်လျှင် စစ်ကြေညာရန်လှုံ့ဆော်၏။ မွန်ဂိုလ်ဧကရာဇ်မင်းက ၁၂၇၃-ခု မတ်လ ၃-ရက်နေ့တွင် မြန်မာမင်းတို့ထံသို့ စေလွှတ်သော သံအမတ်သုံးယောက်တို့လည်း မည်သို့သောကံကြမ္မာနှင့် တွေ့သည်ဟုမသိ၊ တရုတ်နိုင်ငံသို့ ပြန်မရောက်တော့ချေ။ ထိုသံတို့အကြောင်းကို စုံစမ်းရန် လူလွှတ်သော်လည်း ဖူသူပုန်တို့ ဆူပူနေသဖြင့် သွားလမ်း လာလမ်းပိတ်လျက် သေသည် ရှင်သည် ခွဲခြား၍ မသိရပါဟု ယွန်နန် အစိုးရက အစီရင်ခံခဲ့၏။ သို့သော် ၁၂၇၆ ခုနှစ်အကုန်လောက်တွင် ဖူတို့ ယွန်နန်တွင် ကျွန်တော်ခံလာသဖြင့် လမ်းပွင့်လျှင် တရုတ် သံတို့အကြောင်းကို ဆက်လက်စုံစမ်းရာ မြန်မာမင်းထံမှောက်သို့ ကေန်ရောက်ကြောင်းကိုကား သိကြရပါသည်။ ၁၂၇၇-ခုနှစ်တွင် ကန်ယယ်တို့ ယွန်နန်တွင် ကျွန်ခံသည်ကို မြန်မာက မကျေနပ်သဖြင့် စစ်တပ်လွှတ်၍တိုက်ခိုက်စေသည်။ မြန်မာတပ်တွင် လူလေးသောင်းကျော် ဆင် ၈၀၀၊ မြင်း တသောင်းပါသည်ဟုဆို၏။ မွန်ဂိုလ်တပ်နှင့်နှစ်ရက်တိုက်ခိုက်ပြီးမှ မြန်မာတပ်ပျက်၍ အများပင် သေကြေသည်ဟု တရုတ်မှတ်တမ်းများက ဖေါ်ပြပါသည်။ ထိုစစ်ပွဲပြီးသည့်နောက်တွင် မွန်ဂိုလ် စစ်သည်တို့သည် သတ္တိအမှန်ပင်ရှိ၍ မထေမဲ့မြင် မပြုသင့်ကြောင်း မြန်မာတို့ ကောင်းစွာ သိခဲ့ရပါသည်။ ထို့ကြောင့် ယခုဗန်မော်အနောက်ဖက် **ငဆောင်ချံ** တွင် ၁၂၇၈-ခုမှစ၍ ဇုဋ္ဌပစ္စြာ ကို အမှူးခန့်လျက် တပ်မြို့ကို အခိုင်အမာပြုကာ နေစေပါသည်။ မြန်မာနိုင်ငံတွင်းသို့ ပေါက်ရောက်အောင်ဝင်၍ တိုက်ခိုက်လိုလျှင် စစ်အင်အားကြီးရန်လိုမည်ဖြစ်သဖြင့် မွန်ဂိုလ်တို့သည် ၁၂၈၃-ခုနှစ်ဆောင်းဦးအချိန်တိုင်အောင်စောင့်ဆိုင်းခဲ့ရပါသည်။ ၁၂၈၃-ခု ဒီဇင်ဘာလ ၃-ရက်တွင် **ငဆောင်ချံ** ကျကာ ဒီဇင်ဘာလ ၉-ရက်တွင် ကောင်းစင်ကျသည်။

မွန်ဂိုလ်စစ်အင်အားက လမ်းဖွင့်ပေးလျှင် သျှမ်းတို့ အခွင့်ကောင်းယူ၍ အနောက်သို့ ဆင်းလာကြသည်။ ကန်တူနှင့် ချင်းတို့၏ နေရာသို့ သျှမ်းတို့ ဝင်လာခြင်းပင်ဖြစ်၏၊ မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ရောက်အောင် ပေါက်ရောက်လာမည့် သူများရှိပေမည်။ အလယ်ပိုင်းသို့ လာသူများသည် ဗုဒ္ဓဝါဒီများဖြစ်၍ မျှားမကြာမီ မြန်မာဆံသွားသည်ကို တွေ့ရ၏။ **အသင်္ခယာ၊ ရာဇသင်္ကြံ နှင့် သီဟသူ** ရ အမည်ရှိသော သျှမ်းညီနောင် သုံးယောက်မှာ ကျောက်ဆည်ဒေသတွင် အခြေစိုက်၍ ထင်ရှားလာသူများဖြစ်ပါသည်။အသင်္ခယာသည် ပုကံမင်း **ဥစ္စနာ**နှင့် **သုံလူလှ** တို့၏မြေး **စဝ်ဦး**နှင့် ဆက်လက်ကာ မြန်မာမင်း အနွယ်ဝင်ဖြစ်လာခဲ့၏။(ဓါတ်ပုံ ၂၉၁/၁၀-၁၄)။ထိုညီနောင် သုံးဦးတွင် အငယ်ဆုံး **သီဟသူ**ရကား နောင်တော်များထက်ပို၍ မင်းဖြစ်ရန် လုံ့လပြုသူ ဖြစ်ပါသည်။ မျှားမကြာမီ မြန်မာတို့ကို စည်းရုံး၍ တရုတ်အား တော်လှန်ရန် လှုံ့ဆော်ကြပါတော့သည်။ ဇင်းမယ်တွင် ရှိနေသော သျှမ်းတို့၏ အကူအညီကိုလည်း ရယူခဲ့ပါသည်။ **သီဟသူ**ရ သည် ၁၂၉၅-ခုနှစ်တွင် ဆင်ဖြူရှင်ဘွဲ့ ခံ၏။ (ဓါတ်ပုံ ၃၀၉-၈/၈)နောက်တနှစ်တွင် ထီးဖြူဆောင်းသောမင်းတပါးကဲ့သို့ နေထိုင်ကြောင်းသိရပါသည်(ဓါတ်ပုံ ၂၀၅/၂)၊ပုကံထီးနန်း၌ မင်းရှိသော်လည်း သျှမ်းညီနောင်တို့သာလျှင် စင်စစ် တန်ခိုးအာဏာရှိသူများ ဖြစ်ပါသည်။ ၁၂၉၇-ခုတွင် ကျော်စွာမင်းကို နန်းချ၍ စောနှစ်ကို နန်းတင်ကြ၏။ ထိုမင်းကား သျှမ်းညီနောင်တို့ အစီအမံအတိုင်းသာ နေရရှာသဖြင့် တရုတ်ဧကရာဇ်က **ကုမာရကဿပ** ကို မြန်မာမင်းအဖြစ်ဖြင့် ၁၃၀၀-ပြည့်နှစ် ဂျွန်လ ၂၂-ရက်တွင် ခန့်ထားသည်။ ထိုနှစ်ကုန်လောက်တွင် ထိုသျှမ်းညီနောင်တို့ကို နှိမ်နင်းရန် တရုတ်စစ်ရောက်လာ၏။မလည်ကို ၁၃၀၁-ခုဂျန်နဝါရီ

၁၅-ရက်တွင်ရောက်သည်။မြင်းစိုင်းကို၁၃၀၁-ခုဂျန်နဝါရီ၂၅-ရက်ရောက်သည်။သျှမ်းညီနောင်တို့ကား ခံစစ်သာပြုနိုင်၏။တရုတ်တို့မြို့ကိုသိမ်းရန်ဖေဖဝါရီ ၂၈-ရက်တွင် အားသွန်ကြိုးစား၍ တိုက်သော်လည်း မအောင်မြင်ချေ။ မတ်လ ၁၂-ရက်တွင် အသင်္ချာက စေ့စပ်ရန် စကားကမ်းလာ၍ တရုတ်တို့ကိုနှစ်သိမ့်နိုင်သဖြင့် ဧပြီ ၆-ရက်နှင့် ၈-ရက်အတွင်းမှာပင် တရုတ်တပ်ကြီး ဆုတ်ခွါသွားပါသည်။ ဂျူလိုင် ၂၇-ရက်တွင် လက်ဆောင်ပဏ္ဏာအများနှင့် တရုတ်ဧကရာဇ်ထံသို့ သံစေခဲ့သည်။ နိုဝင်ဘာလ ၄-ရက်တွင်လည်း နောက်တကြိမ် သံစေပြန်သည်။ယင်းသို့လျှင် တဖက်မှ သံစေကာ မိတ်ဆက်လျက် တဖက်တွင် စစ်အားပြင်၍ အခိုင်အခန့်ရှိနေခြင်းဖြင့် တရုတ်လက်မှလွတ်အောင် ရုန်းထွက်ခဲ့ရာ ၁၃၀၃-ခုဧပြီလ ၄ ရက်တွင် တရုတ်က မြန်မာကို လုံးဝစွန့်လွှတ်လိုက်ကြောင်း ကြေညာလိုက်ခြင်းဖြင့် ယင်းတို့ အလိုပြည့်သွားပါသည်။ ရွှေလီမြစ်ညာဒေသမှ သျှမ်းတို့အကြောင်းကို ဆက်လက်လေ့လာရန် ရှိပါသေးသည်။ ထိုဒေသကို တရုတ်တို့က လုန်ချွန်ကျန်ဟုခေါ်၏။မောမြစ်ဟူ၍လည်းခေါ်သည်။မြန်မာတို့က အမည်ကို စွဲ၍မောသျှမ်းခေါ်သည်ဟုယူဆရန်လည်းရှိပါသည်။ထိုအရပ်တွင်ခရစ်နှစ်၁၃၄၂-ခုက အုပ်ချုပ်သူမှာ သိုခိုဖွား အမည်ရှိသူပင် ဖြစ်ပါသည်။ မွန်ဂိုလ်အာဏာပိုင်တို့ကို တော်လှန်၍ ယွန်နန်နယ် အတွင်းသို့ မကြာခဏ ဝင်ရောက်တိုက်ခိုက်သူလည်း ဖြစ်သည်။မွန်ဂိုလ်တို့၏နောက်ဆုံးဧကရာဇ်ဖြစ်သော ယွန့်ကျန်က ၁၃၄၂-ခုတွင်တကြိမ်၊၁၃၄၆-ခုတွင်တကြိမ်၊၁၃၄၈-ခုတွင်တကြိမ်စစ်တပ်လွှတ်၍တိုက်ခိုက်နှိမ်နင်းသော်လည်း သိုခိုဖွား၏ အင်အားကို ဖျက်ဆီးနိုင်ခြင်း မရှိပါ။ သို့သော် ၁၃၅၅-ခုတွင် သိုခိုဖွားက မိမိသားကြီး မန်စန်ကို ယွန်နန်နယ်သို့ လက်ဆောင်ပဏ္ဏာ အဆက်အသ စေလွှတ်ခဲ့ပါသည်။ နောင်အခါ တရုတ်နိုင်ငံ၌ မင်မင်းဆက် အုပ်ချုပ်လျှင် မောသျှမ်းတို့ အရှင်စစချင်းသိုလွန်ပွားအကြောင်းကို တရုတ်မှတ်တမ်းများ၌ တွေ့ရှိရသည်။ အထက် သိုခိုဖွားနှင့် ယခု သိုလွန်ပွား မည်သို့ ဆက်စပ်ကြောင်းကို ပိုင်ယီကျွမ် ကျမ်းတခုတည်း၌သာ ဖေါ်ပြပါရှိသည်။ ထိုကျမ်း ပေါ်ပေါက်လာခြင်းမှာလည်း ထိုမောသျှမ်းတို့ကြောင့်ပင် ဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။ မြန်မာက တရုတ်နိုင်ငံသို့ ကန်တော့လက်ဆောင်တော် ပို့ဆက်လျှင် မောသျှမ်းတို့နယ်ကို ဖြတ်ကျော်၍ သွားရ၏။ ရံဖန် ရံခါ မောသျှမ်းတို့က ထိုလက်ဆောင်ကို လုယူတတ်သည်။ ထို့ကြောင့် ခရစ်နှစ် ၁၃၉၅-ခုတွင် မြန်မာက တိုင်တန်းသောကြောင့် ဧကရာဇ်မင်ထိုင်ကျူအမိန့်ဖြင့် လီစီချုန်နှင့်ချိင်ကုယွန်တို့သည် ၁၃၉၆-ခုတွင် မောနှင့်မြန်မာ နိုင်ငံများသို့ စုံစမ်းစစ်ဆေးရန် ရောက်လာကြသည်။ အပြန်တွင် ချိင်ကုယွန်က ပိုင်ယီကျွမ် ဟူသော အမည်ဖြင့် မောသျှမ်းတို့ အကြောင်းကို မှတ်တမ်းတင်ခဲ့ပါသည်။ ထိုကျမ်းတွင် သျှမ်တို့ဓလေ့ထုံးစံများကို အသေးစိတ်တွေ့ရသော်လည်း သျှမ်းစော်ဘွားဆက်ကိုဖေါ်ပြထားသည်ကပို၍ ရာဇဝင် တန်ဘိုးရှိသည်။စေါ်ပွားဆက်မှာ အောက်အတိုင်း ဖြစ်ပါသည်။(စာမျက်နှာ ၂၇၉-ရှု)

အထက်တွင် သိုခိုဖွားကား မွန်ဂိုလ်အာဏာကို စတင်တွန်းလှန်သူ ဖြစ်သည်။ ယင်းကို သားစောပိုန်ဖွား ဆက်ခံသည်။ ယင်းကို သားထိုင်ပင် ဆက်ခံသည်။ ထိုင်ပင်ကို ဘထွေး စောရှောင်ဖွား ကသတ်၍ စော်ဘွားအရာကို ယူသည်။ ယင်းကို ဓါးပြသတ်၍ သေလွန်လျှင် ညီသိုဝဖွား စော်ဘွား ဖြစ်၏၊ ရွှေသွားဒေသ၊ ဆယ်လန်နှင့် နန်တျင့်နယ် များကို ဝင်ရောက် လုယက် တိုက်ခိုက် ဆဲတွင် နောက်လိုက် လူယုံ တါ့လုဖန် လုပ်ကြံ၍ သေဆုံးလျှင် သိုခိုဖွား၏ မြေးဖြစ်သော မန်စန်၏သား သိုလွန်ဖွားမှာ စော်ဘွား ဖြစ်လာသည်။ ယင်းသိုလွန်ဖွားကား မြန်မာတို့ အသိများသော သိုဟန်ဖွားနှင့် သိုင်ဖွားတို့ ဖခင်ဖြစ်သည်။

(၁) သိုခိုဖွား ၁၃၄၀-၇၁

(၂) စောပိန်ဖွား ၁၃၇၁-၉

(၃) ထိုင်ပင် ၁၃၇၉-၈၀

(၄) စောရှောင်ဖွား ၁၃၈၀-၁

(၅) သိုဝဖွား ၁၃၈၁-၂

မန်စန်

(၆) သိုလွန်ဖွား ၁၃၈၂-၉၉

မောသျှမ်းစော်ဖွားဆက်

မင် မင်းဆက် လက်ထက် တရုတ် ယွန်နန်ကို သိမ်းသွင်းပြန်ရာ ၁၃၈၁ ခုတွင် သိုလွန်ဖွားက အလိုအလျောက် တရုပ်ကောရာဇ်ထံတွင် ကျွန်တော်ခံလာ၏။ ၁၃၈၄ ခုတွင် သိုလွန်ဖွားကို တရုတ် ကောရာဇ်က မောသျှမ်း စော်ဘွားခန့်ထားသည်။ သို့သော် နောက်ဘနှစ် ၁၃၈၅ ခုတွင် တရုတ်ကို ပုန်ကန်၍ သိုလွန်ဖွားသည် ကျင်တုန်ကို ဝင်၍တိုက်ခိုက်သည်။ ထိုအခါမှစ၍ မောသျှမ်းတို့ တရုတ်ကို မပြတ်နှောက်ယှက်ကြပါတော့သည်။


ပိုင်ယီကျွမ် အရ မောသျှမ်းတို့ဓလေ့ကို စုံလင်အောင် သိရပါသည်။ မင်း,ဆင်းရဲသား မရွေး ဝါးပတ်ခမောက် ဆောင်း၏။ ခမောက်အထွတ်မှာ စေတီငယ်နှင့်တူကာ ရတနာ ကျောက်မျက်ခြယ် လှယ်ထားသည်။ ကျောက်စိမ်းဆွဲသည်။ ငှက်မွေး ငှက်တောင်လည်း စိုက်သည်။ စိုးသား မင်းသား တို့က ဆင်မြင်းစီး၍ ချွေရံသင်းပင်း များစွာနှင့် ခရီးသွား၏။ လှပသော ရွှေခြည်ထိုး ငွေခြည်ထိုး ကကြိုးတန်ဆာတွင် ခြူခလောက်များစွာ ဆွဲထားသည်။ အချင်းချင်း တွေ့လျှင် လက်ရှက်၍ နှုတ် ဆက်သည်။ ရိုသေလေးမြတ် ထိုက်သူကိုကား ပုဆစ်ဒူးချ၍ ကန်တော့သည်။ ရှေ့မှ ကုန်းကွ၍ သွား ရသည်။ ဒူးတုတ်၍ တနေကုန်နေသော်လည်း ညောင်းညာပုံ မပေါ်ချေ။ ကွမ်းစားသော အလေ့ရှိ ၏။ လဘက်ကိုရေစိမ်၍စားသည်။ တရုတ်သောက်သကဲ့သို့ ရေနှင့်ကျိုချက်၍ မသောက်သည်မှာ ဆန်း သည်ဟုတရုတ်ကထင်သည်။ စားဦးစားဖျားကိုနတ်တင်ရ၏၊ ထို့နောက် ထမင်းစားစဉ် သေသောက် သည်။ သို့သော် ဟင်း ထမင်းကို ပူပူမစားချေ။ တူနှင့်လည်း မစား။ သေကို ပြောင်းတံနှင့် စုပ် ယူလေ့ရှိသည်။ လင်ကွင်း၊ပုလွေ၊အိုးစည်တီး၍ ကခုန်မြူးတူးသည်။ အရေးကြီးသော မှတ်သားဖွယ် ရှိလျှင် မြန်မာစာနှင့် ရေးသည်။ အရောင်းအဝယ်ပြုလျှင် ငွေသားကို ချိန်တွယ်၍ပေး၏။ အပြစ် ရှိသူကို ဒဏ်ပေးရန် ဥပဒေအတိအကျ မရှိချေ။ ကြိမ်ဒဏ်လည်း မရှိ။ အပြစ်ငယ်လျှင် ငွေဒဏ်ကြီး လျှင် သေဒဏ်သာ ပေးလေ့ရှိပါသည်။ လူနေအိမ်ခြေကို ပတ်၍ ကျုံး မြောင်းမရှိ။ မြေကတုတ်သာ ထားသည်။ ဝါး သက်ငယ်နှင့် အိမ်ဆောက်၍ အမိုး အကာသာ ရှိသည်။ ပြတင်းပေါက် မရှိ၊ တံခါး မတပ်၊ အတွင်း အခန်း ကန့်ခြင်းမပြုချေ။ သတင်းစကား ပို့ရန်အတွက် ချောစံနစ်ရှိသည်။ စစ်မှုထမ်း ဟူ၍ သီးခြား မရှိချေ။ သုံးစွဲသော လက်နက်တွင် မှတ်သားရန် အချက်ကား သျှမ်းတို့သည် လေးရိုးရိုးအစား ဒူးလေးကိုသာ သုံးသည်။ အဝတ်ဝတ်ရာတွင် ယောကျ်ားများက လက်အိုးကျယ် နှင့် အင်္ကျီရှည်ကို နှစ်သက်ကြ၏။ ဦးပြည်းရိတ်၍ ဆေးမင်ထိုးသည်။ မိန်းမများက လက်ကျပ်အင်္ကျီ၊

သင့်တိုင်း အမဲ၊ ခေါင်းပေါင်း အဖြူ၊ ခြေပတ်အဖြူ သုံးသည်။ အလုပ်ကြမ်းမှန်သမျှ မိန်းမက လုပ်ရသည်။ အပျိုစစ်မှ တန်ဘိုးရှိသည်ဟူသော အယူအဆ မရှိချေ။ မြစ်ချောင်းတို့တွင် ယောကျ်ား မိန်းမရောရှ၍ အဝတ်ချည်စည်း ရေချိုးလေ့ရှိ၏။ လူသေလျှင် ခေါင်းသွင်း မြေမြှုပ်သည်။ သေသူ၏ အသုံး အဆောင် များကိုလည်း ဖျက်ဆီးပြီးမှ သေသူနှင့် အတူ မြှုပ်လိုက်သည်။ အဖိုး အဖွားကို ကိုးကွယ်ခြင်းအလေ့ မရှိ။ ဗုဒ္ဓဘာသာတွင် ယုံကြည်ခြင်းမရှိ။ ထို့ကြောင့် ရဟန်းသံဃာ ဟူ၍လည်း မရှိချေ။

နိဂုံးချုပ်အားဖြင့် သျှမ်းဟူသည် အေဒီ လေးရာစု မတိုင်မီက ပန်ယွန်မန် ဟူသော အမည်ဖြင့် တရုတ်နိုင်ငံ ကန်စုနယ်၊ ယုင်စီနယ်နှင့် စီချွမ်နယ်တို့ဆုံရာအရပ်၌ နေခဲ့ဘူးသည်။ ခရစ်နှစ် အစလောက်တွင် နောင်အခါ မြန်မာဖြစ်လာမည့် ချီအန်တို့ တောင်ဖက်သို့ ရွှေ့ပြောင်းလာသဖြင့် ထိုသူများနှင့် ရန်စစ်ဖြစ်ရ၏။ အစပထမတွင် တရုတ်လက်အောက်ခံဖြစ်သော်လည်း အေဒီ နှစ်ရာစုကစ၍ တရုတ်ကို ပုန်ကန်ခဲ့သည်။ ထို့နောက် ပန်ယွန်မန်အကြောင်းကို တရုတ်မှတ်တမ်းတို့၌ မတွေ့ရတော့ချေ။သို့သော် အေဒီ ခုနစ်ရာစုမှ တဆယ်ရာစုအတွင်းက ထင်ရှားလာသည့် ယခု ယွန်နန် တောင်ပိုင်း၌ နန်းစောတိုင်းပြည် ပေါ်လာလျှင် ပိုင်ယီအမည်ဖြင့် သျှမ်းတို့ကို နန်းစောနယ်အတွင်း၌ တွေ့ရပါသည်။ အေဒီ ကိုးရာစုလောက်တွင် မဲခေါင်မြစ်အနောက်ဖက်သို့ လာရောက် နေကြပြန်သည်။ သျှမ်းအမျိုးသား ထွမ်စီပိန်က နန်းစောတွင် မင်းဖြစ်ရာ တာလီတွင် နေပြည်တော်ပြု၍ နေသည်။ ပထမ တွမ်မင်းဆက်သည် ၉၃၇ မှ ၁၀၉၄ ခုနှစ်ထိဒင်း၊ ဒုတိယ တွမ်မင်းဆက်သည် ၁၀၉၇ မှ ၁၂၅၃ ခုနှစ်တွင် မွန်ဂိုလ်တို့ လက်အောက်သို့ ရောက်ရသည်။ ထိုအချိန်၌ သျှမ်းတို့တွင် ယုင်ကျူးရိ ဟူသော ခေါင်းဆောင်ကောင်း ပေါ်ခဲ့ပါသည်။ သျှမ်းတို့လည်း ထိုပုဂ္ဂိုလ်ကို အမှီပြု၍ ရွှေလီမြစ်ညာဒေသဖြစ်သည့် မောမြစ်ဝှမ်းတွင် စုပေါင်းနေထိုင်လာကြ၏။ အေဒီ တဆယ့်သုံးရာစု အကုန်တွင် မြန်မာနှင့် တရုတ်စစ်ဖြစ်ရန် လှုံ့ဆော်သူတို့တွင် သျှမ်းတို့လည်းပါ၏။ တရုတ်ကြောင့် မြန်မာနိုင်ငံပြိုပျက်လျှင် မြန်မာနိုင်ငံဖက်သို့ သျှမ်းဆင်းခွင့်ရပါသည်။ မြန်မာနိုင်ငံတွင်း ဖြစ်သော ကျောက်ဆည်နယ်သို့ ရောက်လာသော သျှမ်းတို့သည် ဗုဒ္ဓဝါဒီများ ဖြစ်လာ၍ မြန်မာများကိုပင် ရှုံးစုလျက် တရုတ်ကို တော်လှန်ရန် ခေါင်းဆောင်ခဲ့ပါသည်။ ထိုသူတို့က မြန်မာဆံ၍ မြန်မာဖြစ်သွားသော်လည်း ယခု အထက်ချင်းတွင်းနှင့် ကချင်ပြည်နယ်က အစ တရုတ် မြန်မာနယ်စပ်တွင် နေကြသော မောသျှမ်းခေါ် သျှမ်းကြီးတို့ကား ရှေးအနှစ်တရာကျော်ကြာအောင်ပင် မြန်မာကိုဒင်း၊ တရုတ်ကိုဒင်း အခါအခွင့် သင့်တိုင်း ဝင်ရောက်တိုက်ခိုက် နှောက်ယှက်သူများ ဖြစ်ပါသည်။ ယင်းတို့၏ ခေါင်းဆောင်ကား သိုခိုဖွား ဖြစ်၏။ ထိုသူ၏ မြေး မြစ်မှာ မြန်မာရာဇဝင်၌ နာမည်ကျော်သည့် သိုဟန်ဖွားပင် ဖြစ်ပါသည်။ ယင်းတို့၏ မင်းဆက်နှင့် အလေ့အလာကို ၁၃၉၆ ခုအလွန်တွင် ရေးသားပြုစုသည်ဟု ထင်ရသော ပိုင်ယီကျမ်းအမည်ရှိ တရုတ်ကျမ်းတဆောင်တွင် အပြည့်အစုံပါရှိသည်။

## ဆက်လက်လေ့လာလိုသူတို့အတွက် ကျမ်းညွှန်း

LUCE. G. H.: "The Early *Syām* in Burmas History", *JSS*, XLVI, ii, 123-214, XLVII, i, 59-101




ကျင်ချီ၊ ချီ-အန်နှင့် ပန်ယွန်မန်တို့၏ မူလ ဒေသများ